http://www.dhammadownload.com

မန္တလေးမြို့ ၊ မစိုးရိမ်တိုက်သစ် နာယကအဖွဲ့ဝင်

ရန်ကုန်မြို့ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်

နာယကချုပ်ဆရာတော်

ဘဒ္ဒန္တသုစိတ္တာဘိဝံသ

၏

သက်တော် (၅၀)ပြည့်

ရွှေရတုမောဂ်ကွန်း



သာသနာ - ၂၅၅၀ ကောဇာ - ၁၃၆၈

ဒုတိယအကြိမ် ဒုဝါ(၀၆) ပုဂံခေတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း

http://www.dhammadownload.com

ဥယျာဉ်မှူး

- မြေထက် သစ်ပင်၊ စောင့် ဥယျာဉ်မှူး
ပေါင်းသင် တူးဆွ၊ ခက်ညွန့်စဝေ
ချမြေသြဇာ၊ စည်ပင်သာဇာ။
- ထေရအုတ်မြစ်၊ ဝါဒစစ်မှန်
ဖြစ်တည်ကျန်ရစ်၊ တပည့်ချစ်အား
ပြစ်တွေ့ပြောဆို၊ စိတ်မသိုထား
လိုအားမရှိ၊ အရိပ်ကြည့်ကာ
မိမေတ္တာမျိုး၊ ရှိသေကိုးလတ်
မြတ်နိုးတတ်က၊ ခက်ဂန္ထလမ်း
စာချစွမ်းဆောင်၊ ဘာသာရောင်ဝါ
မှောင်ခွါအလင်း ဝင်းပေလိမ့်။

မောင်တင်ဝေ

(ရေစကြို)

ရွှေရတုမော်ကွန်းစာအုပ် ဓမ္မဒါနအလှူရှင်

သီရိသုဓမ္မ မဏိဇောတဓရ သမားတော် ဦးဘိုကြီး + ရဟန်းဒါယိကာမ သီရိသုဓမ္မသီဂီ ဒေါ်သန်းသန်း

း- မောင်အောင်ဘိုဦး၊ မောင်ဘိုဝင်းမြတ်၊ သမီး- မမိုးမိုးမြင့်ဘို၊ မအေးမြင့်မြတ်ဘို

ရွှေပဒေသာ ပြည်လုံးချမ်းသာဆေးတိုက် မိသားစု

http://www.dhammadownload.com

မန္တလေးမြို့ ၊ မစိုးရိမ်တိုက်သစ် နာယကအဖွဲ့ဝင်
ရန်ကုန်မြို့ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်
နာယကချုပ်ဆရာတော်

ဘဒ္ဒန္တသုစိတ္တာဘိဝံသ

၏

သက်တော် (၅၀)ပြည့်

ရွှေရတုမောဂ်ကွန်း




သာသနာ - ၂၅၅၀

ကောဇာ - ၁၃၆၈

http://www.dhammadownload.com

http://www.dhammadownload.com



အာဘိယာစနဉ်ယျောဇဉ်

မဂ္ဂလဝိသေသော ဇနိတမ္ဘော

ပဂ္ဂိုလ်ထူး ပဂ္ဂိုလ်မြတ် ပဂ္ဂိုလ်မွန်တို့၏ ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံမှုကို မရွံ့မကြောက် ရဲရဲတောက် ဖော်ထုတ်သိစေရမည် ဟူသော ဗုဒ္ဓရှင်တော်မြတ် လမ်းညွှန်ခဲ့သည့်. ဒေသနာစဉ်ကို တစိုက်မတ်မတ် ဦးထိပ်ပန်ဆင်လျက် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်နာယကအဖွဲ့ဝင်၊ အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ် နာယကချုပ်ဆရာ၏ သက်တော်ငါးဆယ်ပြည့် အထိမ်းအမှတ် ရွှေရတုမော်ကွန်းစာအုပ်ကို စိစဉ်ထုတ်ဝေခွင့်ရ၍ ကျေးဇူးတော်အနန္တ ဂုဏ်ပေါင်းခသည့်ဆရာ့အပေါ်၌ တပည့်တို့ ပေးဆပ်ရမည့် တာဝန်များစွာထဲမှ တစိတ်တဒေသ အနည်းငယ်မျှကို ပြန်လည်ပေးဆပ်ခွင့် ရခဲ့လေပြီ။

သက်တော်ငါးဆယ်အတွင်း ဆရာဖြတ်သန်းခဲ့ရသည့် ဘဝခရီးလမ်းတစ်လျှောက်တွင် ဖြစ်ပျက်ခဲ့သည့် အကြောင်း အရာမျိုးစုံကို မှတ်ကျောက်တင်လိုက်ခြင်းကိုပင် ရွှေရတုမော်ကွန်းဟု ဆိုရပေမည်၊ ရွှေရတုရှင်ဆရာ၏ ဘဝခရီးလမ်းတွင် အကွေ့အကောက် အဖြောင့်အတန်း ပန်းခင်းလမ်းနှင့် ဆူးငြောင့်ခလုပ် အကြောင်းအရာ အဖြစ်အပျက်သရုပ်ကို မီးမောင်းထိုးပြလိုက်ခြင်းဟုလည်း ဆိုနိုင်သည်။

ရွှေရတုမော်ကွန်းစာအုပ်ဖြစ်တည်လာရခြင်း၏ အကြောင်းဆက်ကို အိပ်မက်သဖွယ် ဆက်နွယ်ပြရလျှင် မန္တလေး မစိုးရိမ်တိုက်သစ်တွင် ရွှေရတုရှင်ဆရာ၏ ဗြဟ္မဝိဟာရတရား အရိပ်လေးပါးကို နားခိုခဲ့ရစဉ်က ရွှေရတုရှင်ဆရာ၏ မူလ ကန့်ကွက်လက်လှည့်ဆရာအကြောင်းအထွာပြုတ်ကို စာအုပ်ငယ်တစ်ခု အသွင်သို့ရောက်အောင် ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ဖော်ထုတ်ဂုဏ်ပြခဲ့၏။ ထိုစဉ်က ရွှေရတုရှင်ဆရာ၏ အနီးအပါးတွင် ထောင်ပေါင်းများစွာသော စာသင်ပို့ချ အခြေပြုညွှန်ကြားနှင့် သောတရွယ်ရင့် ဆင်တိုင်းတင့်သည့် တပည့်ထိုထိုတို့သည် ပျားပန်းခတ်မျှ ဝန်းရံခလျက် ရှိကြပေသည်။

ထိုထိုတပည့်များစွာတို့တွင် ကျန်ပ်တို့သည်လည်း ထီးထမ်းလမ်းလျှောက်ရင်း မစိုးရိမ်ဝိတောက်ရိပ်အောက်တွင် ရွှေရတုရှင်ဆရာ၏ ပညာရေနှံကို တရိုက်မတ်မတ် သောက်စိုခဲ့ရသည့်အတွက် ဆရာ့အပေါ်၌ပေးဆပ်ရမည့် ကျေးဇူးအသခ်ေါ်အနန္တ တည်ရှိခဲ့သည်ဟု ထပ်လောင်း၍ သိစေအပ်ပါသည်။

"တပည့်တို့ ဆရာ့ရဲ့ ဘဝတစ်ဆစ်ချိုးမှာ ကျောက်ဆစ်ရပ်လို မဖြစ်ကြစေဘဲ အရှိကိုအရှိအတိုင်း ယထာဝါဒိ တထာကာရီ မျိုးဖြင့် ဟုတ်တိုင်းမှန်ရာကို ရဲရဲဝံ့ဝံ့ မတွန့်မဆုတ် ဖော်ထုတ်နိုင်အောင် ကြိုးစားကြ" ဟူသော ဆရာ့အာဘော်ကိုထိုစဉ်အခါကပင် ကျန်ပ်တို့ သိရှိထားပေသည်။

http://www.dhammadownload.com

ဤသည်ပင်လျှင် ရွှေရတုမော်ကွန်းစာအုပ်ဖြစ်ပေါ်လာရခြင်း၏ အကြောင်းဆက်ပေတည်း၊ ရွှေရတုမော်ကွန်းစာအုပ်နှင့် စပ်လျဉ်း၍ ဘိုးတော်ဘိုးဝိုင်းအား သံတော်ဘိုးတင်ဘိသို့ "ဘုန်းတော်ကြီးတော်မူသော" ဟုဆိုသည့် ဘုန်းတော်ဘွဲ့ စကားမျိုးဖြင့် လျှောက်တင်ရေးသားခဲ့ကြမျိုးကို စိတ်တွင် တွေးထင်မိလျှင်သော်မှ ကျန်ပ်တို့၏ လျှာဖျားသည် ယားကျိကျိဖြစ်တတ်သော သဘောသဘာဝရှိရာ ရွှေရတုမော်ကွန်းစာအုပ်သို့ ပေးပို့လာသည့် စာမူများစွာထဲတွင် ထိုကဲ့သို့ ယားကျိကျိ ဖြစ်စေတတ်သော ဘုန်းတော်ဖွဲ့ စာမူများကို ကျန်ပ်တို့အနေဖြင့် ဤမော်ကွန်းစာအုပ်တွင် နေရာမပေးစေဘဲ သင့်လျော်သော တစ်ထောင့်တစ်နေရာမှာသာ အပ်စက်အနားယူစေခဲ့သည်။ ထိုသို့ အနားယူစေခဲ့ရပါသော ထိုထိုစာမူရှင်တို့အား လေးလေးနက်နက် တောင်းပန်ဂါရဝပြုလိုက်ရပေသည်။

ရွှေရတု၊ ငွေရတု၊ စိန်ရတု၊ ပတ္တမြားရတု၊ ရာပြည့်ရတုစသည်ဖြင့် ရတုအလီလီ မှတ်တမ်းမှတ်ရာစာပေများသည် အခါနှိန်နှင့်တပြေးညီဆောင်ရွက်ရသော စာပေများဖြစ်ရကား ဤရွှေရတုမော်ကွန်းစာအုပ်နှင့်စပ်လျဉ်း၍ လိုအပ်ချက်များ ရှိနေမည်သာဖြစ်၏။ ထိုသို့ဖြစ်ရခြင်းသည် ကျန်ပ်တို့တာဝန်မကင်းဟု ရိုးသားစွာ ဝန်ခံရမည်သာဖြစ်ပေသည်။

အလိုတော်ပြည့်ခမ္မာစရိယတက္ကသိုလ်နာယကချုပ်ဟုဆိုသော်လည်း ရွှေရတုရှင်ဆရာ၏ သက်တော်ငါးဆယ်ကို ပြန်လည်သုံးသပ်ကြည့်လျှင် ပထမဆယ်စုနှစ်ကျော်နှင့် နောက်ဆုံးဆယ်စုနှစ် နှစ်ဝက်ခန့်မှလွဲ၍ ကျန်သည့် နှစ်သုံးဆယ် နီးပါးသော ဘဝခရီးသည် မန္တလေးမစိုးရိမ်တိုက်သစ်၏ အရိပ်တွင်သာ ရှိခဲ့သည်ကို တွေ့ရပေမည်။

ဆရာဘဝ မစိုးရိမ်အရိပ်အာဝါသအောက်တွင် တပည့်များစွာတို့ဖြင့် ပျားပန်းခတ်မျှ ဝန်းရံခဲ့လျက် ကျက်သရေမင်္ဂလာ အဖြာဖြာနှင့်ပြည့်စုံခဲ့ပြီ။ ထိုအတိတ်ပုံရိပ်ကဲ့သို့ ကျန်တည်ရှိနေမည့်စိန်ရတု၊ ပတ္တမြားရတု၊ ရာပြည့်ရတုသို့တိုင် ဗုဒ္ဓဂုဏ်တော်မြတ်၏ ပရိယတ္တိသာသနာတော်မြတ်ကြီး အရှည်တည့်တံ့စွာ တင့်ထွန်းစည်သာအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟူသော အာသီသပတ္ထနာများ တပည့်တို့စိတ်တွင် ပြည့်နှက်လျှက်ရှိပေသည်။

ရွှေရတုရှင်ဆရာ၏ သာသနာပြုဘဝခရီးလမ်းတစ်လျှောက်တွင် ကြိုးတစ်ကြိုးတည်းသာ တပ်ဆင်ထားသော တူရိယာပစ္စည်းကဲ့သို့ မဖြစ်စေဘဲ ကြိုးစုံ(သံစုံ)တပ်ဆင်ထားသည့် ခွဲ့ရှင်း မြည်ကြည်သာ နဝင်္ဂိယံ အဖြာဖြာထွက်ပေါ်သည့် မြန်မာ့ကျက်သရေဆောင် ရွှေစောင်းတော်သံမဟာကဲ့သို့, ကြယ်တာရာပေါင်းများစွာ ဝန်းရံခသည့် လပြည့်ဝန်းကြီးကဲ့သို့, ပရိသတ်စုံလင်စွာ သယ်ဆောင်လာသည့် လှေ,သင်္ဘောယာဉ်ကြီးကဲ့သို့ တည်ဆောက်နိုင်ပါစေကြောင်း အဘိယာစန အာဘော်လောင်း၍ လျှောက်ထားတောင်းပန်လိုက်ရပေတော့သည်။

အယ်ဒီတာချုပ်

ရွှေဘိုမင်းသုခ


http://www.dhammadownload.com



ပြည်လုံးချမ်းသာ ဗုဒ္ဓဝင် ဆုတောင်းပြည့်ဘုရားကြီး

သီရိသုဓမ္မ မဏိဇောတရရ သမားတော် ဦးဘိုကြီး + ဇနီး သီရိသုဓမ္မသီဂီ ဒေါ်သန်းသန်း မိသားစုမှ
ရွှေရတုအထိမ်းအမှတ် လှူဒါန်းပူဇော်သည်။

http://www.dhammadownload.com



သက်တော် (၁၀)နှစ် အရွယ် ရှင်သုဓိတ္တ


http://www.dhammadownload.com



ဘဒ္ဒန္တသုစိတ္တာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)

မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်၊ ဓမ္မသီတဂူကျောင်းနာယက
ဓမ္မာစရိယတက္ကသိုလ်၊ အလိုတော်ပြည့်ကျောင်းတိုက် နာယကချုပ်

http://www.dhammadownload.com



ရွှေရတုအရှင်နှင့် ရဟန်းဒါယကာ သီရိသုခမှု မဏိဇောတခရ သမားတော် ဦးဘိုကြီး

ရဟန်းဒါယိကာမ သီရိသုခမှုသိဒ်ဂီ ဒေါ်သန်းသန်း

သား- မောင်အောင်ဘိုဦး၊ မောင်ဘိုဝင်းမြတ် ၊ သမီး- မမိုးမိုးမြင့်ဘို၊ မအေးမြင့်မြတ်ဘို

ရွှေပဒေသာ ပြည့်လုံးချမ်းသာဆေးတိုက် ဓိသားစု

http://www.dhammadownload.com



ဦးရွှေမြအောင်

(ရွှေရတုရှင်၏ ခမည်းတော်)


http://www.dhammadownload.com



ဒေါ်ညွှန်းနိုး

(ရွှေရတုရှင်၏ မယ်တော်)

http://www.dhammadownload.com




ဘဒ္ဒန္တသုန္ဒရ

(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

သရက်တောင်ရွာ၊ မြို့မိုးမြို့နယ်

(ရွှေရတုရှင်၏ ကန့်ကူးဆံလက်လှည့်ဆရာတော်)

http://www.dhammadownload.com




ဘဒ္ဒန္တသိရိန္ဒာဘိဝံသ

(အဂ္ဂမဟာပဏ္ဍိတ၊ အာဘိဓဇ မဟာရဋ္ဌဂုရု)

မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ကြီး၏ အဓိပတိ မဟာနာယက

(ရွှေရတုရှင်၏ ဥပဇ္ဈာယ်ဆရာတော်)

http://www.dhammadownload.com



ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ

(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

မစိုးရိမ်တိုက်သစ်ကြီး နှစ်တိုက်၏ အဓိပတိ မဟာနာယက

(ဤရုပ်ပုံရှင်အား ၁၈ နှစ် အရွယ်မှ ယနေ့တိုင်အောင် ရင်အုပ်မကွာ စောင့်ရှောက်ချီးမြှောက်တော်မူသော ဆရာတော်)

http://www.dhammadownload.com




ဒေါက်တာ ဘဒ္ဒန္တအရိယဝံသ

(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝိစကပဏ္ဍိတ)

အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် အဓိပတိ

ပြည်တွင်းပြည်ပ သာသနာပြု အလိုတော်ပြည့်ဆရာတော်

http://www.dhammadownload.com



ဘဒ္ဒန္တဝိလာသ (အဂ္ဂမဟာပဏ္ဍိတ)

တောင်စလင်းတိုက်သစ် ဆရာတော်၏ ဩဝါဒကထာ

ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။

ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီစ ပါပကံ။

အချို့မျိုးစေ့ကိုက်ပျိုးက အချို့ပင်ပေါက်ကာ အချို့သီးစားရ၏။ အချို့မျိုးစေ့ ကိုက်ပျိုးက အချို့ပင်ပေါက်ကာ အချို့သီးစားရ၏။ ကောင်းမှုပြုလုပ်သူ ကောင်းကျိုးရ၏။ မကောင်းမှုပြုလုပ်သူ မကောင်းကျိုးရ၏။ ကောင်းမှု မကောင်းမှု ကံနှင့် မပတ်သက်သည့် နာရေးအယူသီးမှုစသည်များ ပယ်ဖျောက်ကြရမည်။

http://www.dhammadownload.com

မဂ္ဂင်းအယ်ဒီတာအဖွဲ့




အရှင်စမ္ဘဝိယ
(နိုင်လွန်း)
ပြင်ပဆက်သွယ်ရေးတာဝန်ခံ

အရှင်ပညာဇောတ
(ရွှေဘိုမင်းသုခ)
အယ်ဒီတာချုပ်

အရှင်တိက္ခ
(မောင်တင်ဝေ ရေစကြို)
အယ်ဒီတာ

http://www.dhammadownload.com



အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊
ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်သံဃအဖွဲ့ ဥက္ကဋ္ဌ

မစိုးရိမ်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ ၏

သြဝါဒကထာ

တပည့်ဆိုတာ ဆရာ့ထက်တော်အောင်ကြိုးစားရမယ် ဒို့များ မတက်ဘူး၊ မကျက်ဘူး မသင်ဘူးသေးတဲ့စာများကို မင်းတို့က တက်ဘူး၊ ကျက်ဘူး၊ သင်ဘူးအောင်ကြိုးစားရမယ်။ တပည့်ဟာ ဆရာလောက်သာတော်တယ်ဆိုရင် ဘယ်ဟုတ်သေးမလဲ၊ ကျော်အောင် ကြိုးစားကြ။

၁။ ဥဇ္ဇာနသမ္မဒါ - ထက္ကြလုံ့လ ဥဿာဟနဲ့ အလုပ်ကြိုးစားရမယ်။

၂။ ကလျာဏမိတ္တသမ္မဒါ - မိတ်ကောင်း၊ ဆွေကောင်း ရာဖွေပေါင်းသင်းဆက်ဆံရမယ်။


၃။ အာရက္ခသမ္မဒါ - အလေအလွင့်မရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရမယ်။

၄။ သမဇီဝိတသမ္မဒါ - ဝင်ငွေထွက်ငွေ မျှတအောင် သုံးစွဲရမယ်။

အဲဒါ ဒို့များ ဗုဒ္ဓဘာသာမှာ ဗုဒ္ဓဘုရားရှင် ဟောကြာတော်မူခဲ့အရေးကြီးတဲ့ လမ်းညွှန်ချက်လေးမျိုးပါပဲ။

မန္တလေးမြို့ မစိုးရိမ်တိုက်ကြီးများ၏ ဖခင်

http://www.dhammadownload.com



အဂ္ဂမဟာပဏ္ဍိတ၊ အတိဓေယျမဟာရဋ္ဌဝုဏ္ဏ၊
အတိဓေယျအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊
တိပိဋကစူဠဘိဓမ္မာစရိယအဖွဲ့ဥက္ကဋ္ဌ၊ မော်လမြိုင်မြို့

ဓမ္မာနန္ဒသာမိ


ဆရာတော်ဘုရားကြီး၏

ဓမ္မာနန္ဒဘိဝံသ ၏

ဆရာတော်ဘုရားကြီး၏ ဓမ္မာနန္ဒဘိဝံသ ၏

ဆရာတော်ဘုရားကြီး၏ ဓမ္မာနန္ဒဘိဝံသ ၏

http://www.dhammadownload.com



အဂ္ဂမဟာပဏ္ဍိတ၊ အတိဓေမဟာရဋ္ဌဂုရု၊
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ
မန္တလေးမြို့ မစိုးရိမ်းတိုက်သစ်ကြီး၏ အဓိပတိ မဟာနာယက

ဆရာတော်ဘဒ္ဒန္တ သိရိနန္ဒာဘိဝံသ ၏

ဩဝါဒကထာ

ဤလောကဌ နွားအထီးပေါင်းများစွာရှိသော်လည်း နွားမတစ်ကောင်မျှ မရှိလျှင် နွားအမျိုးအနွယ် အစဉ်အဆက် ပြတ်မည်သာဖြစ်၏၊ ထို့အတူ ပရိယတ္တိသာသနာ မတည်ရှိပါလျှင် နွားထီးပေါင်းများစွာနှင့်တူသော ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာနှစ်ရပ်လည်း အဆက်ပြတ်ကာ တည်ရှိနိုင်မည်မဟုတ်ပေ။ ပရိယတ်ကို မပုတ်ခတ်ကြနဲ့ ပရိယတ်ဆိုတာ ငါတို့အား မခဲယဉ်းပါ၊ ပရိယတ်တရားအားထုတ်ခြင်းဖြင့် ဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်၊ ဤသို့စသည်ဖြင့် ပရိယတ်ကိုပယ်ရှားပုတ်ခတ်ပြောဆိုသူသည် မြတ်စွာဘုရားသာသနာတော်ကို ပုတ်ခတ်သည်မည်၏။ ဤသို့ပြောဆိုသူနှင့်တူသော ခိုးသူကြီးမည်သည်မရှိ“ ဟူသော အဋ္ဌကထာဆရာမြတ်တို့ ဩဝါဒစကားကိုအလေးပြုကာ သာသနာ၏အရင်းမူလပဓာနဖြစ်တဲ့ ပရိယတ္တိသာသနာတော်ကို စွမ်းအားရှိသလောက် ချီးမြောက်နိုင်ကြပါစေ။

http://www.dhammadownload.com



အဘိဓဇမဟာရဋ္ဌဝုဂ္ဂ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက နိဂ်ံဃတော်ဆံယမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် (ယခု ဥက္ကဋ္ဌ)


မကွေးဆရာတော်ဘုရားကြီး ၏

သြဝါဒကထာ

"သာသနာနေဝန်းကြီး မကွယ်မပျောက်အောင် သာသနာတော် အရှည်ခံ၍တည်တံ့အောင် စောင့်ရှောက်ဖို့တာဝန်သည် သာသနာ့ ဝန်ထမ်းရှင်ရဟန်းတို့၏ တာဝန်ဖြစ်ပေသည်" ဟု ရှုမြင်တော်မူ ကြလျှက် ထက်သန်သော လုံ့လဥဿာဟဖြင့် ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ပရိယတ်ကိုမပြတ်ပို့ချတော်မူကြ၍ မိမိတို့ကိုယ်တိုင် ကလည်း ပဋိပတ်အကျင့်ကို ဖြည့်ကျင့်တော်မူကြလျှက် တပည့် တပန်း ရဟန်းရှင်လူ အပေါင်းတို့အားလည်း နည်းညွှန်ပြတော် မူကြကာ သာသနာပြုတော်မူကြပါ။

ဆရာသမားတို့၏ ကျေးဇူးတို့ကို ပေးဆပ်သောအနေဖြင့် သာသနာတော်ကြီး အခွန့်ရှည်စွာ ထွန်းကားပြန့်ပွားတိုးတက်အောင် စွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်ချွန်, ပုဂ္ဂိုလ်မွန်, ပုဂ္ဂိုလ် မြတ်များဖြစ်အောင် ကြိုးစားအားထုတ်တော်မူကြပါ။

http://www.dhammadownload.com



အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊
မန္တလေးဖြို့ မစိုးရိမ်တိုက်သစ်ကြီး၏ အဓိပတိ မဟာနာယက

ဆရာတော် ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ ၏

ဩဝါဒကထာ

စံပြခေါင်းဆောင်များ ဖြစ်ကြပါစေ မိမိကိုယ်တိုင် မှန်ကန်တည့်မတ်, တပည့်ကိုလည်း မှန်ကန်တည့်မတ်သော လမ်းကြောင်းပေါ်ရောက်အောင် တင်ပေးနိုင်သူကိုသာ စံပြခေါင်းဆောင်လို့ ဆိုရပါတယ်။ ကဿပဘုရားရှင်လက်ထက်တော်အခါက ဂဝေသီဆိုတဲ့ခေါင်းဆောင်ကြီးတစ်ယောက်က "ငါ့လိုခေါင်းဆောင်တစ်ယောက်အနေနဲ့ နောက်လိုက်ငယ်သားတွေထက် သာလွန်သော ဂုဏ်ထူးတစ်ခုရှိသင့်တယ်" လို့ ဆုံးဖြတ်ချက်ချပြီး ခေါင်းဆောင်ကောင်းပီသစွာ ကျင့်သုံးနေထိုင်ခဲ့တယ်။ ဂဝေသီလို သဘောထားကြီးပြီး မှန်ကန်သော လမ်းကြောင်းပေါ်မှာ လျှောက်လှမ်းနိုင်တဲ့ စံပြခေါင်းဆောင်ကောင်းများဖြစ်ကြပါစေ။

မမ္မာစရိယတက္ကသိုလ် ပန်းတင်မင်္ဂလာ အခမ်းအနားမှ

http://www.dhammadownload.com




မန္တလေးမြို့၊ ဒက္ခိဏာရာမတုရားကြီးတိုက်၊
အတုလကာရီ ဆင်ဖင်းကျောင်းဆရာတော်

ဘဒ္ဒန္တဩဘာသာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏

သဒ္ဓါဒကထာ

အို သပ္ပုရိသနွယ်ဝင် သူတော်စင်အပေါင်းတို့ သင်တို့သည် မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီး ကာလာရှည်ကြာ တည်တံ့စေရန်လည်းကောင်း၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းစေရန်လည်းကောင်း၊ ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မတို့ကို အထူးကြိုးစား အားထုတ်ကြရမည်။ ဆင်ပြောင်ကြီးသည် ကျူးအိမ်ကို ဖျက်ဆီးသကဲ့သို့ မိမိတို့ သန္တာန်၌ ဖြစ်ကုန်ပြီးသော လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာတရားများကို ပယ်ကြရမည်။ မဖြစ်ပေါ်သေးသော လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာတရားများကို မဖြစ်အောင် ကြိုးစားအားထုတ်ကြရမည်။ မဖြစ်သေးသော ကုသိုလ်တရားများကို ဖြစ်ပေါ်လာအောင်၊ ဖြစ်ပြီးသောကုသိုလ်တရားများကို လွန်စွာတိုးပွားအောင် အထူးကြိုးစား အားထုတ်ကြရမည်။ ဤဓမ္မ ဝိနယသာသနာတော်၌ မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် နေထိုင်ကျင့်သုံးသော လူနတ်ဗြဟ္မာသတ္တဝါတို့သည် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာနိဗ္ဗာန်ကို ကောန်မုချ ရရှိကြပါလိမ့်မည်။

http://www.dhammadownload.com



အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊
တိပိဋကဓရ ဆြဝါဒိစရိယအဖွဲ့ဥက္ကဋ္ဌ၊ မော်လမြိုင်မြို့

ဓမ္မာစရိယဘဒ္ဒန္တ ဝိဇယာဘိဝံသ ၏

ဆြဝါဒကထာ

ဆရာ+ဒကာဆိုတာ ရေနှင့်ကြာသဖွယ်ဖြစ်တယ်၊ ရေရှိမှ ကြာတင့်သလို ကြာရှိမှ ရေတင့်တယ်။ ကိုင်းရှိမှ ကျွန်းရှိသလို ကျွန်းရှိမှ ကိုင်းရှိတယ်။ ဤသို့အချင်းချင်း ဆက်စပ်နေသည်ကို အမြဲမပျက်သတိရမိ၍ မိမိပြုအပ်သည့် ဝတ္တရားဖြင့် သာသနာတော်ကို ချီးမြှောက်ကြပါ၊ ထောက်ပံ့ကြပါ။ ပရိယတ္တိသာသနာတော်နောက် ဒါနဦးဆောင်ပြီး ပြုစုစောင့်ရှောက်ချီးမြှောက်ကြပါ။ ပဋိပတ္တိသာသနာတော်နောက် သီလဦးဆောင်ပြီးကျင့်သုံးကြပါ။ ပဋိဝေဓသာသနာတော်နောက် သမာဓိဦးဆောင်ပြီး ကျင့်သုံးကြပါ။ ဂိုဏ်းဂဏစွဲ ပုဂ္ဂိုလ်စွဲအနေဖြင့် မပြုလုပ်ကြပါနဲ့။ သံဃာစွဲ သာသနာစွဲအနေဖြင့်ပြုလုပ်ကြပါ။ သို့မှသာ မိမိလည်း အကျိုးများ သာသနာတော်လည်း စည်ပင်ပြန့်ပွားပြီး ဘုရားရှင်အလိုကျတပည့် ဒါယကာ, ဒါယိကာမများ ဖြစ်ကြပေလိမ့်မယ်။

ဘဒ္ဒန္တသုစိတ္တာဘိဝံသ၏ အဂ္ဂမဟာဂန္ထဝါစကာဘွဲ့ ပူဇော်ပွဲ ကြွရောက်စဉ်က

http://www.dhammadownload.com



အဂ္ဂမဟာပဏ္ဍိတ၊ အတိဓဇမဟာရဋ္ဌဂုရု၊
ဆဋ္ဌသင်္ဂါယနာဝန်ဆောင်သံဃအဖွဲ့ဥက္ကဋ္ဌ

မနိုးရိမ်ဆရာတော် ဘဒ္ဒန္တဘူရိဃောဘိဝံသ ၏

သြဝါဒကထာ

တပည့်ဆိုတာ ဆရာ့ထက်တော်အောင်ကြိုးစားရမယ် ဒို့များ မတက်ဘူး၊ မကျက်ဘူး မသင်ဘူးသေးတဲ့စာများကို မင်းတို့က တက်ဘူး၊ ကျက်ဘူး၊ သင်ဘူးအောင်ကြိုးစားရမယ်။ တပည့်ဟာ ဆရာလောက်သာတော်တယ်ဆိုရင် ဘယ်ဟုတ်သေးမလဲ၊ ကျော်အောင် ကြိုးစားကြ။

၁။ ဥဋ္ဌာနသမ္ပဒါ - ထကြွလုံ့လ ဥဿာဟနဲ့ အလုပ်ကြိုးစားရမယ်။

၂။ ကလ္လာဏမိတ္တသမ္ပဒါ - မိတ်ကောင်း၊ ဆွေကောင်း ရာဖွေပေါင်းသင်းဆက်ဆံရမယ်။

၃။ အာရက္ခသမ္ပဒါ - အလေအလွင့်မရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရမယ်။


၄။ သမဇီဝိတသမ္ပဒါ - ဝင်ငွေထွက်ငွေ မျှတအောင် သုံးစွဲရမယ်။

အဲဒါ ဒို့များ ဗုဒ္ဓဘာသာမှာ ဗုဒ္ဓဘုရားရှင် ဟောကြာတော်မူခဲ့အရေးကြီးတဲ့ လမ်းညွှန်ချက်လေးမျိုးပါပဲ။


http://www.dhammadownload.com




အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့တော်



အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့တော်




ကနေဒါနိုင်ငံ၊ အော့တဝါမြို့တော်



အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့

http://www.dhammadownload.com




ကနေဒါနိုင်ငံ၊ အော့တဝါမြို့တော်




ကနေဒါနိုင်ငံ၊ အော့တဝါမြို့တော်၊ မြက်ခင်းပြင်ဓမ္မသဘင်



အမေရိကန်နိုင်ငံ၊ အလိုတော်ပြည့် ဒေါင်မြေဗောဓိဓမ္မရိပ်သာ



ဘုရားလောင်း ဆွမ်းဘုဉ်းပေးပြီး၍ နေရာရာမြစ်၌ အဓိဋ္ဌာန်ဖြင့် ရွှေ့ကပ်မျှောရာနေရာ



ဘုရားလောင်းဗွားမြင်တော်မူရာ အထိမ်းအမှတ် ကျောက်စာတိုင်




ဝေဠုဝန်ကျောင်းတော်ရှိ သံဃာတော်များ သောက်သုံးရာရေကန်


http://www.dhammadownload.com



ဘုရားလောင်း ဗွားမြင်တော်မူရာနေရာ (လုမ္ဗနီဥယျာဉ်)



အနုတ္တလက္ခဏသုတ်တော်ကို ဟောတော်မူရာနေရာ (ဓမ္မေဓစေတီတော်)



အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာ၊ မဟာဗောဓိစေတီတော်အတွင်း



ဓမ္မသီတဂူ နာယကချုပ်ကျောင်းဆောင်
ဦးညီမင်း+ဒေါ်ညီမွာလွင်
မင်းဇာနည် ကုမ္ပဏီမိသားစုမှ လှူဒါန်းသည်



ပုပ္ပာရုံကျောင်းတော်
ဝိုလ်မှူးကြီးမင်းကြည်(ငြိမ်း)+ဒေါ်မြင့်မြင့်
သား- ဝိုလ်မှူးကြီးမင်းသိန်းဇံ+ဒေါ်မေသန်းကြိုင် မိသားစုမှ လှူဒါန်းသည်

http://www.dhammadownload.com



မဟာဓမ္မဒါယာဒ ဗဟိုစာချေကျောင်းတော်ကြီး
အများစုပေါင်း လှူဒါန်းသည်



သာသနဝုဓိကာရီသိမ်တော်
ဦးဝင်းမြင့်+ဒေါ်မာလာသင်း မိသားစုမှ လှူဒါန်းသည်



အာဟာရသုခဆွမ်းစားကျောင်းဆောင်
ထပ်ဆင့်အကယ်ဒမီ ဒေါ်ထက်ထက်မိုးဦးမှ လှူဒါန်းသည်



သဒ္ဓမ္မဝိဇယကျောင်းဆောင် အမှတ် (၂)
ဦးမောင်ရှိ+ဒေါ်ညွှန့်စိန်၊ ခြေသေ့သုံးကောင် မိသားစု(စစ်တွေ)မှ လှူဒါန်းသည်



ဝိဘင်္ဂဝါဒီ ပိဋကတ်မော်ကွန်းတိုက်
ဦးတော်မင်းဦး+သီရိသုဓမ္မသီဂီ ဒေါ်ဝင်းဝင်းငွေး(၁)မငယ်၊ သမီး မဟာမာစိုး မိသားစုမှ လှူဒါန်းသည်



ရွှေရတုသာသနဇဂမ္ဗဝိမာန်တော်
သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်+ဒေါ်ခင်ငွေးမြင့်
မိသားစုမှ လှူဒါန်းသည်

http://www.dhammadownload.com



ဓမ္မာစရိယတက္ကသိုလ်



ရေကန်
ဟောင်ကျော်ကျော်ဝင်း မိသားစုမှ လှူဒါန်းသည်



ရတနာနှတ်လမ်း
မိဘနှစ်ပါး အမှူးထားလျက် သမီး မွန်မွန်(U.K) မှ လှူဒါန်းသည်



ဓမ္မာစရိယတက္ကသိုလ် တောင်ဘက်အဝင်မှခ်ဦး
ဦးသာအေး+ဒေါ်သန်းသန်းနု မိသားစုမှ လှူဒါန်းသည်




ဓမ္မာစရိယတက္ကသိုလ် အရှေ့ဘက်အဝင်မှခ်ဦး
ဦးလှမောင်+ဒေါ်ယက်သဲပြူ မိသားစုမှ
လှူဒါန်းသည်



ရွှေရတုအထိမ်းအမှတ် ဟော်တော်ယာဥ်
တပည့်ကြီး ဦးသောဘန (ကမ္မဋ္ဌာနာစရိယ)
သာမည မိုးကုတ်ဝိပဿနာကမ္မဋ္ဌာန်းတိုက်၊ ဟော်လပြိုင်မှ လှူဒါန်းသည်

http://www.dhammadownload.com






အဝိစိတွင်း၊ ရေလောင်ကန်၊ ရေစင်တော်၊ ရေသန့်စက်၊ သောက်တော်ရေစင်
ဒေါက်တာဝင်းမြင့် + သီဟသုဝမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦး မြတ်မေတ္တာမွန်ကမ္ဘာကြီး မိသားစုမှ လှူဒါန်းသည်



သောက်တော်ရေစင်




100 KVA ထရန်စဖော်မာ
ဦးဟောင်ဟောင်ကြွယ်+သီဟသုဝမ္မသိင်္ဂီ ဒေါ်ဆွေဆွေလတ် မိသားစုမှ လှူဒါန်းသည်




ဤရတုရှင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်ပယ်ခဲ့စဉ်က
စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက် ဂဂါပကများနှင့် အမှတ်တရ

http://www.dhammadownload.com


ဓမ္မာစရိယတက္ကသိုလ် အယိုးဟော်ပြည့် ကျောင်းတိုက်ကြီး၏
နာယကချုပ်နှင့် နာယက ဓာတ်ဆရာတော်များ




ဘဒ္ဒန္တသုစိတ္တာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)




ဘဒ္ဒန္တဉာဏဓဇ



ဘဒ္ဒန္တဝရဝံသ (မဟာဝဂ္ဂါဒီ ပါဠိပါရဂူ)




ဘဒ္ဒန္တဂုဏသာမိဘိဝံသ (သ၊ စ၊ အ၊ ဓမ္မာစရိယ)
အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်မှ အာဒီကမ္မိက သက္ကသီဟဘွဲ့ကို ရရှိသည်




ဘဒ္ဒန္တရေဝတ

http://www.dhammadownload.com


အလုံးစုံကြွေးကြော်သော စမ္မာဓိုယတက္ကသိုလ် လက်ရှိဓာတ်ချုပ်ဆရာကြီးများ




အရှင်ဝမ္ဗပိယ




အရှင်ကုမာရ



အရှင်ဥတ္တမသာရ



အရှင်အဂ္ဂည (ဆွမ်းစားကျောင်းတာဝန်ခံ)



အရှင်ပညာသာရ

အာဒီကမ္မိက "ပရိယတ္တိဓမ္မာနုဂုဟဓမ္မာစရိယဘဲ့"



လက်ရှိ အနုနာယကများ

အရှင်ကုလ္လာလ၊ အရှင်ဝရသာမိ၊ အရှင်ပညာစက္ကာ၊ အရှင်သာသနာလင်္ကာရ၊ အရှင်သူရိယ

(သာမဏေကျော်၊ စိန္တယဝိဇ္ဇ)

http://www.dhammadownload.com




ဓမ္မဒါယာဒကျောင်းတော်ကြီး၊ အပေါ်ဆုံးထပ် (သိန်း ၅၀၀) အလှူရှင်
ထိုင်ဝမ်ဆင်းသောက် ဆရာတော်ဘဒ္ဒန္တကုသလနှင့် တပည့် ဒါယကာ ဒါယိကာမများ



မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်နှယ်ဖွား တပည့်များနှင့်အတူ ရွှေရတုပွဲတော် အကြိုညီနှိုင်းတိုင်ပင်စည်းဝေးခဲ့ကြသည်

http://www.dhammadownload.com



ရွှေရတုမော်ကွန်း

အာဘိယာစနဥယျာဇဉ်
ရွှေရတုဂုဏ်၏ဩဝါဒအမြုတေ
ပြည်လုံးချမ်းသာဗုဒ္ဓဝင်ဆုတောင်းပြည့်ဘုရားကြီး
စိတ်ပုံကဏ္ဍ
ဆရာတော်ကြီးများ၏ဩဝါဒကဏ္ဍ

မျက်နှာဖုံးခွင့်ပြုချက် - ၃၂၀၀၅၅၀၁၀၇
စာမူခွင့်ပြုချက် - ၃၂၀၀၅၂၀၁၀၇
အယ်ဒီတာအဖွဲ့
အရှင်ပညာဇောတ (ရွှေဘိုမင်းသုခ)
အရှင်တိက္ခ (မောင်တင်ဝေ ရေစကြို)
အရှင်ဓမ္မပိယ (နိုင်လွန်း)
ပန်းချီသရုပ်ဖော်
မောင်မောင်သိုက်
နော်လ်အိမ်ခန့်
ကွန်ပျူတာစာစီ
Glory
ဒီဇိုင်း
ကိုရင်ဩ၊
ဟန်မျိုးထွန်း၊ နိုင်လင်း
မျက်နှာဖုံးဖလင်
STARS
အတွင်းဖလင်
ကိုလူမော်
ထုတ်ဝေသူ
ရွှေဘိုမင်းသုခ (ဓမ္မာစရိယတက္ကသိုလ်)
ပုံနှိပ်သူ
နေဝင်းကွန်ပျူတာ ပုံနှိပ်လုပ်ငန်း
စောင်ရေ - ၁၀၀၀
ဓမ္မဒါန

ဟိဠိကဏ္ဍ

အာယသ္မာတော သုစိတ္တာဘိဝံသ ထေရဿ	၃	အာယသ္မာသက္ကစ္စံသော
ရွှေရတုဂုဏ်ရည် တောင်းဆုခွေ	၈	ဦးတိက္ခိန္ဒြိယာဘိဝံသ
ထုတိထောမနာ ပဏာမဂါထာ	၁၀	သီဟဆွေ(သဒ္ဓမ္မဇောတိကဓဇ)

ကဗျာရတုတေးထပ်ကဏ္ဍ

ထေရုပ္ပတ္တိမဂ်လာ	၁	စလင်းဇာနည်(မန္တလေး)
ရွှေရတုဝိဇာတမဂ်လာ ပူဇော်လွှာ	၁၃	မောင်ထက်ဆူး(ပုလဲ)
စေတနာအားသွန် သုစိတ္တာအမွှန်	၁၄	အောင်သန်း(တောင်စွန်း)
ဂုဏ်ပူဇာ	၁၅	ရဲအောင်
ဂုဏ်ပူဇာ ဝန္ဒနာ	၁၆	ကျွန်းစဉ်မြေစောခက်
ထေရဝန္ဒနာ မြတ်ဆရာ	၁၇	ဝရသာမိ(ရေကြည်)
ကြည်ညိုသဒ္ဓါ မြတ်သံဃာ	၁၈	ခိုင်ကျော်ထွေး(စစ်တွေ)
မြတ်တရား ကျေးဇူးတော်	၁၉	မင်းရိုးယဉ်
အိုဘယ့်အရှင်(၁)	၂၀	နစ်ကိုးဂျန်
အိုဘယ့်အရှင်(၂)	၂၁	ရွှေကြိုဘိက္ခု
သာသနာ့အန္တရာယ် ကာကွယ်ကြပါစို့	၂၂	ချမ်းမြေ့သာရ
ရယူလိုသော လွတ်မြောက်မှု	၂၄	နွယ်(စစ်တွေ)
ဗုဒ္ဓ၏မြတ်သာသနာကို	၂၅	အောင်သျှင်သူ(မဟာမြေ)
လမ်း	၂၇	ဇင်္ဂီလ(မာန်အောင်)
ပဉ္စမ	၂၈	ဇာနည်သွေး
ကောင်းနိုင်ရန် ရှိပါ့မလား	၂၉	ရှေးပညာရှင် စာဆိုကဝိ
တိုက်တွန်းနိုးဆော်လွှာ	၆၀	အရှင်ပဏ္ဍိတ(ရက္ခမြာရိုး)


ရုသကဏ္ဍ

မိသားတစ်စု သူတော်ကောင်းတစ်ယောက်	၁၇၄	သန်းငြိမ်းအေး
စံပြမိခင် ကိသာဂေါတမီ	၂၁၀	သာရဝေါစိုးကြည်
တန်ဖိုးရှိတဲ့ အမြတ်	၂၁၆	ဒေါက်တာလမင်း
သွန်းရေစင်နှင့် မှောက်ထားသည့်အိုး	၂၂၀	ကံထွန်းသစ်
မီးဇာကုန်ဆီခန်းနှင့်---	၂၂၅	သန်းမြင့်အောင်
မွေးမြူလေသော ဒေသနာ	၂၂၉	နန္ဒာမိုးကြယ်

http://www.dhammadownload.com

သုတကဏ္ဍ

သာသနာ့လမ်းပြကြယ်တစ်ပွင့်	၂၆	မာန်အောင်ချစ်ထွန်း
ဩဝါဒ	၆၀	ဘဒ္ဒန္တပဏ္ဍိတ(အဂ္ဂမဟာပဏ္ဍိတ)
ပရိယတ်အုတ်မြစ်ချသူ ထေရ်မြတ်တစ်ဆူ	၆၃	တက္ကသိုလ် သျှင်သီရိ(ဓမ္မာစရိယ B.A)
စိတ်ကောင်းရိုက လိုတရ	၆၆	ယောဆရာတော်
သာသနာတော်အတွက်စာသင်တိုက်များ--	၆၈	အရှင်ပညာဝံသ(မိုးမိတ်)
ရွှေရတုမှာ ဆုတောင်းပါ၏	၇၂	မဟာက္ကန္ဒာစရ (M.A-UK)
သာသနာ့ကွက်လပ်ဖြည့်သူ	၇၅	ဘဒ္ဒန္တသီလကန္ဓာဘိဝံသ
နွားကျောင်းသားတို့၏ ရင်ဖွင့်သံ	၇၇	ဥယျာဉ်မှူး(တက္ကသိုလ်)
ကိုယ်ကျိုးမဖက် တန်ဖိုးမြတ်သည့် အရှင်	၈၂	တစ်ဘဝသာသနာ အရှင်သောဘန
ကံကောင်းလိုသူတိုင်း စေတနာကောင်းထားကြစို့	၈၄	ထပ်ဆင့်အကယ်ဒမီ ထက်ထက်မိုးဦး
မြားတစ်စင်း ငှက်သုံးကောင်	၉၁	ချစ်ဦးညို
သာသနာပြု ပြေးလမ်းပေါ်က မိုင်တိုင်များ	၉၄	ကျွန်းစဉ်မြေစောခက်
မြတ်ဆရာသို့ ကန်တော့ပန်း	၁၀၄	သုခေသီ(မဏိဇေယျ)
ရှာပုံတော်မင်းသားကြီးလုပ်ကြည့်ခြင်း	၁၀၉	အရှင်ပညာသာရာဘိဝံသ
စွယ်စုံကျော်ထင် ဝိသောခနိကျမ်း	၁၁၃	ဆင်ဖြူကျွန်းအောင်သိန်း
စက်လေးတန်နှင့်ပြည့်စုံသူ	၁၁၇	ဗုဒ္ဓဝါဒီဆရာတော်
မြန်မြည်ကျော်တဲ့ တို့ဆရာတော်	၁၂၀	ရွှေမြိုင်ပြည့်စုံ
အသက်ရာကျော်ရယ်တဲ့ ရှည်စေလို	၁၂၄	အရှင်ကုမာရ(စာချ)
မရှိမဖြစ်လိုအပ်သော ရတနာ	၁၂၉	အရှင်နာရဒါဘိဝံသ
ပုံရိပ်အတွေး မွှေးတကြူကြူ	၁၃၅	မဏိစန္ဒာ
ပျောက်သောသူအားရှာတွေ့ခြားကုသိုလ်ပွားလေပြီ	၁၃၈	ဦးဟန်နွယ်
နေမင်းလမင်း သိန်းရာထောင်	၁၄၂	မြေလတ်မြတ်သူ
မော်လမြိုင်မြို့၏ သာသနာ့သမိုင်းကြောင်း	၁၄၅	ရွှေမြိုင်တင့်တယ်
ပဏ္ဍိတမှ ပဏ္ဍိတသို့	၁၄၇	အရှင်ပဏ္ဍိတ (ရက္ခမြာရိုး)
သာသနာ့ကျက်သရေဆောင်	၁၄၉	ခိုင်မြဝါ
ဆရာ၏ဂုဏ်ပြောမကုန်	၁၅၁	အသျှင်ပညာဝံသ
ပြည်တွင်းသာသနာပြုလုပ်ငန်း	၁၅၆	အောင်သင်း
ပရိယတ္တိအရေး	၁၅၉	အရှင်နန္ဒသေနာလင်္ကာရ
လင်းလက်နေသော ကြယ်တစ်ပွင့်	၁၆၂	ဒေါက်တာသီလဝံသ (မဂဓ၊ အိန္ဒိယ)
ဆရာတော်နှင့် သာသနာပြုစိတ်ဓာတ်	၁၆၅	အရှင်သူရိယ(စစ်တွေ)
ပရိယတ္တိသူရဲကောင်း အာဇာနည်	၁၆၉	မောင်ရင့်ကျူး(မြောင်းမြ)
ဥယျာဉ်ထဲမှ ဥယျာဉ်	၁၇၁	အရှင်ဉာဏိက(မာန်အောင်)
မြတ်ဆရာဂုဏ်ရည်	၁၇၉	သျှင်အေးလေး(ပွင့်ဖြူ)
မတစ်ထောင် တစ်ကောင်ဖွား	၁၈၀	ဂန္ဆဆရာတော်
လွတ်အောင်ရုန်းကြစို့	၁၈၂	ထိန်လင်း(ရန်ကုန်တက္ကသိုလ်)
ဘဝအလင်းရောင်နှင့် ငြိမ်းအေးမှုဒဿန	၁၈၅	အရှင်ပညာစက္ကာ(အမ်း)
သာသနာနှင့် သာသနာပြု	၁၉၂	အရှင်တိလောကာဘိဝံသ (အင်းစိန်)
ဝေဘူဆရာတော်ကြီးကို ဖူးမြင်ခဲ့ရစဉ်က	၁၉၅	မောင်ပေါ်ထွန်း
တိုက်ဆိုင်မှုတစ်ခု(သို့)---	၁၉၇	ဒေါက်တာဩသဓသာရ
ပင်မြင့်ပန်း	၂၀၀	သဇင်မြေအခင်လတ်
စိမ်းချိမနေပါ	၂၀၃	ကေသရစာရီ (ဓမ္မာစရိယ M.A (Srilankā)
မွေးနေ့	၂၀၅	
အရှင်ဣန္ဒသာရ		
လက်တွဲရယ်ညီ--	၂၀၇	
ထွန်းဝေ(ပုဏ္ဏားကျွန်း)		
သူတော်ကောင်းတရား--	၂၁၅	
အရှင်ရေဝတ		
English Section		
Biography of ---	၂၃၀	
The Sound of ---	၂၄၂	
Ashin Dhammapiya		
Memory	၂၅၄	
Professor U Min Lwin		
ဂုဏ်ယူဖွယ်ရာစေတနာရှင်	၂၅၆	






http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ



အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတဘွဲ့တော်

ဂဏာစရိယဂုဏ်၊ ဂန္ဓုရောဝယဂုဏ်၊ ပရိယတ္တိ ဝိသာရဒဂုဏ်၊
သံယဂဏာဝိစရဂေါစနဂုဏ်၊ လဒ္ဓီ ပေသလ သိက္ခာကာမ စသော

ဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊
တာမွေလေးရပ်ကွက်၊ အလို့တော်ပြည့်ကျောင်းတိုက်

ဆရာတော်ဘဒ္ဒန္တ သုစိတ္တာဘိဝံသ

အရှင်မြတ်အား

အဂ္ဂမဟာဂန္ဓဝါ စကပဏ္ဍိတ


ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူခါန်းပါသည်

ဥက္ကဋ္ဌ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သာသနာတော်နှစ် ၂၅၄၆၊ ကောဇာသက္ကရာဇ် ၁၃၆၄-ခုနှစ်၊ ပြာသိုလဆန်း ၂-ရက် (၄-၁-၂၀၀၃)

http://www.dhammadownload.com



ရွှေရတုမွေးနေ့ရှင်မှ တပည့်များအတွက်
ဘဝတစ်သက်တာ ဩဝါဒအမြုတေ

မမ္မာစရိယသင်တန်းကိုလာရောက်ပြီး သင်ယူကြတဲ့ အရှင်ဘုရားတို့အတွက် ဘဝတစ်သက်တာ မှတ်သားစရာ ဩဝါဒအမြုတေ ပြောကြားလိုပါတယ်။တပည့်တော်သင်ကြားပို့ချလိုက်တဲ့ နည်းစနစ်တွေကို အခြေခံပြီး မိမိ မိမိတို့ရဲ့ ဉာဏ်၊ ဝီရိယ၊ ဇွဲတို့ကိုအသုံးပြုပြီး အောင်ပန်းဆွတ်ခူးနိုင်အောင် ကြိုးစားကြ။ ကိုယ့်ဘဝသမိုင်းကို ကိုယ်ပဲရေးတယ်၊ ဘဝ သမိုင်းလှအောင် အမြဲတမ်းပြုမူနေထိုင် ပြောဆိုဆက်ဆံကြပါ။ နာမည်ဆိုး၊ နာမည်ကောင်း၊ ကျက်သရေရှိ၊ ကျက်သရေမဲ့အောင် ကိုယ့်ကို အခြားသူက ပြုလုပ်လို့ မရဘူး။ အဲဒါ မှတ်ထားကြ။

ကြိုးစားအားထုတ်ကြရင် မကြာခင်နှစ်ကာလ အတောအတွင်းမှာ သက်ဆိုင်ရာဘွဲ့ထူးဂုဏ်ထူးတွေ ရကြလိမ့်မယ်။ ဘွဲ့ထူးဂုဏ်ထူးရဖို့ထက်၊ ရရှိပြီးသောဘွဲ့ ထူးဂုဏ်ထူးနဲ့ ဟတ်စပ်အောင်နေတတ်ဖို့ပိုအရေး ကြီးတယ်။ မိမိရထားတဲ့ ဘွဲ့ထူးဂုဏ်ထူးကို အမြဲထိန်းသိမ်းကာကွယ်ရမယ်။ စာသင်၊ စာချ၊ တရားပြ တရားနာအလုပ်တွေဟာ ပရိယတ္တိလမ်းကြောင်းပေါ်က အလုပ်တွေပါပဲ။ လမ်းကြောင်း မှန်ပေါ်ကို တည့်တည့်လျှောက်ကြ။

တပည့်တော်တို့သာသနာမှာ ပါတိမောက္ခ သံဝရသီလလုံရုံနဲ့တင် မပြည့်စုံသေးပါဘူး၊ ပါသာဒိကေန သမ္မာဒေထ-ဆိုတဲ့အတိုင်း ကြည်ညိုဖွယ်ဂုဏ်ကိုဆောင်တဲ့ ဣန္ဒြိယသံဝရသီလကိုလည်း စောင့်ထိန်းဖို့အရေးတကြီး လိုအပ်နေတယ်။

တပည့်တော်တို့သာသနာတော်မှာ ဣန္ဒြိယသံဝရသီလဟာ ကျေးဇူးကြီးမားလှပါတယ်။ အရှင်ဘုရားတို့သင်ခဲ့ကြတဲ့ ပါရာဇိကဏ်မှာပဲ တတိယသင်္ဃာဒိသေသနာ အခန်းကိုကြည့်ပါ။ သင်္ဃာဒိသေသနာတင်ရာမှာ ပစ္စယာနုဂ္ဂဟနဲ့ ထောက်ပံ့တဲ့ အသောကဟာ ခုနစ်နှစ်သားအရွယ် နိဂြောဓသာမဏေငယ်လေးရဲ့ ကြည်ညိုဖွယ်ရာ ပါသာဒိက အမူအရာဣန္ဒြိယသံဝရသီလကို မြင်တွေ့ကြည်ညိုရာက သာသနာပြုမင်းတစ်ပါး ဖြစ်လာခဲ့တာပါ။အသောက မင်းတရားကြီး သာသနာပြုမင်းတစ်ပါး ဖြစ်လာလို့လဲပဲ သထုံပြည်ကို သာသနာရောက်၊ သထုံက တစ်ဆင့် အရိမဒ္ဒနပူရ ပုဂံ၊ အဲဒီလိုခေတ် အဆက်ဆက်တည်လာခဲ့တာ ဣန္ဒြိယသံဝရသီလရဲ့ ကျေးဇူးပါ။

အထက်တန်းကျတဲ့ အနုတ္တရောပရိသဓမ္မသာရထိဂုဏ်နဲ့ပြည့်စုံတဲ့ ဘုရားရှင်ရဲ့သာသနာတော်မှာ ရှင်တွေရဟန်းတွေဟာ ယဉ်ကျေးသိမ်မွေ့ရမယ်။ နှိမ့်ချတဲ့ စိတ်ထားရှိရမယ်။ ပညာပြည့်ဝလေ မာန်မာနနည်းလေ၊ အသီးမှည့်လို့ကိုင်းညွတ်နေတဲ့ စပါးနှံဥပမာလို နှိမ့်ချရိုကျိုးနေရမယ်။

တပည့်တော်နိဂုံးချုပ်အနေနဲ့ မှာချင်တာကတော့ ဘယ်နေရာဘယ်ဒေသရောက်ရောက် လူမျိုး၊ ဘာသာ၊ သာသနာနဲ့ မိမိနိုင်ငံရဲ့အကျိုးကို ဆောင်ရွက်နိုင်အောင် ပြုလုပ်ကြပါ။ ပရဟိတအလုပ်တွေ တတ်နိုင်သမျှ လုပ်ကြပါ။ အသက်နဲ့ခန္ဓာတည်ရှိနေသမျှ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာကို အဘက်ဘက်က မနိမ့်ကျအောင် ထမ်းဆောင်ကြပါလို့မှာကြားရင်း တပည့်တော်ရဲ့ဩဝါဒကို နိဂုံးချုပ်ပါတယ်။

http://www.dhammadownload.com



ဘဒ္ဒန္တသုစိတ္တာဘိဝံသ

(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ၏

သက်တော်ငါးဆယ်ပြည့်

ရွှေရတုအထိမ်းအမှတ်

ပြည်လုံးချမ်းသာ

ပုဒ္ဓဝင်ဆုတောင်းပြည့်ဘုရားကြီး

ဘဒ္ဒန္တသုစိတ္တာဘိဝံသသည် အိန္ဒိယနိုင်ငံသို့ ဘုရားဖူး သာသနာပြုခရီး အကြိမ်ကြိမ် ကြွရောက်ခဲ့ရာ အိန္ဒိယနိုင်ငံ၌ ဖူးမြော်ကြည်ညိုခဲ့ရသော ဆင်းတုတော်တစ်ဆူကို ပုံတူသွန်းလုပ်၍ ပူဇော်ကိုးကွယ်ရန် အာသီသ ရှိခဲ့၏။ ထိုဆင်းတုတော်သည် အရှင်သုစိတ္တ၏ နလုံးသားထဲတွင် အစဉ်သဖြင့် ကိန်းဝပ်စွဲယိုယွက် ရှိနေသည်ပမာ အာရုံထဲ၌ အမြဲပေါ်နေတတ်၏။

သက်တော် ငါးဆယ်ပြည့် ရွှေရတုမွေးနေ့ပွဲကို ကျင်းပမည်ဟု စီစဉ်ကြသောအခါ မွေးနေ့ရှင်၏ ရဟန်းဒါယကာ၊ ဒါယိကာမများဖြစ်သော "ရွှေပဒေသာပြည်လုံးချမ်းသာ" ဆေးတိုက်ပိုင်ရှင် သီရိသုဓမ္မ မဏိဇောတဓရ သမားတော် ဦးဘိုကြီး နှင့် ဇနီး၊ သီရိသုဓမ္မသီဂီ ဒေါ်သန်းသန်းတို့က မွေးနေ့ပွဲအတွက် မည်သည့်အလှူကို လှူနှင့်ရပါမည်နည်းဟု မေးလျှောက်လာ၏။

ရွှေရတုမွေးနေ့ရှင်က မိမိအာရုံ ပြုနေမိသော ဆင်းတုတော်သွန်းလုပ် ပူဇော်လိုကြောင်း မိန့်ကြားလိုက်ရာ ရဟန်းဒကာ မိသားစုသည် ဘုရားကြီးကို သွန်းလုပ်လှူဒါန်းပါမည်ဟု ဝမ်းမြောက်ဝမ်းသာ လျှောက်ထားကြလေသည်။

သမားတော် ဦးဘိုကြီးနှင့် ဇနီး ဒေါ်သန်းသန်းတို့ မိသားစုသည် သာသနာတော်အတွက်ဆိုလျှင် မည်သည့်အခါမျှ နောက်မတွန့်၊ လက်မရွံ့ကြသည့် သဒ္ဓါတရားမျိုးရှိကြသည်ဖြစ်ရာ ဉာဏ်တော် (၁၀၈)လက်မ (၉ ပေ)ရှိ ပြည်လုံးချမ်းသာ ပုဒ္ဓဝင်ဆုတောင်းပြည့်ဘုရားကြီးနှင့် ဘုရားကြီးကိန်းဝပ်စွဲယိုယွက်မည့် မဟာဓမ္မဒါယာဒကျောင်းတော်ကြီး အောက်ထပ် ဘုရားခန်းတို့ကို သိန်းပေါင်း (၁၇၃)သိန်း အကုန်အကျခံ၍ ဆောက်လုပ်ပါသည်။

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း (ဂ)ရက်နေ့နံနက်တွင် ရွှေရတုမွေးနေ့ရှင် ဘဒ္ဒန္တသုစိတ္တာဘိဝံသနှင့် ရွှေရတုမွေးနေ့သို့ ကြွရောက်ချီးမြှင့်ကြကုန်သော သံဃာတော်အရှင်သူမြတ်များက ရွှေရတုအထိမ်းအမှတ် ပြည်လုံးချမ်းသာပုဒ္ဓဝင်ရပ်ပွားဆင်းတုတော်ကြီးကို အနေကဇာတင်၍ ပုဒ္ဓါဘိသေကမင်္ဂလာ ပြုလုပ်ကြပေတော့မည်။


သမားတော် ဦးဘိုကြီး၊ ဒေါ်သန်းသန်း မိသားစုတို့သည် ရွှေရတုမွေးနေ့ရှင်ကို အကြောင်းပြုလျက် ထူးမြတ်သော ကောင်းမှုမျိုးစုံကို ပြုလုပ်ခဲ့ကြဖူးပေပြီ။ ရွှေရတုမွေးနေ့ရှင်နှင့် ရေးဘဝပဒ္ဓာန်းဆက်ကြောင့် တွေ့ကြုံဆုံစည်းကာ ဆရာ,ဒကာအဖြစ် အနီးကပ်ပူဇော်ခွင့် ကုသိုလ်ပြုခွင့် ရရှိခဲ့သဖြင့် မိမိတို့၏ ကုသိုလ်ကောင်းမှုများကို တသသအောက်မေ့လျက် ပီတိသောမနဿများစွာ ပွားခဲ့ရဖူးပြီ။ ယခုတဖန် ပြည်လုံးချမ်းသာပုဒ္ဓဝင် ဆုတောင်းပြည့် ဘုရားဒါယကာ၊ ဒါယိကာမများအဖြစ်ဖြင့် ဝမ်းမြောက်ဝမ်းသာကြည်ညိုသဒ္ဓါပွားလျက် သာဓုအနုမောဒနာ ခေါ်ခွင့်ရကြပေဦးမည်။

သာသနာတွင်းမှာ လူဖြစ်ရခြင်း၊ မြတ်ဗုဒ္ဓ၏ ဒေသနာတော်တရားကို နာကြားရခြင်း၊ ဘုရားတပည့်သား သံဃာတော်တို့အား ဆည်းကပ်ကိုးကွယ်ရခြင်း၊ ကုသိုလ်ကောင်းမှု ပြုခွင့်ရခြင်းသည် လူဖြစ်ရကျိုးနပ်လေစွတကား။

ထွဋ်ဇော်

http://www.dhammadownload.com

ထေရပုတ္တိမင်္ဂလာရတု



စလင်းဏာနည်

၁။ **မြန်မာ့ရင်ဌေး** ရခိုင်ပြေ၏၊ နယ်မြေဒေသ၊ မြေပုံနဂရ၌၊ ဂါမမည်ဆောင်၊ သရက်တောင်ဝယ်၊ ဘခေါင်ပိတေ၊ သဒ္ဓါဝေသည့်၊ ဦးရွှေမြအောင်၊ သီလ နှောင်သား၊ တူဆောင်မယွင်း၊ ဒေါ်ညိုနှင်းတို့ ရင်တွင်းသည်းချာ၊ သားပုတ္တာကား၊ ကောဇာမှာတစ်၊ သုံးတစ်ရှစ်ဝယ်၊ ရောက်လစ် လမွန်၊ ဥသြတွန်သည့်၊ မြို့ငစွန်တောတွင်း၊ သဇင်ကြွင်းနှင့်၊ အင်ကြင်း ပွင့်ကြ၊ တပေါင်းလ၏။ အဋ္ဌဆန်းခါ၊ နေ့သောကြာ၌၊ ချိန်နာကိုးချက်၊ သုံးခြောက် စက်ဝယ်၊ ကနက်ထေလျာ၊ ဖွားသန့်ပါခဲ့၊ ကောဇာတစ်လွန်၊ သုံးနှစ်ခွန်၏။ လမွန်ကောင်းလှ၊ တပေါင်း လပင်၊ နဝဆန်းခါ၊ ဇာတိရွာ၌၊ ထေရာဘဒ္ဒန္တ၊ သုန္ဒရကို၊ ဆတ္တသဖွယ်၊ ဦးထိပ်ဝယ်၌၊ ဥပဇ္ဈာယ်မှု၊ တင်ချီပြုလျက်၊ မာတုပိတာ၊ ဂုဏ်နန္တာ၏။ ပစ္စယာနုဂ္ဂဟံ၊ ထောက်ပံ့ခံလျက်၊ ဆယ်တန်သီလ၊ ကျင့်သုံးရသည့်၊ သာသနာ့အမွေ၊ ရှင်သာမဏေကို၊ ပြုလေပြီးမှ သုစိတ္တဟု၊ ဘွဲ့သသည်၊ ရရှိပါခဲ့၊ ကောဇာတစ်ထိုး၊ သုံးသုံးကိုး၌၊ စာမျိုးပွဲစုံ၊ ကျင်းပ ကုန်သည့်၊ နယုန်ဆန်းဘက်၊ နေ့သုံးရက်၏၊ နံနက်သတ္တာ၊ ချိန်ကောင်းခါ၌၊ မန္တလာသမိုက်၊ သက်ပန်းတိုက်၏၊ သိုက်မြို့က်ရိပ်သာ၊ ရွှေစည်မှာ၌၊ သညာ ထွန်းထိန်၊ ခဏ္ဍသိမ်ဝယ်၊ သိရိန်ဘဒ္ဒန္တ၊ အာဘိဓဇတည့်၊ သံဃာဖွဲ့ချုပ်၊ မည်သမုတ်သည့်၊ ဒုဥ္ကဋ္ဌ၊ မြတ်ထေရကို၊ မိဘနမူ၊ ဥပဇ္ဈာယ်ယူလျက်၊ မန်းမူဌာန၊ သာယာလှ သည့်၊ မောရဂိ၀ါ၊ နေထိုင်ပါသား၊ ရတနာပန်း၊ မြဲဆင် မြန်းသည့်၊ ရွှေနန်းသီဂီ၊ ဆေးတိုက်တည်၍၊ အာဇီသမ္မ၊ နေထိုင် ကြသည့်၊ နာမဆရာခင်၊ ဒေါ်မြရင်တို့၊ လေးအင် ပစ္စယံ၊ ပံ့ထောက်ခံဖြင့်၊ ထေရံအလျှာ၊ သုစိတ္တသည်၊ **သာသနာ့ဘောင်အတွင်းရောက်လျှင်းသောဝ်။**


http://www.dhammadownload.com

၂။ **မန္တလေးမြို့**၊ မပြတ်နေ၍၊ စာပေပို့ချ၊ နေလိုလှသည်၊ သုစိတ္တမည်၊ ထေရ်လျာသည်ကား၊ ငယ်မှိ ထေရ်ခေါင်၊ သရက်တောင်၌၊ ကျွင်းဆောင်ဓမ္မ၊ ထေရ် သုန္ဒရ၏။ ပါဒထံတွင်၊ ခြေစာသင်၍၊ ထို့ပြင်စစ်တွေ့၊ သွားရောက်နေ၍၊ စာပေပို့ချ၊ ဂရုဝံသနှင့်၊ ပဏ္ဍိတဆရာ၊ ဝိသုဒ္ဓါတို့၊ ပါဒါထံ၀၊ သင်ပြီးမှလျှင်၊ အမရပူရာ၊ ဆက် ကြွခါဖြင့်၊ မဟာဂန္ဓာရုံ၊ တိုက်ရွှေတုံ့၏။ မည်တုံဘဒ္ဒန္တ၊ ဇနကာဘိဝံသ၏၊ ထေရမျှားကာ၊ စာချဆရာတို့၊ ပါဒါ ခြေတွင်၊ ပညာသင်ခဲ့၊ ထို့ပြင်တ၀၊ မန်းသို့ကြွ၍၊ နာမ ဂုဏ်ထိန်၊ မစိုးရိမ်သမိုက်၊ သစ်ဟောင်းတိုက်၀ယ်၊ ပညာသင်ကြား၊ ဆရာများ၏၊ ထံပါးခြေတွင်၊ ပညာသင်ခဲ့၊ ဆရာဘဒ္ဒန္တ၊ သိရိန္ဒနှင့်၊ ရာဇမဟာ၊ ကောဝိဒါနှင့်၊ ဇယာ ဒီသ၊ ဘုရားကြီးမှလျှင်၊ စာချဆရာ၊ ဩဘာသာဘိ၊ ပဏ္ဍိတဉာဏာ၊ ပေါက်မြို့ငှာလဲ၊ ထေရာအဂ္ဂ၀ံသ၊ အာစရိယတို့၊ ထံမှပါဠို့ စရိုက္ခရကထာ၊ သင်ယူပါ၍၊ ကောဇာခုတစ်၊ သုံးလေးနှစ်မှ၊ စလစ်စာပွဲ၊ ဖြေဆိုနွဲက၊ ဖြေမြဲအစိုးရ၊ ဓမ္မာစရိယတည့်၊ ထိုမှတဖန်၊ မြို့မြင်းခြံမှ၊ ပြုမှန်သဒ္ဓမ္မပါလ၊ ဓမ္မာစရိယတည့်၊ တ၀မန်းရှိ၊ ပရိယတ္တိသာသနာဟိတ၊ ဓမ္မာစရိယကို၊ ဖြေကာဆင့်လစ်၊ အောင်ပွဲလှစ်ခဲ့၊ တိုက်သစ်ဂုဏ်ထိန်၊ မစိုးရိမ်၌၊ ထေရ်ရိန် နှစ်၀၊ ချီးမြှောက်ကြ၍၊ ဓမ္မသီတဂူ၊ ကျောင်းရိပ်ဖြူ၌၊ ထိန်းသူစာချ၊ နာယကဟူ၊ လုံ့လဖွဲ့မိုး၊ ငယ်,လတ်,ကြီး နှင့်၊ ဆက်ပြီးသင်ပြ၊ ဓမ္မာစရိယရှင့်၊ သက္ကသီဟာ၊ မည်တွင်ပါသား။ စာမှာမြင့်လှမ်း၊ စာသင်တန်းနှင့် စာချ တန်းနှစ်၀၊ ကြိုးလုံ့လဖြင့်၊ ပို့ချဖြေစေ၊ တပည့်တွေတို့ သီသေဥကင်၊ အောင်ပန်းဆင်၏။ မန်းတွင်၀သ၊ နှစ်ဆယ်မျှပင်၊ ပို့ချပြီးကာ၊ ကောဇာ တစ်ရေး၊ သုံးငါးလေး၌၊ မည်မွေးမော်လမြို့၊ ထေရ်ဦးကိုင်၏၊ ဂုဏ်လှိုင်ထွန်းပြောင်၊ သာသနာမာရ်အောင်ဟု၊ မည်ဆောင်သမိုက်၊ စာသင်တိုက်၌၊ စာလိုက်ရဟန်း၊ ဓမ္မာစရိယတန်းကို၊ သင်ခန်းပို့ချ၊ ရန်ကုန်ကြွ၍၊ ကောဇာ ခုတစ်၊ သုံးခြောက်တစ်မှ၊ စလစ်ခြောက်ခြောက်၊ ခုနှစ်ရောက်အောင်၊ ဝမ်းမြောက်ပီတိ၊ အလိုတော်ပြည့်ဟု၊ မည်ရှိသမိုက်၊ စာသင်တိုက်၌၊ စာလိုက်လာကြ၊ ဓမ္မာစရိယတို့၊ ပို့ချသုံးကျမ်း၊ ကိုယ်ပင်ပန်းလည်း၊ ရွှင်လန်းစိတ္တ၊ သင်ကာပြသည်၊ **စာချခေါင်ချဉ်းဖောက်ထွင်းသောဝ်။**

၃။ **စံပြမြတ်ထေရ်**၊ သာသနေ၏၊ တာရှည်တည်ငြား၊ ရည်သန်ထား၍၊ ဥကားကေ၊ တိစတုရန္တင့်၊ အဋ္ဌဖြစ်၊ နှစ်ဆယ့်နှစ်မျှ ကျော်လစ်ဂုဏ်သိမ်၊ မစိုးရိမ်၌၊ ခါချိန်မှန်မှန်၊ အဘိဓာန်ကို၊ ဝန်းရံရေးဖွဲ့၊ ပါဝင်ခဲ့ဘိ၊ ဓမ္မာစရိတို့၊ တတ်သိစေလှ၊ ဖွင့်ရှင်းပြသည့်၊ ဝါကျဥယျာဉ်၊ ခေါ်တွင်တင့်ဆန်း၊ ကျမ်းကိုး ကျမ်းလဲ၊ ကြိုးပမ်းတီထွင်၊ ရေးစီရင်ခဲ့၊ နွေလျှင်ခါပေ၊ မန်းမြို့မြေနှင့်၊ မော်ရွေမြို့ဘုံ၊ မြို့ရန်ကုန်၌၊ ခိုလှုံနေကြ၊ သောတုဇနတို့ တက်ကြရွယ်ရည်၊ နှစ်လစီဖြင့်၊ ပါရမီပညာ၊ သင်ပို့ချငြား၊ သင်တန်းသားမူ၊ ထောင့်ကားငါးရာ၊ ငါး,လေးသာတည်း၊ ရက္ခပူရပ်၊ ပြည်နယ်စပ်သို့၊ ကြွလတ်ဓမ္မ၊ သင်တန်းပြနှင့်၊ သီမာ့သမုတ်၊ ဦးဆောင်လုပ်ခဲ့၊ ဖွင့်ထုတ်ဆင့်ပြ၊ အိန္ဒိယ၌၊ တိလောကဟူ၊ သယမ္ဘူ၏၊ ထီးမူတင်ပွဲ၊ ကြဲကြိုက်ဆဲ၌၊ အားခဲရောက်လာ၊ ကန်,မြန်မာ နှင့်၊ ကနေဒါဘင်္ဂလား၊ ပရိသတ်များကို၊ ဘုရားဖြစ်စဉ်၊ ဗုဒ္ဓဝင်ကို၊ သွန်သင်ဟောလစ်၊ ခရစ်တစ်ကိုး၊ ကိုးနှင့်ကိုး၌၊ လမျိုးပေါ်၊ အိန္ဒိယပြည်၌၊ ပူရီနာဂ၊ ရပ်ဒေသ၌၊ ဓမ္မအားခဲ၊ ဆွေးနွေးပွဲပြင်၊ တနဲဒေါက်တာ၊ အမ္မေဒကာ၏၊ ကြည့်စာတိုက်လဲ၊ ဖွင့်သည့်ပွဲ၌၊ ဟောမြဲဓမ္မ၊ တိလောက ဟု၊ ခဏ္ဍာသိမ်မာ၊ ဦးဆောင်ကာဖြင့်၊ ညီညာသံဃာ၊ သမုတ်ကြရှင့်၊ ထိုမှကနေဒါနိ၊ အမေရိကန်သို့၊ ဒေသနံတရား၊ လေးဆယ့်ငါးမျှ၊ ရက်များ ကုန်စေ၊ မြို့ကြီးတွေသို့၊ ကြွလေသမု၊ သာသနာပြုခဲ့၊ မှတ်ရှုခရစ်၊ နှစ်ထောင်နှစ်၌၊ ရောက်လစ်ထပ်မံ၊ အမေရိကန်၏၊ ဆန်ဖရန်စစ္စကို၊ မြို့ဗဟို၌၊ အလိုတော်ပြည့်၊ တရားလေ့သည့်၊ ပျော်မွေ့ရိပ်သာ၊ ခြောက်လတာမျှ၊ နေကာတရား၊ လှည့်ဟောကြားခဲ့၊ သီးခြားမြန်မာ၊ ဂိုဏ်းစုံမှာလည်း၊ ထေရာ သံဃာ့၊ သမုတိရလျက်၊ တ၀မဟာ၊ အောင်မြေမှာလဲ၊ သံဃာ့၀နံဆောင်၊ ထို့နောင်ကြိုးပမ်း၊ ပထမလတ်တန်း၀ယ်၊ စာခန်းဖြေကြ၊ ထိုဌာနခဲ့၊ ကြပ်မအထူး၊ တွင်းရေး မှူးတည့်၊ ထွဋ္ဌဖူးမြတ်စွာ၊ သာသနာကို၊ ပြုကာဆက် ဆက်၊ ဆောင်ရွက်ချက်ကြောင့်၊ ရောက်လျက်ကောဇာ၊ ထောင်သုံးရာ၏၊ ခြောက်မှာလေးပြ၊ တပေါင်းလ၏၊ ပုဏ္ဏပြည့်သော်၊ နိဋ်ငံတော်မှ၊ ပူဇော်ဂါရ၀၊ 'အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ' ဟူ၊ ဂုဏ်လည္ဆ၊ ကပ်လှူကြသည်၊ **ပါကဋ္ဌအမှောင်ခွင်းတောက်လင်းသောဝ်။**

■ **စလင်းဇာနည်** (**မန္တလေးမြို့**)

http://www.dhammadownload.com



အာယသ္မတော သုစိတ္တာဘိဝံသထ္ထေရသ သဒ်ေပါ ဥပုတိက္ကမော

(အာယသ္မာ သက္ကဝံဒေသာ)

ဝေရက္ခယနဂရပုရတ္ထိမဒိသာဘာဂေ "**ဒဂုံဆိပ်ကမ်း**"ကွတိဝ့ယသ နာဂရသ ဘူမိပွဒေသေ သုဝဏ္ဏလိမ္ဗိတမာလာကမ္မလတာကမ္မာဒိဝိစိတ္တဒွိဘူမက တိဘူမကမဟာဝိဟာရပွါသာဒေါ သပရိဝါရဝါသာဂါရိဋ္ဌက ကောဋ္ဌာဂါရပါကာရသမွန္နော ဇကော အာရာမော ပတိဋ္ဌိတော၊ သော "ဓမ္မာစရိယတက္ကသိလာ"တိ မရမ္မရဋ္ဌေ ဝိသုတော။

တသ နာယကတ္ထေရော ဇာတိယာ ပညာသဝဿိကော၊ ဥပသမ္ပဒါယ တိံသဝဿိကော စ၊ တသ အာဘိတ္ထုတိဟာရော ပုပ္ဖဂန္ဓော ဝိယ က္ကမေဟိ ကာရဏ္ဍေဟိ သကလရဋ္ဌေ ဝိပ္ပရတိ ဂန္ဆဝါစကကာရဏ္ဍေန ဝါ ဂန္ဆကာရကကာရဏ္ဍေန ဝါ ဓမ္မကထိကကာရဏ္ဍေန ဝါတိ။

တတ္ထ တာဝ "**မန္တလေး**"ကွတိ ပါကဋ္ဌေ နဂရေ အဘိနဝအသောကဝိဟာရေ ဝသန္တော ဓမ္မဒါယာဒါ စရိယောဝါဒံ ပါသာဏ္ဍတ္တံ ဝိယ သိရသာ သမ္ပဋိစ္ဆိတ္တာ ဒေဝသိကံ ဘိက္ခုသာမဏ္ဍေရာနံ စေတနာပုဗ္ဗင်္ဂမော ဟုတ္တာ ဝါစေတိ ကလ္လာဏဝါက္ကရဏ္ဍေန အတ္ထသ ဝိညာပနေန သရေန။

တသ စ ဝါစနမဂ္ဂေါ် တေသံ ဟဒယင်္ဂတော ဒိန္နနယော သုဝိညေယ္ယော သုလက္ခိတော၊ ယေ ဘိက္ခု သာမဏ္ဍေရာ ပုရိမေသု ဒိဝသေသု ဝါ သံဝစ္ဆရေသု ဝါ တသ သန္တိကေ ဥဂ္ဂဏှိတပုဗ္ဗာ၊ တေ တေသု တေသု ဋ္ဌာနေသု တသေဝ ဂုဏံ ကထေန္တိ ဂန္ဆဝါစကမူလကံ၊ တေသံ ပန ဝစနံ သုတ္တာ အညေ ဥဂ္ဂဏှိတုကာမာ တံ အာရာမံ အာဂန္တာ ဥဂ္ဂဏှန္တိ၊ ယေ အန္တေဝါဟာရေ နိသိန္နောကာသံ န လဘန္တိ၊ တေ ရုက္ခမူလေသု ဝါ ပါဒ ပုဉ္ဆနဋ္ဌာနေသု ဝါ ပါနီယဋ္ဌာနေသု ဝါ နိသိန္နာ ပရိယာပုဏန္တိ၊ သောတုဇနာ ဘိက္ခုသာမဏ္ဍေရာ ပန အနေကသတာ သဟဿာဓိကာ ဟောန္တိ၊ အဋ္ဌာရသမဟာဂဏ္ဍေ ဝါစေန္တော ဂါမန္တပဗ္ဘဝါသီ မဟာသီဝတ္ထေရော ဝိယ၊ တေဟိ သမုဒီရိတော တသ ဂုဏော တာနိ တာနိ ဋ္ဌာနာနိ သမ္ပဝါယတိ။

စတုပညာသာဓိကတိသတေကသဟဿတော ပဋ္ဌာယ ဒွေဝဿာနိ "မော်လမြိုင်"ကွတိ နာမကေ နဂရေ "သာသနာ့မာရ်အောင်"ဝ့ယေ ဝိဟာရေ တိပေဋကောဝါဒါစရိယသ အဘိဓမ္မဟာရဋ္ဌဂုရုပါဓိကဿ အာယသ္မတော ဝိဇယာဘိဝံသမဟာထေရဝရဿ ဆာယံ ဥပနိဿာယ ဝသိ၊ တတ္ထာပိ မဟာထေရေဟိ ဥပတ္ထမ္ဘိတော စောဒိတော အနုညာတော ဟုတ္တာ ဗဟူဟိ သောတုဇနေဟိ အတ္တနာ ဝိဒိတာ ပါဠိအဋ္ဌကထာယော ဂရုံ ကတ္တာ ဝါစေတိ၊ တေ ပမောဒမာနာ တုဋ္ဌစိတ္တာ စ ဟုတ္တာ ဥဂ္ဂဏှန္တိ၊ တေဟိ သမ္ဘာဝိတော ဂုဏောပိ သကလနဂရံ အဝတ္ထရိ။

ယထာ **မန္တလေးနဂရေ** ဝါ **မော်လမြိုင်နဂရေ** ဝါ၊ တထာ **ဝေရက္ခယနဂရေပိ** ကေသဋ္ဌိတိသတေ-ကသဟဿတော ပန ယာဝဇ္ဇတနာ ဝါစေတိ၊ တေသံ ရုစိ ဥပ္ပါဒေတိ၊ အနုသံဝစ္ဆရံ သဟဿပွမာဏာ ဝါ သဟဿာဓိကာ သောတုဇနာ အာရဒ္ဓစိတ္တာ ဥဂ္ဂဏှန္တိ၊ တေ "သုန္ဒရောဝတ ထေရဿ ဝါစနမဂ္ဂေါ်၊ သုဝိညေယ္ယော ဒိန္နနယော"တိ ပသံသန္တိ၊ ထေရဂုဏံ ကထေန္တာနံ ဘိက္ခုသာမဏ္ဍေရာနံ သဒ္ဒေါ သကလနဂရံ ဇေ ကောလာဟလော ဝိယ ခါယတိ။

http://www.dhammadownload.com

နဲ့ ထေရော ဂန္ဆ ဝါစကဋ္ဌာနေဝ ထောမိတော၊ ဂန္ဆကာရကဘာဝေပိ ထောမိတောယေဝ။ ထေရေန ဟိ အန္တရန္တရာ သောတုဇနာနံ အတ္ထာယ ပါရာဇိကကဏ္ဍဝါကျဉ္စယျာနာဒီနိ နဝ ပကရဏာနိ ရစယိတာနိ၊ တာနိ ဂဂနတလေ စန္ဒိမသူရိယာဒယော ဝိယ ပရိယတ္တိမာမကာနံ ပရိယတ္တိဓမ္မေ နိဝိဋ္ဌာနသာနံ မဇ္ဈေ ပါကဋ္ဌာနိ ဟောန္တိ၊ ဗဟူ တသေဝ နယမာလဗ္ဘတိဗ္ဘပညာ ပရိယတ္တိဝိသာရဒါ ဇယပ္ပတ္တာ အဟေသုံ၊ ''သုလက္ခိတော သုပရိပုဏ္ဏော ထေရသ ဂန္ထော''တိ ပသံသိတော။

တထာ နဲ ထေရော တေသုယေဝ ဌာနေသု၊ အထ ခေါ ဓမ္မကထိကဘာဝေပိ၊ ထေရေ ဟိ ကာလေနကာလံ ဝိသဇ္ဇေန အတ္ထဝိညာပနေန မဓုမဓသရေန ဓမ္မံ ဒေသေန္တေ ဗဟူ မနုဿာ သောမနဿဇာတာ ပမောဒိတာ နိရန္တရံ သောတုကာမာဝ ဟောန္တိ၊ မနုဿာ ''သစေ ထေရော ဂန္ထဓုရံ အကတ္တာ ဓမ္မဒေသနာယံ ဥဿုက္ကော ဘဝေယျ၊ တတုတ္တရိ သမ္ဘာဝိတော ဘဝိဿတီ''တိပိ ဝဏ္ဏယိသု။

ဧဝံ သဗ္ဗဂ်သမန္နာဂတဿ အဘိတ္ထဝိတဿ ထေရဿ သခ်ေပေါ ဥပ္ပတ္တိက္ကမော ပန မရမ္ဟရဋ္ဌဿ ပစ္ဆိမဒိသာဘာဂေ ဥယျာနဝနပဗ္ဘတနဒီဟိ ဧစဝ ဧတီယဝိဟာရေဟိ စ သမလင်္ကတံ ခေတ္တဝတ္ထုဿယံဇာတ ပစ္စယေဟိ သမ္ပန္နံ ရာမဏ်ေယကံ ရက္ခပုရံ နာမ အတ္ထိ၊ တံ ကိရ ဘဂဝါ ဝိသတိဝဿဗုဒ္ဓကာလေ ဘိက္ခုသံဃပရိဂုတော သက္ကေန ဒေဝါနမိန္ဒေန နိမ္မိတံ ပါသာဒမာရုယှ အာကာသမဂ္ဂေန အာဂတော ရညော စန္ဒသူရိယေန မနုဿနိမန္တိတော စူဠသုဘဒ္ဒါယ နိမန္တိတော ဝိယ၊ တေနေဝ ရညာ အဘိယာစိတော နဝရတနေဟိ ကတံ ပတိနိဝိဗုဒ္ဓရူပံ အနုဇာနိ၊ တတော ပဋ္ဌာယ ယာဝဇ္ဇတနာ တတ္ထ သာသနံ ပတိဋ္ဌာတိ၊ ပုတ္တနတ္တုပနတ္တာဒယောပိ မနုဿာ ရတနတ္တယမာမကာယေဝ ဟောန္တိ။

တသ္မိံ ပရိယာပန္နဿ ''**မြပုံ**''နဂရဿ ပုရတ္ထိမာယာနဒီသာယံ ''**သရက်တောင်**''နာမ ဇကော မဟာဂါမော အတ္ထိ ဃနဝါသော သဟဿပ္ပမာဏော အာပဏတိတ္ထသဒ်ေတော။ သော ထေရဿ ဇာတိဘူမိ နာမ၊ တတ္ထ ထေရက္ခံရော အဋ္ဌရသာဓိကတိသတေကသဟဿေ သက္ကာဇေ ဖဂ္ဂုနမာသဇုဏ္ဏပက္ခဿ အဋ္ဌမဒိဝသေ သုက္ကဝါရေ ပုဗ္ဗဏ္ဟသမယေ နဝဃဋ္ဋိကာယံ ဘောဂိနော ဥဘတော သုဒ္ဓဿ ရတနတ္တယမာမကဿ ''ဦးရွှေမြအောင်'' ကုတိ ဂုယဿ ဥပါသကဿ ''ဒေါ်ညိုန္ဒင်း''ကုတိ ဝေါဟာရိတာယ ဥပါသိကာယ ဥရသ္မာ သုဇာတော ပုဗ္ဗကမ္မေန စောဒိတော။

''**ဒေါ်မြမြသိန်း + မသိန်းရွှေ**''ကုတိ ဒွိန္နံ ဘဂိနီနံ ''**မောင်မြသိန်း**'' ကုတိ ဇေဿ ဘာတိကဿ သဗ္ဗကနိဋ္ဌော အဟောသိ၊ နာမဂ္ဂဟဏဒိဝသေ စဿ ''**မောင်သန်းထွန်း**'' ကုတိ နာမံ အကံသု၊ အထဿ နဝဝဿိကကာလေ မာတာပိတရော ''**သရက်တောင်**'' ဂါမာနုသာသကဿ လဇ္ဇိပေသလသိက္ခာကာမဿ ထေရဿ သန္တိကေ နိယျာတေသုံ သိက္ခိတဗ္ဗံ သိက္ခိတုံ၊ ထေရောပိ အနုသာသိတဗ္ဗံ အနုသာသန္တော နမော တဿာဒယော ရတနာကာရ နမက္ကာရလောကနီတိယော စေဝ ကဝိဟိ ဗန္ဓာနိ ကာဗျာဒီနိ စ သိက္ခာပေသိ၊ ဒါရကော သဗ္ဗံ ဝါစုဂ္ဂတံဝ ကရောတိ ဉာဏ္ဘုတ္တရိကာဘာဝတော။

သော ထေရဿ ပါဒမူလေ ပရိယာပုဏိတဗ္ဗံ ပရိယာပုဏိတွာ ဝသန္တော ပဗ္ဗဇ္ဇာယ သြနတစိတ္တော မာတာပိတရော သြကာသံ ယာစိ၊ မာတာပိတရော သဒ္ဓါတသောမနဿာ ထေရဿ အာရောစေတွာ ကတောကာသံ အလဘိသု၊ သတ္တဝိသတျာဓိကတိသတေကသဟဿေ ပန မရမ္ဟဝသေ ဖဂ္ဂုနမာသဇုဏ္ဏပက္ခဿ နဝမဒိဝသေ ထေရမေဝ ဥပဇ္ဈာယံ ကတွာ သာမဏေရပဗ္ဗဇ္ဇာဝံ ပဗ္ဗဇိ မာတာပိတူနံ ပစ္ဆာနုဂ္ဂဟံ ဥပနိဿာယ၊ အာစရိယော တဿ ''**သုစိတ္တော**''တိ နာမမကာသိ။ သော သာမဏေရဿာဝံ ပတွာ တသ္မိံယေဝ ဝိဟာရေ ဝိဟာရန္တော ဥပဇ္ဈာယဿ စေဝ အာယသ္မတော အာဒိစ္စတ္ထေရဿ စ ပါဒမူလေ ပဉ္စဝဿာနိ ဥဂ္ဂဏှိတဗ္ဗေ ဝိနယကစ္စာယနာဘိဓမ္မတ္ထဝိဘာဝိနိယော ဥဂ္ဂဏှိ သုခေန အကာသိရေန အတန္ဒိတော၊ သော သဗ္ဗံ အတ္တနော ဟဒယဂေဟေ ပဋိသာမေတိ။

ပဉ္စဝဿေ အတိက္ကန္တေ ကေဒိဝသံ အာစရိယော စိန္တေသိ ''အယံ ဉာဏ္ဘုတ္တရိကော၊ တေဿ ဗျတ္တပဋိဗလလက္ခဏံ ပညာယတိ၊ တေံ ပတိရူပဋ္ဌာနံ ပေသေတုံ ယုတ္တော''တိ၊ ဧဝံ စိန္တေတွာ ယုတ္တပ္ပတ္တကာလေ သာမဏေရံ အာဒါယ သာမံ ဂန္တွာ သဒ္ဓမ္မဂရုဝိဟာရသာမိနော ထေရဿ ပါဒမူလေ ပတိဋ္ဌာပေသိ ဂန္ထာဂန္ထဿ ပရိယာပုဏာနတ္ထာယ၊ သော ဝိဟာရော ''**စစ်တွေ**'' နဂရေ ဋ္ဌိတော။ ဝိဟာရိဿရော ထေရော လဇ္ဇိပေသလော သိက္ခာကာမော ပရိယတ္တိဝိသာရဒေါ အာယသ္မာဂရုဝံသတ္ထေရောတိ ပါကဋော၊ သော ကိရ ထေရော အတ္တနော

http://www.dhammadownload.com

အန္တောဆာယံ ပဝိဋ္ဌာနံ သိဿကာနံ ''ကထံ တေ ပညဝန္တော ဘဝေယျု''န္တိ နိစ္စမနုပေက္ခနကော ဥဿုက္ကော ဟောတိ။

ယသ္မာ ထေရော်ရော တဿ သန္တိကေ သက္ကစ္စံ တိဿ္စဆန္ဒော ဟုတ္ဝာ ဥဂ္ဂဏှန္တော နံ စိရသေဝ ဝါစိတပကရဏေသု ဆေကော၊ တသ္မာ မရမ္ဖရဋ္ဌိသရေန ကတာယံ စူဋုမဇ္ဈိမမဟာဓမ္မပရိက္ခာယံ ဇယပွတော တီဟိ ဝဿေဟိ၊ အဘိတ္ထဝုဒါရောပိဿ သကလနဂရေ ဝါ သမန္တာ ဝါ ဝိတ္ထာရိကော အဟောသိ၊ တသ္မိံ သမယေ သော သောဠသဝဿုဒ္ဒေသိကော၊ ဇေမသ ဒဟရဿေဝ သမာနဿ ဉာဏဂ္ဂိဇာလာ သမုဋ္ဌဟိတာ။

မန္တလေးနဂရဝါသိကော မာတုလော ''ဆရာခင်''ဣတိ ဝုယော ဘေသဇ္ဇာစရိယော သာမဏေရဿ ကိတ္တိသဒ္ဒံ သုတ္ဝာ မန္တလေးနဂရံ အာဂန္ဒ္ဝာ သိပ္ပါနိ ဥဂ္ဂဏှိတုံ အဘိယာစနပံဏ္ဍုပဟိဏိ၊ ဘာဂိနေယျော ထေရော်ရော တံ လဘိတ္ဝာ ''မမ မာတုလော မံ ဝုဒ္ဓိကာမော၊ အာဂမနံ မေ ပစ္စာသီသတီ''တိ ဝါ

''ဂါမေ ဝါ ယဒိ ဝါ-ရညေ၊ သုခံ ယတြာဓိဂစ္ဆတိ။

တံ ဇနိတ္တံ ဘဝိတ္တဉ္စ၊ ပုရိသဿ ပဇာနတော။

ယမ္ပိ ဇီဝေ တမ္ပိ ဂဏ္ဌေ၊ နှ နိကေတဟတော သိယာ'' တိ ဇာတကကထံ မနသိ ကတ္ဝာ တံ နဂရံ ဂမိဿာမိ''တိ ကတဿန္နိဋ္ဌာနော အာစရိယာနဥ္စေဝ မာတာပိတုဥာတကာနဉ္စ အာရောစေတ္ဝာ တေဟိ ကတောကာသံ လဘိတ္ဝာ ဂဟေတဗ္ဗယုတ္တကာနိ ဂဟေတ္ဝာ မန္တလေးနဂရာဘိမုခေါ အဂမာသိ။

မာတုလော အာဂတံ ဘာဂိနေယျံ သတ္တတိသာဓိကတိသတေကသဟဿေ မရမ္ဖဝဿေ အမရပုရန ဂရေ မဟာဂန္ဓာရာမိကဿ ဝိနယဂရုကဿ ပရိယတ္တိသာရဒဿ အနေကဂန္ထကာရကဿ ဝိစိတြဓမ္မကထိကဿ ထေရဿ သန္တိကေ နိယျာတေသိ၊ သော မဟာထေရော သကလရဋ္ဌေ **အာယသ္မာဇနကာဘိဝံသတ္ထေရော**တိ ဝါ ဂန္ထာနံ ဘာသာဋ္ဌီကာနာမေန ရစယိတ္ဝာ ''ဘာသာဋ္ဌီကာစရိယော''တိ ဝါ ဝိဿုတော အဋ္ဌကထာစရိယော အာယသ္မာ ဗုဒ္ဓဃောသတ္ထေရဝရော ဝိယ။

တဿ ဝါ အညေသံ ဂဏဝါစကာနံ ဝါ သမ္မုခေ ဝိနယသုတ္တမဟာဝဂ္ဂပါဠိယော အဂ်ုံတ္ဝရနိကာယော သဋ္ဌကထာဟိ သမုဂ္ဂဏှန္တော ဇေဝဿံ ဝသိ၊ တတော ''အဘိဝံသ''ဂုဏဝိသေသိကော ဟောန္တုကာမော အဘိနဝ-အသောကဝိဟာရဝိနာယကဿ ဗဟူနံ ဂဟဋ္ဌပဗ္ဗဇိတာနံ မာနိတပူဇိတဂရုကရဏီယဿ ဝိစိတြဘာဏကဿ ဓမ္မဒါယာဒဝါသိနော ထေရာသဘဿ ပါဒမူလံ သမ္ဂတ္တော သတ္တတိသာဓိကတိသကေတသဟဿေ ဝသေ အာသဋီမာသဇုဏှပက္ခကာလေ ဗဟုဇနဟိတဓရေန အာယသ္မတာ တိက္ခတ္တုရဝရေန ဥပတ္ထမ္ဘိတော။

ထေရာဝါသံ အဓုနာဂတော သာမဏေရော ''ဓမ္မဒါယာဒဝိဟာရော''တိ နာမံ ဒိသ္ဝာ ''အယံ ဓမ္မဒါယာဒေါ'' တိ။ ''ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါ။ အတ္ထိ မေ တုမှေသု အနုကမ္ပာ ''ကိန္တိ မေ သာဝကာ ဓမ္မဒါယာဒါ ဘဝေယျု''န္တိ အာဒိနာ နယေန ဘဂဝတာပိ ဓမ္မဒါယာဒေါ ထောမိတော၊ တောသ္မိံ ဝသန္တော်ပိ အဝသံ သြဝါဒကာရကော ဓမ္မဒါယာဒတ္ထေရော ဘဝိဿတီ''တိ ဣတောစိတော စိန္တေန္တံ သာမဏေရံ ထေရော ပုစ္ဆိ . . .

''တွံ ကိန္နာမောသိ ?

အဟံ ဘန္တေ သုစိတ္တော နာမ။

ကတိဝဿောသိ ?

အဋ္ဌာရသဝဿိကော ဘန္တေ။

ကတရဇ္ဈာတိကော ?

မြေပုံနဂရဇ္ဈာတိကော ဘန္တေ၊

ဣမံ ကေနာယတ္တာဝသေနာဂတောသိ ?

မာတုလေန ''**ဆရာခင်**''ဣတိ ဝုယေန ဘေသဇ္ဇာစရိယေနာယတ္တော ဘန္တေ။

ကိမတ္ထာယ အာဂတောသိ?

တုမှာကံ ပါဒမူလေ ပရိယတ္တိံ ဥဂ္ဂဏှိတုံ, ဝိသေသတော သက္ကသိဟဓမ္မပရိက္ခာယံ ဝိဿဇ္ဇေတုံ ဘန္တေ''တိ ပုစ္ဆိတပုစ္ဆိတံ ဝိသာရဒေါ ပဋိဝစနံ ကတ္ဝာ ဗျာကာသိ။

ပရိသဝိစာရဏာကုသလော ထေရော ပုစ္ဆိတပဉ္ဟံ ပုစ္ဆိတ္ဝာ သာမဏေရဿ တိက္ခတ္တုရဝသမ္ပန္နံ ဝေသံ သလ္လက္ခေတ္ဝာ

http://www.dhammadownload.com

ဝသနဋ္ဌာနံ နိဒသေသသိ၊ သာမဏေရော ဝသနဋ္ဌာနံ လဘိတွာ ပစ္စယေ ပဋိသာမေတွာ ကတိပါဟစ္စယေန တသ္မာ ထေရသ္သ သမ္မုခေ ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာအာဒယော ဥဂ္ဂဏှိ၊ ယထာ တေ၊ တထာ အဘိဓမ္မတ္ထဝိဘာဝိနိ-ပဒရူပသိဒ္ဓိဘေဒစိန္တာကစ္စာယနသာရာဒယောပိ။

အသော အာဇညော ပတောဒစ္စာယံ ဒိသွာ ယထိစ္ဆိတဋ္ဌာနံ ဥဇုံ ဂစ္ဆတိ ဝိယ အယမ္ပိ သာမဏေရော အဝိရာဓေတွာ ဝါစနမဂ္ဂံ ဂန္ထ္ဝါ သမတ္ထော၊ အာစရိယသ္သ စိတ္တံ တောသေသိ။

ထေရာသဘော သာသနဝုဏှိကာမော ''ကရိသ္သတာယံ အနာဂတေ အမှာကံ သာသနပ္ပဝေဏိ သာသနတန္တိ ဝိတ္ထာရိကံ၊ ဓမ္မဒါယာဒံ သမ္ပဋ္ဌိစ္ဆိတုံ သက္ခိသ္သတိ၊ နု ခေါ နံ ဟတ္ထတော ဝိသဇ္ဇေတုံ စ အနုစ္ဆဝိကော''တိ စိန္တေတွာ တံ အတ္တနော အန္တေဝါသိကဘာဝေန အနုဂ္ဂဟိ။ ''အဟော အစ္ဆရိယော အဗ္ဘုတော မဟာထေရသ္သ ဒီဃဒသိဘာဝေါ''တိ။

ယထာ စ တမ္ပပိဏ္ဍိဒိပေ ဗြဟ္မဏတိသ္သဘယေ ဥပ္ပန္နေ ကော မဟာထေရော ပရသမုဒ္ဒံ အဂန္ဒ္ဝာ အန္တေဝါသိကသမဏုဒ္ဒေသံ အနုဂ္ဂဟေသိ ယတ္ထ ဝါ တတ္ထ ဝါ ဝသိတွာ ယံ ယံ လဒ္ဓတိ မူလံ ဝါ ပဏ္ဏံ ဝါ ကန္ဒံ ဝါ ဖလံ ဝါ မဓုံ ဝါ၊ တံ တံ ခါဒိတွာ ဘုဉ္ဇိတွာ၊ သော အန္တေဝါသိကော ဘယေ ဂူပသန္တေ ''ဝတ္တဗ္ဗကနိဂ္ဂြောဓော''တိ ဒီပတလေ ဝိသုတော။ တထာ အယမာစရိယော မဟာထေရောပိ အန္တေဝါသိကံ အနုဂ္ဂဟေသိ၊ အန္တေဝါသိကောပိ ''ဓမ္မဒါယာဒတ္ထေရသ္သ သိသ္သော''တိ အဓုနာ ပါကဋော။

မဟာဂန္ဓာရာမိကတ္ထေရံ ဓမ္မဒါယာဒတ္ထေရံစာတိ ဒွေ ထေရေ အညေဟိ အသဒိသေ ဒဋ္ဌပရက္ကမေ ဥဋ္ဌာနဝီရိယဝန္တေ သိသ္သကေ ဝါစေန္တေ ဝါ ဂန္ထကာရကေ ဝါ ဝိစိတြဓမ္မံ ဒေသေန္တေ ဝါ ထေရက္ခံရော အပသိ စေဝ သုဏိ စ၊ တတော ပဋ္ဌာယ တသ္သ တောဒဟောသိ ''ယန္နူနာဟံ အနာဂတေ ဤဒိသေ မဟာထေရာ ဝိယ ဘဝေယ္ယ''န္တိ၊ ယျဘုယျေန ဟိ သတ္တာ အတ္တနော သမန္တာ ယာဒိသကာ ပရိသာ၊ တာဒိသကာဝ ဥပ္ပဇ္ဇိတုကာမာ၊ တာဒိသာနံ ဒိဋ္ဌာနုဂတိကာ စ ဟောန္တိ။ နန္ဒေဝံ တေန မရမ္မဝေါဟာရောပိ သမုဒ္ဒဝိ ''သပ္ပုရိသေန သမာဂမော သပ္ပုရိသော ဟောတိ၊ လုဒ္ဒကေန သံသဂ္ဂေါ လုဒ္ဒကော၊ ကေဝဋ္ဋေန သံသဂ္ဂေါ ကေဝဋ္ဋော''တိ။

သော ဂဏ္ဌပါမောက္ခသ္သ ဂဏ္ဌာစရိယသ္သ အနုဂ္ဂဟံ လဘိတွာ ပရိယတ္တိ သမုဂ္ဂဏှန္တော ယဒါ ပရိပုဏ္ဏ ဝသော ဟောတိ၊ တဒါ အာစရိယာနံ ဓမ္မာနုဂ္ဂဟမုပါဒါယ စေဝ **''ဆရာခင် + ဒေါ်မြရင်''** ဣတိ သမာနကုသလဿန္တိနံ ရတနတ္တယမာမကာနံ ဇာယမ္ပတိကာနံ ပစ္စယာနုဂ္ဂဟမာဒါယ္ဟ မန္တလေးနဂရေ **''ရွှေစည်သာသနာ့ရိပ်သာ''** ဝုယ္ယသ္သ ဝိဟာရသ္သ ခဏ္ဍသီမာယံ နဝတိသာမိကတိသတောသဟသ္သေ မရမ္ဗဝေသေ ဇေဋ္ဌမာသသ္သ ဇုဏှပက္ခေ တတိယဒိဝသေ ဂုရုဝါရေ ပုဗ္ဗဏှသမယေ ကေနုတ္တိသ္သပလာမိကာယံ သတ္တဃဋ္ဋိကာယံ ဥပသမ္ပဒမုပပန္နော။

ဥပဇ္ဈာစရိယော ပန အဘိနဝအသောကဝိဟာရသ္သ သံဃတ္ထေရော နာယကော ပရိယတ္တိဝိသာရဒေါ သိက္ခာကာမော အာယသ္မာ သိရိန္ဒာဘိဝံသတ္ထေရော နာမ၊ သော ပန မရမ္ဗရဋ္ဌသ္သ သံဃသမိတိယံ ဥပဥက္ကဋ္ဌ ဌာနန္တရံ ပါပုဏိ၊ အဂ္ဂမဟာပဏ္ဍိတာဘိဓမဟာရဋ္ဌဂုရုပါဒိဓာရီ စ အဟောသိ။

သော လဒ္ဓူပသမ္ပဒေါ ဟုတွာ မဟာဂဟနံ ဆိန္ဒိတုံ နိသဒသိလာယံ ဖရသုံ နိသေန္တော ဝိယ ပရိယတ္တိ သာသနဟိတဓမ္မာစရိယသ္သဒါတံ မဟာဂဟနံ ဆိန္ဒိတုံ အတ္တနော ဉာဏဖရသုံ အာစရိယာနံ သန္တိကေ တေဇေန္တော ပုဗ္ဗာပရဝိရိယံ ဃဋ္ဋေန္တော အာရဘန္တော ဒွေစတ္တာလီသာမိကတိသတောကသဟသ္သေ သက္ကရာဇေ သာသနဓဇ ဓမ္မာစရိယကဝိပဒတ္တံ ပတွာ စတုစတ္တာလီသာမိကတိသတောကသဟသ္သေ ပရိယတ္တိသဒ္ဓမ္မပါလ ဓမ္မာစရိယလဉ္ဆနံ ဟတ္ထဂတံ ကတွာ အဋ္ဌစတ္တာလီသာမိကတိသတောကသဟသ္သေ ဗဟူနံ ဘိက္ခုသာမဏေရာနံ ဝိမုခဘူတံ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယမဟာဂဟနံ အဆိန္ဒိ။

နု တသ္သ ဆိန္ဒနံ အတ္တနောယေဝ ဉာဏဖရသုနာ၊ အပိစ ခေါ ဣမေသံ အာစရိယာနံ အနုဗလပ္ပဒါနံ လဒ္ဓါဝ အဆိန္ဒိ၊ ကတမေသန္တိ ? ဇာတိဘူမိယံ အာယသ္မတော **သုန္ဒရတ္ထေရသ္သ** စေဝ အာယသ္မတော **အာဒိစ္စ ထေရသ္သ** စ အာယသ္မတော **ဂရုဝံသတ္ထေရသ္သ** စေဝ ဂဏ္ဌဝါစကသ္သ အာယသ္မတော **ပဏ္ဍိတတ္ထေရသ္သ** စေဝ အာယသ္မတော **ဝိသုဒ္ဓတ္ထေရသ္သ** စ။ မဟာဂန္ဓာရာမိသ္သရသ္သ အာယသ္မတော **ဇနကာဘိဝံသတ္ထေရသ္သ** စေဝ ဂဏ္ဌဝါစကသ္သ အာယသ္မတော **ကုဏ္ဍလာဘိဝံသတ္ထေရသ္သ** အာယသ္မတော **မဟိန္ဒတ္ထေရသ္သ** စ။ အဘိနဝအသောက ဝိဟာရသ္သ ပဓာနနာယကဘူတသ္သ အာယသ္မတော **သိရိန္ဒာဘိဝံသတ္ထေရသ္သ** စေဝ အာယသ္မတော **ရာဇဓမ္မာဘိဝံသ**

http://www.dhammadownload.com

ထွေရဿစ အာယသ္မတော **နာယကာဘိဝံသထွေရဿ** စ။ အသောကဝိဟာရပဓာနဘူတဿ အာယသ္မတော **ကောဝိဒါဘိဝံသထွေရဿ** စေဝ အာယသ္မတော **ဇယဒိသာဘိဝံသထွေရဿ** စ၊ အာယသ္မတော **သုမနာဘိဝံသ ထွေရဿ** စ အာယသ္မတော **ဝိစိတ္တာဘိဝံသထွေရဿ** စ။ 'ဘုရားကြီး'ဝိဟာရဿ ဂဏဝါစကဘူတဿ အာယသ္မတော **ဩဘာသာဘိဝံသထွေရဿ** စေဝ အာယသ္မတော **ပဏ္ဍိတဉာဏာဘိဝံသထွေရဿ** စ။ ''ဝါခင်းကုန်းဆရာတော်'' ဣတိ ဝုယဿ အာယသ္မတော **တိက္ခထွေရဿ**၊ ''ရွှေစည်သာသနာ့ရိပ်သာ'' ဝိဟာရသာမိနော အာယသ္မတော **ကုလိသထွေရဿ** စာတိ။

ပိဋကတ္တယဏ္ဍာဝဇ္ဇောဂါဠ္ဟသမတ္ထော နာနာဒိသာသု ပတ္ထဋဂုဏော တိက္ခဇဝနဉာဏော အဂ္ဂမဟာပဏ္ဍိ တောပါဓိကော ပရိယတ္တိဝိသာရဒေါ လဇ္ဇီပေသလော အာစရိယော အာယသ္မာ ရာဇမန္ဒာဘိဝံသတ္ထေရဝရော အန္တေဝါသိကဿ ထာမံ ဥတ္တာ ဇဝံ မနသာကာသိ ''မုဂ္ဂံ မာသေန သမံ အကတ္တာ ဂုဏဝိသိဋ္ဌဿ ဝိသေသံ ဇာနာမီတိ ဝါ၊ ယော ဟိ ကဟာပဏာရဟဿ အဓံ ဒေတိ၊ သော ပရဿ အဓံ နာသေတိ၊ ယော ဒွေ ကဟာပဏေ ဒေတိ၊ သော အတ္တနော ကဟာပဏံ နာသေတိ၊ တသ္မာ ဣဒံ ဉာဏယမ္ဟိ အကတ္တာ ယော ယံ အရဟတိ၊ တဿ တဒေဝ အဒါသီ''တိ။ မနသိ ကတ္တာ အန္တေဝါသိကံ ဂဏဝါစကဋ္ဌာနေ ဌပေသိ။

အန္တေဝါသိကောပိ စိန္တေသိ ''န ခေါ မေတံ ပတိရူပံ၊ ယွာဟံ ထာမသမ္ပန္နော ဟုတ္ဝာ ဂန္ထဓုရံ အကာတ္တာ ဝိဟရေယျ''န္တိ။ စိန္တေတ္ဝာ အာစရိယာဘောဂံ ဇာနိတ္ဝာ ဝါ ''သာသနဿ ဋ္ဌိတိယာ ပန ပရိယတ္တိပ္ပမာဏ''န္တိ အဋ္ဌကထာစရိယေဟိ ဝုတ္တဝစနံ အနုဿရိတ္ဝာ ဝါ အညာနိပိ အတ္တနာ ဥဂ္ဂဏှိတဗ္ဗာနိ သမုဂ္ဂဏှန္တော လဒ္ဓေန ဓမ္မဒါယာဒေန ဗဟူဟိ သောတုဇနေဟိ ပိဋကတ္တယံ ဝါစေန္တော တဿ ဓမ္မဒါယာဒတ္ထေရဝရဿ သန္တိကာဝစရော ဟုတ္ဝာ ဝိသာခိကာနိ ဝဿာနိ ဝသိ။

တေသ္မိ အန္တရေ တိပိဋကာဘိဓာနဂန္ထကာရကေသု ပုဂ္ဂလေသု အညတရော ဟုတ္ဝာ ရစယိ။ ဝါပနညာနိ ပကာရဏာနိပိ ရစယိတာနိ သောတုဇနာနမတ္ထာယ။ သေယျထိဒံ? ပါရာဇိကကဏ္ဍာဝါကျဉျာနပဋမဒုတိယဘာဂေ သီလက္ခန္ဓဝါကျဉျာနပဋမဒုတိယဘာဂေ ဓမ္မသင်္ဂဏိဝါကျဉျာနပဋမဒုတိယဘာဂေစေဝ အတ္ထနယူပဒေသ ပရဏ္ဏာတိ နဝ ပကရဏာနိ ရစယိတာနိ။

ထေရဿ ပတ္ထဋဂုဏံ သဗ္ဗာနန္တော အန္တေဝါဠတိရောရဒ္ဓေသု သာသနဿ ဝိတ္ထာရိကဘာဝံ ပတ္ထယန္တော ''အလိတော်ပြည့်''ဣတိ ဝိဿုတော မဟာကမ္မဋ္ဌာနာစရိယော မဟာထေရောစေဝ တဿ ပရိဝါရာ မဟာဇနာစ သမ္ဗန္ဓယိတ္ဝာ ဝေရဂ္ဂယနဂရေ ဇေဋ္ဌ အာရာမံ ကရိတ္ဝာ၊ သော **''ဓမ္မာစရိယတက္ကသိလာ''**တိ အဘိပါကဋော။ ကာရာပေတ္ဝာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတောပါဓိကံ ထေရမာနေတ္ဝာ တသ္မေဝ နာယကဘာဝေန နိဝါသေသုံ။

ထေရော ပရိယတ္တိဓမ္မေ ရတော ဓမ္မဝိနယသုတ္တန္တံ အနေကသတေဟိ သိဿေဟိ ဝါစေန္တော ဂန္ထံ ကရောန္တော ဥပေါသထဒိဝသေသု သမန္တာ အာဂတာဂတာနံ ဥပါသကုပါသိကာနံ ဓမ္မကထံ ကထေန္တော ဝိဟရတိ။ သော ထေရော ဇာတိယာ ပညာသဝဿိကော၊ တိံသဝဿိကော ဥပသမ္ပဒါယ၊ တဿ မဟာထေရဿ ဂုဏော ဥပရိမေဟိ ကာရဏေဟိ သကရဋ္ဌေ ဝိပ္ပရတိတိ။

ဝိသဋ္ဌော ဂဏဝါစကော၊ ပရိယတ္တိဝိသာရဒေါ၊
ဂန္ထကာရကော နာယကော၊ ဒီဃာယုကော အနာမယော။
သုဒ္ဓစိတ္တော တိက္ခပညော၊ သုဒ္ဓစိတ္တဿ တာဒိနော၊
သာသနေ စိရံ သောဘနော၊ ဟောတု သာသနဓာရကော။

အာယသ္မာ သက္ကစ္စော
သာသနဘာရဝဟဝိဟာရေ
မော်ဘီနဂရေ၊ ဝေရဂ္ဂယရဋ္ဌေ။

http://www.dhammadownload.com



ဗုဒ္ဓရတနတိုကိုရည်စူး ဂေဟငိုးအုပ်ချုပ်ရေး



သုဂန္ဓကာရော သုဝါစကော၊ ဓမ္မကာမိနံ ဓမ္မဒေသကော။
မစိုးရိမ် တိဝံသပါလကော၊ တက္ကသီလာယ ဇေဋ္ဌနာယကော။
(ဝေတာလီ)

သုစိတ္တာဘိဝံသပါကဋော၊ ဓမ္မာစရိယာနံ ပရာယဏော။
သော ထေရော ဟောတု သာသနေ၊ ဒီဃာယုကောဝ နာမ ယော စိရံ။
(ဝေတာလီ)

ယော ထေရော–မြန်ပြည်အပိုင်၊ ပြည်ရခိုင်၏၊ ခရိုင်ကျောက်ဖြူ၊ မြို့မူမြေပုံ၊ တဖုံရှေ့ဆောင်၊ သရက်တောင်ဟု၊ ဂုဏ်ရောင် ထွန်းလတ်၊ ကျေးရွာမြတ်၌၊ ပိတာမည်ဆောင်၊ ဦးရွှေမြအောင်နှင့်၊ မာတာမိရင်း၊ ဒေါ်ညိုနှင်းတို့မှ၊ တစ်သုံးတစ်ရှစ်၊ သက္ကရာဇ်နှင့်၊ နှစ်ဖြာရုပ်နာမ်၊ ဆန်းရှစ်တပေါင်း၊ ငြိမ့်ငြောင်းသာယာ၊ သက်တော်ငါးဆယ်ပြည့်၊ ရွှေရတုမင်္ဂလာ၊ ဤယခုချိန်အခါ၌၊ သုံးတန်လက္ခဏာ၊ နှစ်ဖြာရုပ်နာမ်၊ အမှန်ယှဉ်သိ၊ ဉာဏ်သတိနှင့်၊ ထူးဘိကုသိုလ်၊ များထိုထိုကို၊ ကောင်းစွာပြုလတ်၊ အကြင်မထေရ်မြတ်သည်။

သုဂန္ဓကာရော–ပုဂံခေတ်၊ သဒ္ဒနီတိကျမ်းပြုဆရာ၊ အဂ္ဂဝံသာ၊ မဟာထေရ၊ အမွန်စ၍၊ ခေတ်အဆက်ဆက်၊ ဆရာအဆက်ဆက်၊ ကျမ်းစာအသီးသီး၊ နည်းအသွယ်သွယ်၊ ရေးချယ်စိုက်ကြဘိသက္ခဲသို့ မျက်မှောက်ခေတ်၊ ဓမ္မာစရိယ စာသင်များ၏၊ စာသင်ပုံ–စာသင်နည်း၊ နိဿရည်းကို၊ သိပ်သည်းသေချာ၊ ကောင်းစွာပိုင်ပိုင်၊ ပေးစွမ်းနိုင်သည့်၊ ပါရာဇိကဏ်၊ သီလက္ခန်နှင့်၊ တဖန်အဋ္ဌသလာနီ၊ သုံးလီသုံးရပ်၊ ဝါကျ ဥယျာဉ်ကျမ်းစာမြတ်နှင့်၊ အတ္ထယောဇနာ နယူပဒေသ–စသည်များစွာ၊ ကျမ်းအဖြာဖြာကို၊ ကောင်းစွာမသွေ၊ ရေးသားစီရင်ပေတတ်သည့် ဂန္ဆကာရက၊ မထေရ်မြတ်ဖြစ်ပါပေ၏။

သုဝါစကော–''ပရိယတ္တိန္ဒခေါ မူလံ၊ သာသနဿ မဟေသိနော။ ဥဒါဟု ပဋိပတ္တိ တိ၊ပရိယတ္တိတိ ဒီပယေ''ဟူသော သဒ္ဒနီတိဆရာတော် ၏ အဆိုအမိန့်နှင့်အညီ၊ ပိဋကတ်အဆို၊ ပန်းဝတ်ရည်ကို၊ စုံညီပြည့်ဝ၊ သောက်လိုလှ၍၊ အောင်ပန်းစုံလင်၊ အောင်ပွဲဝင်ဖို့၊ ခုံမင်လိုလား၊ ငယ်–လတ်–ကြီး–ဓမ္မာစရိယ၊ စာသင်သား အပေါင်းအား၊ အစဉ်အလာအမွေအရ၊ ရှင်သာမဏေဘဝမှစ၍၊ အချိန်မှန်လျက်၊ တတ်အပ်သေချာ၊ ဖွေရှာမငြီး၊ နိဿရည်းဖြင့်၊ ကောင်းစွာမသွေ၊ ပို့ချခဲ့လေသောကြောင့်၊ သုဝါစက–ခေါ်တွင်၊''အဂ္ဂမဟာဂန္ဆဝါစက''အရှင်မြတ်တစ်ပါး ဖြစ်ပါပေ၏။

ဓမ္မကာမိနံ–ဘဝနှစ်တန်၊ အကျိုးမှန်ကို၊ ရရန်မုချ၊ ရည်သန်ကြ၍၊ သုံးလူ့မကိုင်၊ တရားမြိုက်ကို၊ နှစ်ခြိုစေ့ပျော်ရွှင်၊ သက်ဝင်လိုလား၊ ဒကာ–ဒကာမ အပေါင်းတို့အား။

ဓမ္မဒေသကော–အခါအားလျော်စွာ၊ သုတ္တန်နှင့်အဘိဓမ္မာ၊ အဖြာဖြာနှိုင်းညှိ၊ သဘောမိစေလျက်၊ လောကုတ်–လောကီ၊ နှစ်လိအကျိုး၊ ဖွံ့ဖြိုးစည်ပင်၊ ကောင်းကျိုးထင်အောင်၊ အစဉ်ကြည်နူး၊ ရွှင်မြူးဝမ်းသာ၊ နုမောဒနာကို၊ ကောင်းစွာမသွေ၊ ဟောကြားပေတတ်၊''ဓမ္မဒေသက'' အရှင်မြတ်တစ်ပါး ဖြစ်ပါပေ၏။

မစိုးရိမ်တိဝံသပါလကော–အဘိဓမ္မာ၊ သဘာဝကို၊ အကျဉ်းအကျယ်၊ မကျယ်မကျဉ်း၊ နည်းစုံသွင်းလျက်၊ ရှင်းလင်းဝေဖန်၊ ပိုင်းခြား ဉာဏ်ဖြင့်၊ အမှန်မွေနှောက်၊ ပါရဂူမြောက်အောင်၊ တတ်မြောက်တော်မူပြီး၊ အဘိဓမ္မာပါရဂူကြီး ဖြစ်တော်မူသော မစိုးရိမ်ကျောင်းတိုက်များ၏၊ အဓိပတိ၊ဆဋ္ဌသင်္ဂီတိ သံဃမဟာနာယကဥက္ကဋ္ဌ၊ ထေရဝါဒ ငါးနိုင်ငံ၏ သမ္မုတိရာ၊ သာသနာပိုင် သံဃရာဇာ မစိုးရိမ် ပဌမအဘိဓဇ ဆရာတော်ဘုရားကြီးအစရှိသည်တို့ တည် ထောင်ဖန်ဆင်းအပ်သော၊ နှစ်တစ်ရာတိုင်၊ မယိမ်းမယိုင်၊ ကျောက်စာတိုင်သို့၊ မြဲနိုင်တည်တံ့၊ ပျံ့နှံ့ပြည်ရွာ၊ မစိုးရိမ် သာသနာတည်းဟူသော အနွယ်အဆက်ကို၊ ထိမ်းသိမ်းစောင့်ရှောက်တတ်သည့် မစိုးရိမ်နာယက မထေရ်မြတ်တစ်ပါး ဖြစ်ပါပေ၏။

http://www.dhammadownload.com

တက္ကသီလာယ–မြန်ပြည်ရွှေဘုံ၊ မြို့ရန်ကုန်၏၊ ဂုဏ်ကျက်သရေ၊ ယှက်ဝေကွန့်မြူး၊ အထူးအားဖြင့်၊ ဓမ္မာစရိယ စာသင်သားများကိုသာ လက်ခံသင်ကြားလျက်ရှိသော ဓမ္မာစရိယစာသင်ပျိုတို့၏၊ ကြည်နူးရွှင်ပြုံး၊ နှလုံးမွေ့လျော်၊ အေးချမ်းပျော်သည့်၊ ဓမ္မာစရိယတက္ကသိုလ်ကျောင်းတော်ကြီး၏။

ဇေဋ္ဌနာယကော–''ပိယော, ဂရု, ဘာဝနီယော၊ ဝတ္တာစ, ဝစနက္ခမော၊ ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နော စ ဋ္ဌာနေ နိယောဇကော၊ ခမာဇာဂရိယုဋ္ဌာနံ၊ သံဝိဘာဂေါ ဒယိက္ခဏာ'' စသည်များမြောင်၊ ခေါင်းဆောင်အဂို၊ ညီညွတ်စွာဖြင့်၊ စာသင်–စာချ၊ နာယကပုဂ္ဂိုလ်၊ များထိုထိုကို၊ သွန်သင်ပြသ၊ ဆိုဆုံးမတတ်သည်ဖြစ်၍၊ စာသင်–စာချ၊ နာယကအသီးသီးတို့၏ ဦးစီးဥဿော်၊ အခေါင်သမုတ်၊ နာယကချုပ်တစ်ပါး ဖြစ်ပါပေ၏။

''သုစိတ္တာဘိဝံသ'' ပါဂဋ္ဌော–''ဝိနာ ဟတ္ထေန လေခနံ၊ မုခေန ပဋ္ဌံ ဝိနာ။ ဝိနာ စိတ္တေန ဇာနနံ၊ နပဒံ ဉာယတေ ကဒါ''ဟူသော မစိုးရိမ်သာသနာဝင် အရှင်အာဒိစ္စဝံသ မထေရ်မြတ်ကြီး၏ နယူပဒေသနှင့်အညီ၊ မျက်မှောက်ခေတ်, မန်းစာချအကျော်၊ ဆရာတော်ကြီးများ၏အထံ၌၊ နည်းမှန်လမ်းမှန်၊ ဝေဖန်သုံးသပ်၊ အဆုံးအဖြတ်နှင့် တကွ၊ စာကြည့်–စာကြဲ တဖန်စာချ၊ နည်းအဝဝတို့ကို၊ သည်းစွာလုံ့လ၊ ဥဿာဟဖြင့်၊ ကောင်းစွာမပြတ်၊ အားထုတ်အပ်သဖြင့်၊ ဓမ္မာနုဂ္ဂဟ, သာသနဓဇ, သဒ္ဓမ္မပါလ, သကျသီဟ, ဓမ္မာစရိယ၊ ဆက်သွင်းတော်မူခဲ့ကြသည့်၊ မိမိဆရာ–ဆရာများ၏၊ ထုံးနှလုံးမူလျက်၊ သာသနာ့တာဝန်–ငါ့တာဝန်၊ သာသနာ့အလုပ်–ငါ့အလုပ်ဟု၊ သည်းစွာ ကြိုးကုတ်၊ ဆည်းပူးအားထုတ်ခြင်းကြောင့်၊''ဘဒ္ဒန္တသုစိတ္တာဘိဝံသ''ဟူ၍ ပေါ်လွင်ကျော်ကြား၊ မထေရ်မြတ်တစ်ပါး ဖြစ်ပါပေ၏။

ဓမ္မာစရိယာနံ–မျက်မှောက်ခေတ်၊ ပညာရေးစနစ်တွင်၊ ပဋ္ဌမပြန် ပထမကြိုးအောင်မြင်ပြီးနောက်၊ ပါဠိ, အဋ္ဌကထာ, ဋီကာကြည့်နည်း၊ အသီးသီးကို၊ စတုက္က, ဆက္က, ဝိဂ္ဂဟဉာဿ, စုဒ်, စောဒနာ,အာဘောဂါနှင့် ကြိယာငါးတန် စသည်ဝေဖန်၊ ကောန်ဆုံးဖြတ်၊ သတ်မှတ်ပြဋ္ဌာန်း၊ ဓမ္မာစရိယတန်းကို၊ တက်လှမ်းဝင်လို၊ ထိုထိုစာသင်ပျို အရာထောင်တို့၏။

ပရာယဏော–အနှစ်အဆီ၊ ပန်းဝတ်ရည်ကို၊ မှိတွယ်စားသုံး၊ ပျားပိတုန်းသို့၊ ကြည်လင်ရွှင်ပြုံး၊ စုရုံးရောက်လာ၊ များသိသာအား၊ နှစ်စဉ်မပျက်၊ ဓမ္မာစရိယသင်တန်းပို့ချလျက်ရှိခြင်းကြောင့်၊ ''သစ်တစ်ပင်ကောင်း–ငှက်တစ်သောင်း''သို့ ပုံဆောင်အားထား၊ မှီခိုရာ မထေရ်မြတ်တစ်ပါးဖြစ်ပါပေ၏။

သော ထေရော–မြန်ပြည်အပိုင်၊ ပြည်ရခိုင်၏၊ ခရိုင်ကျောက်ဖြူ၊ မြို့မူမြေပုံ၊ တစ်ဖုံရှေ့ဆောင်၊ သရက်တောင်ဟု၊ ဂုဏ်ရောင်ထွန်းလတ်၊ ကျေးရွာမြတ်၌၊ ပိတာမည်ဆောင်၊ ဦးရွှေမြအောင်နှင့်၊ မာတာမိရင်း၊ ဒေါ်ညိုနှင်းတို့မှ၊ တစ်သုံးတစ်ရှစ်၊ သက္ကရာဇ်နှင့်၊ ဆန်းရှစ်တပေါင်း၊ ငြိမ့်ငြောင်းသာယာ၊ သက်တော်ငါးဆယ်ပြည့်၊ ရွှေရတုမင်္ဂလာ၊ ဂ္ဂါယနုခ်ိန်အခါ၌၊ သုံးတန်လက္ခဏာ၊ နှစ်ဖြာရုပ်နာမ်၊ အမှန်ယှဉ်သိ၊ ဉာဏ်သတိနှင့်၊ ထူးဘိကုသိုလ်၊ များထိုထိုကို၊ ကောင်းစွာပြုလတ်၊ ထိုမထေရ်မြတ်သည်။

သာသနေ–အရှင်ကဿပ–မဟာထေရ၊ အမွှန်စ၍၊ ထေရ်အဆက်ဆက်၊ ဆရာအဆူဆူ၊ လက်ကမ်းယူ၍၊ မငြီးမငြူ၊ ဦးဆောင်ထမ်းရွက်၊ အစဉ်မပျက်၊ စောင့်ရှောက်အပ်သော၊ မြတ်စွာဗုဒ္ဓ၊ စောဇိန၏၊ ဆုံးမတည်ရာ၊ ပရိယတ်နှင့်၊ ပဋိပတ်တစ်ဖြာ၊ ပဋိဝေဓာဟု၊ သုံးဖြာသတ်မှတ်၊ ထေရဝါဒ၊ သာသနာတော်မြတ်၌။

ဒီဃာယုကောဇော–''သပ္ပါယကာရီ ဟောတိ၊သပ္ပါယေ မတ္တံ ဇာနာတိ၊ပရိဏာတဘောဇီ စ''–စသည်ဒေသနာ၊ အစဖြာသည့်၊ အသက်ရှည်ရန်၊ နည်းလမ်းမှန်ကို၊ သတိဉာဏ်ပြု၊အစဉ်ရှုလျက်၊ ရှည်သောအသက်ရှိသည်ဖြစ်၍သာလျှင်။

အနာမယောဇော–ကာယ–စိတ္တ၊ နှစ်ဝ–နှစ်လီ၊ ချမ်းမြေကြည်လျက်၊ ထိုဂ္ဂါရောဂါ၊ အဖြာဖြာတို့၊ ဝေးစွာ ပျောက်ပျက်၊ နှောက်ယှက်မရှိ၊ ကျမ္မာခြင်းရှိသည်ဖြစ်၍သာလျင်။

စိရံ–သက်တမ်းသတ်မှတ်၊ အာယုကပ်ပတ်လုံး၊ အရှည်သဖြင့် ကြာမြင့်စွာ။ (ဝါ)၊ **စိရံ**–ရွှေရတုကာလမှသည်၊ ရာပြည့်ရတုတိုင်အောင်၊ ကြာမြင့်စွာသောကာလပတ်လုံး။

ဟောတု–ဌာတု,ဇယတု–ကောင်းကျိုးအထွေထွေနှင့်၊ ဖြစ်စေ,တည်စေ၊ အောင်နိုင်ပါစေသတည်း။

ဘဒ္ဒန္တတိကွိန္ဒြိယာဘိဝံသ
ပြည်ကြီးတံခွန် မရိုးဖိုမိုက်သစ်ဆရာတော်

http://www.dhammadownload.com

သက်တော် (၅၀) ရွှေရတုအထိမ်းအမှတ်

ဘဒ္ဒန္တ သုဓိတ္တာဘိဝံသ မဟာထေရ်



သို့

ထုတ်ထောနှာ ဝဏ္ဏဓဇိတာ သီဟဆွေ

(သဒ္ဒဗျဖောဇဏီဘဝေ)

မြင့်မြတ်တေဇာ၊ ဘုန်းရောင်ဖြာသား၊ မင်္ဂလာသီရိ၊ သိဒ္ဓိဖေယျ၊ သာသနဓဇမွှာစရိယ၊ ပရိယတ္တိဓမ္မာနုဂ္ဂဟဓမွှာစရိယ၊ ပရိယတ္တိသဒ္ဓမ္မပါလဓမွှာစရိယ၊ ပရိယတ္တိသာသနဟိတဓမွှာစရိယ (သက္ကသီဟ)၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဝါကျဥယျာနဂ္ဂန္ထကာရက၊ ဂုဏာမဟာ၊ တေဇာထွန်းပ၊ ထေရမဟာ၊ မြတ်ဆရာ၏ (၁၃၁၈)ခု၊ ရတုမာသ တပေါင်းလတွင် ချမ်းမြသာယာကြည်အေးစွာဖြင့် ဝိဇာယန မင်္ဂလာဟု ဆင်သရဲညရော် တူပျော်ယှဉ်နွဲ့ ပူဇော်ပွဲမှာ ထူးကဲပါလှ ထေရပူဇာထောမနာကို ဂါထာသီကံး အကျဉ်းချုံးလျက် ရွှင်ပြုံးအဥ္ဇလီလျှောက်ပန်ချီသည် သာကီညွှန့်နွယ်ဖွား (ရွှေနား) ပန်ဆင်တော်မူပါဘုရား။

သုပေသလံ သုဓိတိမံ၊ ဗဟုသိဿဟိတာဝဟံ၊
နယဒါနံ မဟာထေရံ၊ ဉီးသုစိတ္တာဘိ ပါကဋံ။
လဘိတံ ဂုဏသမ္ပန္နံ၊ အဂ္ဂမဟာဒီလဉ္ဆနံ၊
ဝန္ဒာမိ အဘိသက္ကစ္စံ၊ ပရိယတ္တိဝိသာရဒံ။

သုပေသလံ၊ စတုပါရိသုဒ္ဓိဖြူစင် မြူမထင်သဖြင့် ခင်မင်မလစ် သီလကိုချစ်ပေထသော။ **သုဓိတိမံ**၊ မုန်တိုင်းလေဆိုး မတိုးဝှေ့နိုင် ကျောက်စာတိုင်လို မြဲမြံခိုင်ခန့် တည်တံ့သော သမာဓိလည်း ရှိပေထသော။ **ဗဟုသိဿ– ဟိတာဝဟံ**၊ များစွာသောင်းသောင်း တပည့်အပေါင်းတို့၏ လောကုတ်လောကီ နှစ်လိအကျိုးကို သယ်ပိုးရွက်ဆောင် တော်မူပေထသော။ **နယဒါနံ**၊ ဟောနည်းပြောနည်း ကျင့်ကြံနည်းအသွယ်သွယ်ကိုလည်း ပေးတော်မူပေထ သော။ **ဂုဏသမ္ပန္နံ**၊ ဆိုအပ်ပြီးငြား ဂုဏ်ပုဒ်များဖြင့် ပြည့်စုံတော်မူထသော။ **ဉီးသုစိတ္တာဘိပါကဋံ**၊ ဉီးသုစိတ္တာဘိဝံသနာမ အကျော် ဓမ္မာစရိယစာချဆရာတော်ဟု ထင်ပေါ်ကျော်ကြားလူသိများ၍ ထင်ရှားပေထသော။ **အဂ္ဂမဟာဒီလဉ္ဆနံ**၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ နာမထင်ပေါ် စာချဘွဲ့ တော်ထူးကို။ **လဘိတံ**၊ ထိုက်ထိုက်တန်တန် ဇကဲမချွတ် လေးမြတ်ကော်ရော် နှိုင်ငံတော်က ပူဇနီယပူဇာရဟဖြင့် ဓမ္မပူဇာအမှု ဂုဏ်ပြုချီးကျူးကာ ပေးလှူပါ၍ ရရှိတော်မူပေထသော။ **ပရိယတ္တိဝိသာရဒံ**၊ သုံးပုံပိဋကတ် ပရိယတ်မှာ အာဒိအစ အဋ္ဌကထာ ကျမ်းသုံးဖြာကို ဝါကျဥယျာဉ်အမည်ဖြင့် ရေးသားဖွင့်ဆိုသည့် ပရိယတ္တိအရာ ရဲရင့်ကျွမ်းကျင်ခြင်းလည်း ရှိတော်မူပေထသော။ **မဟာထေရံ**၊ ကျောက်ထီးတန္ဆေ အလေးပြုအပ်သည့် မြတ်ဆရာကို။ **အဘိသက္ကစ္စံ**၊ အလွန်အကျူးအထူး ရှိသေစွာ။ **ဝန္ဒာမိ**၊ ဘယလာဘကုလကြဉ်ရှောင်း ဂုဏ်တော်အပေါင်းကို အောက်မေ့၍သာကာယဝစီ မနောချီလျက် အလိလိအခါ သဒ္ဒါရိုကျိုးလက်စုံမိုးကာ ရှိခိုးကန်တော့လိုက်ပါ၏ ဆရာတော် အရှင်မြတ်ဘုရား။

http://www.dhammadownload.com

ပရိယတ္တိသာသနာတော်
အနှစ်ငါးထောင်တည်တံ့ပြန့်ပွားရေး

သုံးလောကထွဋ်ထား သမ္ဗညုမြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီး အရှည်ခိုင်ခဲ့ တည်တံ့ပြန့်ပွားခြင်း၏ မူလပဓာန အခြေခံအကြောင်းရင်းမှာ ပရိယတ္တိဟု ဆိုအပ်သော ဘုရားရှင်၏ နှုတ်တော်ထွက်ဓမ္မစက်ဒေသနာဖြစ်သည့် ပိဋကတ်သုံးပုံကို မပျောက်ပျက်ရအောင် သင်ကြားပို့ချ နာယူအာဂုံဆောင်ထားမှုမှာ သာသနာတော် အရှည်တည်တံ့ခြင်း၏ အခြေခံအကြောင်းရင်းပင် ဖြစ်ပေသည်၊

ထိုပရိယတ္တိသာသနာတော် မကွယ်ပျောက်ဘဲ ထွန်းတောက်တည်ရှိနေမည်ဆိုပါလျှင် သာသနာတော် ကွယ်ပျောက်ခြင်းဆိုသည်မှာ မဖြစ်နိုင်တော့ပါ။

ထိုသို့ ပိဋကတ်တော်များထင်ရှားရှိနေ သင်ယူသူ ပို့ချသူ အာဂုံဆောင်သူများလည်း ထင်ရှားရှိနေပါက ဘုရားရှင်၏ သာသနာတော်ကြီးမှာ ကမ္ဘာချဉ်းအောင် ထွန်းပြောင်နေမည်မှာ အမှန်ပင် ဖြစ်ပါသည်။

ထို့ကြောင့် ဒေါက်တာ ဘဒ္ဒန္တအရိယဝံသ (ကမ္ဘာသာသနာပြု) ဆရာတော်သည် ဒဂုံမြို့သစ်၊ ဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ စစ်တောင်းလမ်းသည် လူနေအိမ်ခြေများနှင့် မနီးစပ်ခြင်း၊ လေကောင်း,လေသန့်ရရှိခြင်း၊ သာသာယာယာရှိခြင်း၊ ဆိတ်ငြိမ်အေးချမ်းခြင်း ဂုဏ်တို့နှင့် ပြည့်စုံသောအရပ်ဖြစ်သည်ဟု ဆင်ခြင်တွေးတောကာ ပရိယတ္တိဝန်ဆောင် သာသနာ့အာဇာနည်လောင်းလျာ–သောတုဇနများမှာ နိုင်ငံတော်က ကျင်းပပြုလုပ်သည့် ပထမပြန်စာမေးပွဲမှာ ငယ်,လတ်,ကြီးတန်းများကို အများအားဖြင့် နှစ်ချင်းအောင်နိုင် သော်လည်း ဓမ္မာစရိယ (စာချ)တန်းကို နှစ်ချင်းအောင်နိုင်ရန် ခဲယဉ်းသည်တင်မက ဓမ္မာစရိယတန်းကို သင်ကြားပို့ချရာဌာနလည်း ခဲယဉ်းရကား ပရိယတ္တိဝန်ဆောင် သာသနာ့အာဇာနည်လောင်းလျာ သောတုဇနများအား ထိုလိုအပ်ချက်မှန်သမျှကို ဖြည့်စွက်ပေးလိုသောဆန္ဒ, ဖြည့်စွက်ပေးမည်ဟူသော ရည်ရွယ်ချက်တို့ဖြင့် ဓမ္မာစရိယတက္ကသိုလ်ကျောင်းတိုက်ကြီးကို တည်ထောင်ကာ မန္တလေးမစိုးရိမ်တိုက်သစ်မှ ကျောင်းထိုင်နာယက စာချဆရာတော် မစိုးရိမ်တိုက် တိပိဋကပါဠို + မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင် ဘဒ္ဒန္တသုစိတ္တာဘိဝံသ–အားခေါ်ယူကာ ဓမ္မာစရိယတက္ကသိုလ် နာယကချုပ်အဖြစ် တာဝန်ယူလျှက် အမြဲတမ်း ဓမ္မာစရိယသင်တန်းကို ပို့ချပေးရန် တာဝန်ပေးအပ်တော်မူချက်အရ ဘဒ္ဒန္တ



သုစိတ္တာဘိဝံသသည် (၆–၁–၂၀၀၄)နေ့မှစ၍ ဓမ္မာစရိယတက္ကသိုလ်မှာ အမြဲတမ်းသီတင်းသုံးနေထိုင်ပြီး ဓမ္မာစရိယသင်တန်းကို ပို့ချလာခဲ့ရာ–၅၅်တက္ကသိုလ်မှ အစိုးရဓမ္မာစရိယ(စာချ)တန်း စာမေးပွဲအောင်မြင်နှုန်းထားမှာ ရာခိုင်နှုန်းပြည့်ဖြစ်ကြောင်း ကြည်ညိုဖွယ်ရာ သိရှိရပါသည်၊

ဘုရားရှင်လက်ထက်တော်က ဝိနည်းအရာတေဒဂ်ရ အရှင်ဥပါလိသည် မိမိကဝိနည်းဓိုရ် ဝိနည်းကို ထုံးလိုချေ၊ ရေလိုနောက်သည့် မထေရ်ဖြစ်ရကား–မိမိရဲ့ ဝိနယဓရ လုပ်ငန်းကို မိမိကိုယ်တိုင်အားပေးသည့် အနေဖြင့်

ဝိနယော အာသယော မယှံ၊
ဝိနယော ဌာနစင်္ကမံ။
ကပ္ပေမိ ဝိနယေ ဝါသံ၊
ဝိနယော မမ ဂေါစရော။

၅၅်ဂါထာကို အမြဲဥဒါန်းကျူးလေ့ရှိပါသည်။ ၅၅်ဂါထာ၏ ဆိုလိုရင်းအဓိပ္ပါယ်က **ဝိနယော**၊ ဝိနည်းတွင်ခေါ် တရားတော်မြတ်သည်။ **မယှံ**၊ ဥပါလိမည် ငါမထေရ်၏။ **အာသယော**၊ အမြဲတစေ ကိန်းပျော်ရာ ကျောင်းဓိမာန်လည်းမှန်ပေ၏။ **ဝိနယော**၊ ဝိနည်းတွင်ခေါ် တရားတော်မြတ်သည်။ **မယှံ**၊ ဥပါလိမည် ငါမထေရ်၏။ **ဌာနစင်္ကမံ**၊ ရပ်ရာစင်္ကြံသွားရာလည်းမှန်ပေ၏။ **အဟံ**၊ ဥပါလိမည် ငါမထေရ်သည်။ **ဝိနယေ**၊ ဝိနည်းတွင်မှတ် တရားတော်မြတ်၌။ **ဝါသံ**၊ နေထိုင်ခြင်းကို၊ **ကပ္ပေမိ**၊ ပြုပေ၏။ **ဝိနယော**၊ ဝိနည်းတွင်မှတ် တရားတော်မြတ်သည်။ **မေ**၊ ဥပါလိမည် ငါမထေရ်၏။ **ဂေါစရော**၊

http://www.dhammadownload.com

နေ့နေ့ညည စိတ်၏ကျက်စားရာ စားကျက် ပါပေတည်း။

ဤသို့လျှင် – အရှင်ဥပါလိစိတ်ဓာတ်က ဝိနည်းထဲမှာသာ အမြဲပျော်သည့် ရပ်လျှင်လည်းဝိနည်းစိတ်၊ လမ်းလျှောက်လျှင်လည်း ဝိနည်းစိတ်၊ အိပ်လည်း ဝိနည်းစိတ်၊ စားလည်း ဝိနည်းစိတ်ရှိပေသည်။

အရှင်ဥပါလိကား–အထက်ပါဂါထာဖြင့် မိမိကိုယ်ကို မိမိအားပေးလျက် သိဒ္ဓိပြီး ဝိနည်းအရာမှာ ဘုရားရှင်ကိုယ်တော်တိုင် တေဒဂ်ဘွဲ့ထူးဖြင့်ချီးကျူးရလောက်အောင် ဝိနည်းကိုလေ့လာတော်မူခဲ့ပါသည်။

ယခု ဓမ္မာစရိယတက္ကသိုလ်နာယကချုပ်ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသသည်လည်း အရှင်ဥပါလိက ဝိနယအရာမှာ မိမိ၏စိတ်ကို မြှုပ်နှံထားသကဲ့သို့ ဓမ္မာစရိယ(စာချ)တန်းကို ပို့ချရာမှာ မြှုပ်ထားသယောင် ထင်မိ၍ ကြည်ညိုသဒ္ဓါပွားကာ ထင်မိသည်မှာ–

ဓမ္မာစရိယော အာသယော မယှံ၊
ဓမ္မာစရိယော ဌာနစက်မံ။
ကပ္ပေမိ ဓမ္မာစရိယေ ဝါသံ၊

ဓမ္မာစရိယော မမ ဂေါစရော–ဟု အမြဲတန်းဥဒါန်းကျူးကာ မိမိစိတ်ကို သိဒ္ဓိတင်ပေးနေ ယောင်ပါတကား။

ဓမ္မာစရိယော၊ ဓမ္မာစရိယ (စာချ)တန်းသည်။ **မေ**၊ သုစိတ္တမည်ငါမထေရ်၏။ **အာသယော**၊ အမြဲကိန်းပျော်ရာ ကျောင်းဗိမာန်တည်း။ **ဓမ္မာစရိယော**၊ ဓမ္မာစရိယ (စာချ)တန်းအတွက် စာဝါပို့ချခြင်းသည်။ **မေ**၊ သုစိတ္တမည် ငါမထေရ်၏။ **ဌာနစက်မံ**၊ ရပ်၍နေရာ လမ်းလျှောက်ရာလည်း မှန်ပေ၏။ **အဟံ**၊ သုစိတ္တမည် ငါမထေရ်သည်။ **ဓမ္မာစရိယေ**၊ ဓမ္မာစရိယသင်တန်းပို့ချမှု၌။ **ဝါသံ**၊ နေထိုင်ခြင်းကို။ **ကပ္ပေမိ**၊ ပြုပေ၏။ **ဓမ္မာစရိယော**၊ ဓမ္မာစရိယသင်တန်းပို့ချမှုသည်။ **မမ**၊ သုစိတ္တမည် ငါမထေရ်၏။ **ဂေါစရော**၊ နေ့နေ့ညည စိတ်ကျက်စားရာ စားကျက်ကြီးပါပေတည်း–ဤသို့လျှင် ''ဘဒ္ဒန္တသုစိတ္တာဘိဝံသ–လည်း အရှင်ဥပါလိထုံး နှလုံးမူကာ နေ့ရောညပါ မိမိစိတ်ကို မိမိသိဒ္ဓိတင်ကာနေယောင်ပါတကား''ဟု အာရုံပြုကာ–သဒ္ဓါတရားပွားများစွာဖြင့် ချီးကျူးမိသည်မှာ ဘဒ္ဒန္တသုစိတ္တာဘိဝံသ၏ ပရိယတ္တိသာသနာနှင့် ပတ်သက်သည့် ဝိရိယကို အထူးအားဖြင့် ပရိယတ္တိအရာမှာ သူမပါလျှင်မဖြစ်သည့် ပါဠိဝါကျများကို အနက်ယောဇနာမှုစသည်တို့မှာ မပါလျှင်မဖြစ်သည့် သမ္မန္တများကို ပြရာပြကြောင်းဖြစ်သည့် ဓမ္မာစရိယတန်းမှာ ကျွမ်းကျင်စွာ လိမ္မာရေးခြားရှိအောင် နေ့နေ့ညည အားထုတ်လုံ့လဝိရိယတရားကို အမြဲလက်ကိုင် ထားနေသည်မှာ ချီးကျူးရာ သဒ္ဓါတရားပွားများစရာ ဖြစ်ပါသောကြောင့် ဘဒ္ဒန္တသုစိတ္တာဘိဝံသ–အား လျှောက်ထား လိုသည်မှာ–

သာသနံ ပါလယံ ဝီရှ၊ ဌာနံ ပရောသတံ သမံ။
အာသုံ မဂ္ဂင်္နာဝါယ၊ တရတံ ဘဝသာဂရာ။

ဝီရှ စတုရင်္ဂဝီရိယလေးတန်ထက်သန်တော်မူပါသော အရှင်ဘုရား။ **တွံ**၊ ဝီရိယသခင်အရှင်မြတ်ဘုရားသည်။ **သာသနံ**၊ နေ့နွယ်သက်ဆင်း ခြောက်ရောင်လင်းသည့် လူမင်းမြတ်စွာ သာသနာကို။ **ပါလယံ–ပါလယန္တော**၊ နေ နတ်နွယ်လာ အကြင်ငါဟု သိကွာသုံးထောက် အဆုံးရောက်အောင်စောင့်ရှောက်ပိုက်သိမ်းတော်မူလျှက်။ **ပရောသတံ သမံ**၊ သာသနာမှ ကြောင့်ကြပြု၍ အာယုရာကျော် အခါတော်ကာလပတ်လုံး။ **ဌာနံ–ဌာနေ**၊ အန္တရာယ်ကင်းရန် ပယ်ရှင်း၍ သတင်းဖြန့်ဝေ တည်တံ့တော်မူပါစေဘုရား။ **မဂ္ဂင်္နာဝါယ**၊ သစ္စာလေးအင်လင်းလင်းမြင်သည့် မဂ္ဂင်ဖွဲ့စည်းဖေါင်တော်ကြီးဖြင့်။ **အာသုံ**၊ ဓမ္မစ္ဆန္ဒ ပြည့်စုံငှ၍ ကာလမကြာ ဆောလျှင်စွာ သာလျှင်။ **ဘဝသာဂရာ**၊ ခန္ဓာငါးထွေ ဒုက္ခရေတို့ အထွေထွေရှုန်သည်း တွင်တွင်စီးသည့် ဝဋ်ကြီးသုံးပါး ဘဝတည်းဟူသော သမုဒ္ဒရာမှ။ **တရတံ–တရတု**၊ ဖိုလ်,မဂ်မဉ္ဇူ စွင့်စွင့်ကူ၍ နိဗ္ဗူသာဂုန်း မှာဘက်ကမ်းသို့ ဖြတ်သန်းကူးမြောက်တော်မူနိုင်ပါစေဘုရား။

သာဒရံ ဝေါ နမဿာမ၊ ထောမယန္တိ ဗဟူဂုဏော
ယဒိ ဒေါသောတ္ထ ဘဒ္ဒန္တေ၊ တေံ ခမာမယာမသေ။

ဘဒ္ဒန္တေ၊ သိကွာသုံးလီ အင်္ဂါညီသည့် သာကီနွယ်ဖွား ဆရာတော်အရှင်မြတ်ဘုရား။ **ဝေါ**၊ နေနတ်နွယ်ဝင် ဆရာတော်အရှင်မြတ်ဘုရားတို့၏။ **ဗဟူဂုဏော**၊ သင်္ချာဆပွား အပါးပါးလျှင် များပြားဉာသုံ ကျေးဇူးဂုဏ်တို့ကို၊ **ထောမယန္တိ**၊ ကံ့ဖွဲ့ဂါထာ အလင်္ကာဖြင့် ထောမနာရေးစည်းဝေးတင်လျှောက်လျှက်။ **သာဒရံ**၊ လေးမြတ်ကြည်ညိုရှိသေလှစွာ။ **နမဿာမ**၊ဦးညွတ်ရိုကျိုး ရှိုးပုဇော်ကြပါကုန်၏ အရှင်ဘုရား။ **နော**၊ တပည့်တော်တို့၏။ **ဒေါသော**၊ မသင့်မလျော် မတော်ချွတ်မှား အပြစ်များသည်။ **ယဒိ အတ္ထိ**၊ အကယ်၍ကား ရှိပါချေငြားအံ့။ **တံ**၊ ထိုမသင့်မလျော် မတော်ချွတ်ငြား ထိုအပြစ်များကို။ **ခမာမယာမသေ**၊ သည်းခံပါကြောင်း ရိုညွတ်ပျော်၍ ခွင့်တောင်းကန့်တော့ ကြပါကုန်၏ အရှင်ဘုရား။

■ **သီဟဆွေ**
သဒ္ဓမ္မဇောတိကဓဇ

http://www.dhammadownload.com

ရွှေရတုဝိဇာတမဂ်လာ ပူဇော်လွှာ

ရှစ်ဆယ်ပေါ် ထပ်တွန့် တေးထပ်



၁ သဇင်ပန်းခိုင် တဖြိုင်ဖြိုင်နဲ့
ရခိုင်ပြည်အလှ တန်ခိုးတောက်သည်
မယိုင်ညီမျှ ကိုးလောက်ပေသည်
မိုးအောက်မြေမဟိုပြိုင်စံကင်း။
ထေရ်ဂုဏ်ချယ်သ, ဆွေအစုံကြွယ်ဝ
''မြေပုံ''နယ်က''သရက်တောင်ရွာ''မှာ
မပျက်အခေါင်ညာ ထွန်းပထင်လင်း ။

၂ ရတနာအဓိကရ, ဆရာကဝိအစ
နှစ်ဖြာမိဘ မှူးခြွေအလှဆောင်သည်
''ဦးရွှေမြအောင်+ဒေါ်ညိုနှင်း'' ။
ဖူးမပြေ ဘဝရောင် မျှော်ဆိုရင်းနဲ့
မဟော်လိုထေရ်မင်း ဖွားမြင်လာ။
''ဆယ်ရှစ်ခု''ကြဲ အကောင်းဓမ္မလမ်းမှာဖြင့်
''တပေါင်းလဆန်း ရှစ်ရက်သောကြာ''ပါ။

၃ စနစ်တွေ ဗလဝ, လှစ်ခြွေစရဏ
''စစ်တွေ''''အမရ''''မန်းမြေ''မှာလျှင်
ကျမ်းရွှေအဖြာဖြာ သင်ကာတတ်သမို့
ပညာအမှတ် ''အဘိဝံ''ဘွဲ့ယူ
အသိရွှန်တဲ့လူ။
သာသနာ့မဟာပန်းမွှေးဖို့, လာသမျှဆရာစခန်းအေးဖို့
စာချကာ ကျမ်းရေးလို့ အောင်လံထူသည်
ရောင်လှိုက်ကြူကြွ ရွှေရတုတိုင်ပေါ့လေး။

၄ ဉာဏ်ဟုန်နဂိုတော်သရွေ့, ကံဆုံပိုပျော်မွေ့
ရန်ကုန် အလိုတော်ပြည့် တက္ကသိုလ်ထူသည်
အခက်ကို ကူညီဖြေရှင်းပါလို့လေး။

၅ တော်လွန်းပါလှ, ဖော်ညွှန်းစာသ
ကျော်ထွန်းလာသမျှ ဘဝဘုံအဋ္ဌမှာ
ဆရာဂုဏ်အဆူဆူ ဝတ်တွားပျော်လို့လေး။

၆ ဘေးဘယာအပေါင်းတို့, ဝေးကွာရှောင်းလို့
အေးသာကြောင်းမို့ တောင်းဆုဖြူသည်
ကောင်းမှုတလူလူ ရာပြည့်ကျော်ဖို့လေး။

■ **မောင်ထက်ဆူး** (ပုလဲ)

http://www.dhammadownload.com

စေတနာအားသွန် သုစိတ္တာအမွှန်

ဒိုးပျဉ်း

မြတ်တဲ့ဆရာလေ စေတနာအားကောင်း၊ အနစ်နာခံ ကောင်းတို့လေ၊

မြတ်စေတနာ မြတ်ဝါသနာနှင့် နှစ်နာကိုခံ နာသုံးတန်ကို စဉ်သာ ဦးထိပ်ထားသူရယ်၊

ပွင့်ပွင့်ပန်းမျိုး ကိုယ်တိုင်ပျိုးရင်း၊ အများအတွက် အချိန်ကိုသုံးသူရယ်၊

ကိုယ်ကျိုးမထောက် ဓားသွေးကျောက်သို့ ကိုယ်သာ လုံးပါးခံသူရယ်၊

မိုးအောက်မြေပြင် ကောင်းစိတ်ယှဉ်ကာ ရင်နှင့်အပြည့်ထားသူရယ်၊

တပည့်သားကောင်း ပညာကောင်းနှင့် ပန်းကောင်းအဖြစ် ပြုသူရယ်၊

ဂါရဝေါစ နိဝါတနှင့် ရိုသေနှိမ့်ချလွန်းသူရယ်၊

ရင်မှာအေးချမ်း ပျိုးသည့်ပန်းအား ပီတိခံစားရင်း ကြည့်သူရယ်၊

ကမ္ဘာကိုစိုးမိုး သူရွယ်ကိုးသည် စာသင်သား တပည့်သားများကိုကွယ်၊

သူ့တွက်ရင်ထဲ သူခံစွဲသည် သာသနာ့ကောင်းကျိုး အတွက်ကိုကွယ်၊

ဆရာမူကား စိတ်မွန်ထား၍ တစ်ပြားမရှိ တွယ်မငြိဘဲ ပီတိဖြင့်သာ ကျေနပ်ရှာသည်

ဝမ်းသာအားရ စိတ်ထဲမှသည် အားလုံးဖြူစင်ကြယ်လှသည်၊

မြတ်တဲ့ဆရာလေ စေတနာအားကောင်း အနစ်နာခံ ကောင်းတို့လေ

■ **အောင်သန်း (တောင်စွန်း)**

http://www.dhammadownload.com





ဝုဏ္ဏပူဇာ

ရွှစ်အယ်ပေါ်ကေးတပ်



■ ရခိုင်ပြည်နယ်၊ မြေပုံမြို့မှ
ရွှေအမှုန်မွေ့၊ သရက်တောင်ရွာ
နေအရုဏ်ပွေ့၊ နေ့သောကြာခါ
ဖွားမြင်ပါသည်၊ လ,တပေါင်း ။
ဦးရွှေမြအောင်+ဒေါ်ညိုနှင်းတို့ရဲ့ ရင်တွင်းရတနာ
''သုစိတ္တာဘိဝံသ'' လျာလောင်း ။

■ ''ဘဒ္ဒန္တသီရိန္ဒာဘိဝံသ'' ထေရ်ရှင်ဆရာကို
ဥပဇ္ဈာယ်တင်ကာ သာသနာရိပ်ခိုအောင်း ။
ထုဆစ်ဖွယ်ရင်မှာ ရွှေစာကျမ်းမြတ်တို့
နှံ့စပ်ဖို့ ကြိုးပမ်းပါသလေ ။
ကောဇောသက္ကရာဇ် တစ် သုံး လေး နှစ်အခါမှာ
''သာသနဓဇမ္မာစရိယ ဘွဲ့ထူးကိုရွေ ။

■ ''အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ''ထပ်ဆင့်ဝေသည်
မြတ်မြင့်ပေ ဒေသနာရင်းတွေက
မြေကမ္ဘာတွင်း လွန်းထိုးစွေစွေ
သွန်းဖြိုးဝေဝေ ။
ထေရဝါဒ ဂုဏ်အလှတွေသည်
ထုံမြဝေစည် အလှတိုးတယ်လေး ။

■ အယုတ်ပ ဒုက္ခဘုံခွင်
မုချအကြံုတွင် လွတ်ငြိမ်းရန်ပလေး ။


■ ''သုစိတ္တာဘိဝံသ'' ထေရ်ရှင်ဆရာကို
ဦးတင်ကာလက်စုံ မိုးလို့ ရှိခိုးကန်တော့ပါသည်လေး။

■ ရဲအောင်

http://www.dhammadownload.com

ဂုဏ်ပုဒ် ဝန္ဒနာ

သာသနဝေဟင်၊ ထက်ကောင်းကင်ဝယ်
ကြယ်စင်လမင်း၊ မြူမှောင်ကင်း၍
ဝင်းဖန့်အေးမြ၊ အလင်းငှသည်
အာဂ ထေရ်ကျော် မြတ်ဘုန်းမော်။



ဟိမဝန္တာ၊ တောင်သေလာ၌
ပျော်ပိုက်တင့်တယ်၊ ပင်ငယ်ပင်ကြီး
ရိပ်ထီးချမ်းမြ၊ ဝန်းရံခ,သို့
လောကဓမ္မ၊ လမ်းညွှန်ပြသည့်
ဆရာ့ရင်ခွင်၊ ခိုမှီဝင်ကြ
လောကဥယျာဉ်၊ သာသနာ့အနွယ်ဝင်။

မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ
မဟာသမုဒ်ပြင်၊ ပေါင်းစီးဝင်သို့
ရှင်ငယ်ပဉ္စင်း၊ ရွယ်ခပင်းတို့
ပန်းခင်းစာသဘင်၊ နားခိုဝင်ကာ
ဓမ္မာနုဂ္ဂဟ ခံယူကြ။

ထေရ်ဆရာ၏
မေတ္တာရံပတ်၊ မြတ်စိတ်ဓာတ်ဖြင့်
မှန်းချင့်မျှတ၊ ရှင်လူရစေ
ရသပန်းချီ၊ နွေရာသီဝယ်
ဘွဲ့မည် သုစိတ္တာ၊စာချအကျော်
ဆရာတော်၏၊ မြတ်သည့်နှလုံး
အစဉ်သုံးပြီး၊ ရိပ်ကြီးဝိဟာ
ဓမ္မာစရိယ၊ သင်တန်းပြသည်
ဓမ္မတက္ကသိုလ် မြရိပ်ညို။

သာသနာ့အကျိုး၊ ရည်မျှော်ကိုးပြီး
မိုးထိမြင့်မား၊ စိတ်ထားများဖြင့်
ရေခြား မြေခြား၊ တစ်လွှားကမ္ဘာ
တည်စိမ့်ဒှာလျှင်၊ လမ်းခဲ့ထွင်သည်
ဇာနည်စိတ်ဓာတ် မထေရ်မြတ်။

ပြည်တွင်းပြည်ပ၊ ဓမ္မဂုဏ်ဆောင်
ရွှေရောင်သာသနာ၊ တည်စိမ့်ဒှာလျှင်
ဓမ္မာစရိယ၊ သကျသီဟ
ဘွဲ့မည်မြင့်မြတ်၊ ပရိယတ်နှင့်
မြင့်မြတ်ထုတ်ဖော်၊ နိဂံတော်၏
အကျော်ဒေးယျ၊ သီလ သမာဓိ
ဖြိုးပြည့်ဂုဏ်အင်၊ ပေါ်လွင်ရသ
''အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ''
မွေးမြသတင်း၊ သာသနာလင်း၏
ဝိသိဋ္ဌပူဇာ၊ ဝန္ဒနာပါ၊
ဆရာထေရ်၏
မြတ်သည့်လုပ်ငန်း၊ တင့်စိုရွှန်းပြီး
လွှမ်းပတ်ကမ္ဘာတည်ပါစေဘုရား။ ။

■ ကျွန်းစဉ်မြေ-စောခက်

http://www.dhammadownload.com



ထေရဝန္ဒနာမြတ်ဆရာ

(ဇတ်းတပ်)





၁။ မစိုးရိမ်နာယက
အဓိကရစာချပေါ်လွင်
တိဉ္စကဋ္ဌ ထေရသခင်ကို
ဇာနည်အရှင်ခေါ်သင့်။
ခက်ပေစွာ့ ကျမ်းရွှေစာမှာ
ရဲရင့်စွာ တတ်ကျွမ်း၍ဝင့်။

၂။ ရွှေပြောင်းလို့ တက္ကသိလာမှာ
စခန်းသာ လမ်းဖြာပွင့်။
တပည့်တွေ့ မပန်းသာသင့်လို့
အောင်ပွဲဆင့် ဂုဏ်သရေ။
စာပွဲသဘင် ဤမြေရပ်မှာလ
ထုံသင်းဓာတ်ကျော်ကြားတဲ့ထေရ်အရှင်။

၃။ ရွှေရတုပွဲသဘင်ကို
နွဲကာဆင် ပူဇော်ကြပါလို့
ဦးနှိမ်ချ အခါခါ
ပိတိရွှင်ဖြာ။
ထူးသကတ် ကျမ်းတတ်ဆရာမှာ
ရာကျော်အသက် ရှည်ကြောင်းပါတည့်လေး။ ။

■ ဝရသာမီ (ရေကြည်)

http://www.dhammadownload.com

ကြည်ညိုသဒ္ဓါ ဖြတ်သံယာ



မျိုးဂုဏ်တင့်စေ
ညွှန်းဖော်နေရဲ့၊ မြတ်ဒေသနာ
ပွေ့ပိုက်ကာနှင့်၊ ပညာသီလ
ပြည့်ကြွယ်ဝမို့၊
''အဂ္ဂမဟာဂန္ဆဝါစကပဏ္ဍိတ''
ဘွဲ့တော်ရအရှင်၊ ကြားသိမြင်တိုင်း
စိတ်ရင်သိမ့်သိမ့်၊ တစိမ့်စိမ့်တွေး
အပြေး ဖူးတွေ့ချင်မိသည်။



''သာသနဓဇမ္မာစရိယ''
''ပရိယတ္တိမ္မာနုဂ္ဂဟမ္မာစရိယ''
''ပရိယတ္တိသဒ္ဓမ္မပါလမ္မာစရိယ''
''ပရိယတ္တိသာသနဟိတမ္မာစရိယ''
''(သက္ကသီဟ)''၊ စသည်စသည် -----
မူလတည်၍၊ ဂုဏ်ရည်ဖြိုးမောက်
ထွန်းတောက်ထင်ရှား၊ ကျော်ကြားသည်ကို
ကြည်ညိုစိတ်တွေး၊ ရင်မှာအေးမို့
အပြေးဖူးတွေ့ချင်မိသည်။



ရွှေအနှစ်ပမာ
ထာဝရလင်းလက်၊ ထိန်တောက်လျက်တည်း
ရှေ့ဆက်လျှမ်းမြင့်၊ ရောင်ဝါတင့်လိမ့်
လက်ဆင့်ကမ်းဝေ၊ အမွေဓမ္မ
သင်ပြပေးသူ၊ ဦးဆောင်သူမို့
ဂုဏ်ယူကြည်နူး
အပြေးဖူးတွေ့ချင်မိသည်။



''ဘဒ္ဒန္တသုစိတ္တာဘိဝံသ''
သာသနာ့အာဇာနည်
မြတ်ဂုဏ်ရည်ကို၊ တွေးကြည်ညိုမိ
ဖူးမျှော်မိတိုင်း၊ အသိခံစား
နောင်လာသားတို့၊ စံထားကြိုးပမ်း
သာသနာရဲ့လမ်း
လျှောက်လှမ်းနိုင်ကြစေချင်သည်။

■ ခိုင်ကျော်ထွေး (စစ်တွေ)

http://www.dhammadownload.com

မြတ်တရားကျူးဇေတ်





- မျက်စေ့,နား
  နှာခေါင်း,လျှာ, ကိုယ်, စိတ်
  ပုံရိပ်ဖေါ်
  နှလုံးသွင်းမှန်သော်
- ကံ, စိတ်, ဥတု
  အာဟာရ
  လေးဝအကြောင်းခံ
  သိရန်စူးစိုက်သော်
- ပထဝီ, အာပေါ
  တေဇော, ဝါယော
  စောကြော စိစစ်သော်
- လက္ခဏာရေးသုံးပါး
  မြတ်တရား
  မှတ်သားသိမြင်သော်
- သမုဒယ, ဒုက္ခ
  မဂ္ဂ, နိရောဓ
  သစ္စာလေးဖြာ
  သိရှိပါသော်
- အယုတ် အမြတ်
  ခွဲခြားတတ် ပါသော်
- ငါ . . . .မရှိ
  ပကတိ . . . . သိ
  အနတ္တသာရှိ
  ရှင်တော် ဗုဒ္ဓ၏တရား
  အဂ္ဂမဟာဂန္ဆဝါစကပဏ္ဍိတ
  ''ဘဒ္ဒန္တသုစိတ္တာဘိဝံသ''
  ပြည်တွင်းပြည်ပ
  သာသနာပြုဆရာတော်က
  ဟောဖော်ညွှန်းပြ
  ဆို ဆုံးမသည်
  သံသရာမှ လွတ်ကြောင်းတည်း
  လူသားကောင်းကျိုးအမှန်တည်း
  နိဗ္ဗာန်ရရန် ကောန်တည်း။

■ မင်းရိုးယဉ်

http://www.dhammadownload.com

အိုဘယ်အရှင် (၁)



- အိုဘယ့်အရှင်
  သီစေချင်သည်၊ အရှင်တို့အား
  ယုံၾကားသည့်၊ ဘုရားမြတ်စွာ
  သာသနာကို၊ ဆက်ခါလေးမြင့်
  အခြေတင့်အောင်၊ မြှင့်တင်မည်သို့ဆောင်မည်နည်း။
- အိုဘယ့်အရှင်
  စွမ်းစေချင်သည်၊ အရှင်တို့မှာ
  ဝန်များစွာတည့်၊ နှစ်ဖြာရေသောက်
  အမြစ်ညောက်ကို၊ မခြောက်ရအောင်
  ထေရ၀ါရောင်ကို၊ အမောင်မည်သို့လောင်းမည်နည်း။
- အိုဘယ့်အရှင်
  တောင်းပန်ချင်သည်၊ အရှင်တို့အား
  သဒ္ဓါပွား၍၊ ပြတ်သားပေးလှူ
  သင့်ပြည်သူကို၊ အယူမည်သို့ဖြောင့်မည်နည်း။
- အိုဘယ့်အရှင်
  တွေးစေချင်သည်၊ နေ့စဉ်ကြုံတွေ့
  ဘုံဓလေ့၀ယ်၊ မှိုင်းငွေ့ရိုက်ခါ
  သာသနာကို၊ ကယ်ပါယူပါ
  တစာနှင့်၊ သာသနာပြု
  တံဆိပ်တုနှင့်၊ လူထု၏ရန်
  အမှောင့်ဒဏ်ကို၊ တွန်းလှန်မည်သို့ကာမည်နည်း။

■ နှစ်ကိုးကျွန်

http://www.dhammadownload.com

အုပ်ဘယ်အရှင် (၂၂)



- ကကြီး ခကွေး
  ဝိုင်းအောင်ရေး၍၊ သင်ပေးခဲ့ရှာ
  မိရပ်ရွာသည်၊ ပညာထွန်းပေါက်
  ဂုဏ်ထွန်းတောက်သည့်၊ တစ်ယောက်သခင်
  ထေရ်အရှင်ကို၊ နေ့စဉ်လွမ်းလို့ မျှော်ခဲ့ပြီ။

- ခြေချပြို့မှာ
  အနေကြာ၍၊ မာတာကျေးလက်
  ရွံ့နွံဗွက်နှင့်၊ ခက်ခဲကြမ်းတမ်း
  ခရီးလမ်းကြောင့်၊ မီးပန်းရောင်စုံ
  လွှမ်းပတ်ခြုံသည့်၊ ရန်ကုန်မြို့ပြ
  ရှုမဝကို၊ ခွါရခက်ခါ
  မိရပ်ရွာကို၊ မလာတော့ဘူးဆို။

- ဖိမ်ခံဟမ်းဖုန်း
  Surf ကားသုံးလျက်၊ တို့ဘုန်းဘုန်းဝယ်
  နစ်မြောတွယ်၍၊ ငယ်ကဆရာ
  ကျောင်းဝိဟာဝယ်၊ ဆရာကင်းဆိတ်
  အသံတိတ်၍၊ပင့်ဖိတ်သောခါ
  ကြွမလာပဲ၊ မညာတောထွက်
  အကျင့်ပျက်ကို၊ ကမ်းလက်ဆင့်ရာ
  သာသနာသည်၊ ဘယ်မှာမျိုးဆက်ထွက်အံ့နည်း။

- တို့အရှင်များ
  ပစ်မထားနှင့်၊ မျိုးခြားဘာသာ
  ငွေသပြာနှင့်၊ လူပါနယ်ချဲ့
  လှူပ်ယိုင်နဲ့၍၊ ပဲ့ခါပါလျှင်
  ထေရ်အရှင်၏၊ တာဝန်မဲ့မှုကြောင့်ပေတည်း။

- ကံ့ကူလက်လှည့်
  ငယ်တပည့်နှင့်၊ တောရဲ့ရင်ခွင်
  တလှည့်ဝင်၍၊ အရှင်တာဝန်ကျေပါဦး။


■ ရွှေကြိုဘိက္ခု

http://www.dhammadownload.com

သာသနာ့ အနွှာယ် ကာကွယ်ကြပါစို့




သာသနာစက်၊ တို့လက်ထက်၌
ဖြစ်ပျက်နေမှု၊ အစုစုကို
တစ်ခုမကြွင်း၊ ဉာဏ်အလင်းဖြင့်
ဖောက်ထွင်းကြည့်ရှုမိရာဝယ်။
ရာထူးတိုးမည်၊ ထီပေါက်မည်ဟု
ယုံကြည်တလွဲ၊ စိတ်အစွဲကြောင့်
ပါဠိလည်းမမှန်၊ ကရိဏ်းဌာန်တို့
နည်းမှန်မကျ၊ လိင်ကလွဲချော်
သဒ္ဒါသော်မှား၊ ဂါထာများကို
ရွေ့ဖျားဥုံခံ၊ သြောင်းမန္တာန်တည်း
ကြိမ်ဖန်ရွတ်ဖတ်နေကြသည်။
သုံးပါး ရတနာ၊ အားကိုးပါ၏
နှုတ်မှာဆိုငြား၊ လေးမထားပဲ
ကနားခင်းကျင်း၊ နတ်ပွဲသွင်းပြီး
ပုလင်းထောင်လျက်၊ စီးကရက်နှင့်
ကြက်ကြော်သားငါး၊ နတ်ရုပ်များနှင့်
သောက်စားမြူးသွက်၊ ဆူညံကျွက်ကာ
ရူးချက်သန်လွန်နေကြသည်။
စေတီစကြာ၊ ကွန်ချာတစ်သီး
ကြီးငါးကြီးတည့်၊ စိတ်နည်းထပ်ထပ်
ပုတီးပတ်ပေါင်း၊ ရှစ်သောင်းလေးထောင်



ပြည့်အောင်စိပ်က၊ ကျိုးသုခကို
မုချသေချာ၊ ရလိမ့်မည်ဟု
သဒ္ဓါဖြိုးမောက်၊ အစွန်းရောက်၍
အောက်မေ့မှတ်ထင်နေကြသည်။
မြတ်စွာဗုဒ္ဓ၊ ဂုဏ်ကိုးဝကို
စိတ်ကအာရုံ၊ မပြုတုံဘဲ
ဘယ်ပုံဘုရား၊ ဘွဲ့ကားဘယ်သို့
တန်ခိုးတို့က၊ ဘယ်လိုပြဟု
ယူဆမှန်းရည်၊ ကြံအစည်ဖြင့်
လောကီအကျိုး၊ ပြည့်လိမ့်နိုးနှင့်
မျှော်ကိုးပူဇော်နေကြသည်။
ကံနှင့်ကံကျိုး၊ အားမကိုးဘဲ
တန်ခိုး ''ခေါင်'' ထိပ်၊ ''အောင်'' နိမိတ်နှင့်
စိတ် အသာချ၊ ဝိဇ္ဇာမ မည်
တုတ်ကွကြည်ညို၊ မြတ်နိုးပို၍
ရိုသေလွန်ကဲ၊ ကန်တော့ပွဲနှင့်

http://www.dhammadownload.com



စွဲစွဲလမ်းလမ်း၊ ဓာတ်စခန်း၌
မျက်ကန်းကိုးကွယ်နေကြသည်။
ကျော်ကြားထင်ပေါ်၊ ဆရာတော်တို့
အမျှော်စိတ်ဓာတ်၊ ချဉ်းကပ်လာသည့်
ယုတ်မြတ်မဟူ၊ ထိုထိုလူကို
ပေးမူဓာတ်လုံး၊ သုံးလုံးဂဏန်း
အင်းကွက်ဆန်းနှင့်၊ တင်လွမ်းသိဒ္ဓိ
စွမ်းပါဘိတောင်း၊ ရှင်လူပေါင်းတို့၊
ထောင်သောင်းဆည်းကပ်နေကြသည်။
မြတ်ဗုဒ္ဓ၏၊ ဆုံးမခိုင်ကျည်
''ဓမ္မ'' သည်ကား၊လောကီ လောကုတ်၊
ကျိုးဂုဏ်ပုဒ်ကို၊မယုတ်ပြည့်ဝ၊ ပေးနိုင်စွတည့်
မဟာယာန၊ တန္တရဟု
အန္ဓ မိစ္ဆာ၊ ဓာတ်ဆရာနှင့်
ဝိဇ္ဇာ သခင်၊ စိမ့်ဖြာဝင်၍
တွင်တွင်ဝေဌ၊ အဓမ္မမည်
ဝါဒဒီလှိုင်း၊ အဆိပ်မှိုင်းကို
သည်တိုင်းကြည့်နေကြမည်လော။
မဖျိမ်ဝယ်၊ ဝါဒမှားတွေ၊
ထိုးဖောက်မွေ၍

ပျက်ကြေခဲ့ရာ၊ သာသနာ၏
စဉ်လာသမိုင်း၊ ကျောမခိုင်းဘဲ
ယှဉ်နွှဲနိုင်းပြန်ညှိ၊ တွေးခေါ်ကြည့်မှ
သိမြင်ဖြောင့်တန်း၊ အမှန်လမ်းသို့
တက်လှမ်းရောက်ရှိနိုင်ပေမည်။
သြော် . . . မြတ်ဗုဒ္ဓ၏
ဓမ္မအနှစ်၊ တရားစစ်တို့
နွမ်းညစ်သေးသိမ်၊ မမှားမှိန်ခင်
အလိမ်အညာ၊ မှားမိစ္ဆာတို့
များစွာထောင်သောင်း၊ အားမကောင်းခင်
ဘက်ပေါင်းစုံမှ၊ နည်းလမ်းချ၍
ဝါဒမှားယွင်း၊ အမိုက်သင်းကို
ပယ်ရှင်းချေမှုန်း၊ ပပျောက်သုဉ်းဖို့
အားလုံးတာဝန် ရှိပေသည်တကား။

■ ချမ်းမြေ့သာရ

http://www.dhammadownload.com

ရယူလိုသော လွတ်မြောက်မှု



အရှင်ဘုရား . . . . .
တပည့်တော်မ၏။ ကာယဝစီ
မနောချို့ထား၊ ကံသုံးပါးကို
စည်းတားစောင့်ကြပ်၊ မပြတ်လပ်အောင်
ရှုမှတ်ခြင်းများ၊ တိုးပွားမှုကို
ယခုလိုအပ်ပါသည်ဘုရား ။

အရှင်ဘုရား . . . . .
တပည့်တော်မ၏။ မောလျန္တမ်းအိ
စိတ်ဖိစီးခြင်း၊ သောကကင်းဝေး
အမြိုက်ဆေးနှင့်၊ ငြိမ်းအေးမှုကို
ယခုလိုအပ်ပါသည်ဘုရား ။

အရှင်ဘုရား . . . . .
ပေးသနားပါ၊ ခွန်အားတစ်ခု
ပုံ့လွင့်မှုများ၊ ထိန်းချုပ်သွားအောင်
တရားသတိ၊ အစဉ်ရှိမှ
ဓမ္မအင်အား၊ ထူးခြားမှုကို
ယခုလိုအပ်ပါသည်ဘုရား ။

အရှင်ဘုရား . . . . .
ဇရာနှင့်ဗျာဓိ၊ လာညှိနှိပ်စက်
နာခံခက်လှ၊ အနတ္တတရား
ထင်ရှားရှိခြင်း၊ အမြင်ရှင်းခိုက်
သေမင်းတံခါးခေါက်၊ မကြောက်တရား
ရင်ဆိုင်သွားရန်၊ သည်းခံစိတ်နှင့်
အသင့်ရှိနေပါပြီဘုရား ။ ။

■ နွယ် (စစ်တွေ)

http://www.dhammadownload.com

ဗုဒ္ဓ၏ မြတ်သာသနာကို



ပေါင်းညီတညာ စည်ကားတွေ့
ပြည်မြန်မာဓလေ့ မမေ့နိုင်
ကြည်သာမွေ့လို့ ယနေ့မြို့သည်
အတွေ့ပိုင်ပိုင် မြင်ပုံဆန်း။
ဘွဲ့ဂုဏ်ထူးဒြပ် ပေးအပ်ပါသည်
လေးမြတ်စရာမည် ပူဇော်ထိုက်သည့်ရဟန်း။

မြန်ပြည်တစ်ဝန်းမှ သာသနာ့အမွေကို
လာကြပါသလေ တစ်ဟိုးနယ်အနှံ့။
မြန်မာမက ကမ္ဘာအခြေတိုးကျယ်ပြန့်
အကျိုးတကယ် မတန့်ကျော်ကာ။
မြန်မာတွေ သဒ္ဓါဝေကဲတာက
ကိုးဆယ်ဆ ဆယ်ဆသာ။

ဗုဒ္ဓရဲ့ မြတ်သာသနာကို
ထပ်ခါသာ အစဉ်ထိန်း
ပြတ်ကွာခါ အသွင်မယိမ်းစေနဲ့
ရှင်ကိန်းမယ့်အမွေ။
ဘာသာတရားရဲ့ ကောင်းမှုတွေကို
ပေါင်းပြုပါလေ မိတ်ဆွေများတို့လေး။

■ အောင်သျှင်သူ (မဟာမြေ)

http://www.dhammadownload.com

သာသနာ့လမ်းပြကြယ်တစ်ပွင့်

၏


နှစ်ဂါးဆယ်ရွှေရတုခရီး







မာန်အောင်ချစ်ထွန်း



နိဒါန်း

တန်ဆောင်မုန်းလပြည့်ညဏ်၏ ငွေသော်တာ လမင်းကြီးသည် ကြယ်ပေါင်းစုံဝန်းရံခလျက် လောကဓာတ်တစ်ခွင်ကို အေးမြငြိမ်းချမ်းသည့် အလင်းဓာတ်ဖြင့် အစွမ်းကုန် အလှဆင်နေ၏။

ပတ်ဝန်းကျင် တစ်ခုလုံးသည် အတားအဆီးမဲ့ လွင်တီးခေါင်ကွင်းပြင်ကို ဖြတ်သန်း တိုက်ခတ်နေသည့် လေတိုးသံမှတစ်ပါး ပကတိတိတ်ဆိတ်နေ၏။ ညဉ့်ဌက်တို့၏ တွန်ကျူး အော်မြည်သံပင် မကြားရ။

http://www.dhammadownload.com

ကစ်လောကလုံး အိပ်မောကျနေသည့် တန်ဆောင်မုန်းလပြည့်ည သန်းခေါင်ကျော် နှစ်ချက်တီးအချိန်တွင် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်မူကား ကိုက်တစ်ရာသာသာခန့် ကျောက်ခင်းလမ်းကလေးပေါ်တွင် တစ်စုံတစ်ရာ အတွေးနက်စွာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်လျှက်ရှိ၏။ မြစ်သုံးခွဆိုင် ပင်လယ်ဝမှ ကွင်းပြင်ကြီးကို ဖြတ်သန်းတိုက်ခတ်လာသည့် လေသည် ထိုပုဂ္ဂိုလ်၏ ဝတ်ရုံကို တသုန်သုန်တိုးဝှေ့နေသည့်တိုင် သူ၏နက်ရှိုင်းသော အတွေးအိမ်ကိုကား တစ်စုံတစ်ရာ အနှောက်အယှက် မပေးနိုင်။

ယခုအချိန်ဝယ် သူ၏ မျက်လုံးများကို အနီးကပ် စူးစမ်းကြည့်မည်ဆိုလျှင် သမုဒ္ဒရာ ရေနက်နက်ကို ကြည့်ရသကဲ့သို့ နက်ရှိုင်းတည်ကြည်နေကြောင်း တွေ့ရမည် ဖြစ်သည်။ အလားတူပင် သူ၏ နှုတ်ခမ်းနှစ်လွှာမှာလည်း ပိပိစပ်စပ် စေ့ထားသည်ကို တွေ့ရလေမည်။ ပြည့်ဖြိုးကြွေ့ခိုင်သည့် ပခုံး၊ လက်ရုံးများ လူပ်ရှားဟန်၊ ခြေတစ်လှမ်းတိုင်း၊ ခြေတစ်လှမ်းတိုင်း ရွေ့လျားဟန်တို့ကအစ နက်ရှိုင်းသော သူ၏အတွေးနှင့် ထပ်တူလေးနက်ခန့်ညားနေ၏။

သူသည် လေးနက်သော အတွေးထဲ၌ မိနစ်ပေါင်းများစွာ ပျော်ဝင်ခဲ့သည့်အဖြစ်ကို ရုတ်တရက် ပြန်လည် သတိပြုမိလေဟန်ဖြင့် အသက်ပြင်းပြင်း တစ်ချက် ရှိုက်လိုက်၏။ တင်းနေသော အာရုံကြောများကို ဖြေလျှော့လိုက်၏။

''အော်. . . လာမယ့် တပေါင်းလဆန်း ၈ ရက်နေ့ ဆိုလျှင် ငါ့အသက် ငါးဆယ်ပြည့်တော့မှာပါလား''

သူသည် တစ်ကိုယ်တည်း တိုးတိုးလေး ရေရွတ်လိုက်၏။ တကယ်တော့ သည်စကားလုံး၊ သည်ဝေါဟာရတွေကို သည်ညအဖို့ ဆိုမြည်ရေရွတ်ခြင်းမှာ သည်အကြိမ်သည် ပထမအကြိမ် မဟုတ်။ သည်စကြံန်လမ်းကလေးပေါ် စတင်ခြေချသည့် လွန်ခဲ့သော (၂) နာရီခန့်က ဤသို့လျှင် တစ်ကြိမ် ရေရွတ်ခဲ့ပြီး ဖြစ်ပါ၏။ သို့နှယ် ရေရွတ်ပြီး သည့်နောက်မှာ. . .

''အော် ငါ၏ မွေးဖွားဖြစ်တည်ခြင်းတည်းဟူသော ဘဝသည် တစစ ချုပ်ငြိမ်းလာခဲ့သည်မှာ နှစ်ပေါင်း ငါးဆယ်တွင်းသို့ ချဉ်းနင်းခဲ့ပြီးနောက် ငါ၏ရှေ့မှာ ဇရာ၊ ဗျာဓိ၊ မရဏာတည်းဟူသော တရားများက အဆင်သင့် စောင့်လင့်လျက်ပါတကား'' ဟူသော အတွေးမှသည်. . .။

ကျားရဲရာမှာ ကြမ္မာကိုး၍ လူအဖြစ်ကို ရခဲ့သည်

ရခိုင်ပြည်နယ်၊ မြေပုံမြို့သည် ဖရုံကာကျွန်းသုံးကျွန်းနှင့် ရခိုင်ကမ်းမြောင် အကြားရှိ ဟန်တာပင်လယ်အော်ထဲသို့ ထိုးထွက်နေသည့် အငူစွန်းပေါ်၌ တည်ရှိ၏။ မြေပုံမြို့နယ် အတွင်းရှိ ရွာကြီး ရွာငယ်အများစုမှာ ကျွန်းစုများပေါ်၌ တည်ရှိသဖြင့် မြေပုံမြို့နယ်ကို ''ကျွန်းစဉ်မြေ'' ဟုတင်စားခေါ်ဝေါ်လေ့ရှိပါသည်။

အိမ်ခြေကိုးရာကျော် လူဦးရေ ငါးထောင်ကျော်ရှိသည့် သရက်တောင်ရွာကြီးမှာလည်း ထိုကဲ့သို့ပင် ကျွန်းစဉ်ရွာကြီးဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀။ ၁၉၅၇ ခုနှစ် ဝန်းကျင်က မြေပုံမြို့နယ်၊ ကျွန်းစဉ်မြေ တစ်လျှောက်သည် ဖ-ဆ-ပ-လ အစိုးရကို တော်လှန်ပုန်ကန်နေကြသော လက်နက်ကိုင် ရောင်စုံအဖွဲ့အစည်းများ ကျက်စားရာ ဖြစ်ခဲ့၏။ ''ဘယ်အချိန်မှာ ကိုယ့်မြေ ကိုယ့်ရွာထဲမှာ တိုက်ပွဲဖြစ်လေမလား၊ အစိုးရသူလျှို သတင်းပေးဟု အထင်အမြင်မှားပြီး မတော်မတရား သတ်ဖြတ်ခံရမလား၊ ပေါ်တာ အဆွဲခံရရာက တိုက်ပွဲကြားမှာ ကျည်သင့်သေလေမလား''ဟူ၍ ကျီးလန့်စာစား နေ့တထိတ်ထိတ် ညတစ်ထိတ်ထိတ် အသက်ရှင်နေရသော ကာလဖြစ်ပါသည်။

''မနုဿတ္တဘာဝေါ ဒုလ္လဘော''ရခဲလှသော လူ့ဘဝကို ရကားရပါ၏။ စားကောင်းခြင်း မစားရ၊ အိပ်ကောင်းခြင်း မအိပ်ရ၊ တထိတ်ထိတ်တဖိုဖို ရှင်သန်ရသော ဘဝမျိုးကို ထိုစဉ်က ကျွန်းစဉ်မြေ လူထုသည် အကြောင်းမလှစွာ ခံယူခဲ့ရရှာပါသည်။

ယခုအခါ ကျွန်းစဉ်မြေဒေသမှ သရက်တောင်ရွာကြီးသည် တွဲဖက်အထက်တန်းကျောင်းကြီး၊ ကျေးလက်ဆေးပေးခန်း၊ ကျေးရွာစာဖတ်အသင်းတို့ဖြင့် မြို့ငယ်ဆိုင်အေးချမ်း ဘေးမသန်းသော ပဋိရူပဒေသဖြစ်နေသော်ငြား လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကာလကမူ 'ကျားရဲရာကြမ္မာကိုး'၍ အသက်ရှင်ရသော ဘဝဖြစ်ခဲ့ပါသည်။

သည်လိုခေတ်ကာလဆိုးမှာ ဦးရွှေမြအောင်၊ ဒေါ်ညိုနှင်းတို့မှ ရွှေရတုမွေးနေ့ရှင် မထေရ်လောင်းလျာကလေးကို မွေးဖွားခဲ့ခြင်း ဖြစ်ပါသည်။ ၁၃၁၈-ခုနှစ်၊ တပေါင်းလဆန်း (၈)ရက် (၈-၃-၁၉၅၇) သောကြာနေ့ နံနက် (၉း၃၆)မိနစ်တွင် မွေးဖွားခဲ့သော ထိုကလေးကို ဇာတာကိန်းခန်း အရ ဆိုသော် 'သ၊ ဟ' အက္ခရာများဖြင့် အမည်ပေးရမည် ဖြစ်သော်ငြား ရခိုင်ကျေးလက်ထုံးစံကမူ

http://www.dhammadownload.com

အဖ၊ အမိ (သို့မဟုတ်) မိသားစုအကြီးအကဲတို့၏ အမည်နှင့် စပ်၍ ကင်ပွန်းတပ်ရိုးရှိကြသဖြင့် အဖဦးရွှေမြအောင်အမည် နှင့်စပ်၍ မောင်မြရွှေဟု မှည့်ခေါ်လိုက်ကြ၏။ သူ့အထက်က အစ်မကြီး (၂)ယောက်နှင့် အစ်ကိုတစ်ယောက်ကိုလည်း သည်ပုံနည်းအတိုင်းပင် မမြမြသိန်း၊ မသိန်းရွှေ၊ မောင်မြသိန်း စသည်ဖြင့် မှည့်ခေါ်ခဲ့ကြသည် မဟုတ်လား။

သို့သော် ရှေးခေတ်အဆက်ဆက် ဘုန်းတော်ကြီးသင် ပညာရေးစနစ်ကျေးဇူးကြောင့် ရခိုင်ပြည်နယ် တစ်ဝှမ်း ထိပ်ခေါင်တောင်ဖျားအရပ်များမှာပင် သင်ပုန်းကြီး, နမက္ကာရ, ပရိတ်ကြီး, သဒ္ဒါ, သင်္ကြိုဟ်, လောကနီတိ, ကိုးကြောင်းဗေဒင်, အစရှိသည့် အခြေခံပညာလောက်ကို လူတိုင်းလိုလို တတ်ကျွမ်း ကြသည်ဖြစ်ရာ မောင်မြရွှေလေး၏ ဇာတာကိုလည်း ဖိုးအေ၊ ဘကြီးများက ထုံးစံအတိုင်း တွက်ချက်စစ်ဆေးကြပါ၏။

''သောကြာသား၊ အဓိပတိဖွား၊ နေတက် ရေတက်မွေးဆိုတော့ ထူးချွန်ထက်မြက်မယ့်ကလေး'' ဟူ၍တစ်ညီတစ်ညွတ်တည်း အဟောထွက်ကြ၏။ ဇာတာအရ မောင်သန်းထွန်းဟုလည်း အမည်ပေးကြ၏။

သည်အထဲမှာ အဖိုးဦးဖိုးစောထွန်း၏ အစ်ကို အဖိုးကြီး ဦးဖိုးစောလှကမူ ကျောက်သင်ပုန်းလည်းမရှာ၊ ကျောက်တံလည်းမကိုင်ပဲ ကားယားပက်လက် မောင်မြရွှေကလေး၏ ဦးခေါင်း ဖွံ့ဖွံ့နှင့် စွင့်စွင့်ကားကား နားနှစ်ဖက်ကို စေ့စေ့ကြည့်ကာ–

''ဒီကလေးဟာ အရေးပိုင်ကြီးဝင်စားတာ၊ ငါအသေအချာပြောဝံ့တယ်'' ဟူ၍ ပီပီသသပြတ်ပြတ်သားသားကြီး ဆိုလိုက်လေသတည်း။



အရေးပိုင်မင်း ဦးမြထွန်းအောင် (အရေးပိုင် ၁၇၅၆-၁၉၁၉)

ဘမျိုးဘိတူဖြစ်လေမလား

အဖိုးကြီး ဦးဖိုးစောလှပြောသည့် အရေးပိုင်ကြီးဆိုသည်မှာ ဗြိတိသျှကိုလိုနီခေတ် မြန်မာတိုင်းရင်းသားများထဲမှ ပထမဆုံး အရေးပိုင်ရာထူးကိုရရှိခဲ့သည့် ဒီဗီဇဦးမြထွန်းအောင် (C.I.E, K.S.M,A.T.M) (၁၈၅၆–၁၉၁၉)ဖြစ်ပါသည်။

ကြက်သရေဆောင် ရွှေစလွယ်ရ အရေးပိုင်ကြီး ဦးမြထွန်းအောင် ထက်မြက်ပုံ၊ ဉာဏ်ရည်ဉာဏ်သွေးကောင်းပုံ၊ အုပ်ချုပ်ရေး ပညာကျွမ်းကျင်ပုံ၊ အမြော်အမြင်ကြီးပုံ၊ ရည်မှန်းချက်ကြီးပုံ၊ ဇွတ်တရွတ်လုပ်တတ်ပုံ၊ စွန့်စားဝံ့ပုံ၊ အမဲလိုက်၊ ငါးမျှားဝါသနာပါပုံတို့ကို ရခိုင်ပြည်အဝှမ်း နတ်ဒေဝတာပုံပြင်ကဲ့သို့ လူကြီးသူမများ တဖွဖွပြောခဲ့ကြရ၏။


၁၉၁၉ ခုနှစ်တွင် ကွယ်လွန်ခဲ့သော အရေးပိုင်ကြီးသည် (၃၈)နှစ်ကြာသောအခါ မိမိတို့၏ ဆွေစဉ်မျိုးဆက်ထဲသို့ တစ်ဖန်ပြန်လည်ဝင်စားလာခဲ့ပြီဟူ၍ ဦးဖိုးစောလှက နှစ်နှစ်ကာကာ ယုံကြည်စွဲမြဲခဲ့ပါတော့သည်။ မိမိ၏ မြေးတော်မောင်၊ မောင်မြရွှေ (ခ) မောင်သန်းထွန်းကလေးသည် မိမိ၏ အဖိုးလေး အရေးပိုင်ကြီးကဲ့သို့ပင် 'ဘမျိုးဘိတူ'ကာ ထူးချွန်ထက်မြက်သော လူချွန်လူမွန် တစ်ဦးမုချဖြစ်လာလိမ့်မည်ဟုလည်း ဦးဖိုးစောလှက နိမိတ်စကား တဖွဖွဆိုမြည်တတ်လေသည်။

မောင်မြရွှေ (ခ) မောင်သန်းထွန်း၏ အဘမျိုးရိုးသာလျှင် ကြီးကျယ်သည်မဟုတ်၊ အမိမျိုးရိုးကလည်း ခမ်းနားခဲ့ပါသည်။

'သရက်တောင်ဒေါ်အိုးတတ်မ' ဆိုလျှင် မြေပုံမြို့နယ်သာမက အမ်းမြို့နယ်ကပင် **'ဓမ္မာဂီရိတောင်ပေါ် ဘုရားဒါယိကာမကြီး'** ဖြစ်ကြောင်းသိကြပါသည်။ ထိုဘုရားဒါယိကာမကြီး၏ ညီမရင်း ဒေါ်အိုးဖောက်မ၏ သား ရခိုင်တိုင်းရင်းဆေးဆရာကြီး ဦးစံသာအောင်နှင့် ချွေးမ ဒေါ်ဗိန်မတို့မှ မောင်မြရွှေ၏မိခင် ဒေါ်ညိုနှင်းကို မွေးဖွားခြင်းဖြစ်ပါသည်။

'လူမှာအမျိုး၊ ကြက်မှာအရိုး'ဟု ရှေးဆိုထုံးရှိပါသည်။ အမျိုးပင်ညံ့လင့်ကစား တစ်မိပေါက် တစ်ယောက်ထွန်းပြီး လူချွန်လူမွန်ဖြစ်လာသူတွေလည်း ရှိပါသည်။

http://www.dhammadownload.com




လောကသရဖူ သယမ္ဘူစေတီတော်

မျိုးရိုး စဉ်လာကောင်းပါလျက် ကိုယ့်အလှည့်ကျမှ ဖျင်းသုန်သွားသူများလည်းရှိပါသည်။

မည်သို့ဆိုစေ၊ လူချွန်လူမွန်၊ လူတော်လူကောင်း တစ်ယောက်ဖြစ်လာရေး၌ မျိုးရိုးကောင်းခြင်းသည် ကြီးစွာသော အထောက်အပံ့ဖြစ်သည်ဟု ဆိုချင်ပါသည်။

မောင်မြရွှေကလေးသည် လူမှန်းသိတတ်စ အရွယ်မှာပင် မိမိသည် နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ်၊ အဘိတော်သူ တိုင်းသိပြည်သိ သမိုင်းဝင်ပုဂ္ဂိုလ်ကြီး ဝင်စားသူဖြစ်သည်။ မိခင်မျိုးရိုးကလည်း ကိုယ့်နယ် တဝှမ်းမှာ လူတကာလေးစားရသော မျိုးရိုးဖြစ်သည်ဆို သော အသိက နုနယ်သော နှလုံးသားမှာ တံဆိပ်ခပ် နှိပ်လိုက်သလို စွဲမြဲခဲ့၏။ ထိုအသိစိတ်ကပင် မောင်မြရွှေ ကလေး၏ ဘဝကို အင်အားကြီးစွာ တွန်းအားပေးခဲ့၏။

အဘ၏မျိုးရိုးစဉ်ဆက်



http://www.dhammadownload.com

အမိ၏မျိုးရိုးစဉ်ဆက်

၁။ ဒေါ်အိုးတတ်မ (သရက်တောင်ရွာ၊ဓမ္မာဂိရိတောင်ပေါ်ရှိ လောကသရဖူသယမ္ဘူဘုရားဒါယကာမကြီး)
၂။ ဒေါ်အိုးဖောက်မ (ခင်ပွန်း–ဦးနွားထိုးအောင်)
၃။ အမည်မသိ

၁။ ဦးစံသာအောင် (ဇနီး ဒေါ်ဗိန်မ)
၂။ အမည်မသိ
၃။ ဦးထွန်းအေး
၄။ ဒေါ်ကံယုံ

၁။ ဦးအောင်ချမ်းဦး
၂။ ဒေါ်နှင်းလှ
၃။ ဦးအောင်ဖိုး
၄။ ဒေါ်နှင်းဖြူ
၅။ ဦးထွန်းယဉ်
၆။ ဒေါ်နှင်းယဉ်
၇။ ဦးပဲ့ဖြိုး



၈။ ဒေါ်ညိုနှင်း (ခင်ပွန်းဦးရွှေမြအောင်)

၁။ ဒေါ်မြမြသိန်း
၂။ ဒေါ်သိန်းရွှေ
၃။ ဦးမြသိန်း (ကွယ်လွန်)
*၄။ မောင်မြရွှေ (ခ) မောင်သန်းထွန်း

'ငါညံ့လို့မဖြစ်၊ ငါမိုက်လို့မဖြစ်၊ ငါညံ့လျှင်၊ ငါမိုက်လျင် အစဉ်အလာကြီးမားခဲ့သော ငါ့မျိုးရိုးတစ်ခုလုံး ဂုဏ်သတင်း ညှိုးမှိန်လိမ့်မည်' ဆိုသော အသိက မောင်မြရွှေ၏ စိတ်နေ စိတ်ထားကို မြင့်မားစေ၏။ ကောင်းမြတ်ခြင်းသို့ ဦးတည်စေ၏။

ဤသည်ပင်လျင် မိမိကိုယ်တိုင် ရွေးချယ်ခဲ့သည်မဟုတ်ပဲလျက် ကုသိုလ်ကံအကျိုးပေးကြောင့် ရရှိလာသည့် မျိုးရိုးကောင်းခြင်းမှ ပေးအပ်လိုက်သော ဘဝပေးဆုလာဘ်ပင်ဖြစ်ပါတော့သည်။

လောကဓံမုန်တိုင်း

သားသမီးလေးယောက်၏ သာယာနာပျော်ဖွယ် ဆည်းလည်းသံကလေးများဖြင့် သာယာချမ်းမြေ့ဖွယ်သော ဦးရွှေမြအောင်၊ ဒေါ်ညိုနှင်းတို့၏ သီရိဂေဟာအိမ်က လေးဆီသို့ မောင်မြရွှေကလေးမွေးဖွားပြီး သုံးနှစ်မျှ ကြာသောတစ်နေ့တွင် မထင်မှတ်သော မုန်တိုင်းတစ်ခု ဝင်ရောက်မွှေနှောက်ခဲ့လေသည်။ အရွယ်ကောင်းတုန်းမှာ မမျှော်လင့်ပဲ ဦးရွှေမြအောင်ကွယ်လွန်ခဲ့လေသည်။

လက်ဦးဆရာမည်ထိုက်စွာသော မိဖနှစ်ပါး အနက် မိသားစု၏ ဥဿျာဂ်၊ ရှေ့ဆောင်လမ်းပြ ဖခင်ကြီး ဆုံးပါးရခြင်းသည် ဥခွံကျွတ်စ ငှက်ငယ်ကလေးခိုလှုံရာ ပညောင်ပင်ကြီး မုန်တိုင်းထိ၍မြေခရသည့် ပမာပါတည်း။ တစ်နည်းအားဖြင့် မောင်မြရွှေကလေး၏ ကြည်စင်သော ဘဝမိုးကောင်းကင်ဝယ် လောကဓံမုန်တိုင်းဆင်၍ တိမ်ညိုဖုံးခံလိုက်ရ ခြင်းပင်ဖြစ်ပါသတည်း။

မိမိတို့မိသားစုမှိုခိုအားထားရာ ခင်ပွန်းသည် မျက်နှာကွယ်သွားသောဒဏ္ဍာခါ မိန်းမသားတစ်ယောက် အနေနှင့် ဥမမယ်စာမမြောက် ကလေးလေးယောက်ကို

http://www.dhammadownload.com



အဖိုးကြီး ဦးဖိုးစောလှ ဇနီးမောင်နှံ



သရက်တောင်ကျောင်းကြီး

ပိုက်ကာ ကျားရဲရာမှာ ကြမ္မာကိုး၍ မနေသင့်တော့ပြီ။ ဆွေမျိုးများရှိရာ ကမ်းထောင့်ကြီးရွာသို့ ပြောင်းရွှေ့ခဲ့ရ၏။ ကမ်းထောင့်ကြီးရွာက ရွာလည်း ကြီးပြီး ရဲစခန်းလည်း ရှိသည့်အပြင် တပ်မတော် တိုက်ကင်းမပြတ်လှည့်လှေ့ရှိသဖြင့် လုံခြုံမှုရှိသည်။

ဒေါ်ညိုနှင်းတို့သားအမိတစ်သိုက်သည် မောင်မြရွှေကလေး (၃)တန်းအောင်ပြီး မှ သရက်တောင်သို့ ပြန်လည်ပြောင်းရွှေ့ကာ အိမ်ဆိုင်ကလေးဖွင့်၊ တစ်ဖက်က စက်ချုပ်ပြီး ဘဝရပ်တည်ခဲ့ရလေသည်။

၁၃၂၇-ခု၊ တပေါင်းလဆန်း (၈)ရက်၊ မောင်မြရွှေ အသက် (၉)နှစ်ပြည့်သည့်နေ့မှာပင် ရခိုင်ရိုးရာဗုဒ္ဓဘာသာထုံးဓလေ့အတိုင်း သရက်တောင် ဆရာတော် ဘဒ္ဒန္တသုနဒ္ဒရကို ဥပဇ္ဈာယ်ပြု၍ မိခင်ကြီး ဒေါ်ညိုနှင်းက ရှင်သာမဏေပြုပေးလေသည်။

ကမ္ဘည်းတင်စရာ သရက်တောင်သာသနာ

မြေပုံမြို့နယ်၊ သရက်တောင်ကျေးရွာ သရက်တောင်ကျောင်းကြီး၌ ဆရာတော် ဦးကေတု, ဆရာတော် ဦးဥဏ္ဏ, ဆရာတော် ဦးဂုဏာဝါ, ဆရာတော် ဦးကုမာရ, ဆရာတော် ဦးနာဂိန္ဒ, ဆရာတော် ဦးသုနဒ္ဒရ-ဟူ၍ ကျောင်းထိုင်ဆရာတော်အဆက်ဆက်ရှိခဲ့သည့်အနက် ဆရာတော် ဘဒ္ဒန္တဂုဏာဝါ (၁၂၄၄-၁၃၂၀)သည် ရခိုင်ပြည်နယ်၏ ပထမဆုံး ''အဂ္ဂမဟာပဏ္ဍိတ'' ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဖြစ်ပါသည်။ ဆရာတော် ဘဒ္ဒန္တဂုဏာဝါ၏ ဆရာမှာလည်း အထက်မြန်မာပြည်၏ ပထမဆုံး ပထမကျော်၊ ပထမဆုံးသက္ကသီဟ၊ ဖြိတိသျှအစိုးမှ ဆက်ကပ်သော အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု၊ ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃာ့အဖွဲ့ဥက္ကဋ္ဌ၊ မစိုးရိမ်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ (၁၂၄၁-၁၃၃၇)ဆရာတော်ကြီးဖြစ်ပါသည်။ မန္တလေးမြို့၊ မိုးကောင်းကျောင်းတိုက်တွင် ဆရာတော် ဦးသူရိယထံ၌ အတူနေ၍ စာပေပရိယတ္တိသင်ယူနေရင်း၊ ၁၂၇၁-ခုနှစ်တွင် မစိုးရိမ်ကျောင်းတိုက်သို့ ပြောင်းရွှေ့ သီတင်းသုံးသောအခါ အတူတကွ လိုက်ပါခဲ့သည့် တပည့်ရင်းဖြစ်လေသည်။ မစိုးရိမ်ဆရာတော်နှင့် သရက်တောင်ဆရာတော် ဆရာတပည့်နှစ်ပါးသည် ၁၃၁၆-ခုနှစ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ၌ ဆဋ္ဌသင်္ဂါယနာတင်သောအခါ မစိုးရိမ်ဆရာတော်က ဆဋ္ဌသင်္ဂါယနာဝန်ဆောင် သံဃာ့ဥက္ကဋ္ဌ၊ သရက်တောင်ဆရာတော်က ဆဋ္ဌသင်္ဂီတိပဋ္ဌိဝိသောဓကအဖြစ်ဖြင့် ပြန်လည် ဆုံတွေ့ကြရပြန်၏။ မဆုံနိုင်သော ရေစက်ပါပင်။ မန္တလေး မစိုးရိမ်နှင့် မြေပုံ သရက်တောင်သည် ဤသို့လျှင် ရှေးနှစ်ပေါင်းများစွာကတည်းက နွယ်ယှက်စပ်ဆိုင်ခဲ့ဖူးရာ၊ ထိုဆက်နွယ်မှုသည် နောင်အခါ မည်သို့ကြောင်းကျိုး ဆက်စပ်လာလေဦးမည်နည်း။

ကုံကူလက်လှည့်ဥပဇ္ဈာယ်ဆရာ

''သုနဒ္ဒရံ စိတ္တံ ယဿာတိ သုစိတ္တော''-တဲ့။ ယဿ ဘိက္ခုနော-အကြင်ရဟန်းအား၊ သုနဒ္ဒရံ-ကောင်းသော၊ စိတ္တံ-စိတ်သည်၊ အတ္ထိ-ရှိ၏၊

http://www.dhammadownload.com



ကျေးဇူရှင်ဦးလေးတော် ဘဒ္ဒန္တအာဒိစ္စ(ဇင်းတောဆရာတော်)

ကိုယ်တော်ဦးအာဒိစ္စ (ယခု အမ်းမြို့နယ်၊ ဇင်းတောရွာကျောင်းထိုင်ဆရာတော်) ကလည်း ဖတစ်ဆိုးတူကလေးကို မိဘတစ်တန်ရင်အုပ်မကွာ စောင့်ရှောက်ထိန်းသိမ်းအလိုလိုက်သဖြင့် ရှင်သုစိတ္တကလေးအဖို့ အမေ့ရင်ခွင်နှင့် မခြား နွေးထွေးလုံခြုံမှုအပြည့်ရခဲ့ဖ၏။

သည်လိုနှင့် သရက်တောင်ကျောင်းမှာ (၂)နှစ်ခန့် နေပြီးသောအခါ ဇာတ်ကြီး ဆယ်ဘွဲ့ကို စတင်သင်ယူရ၏။ ဇာတ်ကြီးဆယ်ဘွဲ့၊ ငါးရာငါးဆယ်ဗုဒ္ဓဝင်နိပါတ်တော်များမှာ ရှင်သုစိတ္တနှင့်တကွ သရက်တောင်သူ/သားများအဖို့ အစိမ်းသက်သက်မဟုတ်။


အကျယ် ၉၀' × ၇၂' ရှိသော သရက်တောင်ပင်မကျောင်းကြီးအတွင်း နံရံပတ်လည်တစ်ခုလုံး ငါးရာငါးဆယ် နိပါတ်တော်နှင့် ဗုဒ္ဓဝင်သစ်သားရုပ်ကြွများဖြင့် တန်ဆာဆင်ထားသလို၊ သံဃာစင်နောက် ခေါင်းရင်းနံရံများလည်း မဟာဇနကဇာတ်တော်ကြီးကို လည်းကောင်း ကျောင်း၏မျက်နှာစာတွင် ဝေဿန္တရာဇာတ်တော်ကြီးကိုလည်းကောင်း သရုပ်ဖော်ရေးဆွဲထားသော ပန်းချီကားကြီးက နေရာယူလျက်ရှိ၏။

ထို့ပြင် တဝ,သရက်တောင်ရွာဟောင်းပိုင်း မဏ္ဍာဂိရိတောင်ပေါ်ရှိ ဥာဏ်တော် ၂၇' ရှိ 'စည်ပင်သာယာဘုရားကြီး' ကိန်းဝပ်စမ္ပါယ်တော်မူရာ ဂန္ဓကုဋီတိုက်အတွင်း နံရံများ၌လည်း သစ်သားဖောင်းကြွ ဗုဒ္ဓဝင်ဇာတ်နိပါတ်များဖြင့် တန်ဆာဆင်ထား၏။

သရက်တောင်ကျောင်းကြီးနှင့် စည်ပင်သာယာဘုရားကြီး, ဂန္ဓကုဋီတိုက်နံရံများမှ ဗုဒ္ဓဝင်ဇာတ်နိပါတ်သရုပ်ဖော်ပုံကားချပ်ရုပ်လုံးများက ဖူးမြင်ရသူတို့အား သဒ္ဓါကြည်ညိုစိတ်ယိုဖိတ်စေ၏။ ဗုဒ္ဓအဆုံး

ကျတိတသ္မာ– ထိုသို့စိတ်ကောင်းရှိသည့် အဖြစ်ကြောင့်၊ သော ဘိက္ခု–ထိုရဟန်းသည်၊ သုစိတ္တော–'သုစိတ္တ' မည်၏တဲ့။ မှတ်ထားနော် ကိုရင်လေး၊ စိတ်ကောင်းရှိမှ သုစိတ္တဖြစ်မယ်၊ သုစိတ္တလို့ နာမည်ပေးထားပြီး စိတ်ကောင်းမမွေးရင် ဒုစိတ္တဖြစ်သွားမယ်၊ အဲဒီတော့ ကိုယ့်နာမည်ကို ကိုယ်ကိုယ်တိုင်စောင့်ရှောက်ရမယ်၊ ကြားလား''

ရှင်သာမဏေပြုသည့်နေ့က 'ရှင်သုစိတ္တ'ဟူသော သာမဏေဘွဲ့မည်ကိုပေးသည့် ဥပဇ္ဈာယ်ဆရာတော် ဦးသုန္ဒရ၏ မိန့်မှာချက်မှာ ရှင်သုစိတ္တ၏ ရင်ထဲတွင် ပဲ့တင်ဟီး၍ နေခဲ့လေသည်။ ဆရာတော်၏ အဆုံး



မူလဥပဇ္ဈာယ်ဆရာတော် ဘဒ္ဒန္တသုန္ဒရ
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

အမသည် မျိုးရိုးဗီဇက ကိန်းဝပ်ပါလာသည့် စိတ်ထား အခြေခံကောင်းပေါ်၌ ထပ်ဆင့်လွှမ်းခြုံခဲ့ပြန် လေသတည်း။

နလုံးသားထဲက အမြုတေရုတနာ

ရှင်သုစိတ္တ သာမဏေဖြစ်လာချိန်ဝယ် သရက်တော်ကျောင်းကြီးတွင် ရဟန်း သာမဏေ (၂၀)ကျော်ခန့် ရှိ၏။ ဆရာတော် ဦးသုန္ဒရသည် ရှင်သုစိတ္တတို့လို ကလေးသူငယ်များကို စည်းကမ်းများစွာတင်းကြပ်မထား။ သာမဏေကလေးများကျောင်းနေပျော်ရေးကိုသာ အဓိကထား၍ ထိုက်သင့်အားလျော်စွာ လွတ်လပ်ခွင့်ပေး၏။ အများသူငါ ကျောင်းသားမောင်ရှင် ကလေးများနည်း တူ ရှင်သုစိတ္တကလေးသည်လည်း ကျယ်ဝန်းသော ကျောင်းဝိဟာထဲမှာ ပျော်ပျော်ပါးပါးဆော့ကစားရင်း ကျောင်းနောက်ဖက်ချောင်းထဲဆင်းပြီး ရေကူးရင်း၊ ပေါ့ပေါ့ပါးပါး ကျောင်းသင်ခန်းစာကလေးများကို ကျက်မှတ်ရင်း ကျောင်းပရဝုဏ်ထဲမှာ တစ်စစ ပျော်မွေ့လာ၏။

ရှင်သုစိတ္တ၏ ဦးလေးတော် ခန်းနေစာချ

http://www.dhammadownload.com

အမများကိုလည်း မြင်ယောင်ကြားယောင်စေ၏။

ကိုရင်ကလေးရှင်သုစိတ္တသည်လည်း ထိုပန်းချီကားများကို သဒ္ဓါကြည်ညိုစိတ်ဖြင့် တစိမ့်စိမ့်ဖူးမျော်ရင်း ဇာတ်ကြီး ဆယ်ဘွဲ့ကို ပီတိနှင့်တကွအထပ်ထပ်ကျက်မှတ်သင်ယူခဲ့သည်ဖြစ်ရာ၊ ဖတ်ရင်းမှတ်ရင်း တဖြည်းဖြည်း စွဲလန်း လာရုံမက အလောင်းတော်တို့၏ ဖြူစင်မြင့်မြတ်ခြင်း၊ စွန့်လွှတ်အနစ်နာခံခြင်း၊ ဇွဲလုံ့လထက်သန်ခြင်း၊ မဆုတ်မနစ်အားထုတ်ခြင်း၊ ခမ်းနားကြီးကျယ်ခြင်း စသည်တို့ကို ကြည်နူးခြင်း, ဝမ်းမြောက်ခြင်း, အားကျခြင်းတို့ဖြင့် ဟဒယ၌ အပြီးတိုင်စိမ့်ဝင်စွဲမြဲစေခဲ့၏။

အထူးသဖြင့် ကျောင်းခေါင်းရင်းနံရံပေါ်က မဟာဇနကမင်းကြီး၏ ဇွဲလုံ့လနှင့် ကြံ့ခိုင်သော စိတ်ခွန်အားသတ္တိကို လေးစားကြည်ညိုစိတ်ဖြင့် အားကျမိခဲ့လေသည်။

သဘော်ပျက်၍ ကမ်းမမြင်၊ လမ်းမမြင် ပယ်လယ်ပြင်ကြီးထဲ၌ အားသွန်ကူးခတ်နေသော မဟာဇနကမင်းကြီးအား မယ်တော်ဟောင်းမဏိမေခလာနတ်သမီးက ယောကျ်ား မြတ်စိတ်ဓာတ်ကိုစမ်းသပ်လို၍ ''အဘယ်ယောကျ်ား၊ ကမ်းမမြင်၊ လမ်းမမြင်ပင်လယ်ပြင်ကြီးထဲမှာ မကူးလျင်လည်း သေရမည်၊ ကူးလျင်လည်း သေရမည့်အတူ အဘယ့်ကြောင့် အမောအပန်းခံ၍ ကူးခတ်နေဘိသနည်း'' ဟု မေးမြန်းသောအခါ မင်းကြီးက ''**ကမ်းကို ရောက်ရေးမရောက်ရေးသည် ငါကိစ္စမဟုတ်၊ ငါသည်ယောကျ်ားတစ်ယောကျ်ားဖြစ်သောကြောင့် ယောကျ်ားကောင်းတို့၏ မသေမချင်း မလျှော့သော ဇွဲလုံ့လဖြင့် ကူးခတ်နေခြင်းဖြစ်သည်**'' ဟူ၍ ပြန်ဖြေလိုက်ပုံကို ရှင်သုစိတ္တအလွန်သဘောကျမိလေသည်။ များစွာသောပီတိကိုလည်း ဖြစ်စေ၏။ မဟာဇနကမင်းကြီး၏ ခိုင်မာသော စာရိတ္တသတ္တိကိုလည်း အလွန်အားကျမိလေသည်။

မဟာဇနကမင်းကြီး၏ အဆိုပါ ဇွဲသတ္တိသည် ရှင်သုစိတ္တကိုယ်တိုင် မသိလိုက်ပဲလျက် ရှင်သုစိတ္တ၏ နှလုံးသားထဲတွင် အမြုတေတစ်ခုပမာ ကိန်းအောင်းခဲ့လေသတည်း။

အသက် (၁၁)နှစ်သားအရွယ်တွင် ဇာတ်ကြီးဆယ်ဘွဲ့ကို နှုတ်ကုန်ရွရွ သင်အံကျက်မှတ်ပြီးသောအခါ အလောင်းတော်တို့၏ ခိုးကျူးအားကျဖွယ်၊ အတုယူဖွယ်၊ လိုက် နာဖွယ် သင်ခန်းစာတို့အား မိမိပီတိဖြစ်ရသလို မိမိချီးကျူးအားကျသလို မိမိအတုယူ လိုက်နာသလို တပါးသူတို့ကိုလည်း မျှဝေခံစားစေလိုသော စေတနာသည် ရှင်သုစိတ္တရင်ထဲ၌ တဖွားဖွားပေါ်ပေါက်လာ၏။

ကံကူလက်လှည့်ဆရာရင်းဖြစ်သော ဆရာတော် ဦးသုန္ဒရသည် တပည့်မောင်ရှင်ကလေး၏ အာသီသနှင့်နှုတ်ရည်လျှာစကို အကဲခတ်မိဟန်လက္ခဏာဖြင့် ဥပုသ်နေ့များတွင် ဥပုသ်သည်များအား ဇာတ်ကြီးဆယ်ဘွဲ့ကို ဟောပြောစေ၏။

သာမဏေကလေး ရှင်သုစိတ္တသည် အစပိုင်းမှာ ခပ်ထစ်ထစ်ဖြစ်နေသော်လည်း အနည်းငယ်အရှိန်ရလာသောအခါတွင်ကား သမ္ဘာရင့်ဝါရင့် ဓမ္မကထိကပမာ ရေတံခွန်မှ ရေသွန်ကျသလို စကားလုံးတွေ တသွင်သွင် စီးကျလာလေ၏။

မြွားဆိပ်မွန်နေသော သုဝဏ္ဏသာမမင်းသားနှင့် ပီဠိယက္ခမင်းကြီးတို့ အချီအချ စကားပြောခန်း၊ မဒ္ဒီဒေဝီသားပျောက်ရှာခန်း၊ ဘူရိဒတ်နဂါးမင်းကို အလမ္ဘာယ်ဆရာနှိပ်စက်ခန်းတို့မှာ ဥပုသ်သည်များမျက်ရည်မဆည်နိုင်။

တာနောယက္ခဘီလူးကြီးက ပညာရှိသူတော်ကောင်းဝိဂူရ အမတ်ကို တောင်စဉ်ခုနစ်ထပ်မှာမြင်းနှင့်ဆွဲ၍ နှိပ်စက်ခန်းရောက်ပြန်တော့ တရားနာပရိသတ်မှာ စုတ်တသတ်သတ်။

သိန်း, ဒေဝိန်း, ကာမိန်း, ပကုတ် အမတ်ကြီးလေးယောက်ကို မဟောသဓာ ပညာပေးခန်းမှာတော့ ဥပုသ်သည်တွေ တသောသော။

မဟာဇနကဇာတ်တော်ကြီးအလှည့်မှာတော့ ဟောပြောသူကိုယ်တိုင်က မဟာဇနကမင်းကြီးနေရာမှာ ပူးဝင်နေ၍လားမသိ၊ တရားနာပရိသတ်များ အသက်ပင် မရှူနှိုင်အောင်အားကျဂုဏ်ယူစွာ နားစိုက်နေမိကြလေသည်။

ဥပုသ်သည် တရားနာပရိတ်သတ်သည် ကိုရင်ကလေးသုစိတ္တ၏ အဟောအပြောမှာ စီးဝင်မျောပါလျက် မိမိတို့၏ တူသားနောင်မယ် သူငယ်ကလေး၏ ထူးချွန်ထွန်းပေါက်လာမည့် အနာဂတ်ကို လှမ်းမျှော်ကြည့်မိကြလေသည်။

တစ်ချို့ကလည်း 'ဦးပဲ့ဖြိုး တူပဲလေ၊ ဒီလောက်တော့ရှိမှာပေါ့' ဟု ချီးမွမ်းကြ၏။ အမေ့အစ်ကိုရင်း ဦးပဲ့ဖြိုးမှာလည်း ဝါတွင်းဥပုသ်နေ့တိုင်း ဥပုသ်သည်များကို ဇာတ်နိပါတ်များဟောပြောကာ ဓမ္မအသိပေးဝေနေသည့် လူဓမ္မကထိကတစ်ဦးပင်။အဂ္ဂမဟာပဏ္ဍိတာ သရက်တောင်

http://www.dhammadownload.com

ဆရာတော်ကြီး၏ တပည့်ရင်းဖြစ်ပြီး ရှင်သာမဏေ ဘဝတုန်းကပင် တရားစောခဲ့သူဖြစ်သည်။ ထိုမျိုးရိုးဗီဇသည် ရှင်သုစိတ္တထံသို့လည်း သွေးကူးခဲ့ခြင်းဖြစ်ပေလိမ့်မည်။ 'လူမှာအမျိုး' ဆိုသကိုး။

မိမိရင်ထဲက ဝေဒနာကို တစ်စုံတစ်ယောက်အား ရင်ဖွင့်လိုက်လျှင် ဝေဒနာတစ်ဝက် သက်သာ၏။ မိမိရင်ထဲက ပီတိကိုအခြားသူတို့အား မျှဝေခံစားလိုက်ခြင်းဖြင့် မိမိပီတိသည် နှစ်ဆတိုး၏ ဟူ၍ဆိုရိုးရှိပါသည်။

ဟိသစ္စံ၊ ထိုစကားမှန်၏။

ရှင်သုစိတ္တသည် ဇာတ်ကြီးဆယ်ဘွဲ့မှ ရရှိခဲ့သော မိမိပီတိကို ဥပုသ်သည်တို့အား မျှဝေခံစားလိုက်ရသဖြင့် မိမိရင်ထဲမှ ပီတိသည် အဆဆပွားကာ တသိမ့်သိမ့် ကြည်နူးခဲ့ရပါသည်။ ငယ်ရွယ်သူပီပီ ဥပုသ်သည်တို့၏ ချီးကျူးသံများကိုလည်း ဂုဏ်ယူဝမ်းမြောက်ခဲ့ရသည် အမှန်။

ထိုချီးကျူးသံများသည် ကိုရင်ကလေးသုစိတ္တ၏ 'ဇ' နှင့် ဘဝတိုးတက်ရေးအတွက် တွန်းအားတစ်ရပ် ဖြစ်ခဲ့သည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။

အကြီးတန်းအောင်မှ ရွာပြန်မယ်

သရက်တောင်ကျောင်းတွင် မူလတန်း အခြေခံစာများကို သင်ယူလေ့လာရင်း ဇာတ်ကြီးဆယ်ဘွဲ့ကို ဟောပြောရင်း အသက်(၁၄)နှစ်သို့ ရောက်သောအခါ ကိုရင် သုစိတ္တသည် မိမိဘဝအတွက် နောက်ထပ်လှေခါးတစ်ထစ်သို့ တက်လှမ်းရန် ဆန္ဒ ပြင်းပြလာတော့သည်။

သို့နှင့် ငယ်ဆရာရင်း ဦးသုန္ဒရထံ ခွင့်ပန်၍ စစ်တွေမြို့ သဒ္ဓမ္မဂရု (ပုသိမ်) ကျောင်းတိုက်ကြီးသို့ ပညာရှာမှီးခရီးထွက်ခွာရန် ပြင်ဆင်လေတော့သည်။

မိခင်ကြီး ဒေါ်ညိုနှင်းမှာ အထွေးဆုံးသား ကိုရင်ကလေးအား မိမိမျက်ရိပ်အောက်က ခွဲခွာပြီး ရပ်ဝေးမြေခြားသွားရောက် နေထိုင်မည်ကို စိတ်မချနိုင်။ (၁၄)နှစ်သား လူပျိုပေါက်အရွယ်ရောက်နေသည့်တိုင် မိခင်တို့၏ ထုံးစံအတိုင်း နို့နှံမစင်သေးဟုသာ မြင်နေရသည်။ သို့သော်–သားကိုရင်၏ တဖွတ်ထိုးလုပ်တတ်သော စိတ်ဓာတ်နှင့် ပညာကို အငမ်းမရလိုချင်သော ဆန္ဒတို့အား တားဆီး၍မရနိုင်မှန်းသိသဖြင့် မျက်ရည်ကလေး အဝဲသားနှင့် ခွင့်ပြုလိုက်ရလေသည်။


လိုက်ပါပို့ဆောင်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများက 'ကိုရင် ကျောင်းပိတ်ရင်ရွာပြန်ခဲ့နော်' ဟုသံယောဇဉ်စကားဆိုသည်ကို ဘမျိုးဘီတူ ဖွတ်တိဖွတ်ထိုး ကိုရင်သုစိတ္တပြန်ပြောလိုက်ပုံက ''**အကြီးတန်းအောင်မှရွာပြန်မယ်**'' ဟူသတတ်။

ဘီတော်အရေးပိုင်ကြီး ဝင်စားသည်ဟု စွဲမြဲယုံကြည်နေသည့် အဖိုးကြီး ဦးဖိုးစောလှကတော့ ရွှပ်ရွှပ် ခွန်ခွန် မြေးကိုရင်လေးကိုကြည့်ကာ မိန့်မိန့်ကြီးပြုံးလျက်။

ဤသို့နှင့် ရှင်သုစိတ္တသည် ၁၃၃၃–ခုနှစ် နံယုန်လဆန်း (၇)ရက်နေ့တွင် သရက်တောင်ဇာတိ နောင်တော်ဦးရာဇိန္ဒ (ယခုပုသိမ်ကျောင်းတိုက်အုပ်) နှင့်အတူ ရခိုင်ပြည်နယ်မြို့တော် စစ်တွေမြို့ရှိစာသင်သား ရဟန်းသံဃာအများဆုံး ပညာဆည်းပူးရာ သဒ္ဓမ္မဂရု (ပုသိမ်)ကျောင်းတိုက်ကြီးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့လေတော့သည်။

ရခိုင်ပြည်နယ်ကျက်သရေဆောင် သဒ္ဓမ္မဂရု (ပုသိမ်)ကျောင်း

သဒ္ဓမ္မဂရု (ပုသိမ်) ကျောင်းတိုက်ကြီးကို စတင်တည်ထောင်တော်မူသော ဆရာတော် ဘဒ္ဒန္တဂရုဝံသ မဟာထေရ်သည် ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ထန်းပြင်ရွာဇာတိ ဖြစ်ပါသည်။ ဆရာတော်သည် မန္တလေးမြို့ ချမ်းသာကြီးကျောင်းတိုက်တွင် ပရိယတ္တိ စာပေများ သင်ကြားတတ်မြောက်ပြီးနောက် စာသင်သား သောတုဇနတို့အား စာပေပို့ချနေစဉ် ဒုတိယကမ္ဘာ စစ်မီးသည် မြန်မာပြည်သို့ ကူးစက်လာသဖြင့် တပည့် မိတ်သင်္ဂဟများပင့် ဖိတ်ချက်အရ ပုသိမ်မြို့သို့ ကြွရောက်ကာ၊ စက်တော်ရာ တောင်ပေါ်ကျောင်း၌



သဒ္ဓမ္မဂရု (ပုသိမ်)ကျောင်းတိုက်ကြီး၏ မူလဆရာတော် ဘဒ္ဒန္တဂရုဝံသ

http://www.dhammadownload.com

သီတင်းသုံး၍ (၆)နှစ်တာခန့် စာပေသင်ကြားပို့ချနေခဲ့၏။

ပုသိမ်မြို့မှ မိဘဆရာသမားများရပ်ထံ ခေတ္တပြန်ကြွစဉ် ပြည်တွင်းစစ်ကြောင့် ခရီးလမ်းပမ်း အဆက်အသွယ်ပြတ်တောက်ကာ တောင်ဖက်အရပ် ပုသိမ်သို့ မစုန်နိုင်ပဲ မြောက်ဖက်အရပ် မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ စစ်တွေမြို့များသို့ ဘုရားဖူးအလည်အပတ် ဆန်ခဲ့ရာမှ စစ်တွေမြို့ကျားရုပ်ကျောင်းဆရာတော်ကြီး၏ တိုက်တွန်းမေတ္တာရပ်ခံချက်ဖြင့် ပညာလိုလားသော ရဟန်းသံဃာများကို စာပေပရိယတ္တိ သင်ကြားပို့ချနေခဲ့လေသည်။

ဝါလသီတင်းကျွတ်၍ ပုသိမ်သို့ ပြန်ကြွရန် ပြင်ဆင်ပြန်သောအခါတွင်လည်း ကျားရုပ်ဆရာတော်က မိမိရပ်ရွာဒေသမှ စာသင်သားတပည့်သံဃာများ ပညာရင်နှီ့ သောက်သုံးနိုင်ရန် ကြံဆောင်အားထုတ်ပေးဖို့ အကြိမ်ကြိမ်မေတ္တာရပ်ခံသဖြင့် မိမိ၏ မူလကြွရွယ်ချက်ကိုဖျက်သိမ်းကာ သဒ္ဓမ္မဂရု (ပုသိမ်)ကျောင်းတိုက်ကြီးကို ထူထောင်၍ စာပေပရိယတ္တိများကို ဆက်လက်ပို့ချနေပါတော့သည်။

သဒ္ဓမ္မဂရု (ပုသိမ်) ကျောင်းတိုက်မူလ ဆရာတော် ဘဒ္ဒန္တဂရုဝံသထေရ်မြတ်သည် ကျောင်းတိုက်ထူထောင်သော ၁၃၁၁-ခုနှစ်မှ ပျံလွန်တော်မူသော ၁၃၄၃-ခုနှစ်အထိ (၃၂)နှစ်လုံးလုံးသာသနာ့ တာဝန်များကို မနားမနေကျေပွန်စွာ ထမ်းဆောင်တော်မူခဲ့ပါသည်။ ထို(၃၂)နှစ်တာကာလအတွင်း ရခိုင်ပြည်၊ ဝတီလေးရပ်မှ စာသင်သားတပည့် သံဃာ (၂၀၀၀)ကျော်တို့အား ပရိယတ္တိစာပေများသင်ကြားပို့ချပေးခဲ့ပြီး၊ ဓမ္မာစရိယ (၁၃)ပါး၊ ပထမကြီးတန်း (၁၅၁)ပါး ပထမလတ်တန်း (၃၃၂)ပါး၊ ပထမငယ် (၅၀၁)ပါး စုစုပေါင်း (၉၉၇) ပါးသော သာသနာမျိုးစေ့များကို ပြုစုပျိုးထောင်မြေတောင်မြောက်ပေးတော်မူခဲ့ပါသည်။

ရှင်သုစိတ္တ သဒ္ဓမ္မဂရု (ပုသိမ်)ကျောင်းတိုက်သို့ ရောက်သွားချိန်တွင် စာသင်သား သံဃာ ခြောက်ဆယ်ကျော်ရှိနေသဖြင့် ဆရာတော် ဘဒ္ဒန္တဂရုဝံသနှင့်အတူ ဘဒ္ဒန္တပဏ္ဍိတ၊ ဘဒ္ဒန္တဝိသုဒ္ဓ၊ ဘဒ္ဒန္တဝိဇ္ဇာနန္ဒ-စသော ဆရာတော်များကပါ တာဝန်အသီးသီးခွဲဝေယူကာ စာသင်စာချပြုလုပ်နေကြ၏။ (ရခိုင်ပြည်နယ်၏ အကြီးဆုံး စာသင်တိုက်ကြီးဖြစ်သော သဒ္ဓမ္မဂရု(ပုသိမ်) ကျောင်းတိုက်တွင် ယခုအခါ စာသင်သားသံဃာ (၂၀၀) ကျော်ခန့်ပညာသင်ကြားလျက် ရှိပါသည်။)



သဒ္ဓမ္မဂရု(ပုသိမ်)ကျောင်းတိုက်ကြီး၏ ဒုတိယဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)



သဒ္ဓမ္မဂရု (ပုသိမ်)ကျောင်းတိုက်ကြီး၏ စာချဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ

ရှင်သုစိတ္တသည် သဒ္ဓမ္မဂရု (ပုသိမ်)ကျောင်းတိုက်ကြီးသို့ စတင်ရောက်ရှိသည့် ၁၃၃၃-နှစ်တွင် အငယ်တန်း၊ ၁၃၃၄-တွင် အလတ်တန်း၊ ၁၃၃၅-ခုနှစ်တွင် အကြီးတန်းတို့ကို ဆက်တိုက်အောင်မြင်ခဲ့၏။

'အကြီးတန်းအောင်မှ ရွှာပြန်မယ်' ဟူသော

http://www.dhammadownload.com

ကြုံးဝါးချက်အတိုင်း အကြီးတန်း အောင်ပြီးမှ ဇာတိမြေ သရက်တောင်သို့ တစ်ခေါက်ပြန်ခဲ့လေသည်။

မိခင်ကြီးနှင့် ဆွေမျိုးညီအစ်ကိုမောင်နှမများမှာ မိမိတို့သား, မိမိတို့တူ, မိမိတို့ညီ, မိမိတို့မောင် ကိုရင်အား လွမ်းဆွတ်စိတ်, ဂုဏ်ယူစိတ်ဖြင့် ဝမ်းနည်းဝမ်းသာ မျက်ရည်ဖြာခဲ့ရရှာ၏။

ကိုရင်သုစိတ္တသည် မိဘရပ်ရွာတွင် ခဏသာ နေပြီး၊ မိမိ၏နှလုံးအိမ်၌ ကိန်းဝပ်နေသော ယောကျ်ားအာဇာနည် မဟာဇနက္ကမင်းကြီး၏ လမ်းညွှန်ချက်အတိုင်း ကမ်းမမြင်လမ်းမမြင် ပရိယတ္တိသမုဒ်ပြင်၌ နောက်တစ်ကြိမ်ကူးခတ်ရန် ရွက်တိုင်ထိပ်သို့ တက်ခဲ့ပြန်၏။

ယောကျ်ားကောင်း အာဇာနည်တို့မည်သည် အသက်ရှင်နေသမျှ လုံ့လလျှော့ရိုးမရှိ။ ရှင်သုစိတ္တ–သည် ဓမ္မာစရိယတန်းဆိုသော ပရိယတ္တိသမုဒ်ပြင်ကို လက်ပစ်ကူးရန် ဇွဲသန်သန်ဖြင့် သဒ္ဓမ္မဂရု (ပုသိမ်) ကျောင်းတိုက်သို့ ပြန်လည်ခိုဝင်ကာ ပြင်ဆင်ပြန်လေတော့သည်။ ရှင်သုစိတ္တ အား ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓက သဒ္ဒါစာဝါများကို အထူးပို့ချပေးပြီး၊ ဘဒ္ဒန္တပဏ္ဍိတက ဓမ္မာစရိယစာဝါများကို သင်ကြားပို့ချပေးလေသည်။

သို့သော် အကြောင်းအမျိုးမျိုးကြောင့် ဓမ္မာစရိယစာမေးပွဲဖြေဆိုခွင့် လျှောက်လွှာတင်ပြီးမှ စာမေးပွဲမဖြေဖြစ်ခဲ့ပါ။ မည်သို့ဆိုစေ၊ တနေ့နေ့မှာ ဓမ္မာစရိယတန်းကို ဖြေဆိုအောင်မြင်ရမည်ဟူသော စိတ်အကြံကိုကား တစ်ပြားသားမှမလျှော့ခဲ့။

သဒ္ဓမ္မဂရု (ပုသိမ်)ကျောင်းတိုက်၌ ပညာဆည်းပူးခဲ့စဉ်ကာလအတွင်း ပုသိမ်ဆရာတော်ကြီး ဘဒ္ဒန္တဂရုဝံသသည် ရှင်သုစိတ္တ၏ သွက်လက်ချက်ချာသောနှုတ်ရစ်လျှာစကို အကဲခတ်မိသဖြင့် တရားဟော ဓမ္မကထိကဖြစ်အောင် အားပေးခဲ့ရုံမက နိဓိကဏ္ဍသုတ္တန် တရားတော်, သာသနာ့အမွေခံတရားတော် (၂)ပုဒ်ကို ကိုယ်တိုင်ရေးသားပြီး လက်ထပ်သင်ကြား ဟောပြောစေခဲ့သည်ကို လည်းကောင်း၊ စာချဆရာ ဘဒ္ဒန္တဝိသုဒ္ဓက သကျသီဟစာမေးပွဲကို ဖြေဆိုရန်တိုက်တွန်းခဲ့သည်ကို လည်းကောင်း ရှင်သုစိတ္တ ရင်ထဲမှာ ထာဝစဉ်ပိုက်ထွေးထားခဲ့လေသည်။

ဓမ္မာစရိယမအောင်ပဲ ရခိုင်မြေကိုခြေမချ

သရက်တောင်မှ စစ်တွေမြို့ သဒ္ဓမ္မဂရု (ပုသိမ်) စာသင်တိုက်ကြီးသို့ ပညာသင်ရန် ထွက်ခွာခဲ့စဉ်က



မန္တလေးရောက် ရှင်သုစိတ္တ နှင့်
အစ်ကို မောင်မြသိန်း တို့ အမှတ်တရ

'အကြီးတန်းအောင်မှ ရွာပြန်မယ်' ဟု ကြုံးဝါးခဲ့သည့် နည်းတူ ပုသိမ်ကျောင်းတိုက်မှ ၁၃၃၆–ခုနှစ်၊ တပေါင်းလဆန်း (၅)ရက်နေ့တွင် ထွက်ခွာခဲ့စဉ်မှာလည်း ရှင်သုစိတ္တ ရင်ထဲမှာ **'ဓမ္မာစရိယမအောင်ပဲ ရခိုင်မြေကိုခြေမချ'** ဟူ၍ ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချမှတ်ခဲ့၏။

၁၃၃၅–ခုနှစ်၊ ကဆုန်လဆန်းတွင် ဘကြီးတော်သူ မန္တလေးမြို့၊ မောရဂိဝါရပ်၊ ရွှေနန်းသိင်္ဂီဆေးတိုက်ပိုင်ရှင် ဘကြီးတော်ဆရာခင်နှင့် ဇနီးဒေါ်မြရင်တို့အိမ်သို့ ဆိုက်ရောက်ခဲ့၏။

ဘကြီးတော်ဆရာခင် (ငယ်မည် ဦးမောင်စော ဖြူ) (ဆွေစဉ်မျိုးဆက်ဇယားရှု) မှာ ၁၃၀၀–ပြည့်အရေးတော်ပုံမတိုင်မီကပင် မန္တလေးသို့ ရောက်ရှိနေပြီး လွတ်လပ်ရေးလှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်ခဲ့သဖြင့် ရဟန်း (၂)ဝါရတွင် လူထွက်ခဲ့ရ၏။ ထို့နောက် ရွှေဘိုခရိုင်သို့ သွားရောက်ကာ မြန်မာပြည်လွတ်လပ်ရေး လှုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့၏။ လွတ်လပ်ရေး ရပြီးနောက် မန္တလေးမြို့ကို နယ်မြေ (၃)ခုခွဲပြီး အုပ်ချုပ်ရာတွင် တပင်ရွှေထီးမြို့နယ်အုပ်ချုပ်ရေးကို တာဝန်ယူခဲ့လေသည်။ နောက်ပိုင်းတွင် တိုင်းရင်းဆေးဆရာအဖြစ် ဇနီး ဒေါ်မြရင် (အမျိုးသားကျောင်းဆရာမကြီး) သားသမီးခုနစ်ဦးနှင့်အတူ

http://www.dhammadownload.com




ရဟန်းဒါယကာကြီး ဦးမောင်စောဖြူ(ခ)ဆရာခင်



ရဟန်းဒါယိကာမကြီး ဒေါ်မြရင်

အေးချမ်းစွာ အသက်မွေးနေထိုင်ခဲ့လေသည်။

ရှင်သုစိတ္တ စစ်တွေစာဖြေဌာနမှ အကြီးတန်း



အမရပူရ၊ မဟာဂန္ဓာရုံဆရာတော်

အောင်သောအခါ ဆရာခင်နှင့် ရဟန်းဘဝတုန်းက အတူတကွ လွတ်လပ်ရေးတိုက်ပွဲဝင်သူငယ်ချင်း ဗိုလ်ကြီးတေဇဝန်မှာ ထိုစဉ်က သာသနာရေးညွှန်ချုပ်ဖြစ်နေသဖြင့် ဆရာခင်ထံသို့ ဆက်သွယ်အကြောင်းကြားခဲ့၏။။

မိမိ၏ တူတော်သားချင်းထဲက ယခုလိုငယ်ငယ်ရွယ်ရွယ်နှင့် ထွန်းထွန်းပေါက်ပေါက်ဖြစ်နေသည်ကို သိရသောအခါ ဆရာခင်အလွန်ဝမ်းသာဂုဏ်ယူ၏။။ မကြာသေး အနာဂတ်တွင် ထွန်းလင်းလာမည့် သာသနာ့အာဇာနည် ကြယ်တစ်ပွင့်ဖြစ်လာလိမ့်မည်ဟူ၍လည်း နှစ်ထောင့်အားရမျှော်လင့်မိ၏။။ မိမိကိုယ်တိုင်က သာသနာ့တာဝန်ကို ထမ်းဆောင်ရန် ရည်မှန်းခဲ့သော်လည်း တိုင်းပြည်နှင့်လူမျိုးအတွက် သာသနာ့ဝန်ထမ်းဘဝကို စွန့်လွှတ်ခဲ့ရပြီးနောက် ကာမဘုံအတွင်းမှာ ဆုံလည်နွားကဲ့သို့ ကျင်လည် နေရသည့် ဘဝကို ရွံရှာစက်ဆုတ်နေပြီ။ မကြာသောတစ်နေ့မှာ မြတ်ဗုဒ္ဓ၏ ရင်ခွင်သို့ ပြန်လည်ခိုဝင်ဖို့ ဆုံးဖြတ်ပြီးလည်း ဖြစ်သည်။ ဆရာမကြီး ဒေါ်မြရင်ကလည်း ခင်ပွန်းသည်၏ မြင့်မြတ်သောဆန္ဒကို ပါရမီဖြည့်ရန် အသင့်ရှိနေပြီ ဖြစ်သည်။ (ရှင်သုစိတ္တ ရဟန်းမတက်မီ ခုနစ်လစောလျှင် ဘကြီးတော်ဆရာခင်က သာသနာ့ဘောင်သို့ ဝင်ရောက် သွားလေသည်။)

မန္တလေးရောက် ရှင်သုစိတ္တသည် ဘကြီးတော် ဆရာခင်အိမ်မှ အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ(လွတ်လပ်ရေးပြီးနောက်၊ ပထမဆုံး

http://www.dhammadownload.com

အဂ္ဂမဟာပဏ္ဍိတဆရာတော်)ထံတွင် (၂)လခန့် ခိုလှုံကာ သုတ်မဟာဝါ၊ ပါဠိအဋ္ဌကထာစာဝါများကို သင်ယူဆည်းပူးခဲ့၏။ ''စာချစာသင်၊ အလုပ်ခွင်ဝယ်၊ နေ့စဉ်မွေ့လျော်၊ များသူတော်တို့၊ ရွှင်ပျော်လှုံလ၊ သဒ္ဓါကြွေ၍'' စသော စာသင်စာချ အကျိုးရပုံ ဩဝါဒကထာ ကဗျာလင်္ကာပိုဒ်တို့သည် ရှင်သုစိတ္တ၏ နှလုံးသားဝယ် စွဲမြဲစွာ တည်ရစ်နေခဲ့၏။ ပညာရှာမှီးရာ၌ မရောင့်ရဲနိုင်သော ရှင်သုစိတ္တသည် ၎င်းကျောင်းတိုက်၌ ခေတ္တမျှ နေထိုင်စဉ် အတွင်း ဝိနည်းမဟာဝါပါဠိတော်၊ အဂုံတ္တရပါဠိတော်များကို ဘဒ္ဒန္တကုဏ္ဍလာဘိဝံသထံ၌ ဆည်းပူး သင်ယူခဲ့ပြန်သေး၏။


''မွာစရိယ မအောင်ပဲ ရခိုင်မြေကိုခြေမချ'' ဟူသော အဓိဋ္ဌာန်ကို သူကိုယ်တိုင် ခိုင်ခိုင်မာမာ စိုက်ထူခဲ့သည်မဟုတ်ပါလား။

သရက်တောင် မစိုးရိမ်ပဌာန်းဆက်

ရှင်သုစိတ္တ၏ ဇာတိမြေသရက်တောင်ကျေးရွာ၊ သရက်တောင်ကျောင်းကြီး၏ မူလဆရာတော် ဘဒ္ဒန္တဂုဏာဝါသည် မန္တလေးမိုးကောင်းကျောင်းတွင် ပညာသင်ကြားနေစဉ် ဆရာရင်းဖြစ်သော ဦးသူရိယ မစိုးရိမ်တိုက်သို့ ၁၂၇၁-ခုနှစ်တွင် ရွှေ့သောအခါ အတူလိုက်ပါခဲ့ကြောင်း အထက်၌ ဖော်ပြခဲ့ပြီ။

ထိုမှ နှစ်ပေါင်း(၆၆)နှစ်ကြာသောအခါ ဆရာတော် ဘဒ္ဒန္တဂုဏာဝါ၏ မြေးတပည့်ဟု ခေါ်ဆိုရမည့် သရက်တောင်ကျောင်းထွက် ရှင်သုစိတ္တသည် ဝါခင်းကုန်း ဆရာတော် ဘဒ္ဒန္တတိက္ခ (ယခု-တောင်စလင်းတိုက်သစ် ပဓာနနာယကဆရာတော်)၏ ကူညီစောင့်မမှုဖြင့် ၁၃၃၇-ခုနှစ်၊ နံယုန်လတွင် မစိုးရိမ်တိုက်သစ်သို့ ရောက်ရှိလာခဲ့ပြန်ချေပြီ။ ဆရာတော် ဘဒ္ဒန္တတိက္ခသည် ကိုရင်သုစိတ္တအား မစိုးရိမ်တိုက်သစ်တွင် အပ်နှံပေးရုံသာမက ဆွမ်းခံအိမ်ဖိတ်ပေးခြင်းမှအစ ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟနှစ်ပါးဖြင့် ချီးမြှောက်စောင့်ရှောက်ခဲ့သော ကျေးဇူးရှင်ဖြစ်ပါသည်။

ရှင်သုစိတ္တသည် မစိုးရိမ်တိုက်သစ် ဓမ္မဒါယာဒကျောင်းနာယကဆရာတော် ဦးရာဇဓမ္မာဘိဝံသ (ယခုလက်ရှိ မစိုးရိမ်တိုက်သစ်ကြီး (၂)တိုက်တို့၏ အဓိပတိ မဟာနာယက)ထံတွင် ခိုလှုံ၍ ဓမ္မာစရိယတန်းကို နှစ်ချင်းပေါက် အောင်မြင်အောင် အပတ်တကုတ် ကြိုးစားအားထုတ်ပါတော့သည်။



မစိုးရိမ်တိုက်သစ် ဓမ္မဒါယာဒကျောင်းနာယကဆရာတော် ဦးရာဇဓမ္မာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)


မန္တလေးမစိုးရိမ်တိုက်သစ် စာသင်သားဘဝဆိုသည်မှာ ပန်းခင်းသောလမ်းမဟုတ်။ စာသင်သားဘဝမှာ အရာဏ်ဆွမ်းကို မမြင်ဖူး။ စာချနာယကဆရာတော်ကြီးများကိုယ်တိုင် ကိုယ့်ဆွမ်းကိုယ်ခံ၍ စာဝါပို့ချနေကြသည်။ နေ့ဆွမ်းတစ်ပါးစာ အတွက် ဖိနပ်မပါ၊ ထီးဗလာဖြင့် ပူပြင်းလှသော ရွှေမန်းမြို့ နေရောင်အောက်မှာ ဆွမ်းခံထွက်ရသည်မှာလည်း ဇောမစွန့်စားခန်းကြီးပင်ဖြစ်ပါ၏။

မည်သို့ပင်ခက်ခဲပင်ပန်းပါစေ၊ ဓမ္မာစရိယပန်းတိုင်ကို မလွဲမသွေရောက်ရမည်ဟူသော သန္နိဋ္ဌာန်အတွက် ရှင်သုစိတ္တအံခဲ၍ ကြိုးစားပါသည်။

မိမိနေထိုင်ရာမစိုးရိမ်တိုက်သစ် ဆရာတော်များဖြစ်သော ဘဒ္ဒန္တသိရိန္ဒာဘိဝံသ, ဘဒ္ဒန္တနာယကာဘိဝံသ, ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ, မစိုးရိမ်တိုက်ဟောင်းဆရာတော်များဖြစ်သည့် ဘဒ္ဒန္တကောဝိဒါဘိဝံသ, ဘဒ္ဒန္တဇယဒီသာဘိဝံသ စာသင်သားလောကဌ မသိသူမရှိအောင် ထင်ရှားသော ပေါက်မြို့ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ, (အဂ္ဂမဟာပဏ္ဍိတ) ဘုရားကြီးတိုက် ဆင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)နှင့် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတဉာဏာဘိဝံသတို့ထံတွင် စာပေပရိယတ္တိများကို ရှာမှီးဆည်းပူးလေသည်။

ချဉ်းကပ်ဆည်းပူးရာ ဆရာများကလည်း

http://www.dhammadownload.com



ပေါက်မြိုင်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)

ကောင်း, ဖွဲလုံ့လလည်းသန်၊ ဥာဏ်ခံကလည်း ထက်မြက်သဖြင့် ၁၃၃၈-ခုနှစ်တွင် အစိုးရဓမ္မာစရိယ တန်းကို ဆရာတော် ဦးရာဇဓမ္မာဘိဝံသထံမှ ဝင်ရောက် ဖြေဆိုရာ သုတ်သီလက္ခန် ပါဠိအဋ္ဌကထာကျမ်းကို အောင်မြင်ခဲ့လေသည်။

ရဟန်းအဖြစ်သို့ရောက်ရှိခြင်း

၁၃၃၉-ခုနှစ် နယုန်လဆန်း (၃)ရက် ကြာသာပ တေးနေ့ နံနက် (ဂျ၂၉)နာရီ အချိန်တွင် မန္တလေး အရှေ့မြောက်မြို့နယ်၊ သက်ပန်းကျောင်းတိုက်၊ ရွှေစည် သာသနာ့ရိပ်သာ၊ ခဏ္ဍသိမ်တော်၌ နိုင်ငံတော် သံဃ မဟာနာယက ဒုတိယဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မန္တလေးအရှေ့တောင်မြို့နယ်၊ မောရဂိဂါရပ်၊



ရှင်သုစိတ္တ မှ အရှင်သုစိတ္တ သို့



ရဟန်းခံပြီးနောက် ကိုယ်တိုင်အနုမောဒနာရေစက်ချ တရားဟောကြားစဉ်

ရွှေနန်းသီဂီဆေးတိုက်ပိုင်ရှင် ဘကြီးတော်သူ ဆရာခင်+ ဒေါ်မြရင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ဆရာကောင်းတ၀ည့်ပန်းကောင်းပန်

မှန်ကန်သော ဆုံးဖြတ်ချက်တစ်ခုကို ချမှတ် ပြီးလျှင် တစ်ချောင်းတည်းသောစိတ်ဖြင့် တစိုက်မတ်မတ် လျှောက်တတ်သော အရှင်သုစိတ္တသည် စာပေပရိယတ္တိ လေ့လာအားထုတ်ခြင်းကို တစ်နေ့ထက်တစ်နေ့တိုး၍ သာလုပ်ဆောင်ခဲ့၏။ ထို့ကြောင့်လည်း ၁၃၄၀-ခုနှစ်တွင် မြင်းခြံသဒ္ဒမ္မပါလမူလစာသင်တန်းနှင့် မော်လမြိုင်သုသမာ စာရအငယ်တန်းကို အောင်မြင်ခဲ့၏။ ၁၃၄၂-ခုနှစ်တွင် မြင်းခြံ သဒ္ဒမ္မပါလ သီးခြားစာသင်တန်းနှင့် အစိုးရဓမ္မာစရိ ယတန်း ကျမ်းရင်း (၃) ကျမ်းလုံးတို့ကို အောင်မြင်သဖြင့် ''အရှင်သုစိတ္တ သာသနဓဇမဟာစရိယ'' ဘွဲ့တံဆိပ်ကို




မော်လမြိုင် သုသမာစာရ အောင်လက်မှတ် ဆက်ပဉ်စဉ် (၁၃၄၀-ခုနှစ်)

http://www.dhammadownload.com

ရရှိခဲ့၏။

၁၃၄၄-ခုနှစ်တွင် မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတ(သကျသီဟ)စာသင်တန်းကို နံပါတ်(၁)ဂုဏ်ထူးဖြင့် အောင်မြင်ပြီး၊ မြင်းခြံပရိယတ္တိသဒ္ဓမ္မပါလ စာချတန်း အဋ္ဌကထာကြီး (၃)ကျမ်းလုံးကို တနှစ်တည်းဖြင့် ဖြေဆိုအောင်မြင်သဖြင့် ''**ဘဒ္ဒန္တသုစိတ္တာဘိဝံသ-ပရိယတ္တိသဒ္ဓမ္မပါလဓမ္မာစရိယ**'' ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့လေသည်။

၁၃၄၅-ခုနှစ်တွင် သကျသီဟစာချတန်း၊ ဓမ္မသင်္ဂဏီ ပါဠိအဋ္ဌကထာကျမ်း၊ ၁၃၄၆-ခုနှစ်တွင် သကျသီဟသီလက္ခန်ကျမ်း၊ ၁၃၄၈-ခုနှစ်တွင် သကျသီဟ ပါရာဇိကဏ်ကျမ်းတို့ကို အောင်မြင်သဖြင့် ''**ဘဒ္ဒန္တသုစိတ္တာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ**'' ဟူသော



မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလဓမ္မာစရိယ
ဘွဲ့လက်မှတ်ဆက်ကပ်စဉ် (၁၃၄၄-ခုနှစ်)

သကျသီဟဘွဲ့တံဆိပ်တော်ကို ရရှိခဲ့လေသည်။

''သကျသီဟ''ဘွဲ့တံဆိပ်ရဖို့ဆိုသည်မှာ ပြဒါးရှင်ဓာတ်လုံးဖြစ်အောင် ဖိထိုးရသည်ထက်ပင် ခက်ပါသေးသည်။

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတ အသင်းမှ ၁၂၆၅-ခုနှစ်တွင် စတင်ကျင်းပခဲ့သော ပရိယတ္တိသကျသီဟ စာမေးပွဲကို လယ်တီဆရာတော်ဘုရားကြီးကပင် ''**ဉာဏ်ကောင်းသူများကို ရွေးချယ်သတ်ပစ်နေသည့် လူသတ်စာမေးပွဲ**''ဟု ကင်ပွန်းတပ်ခဲ့ပါသည်။

ပရိယတ္တိစာသင်တန်း၊ စာချတန်းတို့၌ ပြဋ္ဌာန်းထားသော ကျမ်းစာများမှာ အလွန် များပြားလှရုံမက စာမေးပွဲဖြေဆိုလိုသောပုဂ္ဂိုလ်များသည် စာမေးပွဲ မဝင်မီ အသင်းလူကြီးများရှေ့တွင် နူတ်တက်အာဂုံဆောင်၍ အစမ်းသပ်ခံကြရသေး၏။ ကျေကျေညက်ညက်ရမှ



သကျသီဟ စာသင်တန်းတွင် ပထမရခဲ့စဉ်က
(၁၃၄၄-ခုနှစ်)



မန္တလေးမြို့ သကျသီဟ စာချတန်း(ဒုတိယ)
အရှင်သုစိတ္တာဘိဝံသအား အသင်းဥက္ကဋ္ဌကြီးမှ
ဘွဲ့လက်မှတ် ဆက်ကပ်စဉ် (၁၃၄၈-ခုနှစ်)


စာမေးပွဲဝင်ခွင့်ရကြခြင်းဖြစ်ပါသည်။ ထိုမျှသာ မဟုတ်သေး၊ စာသင်တန်းနှင့် စာချတန်း,နှစ်တန်းလုံးကို အသက် (၃၅)နှစ်မတိုင်မီ အောင်မြင်အောင် ဖြေဆိုနိုင်မှသာ ''သကျသီဟ'' ဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းဖြစ်ပါသည်။

စစ်တွေမြို့၊ သဒ္ဓမ္မဂရု (ပုသိမ်) ကျောင်းတိုက်တွင် ပညာရင်နှီးသောက်စို့စဉ် စာချဆရာဖြစ်သော ဘဒ္ဒန္တဝိသုဒ္ဓ၏ သကျသီဟစာမေးပွဲဖြေဆိုရန် ကြိုးစားဖို့ တိုက်တွန်းချက်များသည်လည်းကောင်း၊ မန္တလေးမြို့တွင် ပညာရှာမှီးစဉ်၌ ဆည်းကပ်ရသော ဆရာများမှာ သကျသီဟအောင်မြင်ပြီးသော 'အဘိဝံသ' ဆရာတော်များချည်း ဖြစ်နေခြင်းသည်လည်းကောင်း၊ မစိုးရိမ်နာယကဆရာတော်မှန်သမျှ သကျသီဟဘွဲ့တံဆိပ်ရဆရာတော်များဖြစ်နေခြင်းသည်လည်းကောင်း၊

http://www.dhammadownload.com



သကျသီဟဘွဲ့ယူပြီး မယ်တော်ဒေါ်ညိုနှင်း၊
အစ်ကို ဦးမြသိန်း တို့နှင့် အမှတ်တရ



သက်တော်နဝေယ် ငါးဝါရ အရွယ်က
ဓမ္မာစရိယတန်း စာဝါပို့ချနေသော အရှင်သုစိတ္တ

အရှင်သုစိတ္တအား သကျသီဟစာမေးပွဲကို ဖြေဆို အောင်မြင်စေရန် ကြီးစွာသော တွန်းအားကို ဖြစ်စေခဲ့၏။ ဆရာကောင်း တပည့်ဖြစ်ရခြင်း၏ အကျိုးကျေးဇူးများပင် ဖြစ်ပါတော့သည်။

၁၃၃၆-ခုနှစ် စစ်တွေမြို့မှ မန္တလေးသို့ ထွက်ခွာစဉ်က ''ဓမ္မာစရိယမအောင်ဘဲ ရခိုင်မြေကို ခြေမချ'' ဟူ၍ ချမှတ်ခဲ့ဖူးသော သန္နိဋ္ဌာန်ကို ၁၃၄၂-ခုနှစ်တွင် ပြည့်မြောက်ခဲ့ပြီဖြစ်၍ ဇာတိရပ်ရွာသို့ ၎င်းနှစ်တွင် တစ်ကြိမ်၊ ၁၃၄၈-ခုနှစ် သကျသီဟစာချတန်း အပြီးတွင် တစ်ကြိမ် အောင်ပန်းဆင်၍ အလည်အပတ် ပြန်ခဲ့လေသည်။

ဒုကုဋ်သင်္ကန်းမှာကော်မကျခင်က စာချခဲ့သည်

အရှင်သုစိတ္တသည် မိမိသာလျှင် ပညာဆည်းပူးရာ၌ အားကြိုးမာန်တက် လုံ့လထုတ်သည်မဟုတ်၊ တပါးသူတို့အားလည်း မိမိကဲ့သို့ပင် လုံ့လထုတ်စေချင်သည်။

သာသနာတော် အဝန့်ရှည်ရေး၊ တည်တံ့ပြန့်ပွားရေး၌ စာသင်သားရဟန်းများ၏ အခန်းကဏ္ဍသည် အလွန်ကြီးမားကြောင်းကို ရှင်သာမဏေဘဝကတည်းက နားလည်သဘောပေါက်ခဲ့သဖြင့် ပရိယတ္တိရှာမှီးကြသော ဘဝတူသောတုဇနများကို မိမိတတ်ထားသိထား၊ လေ့လာထားသမျှ ဆရာစားမချန်သိစေတတ်စေချင်သည်။ ထို့ကြောင့်ပင် ၁၃၃၉-ခုနှစ် ရဟန်းခံပြီးသည်နှင့် သိမ်ဆင်းသင်္ကန်းကော်မကျသေးမီမှာပင် မစိုးရိမ်တိုက်သစ်၌ ဆရာတော် ဦးရာဇာ၏ လက်ထောက်စာချတာဝန်ကို စတင်ထမ်းဆောင် ပါတော့သည်။

ကိုယ့်အတွက် ဖြေဆိုရမည့် စာပေပရိယတ္တိကျမ်းပေါင်းများစွာကို မနားတမ်း လေ့လာမှတ်သားနေသည့်ကြားက ၁၃၃၉-ခုနှစ်တွင် သင်္ကြိုဟ်ကျမ်းကိုလည်းကောင်း၊ ၁၃၄၀-ခုနှစ်တွင် ဋီကာကျော်, မာတိကာ, ဓာတုကထာနှင့် အလတ်တန်းအဂုံတွဲရိုက်ကျမ်းများကိုလည်းကောင်း၊ ၁၃၄၁-ခုနှစ်တွင် သင်္ကြိုဟ်, သဒ္ဒါ, ရူပသိဒ္ဓိ, ဋီကာကျော်တို့ကိုလည်းကောင်း၊ ၁၃၄၃-ခုနှစ်တွင် ရူပသိဒ္ဓိ, သဒ္ဒါ, ဋီကာကျော်, ဘိက္ခုပါတိမောက်ကျမ်းတို့ကိုလည်းကောင်း၊ ၁၃၄၄-ခုနှစ်တွင်ဆန်း, အထက်ယမိုက်, အဋ္ဌသာလိနီကျမ်းတို့ကိုလည်းကောင်း၊ ၁၃၄၅-ခုနှစ်တွင် ဆန်း, အထက်ယမိုက်, သီလက္ခန်အဋ္ဌကထာကိုလည်းကောင်း၊ ၁၃၄၆-ခုနှစ်တွင် ရူပသိဒ္ဓိ, အထက်ယမိုက်နှင့် ပါရာဇိကဏ်အဋ္ဌကထာကိုလည်းကောင်း၊ ၁၃၄၇-ခုနှစ်တွင် ဆန်း, ရူပသိဒ္ဓိနှင့် ပါရာဇိကဏ်အဋ္ဌကထာကိုလည်းကောင်း၊ ၁၃၄၈-ခုနှစ်တွင် ရူပသိဒ္ဓိ, အလင်္ကာ, အထက်ယမိုက်နှင့် ပါရာဇိကဏ်ကျမ်းများကိုလည်းကောင်း၊ ၁၃၄၉-ခုနှစ်တွင် ပါရာဇိကဏ်, ကစ္စာယနသာရ, ရူပသိဒ္ဓိကိုလည်းကောင်း၊ ၁၃၅၀-ခုနှစ်တွင် ပါရာဇိကဏ်, အထက်ယမိုက်, ဘေဒစိန္တာကိုလည်းကောင်း၊

http://www.dhammadownload.com



မစိုးရိမ်တိုက်သစ် နာယကအဖွဲ့ဝင် ဆရာတော်များ

၁၃၅၁- ခုနှစ်တွင် ပါရာဇိကဏ်, ဆန်း, ရှုပသိဒ္ဓိကို လည်းကောင်း၊ ၁၃၅၂-ခုနှစ်တွင် ပါရာဇိကဏ်, ဆန်း, အထက် ယမိုက်ကိုလည်းကောင်း စဉ်ဆက်မပြတ် ပို့ချခဲ့လေသည်။

ဓမ္မသီတဂူနာယက၊ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင်

အသက် (၂၀)စွန်းစ အရွယ်မှစ၍ မစိုးရိမ် တိုက်သစ်၌ စာချုတာဝန်များကို ထမ်းဆောင်ခဲ့သော အရှင်သုစိတ္တာသည် သက္ကသီဟအောင်မြင်ပြီး၍ ''အရှင် သုစိတ္တာဘိဝံသ'' ဖြစ်လာသောအခါ မစိုးရိမ် စာသင်တိုက်၏ စည်းမျဉ်းဥပဒေအရ- ကျောင်းထိုင် နာယကစာချုဆရာတော်အဖြစ် ဓမ္မသီတဂူကျောင်းတွင် သီတင်းသုံးကာ စာပေပရိယတ္တိများကို ဆက်လက် ပို့ချခဲ့လေသည်။

မစိုးရိမ်တိုက်ကြီးနှစ်တိုက်၏ အဓိပတိမဟာ နာယက ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃာ့အဖွဲ့ဥက္ကဋ္ဌ၊ အစိုးရပထမကျော်, ပရိယတ္တိသာသနဟိတဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယာဘိဝံသ-မှာ ပထမဆုံး သက္ကသီဟအဘိဝံသ-ဖြစ်ပြီး **ဘဒ္ဒန္တသုစိတ္တာဘိဝံသမှာ (၂၉၆)ပါးမြောက် သက္ကသီဟ အဘိဝံသ** ဖြစ်ပါသည်။ မစိုးရိမ်တိုက်သစ်အနေဖြင့် ဆိုပါမူ ငါးပါးမြောက် သက္ကသီဟအဘိဝံသ-ဘွဲ့ရ ဆရာတော် ဖြစ်ပါ၏။ ဤသို့ ခက်ခဲလှသည့် သက္ကသီဟဓမ္မာစရိယ ဘွဲ့ကို ရယူနိုင်ခဲ့ခြင်းမှာ ''သင်, ပြန်, လေ့, ကျက်''တည်း ဟူသော စာသင်သားတို့ လိုက်နာရမည့် နိယံအတိုင်း တသွေမတိမ်းလိုက်နာကျင့်သုံးခဲ့ခြင်းကြောင့်ပင် ဖြစ်ပါသည်။ အရှင်သုစိတ္တာသည် ထိုနိယံတို့ကို ကိုယ်တိုင် လိုက်နာခဲ့သလို မိမိတပည့်များကိုလည်း ထိုသို့ ကျင့်သုံးရန် အမြဲတမ်းတိုက်တွန်း ညွှန်ပြတတ်လေသည်။ မစိုးရိမ် တိုက်သစ်မှ **ယခုအချိန်အထိ အဘိဝံသ (၂၃)ပါး** ပေါ်ထွက်ခဲ့ပြီးဖြစ်၏။ ပရိယတ္တိအရေးနှင့် ပတ်သက်၍ မစိုးရိမ်တိုက်ကြီး အောင်မြင်ကျော်ကြားခြင်းမှာ စာသင် စာချ ရဟန်းသံဃာများမှအပ အခြားရဟန်း သံဃာများ လုံးဝမရှိခြင်းကြောင့်ပင် ဖြစ်ပါသည်။

ဘဒ္ဒန္တသုစိတ္တာဘိဝံသသည် ဓမ္မသီတဂူကျောင်း၌ သီတင်းသုံးလျက်၊ ကျောင်းထိုင်နာယက စာချတာဝန် များထမ်းဆောင်ရင်း ၁၃၄၈-ခုနှစ်မှ ၁၃၆၂-ခုနှစ်အတွင်း မစိုးရိမ်တိပိဋကပါဠိ+မြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့၌ ပါဝင်ကာ တိပိဋကပါဠိ+မြန်မာအဘိဓာန်နှင့် ပါဠိပဒပိဋကကျမ်းညွှန်းတို့ကိုလည်း ရေးသားပြုစုခဲ့၏။

၁၈-နှစ်သားအရွယ် သာမဏေဘဝမှသည် ကျောင်းထိုင်နာယက စာချ၊ ကျမ်းပြုဆရာတော်ဖြစ်လာသည်အထိ မစိုးရိမ်တိုက်သစ်၏ နွေးထွေးသောမေတ္တာရိပ်အောက်ဝယ် ခိုဝင်ဆည်းပူးခွင့် ရရှိခဲ့ခြင်းသည် မိမိဘဝအတွက် ဆုံးစမထင်သော အကျိုးကျေးဇူးများကို ရရှိခဲ့ပါသည်။ သို့ကြောင့်လည်း ဦးသုစိတ္တာအဖို့ မစိုးရိမ်သည် ပဝတ္တိမြေပင်ဖြစ်လင့်ကစား မွေးရပ်ဇာတိမြေနှင့် မခြား နှလုံးသားဝယ် ထာဝစဉ်ကိန်းအောင်းလျက် ရှိနေပါသည်။

http://www.dhammadownload.com



မစိုးရိမ် တိပိဋကာ ပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ (တိပိဋကအဘိဓာန် အတွဲ ၁၆-မှ ကူးယူဖော်ပြသည်)

(၃)နှစ်တာ ယာယီခရီး

မစိုးရိမ်တိုက်သစ် ဓမ္မသီတဂူကျောင်း၌ ကျောင်းထိုင်နာယကာ စာချုပ်တာဝန်, ကျမ်းပြုတာဝန်များကို နေ့မအားညမအား ထမ်းဆောင်နေစဉ်၊ ခရီးယာယီထွက်ရန် အကြောင်းပေါ်ပေါက်လာသဖြင့် အောက်ပြည် အောက်ရွာမှသည် ရခိုင်ကမ်းရိုးတန်း တစ်လျှောက် ခရီးကြမ်းကိုဖြတ်သန်းကာ ဇာတိရပ်ရွာသရက်တောင်သို့အရောက် ပြန်ကြွခဲ့လေသည်။

စာသင်စာချအလုပ်နှင့် တရားဓမ္မဟောပြောသည့် အလုပ်၌ အထုံပါရမီကြီးလှသော အရှင်သုစိတ္တာဘိဝံသ–သည် ခဏတာ သီတင်းသုံးနေစဉ်ကာလမှာပင် ငြိမ်းငြိမ်းချမ်းချမ်းမနေနိုင်။ သရက်တောင်မှ ကျောင်းသားသူငယ် (၁၀၀)ကျော်နှင့် သာမဏေ (၁၆)ပါး၊ ရဟန်း(၂)ပါးတို့ကို အခြေခံပုဒ္ဓဘာသာ စာပေများသင်ကြားပို့ချခြင်း၊ ဥပုသ်သည်များအား တရားဟောခြင်းတို့ဖြင့် အချိန်ကို တန်ဖိုးရှိရှိအသုံးချခဲ့ပေ၏။


သရက်တောင်မှသည် မော်လမြိုင်သို့ ပြောင်းရွှေ့သီတင်းသုံးပြန်သောအခါတွင်လည်း ၁၃၅၄–၁၃၅၅–ခုနှစ်များအတွင်း မော်လမြိုင်မြို့၊ သာသနာ့မာန်အောင် ဝဲပျံစာသင်တိုက်၌ ပါရာဇိကဏ်, သီလက္ခန်, အထက်ယမိုက်, ရူပသိဒ္ဓိကျမ်းများကို မနားမနေသင်ကြားပို့ချရင်း ဝါတွင်း ဥပုသ်နေ့တိုင်း ဥပုသ်သည်များအား ဗုဒ္ဓ၏နှုတ်ကပတ်တော်များကို ဟောပြောခဲ့၏။

သဒ္ဓမ္မပါလအသင်းမှ ကြီးမှူးကျင်းပသောနိကာယ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ ဥဘတောဝိဘင်းကို မဟာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့၏။ သည်မျှသာမဟုတ်သေး။ ဓမ္မာစရိယ စာချုတန်း စာသင်သားများအတွက် ရည်ရွယ်၍ စာမျက်နှာ ၅၀၀ ခန့် လောက်ထူသော သီလက္ခန်ဝါကျဥယျာဉ် ပ–တွဲနှင့် ဒု–တွဲကိုလည်း ပြုစုရေးသားလိုက်သေး၏။ တိပိဋကာ စာမေးပွဲဝင်ရောက်ဖြေဆိုရန် ရည်ရွယ်၍ ပါရာဇိကဏ်၊ ပါစိတ်ပါဠိတော်(၂)အုပ်ကို အာဂုံဆောင်ခဲ့သော်လည်း အကြောင်းကြောင်းကြောင့် မဖြေဆိုဖြစ်ခဲ့။ ဝဲပျံကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တဝိဇယာဘိဝံသ ဆိုလျှင် ဦးသုစိတ္တာသာ တိပိဋကာစာမေးပွဲ ဝင်ဖြေခဲ့လျှင် ကျိန်းသေအောင်လိမ့်မည်ဟု ယခုတိုင် တဖွဖွပြောလို့ မဆုံးနိုင်။

ပရိယတ္တိအရေးသည် သာသနာ၏အသက်ဖြစ်သည်ကို စွဲမြဲယုံကြည်သူပီပီ ပရိယတ္တိအရေးနှင့်ပတ်သက်လျှင် ဘယ်အခြေအနေ၊ ဘယ်ဘဝရောက်ရောက်အရိုးကြေကြေ၊ အရေခမ်းခမ်း မဆုတ်မနစ်စတမ်း ကြိုးပမ်းအားထုတ်နေခြင်းဖြစ်ပါသည်။

- ပရိယတ်ဆိုတာ သာသနာအသက်မို့ ရေရှည် ဆက်လက်တည်ဖို့ရည်။
- သစ်ပင်နွှဲငြင်းသော်၊ သစ်မြစ်ဘဲမို့၊ အရင်းလဲတော့ထင်းဖြစ်မည်။
- ပရိယတ်ကန်ဘောင်၊ အခြေခိုင်ခဲ့မှ၊ ရေကြည်ရေပေါက်တည်လိမ့်မည်။
- သာသနာ့အရှည်၊ မြေ့ကာတွေးလို့ ဓမ္မာစရိယသင်တန်း ဖွင့်ခဲ့သည်။
- ပရိယတ်တန်ခိုး၊ လွှမ်းခါမိုး၊ အဖိုးတန်လှသည်။

http://www.dhammadownload.com



အရှင်သုစိတ္တာဘိဝံသ
နွေရာသီ ဓမ္မာစရိယသင်တန်းပို့ချစဉ်



မော်လမြိုင်မြို့ သာသနာ့မာရ်အောင်ဝဲပျံကျောင်းတိုက်
ဆရာတော်ကြီး ဘဒ္ဒန္တဝိဇယာဘိဝံသ(အဂ္ဂါဘိဓဇ)

■ အဲဒါကြောင့် ငါတို့ကြိုးပမ်း၊ ဝန်ကိုထမ်း၊ လက်ဆင့်ကမ်းပါမည်။

ထိုဆောင်ပုဒ်ကလေးကို မကြာခဏ ရွတ်ဆိုရင်း အရှင်သုစိတ္တာဘိဝံသသည် ရောက်လေရာ အရပ်မှာ ပရိယတ္တိစည်ပင်ဖွံ့ဖြိုးရေးအတွက် မမှိတ်မသုန်ကြိုးပမ်းအားထုတ် နေခဲ့ပါလေသည်။

မစိုးရိမ်တိုက်သစ်သို့ တစ်ကျော့ပြန်

၁၃၅၆-ခုနှစ်တွင် မော်လမြိုင်မှ မန္တလေးသို့ ပြန်လည်ရောက်ရှိလာပြီး မစိုးရိမ်တိုက်သစ်တွင် သီတင်းသုံးကာ ကျောင်းထိုင်နာယက စာချုတာဝန်များကို ပြန်လည်ထမ်းဆောင်ရင်း စာချုတန်းအတွက် လိုအပ်နေသော ပါရာဇိကဏ်ဝါကျဥယျာဉ် ပ-ဒု နှစ်တွဲကို လည်းကောင်း၊ ဝိဂ္ဂဟနှင့် ဥာသ်ကောက်လမ်းညွှန်ကျမ်းနှင့် အတ္ထယောဇနာနယူပဒေသကျမ်းတို့ကို လည်းကောင်း ပြုစုရေးသားခဲ့ပြန်လေသည်။

၁၃၅၆-ခုမှ ၁၃၆၂-ခုအတွင်း မန္တလေးဥ္ဒ နေထိုင်စဉ် ၁၃၅၆-ခု ကမ္ဘာအေးကုန်းမြေ စတုတ္ထအကြိမ် ဂိဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးဥ္ဒ မန္တလေးမဟာအောင်မြေမြို့နယ်မှ သမ္မုတိရသံဃာ့ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ၁၃၅၆-ခုမှ ၁၃၆၂-ခုအထိ၊ မန္တလေး မဟာအောင်မြေမြို့နယ် သံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ ၁၃၅၆-၁၃၅၇-ခုနိုင်ငံတော် အစိုးရပါဠိပထမပြန် စာမေးပွဲ၊ မန္တလေးမဟာအောင်မြေ မြို့နယ်၊ အ-ထ-က (၂၄)ပထမလတ်တန်းစာဖြေဌာန ကြီးကြပ်ရေးအဖွဲ့အတွင်း ရေးမှူးအဖြစ်လည်းကောင်း သံဃာ့တာဝန်များကိုလည်း ကျေပွန်စွာထမ်းရွက်ခဲ့ လေသည်။

နွေရာသီကျောင်းပိတ်ရက် ဓမ္မာစရိယသင်တန်းများ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် သီတင်းသုံးခဲ့စဉ် စာပေပရိယတ္တိသင်ကြားပို့ ချခြင်းဥ္ဒ မရောင့်ရဲနိုင်သော အရှင်သုစိတ္တာဘိဝံသသည် ၁၃၅၅-ခုနှစ်တွင် နွေရာသီ ဓမ္မာစရိယသင်တန်းကို တီထွင်ဖွင့်လှစ်သင်ကြားခဲ့၏။ မန္တလေးသို့ ပြန်ကြွပြီးနောက်တွင်လည်း ၁၃၅၆/၅၇-ခု နွေရာသီများတွင် မော်လမြိုင်သို့ ကြွရောက်ကာ ဓမ္မာစရိယသင်တန်းကို ပို့ချပေးခဲ့လေသည်။

၁၃၅၈၊ ၅၉၊ ၆၀-ခုနှစ်များတွင်တော့ မန္တလေး၊ မစိုးရိမ်တိုက်သစ်တွင် သင်တန်းပို့ချပေးရလေသည်။

၁၃၆၁-ခုနှစ်မှ စ၍ နွေရာသီဓမ္မာစရိယသင်တန်းကို ရန်ကုန်မြို့တွင် စတင်ပို့ချခဲ့ရာ -

ပထမအကြိမ်၊ ၁၃၆၁-ခုနှစ်တွင် သင်တန်းသား/သူ (၄၈၂)ဦး။

ဒုတိယအကြိမ် ၁၃၆၂-ခုနှစ်တွင် သင်တန်းသား/သူ (၁၁၃၂) ဦး

တတိယအကြိမ် ၁၃၆၃-ခုနှစ်တွင် သင်တန်းသား/သူ (၁၅၅၄) ဦး

http://www.dhammadownload.com


စတုတ္ထအကြိမ် ၁၃၆၄-ခုနှစ်တွင် သင်တန်းသား/သူ (၁၃၅၉) ဦး

ပဉ္စမအကြိမ် ၁၃၆၅-ခုနှစ်တွင် သင်တန်းသား/သူ(၁၁၅၈) ဦး

ဆဋ္ဌမအကြိမ် ၁၃၆၆-ခုနှစ်တွင် သင်တန်းသား/သူ (၁၁၃၈) ဦး

ရန်ကုန်မြို့၌ နွေရာသီသင်တန်း (၆)ကြိမ် ပို့ချပြီးဖြစ်ပါသည်။

အလိုတော်ပြည်ဆရာတော်နှင့် ဘဒ္ဒန္တ သုစိတ္တာဘိဝံသ



နွေရာသီ ဓမ္မာစရိယသင်တန်းသား/သူ များ
(လှေခါးထစ်ပါမကျန် ကျပ်တည်းစွာ သင်တန်းတက်ကြရသည်)

ပြည်တွင်းပြည်ပ သာသနာပြု အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တအရိယဝံသသည် ကျောက်ပန်းတောင်းမြို့၌ မဟာအောင်မြေရတနာ စာသင်တိုက်ကို ထူထောင်၍ စာပေပရိယတ္တိများ သင်ကြားပို့ချနေစဉ် ကာလကပင် ဓမ္မာစရိယဖြေဆိုမည့် တပည့်များကို မန္တလေး မစိုးရိမ်တိုက်သစ်သို့ ပို့ဆောင်စေလွှတ်လေ့ရှိသည်။

ထိုဆက်စပ်မှုဖြင့် မန္တလေးမစိုးရိမ်တိုက်သစ်မှ မိမိတို့ရခိုင်အမျိုးသား အရှင်သုစိတ္တာဘိဝံသ၏ ပညာဉာဏ်ထူးချွန် ထက်မြက်မှုနှင့် စာသင်စာချကျွမ်းကျင်မှု သတင်းကို အစဉ်မပြတ် ကြားနေခဲ့ရ၏။ သက္ကသီဟစာမေးပွဲကို ထူးထူးချွန်ချွန်အောင်မြင်သည့်သတင်း၊ မစိုးရိမ်တိုက်သစ် ကျောင်းထိုင်နာယကအဖြစ် စာသင်သားသောတုဇနတို့အပေါ် စေတနာဗလဝဖြင့် ကိုယ်ဖိရင်ဖိသင်ကြားပို့ချနေသည် ဆိုသောသတင်းကောင်းများကို ကြားရသဖြင့် ကြိတ်၍ ဂုဏ်ယူနေခဲ့၏။

ဤသို့နှင့်ပင် သာသနာပြုရာ၌ အားတိုက်ခွန်တိုက်ရှိလှသော အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တ အရိယဝံသသည် မိမိ၏ တာမွေမြို့နယ်ရှိ အလိုတော်ပြည့် ကျောင်းတိုက်တွင် ဓမ္မာစရိယသင်တန်းများပို့ချပေးစေလိုစိတ် တဖွားဖွားပေါ်ပေါက်လာ၏။

မစိုးရိမ်တိုက်သစ်၊ နာယကဆရာတော်ကလေး၏ နွေရာသီ (၂)လသင်တန်းအကြောင်း ရဟန်း စာသင်သားလောက၌ ဟိုးလေးတကျော်ကျော် ကောင်းသတင်းလှိုင်နေပြီဖြစ်ရာ မိမိ၏ တပည့်တပန်းများနှင့် အောက်ပြည် အောက်ရွာမှ စာသင်သားရဟန်းပျိုများကိုလည်း အရှင်သုစိတ္တာဘိဝံသ၏ သင်တန်းတွင် တက်ရောက်သင်ကြားစေလိုကြ၏။

ထိုကာလမှာပင် တာမွေမြို့နယ်၊ အလိုတော်ပြည့် ကျောင်းတိုက်တွင် သိမ်ဒါယကာ ပေါ်ပေါက်လာ၏။ အလိုတော်ပြည့်ဆရာတော်အဖို့ ရှည်ရှည်ဝေးဝေးတွေးနေစရာမလိုတော့။ မိမိအာရုံကျနေသော မစိုးရိမ်တိုက်သစ်၊ ဓမ္မသီတဂူနာယက ဆရာတော်ကလေးကိုပင် ပင့်ဖိတ်ကာ သိမ်သမုတ်ပွဲကိုဆောင်ရွက်စေ၏။

၁၃၅၉-ခုနှစ်၊ တပို့တွဲလဆန်း (၁၁)ရက်၊ စနေနေ့၊ နံနက် (ဂ၊၅၅)နာရီတွင် အလိုတော်ပြည့် ကျောင်းတိုက် (တာမွေ) သာသနာ့သောဘိနီ ဗောဓိရတနာ ခဏ္ဍသိမ်သမုတ်ပွဲအောင်မြင်စွာ ကျင်းပပြီးစီးလေသည်။ ငယ်ရွယ်သူဆရာတော်ကလေး၏ ပညာပြည့်ဝမှု၊ စီမံခန့်ခွဲနိုင်မှု၊ သွက်လက်ချက်ချာမှုတို့ကို ဆရာတော် သမားတော်များနှင့်တကွ၊ ရဟန်းရှင်သူပြည်သူအားလုံး မျက်ဝါးထင်ထင် တွေ့မြင်ခွင့်ရကြလေသည်။ ပညာရဲရင့်သဖြင့် ပွဲလယ်တင်ခဲ့ခြင်းပင်ဖြစ်ပါတော့သည်။


ထိုသိမ်သမုတ်ပွဲကို အကြောင်းပြု၍ ဆရာတော်ကလေးဘဒ္ဒန္တသုစိတ္တာဘိဝံသနှင့် အလိုတော်ပြည့် ဆရာတော်တို့သည် ချစ်ကြည်ရင်းနှီးမှုကြီးမားလာခဲ့၏။ ဆရာတော်ကလေး၏ အရည်အချင်းကိုလည်း ဆရာတော်

http://www.dhammadownload.com

ကြီးက ယုံကြည်ကိုးစားလာခဲ့လေသည်။

ထို့ကြောင့်လည်း ရခိုင်ပြည်နယ်၊ မောင်းတောမြို့၊ ဘူးသီးတောင်မြို့၊ ရသေ့တောင်မြို့၊ မြောက်ဦးမြို့၊ မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့၊ အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကို၊ အယ်လ်ဆို ဘရန်တီမြို့၊ ရန်ကုန်တိုင်း၊ ဒဂုံဆိပ်ကမ်းမြို့တို့ရှိ အလိုတော်ပြည့်ကျောင်းတိုက်နှင့် အောင်မြေဗောဓိဓမ္မရိပ်သာများရှိ သိမ်သမုတ်ပွဲများကို အလိုတော်ပြည့် ဆရာတော်ကြီးက ဘဒ္ဒန္တသုစိတ္တာဘိဝံသ အား ဦးဆောင် ကြီးကြပ်စေခဲ့ခြင်းပင်ဖြစ်ပါသည်။ (ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ ဦးဆောင်မှုဖြင့် သမုတ်ခဲ့သော ပြည်တွင်း+ပြည်ပသိမ်အရေအတွက် တစ်ဒါဇင်တိတိ ရှိခဲ့ပြီဖြစ်ပါသည်။)

ထေရဝါဒဗုဒ္ဓသာသနာကို နှစ်နှစ်ကာကာ ယုံကြည်၍ သာသနာတော်ကြီးကျယ်ပွားများရေးကို



အလိုတော်ပြည့်ဆရာတော်ကြီးနှင့်
မစိုးရိမ်ဓမ္မသီတဂူဆရာတော်လေးတို့ အတူတကွ
နွေရာသီ ဓမ္မာစရိယသင်တန်းဆင်းပွဲအခမ်းအနားတွင်


အားကြိုးမာန်တက်ထမ်းဆောင်နေကြသော ဆရာတော်နှစ်ပါး၊ သူတော်ချင်းချင်း သတင်းလွှဲလွှဲ ပေါင်းဖက်တွေ့ကြုံပြီဖြစ်၍ ပြည်တွင်းပြည်ပ သာသနာပြုခရီးတစ်လျှောက် သာသနာတော်ထွန်းကားပြန့်ပွားရေးကိစ္စများကို မပြတ်နှိုးနှောတိုင်ပင်ခဲ့ကြ၏။ ဆရာတော်နှစ်ပါး အနီးကပ်နေထိုင်ရင်း သာသနာတော်အရေးဆွေးနွေးခဲ့ခြင်း၏ ရလာဒ်အဖြစ် တာမွေမြို့နယ်၊ အလိုတော်ပြည့်ကျောင်းတိုက်၌ နွေရာသီ ဓမ္မာစရိယသင်တန်းကို ၁၃၆၁-ခုနှစ် စတင်ဖွင့်လှစ်ဖြစ်ခဲ့လေသည်။

ပြည်ပသာသနာပြုခရီးများ

ပထမဆုံးပြည်ပခရီးမှာလည်း အလိုတော် ပြည့်ဆရာတော်နှင့် ပတ်သက်၍ပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံ၊ ကာလကတ္တား မြောက်ပိုင်း၊ ဘာရဆတ်မြို့တွင် အလိုတော်ပြည့်ဆရာတော်၏ ဗောဓိသုခပရဟိတကျောင်းတိုက်တည်ရှိပါသည်။ ထိုကျောင်းတိုက် ပရဝုဏ်အတွင်း၌ စစ်ကိုင်းတိုင်း၊ ခန္ဓီးမြို့မှ ဘုရားဒါယကာဦးစန်းအောင် ဇနီးဒေါ်ခင်မေဦး တို့မှ မတည်လှူဒါန်းပြီး မြန်မာ၊ စင်္ကာပူ၊ အမေရိကန်၊ မလေးရှား၊ ကနေဒါ၊ အိန္ဒိယတို့မှ အလှူရှင်များစုပေါင်းလှူဒါန်း၍ တည်ထားသော ဥဏ္ဏတော်အမြင့် (၂၇)ပေ၊ အရံစေတီငယ် (၄)ဆူရှိ တိလောကဝိဇယသယမ္ဘူစေတီတော်အား ဌာပနာတော်သွင်း ထီးတော်တင် ဗုဒ္ဓါဘိသေကမင်္ဂလာအခမ်းအနားသို့ ၁၉၉၉-ဇန်နဝါရီလတွင် အလိုတော်ပြည့်ဆရာတော်နှင့် အတူကြွရောက်ခဲ့၏။

ထိုအခမ်းအနားတွင် အလိုတော်ပြည့်ဆရာတော်က တရားနာပရိသတ်တို့အား ငါးပါးသီလပေးပြီး ဘဒ္ဒန္တသုစိတ္တာဘိဝံသမှ ဌာပနာတော်သွင်း ကုသိုလ်တော်ရေစက်ချ အနုမောဒနာတရားဟောကြားခဲ့၏။


ထီးတော်တင်လှူပွဲအထိမ်းအမှတ်အဖြစ်



ဘုရားဒကာဇနီးမောင်နှံတို့မှ သံဃာ တော်တစ်ပါးလျှင် နဝကမ္မရုပီးငွေ (၁၀၀၀)နှင့် လက်ဆွဲသေတ္တာတစ်လုံးစီ လှူဒါန်းရာ ဘဒ္ဒန္တသုစိတ္တာဘိဝံသကပင် ရေစက်ချ အနုမောဒနာတရားတော် ချီးမြှင့်ခဲ့၏။ ထီးတော်တင်ပွဲသို့ တက်ရောက်လာကြသည့် မြန်မာ, အမေရိကန်, ကနေဒါ, ဘင်္ဂလားဒေ့ရှ်အစရှိသော ဒကာ၊ ဒကာမများအားလည်း အိန္ဒိယတခွင် ထင်ရှားသော ဗုဒ္ဓဝင်ဌာန (၂၇)ခုသို့လည်း လည်ရာတွင်လည်း တရားပွဲများပြုလုပ်၍ ဟောကြားခဲ့၏။

နေကျသွားသောအခါ အရိပ်ပိုရှည်လာသလို ဘဒ္ဒန္တသုစိတ္တာဘိဝံသ၏ ဂုဏ်သတင်းသည် မစိုးရိမ် ကျောင်းဝင်းမှသည် မြန်မာပြည်တစ်နံတစ်လျား သာမက


http://www.dhammadownload.com




ပြည်ပနိုင်ငံများသို့တိုင် ပျံ့နှံ့ထင်ရှားလာခဲ့၏။ ပရိယတ္တိဥ္စ နှံ့စပ်ပြင်း သံဃာ့ရေးရာများ၌ ကျွမ်းကျင်စွာ စီမံခန့်ခွဲနိုင်ခြင်း၊ အဟောအပြောကောင်းခြင်း စသည့်ဂုဏ်သတင်းများကြောင့် အိန္ဒိယနိုင်ငံ နာဂပူရ်ခရိုင်၊ နဂပူရ်မြို့၊ ပါဠိအကယ်ဒမီ စင်တာဝင်းထဲ၌ သာသနာ့ဟိတရေခဏ္ဍသိမ်သမုတ်ရန် အကြောင်းကိစ္စပေါ်ပေါက်သောအခါ အင်ဒို-မြန်မာချစ်ကြည်ရေးအသင်း၏ ပင့်ဖိတ်ချက်အရ ၁၉၉၉-ခုနှစ် မတ်လတွင် မြန်မာနိုင်ငံမှ ရဟန်းတော်ငါးပါးနှင့်အတူ အိန္ဒိယသို့ကြွရောက်ကာ အိန္ဒိယနိုင်ငံမှ အဂ္ဂမဟာပဏ္ဍိတ ကုသိန္နာရုံဆရာတော် ဘဒ္ဒန္တဉာဏိဿရ-အမှူးပြုသော အိန္ဒိယ,သီဟိုဠ် ရဟန်းတော်(၁၅)ပါးနှင့်အတူ သိမ်နှုတ်၊ သိမ်သမုတ် ကိစ္စအဝဝကို ဆောင်ရွက်ပေးခဲ့၏။

ဂင်းခရီးစဉ်တွင် ဒေါက်တာ အမ္ဗေဒကရ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဟောပြောဆွေးနွေးခဲ့သလို အိန္ဒိယ-မြန်မာ ဗုဒ္ဓဘာသာဆိုင်ရာကိစ္စရပ်များကိုလည်း ဟောပြောဆွေးနွေးခဲ့ပါသည်။

၁၉၉၉-ခုနှစ်၊ မေလ(၂၆)ရက်နေ့မှစ၍ အမေရိကန်၊ ကနေဒါနိုင်ငံများသို့ (၄၅)ရက်ကြာ ဓမ္မဒူတခရီးလှည့်လည်၍ အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကို၊



http://www.dhammadownload.com



အယ်လ်ဆိုဘရန်တီ၊ လော့ခ်အိန်ဂျလ်စ်၊ ဝါရှင်တန်ဒီစီ၊ နယူးယောက်မြို့များ၌လည်းကောင်း၊ ကနေဒါနိုင်ငံ၊ အော့တဝါ၊ တိုရန်တိုမြို့များ၌လည်းကောင်း ဓမ္မရေးအေး တိုက်ကျွေးခဲ့၏။

ပထမအကြိမ် ၄၅-ရက်တာခရီးဖြင့် တစ်မြေရပ်ခြား ရောက်မြန်မာများနှင့် ထေရဝါဒ ဗုဒ္ဓဘာသာကို လေ့လာလိုက်စားလိုကြသော နိုင်ငံခြားသားများအား တရားဓမ္မဟော ပြောခဲ့ရသည်ကို အားရတင်းတိမ်ခြင်း မရှိသဖြင့် ၂၀၀၀-ပြည့်နှစ် ဩဂုတ်လ (၁၆)ရက် နေ့တွင် အမေရိကန်နိုင်ငံသို့ တစ်ခေါက်ထပ်မံကြွရောက်ကာ အယ်လ်ဆိုဘရန်တီမြို့၊ ဗောဓိသုခကျောင်း၌ ဝါဆိုပြီး စနေနေ့တိုင်း ဓမ္မသဘင်ကျင်းပကာ တရားရေအေး အမြိုက်ဆေးကို ခုနှစ်လခန့် တိုက်ကျွေးတော်မူခဲ့ပြန်ပါသည်။

မစိုးရိမ်မှ တာမွေအလိုတော်ပြည့်သို့


အလိုတော်ပြည့် ဆရာတော်နှင့် အတူ ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများကို လက်တွဲ



ဆောင်ရွက်ရာမှ တာမွေအလိုတော်ပြည့်ကျောင်းတွင် ၁၃၆၁-မှ ၁၃၆၆-ခုအထိ နွေရာသီ ဓမ္မာစရိယသင်တန်းများဖွင့်ဖြစ်ခဲ့၏။

အလိုတော်ပြည့်ဆရာတော်နှင့်တကွ တပည့်တကာများ၏ မေတ္တာရပ်ခံပင့်ဖိတ်ချက်အရ ဘဒ္ဒန္တသုစိတ္တာဘိဝံသသည် ၁၃၆၃-ခုနှစ်တွင် မစိုးရိမ်တိုက်သစ်မှ တာမွေအလိုတော်ပြည့်ကျောင်းသို့ ပြောင်းရွှေ့ဝါဆိုလျက် ရန်ကုန်မြို့၊ စာသင်တိုက်အသီးသီးမှ ဓမ္မာစရိယ ဖြေဆိုကြမည့် ရဟန်းများကို စာဝါများ သင်ကြားပို့ချပါသည်။ ဆရာတော်လေး၏ စာပေပရိယတ္တိ ပို့ချရာ၌ ရှင်းလင်းတိကျမှု၊ သေချာကျနလမ်းညွှန်မှု၊ စေတနာထက်သန်မှုတို့သည် ဓမ္မာစရိယစာသင်သား လောကၠ ဟိုးဟိုးကျော်နေပြီဖြစ်ရာ စာဝါလိုက်ရန် ရောက်လာကြသော မောင်ရှင်၊ ရဟန်း၊ သီလရှင်တို့မှာ အလိုတော်ပြည့် ကျောင်းဝင်းတစ်ခုလုံးပြည့်နှက်နေ၏။

ပရိယတ္တိအခြေခိုင်မှ သာသနာထွန်းပမည်ဟူ၍ ယုံကြည်ချက်ပြင်းစွာဖြင့် ရဟန်း (၁)ဝါရမှစ၍ စ၍ စာပေပရိယတ်ပို့ချမှုကို တစိုက်မတ်မတ် လုပ်ဆောင်ခဲ့သော ဆရာတော်ကလေးမှာ မောသည်,ပန်းသည်ကို



မစိုးရိမ်တိုက်သစ် ပိဋကနယျပဒေသကျောင်း
မဟာနာယကဆရာတော်
ဘဒ္ဒန္တကောဝိဒါဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)
စတုတ္ထအကြိမ် နွေရာသီဓမ္မာစရိယသင်တန်းသို့
ကြွရောက်၍ ဩဝါဒချီးမြှင့်စဉ်

http://www.dhammadownload.com

ဂရုမပြုနိုင်။ တပည့်ငယ်များ အဆင့်မြင့် စာပေပရိ ယတ်ကို ကျွမ်းကျင်တတ်မြောက်ရေးအတွက် အထူးဝိရိယ စိုက်ကာ ကိုယ်ဖိရင်ဖိ ကြိုးစားလျက် စာဝါများပို့ချနေ တော့၏။

အလို တော်ပြည့်ဆရာတော်၏ ကြီးကျယ်မြင့်မြတ်သော ဂုဏ်သတင်းနှင့် မစိုးရိမ် နာယက ဆရာတော်လေး၏ ထူးချွန်ပြောင်မြောက်သော ဂုဏ်သတင်းများသည် အနာဂတ်သာသနာတော် တိုးတက်ပြန့်ပွားရေးကို ဆောင်ကျဉ်းရန်အလို့ငှာကြီးစွာသော အထောက်အပံ့ကို ဖြစ်စေခဲ့၏။


မွေးရပ်မြေသို့ ကျေးဇူးဆပ်ခြင်း

ဘုရားရှင်တို့၌ မမေ့အပ်သော အရပ်လေးပါး (အဝိဇဟိတဌာန)ရှိသည်ဟု ဆိုပါသည်။ မွေးဖွားရာအရပ် (လုမ္ဗနီအင်ကြင်းတော၊ နီပေါပြည်)၊ ဘုရားအဖြစ်သို့ ရောက်ရှိသည့်အရပ် (မဟာဗောဓိပင်ပေါက်ရာ ဗုဒ္ဓဂယာ)၊ တရားဦး (ဓမ္မစက်ကြာ)ဟောရာအရပ် (မိဂဒါဝုန်၊ ဆရနသ၊ ဗာရာဏသီ)၊ ပရိနိဗ္ဗာန်စံရာအရပ် (ကုသိနာရုံ၊ မာထကူဝ) တို့ပင်ဖြစ်ပါသည်။ ရဟန်းတို့၌ ရဟန်းအဖြစ်သို့ ရောက်ရှိရာ သိမ်နှင့် ဥပဇ္ဈာယ်ဆရာကို မမေ့အပ်။ မင်းတို့၌ ရေမြေသနင်းပြည်ရှင်မင်းအဖြစ် အဘိသိက်သွန်းလောင်းရာအရပ်ကို မမေ့အပ်။ လူတို့၌ အနန္တောအနန္တ ငါးပါးနှင့် ဇာတိချက်ကြွေမွေးရပ်မြေကို မမေ့အပ်ဟူ၍ မှတ်သားရပါသည်။

ဘဒ္ဒန္တသုစိတ္တာဘိဝံသသည် သာသနာတော်အကျိုးကိုကြီးစွာသော ပခုံးစွမ်းအားဖြင့် ထမ်းဆောင်နိုင်စိမ့်သောငှာ မွေးရပ်မြေမှ ထွက်ခွာခဲ့ငြား မိမိ၏ ဇာတိချက်ကြွေ မွေးရပ်မြေနှင့် မိဘ–ဆရာသမား၊ သားချင်းဆွေမျိုး၊ မိတ်ဆွေရောင်းရင်းများကို အမြဲမပြတ်အောက်မေ့သတိရနေတတ်၏။ သာသနာ့ဝန်ထမ်းရဟန်းတစ်ပါးအနေနှင့် သာသနာတော်နှင့်စပ်ဆိုင်သော ကောင်းမှုတစ်ခုကို ဇာတိမြေတွင် ဆောင်ရွက်ပေးလိုစိတ်သည် နှလုံးအိမ်ထဲ၌ ထာဝစဉ်ကိန်းအောင်းလျက်ရှိခဲ့၏။

ဤသို့နှင့် ၁၃၆၃–ခုနှစ်သို့ရောက်သောအခါ ရခိုင်ပြည်နယ်တစ်ဝှမ်းသို့ သာသနာပြုခရီးကြွချိန်၊ မိမိ၏ ဇာတိမြေသရက်တောင်ရွာမှ နှစ်ပေါင်း (၁၀၀)ကျော် သက်တမ်းရှိ သိမ်ဟောင်းကို ပြန်လည်သမုတ် ဆောက်လုပ်ရန် စီမံဆောင်ရွက်ပါတော့သည်။ ယခင်က (၂၁)ပေ ပတ်လည်ရှိသော သိမ်ဟောင်းကို ပြန်လည်သမုတ်၍ ၄၅' × ၃၄' ကျယ်ဝန်းသော 'သာသနပါလခဏ္ဍ သိမ်တော်' ကြီးအဖြစ် အသစ်တဖန်ပြန်လည်ဆောက်လုပ်ခဲ့လေသည်။

အနယ်နယ်အရပ်ရပ်ထိန့်သိကျော်ဇောသော ရဟန်းတော်ပီပီ သိမ့်တော်ကြီး ဆောက်လုပ်ရာ၌ ပြည်တွင်းမှ အလှူရှင်များသာမက အမေရိကန်၊ ကနေဒါစသော နိုင်ငံရပ်ခြားမှ အလှူရှင်များပင်



သာသနပါလခဏ္ဍာသိမ်တော်ကြီး (သရက်တောင်ရွာ)

ပါဝင်လှူဒါန်းခဲ့ကြပါသည်။ သရက်တောင်ရွာသားများနှင့် ပတ်ဝန်းကျင်အရပ်ဒေသများမှ ရပ်သူရွာသားများကလည်း ဆရာတော်ဦးဆောင်သော သိမ်သမုတ်ပွဲကြီး၌ ဝမ်းသာအားရ ဝိုင်းဝန်းဆောင်ရွက်ခြင်းဖြင့် ကုသိုလ်ကောင်းမှုအဖို့ဘာဂ မျှဝေရယူနိုင်ခဲ့ကြ၏။ သိန်းပေါင်း (၁၅၀)ကျော်ကုန်ကျသော RC အဆောက်အဦးကြီးဖြစ်သည့် ထိုသိမ်တော်ကြီးဆောက်လုပ်ရာ၌ သက်ရှိထင်ရှားပုဂ္ဂိုလ်များသာလျှင် ကုသိုလ်ရယူနိုင်ခဲ့သည်မဟုတ်။ လွန်ခဲ့သော နှစ်ပေါင်း (၈၀)ကျော်က ကွယ်လွန်ခဲ့သည့် ဘိကြီးဖြစ်သူ ဒီဗီဇဦးမြတ်ထွန်းအောင်နှင့်တကွ သားစဉ်မြေးဆက်များသည်လည်း ရောက်လေရာဘုံဘဝက



ကျေးလက်ရင်ခွင် စာဖတ်အသင်း (သရက်တောင်ရွာ)

http://www.dhammadownload.com

ကုသိုလ်ယူနိုင်ရန် ရည်ရွယ်၍ ဘိကြွေး၏ ပိုင်စားမြေပေါ်မှ သက်တမ်းရင့် ကျွန်းပင်ကြီးများကို ခုတ်လှဲခွဲစိတ်ကာ သိမ်အလှူ၌ ပါဝင်စေခဲ့ပါသည်။

ထိုသိမ်ထီးတော်တင်ပွဲနှင့် ရေစက်ချ အခမ်းအနားသို့ နေတစ်ဆူလတစ်ဆူပမာ ထင်ရှားသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်ခြင်း၊ ရခိုင်တိုင်းမှူးကြီး ဗိုလ်မှူးချုပ် မောင်ဦးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ ကိုယ်တိုင်လာရောက်အားပေးခြင်း၊ အနုပညာရှင်များ ကလည်း မိမိတို့ တတ်စွမ်းသည့် အနုပညာဖြင့် လာရောက်ဖျော်ဖြေပေးခြင်းတို့ကြောင့် လူထုပရိသတ်ကြီးမှာ ကြက်ပျံမကျစည်ကားခဲ့၏။ ထမင်းရည်ချောင်းစီး အလှူကြီးလည်းဖြစ်ခဲ့၏။

ပရိယတ္တိသင်အံလေ့ကျက်ရာဌာနလည်းကောင်း၊ တစ်ပါးသူတို့အား ပြန်လည်ပို့ချရာဌာနလည်းကောင်း ရောင့်ရဲတင်းတိမ်ခြင်း မရှိတတ်သောအရှင်သုစိတ္တာဘိဝံသ သည် အလှူဒါနပြုရာဌာနလည်း မရောင့်ရဲနိုင်။ သိမ်တော်ကြီး ဆောက်လုပ်နေဆဲမှာပင် သစ္စာဂီရိတောင်ပေါ်မှ ပြည်စိုးချမ်းသာစေတီတော်ကြီးကို ထီးတော်တင်ရန် နှင့် ကျေးလက် ရင်ခွင် စာဖတ်အသင်းထူထောင်ရန်အတွက်ပါ တစ်ပြိုင် နက် စီစဉ်ခဲ့ရာ၊ သိမ်တော်ကြီး ရေစက်ချပွဲတွင် ဘုရားထီး တင်ပွဲနှင့် စာကြည့်အသင်းဖွင့်ပွဲကိုပါ တစ်ပြိုင်နက်ကျင်းပ ခဲ့၏။


သရက်တောင်ရွာသမိုင်း၌ အကြီးအကျယ်ဆုံး အစည်ကားဆုံး အလှူဒါနအခမ်းအနားကြီးတစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့ပါသတည်း။

အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသသည် မိမိကိုယ်တိုင် ပရိယတ္တိကုံလုံပြည့်စုံရေးအတွက် အစွမ်းကုန်ကြိုးစားအားထုတ်ခဲ့သလို အသက် (၂၀)စွန်းစအရွယ်မှစ၍ စာသင်သား သောတုဇနများ ပညာရည်မြင့်မားရေးအတွက် နေ့ညမနား ကြိုးပမ်း၍ စာပေပရိယတ္တိပို့ချကာ သာသနာ့အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူခဲ့သဖြင့် ၁၃၆၄ ခုနှစ် (၄-၁-၂၀၀၃)သက်တော် (၄၆) နှစ် အရွယ်မှာပင် နိုင်ငံတော်အစိုးရ၏ ဆက်ကပ်လှူဒါန်းသော ''အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတဘွဲ့''တံဆိပ်ကို ရရှိခဲ့ပါသည်။

တာမွေအလိုတော်ပြည့်မှ ဒဂုံဆိပ်ကမ်း ဓမ္မာစရိယတက္ကသိုလ်သို့

တာမွေအလိုတော်ပြည့်ကျောင်းတိုက်မှ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်သို့ ဓမ္မာစရိယ စာသင်သားသံဃာ ၁၁၅-ပါးနှင့်အတူ ၆-




အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ် (၁၃၆၄-ခုနှစ်၊ တပေါင်းလပြည့်နေ့)

http://www.dhammadownload.com

၁-၂၀၀၄-ခုနှစ်တွင် ပြောင်းရွှေ့သီတင်းသုံး၏။ ထိုနှစ် ဝါဆိုဝါကပ်ကြသော သံဃာအရေအတွက်မှာ ၁၄၇-ပါး ဖြစ်လေသည်။

အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်ကား မြေရိယာ (၁၀)ကေရှိသည့်အပြင် ပင်မစာသင်ဆောင်ကြီးမှာ (အလျား ၁၆၄-ပေ၊အနံ ၆၂-ပေ) သုံးထပ်ကျောင်းဆောင်ကြီးဖြစ်သဖြင့် စာသင်သားတစ်ထောင်ခန့် သီတင်းသုံး၍ ပညာရှာမှီးနိုင်သော အဆောက်အအုံကြီး ဖြစ်ပါသည်။ ထို့ပြင်လည်း ကျောင်း



ဝင်းထဲ၌ သာသနာ့ဝုဖိုကာရီသိမ်တော်၊ ဓမ္မသီတဂူ နာယကချုပ် ကျောင်းဆောင်၊ နှစ်ထပ် ပိဋ္ဌကတ်မော်ကွန်းတိုက်၊ အာဟာရသုခဆွမ်းစားကျောင်းဆောင်၊သဒ္ဓမ္မဝိဇယကျောင်းဆောင်၊ ပုဗ္ဗာရုံကျောင်းဆောင်၊ သာသနဓဇဓမ္မဗိမာန်တော်အပြင် ဆောက်လုပ်ဆဲ၊ ဆောက်လုပ်လတ္တံ့ အဆောက်အဦးများ လည်းရှိသေးရာ ဓမ္မာစရိယစာဝါများကို သင်ကြားလိုကြသော သောတုဇနများအတွက် ဝမ်းမြောက်ဖွယ်ရာပင်။

အလိုတော်ပြည့်ဆရာတော်ကြီးနှင့် မစိုးရိမ်တိုက်သစ်နာယက ဆရာတော်လေးတို့သည် ရွှေဒဂံးတစ်ပြား၏ ခေါင်းနှင့် ပန်းပမာ တစ်သားတည်း လက်တွဲဆောင်ရွက်ခဲ့မှု ကြောင့် ပေါ်ထွက်လာခဲ့သည့် မြန်မာပြည်၏ တစ်ခုတည်းသော ဓမ္မာစရိယတက္ကသိုလ်ကြီးသည်ကား သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် အလွန်အရေးပါသော ဌာနကြီးတစ်ခုပင် ဖြစ်ပါသည်။ တက္ကသိုလ်၏အဓိပတိ အလိုတော်ပြည့် ဆရာတော်ကြီးနှင့် တက္ကသိုလ်နာယကချုပ် ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသတို့၏ ကြိုးပမ်း အားထုတ်မှုကား သာသနာရေးသမိုင်းတွင် ကြီးမားလှသော မှတ်တိုင်ကြီး လည်း ဖြစ်ပါပေသည်။


ဤနေရာ၌ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်ကြီး အောင်မြင်တိုးတက်ရေးအတွက် စေတနာ၊ မေတ္တာ၊ သဒ္ဓါတရား ထက်သန်စွာဖြင့် ကူညီထောက်ပံ့ကြသော သာကေတမြို့နယ်သူ/သားများ၊ ယုဇနဥယျဉ်မြို့တော်နှင့် (၈၈)ရပ်ကွက်သူ/သားများ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်းအမှူးပြုသော ဥပဒ္ဒာကအဖွဲ့ဝင်များ၏ ကြိုးပမ်းအားထုတ်မှုများကိုလည်း အထူးတလည် မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

အသက်နှင့်ကိုယ်မြဲနေသမျှ မိမိဘဝကို သာသနာအတွက် စွန့်လှူထားသော ဘဒ္ဒန္တသုစိတ္တာဘိဝံသ အဖို့လည်း အနာဂတ်သာသနာတော်အတွက် အစွမ်းကုန် အားထုတ်ခွင့်ရတော့မည်ဟူ၍ သောမနဿများစွာ ဖြစ်ရလေသည်။ လူသာမန်တို့၏ မျက်စိ၊ လူပြိန်းတို့၏ ဉာဏ်ဖြင့် ကြည့်မြင်သုံးသပ်လျှင်တော့ ''သည်ရွှေ့ သည်မျှ ခမ်းနားကြီးကျယ်သော ကျောင်းကြီးဝိဟာပေါ်မှာ နေထိုင်သီတင်းသုံးရခြင်း၊ ထိပ်တန်းပုဂ္ဂိုလ်များ၏ ရှိသေလေးမြတ်ခြင်းကို ခံယူရမှတော့ ပီတိမဖြစ်ပဲနေပါ့



အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်
ဥပဒ္ဒာကအဖွဲ့ ဥက္ကဋ္ဌကြီး
အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်း

http://www.dhammadownload.com



မလား'' ဟု ဆိုတန်ရာ၏။

သာသနာ့ဝန်ထမ်း ရဟန်းဘဝကို ရောက်ရှိလာကတည်းက ''**ငါသည် ဤဘဝတွင် သံသရာဇာတ်ခန္ဓာပြတ်အောင် အပြင်းအထန်အားထုတ်၍ မကြုံးစားနိုင်ခဲ့လျှင်သော်မှ လောကထွဋ်စရိယဖြစ်သည့် လူသားတို့၏ ကောင်းကျိုးကို သယ်ပိုးအား ထုတ်ပေးရပေလိမ့်မည်။ မိမိ၏ အကျိုးကို အပတ်တကုတ် ကြိုးပမ်းရင်း အခြားသူတို့၏ အကျိုးကိုလည်း ကေန်မုချသယ်ပိုးဆောင်ကျဉ်းပေးရပေမည်။ သို့မှလည်း ငါမျှော်မှန်းသော သာသနာပြန့်ပွားရေးကို ဆောင်ရွက်ခြင်းမည်ပေမည်**'' ဟူ၍ အစဉ်မပြတ် နှလုံးသွင်းကာ မဟာဇနကမင်းကြီးပမာ မလျော့သော ဇွဲလုံ့လဖြင့် ကြိုးစားအားထုတ်လာခဲ့ခြင်းသာဖြစ်လေသည်။

ဓမ္မာစရိယတက္ကသိုလ် နာယကချုပ်ဟူသော ဂုဏ်ထူးဝိသေသအတွက် ဤမည်သော အဆောက်အဦးကြီးအတွက် ထိုထိုသော လာဘ်သပကာများအတွက် ဝမ်းမြောက်ခြင်းမှာ မိမိအတွက် စိုးစဉ်းမျှမဟုတ်ခဲ့။ သာသနာတော်အတွက် သက်သက်သာဖြစ်ကြောင်း ရိုးသား ဖြူစင်သော နှလုံးသားဝယ် ထာဝစဉ် ဆောင်နှင်းထားခဲ့ပါသည်။

သုန္ဒရံ စိတ္တံ ယဿာတိ သုစိတ္တော– ဟူ၍ ငယ်စဉ်တောင်ကျေးကလေးဘဝ သရက်တောင်ကျောင်းကြီးမှာ ရှင်ပြုစဉ်က ငယ်ဆရာတော်ဦးသုန္ဒရ၏ ဖွင့်ဆိုမိန့်မှာချက်ကို တရံမလပ်နှလုံးသွင်းခဲ့၊ လိုက်နာကျင့်သုံးခဲ့ခြင်းကြောင့် မိမိကိုယ်တိုင် ထူးချွန်ပြောင်မြောက်သောဘဝကို တည်ဆောက်နိုင်ခဲ့သလို၊ မိမိကို မှီခိုဆည်းကပ်လာသည့် တပည့်တပန်းများကိုလည်း ထိုက်တန်စွာ ချီးမြှောက်နိုင်ခဲ့ခြင်းဖြစ်သည်ဟု အမြဲမှတ်ယူ၏။

ရဟန်းဒကာနှင့်ဒကာမကြီးတို့ပေးသောအမွေ

ဘကြီးတော်ရဟန်းဒကာကြီး ရွှေနန်းသဂီဆေးတိုက်ပိုင်ရှင်ဆရာခင်သည် အရှင်သုစိတ္တာဘိဝံသ ထက်စောရှင်ရဟန်းတက်ခဲ့သည်ဟု အထက်မှာ ဖော်ပြခဲ့ပြီ။

ရဟန်းဒကာဆရာခင် (ခ) ဦးပညာသာမိသည် ၁၃၃၈–ခုနှစ်၊ နတ်တော်လပြည့်နေ့တွင် ရဟန်းဘောင်သို့ ဝင်ရောက်ပြီး ၁၃၅၇–ခုနှစ်၊ သက်တော် ၈၄–နှစ်တွင် ပျံလွန်လေသည်။

ရဟန်းဒါယိကာမကြီး ဒေါ်မြရင်မှာလည်း နောက်တစ်နှစ်အကြာတွင် ခင်ပွန်းသည် နောက်သို့ လိုက်ပါ ကွယ်လွန်ခဲ့ပြန်၏။

ရဟန်းဒကာနှင့်ဒါယိကာမကြီးတို့ ကွယ်လွန်သောအခါ သားသမီးခုနစ်ဦးက ကျန်ရစ်သော အမွေအနှစ်များကို မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ ခွဲဝေရန် စီစဉ်ကြသောအခါ မန္တလေးဆေးတက္ကသိုလ်အနီးမှ တိုက် (၂)လုံးကို တူတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသအား အမွေပေးအပ်ခဲ့ကြောင်းသိရတော့သည်။

သားသမီးများကလည်း ညီအစ်ကိုတော်စပ်သူ ဦးပဉ္စင်းအား အဖြစ်အပျက်ကို အကြောင်းကြားကြ၏။ ထိုစဉ်က အသက် (၃၉)နှစ်မျှသာရှိသေးသော ဦးသုစိတ္တသည် ဘကြီးတော် ရဟန်းဒကာကြီးဖနီးမောင်နှံက မိမိအတွက် ရည်စူးသတ်မှတ်ခဲ့သော်ငြားလည်း၊ မိမိမှာ သာသနာ့ဝန်ထမ်းရဟန်းဖြစ်၍ ပရိဘောဂဝန်ထုတ်ဝန်ပိုးကို မသယ်ပိုးလို။ တိုက် (၂)လုံးကို သိန်း ၁၁၀ (၁၉၉၆–ခုနှစ်)နှင့် ရောင်းချစေပြီး၊ ညီအစ်ကို မောင်နှမ ခုနှစ်ဦးအား တစ်ဦးလျှင် (၁၁)သိန်းစီ၊ ရဟန်းဒကာကြီးနှင့် ဒကာမကြီးတို့အား သေသည်အထိ ပြုစုစောင့်ရှောက်ခဲ့သော မြေးတစ်ယောက်ကို (၁၁)သိန်းနှင့် မိမိအတွက် (၁၁)သိန်းခွဲဝေပေးလိုက်၏။

မိမိအတွက် (၁၁)သိန်းဟု ဆိုရငြားလည်း မိမိကိုယ်ကျိုးအတွက် လုံးဝသုံးစွဲခြင်း မပြု၊ (၂၀၀၀)ခုနှစ်တွင် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် ဆောက်လုပ်သောအခါ ရဟန်းဒကာနှင့်ဒကာမကြီးတို့အား ရည်စူး၍ လှူဒါန်းလိုက်လေသည်။


ထိုင်းဘုရင်၏ ကြည်ညိုသဒ္ဓါ

မွန်မြတ်သန့်စင်သော ထိုစိတ်ထားစေတနာနှင့်

http://www.dhammadownload.com

သာသနာတော်အတွက် စွမ်းစွမ်းတမံကြိုးပမ်းအား ထုတ်မှုကြောင့်ပင် ကမ္ဘာနှင့်အဝှမ်းနှံ့သိ ကျော်ဇောခြင်း ဖြစ်ပေလိမ့်မည်။

အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်သို့ ပြောင်းရွှေ့သီတင်းသုံးသည့်နှစ်မှာပင် ထိုင်းဘုရင်မင်းမြတ်



ထိုင်းဘုရင်မင်းမြတ်၏ ကထိန်အလှူတော်


သည် ''သူ၏ကထိန်အလှူအား ဓမ္မာစရိယတက္ကသိုလ်ကို ကပ်လှူလိုပါသည်''ဟူ၍ စုံစမ်းလျှောက်ထားလာ၏။ ဘဒ္ဒန္တသုစိတ္တာဘိဝံသ၏ သာသနာရေး ဆောင်ရွက်ချက်များသည် ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင်များ အကြား၌ မည်မျှပုံနှံ့နေကြောင်း ထိုအချက်က သက်သေခံလျက် ရှိပါသည်။ သူ၏ ကထိန်သင်္ကန်းကို ထိုင်းဘုရင်ကိုယ်တိုင်လာရောက်၍ မဆက်ကပ်နိုင်သော်ငြား ဆွေတော်မျိုးတော်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှ တခမ်းတနား လာရောက်ဆက်ကပ်ခဲ့လေသည်။

ဓမ္မာစရိယတက္ကသိုလ်နာယကချုပ်အဖြစ် လေးနှစ်တာ ဖြတ်သန်းမှု

စာသင်သံဃာ (၁၁၇)ပါးနှင့် စတင်ခဲ့သော ဓမ္မာစရိယတက္ကသိုလ်တွင် ၁၃၆၆–ခုနှစ် စာသင်သံဃာ (၁၄၇)ပါး၊ ၁၃၆၇–ခုနှစ် စာသင်သံဃာ(၁၇၈)ပါး၊ ၁၃၆၈–ခုနှစ် (၂၀၇)ပါး တစ်စစတိုးပွားလာ၏။ စာသင်သားသံဃာတိုးပွားလာသည်နှင့်အမျှ ပညာသင်ကြားရေးကိစ္စအပြင် သံဃာတော်များ စားဝတ်နေရေးကိစ္စ၊ ကျန်းမာရေးကိစ္စ၊ စည်းကမ်းထိန်းသိမ်းရေးကိစ္စ စသည်ဖြင့် များစွာလှသောကိစ္စများကိုလည်း တာဝန် ယူလာရ၏။

စာသင်သားတပည့်ဆိုသည်ကလည်း မြန်မာ





ပြည်အနှံ့အပြားမှ လူမျိုးပေါင်းစုံ, စရိုက်ပေါင်းစုံ, ဓလေ့ထုံးစံမျိုးစုံဖြင့်လာရောက်ပေါင်းဆုံကြသည်ဖြစ်ရာ စီမံအုပ်ချုပ်ရသူအဖို့ အလွန်တာဝန်ကြီးလေသည်။ တစ်ဖက်က ပညာကို လိုချင်လွန်း၍ ရောက်လာကြသည်မှာ မှန်သော်လည်း ငယ်ရွယ်သူများပီပီလွတ်လပ်မှုကိုလည်း ခုံမင်တတ်ကြသေး၏။ အသက်အရွယ်အရ ကြိမ်လုံးကိုင်၍ ဆုံးမရမည့်အရွယ်လည်း မဟုတ်ကြတော့သဖြင့် ဘုရား သားတော်များကို ဘုရား၏ အဆုံးအမများဖြင့်ပင် စည်းကြပ်အုပ်ချုပ်ရ၏။

''ဗုဒ္ဓပသံသိတ သာသနာ့ဝန်ထမ်းမျိုးဖြစ်အောင်နေကြ။

ဗုဒ္ဓပတိကုဋ္ဌ သာသနာ့ဝန်ထမ်းမဖြစ်ကြစေနဲ့။

သာသနာ့ဝန်ထမ်းဖြစ်ပါစေ။ သာသနာ့ဝန်စီး၊ သာသနာ့အမှိုက်မဖြစ်ကြစေနဲ့။

မိမိပြုသောအမှုသည် သာသနာအရှည်တည်တဲ့ရေးအတွက် ကျေးဇူးများသော ကုသိုလ်လုပ်ငန်းမျိုးဖြစ်ပါစေ။''

http://www.dhammadownload.com

စာသင်စာချရင်း ဆုံးမဝါဒသြကလေးများကို မပြတ်ဟောပြော၍လည်း ထိန်းသိမ်းပေးရ၏။

''စာချစာသင် အလုပ်ခွင်ဝယ်၊ နေ့စဉ်မွေ့လျော်၊ များသူတော်တို့၊ ရွှင်ပျော်လုံလ၊ သဒ္ဓါကြွရှ် ဥာဏစင်ဖြူ၊ သင်ချမူကား၊ ထိုသူစီးပွား သုတများ၏။''

''မကွယ်စေကာ၊ ကိလေသာလည်း၊ သူငါ ရှုန့်ကြမ်း ဖြစ်စတမ်းမို့၊ ပရမ်းပတာ ဖြစ်မလာပဲ၊ ဣသာ၊ မစ္ဆေရ မထကြွဘူး။''

''ရာဂဒေါသော၊ မာန–မောတို့၊ အပြောမကျယ်၊ သေးငယ်ငယ်မှ၊ စ၍ပဟာန်၊ တဒင်္ဂန်နှင့်၊ ဝိက္ခမ္ဘန၊ ပယ်နိုင်ကြသည်၊ သင်ချအကျိုး၊ စာတန်းခိုး တည်း။''


ကဗျာလင်္ကာလေးတွေ ရွတ်ဆိုပြရင်း တည့်မတ်ပေးသည့်အခါပေးရ၏။

''အပြစ်ဖော်ပြ၊ လွန်နှိမ့်ချ၍၊ ဆုံးမသွန်သင်၊ ဆရာရှင်အား၊ မြေတွင်မြုပ်ထား၊ ရွေအိုးများကို၊ ညွှန်ကြားပြသူ၊ ပမာတူသို့၊ နာယူဆည်းကပ်၊ ပြုတတ်သူကား၊ ကောင်းကျိုးပွား၏''

အဋ္ဌကထာများကို မှီး၍လည်း သွန်သင်ဆုံးမရ၏။

''သစ်ပင် မြစ်ချောင်း၊ နို့ကောင်းနွားမ ဣ၏ကာယကား၊ သူများအကျိုးသယ်ပိုးအံ့ငှာ သီးခါတန်သီး၊ စီးမြဲစီးလျက် မီးမီးယိုက္ခ၊ ကျိုးဆောင်ရ၏။ ကမ္မဿကာ လူဖို့လိပါတို့၊ ငါနှင့်မဆိုင် မတတ်နိုင်ဟု၊ မပြုင်ခင်ရှုံး၊ စိတ်နှလုံးကို၊ ဒုန်းဒုန်းကြီးချ၊ ရှိချေကမူ၊ ဗုဒ္ဓသာသနာ၊ ကွယ်ပျောက်ရာ၏။'' စသည်ဖြင့် ဗုဒ္ဓသာသနာကြီး အရှည်သဖြင့်တည်တံ့ ပွားများရေး အတွက် သတိပေးတပ်လှုံ့ပေးရသည့်အခါ လည်း ပေးရ၏။

''ဓမ္မာစရိယတက္ကသိုလ်ကို ဘိုးဘွားပိုင်အမွေခံ ပစ္စည်းလို သဘောမထားကြနဲ့။ ဒို့ကလည်း မွေးမြူရေး ဘုန်းကြီး မဟုတ်ဘူး။ သာသနာအတွက် အသက်နှင့် ခန္ဓာကို အပ်နှင်းထားပြီးသူဖြစ်တယ်။ ဒီမှာနေခိုက် ဒီကျောင်းတိုက်၏ စည်းကမ်းဥပဒေကို တိကျစွာ လိုက်နာကျ။ ကိုယ်တည်းဟူသော အကြောင်းကြောင့် ကိုယ့်ကျောင်းတိုက်, ကိုယ့်သာသနာ, ကိုယ့် ဆရာသမား ဂုဏ်သိက္ခာကို ညှဉ်းပိန်စေတတ်သော အပြုအမူ, အပြောအဆိုမျိုး ဘယ်တော့မှ မပြုကြနဲ့။ မနေချင်ရင်




http://www.dhammadownload.com

ဝါတွင်း, ဝါပမရွေး, အချိန်မရွေးပြောင်းရွေ့ နိုင်တယ်။ အနုတ္တရော ပုရိသဓမ္မသာရထိ–ဂုဏ်ရှင် ဖြစ်တော်မူသော ဘုရားသားတော် ပီသစွာ နေထိုင်ကြ။ သာသနာမှာနေရင် သမဏသုခရရှိအောင် ကြိုးစားအားထုတ်ကြဖို့လိုတယ်။'' စသည်ဖြင့် တစ်ခါတရံ ကရုဏာဒေါသဖြင့် ခပ်ကြမ်းကြမ်း ဆုံးမရသည်လည်းရှိ၏။

စာသင်သားသံဃာ (၂၀၀)ကျော်၏ ဆိုးရေး, ကောင်းရေး, ပညာထူးချွန်ရေးစသော များများမြောင်လှသည့် တာဝန်ဝတ္တရားများကို မနေမနားကြိုးပမ်းရသကဲ့သို့ ဓမ္မာစရိယတန်းအတွက်လိုအပ်သော အဋ္ဌသာလိနီဝါကျ ဥယျာဉ် ပထမတွဲ, ဒုတိယတွဲ နှစ်တွဲကိုလည်း ပြီးစီးအောင် ရေးသား ပြုစုရပေ၏။

ယခုဆိုလျှင် ဘဒ္ဒန္တသုစိတ္တာဘိဝံသ ဓမ္မာစရိယ စာချုတန်း စာသင်သားများအတွက် ရေးသားပြုစုခဲ့ပြီး သမျှ ကျမ်းစာအုပ်များမှာ –

၁။ ပါရာဇိကဏ်ဝါကျဥယျာဉ် ပထမတွဲ
၂။ ပါရာဇိကဏ်ဝါကျဥယျာဉ် ဒုတိယတွဲ
၃။ သီလက္ခန်ဝါကျဥယျာဉ် ပထမတွဲ
၄။ သီလက္ခန်ဝါကျဥယျာဉ် ဒုတိယတွဲ
၅။ အဋ္ဌသာလိနီဝါကျဥယျာဉ် ပထမတွဲ
၆။ အဋ္ဌသာလိနီဝါကျဥယျာဉ် ဒုတိယတွဲ
၇။ ဝိဂ္ဂဟနှင့် ဉာဿကောက်လမ်းညွှန်
၈။ အတ္ထယောဇနာနယူပဒေသကျမ်းတို့ဖြစ်ပါသည်။



စာသင်သားများအကျိုးအတွက် ပျားပန်းခပ်မျှ အလုပ်များသည့်ကြားက ဝါတွင်းကာလ ဥပုသ်ရက်များမှာ ဒကာ–ဒကာမများကိုလည်း တရားဓမ္မဟောပြောသည့် တာဝန်ကိုပါ ပူးတွဲထမ်းဆောင်ရပြန်လေသည်။ ရပ်ကွက် အသီးသီးမှ တရားပွဲများကိုလည်း မျက်နှာလွှဲထား၍ မဖြစ်။ ပုဂ္ဂိုလ်ခင်၍ တရားမင်ကြသော၊ တရားမင်၍ ပုဂ္ဂိုလ်ခင်ကြသော တရားနာပရိသတ်များ ဗုဒ္ဓ၏ အဆုံး အမတရားတော်များကို နာကြားစိမ့်သောငှာလည်း ဆောင်ရွက်ပေးရပြန်၏။

စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် အဖြစ် ပရိယတ္တိသာသနာတော်ကို တိုးတက်အောင် ဆောင်ကျဉ်းရင်း တရားဟောဓမ္မကထိကအဖြစ်ဖြင့်လည်း သာသနာ၏အကျိုးကို သယ်ပိုးရ၏။

သို့မှလည်း စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာကို ဗုဒ္ဓဘာသာဝင်တိုင်း မှန်မှန်ကန်ကန် ယုံကြည် ကိုးကွယ်တတ်ကြမည် မဟုတ်ပါလား။

အဆုံးမဲ့နိဂုံး

ငွေလရောင်ရွှန်းပြက် ကျောက်ခင်းလမ်းပေါ်၌ တစ်ကိုယ်တည်းအတွေးနက်စွာ စက်ဘီးနှင်လျှောက်နေသော ပုဂ္ဂိုလ်သည် လွန်လေပြီးသောနှစ်ပေါင်း (၅၀)ကာလကို တစ်စခြင်း တစ်ပိုင်းချင်းစီ ပြန်လည်တွေးတောရင်း၊ မိမိဖြတ်သန်းခဲ့သော လမ်းခရီးကို ပြန်လည်ဆင်ခြင် သုံးသပ်နေမိပြန်၏။

အသက် (၉)နှစ်သားအရွယ်၊ ဘုရားသားတော် အဖြစ်ကို ခံယူခဲ့ကတည်းက၊ ဆရာသမားတို့၏ သွန်သင် ဆုံးမမှုဖြင့် ထေရဝါဒဗုဒ္ဓသာသနာတော် အကျိုးကို တတ်စွမ်းသမျှသယ်ပိုးလာခဲ့သော မိမိ၏ဘဝတာဝယ်၊ ပုထုဇဉ်ပီပီအမှားအယွင်း, အချွတ်အချော်, အတိမ်း အစောင်းတို့လည်း ဇကန်မုချရှိခဲ့ပေလိမ့်မည်။ ထိုအမှား အယွင်းတို့သည် စေတနာဆိုးဖြင့် မှားယွင်းမှုမဟုတ်စေကာမူ မိမိရှေ့ဆက်ရမည့်ခရီးတာဝယ် မြူမျှသော အမှား အယွင်း, အတိမ်းအစောင်းမျိုးမရှိစေရန် ဆင်ခြင်သတိချပ် ရပေလိမ့်မည်။ ထိုနည်းတူ မိမိဘဝတာအတွင်း အားသာချက်များလည်းရှိခဲ့သည်သာဖြစ်၏။ ထို မှန်ကန်သော အားသာချက်များကို ပိုမိုကြီးထွားပွားများ အောင် ကြိုးပမ်း၍ မိမိ မျှော်မှန်းသည့် သာသနာတော် ပွင့်လင်းထွန်းကားရေး၌ အသုံးချရဖပလိမ့်မည်။

http://www.dhammadownload.com



ယခုဆိုလျှင် မိမိဘဝမှာ အကြီးများဆုံး မျှော်လင့်ခဲ့သော သာသနာပြုလုပ်ငန်း တာဝန်များကို ထမ်းဆောင်ခွင့်ရခဲ့ပြီဖြစ်သည်။ မိမိမျှော်မှန်းသော အနာဂတ်သာသနာပြုခရီးလမ်းမှာလည်း ယခုမိမိစကြံန်လျှောက်နေသော လမ်းကလေးပမာပင် ကြည်စင် အေးချမ်းသောလရောင် အောက်ဝယ် ခုလုတ်ကန်သင်းကင်းစွာ ဖြောင့်ဖြူးနေခဲ့ပြီဖြစ်၏။

သို့သော် လောကဓံဆိုသည်က မြေလျှင်ကဲ့သို့ပင် ကြုံတင်ခန့်မှန်း၍ ရတတ်သည်မဟုတ်။ ဗုဒ္ဓမြတ်စွာသည်ပင်လျှင် လောကဓံနှင့် မကင်းခဲ့။ ကောင်းမြတ်သောအလုပ်ဆိုသဖြင့်လည်း အန္တရာယ်ကင်းသည်မဟုတ်။ ဖြစ်ချိန်တန်လျှင် ဖြစ်တတ်သလို ပျက်ချိန်တန်လျှင်လည်း ပျက်စမြဲသာ။

မည်သို့ဆိုစေ၊ အသက်ငါးဆယ်အရွယ်သို့ ချဉ်းနင်းဝင်ရောက်ခဲ့ပြီဖြစ်သော မိမိဘဝမှာ လောကဓံကောင်း (၄)ပါးကိုလည်း မတုန်မလှုပ်ခံယူခဲ့ဖူးပြီ။ လောကဓံဆိုး (၄)ပါးကိုလည်း အကြိမ်ကြိမ်ကျော်လွှားခဲ့ဖူးပြီ။

မြတ်ဗုဒ္ဓ၏ တပည့်သာဝကဖြစ်သော မိမိအဖို့ ကြုံတင်မျှော်မှန်း၍ မရနိုင်သော အနာဂတ်အတွက် စိုးနှောင့်ပျာပါဖြစ်စရာမလို။ ပစ္စုပ္ပန်ကိုသာ တည့်တည့်ရှုမှတ်ရင်း မိမိခံယူယုံကြည်ထားသည့် လမ်းအတိုင်း တင်စိုက်မတ်မတ် လျှောက်လှမ်းရုံသာရှိတော့ သည်။

အဝေးတစ်နေရာမှ လင်းကြက်တွန်သံကို သဲ့သဲ့ကြားလိုက်ရသဖြင့် ကောင်းကင်သို့ မော့၍ ကြည့်လိုက် မိ၏။ တန်ဆောင်းမုန်းလပြည့်ည၏ ဝိုင်းစက်နေသော လမင်းကြီးသည် ကောင်းကင်ပြင်ဝယ် အစွမ်းကုန်ထွန်းပ နေဆဲပင်။

မကြာသေအချိန်တွင် အရှေ့ပုဗ္ဗာအရပ်မှ ရောင်နီပျို့တော့မည်။ နေမင်း အလင်းရောင်နှင့် အတူ သာသနာ့တာဝန်များကို မိမိဘဒ္ဒန္တသုစိတ္တာဘိဝံသသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်ထမ်းဆောင်ရပေဦးမည်။

မိမိအပတ်တကုတ်ကြုံးပမ်းအားထုတ်လာခဲ့သော တာဝန်များသည် ဗုဒ္ဓသာသနာတော်အတွက် ကောင်းမြတ်သော အလုပ်ဖြစ်သည်ဟု ခွဲမြားသိမှတ်ယုံကြည်ခဲ့၏။ ယုံကြည်ဆဲ လည်းဖြစ်၏။ ထိုယုံကြည်မှုဖြင့်ပင် မိမိဘဝတစ်ခုလုံးသာသနာတော်အရေးမှာ လုံးဝမြုပ်နှံထားခြင်းဖြစ်ပါ၏။

ဤမှန်ကန်သောသစ္စာစကားကြောင့် သာသနာတော်ကြီးစည်ပင်ထွန်းကားပါစေသတည်း။ သုစိတ္တာဘိဝံသ–ဟူသော သာသနာ့ဝန်ထမ်းမိမိသည်လည်း သာသနာ့တာဝန်များကို ဆထက်တံပိုးတိုး၍ ထမ်းဆောင်နိုင်ခွင့်ရပါစေသတည်း။


''ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု''

⊙⊙⊙

■ မာန်အောင်ချစ်ထွန်း

http://www.dhammadownload.com

လမ်း



ဇာတိခန္ဓာ၊ ရသောခါဝယ်
ဇရာအိုညောင်း၊ ဗျာဓိထောင်းလို့
တိမ်းစောင်းဘဝ၊ မရဏကြောင့်
ပြဟ္မနတ်လူ၊ အပါယ်သူတို့
မည်သူမချွတ်၊ သေဘေးဝဋ်က
မလွတ်မှန်စွာ၊ သေရပါမည်
ခန္ဓာအနိစ္စ . . . .ခန္ဓာဒုက္ခ
ခန္ဓာအနတ္တပါတကား။

■ ဇဋိလ (ဟန်အောင်)

http://www.dhammadownload.com

ပဌမ

ရန်သူအများ၊ ဝိုင်းရံထားလည်း
ပြေးသွားဖို့ရာ၊ လမ်းပေါက်သာလျက်
ပြေးမထွက်သူ။
မစင်လူးလျှင်၊ အေးကြည်လင်သည့်
ရေစင်ရှိလျက်၊ မဆေးရက်သူ။
ဟစ်အော်ငိုပွဲ၊ ရောဂါသည်း၍
လူးလဲဗျာဓိ၊ နာမချိစဉ်
တတ်သိမြင်မြော်၊ သမားတော်နှင့်
ဆေးလျော်ရှိလျက်၊ မကုရက်သူ။
ကယ်ပါယူပါ၊ လာလာသမျှ
ဒုက္ခဖုံဖုံ၊ ရောဂါစုံကို
ကုံလုံပညာ၊ ဆေးစွမ်းစာနှင့်
သေချာထိမိ၊ ကုသဘိလည်း
မိမိဝေဒနာ၊ ကိုယ့်တွက်တာမူ
ပညာမချင့်၊ ရောဂါရင့်၍
မသင့်ကြွေချိန်စောရသူ။
သံသရာမီး၊ ထိန်ထိန်ညီးလျက်
ဖိစီးလောင်မြိုက်၊ အပူတိုက်ဝယ်
မောဟိုက်ပမ်းသူ၊ များရှင်လူအား
အပူငြိမ်းစေ၊ ဓမ္မရေကို
ပေးဝေသွန်းချ၊ ကြိုးလုံ့လလျက်
ဓမ္မရေစွမ်း၊ အံ့မခန်းကို
ဉာဏ်စွမ်းအလျောက်၊ ကျမ်းမှီထောက်လည်း
မရောက်ကိုယ့်မှာ၊ ကိုယ့်တွက်တာမူ
ပညာသတိ၊ သမာဓိလျော့
အာရုံပေါ်၌၊ သော့သော့ယစ်ကြိုက်
ဖလံမိုက်သို့၊ တဟိုက်ဟိုက်လျှင်
မီးကိုခင်သည်. . . . .
ရေတံခွန်အောက်မှာ ဖောရွေးယို။
ပယ်ခွင်မုချ ငါ့ကိုကြို။
ပဋ္ဌမ 'ငါ' အမိုက်ဆုံးကို။

■ ဇာနည်သွေး

http://www.dhammadownload.com

ကောင်းနိုင်ရန်ရှိပို့မေတ္တာ



❁ ဘုရားဟော ပိဋကတ်
ပရိယတ် မသင်
ပဋိပတ် မယှဉ်သည်
အမြဲပင်ယခု။
ပွဲရုံနဲ့ ကသိုဏ်းပျော်ရွှင်
ဆိုင်းဆော်လျှင် သူတို့ကရှု။


❁ အဂ္ဂရတ် ရွှေဖြစ်ကြွသည်
ငွေဖြစ်ရန်အမှု။
ဘေသဇ္ဇာ သူနာပြုတွေနဲ့
ယတြာမှုဗေဒင်။
ဓာတ်စာပါ တလီပေး
ပြည်သေးနှင့် ဆွမ်းဆန်ကိုခြင်။

❁ ပင့်ဖိတ်အောင် ဉာဏ်ဆင်သည်
ဒလံပင် ပေါင်းသင်း၍
ကျောင်းတွင်း ပြောင်းခင်းမြိုင်
နွားလှုဂုဏ်ပြိုင်။
လှည်းသမား ကျောင်းထိုင်လျှင်
ကောင်းနိုင်ရန် ရှိဘူးကွဲ့လေး။ ။

■ ရွှေးပညာရှင် စာဆိုကဝိ

http://www.dhammadownload.com

ဘဒ္ဒန္တပဏ္ဍိတ
(အဂ္ဂမဟာပဏ္ဍိတ)၏ဩဝါဒ



၁။ မိမိကြောင့် သူတစ်ပါး မနစ်နာစေနှင့်။
၂။ ဂုဏ်ပကာသနကို မျှော်၍ အလုပ်မလုပ်နှင့်။
၃။ အရာရာမှာ ကုသိုလ်ဖြစ်အောင်လုပ်ပါ။
၄။ ရှိသေလေးစားမြတ်နိုးမှုကို ပြု၍ ဆက်ဆံပါ။
၅။ သူတစ်ပါးကို အနိုင်ယူခြင်းထက် ကူညီခြင်းသည် အကျိုးများသည်။
၆။ အပြစ်ပေးခြင်းထက် ပြုပြင်ပေးခြင်းသည် သာပြီးကောင်းသည်။
၇။ ပညာတတ်ခြင်း အာဏာရှိခြင်းသည် အနိုင်ကျင့်ရန် မဟုတ် အကျိုးပြုရန်သာ–ဟု နှလုံးသွင်းရန် ဖြစ်သည်။
၈။ ယဉ်ကျေးသောပုဂ္ဂိုလ် လူမျိုးတို့သည် အရာရာမှာ အထက်တန်းကျ၍ တိုးတက်သည်။
၉။ လာဘ်လာဘကို မျှော်၍ ကူညီခြင်းထက် စေတနာထား၍ ကူညီခြင်းသည် များစွာအကျိုးပြုသည်။
၁၀။ တိုက်တာ (တိုင်းပြည်)၌ လူကြီး (ဆရာ)လုပ်နေခြင်းသည် မလိမ္မာသော, မယဉ်ကျေးသော, ပညာနုသော,ငယ်ရွယ်သော ပုဂ္ဂိုလ်များနှင့် နေရ၍ သွန်သင်ပြုပြင် ဆောင်ရွက်ရန် တာဝန်များကို မမေ့နှင့်။

ဖော်ပြပါ ၁၀ ချက်သည် ဆရာတော်၏ နှလုံးသွင်း သဘောထားဩဝါဒဖြစ်သည်။ ထို ၁၀ ချက်တို့တွင် တစ်ခုစီ တစ်ခုစီ ဖော်ပြပါက အလွန်များနေမည်ဖြစ်၍ နောက်ဆုံး ၁၀ ခုမြောက် –

''တိုက်တာ၌ လူကြီး (ဆရာ) လုပ်နေခြင်းသည် မလိမ္မာသော၊ မယဉ်ကျေးသော၊ ပညာနုသော၊ ငယ်ရွယ်သော ပုဂ္ဂိုလ်များနှင့် နေရ၍ သွန်သင်ပြုပြင်ဆောင်ရွက်ရန် တာဝန်များကို မမေ့နှင့်''ဟူသော ဩဝါဒကို ဖော်ပြလိုသည်။

ဆရာသမား (လူကြီး) ၏ သဘာဝ

ဆရာသမားတို့သည် အယူအဆ အတွေးအခေါ် အမျိုးမျိုးရှိကြသည်။ အချို့သော ဆရာသမားတို့သည် ဒို့ကတော့ ပြတ်ပြတ်သားသား တိတိကျကျ ပြောတာ လုပ်တာဘဲ၊ အချို့သောဆရာသမားတို့က ဒို့ကတော့အရာ ဌာနအားလျော်စွာ ပြောတာလုပ်တာဘဲ၊ အချို့သောဆရာ သမားတို့က ဒို့ကတော့ အခြေအနေကို ကြည့်နေတာဘဲ စသည်ဖြင့် ပြောကြဆိုကြ လုပ်ကြတာကို တွေ့ရမြင်ရသည်။ ဘယ်ဆရာသမားမဆို မိမိတို့၏ ဆရာသမားတာဝန် လူကြီးတာဝန်ကိုသိဖို့ နှလုံးသွင်းမိဖို့ အရေးကြီးဆုံးဖြစ်သည်။

ဆရာသမားတာဝန်ကျယ်ပြန့်သည်

ဆရာသမား (လူကြီး)များ၏ တာဝန်သည် များစွာကျယ်ပြန့်သည်။ မိမိ၏တာဝန်ကို သတိမထားမိကြသော ဆရာသမားများသည် တပည့်သားများကိုဘဲ မကောင်း (အပြစ်) မြင်တတ်ကြသည်။ မိမိတို့၏ တာဝန်ပေါ်ဆမှ၊ သတိမထားမှကြောင့်ဖြစ်ရသည်။ မကောင်းသော အဖြစ်အပျက်များကို တပည့်သားတို့၏ အတွင်းသို့သွင်း၍ မပုံချဖို့ရန်လည်း သတိပြုဖို့လိုအပ်သည်။ တပည့်သားတို့သည် ဆရာသမားတို့၏ အပြုအမူကို ကောင်းကောင်းဆိုးဆိုး ခံကြရသည်က များသည်သာဖြစ်သည်။

ဆရာသမားများသည် ပြောသင့်ပြောထိုက်သော စကားစသည်များကို အချိန်မီပြောနိုင်ဖို့ရန် ရောက်သင့်

http://www.dhammadownload.com

ဓမ္မသီတဂူကျောင်းနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်ရ ဆရာတော်ဘဒ္ဒန္တသုစိတ္တာဘိဝံသသည် ကန်ဘောင်ရိုးကို တူးဖို့ပေးနေသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် တစ်ပါးဟု ဆိုရပါမည်။

လောကတွင် ကန်ဘောင်ရိုးခိုင်မှ ရေတည်ပါမည်။ ရေတည်ရှိပါမှ ကြာပေါက်မည်။ ရေရှိခြင်း ကြာပေါက်ခြင်းသည် ကန်ဘောင်ရိုးခိုင်လုံခြင်းလျှင် အကြောင်းရှိသကဲ့သို့ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာတည်တံ့ခြင်းအကြောင်းသည် ပရိယတ္တိသာလျှင် အကြောင်းရင်း ရှိပါသည်။

ကန်ဘောင်ရိုးသည် ပရိယတ္တိနှင့်တူပါသည်၊
ရေသည် ပဋိပတ္တိနှင့်တူပါသည်၊
ကြာငါးပါးသည် ဈာန်၊ အဘိညာဉ်၊ သမာပတ်၊ မဂ်ဖိုလ်ဟူသော ပဋိဝေဓနှင့်တူပါသည်။

အခြားဥပမာပြုရသော် နွားလားဥသဘ အထောင်မက ရှိစေကာမူ ထိုနွားတို့၏အကြား၌ အမျိုးအနွယ်ကို အစဉ် စောင့်ရှောက်တတ်သော ပဝေဏီပါလကမည်သော နွားမတစ်ကောင်မရှိငြားအံ့၊ ထိုနွားလားဥသဘအမျိုးအနွယ် ပျောက်ရသကဲ့သို့ အရာအထောင်မကသော သမထ၊ ဝိပဿနာတရား အားထုတ်နေသော ရဟန်းရှင်များရှိလင့်ကစား ပရိယတ္တိသင်ကြားမှု ဟောပြောပို့ချမှုမရှိသော် ပရိယတ္တိ ကွယ်ပျောက်ပါမည်။ ပရိယတ္တိအကျင့်လည်း ကွယ်ပျောက်မည်။ ပဋိဝေဓလည်း မရနိုင်တော့ပါ။

မြေတွင်မြှုပ်ထားသောဥစ္စာအိုးအလယ်၌ အမှတ်အသားကျောက်တိုင်သည် အကွာရာနှင့်တကွ မပျက်စီးသမျှကာလပတ်လုံး ထိုဥစ္စာရှေးအိုးသည် မပျောက်ပျက်ရသကဲ့သို့ ပရိယတ္တိသင်ကြားမှု ရှိနေသမျှ ကာလပတ်လုံး ပရိပတ္တိ ပဋိဝေဓသာသနာ (၂)ရပ်လုံးသည် တည်ရှိနေပါမည်။

ထို့ကြောင့် ဘဒ္ဒန္တသုစိတ္တာဘိဝံသသည် စာသင်သားရဟန်းသံဃာတော်များကို ဥယျာဉ်မှူးပမာ ပြုစုစောင့်ရှောက်၍ ပညာသင်ကြားပေးနေသည်မှာ

- ဥယျာဉ်မှူးကောင်းတစ်ယောက်နှင့်တူပါသည်။
- အမျိုးအနွယ်ကို အစဉ်စောင့်ရှောက်သောမဏိပါလက နွားမနှင့်လည်း တူပါသည်။
- ရွှေအိုးတည်ရာကို ဖော်ပြပေးနေသော ကျောက်စာတိုင်နှင့်လည်း တူပါသည်။
- ရေနှင့်ကြာတည်ရန် ကန်ဘောင်ခိုင်အောင် တူးဖို့နေသူနှင့်လည်း တူပါသည်။

တဖန် ဘဒ္ဒန္တသုစိတ္တာဘိဝံသသည် ဤပရိယတ္တိအကျိုးကို သည်ပိုးရာတွင် သုတ္တန်ပါတပါဠိတော်လာ ခေါင်းဆောင်ကောင်းကျင့်စဉ် (၄)ရပ်နှင့်အညီ ကျင့်ကြံအားထုတ်ခဲ့ပါသည်။

၁။ **သစ္စံ** – အလုပ်ကိစ္စကို တည်ကြည်ဖြောင့်မတ်မှန်ကန်စွာ ပြုရွက်လုပ်ဆောင်ခြင်း။
၂။ **ဓမ္မော** – သတ်မှတ်ထားသောစည်းမျဉ်းဥပဒေအတိုင်း ဆောင်ရွက်လုပ်ကိုင်ပေးခြင်း။
၃။ **ဓိတိ** – ပုတ်ခတ်မှု၊ စွပ်စွဲမှု၊ ကဲ့ရဲ့မှုများ အပေါ်၌ တုန်လှုပ်မှုမရှိ တည်ငြိမ်စွာ ဆောင်ရွက်ခြင်း။
၄။ **စာဂေါ** – ကိုယ်ကျိုးစွန့်ရန် ပေါ်ပေါက်လာပါက သတ္တိရှိစွာ ကိုယ်ကျိုးကို စွန့်ပေးခြင်း၊

ဤလေးချက်နှင့်အညီ သာသနာအကျိုးသည်ပိုးဆောင်ရွက်နေပါသည်။ ထို့ကြောင့် ဘဒ္ဒန္တသုစိတ္တာဘိဝံသအား

အကိုင်းအခက်တွေနှင့်
ယှက်သိုင်းလျက်ဝေဖြာ
အလိုတော်ပြည့် ပရိယတ်ဝိဟာ
ဝိနည်းသိက္ခာ ရင်မှာသိမ်းဆည်း
သိပ်သည်းသိမ်မွေ့ သီလစည်း
နေဓလေ့ ချမ်းမြေ့သိပ်သို
စွမ်းဓလေ့ ပင်ကိုယ်
ပွင့်သစ်စ စပယ်ပန်းလို
မွှေးရနံ့သင်းပျံ့ပျံ့ချို
ကျင့်လေ သင်လေ အဆင်ပြေတယ်
မြတ်သာသနာဝယ် ထေရ်ရှင်အစွမ်းသာပ
နန်းပရိယတ်အုတ်မြစ်စိ
ပရိယတ္တိသာသနဂုဏ်ရည်
ထေရ်မြတ်ဆရာ၏ စွမ်းစုံရည်သည်
ကမ္ဘာတည်အောင်ချဉ်းနှိုင်ဘို့လေး။

ဟူသောလင်္ကာဖြင့် ဖွဲ့ဆိုချီးကျူး ဂါရဝအထူးဖြင့် ပူဇော်ရင်း မြတ်ဗုဒ္ဓ၏သာသနာတော် ကမ္ဘာချဉ်း၍ တည်တံ့နိုင်အောင်ကြိုးစားအားထုတ်နိုင်ပါစေ ဟုဆုတောင်းပတ္ထနာပြုလျက်။

■ **တက္ကသိုလ်သျှင်သီရိ**
(ဓမ္မာစရိယဘီအေ)

♦ ♦ ♦

http://www.dhammadownload.com



စိတ်ကောင်းရိုက လိုတာရ

ယောဆရာတော် (တိပိဋကဓရ - တိပိဋကကောဝိဒ)

- *ကုသိုလ်အစု၊ ကောင်းမှုတရား၊*
  မတန်ငြား၊ စိတ်ထားမကောင်းပါ။
  စိတ်မကောင်းက၊ ရန်သူရ၊
  ဒုက္ခအပူပွားတတ်ပါ။
- *ကုသိုလ်အစု၊ ကောင်းမှုတရား၊*
  ထိုက်တန်ငြား၊ စိတ်ထားကောင်းမြတ်ပါ။
  စိတ်ကောင်းထားက၊ မိတ်ကောင်းရ၊
  သုခတိုး၍ အေးချမ်းပါ။
- *အကုသိုလ်မှာ၊ လိုတာမပေး၊ စိတ်မအေးရ၊*
  ကိုယ်ကတစ်ဖန်၊ သူ့ကိုပြန်၊ တာဝန်ယူရပါ။
- *ကုသိုလ်အစု၊ ကောင်းစွာပြုက၊*
  စိတ်အေးရအောင်၊ သူကတစ်ဖန်၊
  ကိုယ့်ကိုပြန်၊ တာဝန်ယူသွားပါ။
- *စိတ်ကောင်းရှိက၊ လိုတာရ၊ မုချအေးချမ်းပါ။*

"လောကၠ အဆိုးသည် မကောင်းသော်လည်း အကောင်းကို ဂုဏ်တင်ပေးသည်" အဆိုးရှိသောကြောင့် သာ အကောင်းဂုဏ်တက်နေခြင်းဖြစ်သည်။ အဆိုးကို ပြုပြင်ဖယ်ရှားပြီး အကောင်းကို မြှင့်တင်ဆွဲယူ ဖော်ထုတ်ပေးရခြင်းလည်း ဖြစ်သည်။

ကိုယ့်စိတ်ကောင်း/မကောင်းသိလိုလျှင် ကုသိုလ် အလုပ်ဖြင့် စမ်းကြည့်ရမည်၊ ဒါန သီလ သမာဓိ ဝိပဿနာ ၄ မျိုးတို့တွင် ၁-မျိုး မျိုးဖြင့် ဖြစ်စေ၊ ၄-မျိုး လုံးဖြင့်ဖြစ်စေ စမ်းသပ်ကြည့်သည့်အခါ အစမ်းမခံဘဲ ရှောင်လွှဲနေလျှင် အကြောင်းအမျိုးမျိုးပြု၍ ငြင်းပယ်နေလျှင် ယခုမလုပ်လိုသေးဘဲ နောက်ကိုရွှေ့ရွှေ့နေလျှင်, ကောင်းမှုနှင့် မထိုက်တန်သေးသဖြင့် "ကိုယ့်စိတ် မကောင်းသေး" ဟု နားလည်ရမည်။

နည်းနည်းမကောင်းသည့်စိတ်သည် အထိန်းလွတ်လျှင် မကြာမီ များများမကောင်းသည့်စိတ်ဖြစ်သွားနိုင်သည်။ ဆိုးညစ်ပူလောင်သည့်အဆင့်ရောက်သွားနိုင်သည်။ စိတ်မကောင်းလျှင် ကိုယ်ရော နှုတ်ပါ မကောင်းဖြစ်သွားနိုင်သည်။ မကောင်းမှု အကုသိုလ်အဆင့်ရောက်အောင် လွန်ကျူးပြစ်မှားမိနိုင်သည်။ ရန်သူနှင့် ပက်ပင်းရင်ဆိုင်တိုးရတော့မည်ဖြစ်သဖြင့် ဆင်းရဲအပူများ မဆုံးနိုင်အောင် တိုးပွားလာကြတော့မည် ဖြစ်သည်။

ကုသိုလ် ၄ မျိုးဖြင့် စမ်းကြည့်၍အစမ်းခံနိုင်လျှင် ကောင်းမှုကို နှစ်နှစ်ခြိုက်ခြိုက် ကျေကျေနပ်နပ် လက်ခံနိုင်လျှင် ကောင်းမှုအလုပ်ထဲစိတ်ပါဝင်စားလျှင် ကောင်းမှုတရားကို ချစ်စရာအကောင်းဆုံး မိတ်ဆွေအဖြစ်မြင်လာလျှင် ကောင်းမှုနှင့်ထိုက်တန်သဖြင့် "ကိုယ့်စိတ်ကောင်းပြီ" ဟု နားလည်ရမည်။

အထိန်းကောင်းလျှင် စိတ်နည်းနည်းကောင်းရာမှ များများကောင်းလာမည်၊ စိတ်ကောင်းလျှင် ကိုယ်ရော နှုတ်ရော ကောင်းလာသဖြင့် ကောင်းမှုကုသိုလ်များ ဖြစ်ပေါ်တိုးပွားလာအောင် ပြုလုပ်အားထုတ်ဖြစ်မည်ဖြစ်ရကား မိတ်ဆွေစစ်နှင့် တွေ့ဆုံခွင့်ရပြီး ငြိမ်အေးချမ်းသာမှုများ ကေန်ရရှိ တိုးပွားလာမည် ဖြစ်သည်။

အကုသိုလ်သည် စိတ်မထိန်းနိုင်၍ စိတ်လွတ်ကျ ပေါက်ကွဲကာ စည်းမဲ့ကမ်းမဲ့ဖြစ်ပေါ်လာသဖြင့် သစ္စာအဖောက်ဆုံးရန်သူဖြစ်သွားရသည်။ ကိုယ်လိုတာ ဘာတစ်ခုမှမပေး၊ ကိုယ်မလိုတာအကုန်ပေးသည်။ အကုသိုလ်ရှိသလောက် စိတ်ပူလောင် ချောက်ချားရသည်။ ကိုယ်က သူ့ကို အကုန်တာဝန်ယူရမည်၊ အကုသိုလ်ဟူသည် သူက

http://www.dhammadownload.com

ရောက်ထိုက်သောနေရာများသို့ အခါအားလျော်စွာ ရောက်နိုင်ဖို့ရန် လိုအပ်သည်။ တစ်ခါ ပြောရမည့်စကား ကို ဆယ်ခါ ပြောပါကလည်း ထိုစကားသည် ထိမိမည် မဟုတ်၊ ဆယ်ခါပြောရမည့် စကားကို တစ်ခါပြော ကလည်း လိုအပ်သော သဘာဝခရီးသို့ ရောက်မည်ကား မဟုတ်၊ ''နွှင်းနွှင်းချိန်ချိန် သုခမိန်'' ဟူသော ရွှေးပညာရှိ များစကားသို့ သက်ဝင်ပြောဆိုနိုင်ပါက ဆရာတပည့် အပြစ်ကင်းစင်၍ အကျိုးများကြမည်ဖြစ်သည်။

''ဘုရားအလောင်းနှင့် ဒေဝဒတ်အလောင်း''

သံသရာတစ်လျှောက် ဘုရားလောင်းနှင့် ဒေဝဒတ်လောင်း တွေ့ကြုံကြသောအခါ ဘုရားလောင်းက မိမိ၏တပည့်သားများကို ပြောသင့်ပြောထိုက်သော စကားများကို ကြိုတင်ပြောဆို ဆုံးမထားပြီး ရောက်သင့် ရောက်ထိုက်သော နေရာများသို့လည်း ကြိုတင်အချိန်မီ ရောက်နေ၍ လိုအပ်သမျှကို ဖြည့်ဆည်းထားသဖြင့် ဘေးရန်ကင်းကွာ အေးချမ်းသာယာ လိုရာခရီးသို့ ရောက် ကြရသည်။ တစ်ခါတစ်လေ မိမိ၏အသက်ကိုပင် ပဓါန မထားဘဲ တပည့်သားအတွက် ဘေးရန်ကို ကာကွယ် ခဲ့သည်။

ဒေဝဒတ်ကတော့ ပြောသင့်ပြောထိုက်သော စကားကို အချိန်မီမပြော၊ ရောက်သင့်ရောက်ထိုက်သော နေရာများသို့လည်း အချိန်မှီမရောက်၊ အခြေအနေ အရပ်ရပ်တို့ကိုလည်း မချင့်ချိန် မဆုံးဖြတ်သည့်အတွက် ဆရာတပည့် နစ်နာ ပျက်စီး ဆုံးရှုံးကြရသည့် သာဓက များကိုလည်း နှလုံးသွင်းအတုယူသင်ကြသည်။

ဆရာနှင့်တပည့်

ဆရာသမားထံသို့ ရောက်လာသော တပည့်များ သည် များသောအားဖြင့် မလိမ္မာသော, မယဉ်ကျေး သေးသော, ပညာနုသော, ငယ်ရွယ်သော ပုဂ္ဂိုလ်များ ဖြစ်နေကြသည်ကို သတိပြုမိဖို့ လိုအပ်သည်။

မလိမ္မာသော ပုဂ္ဂိုလ်၏ သဘာဝ၊ မယဉ်ကျေး သောပုဂ္ဂိုလ်၏ အခြေအနေ၊ ပညာနုသော ပုဂ္ဂိုလ်၏ သဘောထား၊ ငယ်ရွယ်နုနယ်သော ပုဂ္ဂိုလ်၏ အဖြစ် အပျက်သဘာဝကို ဆရာသမားအနေဖြင့် သဘောပေါက် ဖို့ လိုအပ်သည်။

မလိမ္မာသော တပည့်များကို လိမ္မာအောင်၊ မယဉ်ကျေးသေးသော တပည့်များကို ယဉ်ကျေးလာ

ငါသည်ကား
ဆုံးမထိုက်သူတို့ကို
အနုအားဖြင့်လည်း ဆုံးမ၏။
အကြမ်းအားဖြင့်လည်း ဆုံးမ၏။
အနုအကြမ်းအားဖြင့်လည်း ဆုံးမ၏

အောင်၊ ပညာနုသောတပည့်များကို ပညာပြည့်ဝလာ အောင်၊ ငယ်ရွယ်နုနယ်သောတပည့်များကို ဘေးကင်း အောင် စသည်ဖြင့် သွန်သင်ဆုံးမရန်နှင့် မပြည့်စုံသေး သော လိုအပ်သောဌာနများကိုလည်း အချိန်ကာလ အားလျော်စွာ မလစ်ဟင်းရအောင် ဆရာသမားအနေဖြင့် ဖြည့်ဆည်းပေးဖို့ လိုအပ်ပါသည်။

ဆရာသမားဖြစ်လာသည့်အတွက် တပည့်နှင့် လည်း မကင်းကြ။ ပြောဆို ဆုံးမ သွန်သင်နည်းလမ်း ပေးသောအခါ ဆိုဆုံးမလွယ်သော တပည့်များအတွက် အထူးပြောစရာမလိုသော်လည်း မလိမ္မာ အသိဉာဏ်နု သေးသော တပည့်များကို အပြစ်ပေးဆုံးမရမည့်အဖြစ် သို့ ရောက်ပါက မိမိပေးမည့်အပြစ်ကို မိမိအလိုသို့သွင်း၍ သို့မဟုတ် မိမိ၏မြတ်နိုးရာ ပုဂ္ဂိုလ်များသို့သွင်း၍ ခံစား ကြည့်ပြီးမှ အပြစ်၏ အတိမ်အနက်သဘာဝကို သိပြီးမှ အပြစ်ပေးခြင်းသည် အမှားနည်းပြီး အမှန်သို့ ရှေးရှုကြ မည်။ ဆုတ်ယုတ်မှုကင်းပြီး အကျိုးပြုမှုများမည်။ အာဃာတကင်းရှင်းပြီး ငြိဟ္ဍစိုရိတရား ပြန့်နှံ့ပြီး ဆရာ တပည့် တသသရှိနေကြပါလိမ့်မည်ဖြစ်သည်။

အပြစ်ပေးသောအခါလည်း အနုနည်းဖြင့် သွန်သင်ဆုံးမပေးရမည့်အဖြစ်ကို အကြမ်းနည်းအားဖြင့် အကြမ်းအားဖြင့် သွန်သင်ဆုံးမပေးရမည့်အဖြစ်ကို အနု နည်းအားဖြင့် အနုနည်းအကြမ်းနည်းဖြင့် သွန်သင်ဆုံးမ ပေးရမည့်အဖြစ်ကို အနုနည်းအားဖြင့်လည်းကောင်း၊ အကြမ်းနည်းအားဖြင့်လည်းကောင်း၊ သွန်သင်ဆုံးမ အပြစ်ပေးကြပါကလည်း ထိမိကြမည်မဟုတ်။ လိုအပ် သောခရီးသို့ ရောက်မည်မဟုတ်။ ဌာနာဌာနကောသလ ဉာဏ်နှင့် ပြည့်စုံရန်ကားလိုအပ်ပါသည်။ မြတ်စွာဘုရားနှင့်

http://www.dhammadownload.com

မြင်းဆရာကေသီတို့၏ ဆုံးမပုံ ဆုံးမနည်းကို အတုယူဖို့ ကောင်းသည်။

"မြတ်စွာဘုရားနှင့် ကေသီ"

အခါတစ်ပါး၌ မြတ်စွာဘုရားထံ ချဉ်းကပ် ရောက်ရှိလာသော ကေသီမြင်းဆရာအား မြတ်စွာဘုရား က ''ကေသီသင်သည်ကား မြင်းဆရာဟု ထင်ရှား ကျော်ကြား၏ သင်သည် မြင်းရိုင်းကို အဘယ်သို့ ဆုံးမ သနည်း'' ဟု မိန့်တော်မူ၏။

''မြတ်စွာဘုရား အကျွန်ုပ်သည် မြင်းရိုင်းကို အနုအားဖြင့်လည်းဆုံးမ၏။ အကြမ်းအားဖြင့်လည်း ဆုံးမ၏။ အနုအကြမ်းအားဖြင့်လည်း ဆုံးမ၏''ဟု လျှောက်ထားသည်။

''ကေသီ အကယ်၍ သင်၏မြင်းရိုင်းသည် အနုအားဖြင့်လည်း အဆုံးအမမခံ၊ အကြမ်းအားဖြင့် လည်း အဆုံးအမ မခံ၊ အနုအကြမ်းအားဖြင့်လည်း အဆုံးအမ မခံလျှင် ထိုမြင်းရိုင်းကို အဘယ်သို့ ပြုသနည်း'' ဟု မေးတော်မူ၏။


''မြတ်စွာဘုရား အဆုံးအမ မခံသော မြင်းရိုင်း ကို အကျွန်ုပ်၏ ဆရာ အမျိုးအား ဂုဏ်ကျေးဇူးမဲ့ မဖြစ်စေလိုသောကြောင့် သတ်ပစ်ပါသည် ဘုရား''ဟု လျှောက်ထား၏။ ထို့နောက်

''အရှင်ဘုရား မြတ်စွာဘုရားသည်ကား ဆုံးမ ထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူ၏။ အရှင်ဘုရားသည် အဘယ်သို့လျှင် ဆုံးမထိုက်သူကို ဆုံးမတော်မူပါသနည်း''ဟု လျှောက်၏။

''ကေသီ ငါသည်ကား ဆုံးမထိုက်သူတို့ကို အနုအားဖြင့်လည်း ဆုံးမ၏။ အကြမ်းအားဖြင့်လည်း ဆုံးမ၏။ အနုအကြမ်းအားဖြင့်လည်း ဆုံးမ၏''

''အရှင်ဘုရား အကယ်၍ အရှင်ဘုရား၏ ဆုံးမ ထိုက်သူသည် အနုအားဖြင့်လည်း အဆုံးအမကို မခံ၊ အကြမ်းအားဖြင့်လည်း အဆုံးအမကို မခံ၊ အနုအကြမ်း အားဖြင့်လည်း အဆုံးအမကို မခံခဲ့လျှင် မြတ်စွာဘုရား သည် ထိုသူကို အဘယ်ကဲ့သို့ ပြုပါသနည်း''ဟု လျှောက်၏။

''ကေသီ ငါဘုရား၏ ဆုံးမထိုက်သူသည် အကယ်၍ အနုအားဖြင့်လည်း အဆုံးအမ မခံ၊ အကြမ်းအားဖြင့်လည်း အဆုံးအမ မခံ၊ အနုအကြမ်း အားဖြင့်လည်း အဆုံးအမ မခံခဲ့လျှင် ထိုသူကို ငါဘုရား



သည် သတ်ပစ်၏''ဟု မိန့်တော်မူ၏။

''အရှင်ဘုရား မြတ်စွာဘုရားအား သူ့အသက် သတ်ခြင်းသည် မအပ်သည်သာမဟုတ်ပါလော၊ ထိုသို့ ဖြစ်ပါလျက် မြတ်စွာဘုရားသည် 'ကေသီ ထိုသူကို ငါသည် သတ်ပစ်၏'ဟု မိန့်တော်မူပါသနည်း''ဟု လျှောက်၏။

''ကေသီ မှန်ပေ၏။ မြတ်စွာဘုရားအား သူ့ အသက်ကို သတ်ခြင်းသည် မအပ်သည်သာတည်း၊ စင်စစ် သော်ကား ထိုဆုံးမထိုက်သူသည် အကယ်၍ အနုအားဖြင့်လည်း အဆုံးအမ မခံ၊ အကြမ်းအား ဖြင့်လည်း အဆုံး အမ မခံ၊ အနုအကြမ်းအားဖြင့်လည်း အဆုံးအမ မခံခဲ့လျှင် ထိုသူကို မြတ်စွာဘုရားသည် ပြောဆိုဆုံးမထိုက် သူဟူ၍ အသိအမှတ်မပြုတော့ပေ။ ပညာရှိ သီတင်းသုံးဖော်တို့ကလည်း ပြောဆို ဆုံးမ ထိုက်သူဟူ၍ အသိအမှတ်မပြုကြကုန် ယင်းသို့ အသိ အမှတ် မပြုခြင်းသည်ပင် မြတ်စွာဘုရား၏ အဆုံးအမ တော်၌ သတ်ပစ်လိုက်သည်မည်ပေ၏''ဟု (ကေသီအား) ဘုရားရှင် မိန့်တော်မူ၏။


ဆရာသမားထံ ရောက်ရှိလာကြသော တပည့် သားတို့သည် ဆရာသမားတို့၏ ဂုဏ်သိက္ခာ၊ မိမိနေသော အရိပ်အာဝါသ မည်စွန်မိုး မထိခိုက် မပျက်စီးရအောင် ပညာရင်နှီသောက်စိုကြပြီး ပျားပိတုံးပမာ သဘောထား ကျင့်ကြံ၍ ''ရွှေပင်နား ရွှေကျေး''ဖြစ်အောင် ''ဆရာ ကောင်း တပည့်ပန်းကောင်းပန်''ဖြစ်အောင် နေထိုင်ကြ၍ ဆရာကောင်း တပည့်ကောင်း မေတ္တာ ဆက်သွယ် အေးမြနိုင်ကြပါစေ။

■ ဘဒ္ဒန္တပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ)

♦ ♦ ♦

http://www.dhammadownload.com

ပရိယတ် အုတ်မြစ်ချသူ ထေရ်မြတ်တစ်ဆူ



တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

''သာသနဋ္ဌိတိယာ ပန ပရိယတ္တိ ပမာဏံ
ဒီဃဒဿီစိရကာလံ ပတိဋ္ဌာပေသိ သာသနံ''

''သာသနာသုံးရပ်တွင် ပရိယတ္တိသာသနာတည်းဟူသော ရေသောက်မြစ်ကြီးကြီးထွားမှုရှိပါက ပဋိပတ္တိသာသနာတည်းဟူသော ပင်စည်အခက်အလက်များ သန်မာထွားကြိုင်းပြီး ပဋိဝေဓသာသနာတည်းဟူသော အသီးအပွင့်များ ဝေဝေဆာဆာ သီးပွင့်နိုင်ကြပေမည်။ ဟူ၍ သီလက္ခန္ဓအဋ္ဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုဟောကြားထားပါသည်။

နေရောင်၊ လရောင်၊ ဆီမီး(လျှပ်စစ်)ရောင်၊ ပညာရောင်– ဟူ၍ အရောင်(၄)မျိုးရှိရာတွင် ပညာအရောင်သည် အလင်းဆုံး ဖြစ်ပါသည်။

''ပညာသမာ အာဘာ နတ္ထိ= ပညာနှင့် တူသော အလင်းရောင်သည်မရှိ''ဟူ၍ ဘုရားရှင် မိန့်ကြားထားသည့်အတိုင်း ပရိယတ္တိ ပညာအလင်းရောင် ရှိမှသာ အနာဂတ်သာသနာကို ဦးဆောင်နိုင်ပါမည်။

''သာသနေ ဋ္ဌိတေ ဒေဝမနုဿာနံ တိဝိဓသုခါဝဟော''

သာသနာတည်ရှိမှုသည် နတ်လူတို့အား လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာမှုကို ပေးဆောင်စွမ်းနိုင်ပါသည်။

''ပရိယတ္တိ အာဒိ၊ ပဋိပတ္တိ မဇ္ဈေ၊ ပဋိဝေဓော ပရိယောသာနံ''

နိဗ္ဗာန်ရောက်ကြောင်းတရား၌ ပရိယတ္တိသင်ယူမှုသည် အစ၊ ပဋိပတ္တိအကျင့်သည် အလယ်၊ ပဋိဝေဓခံစားမှုသည် အဆုံးဟူ၍ ညွှန်ကြားထားပါသည်။

''ပရိယတ္တိယာ ဟိ အန္တရဟိတာယ ပဋိပတ္တိ အန္တရဓာယတိ၊ ပဋိပတ္တိယာ အန္တရဟိတာယ အဓိဂမော အန္တရဓာယတိ''

ပရိယတ္တိဟူသော စာပေပိဋကတ်ပို့ချဟော ပြောနေသမျှ ပဋိပတ်အကျင့်တရားများ မကွယ်နိုင်ပေ။ ပဋိပတ်အကျင့်တရားများ မကွယ်ပျောက်ပါက ပဋိဝေဓ–

http://www.dhammadownload.com



ပတ္တမြားအိုးဌ်တည်သောဆီသည်
ယိုသည်မရှိ၊ ပကတိ တည်ရှိနေသကဲ့သို့
ပရိယတ္တိသာသနာတော်သည်လည်း
ပါဠိ,အနက်မပျက် ပို့ချမှု
ချို့ယွင်းမှု မရှိရလေအောင်
ကြိုးပမ်းရမည်မှာ ရှင်ရဟန်းတို့၏
အားအစွမ်းသာဖြစ်သည်ဟု
ဟောထားပါသည်။



ဟုဆိုအပ်သော မဂ်လေးတန် ဖိုလ်လေးတန်၊ နိဗ္ဗာန် တရားများ မကွယ်ပနိုင်ပေဟု ဟောထားပါသည်။

အလားတူ အင်္ဂုတ္တိရဝါဠိ ဒုတိယသဒ္ဓမ္မသမ္မောသသုတ်, နိဒါနဝဂ္ဂသံယုတ်သဒ္ဓမ္မပဋိရူပကသုတ်တို့၌– ''ပထဝီစသော ဓာတ်လေးပါးတို့သည် သာသနာတော်သုံးရပ်ဟူသော သူတော်ကောင်းတရားကို မကွယ်ပျောက်စေနိုင်၊ စင်စစ် သာသနာသုံးရပ်ကို ကွယ်ပျောက်စေနိုင်သူက ဤ သာသနာအတွင်း၌သာ တည်ရှိသည်။

၁။ ပိဋကတ်စာပေများကို ပုဒ်ပါဠိအက္ခရာ မှန်ကန်စွာ မသင်ကြားမရွတ်ဖတ်ခြင်း၊

၂။ အနက်အဓိပ္ပာယ်ကို မကြံစည်မသုံးသပ်ခြင်း၊

၃။ အကျယ် မဟောကြား မပို့ချခြင်း၊

၄။ ဝိနည်းတရားတော်အရ ဆိုဆုံးမသည်ကို မလိုက်နာခြင်း၊

၅။ မဂ်ဖိုလ်တရားအမှန်ကို ကြိုးစား၍ အားမထုတ်ခြင်း၊

ဤသာသနာတော်သုံးရပ် တည်တံ့ရေးနှင့် ပတ်သက်၍ အိန္ဒိယတွင် သာသနာ ကွယ်ပသွားရသည်မှာ အခြားဘာသာများက ထိုးနှက်တိုက်ခိုက်မှုကြောင့် မဟုတ်။ ရဟန်းတော်များကိုယ်တိုင်က ကိုယ်လုပ်ရမည့် ပရိယတ်စာပေ သင်ကြားပို့ချမှု၊ တရားဟောပြောမှု၊ ကျင့်ကြံအားထုတ်မှုတွေကိုမလုပ်ကြဘဲ ဂါထာမန္တန်တွေ အင်းအိုင်လက်ဖွဲ့ အစီအရင်တွေကို လုပ်နေကြ၍သာ ဖြစ်ပါသည်။ သာသနာမျိုးဆက်သစ် သာမဏေ ရှင်ရဟန်းများကို မပြုစု မပျိုးထောင်ကြသောကြောင့် ဘာသာခြားများဝင်လာပြီး အိန္ဒိယမှာ ရဟန်းတွေ အသတ်ခံရကျမ်းစာများ မီးရှို့ခံရပြီး ဗုဒ္ဓသာသနာ ကွယ်ပျောက်ခဲ့ရခြင်းဖြစ်ပါသည်။

သာသနာအဆောက်အအုံများ၊ ကျမ်းစာအုပ်များသည် မရှိမဖြစ်လိုအပ်ပေမယ့် အန္တရာယ်နှင့် တကယ်တမ်းကြုံလာသောအခါဝယ် ဘာမျှမတတ်နိုင်ပါ။ သာသနာအန္တရာယ်ကို ကာကွယ်နိုင်၊ တွန်းလှန်နိုင်သူများမှာ ရဟန်းသံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင်တွေသာ ဖြစ်ပါသည်။ ဤနေရာမှာလည်း ပရိယတ္တိ အရည် အချင်းပြည့်သော ရဟန်းသံဃာတော်များသည် အဓိက ဖြစ်ပါသည်။

''ယေသံ ပါဠိတော စ အတ္ထတော စ အနူနံ ဝတ္တတိ မဏိဃရေ ပက္ခိတ္တတေလမိဝ ဤသကမ္မိ နပဋ္ဌရတိ''

''ပတ္တမြားအိုးဌ်တည်သောဆီသည် ယိုသည်မရှိ၊ ပကတိ တည်ရှိနေသကဲ့သို့ ပရိယတ္တိသာသနာတော်သည်လည်း ပါဠိ,အနက်မပျက် ပို့ချမှု ချို့ယွင်းမှု မရှိရလေအောင် ကြိုးပမ်းရမည်မှာ ရှင်ရဟန်းတို့၏ အားအစွမ်းသာဖြစ်သည်ဟု ဟောထားပါသည်။

ထို့ကြောင့် အကြားအမြင်ကြီးမားကြသော ဆရာတော် သံဃာတော်များသည် တစ်ဘက်က ရဟန်းကျင့်ဝတ် ပဋိပတ္တိကိုထမ်းဆောင်ရင်း ပရိယတ္တိကို မလစ်ဟင်းရလေအောင် ကြိုးစားအားထုတ်လေ့ရှိကြပါသည်။

ယနေ့ ရန်ကုန်တိုင်း ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် စစ်တောင်းလမ်းရှိ အလိုတော်ပြည့် ဓမ္မာစရိယတက္က သိုလ်နာယကချုပ်, မန္တလေးမြို့ မစိုးရိမ်တိုက်သစ်

http://www.dhammadownload.com

ကိုယ့်ကို နိုင်ထားသဖြင့် ကိုယ်က သူပို့ရာ သွားရမည်။ သူပေးတာ ယူရမည်၊ သူခိုင်းတာ လုပ်ရမည်၊ စိတ်မကောင်းလျှင် မကောင်းသလောက် ဆင်းရဲပူလောင်ရမည်။

ကုသိုလ်သည် စိတ်ထိန်းနိုင်၍ ကိုယ့်စိတ်ကိုယ် နိုင်ကာ စည်းကမ်းတကျဖြစ်ပေါ်လာသဖြင့် သစ္စာအရှိဆုံး မိတ်ဆွေဖြစ်သွားရသည်။ ကိုယ်မလိုအပ်သည်ကို အကုန်ဖယ်ရှားပစ်၍ ကိုယ်လိုအပ်သည်ကို အကုန်ပေးစွမ်းနိုင်သည်။ ကုသိုလ်တရားရှိသလောက် စိတ်အေးရသည်။ သူက ကိုယ့်ကို အကုန်တာဝန်ယူသွားသည်။

လောကအတွင်း၌ ကုသိုလ်က တာဝန်ယူထားသဖြင့် ငြိမ်းအေးချမ်းသာသူများ၊ အဆင့်မြင့်မားသူများ၊ သက်ရှည်ကျန်းမာသူများ၊ ဉာဏ်ရည်ထူးချွန်သူများ၊ အစစအရာရာ အဆင်ပြေ ချောမွေ့အောင်မြင်နေသူများ လုပ်သလောက် အရာရောက်နေသူများ မနည်းလှပေ။ ကုသိုလ်ဟူသည် ကိုယ်က သူ့ကို နိုင်ထားသည့်အရာဖြစ်သောကြောင့် ကိုယ်သွားလိုရာ သူ့ကို အပို့ခိုင်းနိုင်သည်။ သူ့ထံ ကိုယ်လိုတာအကုန် တောင်းယူနိုင်သည်။ ကုသိုလ်လုပ်ပြီးတိုင်း ဆုတောင်းခြင်းသည် ဤသဘောကို ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

ဆုတောင်းခြင်းဟူသည် ဉာဏ်ဖြင့် လမ်းဖြောင့်ပေးခြင်းဖြစ်သည်။ ကိုယ့်ဆန္ဒကို ထုတ်ဖော်ပြခြင်းလည်းဖြစ်သည်။ ကိုယ့်ကုသိုလ်ကို လိုရာပုံဖော်၍ ဉာဏ်ဖြင့် ရသလောက်ချဲ့ယူလိုက်ပြီး ဉာဏ်ဖြင့်ပင် ဆွဲဆန့်ကာ နိဗ္ဗာန်အထိ ချိတ်ဆက်ထားလိုက်ခြင်းလည်း ဖြစ်သည်။ ဉာဏ်ပါသော ကုသိုလ်တရားသည် ဘဝဒုက္ခ ကယ်ဆယ်ရေးတာဝန်ခံဖြစ်သည်။ ကံကပေးထားသည့် ဘဝဒုက္ခသည် ဉာဏ်ဖြင့် ဖြတ်မှသာ ပြတ်နိုင် ကုန်ဆုံးနိုင်သည်။ ကုသိုလ်ရယူလိုလျှင် စိတ်ကောင်းနှင့်ဉာဏ်ကို အလိုက်ပေး၍ မပိုင်သည့်အင်္ဂါးထုတ်များကို ပိုင်သည့် ကောင်းမှုတရားနှင့် လဲလှယ်ယူရမည်ဖြစ်သည်။

ပုထုဇဉ်သည် ကိလေသာမကင်းသေးသဖြင့် စိတ်ကောင်းကို အလိုအလျောက်မရရှိနိုင်ပေ၊ ရှဉ့်ညွှန်ကျောက်ခဲ မြေ သဲ စသည်ထဲမှ ခက်ခက်ခဲခဲ ကျောက်မျက်ကို တူးဖော်ဆွဲထုတ်ယူကာ အဆင့်ဆင့် ပြုပြင်ပေးမှ အရောင်တစ်ဖိတ်ဖိတ်တောက်သည့် ကျောက်မျက်ရတနာဖြစ်လာရသကဲ့သို့ ကိလေသာရှဉ့်ညွှန်ကျောက်ခဲသဲမြေထဲမှ သဒ္ဓါဝီရိယသတိဉာဏ်စသည်ဖြင့် စိတ်ကောင်းကို ခက်ခက်ခဲခဲဆွဲထုတ်ယူကာ တရားနည်းလမ်းဖြင့် အဆင့်ဆင့် ပြုပြင်ပေးမှ စိတ်ကောင်းပိုင်ရှင် အဆင့်မြင့် ပုဂ္ဂိုလ်ဖြစ်လာနိုင်သည်။ ရတနာ ၃-ပါးသည် စိတ်ကောင်းထုတ်လုပ်သည့်စက် ဉာဏ်ကောင်းထုတ်လုပ်သည့်စက်ဖြစ်သည်။

စိတ်ကောင်းသည် လူတစ်ကိုယ်လုံး၌ အဖိုးတန်ဆုံး အရှိန်အဝါအကြီးဆုံးဖြစ်သည်။ စိတ်ကောင်းသည် ရတနာ ၃ ပါးနှင့်လည်း ထိုက်တန်သည်။ ကောင်းမှုတရားအားလုံးနှင့်လည်း ထိုက်တန်သည်။ ကောင်းကျိုးချမ်းသာအားလုံးနှင့်လည်း ထိုက်တန်သည် အချုပ်အားဖြင့် စိတ်ကောင်းသည် အကောင်းအားလုံးနှင့် ထိုက်တန်သည်။

ဆရာသမားများက ''စိတ်ကောင်းရှိသူ''ဟု အဓိပ္ပါယ်ယူ၍ ''အရှင်သုစိတ္တ''ဟု ဘွဲ့မည်ပေးလိုက်ခြင်းသည် ''သင်သည်အလုပ်ကောင်းနှင့် ထိုက်တန်သည့် စိတ်ကို အမြဲထား၊ အလုပ်ကောင်းကို ကြိုးစားလုပ်၊ အဖိုးတန်ပုဂ္ဂိုလ်ဖြစ်အောင်နေ''ဟု တာဝန်ပေးအပ်လိုက်သည့် သဘောမျိုးပင် ဖြစ်သည်။

အလို တော်ပြည့် ဓမ္မာစရိယတက္ကသိုလ် နာယကချုပ်ဆရာတော် အရှင်သုစိတ္တာဘိဝံသကလည်း ''သုစိတ္တ = စိတ်ကောင်းရှိသူ''ဟု ဘွဲ့မည်ပေးလိုက်ခြင်းသည် ငါ့ကို အလုပ်ကောင်းဖြစ်သည့် သာသနာ့အလုပ်ကို ထိထိရောက်ရောက်လုပ်ရန် တာဝန်ပေးအပ်လိုက်ခြင်းပင်ဖြစ်သည်။ နာမည်နှင့်အလုပ် နာမည်နှင့်ဂုဏ် ထိုက်တန်အောင် ကြိုးစားမည်''ဟု တာဝန်ယူလိုက် သည့် သဘောမျိုးဖြင့် ရှေးဦးစွာ ဆရာကောင်းများ၏ အထိန်းတွန်းအား လမ်းညွှန်ကောင်းကို ရယူကာ စာပေအရည်အချင်းရှိအောင် အကျင့်သိက္ခာမြင့်မားအောင် ကြိုးစားသည်။ ၎င်းနောက် အများကို ဦးဆောင်ကာ ကြိုးကြပ်အုပ်ချုပ်သည်။ လမ်းညွှန်သည်။ စာပေပို့ချသင်ပြ ပေးသည်။ အများကို အုပ်ချုပ်ရာ၌ အသိပညာ၊ အာဏာ မျှဖြင့် မလုံလောက်ဘဲ အကျင့်သိက္ခာပါ ရှိရမည်ကို သတိထားကြိုးစားသည်။

သို့ဖြစ်၍ သက်တော် ၅၀ ပြည့်လာသည်အထိ စိတ်ကောင်းထား၍ စိတ်ကောင်းအလုပ်ကို အားသွန်ခွန်စိုက်အားထုတ်ကြိုးစားနေသည့် စိတ်ကောင်းပိုင်ရှင် အရှင်သုစိတ္တာဘိဝံသအား ဤစိတ်ကောင်းဆောင်းပါးဖြင့် ချီးကျူးဂုဏ်တင်အပ်ပါသတည်း။

■ **ယောဆရာတော်** (တိပိဋကဓရ - တိပိဋကကောဝိဒ)

♦ ♦ ♦

http://www.dhammadownload.com



သာသနာတော်အတွက် စာသင်တိုက်များ၏ အဂၤရုပါမုခ

အရှင်ပညာဝံသ (မိုးမိတ်)

ဘုရားရှင်၏ အဆုံးအမတည်းဟူသော သာသနာတော်သည် နှစ်ပေါင်း ၂၅၅၀–ခရီးရှည်ကြီးကို ကျော်ဖြတ်ခဲ့ပြီးဖြစ်၍ သက်တမ်းရှည်လှသော ကိုးကွယ်မှုဘာသာရေးတစ်ရပ်အဖြစ် ရပ်တည်နေဆဲဖြစ်ပါသည်။ သာသနာတော်သည် ဤခရီးရှည်ကြီးတစ်လျှောက် လောကဓံတရား၏ အတွန်း, အတိုက်၊ အတက်, အဆုတ်၊ အလှည့်, အပြောင်း၊ အတက်, အကျ၊ အနိမ့်, အမြင့်၊ အကြမ်း, အနုဒဏ်ကို အကြိမ်ကြိမ်အဖန်ဖန် ခံစားခဲ့ရဖူးပါပြီ။ ထိုသို့ခံစားခဲ့ရသော်လည်း သာသနာတော်သည် မယိုင်မလဲခိုင်ခိုင်မြဲမြဲနှင့် ဆက်လက်တည်တံ့ပြန့်ပွားနေဆဲပင် ဖြစ်သည်။

ထိုသာသနာတော်သည်

(၁) ပရိယတ္တိသာသနာ–ပိဋကတ်စာပေများကို သင်အံလေ့ကျက်ပို့ချခြင်း၊

(၂) ပဋိပတ္တိသာသနာ–တရားမဂ္ဂများကို ကျင့်ကြံအားထုတ်ခြင်း၊

(၃) ပဋိဝေဓသာသနာ – တရားမဂ္ဂများကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိမြင်ခြင်း၊

ဟူ၍ အပိုင်းသုံးပိုင်း, အဆင့်သုံးဆင့်ရှိ၏။ ထိုအပိုင်းသုံးဆင့်တွင် ပရိယတ္တိသာသနာတော်သည် အခြေခံအကျဆုံးအဆင့်ဖြစ်ပါသည်။ ပရိယတ္တိသာသနာတော်၏ ခိုင်မာမြဲမြံသော အခြေခံအုတ်မြစ်မရှိလျှင် ကြီးကျယ်မြင့်မားခန့်ငြားထည်ဝါလှသော သာသနာတော်အဆောက်အဦတစ်ခုလုံးသည် ပြိုလဲပျက်စီးသွားနိုင်သည်။ ဤသာသနာတော်သုံးရပ်သည် အစဉ်အတိုင်း မြင့်တက်သွားသည့် လှေခါးသုံးထစ်, အဆင့်သုံးဆင့်နှင့်တူပါသည်။ အထက်အဆင့်သို့တက်ရောက်လိုလျှင် အနိမ့်ဆုံးအဆင့်ကို ပထမဦးစွာ တက်ဖို့လိုအပ်၏။ ထို့နောက် အလယ်, အဆုံးအားဖြင့် အစဉ်အတိုင်း တက်ဖို့ လိုအပ်ပါသည်။ လှေခါးအဆင့်ကျော်တက်လျှင်ကား ဟန်ချက်မညီမျှမှု၊ ခန္ဓာကိုယ်ယိမ်းယိုင်မှု၊ ပို၍ အားစိုက်ရမှု၊ ခြေချော်ကျမှုများ ဖြစ်တတ်ကြောင်း အားလုံးအသိပင်ဖြစ်၏။

တစ်နည်းအားဖြင့် ဘုရားရှင်၏ သာသနာတော်ကို **"ကန်ဘောင်ခိုင်မှ၊ ရေကြည်မြ၊ ကြာလှပွင့်ဝေစည်"** ဟူ၍လည်း နွဲ့ငြီးယှဉ်တင်စားပြောဆိုကြသေး၏။

ပရိယတ္တိသာသနာတော်သည် ကန်ဘောင်ရိုးနှင့်လည်းကောင်း၊ ပဋိပတ္တိသာသနာတော်သည် ကန်ရေနှင့်လည်းကောင်း၊ ပဋိဝေဓသာသနာတော်သည် ကန်တွင်းရှိ ကြာပန်းများနှင့်လည်းကောင်း တူပေ၏။

ကန်ဘောင်ရိုးခိုင်ခံမြဲမြံခြင်းမရှိလျှင်ကန်အတွင်း၌ ရေမတည်နိုင်၊ ကန်တွင်း၌ရေမရှိလျှင် ကြာပန်းများ မပေါက်ရောက်နိုင်။ ထို့အတူပင် ဗုဒ္ဓပိဋကတ်စာပေ ပရိယတ်ကို အဦးအစထား၍ ကောင်းစွာ မလေ့လာ မသင်ကြားဘဲနှင့် တရားတော်ကို နည်းမှန်လမ်းမှန်

http://www.dhammadownload.com

ကျင့်ကြံအားထုတ်ရန်မှာ မဖြစ်နိုင်ပေ။ တရားတော်ကို နည်းမှန်လမ်းကျ (ဝါ) စနစ်တကျ သေသေချာချာ ကျင့်ကြံအားထုတ်မှုမရှိဘဲ တရားဓမ္မကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုက်အောင် ထိုးထွင်း သိမြင်နိုင်မည်မဟုတ်ပေ။

ထိုကဲ့သို့ သာသနာတော်သုံးရပ်တွင် အရေးကြီးဆုံးသော ပရိယတ္တိသာသနာတော်ကို မူရင်းကျကျ အခြေခံလှလှ ထိန်းသိမ်းထားသည်မှာ စာသင်တိုက်များပင် ဖြစ်သည်။ ထိုစာသင်တိုက်များမရှိလျှင် ပရိယတ္တိသာသနာတော်သည်လည်း မရှိနိုင်။ သာသနာတော် သန့်ရှင်း, တည်တံ့, ပြန့်ပွားရေးဟူသော မူသုံးရပ်တွင် စာသင်တိုက်များသည် သန့်ရှင်းရေးနှင့် တည်တံ့ရေးကို အဓိကအားဖြင့် ဆောင်ရွက်ပေး၏။ ထိုနှစ်ချက်ကို အဓိကအားဖြင့် ဆောင်ရွက်သော်လည်း ပြန့်ပွားရေးကိုပါ ဆောင်ရွက်ပြီးသားဖြစ်တော့၏။ အဘယ့်ကြောင့်ဆိုသော် သာသနာတော် မသန့်ရှင်း, မတည်တံ့လျှင် ပြန့်ပွားရေးလည်း မရှိနိုင်တော့ပေ။

မြန်မာနိုင်ငံတွင် ပရိယတ္တိစာသင်တိုက်ဟုခေါ်သော ဘုန်းကြီးကျောင်းများမှာ ဗုဒ္ဓစာပေများကို သင်ကြားပို့ချရာ ဗဟိုဌာနကြီးများ ဖြစ်ကြသည်။ သာသနာ့ဝန်ထမ်းရှင်ရဟန်းတိုင်းသည် စာသင်တိုက်နှင့် ကင်းသူဟူ၍ မရှိပေ။ မြန်မာနိုင်ငံမှာရော ကမ္ဘာမှာပါ ထင်ရှားကျော်ကြားလှသော ဓမ္မကထိကဆရာတော်များ၊ စာချအကျော်ဆရာတော်များ၊ ကမ္မဋ္ဌာနာစရိယဆရာတော်များ၊ ရဟန်းစာဆိုတော်များ၊ သာသနာပြုရဟန်းတော်များ အားလုံးသည် စာသင်တိုက်များမှ အစပျိုးခဲ့ရသူများချည်းပင် ဖြစ်သည်။ အရင်းစစ်တော့ အမြစ်မြေက–ဆိုသကဲ့သို့ ''ဘယ် ဆရာတော်ကတော့ ဘယ်စာသင်တိုက်ထွက်၊ ဘယ် ဆရာတော်ကတော့ ဘယ်ကျောင်းမှာ ပညာသင်ခဲ့သည်''စသည်ဖြင့် သာသနာတော်တွင် ပြောစမှတ်များ ရှိကြသည်။

လူတို့သည် ကြီးမားခန့်ငြားထည်ဝါ၍ အဆင့်ဆင့်မြင့်လှသော အဆောက်အဦများကိုတွေ့လျှင် အပေါ်ပိုင်းကိုသာ ကြည့်ရှုလေ့လာခံစားတတ်ကြပြီး အောက်ပိုင်း အခြေခံအုတ်မြစ်၏ အရေးပါမှုကို မေ့လျော့နေတတ်ကြသည်။ ထို့အတူပင် ကန်ဘောင်တွင်းရှိ လှပတင့်တယ်သော ကြာပန်းများ၏အလှကိုသာ မြင်တတ်ကြပြီး ထိုကြာပန်းတည်ရှိနိုင်ရန် အဓိကထောက်ပံ့ထားသော ကန်ဘောင်၏ခိုင်မာမှုကို မေ့လျော့နေတတ်ကြသည်။ ထိုနည်းတူစွာပင် ပန်းဥယျာဉ်အတွင်းရှိ ရနံ့တို့ဖြင့် လှပဝေဆာနေသော ပန်းများ၏ အလှအပကိုသာ မြတ်နိုးတတ်, နှစ်သက်တတ်ကြပြီး ထိုပန်းများ ဖူးပွင့်ဝေဆာလှပလာအောင် စနစ်တကျဖြင့် ပြုစုပျိုးထောင်ပေးသော ဥယျာဉ်မှူးကို မေ့လျော့နေတတ်ကြသည်။

ထို့အတူပင် သာသနာတော်၌လည်း ထင်ရှားကျော်ကြားသော ဆရာတော်, ရဟန်းတော်များ၊ ဓမ္မကထိကရဟန်းတော်များကိုသာ မြင်တတ်ကြသည်။ ထိုဆရာတော်, ရဟန်းတော်များ အဆင့်ဆင့်မြင့်သထက် မြင့်နိုင်အောင် အခြေခံအုတ်မြစ်ချပေးခဲ့သော စာသင်တိုက်များကို အမှတ်တမဲ့ဖြစ်နေတတ်ကြသည်။ ထိုကဲ့သို့ အမှတ်တမဲ့ ဖြစ်နေကြသော်လည်း စာသင်တိုက်များမှ ဆရာသမားများနှင့် စာသင်တိုက်များသည်ကား မိမိတို့၏ တပည့်များ၊ မိမိတို့၏ တိုက်ထွက်များ အောင်မြင်နေသည်ဆိုလျှင် အဆင်ပြေနေသည်ဆိုလျှင် ဝမ်းသာကြည်နူးမဆုံး ဝိတိတွေတပြုံးပြုံးနှင့်ပင် ဖြစ်ကြသည်။ ဆရာများသည် ပန်းကြိုက်သူများမဟုတ်, ပန်းစိုက်သူများသာဖြစ်သည်၊ ပန်းခိုးသူများမဟုတ်, ပန်းပျိုးသူများသာဖြစ်သည်၊ ပန်းလှလှကို ကြွေစေသူများမဟုတ်, ပန်းလှလှကို ဝေစေသူများသာဖြစ်သည်။ **ဆရာတို့၏ အောင်မြင်မှုသည် တပည့်များ၏ လက်ထဲတွင်သာ** ရှိသည်။ ဆရာတို့သည် အကျိုးတရားကို မျှော်ကိုးသူများမဟုတ်၊ အကြောင်းတရားကို လုပ်ဆောင်သူများသာ



သာသနာတော်၏
အနာဂတ်သည်လည်း
ပရိယတ္တိစာပေများ
သင်ကြားပို့ချပေးနေသော
စာသင်တိုက်များတွင်ရှိသည်ဟု
ဆိုချင်ပါသည်။



http://www.dhammadownload.com

ဖြစ်သည်။ ဆရာတို့မျှော်ကိုးသည့် အကျိုးတရားမှာ လည်း မိမိတို့အတွက်မဟုတ်၊ သာသနာ့အကျိုးနှင့် တပည့်များ၏ အကျိုးသာဖြစ်သည်။

ကမ္ဘာကြီး၏ အနာဂတ်သည် စာသင်ခန်းထဲ၌ ရှိသည်။ ယနေ့လူငယ် နောင်ဝယ်လူကြီး–ဟူသောစကား အတိုင်း လူငယ်များသည် အနာဂတ်တိုင်းပြည်များ၏ ခေါင်းဆောင်များဖြစ်ကြသည်။ ထိုလူငယ်များကို စာသင်ခန်းအသီးသီး၌ ဆရာ, ဆရာမများက အတွေး အခေါ်အမှားများ အယူအဆအမှားများကိုသာ သင်ပေး လိုက်ပါက အနာဂတ်တွင် ထိုလူငယ်မှ လူကြီးဖြစ်လာ သူတို့သည် အမှားများကိုသာ ယူဆပြောဆိုလုပ်ကိုင်ကြ ပေလိမ့်မည်။ သို့သော် မည်သည့်ဆရာကမျှ အမှားများ ကို မပေးလိုက်ဘဲ အမှားကို သင်ခန်းစာယူတတ်ရန်နှင့် အမှန်ကို ယူဆပြောဆိုလုပ်ကိုင်တတ်ရန်သာ သင်ပေး လိုက်ကြသည်။

ထို့အတူပင် **သာသနာတော်၏ အနာဂတ် သည်လည်း ပရိယတ္တိစာပေများ သင်ကြားပို့ချပေး နေသော စာသင်တိုက်များတွင်ရှိသည်ဟု ဆိုချင်ပါ သည်။** စာသင်တိုက်များသည် စာသင်သားရှင်ငယ်, ရဟန်းငယ်များအား ဘယ်ရှုပ်ကို ဘယ်လိုတွက်, ဘယ်ပုဒ် ကို ဘယ်လိုဖြတ်, ဘယ်လိုစပ်ကာ, ဘယ်လိုအနက်ပေး စသည်ဖြင့်လည်းကောင်း၊ ဘယ်စိတ်မှာ ဘယ်စေတသိက် ယှဉ်, ဘယ်သရုပ်ကို ဘယ်လိုခွဲ, ဘယ်လိုသဘောကို ဘယ်လိုဟောစသည်ဖြင့်လည်းကောင်း၊ သဒ္ဒါဆိုင်ရာ အဘိဓမ္မာဆိုင်ရာသဘောတို့ကို အခြေခံမှစ၍ သင်ပေးခဲ့ ကြ၏။ ဘယ်ဝါကျကို ဘယ်လိုတက်, ဘယ်လိုထွက်ကာ, ဘယ်လိုအနက်ပေး၊ ဘယ်ပုဒ်ကို ဘယ်လိုဝိဂ္ဂဟပြု၊ ဘယ်အဖွင့်ကို ဘယ်လိုအာဘော်ဖော်၊ ဘယ်ပုဒ်ကို ဘယ်လိုပြု၍ ဘယ်လိုဆက္က, စတုက္ကထုတ်စသည်ဖြင့် အဆင့်မြင့်စာချတန်း စာသင်နည်းဆိုင်ရာတို့အထိပါ မိမိရရသင်ပေးခဲ့ကြသောကြောင့် ရှင်ရဟန်းအများမှာ ရှင်သန်ကြီးထွားခဲ့ကြရပါသည်။ ထိုမျှသာမကသေးပေ။ အပြောအဆိုအနေအထိုင်နှင့် ပတ်သက်လာလျှင်လည်း ဘယ်အရပ်ကို ဘယ်ဖိနပ်နှင့်သွား၊ ဘယ်ခရီးကို ဘယ်ထီးဆောင်း၊ ဘယ်လိုနေရာမှာ ဘယ်လိုသေချာ အောင်လုပ်၊ ဘယ်စကားကို ဘယ်လိုပြော၊ ဘယ်တရား ကို ဘယ်လိုကျင့်စသော ပြုမူဆက်ဆံပေါင်းသင်းနေထိုင် ရေးကိစ္စတို့၌လည်း ဝိနည်းကျင့်ဝတ်စည်းကမ်းများနှင့် ညီအောင် စနစ်တကျနှင့် သင်ပေးခဲ့ကြသောကြောင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်များကို ကြည်ညိုစွာ ဖူးတွေ့ နေရခြင်းပင် ဖြစ်သည်။ စာသင်တိုက်အများစုမှာ အနေ ဆင်းရဲ အစားဆင်းရဲဖြင့် မြတ်ဗုဒ္ဓ၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို ဆက်လက်တည်တံ့ပြန့်ပွား နေအောင် ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းဖြင့် ကြိုးပမ်း ဆောင်ရွက်နေသော နေရာအစစ် ကေန်လည်းဖြစ် ပါသည်။

ဂရိလူမျိုး တွေးခေါ်ပညာရှင် ဒိုင်အိုဂျီးနီးစ်က **"နိုင်ငံတိုင်း၏ အခြေခံအုတ်မြစ်သည် ထိုနိုင်ငံရှိ လူငယ် များ၏ ပညာရေးပင်ဖြစ်၏"**ဟု ပြောဆိုခဲ့ဖူး၏။ နိုင်ငံ တစ်နိုင်ငံရှိ လူငယ်များ၏ ပညာရေးစနစ်မကောင်းလျှင် ထိုနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း နှေးကွေးမည်ဖြစ်သည်။ ထို့အတူပင် သာသနာတော် တစ်ရပ်လုံး၏ အခြေခံအုတ်မြစ်ဖြစ်သော ပရိယတ္တိ သာသနာမထွန်းကားလျှင် ပဋိပတ္တိသာသနာ မစည်ပင် နိုင်၊ ပဋိပတ္တိသာသနာမစည်ပင်လျှင် ပဋိဝေဓသာသနာ သည်လည်း မတောက်ပနိုင်ပေ။ ထို့ကြောင့် **"ပရိယတ္တိ ဟိ သာသနဿ မူလံ၊ သာသနဋ္ဌိတိယာ ပန ပရိယတ္တိ ယေဝ ပမာဏံ**–ပရိယတ္တိသည် သာသနာတော်၏ အရင်းမူလဖြစ်၏။ ပရိယတ္တိသည် သာသနာတော် တည်တံ့ရေးအတွက် လိုရင်းပဓာနဖြစ်၏"ဟု ရှေး ဆရာမြတ်တို့ မိန့်ဆိုခဲ့ကြခြင်း ဖြစ်သည်။

"ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဋ္ဌိတေ သာသနံ ဋ္ဌိတံ–ဝိနည်းသည် ဗုဒ္ဓသာသနာ တော်၏ အသက်ဖြစ်၏။ ဝိနည်းတည်လျှင် သာသနာ တည်၏"ဟု ရှေးမထေရ်မြတ်တို့ မိန့်ဆိုတော်မူခဲ့ကြ၏။ ဝိနည်းကျင့်ဝတ်စည်းကမ်းများသည် သာသနာတော် တစ်ရပ်လုံး၏ အသက်ပင်ဖြစ်သည်။ ထိုကျင့်ဝတ်စည်း ကမ်းများကို လိုက်နာကျင့်သုံးစောင့်ထိန်းနေကြလျှင် သာသနာတော်ကြီး တည်ရှိနေမည်သာ ဖြစ်သည်။ ထို့အတူပင် **"စာသင်တိုက်များသည် ပရိယတ္တိသာသနာ တော်၏ အသက်၊ စာသင်တိုက်များတည်ရှိနေလျှင် ပရိယတ္တိသာသနာတည်ရှိမည်"**ဟု ရဲရဲဝံ့ဝံ့ ဆိုချင်ပါ သည်။ စာသင်တိုက်များ များများပေါ်ပေါက်လာလေလေ သာသနာ့အခြေခံအုတ်မြစ်များ ခိုင်မာလေလေပင် ဖြစ်သည်။ ထို့ကြောင့် မည်သည့်နေရာ၌ မည်သည့် စာသင်တိုက် ထူထောင်သည်၊ မည်သည့်မြို့ရွာ၌ မည်သည့်စာသင်တိုက်ခွဲဖွင့်သည်ဟု သတင်းစကားများ

http://www.dhammadownload.com

ကြားရလျှင် သာသနာတော်အတွက် အလွန်ပင်အားတက်မိ၏။ စာသင်တိုက်များကို လှူဒါန်းထောက်ပံ့နေခြင်း သည် ပရိယတ္တိသာသနာတော်ကို အားပေးချီးမြှောက် ထောက်ပံ့ရာရောက်သလို သာသနာ့ကန်ဘောင်ရိုးကို ခိုင်မာအောင်ဖို့ရာလည်း ရောက်၏။ သာသနာ့အုတ်မြစ်ကို ခိုင်ခံ့သည်ထက် ခိုင်ခံ့အောင် ဆောင်ရွက်ရာလည်း ရောက်၏။

ရဟန်းတော်တို့၏ မူရင်းပဓာနအလုပ်မှာ ဂန္ထ ဓုရနှင့် ဝိပဿနာဓုရပင်ဖြစ်သည်။ ထို့ကြောင့် "**ဓုရ နှစ်ပြင်၊ အလုပ်ခွင်၊ နေ့စဉ်မှန်မှ သမဏ**"ဟု ဆိုကြခြင်းဖြစ်သည်။ အခြားသောအလုပ်များမှာ အဆွယ် အပွားအလုပ်များသာဖြစ်သည်။ သို့သော် သာသနာတော် အတွက်ရော လူဒကာဒကာမများအတွက်ပါ အကျိုးရှိ မည်ဆိုလျှင် လုပ်သင့်လုပ်ထိုက်သည်ချည်းပင် ဖြစ်သည်။ မျက်မှောက်ခေတ် ရဟန်းတော်အချို့မှာ **ပရိယတ္တိလည်း မလုပ်၊ ပဋိပတ္တိလည်းမဟုတ်၊ သာသနာတော်အတွက် ရော မိမိအတွက်ပါ အကျိုးယုတ်စေသည့်** ကိစ္စများ တွင်သာ အချိန်ကုန်နေကြသည်ကို ဝမ်းနည်းဖွယ်ရာ ကြိုကြားကြိုကြား မြင်တွေ့နေရသည်။ သာသနာတော် အတွင်းရှိ ရှင်ရဟန်းအားလုံးသည် သာသနာတော် သန့်ရှင်း, တည်တံ့, ပြန့်ပွားရေးဟူသော သာသန့် အရေးသုံးပါးတွင် မိမိတို့စွမ်းနိုင်သည့် မိမိတို့ တတ်ကျွမ်း သည့်အပိုင်းကို တာဝန်သိသိ သစ္စာရှိရှိဖြင့် ကျရာ အခန်းကဏ္ဍမှ ကျရာတာဝန်များကို အပြည့်အဝ ထမ်းဆောင်ကြမည်ဆိုလျှင် သာသနာတော်ကြီးသည် သည့်ထက်မက ဖွံ့ဖြိုးရှင်သန်နေမည်မှာ အသေအချာပင် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် သာသနာတော် တစ်ရပ်လုံး၏ အခြေခံအုတ်မြစ်သည် ပရိယတ္တိသာသနာ ဖြစ်၏။ ပရိယတ္တိသာသနာ၏ အခြေခံအုတ်မြစ်သည် စာသင်တိုက်များဖြစ်၏။ ထို့ကြောင့် စာသင်တိုက်များ များများတည်ရှိလျှင် ပရိယတ္တိသာသနာ ထွန်းလင်းမည် ဖြစ်သည်။ ပရိယတ္တိသာသနာထွန်းလင်းတောက်ပလျှင် ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာများ၏ အလင်း ရောင် ထွန်းပြောင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါ သည်။

■ **အရှင်ပညာဝံသ** (မိုးမိတ်)

♦ ♦ ♦

တိုက်တွန်းဆွဲဆောင်လွှာ

❁ ကန်ဘောင်ပရိယတ် ၊ ပဋိပတ်ကန်ရေ
ပဋိဝေကြာဟု ၊ သုံးခုသာသနာ
မိန့်ဆိုရာ၌ ၊ ကန်ဘောင်ရှိမှ
ရေတည်ရ၏ ၊ ရေမှတစ်ဆင့်
ကြာပန်းပွင့်၏။

❁ ကြာပန်းနှင့်ရေ ၊ တည်မြဲနေအောင်
ကန်ဘောင်ရိုးက ၊ ပဓာနတည်း။
ပဓာနကျလတ် ၊ ပရိယတ်ကို
တတ်အပ်သမျှ ၊ သင်ပို့ချလော့။
ကန်ဘောင်ပရိယတ် ၊ ကျိုးမပြတ်အောင်
တတ်စွမ်းသမျှ ၊ ဆည်ဖို့ကြလော့။

❁ ဘိုးဘွားလက်ထက် ၊ ရွှေးအသက်နှင့်
ပေးဆက်ပြုကာ ၊ သာသနာကို
ငါတို့တာဝန် ၊ စိတ်ရင်းခံ၍
ဇွဲသန်လုံ့လ ၊ ပြုနိုင်မှလျှင်
ရှေးကအမွေ ၊ နောင်ဝယ်မပျက်
ရွှေလက်ဆက်မည် ၊ သာစွာဌာနီ
မြန်ရွှေပြည်တည်း။

■ **အရှင်ပဏ္ဍိတ** (ရက္ခမြာရိုး)

http://www.dhammadownload.com

ရွှေရတုမှာ ဆုတောင်းပါ၏



မဟာကျွန္ဒာစာရ (M.A., UK)

ရွှေရတု မွေးနေ့

အဆောက်အဦးတစ်ခု၊ သို့မဟုတ် မင်္ဂလာမောင်မယ်နှစ်ဦး၊ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် နှစ်ဆယ့်ငါးနှစ်ပြည့်လျှင် ငွေရတု။ နှစ်ငါးဆယ်ပြည့်လျှင် ရွှေရတု။ ခုနစ်ဆယ့်ငါးနှစ်ပြည့်လျှင် စိန်ရတုစသည်ဖြင့် အသိအမှတ်ပြုကြသည်။ မွေးနေ့ဟူသည် ဖွားမြင်ခြင်း၏ နှစ်တစ်ပတ်ပြည့်သော နေ့ဖြစ်သည်။ ဘဒ္ဒန္တသုစိတ္တာဘိဝံသ သည် ၁၃၆၈ ခုနှစ် တပေါင်းလဆန်း (၈) ရက် (၂၃-၂-၂၀၀၇) သောကြာနေ့တွင် သက်တော်ငါးဆယ်ပြည့်ပါသည်။ ထို့ကြောင့် ဘဒ္ဒန္တသုစိတ္တာဘိဝံသ-၏ မွေးနေ့သည် 'ရွှေရတု မွေးနေ့' ဖြစ်ပါသည်။

ဘဝသင်္ခေတ စာစောင်

ရွှေရတုရှင်၏ ရွှေရတု မွေးနေ့တွင် ထုတ်ဝေသော စာစောင်သည် ရွှေရတုရှင်၏ နှစ်ငါးဆယ်အတွင်း ဆောင်ရွက်မှု၊ အောင်မြင်မှုများကို ဖော်ထုတ်သော 'ဘဝသင်္ခေတစာစောင်' ဖြစ်ပါသည်။

ဤစာစောင်တွင် စာရေးသူအနေဖြင့် ရွှေရတုရှင်၏ သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်ပုံများကို သိရှိသူများ ကြည်ညိုမှု တိုးပွားအောင် လက်လှမ်းမီသမျှ တင်ပြပါမည်။ အခြားသော ပုဂ္ဂိုလ်များလည်း တင်ပြကြပါလိမ့်မည်။

စာချုပ်ချိန်ရွှေရတုရှင်

ဒီဃနိကာယ် သင်္ဂဟပဥ္စသုတ္တန် (ဒီ-၅၊၂၊၃၁၉) ၌ အရှင်မဟာသီဝ မထေရ်မြတ်သည်ဂိုဏ်းကြီး(၁၈)ဂိုဏ်းတို့မှ မိမိထံမှောက်ပညာသင် ရောက်ရှိလာကြကုန်သော တပည့်သုံးသောင်းတို့အား နေ့ညမအား ပရိယတ်များကို ပို့ချတော်မူပြီး မင်္ဂဖိုလ်ရရေး သြဝါဒပေးခြင်းကြောင့် မထေရ်မြတ်၏ တပည့်များသည် ပရိယတ်လည်း ကျွမ်းကျင်တတ်မြောက် ရဟန္တာအရှင်မြတ်များအဖြစ်သို့လည်း ရောက်ရှိတော်မူကြသည်ဟု လာရှိပါသည်။ အရှင်မဟာသီဝမထေရ်မြတ်ကဲ့သို့ပင် ရွှေရတုရှင်သည်လည်း သက္ကသီဟစာမေးပွဲအောင်မြင်ပြီးနောက် မန္တလေးမြို့

http://www.dhammadownload.com

မစိုးရိမ်တိုက်သစ် ဓမ္မသီတဂူကျောင်း၌ ကျောင်းထိုင်နာယက စာချုပ်ဂိုလ်အဖြစ်ဖြင့် သီတင်းသုံးလျက် ပြည်နယ်/တိုင်း အသီးသီးမှ ပရိယတ်နှိုးရည်ကို သောက်စိုရန် ရောက်ရှိလာကြကုန်သော စာသင်သားတို့အား နေ့ညမအား ပရိယတ်နှိုးရည်များကို တိုက်ကျွေးခဲ့ပါသည်။ ရွှေရတုရှင်၏တပည့် စာသင်သားတို့သည် ဆိုင်ရာဆိုင်ရာ အတန်းအသီးသီး၌ စာမေးပွဲဝင်ဖြေကာ အောင်ပွဲဆင်ခဲ့ကြပါသည်။ တပည့်များ အောင်ပွဲပန်ဆင်ကြသည်ကို ကြား,မြင်,တွေ့နေရသော ရွှေရတုရှင်သည် ဆက်လက် ဆောင်ရွက်စာချလျက် ပျော်ရွှင်နေပါသည်။

ကျမ်းပြုပါဝင် ရွှေရတုရှင်

ရွှေရတုရှင်သည် သာသနာတော်၏ မူလ ပရိယတ်တာဝန်ကို ထမ်းဆောင်ပို့ချရုံမျှဖြင့် အားရတော်မမူသေး၊ ၁၃၄၈ ခုနှစ်မှ ၁၃၆၂ ခုနှစ်အထိ တိပိဋကပါဠိ+မြန်မာကျမ်းပြုအဖွဲ့၌ ပါဝင်လျက် အဘိဓာန်ကျမ်းကြီး၊ အဘိဓာန်အကျဉ်း၊ တိပိဋကပါဠိပဒကျမ်းညွှန်းတို့ကို ရေးသားပြုစုတော်မူခဲ့ပါသည်။ ထို့ပြင် ဓမ္မာစရိယ(စာချ)တန်းတွင် စာချဆရာများနှင့် စာသင်သားများအတွက် မရှိမဖြစ်လိုအပ်သည့် ပါရာဇိကဏ်ဝါကျ ဥယျာဉ် ပ/ဒုတွဲ၊ သီလက္ခန် ဝါကျဥယျာဉ် ပ/ဒုတွဲ၊ အဋ္ဌသာလိနီ ဝါကျဥယျာဉ် ပ/ဒုတွဲ၊ ဝိဂ္ဂဟနှင့် ဥာဿ ကောက်လမ်းညွှန်၊ အတ္ထယောဇနာနယူပဒေသကျမ်းများကို ရေးသားပြုစုတော်မူခဲ့ပါသည်။

အဖွဲ့အစည်းတွင် ရွှေရတုရှင်

ရွှေရတုရှင်သည် ၁၃၅၆ ခုနှစ် စတုတ္ထ အကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး၌ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်မှ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်။ ၁၃၅၆ ခုနှစ်မှ ၁၃၆၂ ခုနှစ်အထိ သံဃာ့ဝန်ဆောင်။ ပထမလတ်တန်းစာဖြေဌာန ကြီးကြပ်ရေးအဖွဲ့၏ အတွင်းရေးမှူးအဖြစ်ဖြင့် သာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ပါသည်။

မူသစ်တည်တွင်ရွှေရတုရှင်

ရွှေရတုရှင်သည် မြန်မာနိုင်ငံရှိ စာသင်တိုက်ကြီးများ၏ ရှေးမူဟောင်းအတိုင်း များသောအားဖြင့် နယုန်၊ ဝါဆိုလမှစ၍ တပို့တွဲ၊ တပေါင်းလအထိ ပရိယတ်စာပေပို့ချနေရသည်ကို အားရတော်မမူဘဲ စာသင်သားများ စာမေးပွဲဖြေအပြီး နွေရာသီကျောင်းပိတ်ရက်များတွင် ၁၃၆၁-ခုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း နွေရာသီ ဓမ္မာစရိယသင်တန်းကို မန္တလေး၊ မော်လမြိုင်၊ ရန်ကုန်မြို့များ၌ ဖွင့်လှစ် ပို့ချခဲ့ပါသည်။ ရွှေရတုရှင်ထံမှ ပညာရည်နှိုသောက်စို့ကြသည့် စာသင်သားအရေအတွက်မှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်နေသည်ကို မှတ်တမ်းများအရ ဝမ်းမြောက်ဖွယ်ရာ သိရှိရပါသည်။ တစ်ထောင်မကများပြားလှသော ဓမ္မာစရိယစာသင်သားတို့အား အဆင့်မြင့် ပညာ ''နွေရာသီဓမ္မာစရိယသင်တန်း''ဖွင့်လှစ်ပို့ချခြင်းသည် မြန်မာနိုင်ငံ၌ မစိုးရိမ်ဆရာတော် ဘဒ္ဒန္တကောဝိဒ ဘိဝံသပြီးလျှင် ရွှေရတုရှင်က ပထမဆုံးမူသစ်တည်ထွင်ပို့ချခြင်းပင် ဖြစ်ပါသည်။

သာသနာပြုလျက်ပင် ရွှေရတုရှင်

ရွှေရတုရှင်သည် ကျမ်းပြုစာချအားရတော်မမူသေးပါ။ သာသနာပြုအကျော် အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တအရိယဝံသ(အဂ္ဂမဟာပဏ္ဍိတ)နှင့် အတူတွဲလျက် သာသနာပြု (ဓမ္မဒူတ) ခရီး လှည့်လည်ကြွချီတော်မူ၍ နယ်စပ်ဒေသများ၌လည်း တရားဟောခြင်း၊ သင်တန်းပို့ချခြင်းစသည့် ပြည်တွင်း သာသနာပြုလုပ်ငန်းများ။ ၁၉၉၉-ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ ထင်ရှားသော ဗုဒ္ဓဝင်ဌာန (၂၇)ခုတို့၌ မြန်မာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ကနေဒါ၊ အမေရိကန်နိုင်ငံသား (၁၀၀)ကျော် တို့အား တရားဟောခြင်း၊ အိန္ဒိယနိုင်ငံဆာဟာရိယ-ဘိဒရ်တိုင်း၊ နာဂပူရ်မြို့၌ အိန္ဒိယ-မြန်မာ ဗုဒ္ဓဘာသာဆိုင်ရာ ဟောပြောဆွေးနွေးခြင်း၊ ဒေါက်တာ အမ္ဗေဒကရ် စာကြည့်တိုက်ဖွင့်ပွဲ၌ တက်ရောက်ဟောပြောဆွေးနွေးခြင်း။ နာဂပူရ်မြို့ ပါဠိအကယ်ဒမီကျောင်းတိုက်၌ တိလောကဝိဇယ ခဏ္ဍသိမ်တော်ကို ဦးစီး၍ သမုတ်ခြင်း။ အမေရိကန်ပြည်ထောင်စု ကနေဒါနိုင်ငံတို့၌ (၄၅)ရက် ဓမ္မဒူတခရီး လှည့်လည်၍ တရားဟောခြင်း။ ၂၀၀၀-ခုနှစ်တွင် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့ရှိ အလိုတော်ပြည့် ဓမ္မရိပ်သာ၌ (၆)လခန့် သီတင်းသုံးနေတော်မူပြီး တရားပြ၊ တရားဟော၊ ဘာသာရေးပစ္စာပြဿနာများကို ဖြေကြားလျက် ပြည်ပနိုင်ငံများ၌လည်း

http://www.dhammadownload.com

သာသနာပြုလုပ်ငန်းများကို စိတ်စေတနာ ထက်သန်စွာဖြင့် ဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့ဘံဆိပ်ပန်ဆင် ရွှေရတုဂုဏ်

ရွှေရတုရှင်၏ နေ့ညမအား ပရိယတ်များကို ပို့ချခြင်း၊ ကျမ်းစာများ ရေးသားပြုစုခြင်း၊ သံဃာ့အဖွဲ့အစည်းများ၌ တာဝန်ထမ်းဆောင်ခြင်း၊ ပြည်တွင်းပြည်ပ ဓမ္မဒူတခရီးကြွ၍ တရားပြ၊ တရားဟော၊ ဘာသာရေးပဏ္ဍာပြဿနာများကို ဖြေကြားခြင်းစသော သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူခြင်းကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၃၆၄-ခုနှစ် (၄-၁-၂၀၀၃)တွင် ''**အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ**''ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းသည်ကို ရွှေရတုရှင်က လက်ခံရရှိတော်မူခဲ့ပါသည်။

နာယကချုပ်ဂုဏ်အင် ရွှေရတုဂုဏ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၌ သံဃာ (၁၀၀၀)ကျော် သီတင်းသုံးနေနိုင်သော ''**ဓမ္မာစရိယတက္ကသိုလ် အလိုတော်ပြည့်ကျောင်းတိုက်ကြီး**'' စတင် ဖွင့်လှစ်သည့် ၁၃၆၅-ခု၊ တန်ခူးလပြည့်ကျော် (၁၀)ရက် (၂၆-၄-၂၀၀၃) စနေနေ့တွင် သာသနာတော်အတွက် အဘက်ဘက်မှ ပြည့်စုံနာယကချုပ်ဂုဏ်အင်သတ္တိ အပြည့်အဝရှိတော်မူသော ရွှေရတုရှင်က ကျောင်းတိုက် ကြီး၏ ''နာယကချုပ်'' အဖြစ် တာဝန်ထမ်းဆောင်တော်မူပါသည်။

ဆောင်ရွက်အောင်မြင် ရွှေရတုဂုဏ်

ရွှေရတုရှင်သည် မိမိအား ယုံကြည်လေးစားအပ်နှံထားသော ကျောင်းတိုက်ကြီးကို လိုအပ်ချက်များ အဘက်ဘက်မှ ပြည့်စုံအောင် မိမိဉာဏ်အားစွမ်းပကား ဖြင့် စည်းကမ်းသတ်မှတ်လျက် ထက်သန်သော ဝီရိယဖြင့် စနစ်တကျ ဆောင်ရွက်နေပါသည်။ ရွှေရတုရှင်၏ စွမ်းအားအစုစု ဆောင်ရွက်မှုကြောင့် အချိန်တိုကာလ အတွင်း ဓမ္မာစရိယ(စာချ)တန်း အောင်ပန်းဆင်မြန်းကြသော စာသင်သားအရေအတွက်မှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်နေသည်ကို မှတ်တမ်းများက ဖော်ပြနေပါသည်။ ဤသို့ အောင်မြင်မှု တိုးတက်နေခြင်းသည် ရွှေရတုရှင်၏ ဆောင်ရွက်မှု အောင်မြင်ခြင်းပင်ဖြစ်ပါသည်။

ရွှေရတုဂုဏ်အတွက် ဆုတောင်းလျက်

နှစ် (၅၀)ပြည့်မြောက် ရွှေရတုမွေးနေ့ရောက်သော ရွှေရတုရှင် ဘဒ္ဒန္တသုစိတ္တာဘိဝံသ၏ (၁၀)နှစ်သားအရွယ် သာမဏေဘဝ ပညာသင်ကြားမှုမှစ၍ နှစ် (၅၀)အတွင်း ရွှေရတုရှင်၌ ရှိရှိသမျှ အင်အားကိုစုဆောင်ရွက်မှုတို့ကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းများသာမက ပြည်တွင်းပြည်ပရှိ ဒကာ+ဒကာမများပါ အကျိုးများသည်ကို သိရှိသူများ ကြည်ညိုမှု တိုးပွားကြစေရန် ဆန္ဒမွန်ဖြင့် လက်လှမ်းမီသမျှ ရေးသားတင်ပြပြီးပါပြီ။

ရွှေရတု မွေးနေ့ရှင်အနေဖြင့်လည်း မိမိ၏ နှစ် (၅၀)အတွင်း ဆောင်ရွက်ပြီး, ဆောင်ရွက်ဆဲဖြစ်သော သာသနာတော်နှင့်စပ် လုပ်ငန်းအရပ်ရပ်များကို သတိရမှုအာရုံပြုလျက် နှစ်သက်ဝမ်းမြောက်ပြီး အနာဂတ် သာသနာ ဆောင်ရွက်ရန်ရှိရာများကို ကြိုတင်စဉ်းစားစီစဉ်ထားပါလိမ့်မည်။

ဤသို့ ဗုဒ္ဓမြတ်စွာသာသနာတော်နှင့် အများအကျိုးသယ်ပိုးဆောင်ရွက်ရာ၌ အဘက်ဘက်မှ ပြည့်စုံစွမ်းရည်ဂုဏ်သတ္တိအပြည့်အဝရှိသော ရွှေရတုမွေးနေ့ရှင်သည် စိန်ရတုလွန်မြောက် ရာပြည့်နှစ်ရောက်အောင် သက်ရှည်ကျန်းမာ ဘေးရန်ကွာလျက် သာသနာတော်အကျိုး၊ အများအကျိုး သယ်ပိုးဆောင်ရွက် အထပ်ထပ် အခါခါ ဆက်ကာ ဆက်ကာ အောင်မြင်မှုများစွာ ရရှိနိုင်ပါစေဟု ရွှေရတုရှင်အတွက် မေတ္တာထပ်လောင်းဆုမွန်တောင်းလျက် စာရေးသူအနေဖြင့် ''**ရွှေရတုမှာဆုတောင်းပါ၏**'' ဆောင်းပါးဖြင့် ရွှေရတု မွေးနေ့ရှင်အား ဂုဏ်ပြုအပ်ပါသည်။

■ **မဟာကုန္ဒာစာရ**
(M.A., UK)

♦ ♦ ♦

http://www.dhammadownload.com

သာသနာ့ကွက်လပ်ဖြည့်သူ



■ဘဒ္ဒန္တသီလကွန္ဓာဘိဝံသ
(ရွှေရတုတိပိဋကဓရ - တိပိဋကကောဝိဒ)

မြတ်စွာဘုရား တည်ထောင်တော်မူထားခဲ့သော သာသနာတော်ကြီး အရှည်ခံ၍ တည်တံ့ဖို့ရန် တာဝန်ယူထမ်းဆောင်ကြသူ သာသနာပြုပုဂ္ဂိုလ်များသည် သာသနာတော်ကြီး၏ တန်ဖိုးကြီးမားပုံကို သိရှိကြသည့်အားလျော်စွာ မိမိတို့ စွမ်းနိုင်သည့်ဘက်မှ စွမ်းနိုင်ရာ တာဝန်များကို ဦးထမ်း,ပဲ့ထမ်းသဘောမျိုးဖြင့် အသီးသီး ထမ်းရွက်သယ်ပိုးကြရသည်၊ ''မည်သည့်အဆင့်ဖြင့် မည်သည့်တာဝန်မျိုးထမ်းရမှ ထမ်းဆောင်နိုင်မည်၊ သည်တာဝန်ကိုမှ မထမ်းရလျှင်ဖြင့် မထမ်းဆောင်နိုင်ပါ''ဟု ငြင်းဆန်နေ၍ မရပေ။

၁။ စာပေသင်ကြားနိုင်သည့်အရွယ် စာသင်သားရှင်ငယ်,ရဟန်းငယ်များက စာပေသင်ပြီး သာသနာ့တာဝန် ထမ်းရသည်၊ (**စာသင်တိုက်များမှ စာသင်သားများ**)

၂။ စာပေပို့ချသင်ကြားပေးနိုင်သည့် စာချဆရာများက နောင်လာနောက်သား သာသနာပြုပုဂ္ဂိုလ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေးအတွက် လက်ဆင့်ကမ်းအမွေ ပေးသည့်အနေဖြင့် စာပေပို့ချ ပညာဖြန့်ဝေပေးပြီး သာသနာ့တာဝန် ထမ်းရသည်၊ (**စာသင်တိုက်များမှ စာချပုဂ္ဂိုလ်များ**)

၃။ ကျမ်းစာရေးသားပြုစုနိုင်သူများက သာသနာတော်အတွက် အကျိုးများမည့် ကျမ်းစာများ ရေးသားပြုစု၍ သာသနာ့တာဝန် ထမ်းရသည်၊ (**ကျမ်းပြုပုဂ္ဂိုလ်များ**)

၄။ တရားဟောနိုင်သူ ဓမ္မကထိကပုဂ္ဂိုလ်များက ဒကာ,ဒကာမများ ယဉ်ကျေးလိမ္မာ အသိပညာတရား တိုးပွားစေရေးနှင့် ဘာသာသာသနာတော် အရှည်တည်တံ့ခိုင်မြဲရေးအတွက် တရားဒေသနာတော်များ ဟောကြားပြသပြီး သာသနာ့တာဝန် ထမ်းရသည်၊ (**တရားဟော ဓမ္မကထိကများ**)

၅။ တရားအားထုတ်ပုံအားထုတ်နည်း ညွှန်ပြပေးနိုင်သူ ကမ္မဋ္ဌာန်းနည်းပြပုဂ္ဂိုလ်များက တရားအားထုတ်နည်းများ ညွှန်ပြ၍ သာသနာ့တာဝန် ထမ်းရသည်၊ (**သာသနာ့ရိပ်သာ, ဓမ္မရိပ်သာများမှ ကမ္မဋ္ဌာန်းနည်းပြပုဂ္ဂိုလ်များ**)

၆။ သင်တန်းပေးနိုင်သူများက အဘိဓမ္မာဝိသုဒ္ဓိမဂ် သင်တန်း,ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းစသည်များ ပေးပြီး သာသနာ့တာဝန် ထမ်းရသည်၊ (**သင်တန်းပြပုဂ္ဂိုလ်များ**)

၇။ ဘုရားတည်,ကျောင်းဆောက် ပြုလုပ်နိုင်သူများက ဒကာ,ဒကာမများအား ဟောကြားစည်းရုံးကာ ဘုရားတည်မှု,ကျောင်းဆောက်မှု-စသည်ပြုပြီး သာသနာ့တာဝန် ထမ်းရသည်၊

၈။ အခြားတာဝန် ထမ်းဆောင်နိုင်သူများက ဗုဒ္ဓဘာသာဝင်များ၏ ကုသိုလ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝ အဆင်ပြေအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပြီး သာသနာ့တာဝန်ထမ်းရသည်၊ (**ဗုဒ္ဓဘာသာ ဗုဒ္ဓပူဇနီယဘုရားပွဲ, တရားပွဲ, ပူဇော်ပွဲ, ရှင်ပြုရဟန်းခံ အလှူမင်္ဂလာပွဲစသည် ကျင်းပပြုလုပ်နိုင်သော ခွင့်ပြုမိန့်ချမှတ်ပေးသော အာဏာပိုင်များ၊ သိမ်သမုတ်ခွင့်ရရှိအောင် ခွင့်ပြုပေးသော အာဏာပိုင်များ၊ ဗုဒ္ဓဘာသာပညာရေး ကူညီထောက်ပံ့သူများ၊ ကျန်းမာရေး စောင့်ရှောက်ထောက်ပံ့သူများ၊ နာရေးကူညီမှုစသည် ဆောင်ရွက်ပေးသူများ**)

http://www.dhammadownload.com

၉။ ပစ္စည်းလေးပါး လှူဒါန်းထောက်ပံ့နိုင်သူ ဒကာ, ဒကာမများက လိုအပ်သည့် ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းပြီး သာသနာ့တာဝန် ထမ်းရသည်၊ (**ပစ္စည်းလေးပါး ဒကာ,ဒကာမများ**)

ဤပုဂ္ဂိုလ်အားလုံးတို့သည် ဗုဒ္ဓသာသနာဟော်ကြီး အရှည်တည်တံ့ခိုင်မြဲစေရန် တစ်နည်းနည်းဖြင့် ကျေးဇူးပြုနေသည့် "**သာသနာ့ကျေးဇူးရှင်များချည်း**" သာ ဖြစ်ကြပေသည်။ အဆိုပါ ကျေးဇူးရှင်များအနက် ရွှေရတုမွေးနေ့ရှင် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် ဆရာတော်ဘုရားသည် (အဓိကအားဖြင့်) စာချ, ကျမ်းပြုဟူသော နံပါတ် ၂,၃ သာသနာ့တာဝန်များကို အားသွန်ခွန်စိုက် ထမ်းဆောင်တော်မူနေသည့် သာသနာပြု ဆရာတော်တစ်ပါးဖြစ်ပေသည်၊ ထမ်းဆောင်ရာ၌လည်း အခြားပုဂ္ဂိုလ်များ မထမ်းဆောင်ဖြစ်၍ ကွက်လပ်သဖွယ် ဖြစ်နေသောသာသနာ့တာဝန်တစ်ရပ်ကို ထူခြားစွာ ထမ်းဆောင်နေသူဟု ဂုဏ်ပြုညွှန်းဆိုရမည့် ဆရာတော် ဖြစ်ပေသည်။

အကြောင်းကိုဆိုရသော်– ဤဆရာတော် ရေးသားပြုစုသော ကျမ်းစာများမှာ ဓမ္မာစရိယတန်း ကျမ်းစာများဖြစ်သလို လက်ခံသည့် စာသင်သားကလည်း ဓမ္မာစရိယလောင်းလျာ စာသင်သားများဖြစ်ပြီးပို့ချသင်ကြားပေးနေသည့် ဘာသာရပ်စာပေကလည်း ဓမ္မာစရိယတန်းဆိုင်ရာ ဘာသာရပ်များဖြစ်နေသောကြောင့်ပါတည်း၊ ရေးသားပြုစုနေသော ကျမ်းစာများအတွက် အထူးပြောဖွယ်မရှိသော်လည်း လက်ခံ–သင်ကြားပေးနေသော စာသင်သားနှင့် ဘာသာရပ်များအတွက်မူ ပြောဖွယ် (ချီးကျူးပြောဆိုဖွယ်) ရှိလာပါသည်။

ဤဆရာတော် လက်ခံထားသည့် 'ဓမ္မာစရိယတန်း စာသင်သား'ဆိုသည်မှာ ပထမကြိုးတန်းအောင်မြင်၍ အသက်အရွယ်ကြိုးသူများပီပီ ငယ်–လတ်–ကြီး စာသင်သား ကိုရင်ငယ်ကလေးများလို ပြောဆိုဆုံးမရသည်မှာ မလွယ်ကူသော အနေအထားရှိသည့်အပြင် ငယ်–လတ်–ကြီး အတန်းများနှင့်မတူဘဲ စာမေးပွဲအောင်ချက် ရာခိုင်နှုန်းမှာလည်း အလွန်နည်းတတ်သဖြင့် အခြားစာသင်တိုက်တော်တော်များများက လက်ခံဖို့ရန် ဝန်လေးသော စာသင်သားများ ဖြစ်ပေသည်။

ဟိုကျောင်းက လက်မခံချင်, ဒီကျောင်းက လက်မခံချင်ဖြစ်နေသဖြင့် ဓမ္မာစရိယ စာသင်သားများမှာ မိမိတို့ ပထမကြိုးတန်းအောင်ခဲ့သည့် ကျောင်းတိုက်မှာ ဆက်လက်မနေထိုင်လိုတော့လျှင် ကိုယ့်အရပ်ပြန်ပြီး ကျောင်းထိုင်ရတော့မလိုလို အခြားကျောင်း တစ်ကျောင်း ကျောင်းမှာ ကပ်နေပြီး ဓမ္မာစရိယစာဝါ ပို့ချသည့် ကျောင်းတိုက်များသို့ ခဲခဲယဉ်းယဉ်း သွားရောက် စာသင်ကြရတော့မလိုလို လောကီပညာဘဲ သင်ရတော့မလိုလို လူဘဲ ထွက်ရတော့မလိုလိုဖြင့် ဗျာများကြရသည့် အနေအထားရှိနေခဲ့ရာမှ ယခု ရွှေရတုမွေးနေ့ရှင် ဆရာတော်ဘုရား၏ **ဓမ္မာစရိယတက္ကသိုလ်** ဆိုသော ကျောင်းတိုက်ကြီး ပေါ်ပေါက်လာပြီး ဓမ္မာစရိယစာသင်သားများကို သီးသန့်လက်ခံပေးလိုက်သည့်အခါ ဓမ္မာစရိယစာသင်သားများမှာ ရေငတ်တုန်း ရေတွင်းထဲကျရသလို သောကဗျာပါရများ ပြေပျောက်ပြီး ကိုယ်စိတ်အေးချမ်းခြင်းသို့ ရောက်ကြရကာ ဓမ္မာစရိယတက္ကသိုလ် ကျောင်းတိုက်ကြီးသို့ လာရောက်၍ ကွန်ရှေ့ရရ ပညာများ သင်ကြားဆည်းပူးနိုင်ကြပြီ ဖြစ်ပေသည်။

စာပေ သင်ကြားပို့ချပေးရာ၌လည်း အောင်ချက်များသော ကျမ်းစာနှင့် အောင်ချက်နည်းသော ကျမ်းစာတို့တွင် ထုံးစံအရ အောင်ချက်များသော ကျမ်းစာကိုသာ ပို့ချလိုကြသည်၊ သို့ဖြစ်၍ အများလက်မခံချင်သဖြင့် နေရေးထိုင်ရေး ပညာသင်ကြားရေး များစွာခက်ခဲသော ဓမ္မာစရိယစာသင်သားများကို လက်ခံဖို့နှင့် အများမပို့ချချင်သော ဓမ္မာစရိယစာပေများကို သီးသန့် ပို့ချပေးဖို့ ဆိုသည်မှာ ယနေ့ချိန်ခါ သာသနာတော်၏ လိုအပ်ချက် တစ်ရပ် ကွက်လပ်ကြီးတစ်ခုပင် ဖြစ်ပါတော့သည်။

ဤမွေးနေ့ရှင် ဆရာတော်ဘုရားကား မိမိကျောင်းတိုက် နာမည်ကြီးမှု,မကြီးမှု, မိမိ နာမည်သတင်းကျော်စောမှု,မကျော်စောမှုတို့ကို ဂရုမပြုဘဲ အများလက်မခံချင်သော ဓမ္မာစရိယစာသင်သားများကိုလည်း လက်ခံစောင့်ရှောက်ထားသည်၊ အများ မပို့ချချင်သော ဓမ္မာစရိယတန်း စာပေများကိုလည်း သီးသန့် ပို့ချပေးတော်မူနေသည်ဖြစ်၍ ဤမွေးနေ့ရှင် ဆရာတော်ဘုရားအား အထင်ရှားဆုံးသော ဂုဏ်ပုဒ်ဖြင့် ဖော်ထုတ်ချီးကျူးရမည်ဆိုပါက "**သာသနာ့ကွက်လပ်ဖြည့်သူ**" ဟူ၍သာ ဖြစ်ပါတော့သတည်း။

■ **ဘဒ္ဒန္တသီလကုန္ဓာဘိဝံသ**
(ရွှေရတုတိပိဋကဓရ - တိပိဋကကောဝိဒ)

♦ ♦ ♦

http://www.dhammadownload.com



နွားကျောင်းသားတို့၏ ရင်ဖွင့်သံ

ဉယျာဉ်မှူး (တက္ကသိုလ်)

နှစ်ဆယ့်တစ်ရာစုနှစ်အကြို ၁၉၉၉-ခုနှစ်၊ နွေဥသြတို့၏ တွန်သံကျူးရင့်ချိန် ပိတောက်ဝါတို့အလှချင်းယှဉ်ပြိုင်အားမာန် ဝင့်နေကြချိန်ဝယ် ဥယျာဉ်မှူး ရဟန်းတစ်ပါးသည် မန္တလေး ရတနာပုံနေပြည်တော်မှ ကမ္ဘာ့နိုင်ငံများစွာတို့စုဝေး အခြေစိုက်ရာ ရန်ကုန်မြို့တော်သို့ ပရိယတ္တိဓုရတာဝန်တစ်ရပ်ကို ဖြန့်ဖြူးပို့ချရန် ရောက်လျက်ရှိနေသည်။ ပဋိပတ္တိလုပ်ငန်းခွင်၌ သောတာပန်, သကဒါဂါမ်စသည်ဖြင့် အဆင့်အတန်း အလွှာစုံရှိကြသကဲ့သို့ ပရိယတ္တိလုပ်ငန်းခွင်၌လည်း ပထမငယ်, ပထမလတ်, ပထမကြီးတန်း, ဓမ္မာစရိယ-စသည် စသည် အလွှာအတန်းများစွာရှိကြပါသည်။

ရွှေအိုးကိုရလိုလျှင် ရွှေအိုးရှိရာ နေရာအတိအကျသိရှိဖို့ အရေးကြီးပါသည်။ သောတာပန် ရွှေအိုး, သကဒါဂါမ် ရွှေအိုးစသည်တို့ လုံခြုံစွာ သိုမှီးသိမ်းဆည်းထားရာ နေရာအတိအကျ မသိရှိပါဘဲ ဆင်ကန်းတောတိုးဆိုသည်ပမာ စမ်းတဝါးဝါးဖြင့် မျက်ကန်းတစ္ဆေမကြောက်ဦးတည်ရာ ရှာဖွေနေ၍ ရွှေအိုးမတွေ့နိုင်ပေ။ ရွှေအိုးရှိရာဘုံဌာနကို အတိအကျ မလွဲဧကန် နေရာမှန်ကို ညွှန်ပြသည့် ခရီးညွှန်မြေပုံ လိုအပ်ပေမည်။ ခရီးညွှန် မြေပုံစာရွက်စာတမ်းမပါဘဲ ရွှေအိုးရလိုရငြား ရှာဖွေနေကြသည့် သိုက်ဆရာတို့သည် အချိန်ကုန် ခရီးပန်း ခန္ဓာကိုယ်နွမ်းရုံပင် ဖြစ်ချေမည်။

မြတ်ဗုဒ္ဓ၏ ပါဝစန စကားတော်များတွင် ပရိယတ္တိသည် ခရီးညွှန်မြေပုံ စာရွက်စာတမ်းဖြစ်၍ ပဋိပတ္တိသည် ရွှေအိုးနှင့်တူပါသည်။ (အံ၊ဌ၊၁၊၇၂။ သံ၊ဌ၊၂၊ ၁၈၈)

ထိုပရိယတ္တိ မြေပုံထဲတွင် ပထမငယ်, ပထမလတ်, ပထမကြီးတန်းများကို သင်ကြားရုံကာမျှဖြင့် ရွှေအိုးရှိရာဌာနကို အတိအကျမညွှန်ပြနိုင်ပေ။ ဓမ္မာစရိယတည်းဟူသော ပါဠိတော်အဋ္ဌကထာ ညွှန်တမ်းသင်ရိုးကို စနစ်တကျမသင်ယူ မဆည်းကပ်ပါဘဲ မြတ်ဗုဒ္ဓ၏ ပါဝစနခေါ် ပါဠိ,အဋ္ဌကထာ,ဋီကာများကို မကြည့်ရှုနိုင်ပေ။ ယင်းပါဠိ, အဋ္ဌကထာ, ဋီကာများကို ကြည့်ရှုနိုင်ဖို့ ဓမ္မာစရိယသင်ရိုးကို သင်ယူရပေမည်။

ဘုရားအလိုကို သိတော်မူကြသော ဗုဒ္ဓမတ္တညူ အဋ္ဌကထာဆရာတော်ကြီးများ မိန့်ဆိုခဲ့သည်ကို သတိပြုသင့်၏။ ရွှေအိုးရှိရာဌာနအညွှန်းလိပ်စာ အတိအကျမသိပါဘဲ ရွှေအိုးကို ဖော်ထုတ်ရန် မလွယ်ကူပေ။ ဤသဘောကို အလေးအနက် ဆင်ခြင်သုံးသပ်ကြည့်ပါလျှင် ပရိယတ္တိစာပေ၏ ကျေးဇူးနှင့် တန်ဖိုးကို တွေ့ရှိနိုင်ပါသည်။

http://www.dhammadownload.com

ပရိယတ္တိဓုရတာဝန်ကို ထမ်းဆောင်နေသည့် ဤဥယျာဉ်မှူးရဟန်းသည် မန္တလေးရတနာပုံနေပြည်တော်၌ နှစ်စဉ် ဓမ္မာစရိယလောင်းလျာများစွာတို့ကို မွေးထုတ်ပေးလျက် ရှိပါသည်။ အလွန်တရာ ပူပြင်းသည့် နွေရာသီဝယ် မိမိ၏ လွတ်လပ်ခွင့်အချိန်ကို တန်ဖိုးရှိရှိ အသုံးချနိုင်အောင် ကြိုးစားခဲ့သည်။

''တ သုံးလီ၊ ကျောင်းသားကိုယ်စီနှင့်၊ ရွာလည်ကာ အပို့က်ကျွံးတယ်၊ ဘုန်းကြီးတို့ထုံး'' ဟူသော လယ်တီဆရာတော်၏ အဆိုအမိန့်ကို သတိရမိပါသည်။

ဥယျာဉ်မှူးရဟန်းသည် ဝါသနာအရ ဘဝပေးတာဝန်ကို ထမ်းဆောင်ရသည်ထက် ဓမ္မာစရိယလောင်းလျာအရှင်မြတ်များကို ကြည်ညိုလေးစားမိပါသည်။ တပို့တွဲ, တပေါင်း, တန်ခူးလရာသီများ၌ အလှူပွဲကျောင်းပွဲ ဘုရားပွဲများ၌သာ အချိန်ကို ဝါးမျိုသုံးစွဲမပစ်ဘဲ တန်ဘိုးရှိရှိ အသုံးချကာ ရန်ကုန်မြို့တော်၏ လူနေမှုသိပ်သည်းသည့်ကြားမှ ကားတစ်တန်, ရထားတစ်တန်, ရုန်းကန်ပြီး ဥယျာဉ်မှူးပို့ချသော ဓမ္မာစရိယသင်တန်းသို့ လာရောက်သင်ယူ ဆည်းပူးကြသည့် အရှင်များ၏ မျက်နှာရိပ်ပေါ်၌ ပီတိရိပ်များ ဖုံလွှမ်းလျက်ရှိသည်။ တစ်ပါးမဟုတ်၊ နှစ်ပါးမဟုတ်၊ လေးရာကျော်ရှိ၍ များမြောင်လှပါဘိ။

ဓမ္မာစရိယသင်တန်းကြီးကိုလည်း အဘက်ဘက်မှ လိုလေသေးမရှိ ပံ့ပိုးပေးကြသည့် ဒကာ+ဒကာမများ၏ ကုသိုလ်တရားကား ကြီးကျယ်ထူးမြတ်လှပါသည်။ ပရိယတ္တိဓုရတာဝန်ထမ်းဆောင်သည့် ဥယျာဉ်မှူး ရဟန်းသည် တစ်နေ့လျင် နှစ်ကြိမ် ပို့ချပါသည်။ တစ်လအတွင်း ဓမ္မာစရိယသင်တန်း ပို့ချစဉ် ခရီးတစ်ဝက်သို့ ရောက်လာသောအခါ လူအထက်တန်းလွှာ အသိုင်းအဝန်းမှ ဒကာတစ်ယောက်သည် အသင့်ပါလာသည့် လက်ကိုင်ပုဝါငယ်ဖြင့် သူ၏နဖူးမှ စီးဆင်းလာသော ချွေးစများကို သုတ်ကာ ဥယျာဉ်မှူးရဟန်းထံသို့ ရောက်လာပါသည်။ ဥယျာဉ်မှူးရဟန်းသည် စာဝါနားချိန် နာရီဝက်ခန့် အနားယူနေစဉ် ထိုဒကာအား 'ကိစ္စရှိသလား'ဟူသော သဘောဖြင့် မျက်ခုံးနှစ်ဖက်ကို မြှောက်ပြလိုက်၏။ ဒကာသည် မိမိနာမည်, နေရပ်, အလုပ်အကိုင် စသည်ဖြင့် မိတ်ဆက်ပါသည်။ ပြီးလျင် တင်ပလ္လင်ခွေထိုင်ချကာ သူ၏ ခံစားချက်များကို ရင်ဖွင့်လာ၏။ ဒကာသည် အများအားဖြင့် ပဋိပတ္တိတရားရိပ်သာများ၌သာ ကျင်လည်ခဲ့ဖူးကြောင်း လျှောက်ထားလာပါသည်။ ဥယျာဉ်မှူးရဟန်းသည် ဒကာလျှောက်သော စကားကို နိဒါန်းပျိုးစကပင် ဘာကို ရည်ညွှန်း လျှောက်နေသည်ကို ခန့်မှန်း၍ သိနေ၏။

''အရှင်ဘုရား၊ ဒီလောက်ပူပြင်းသည့် နွေရာသီမှာ စာပေပို့ချနေတာ မပင်ပန်းဘူးလား''ဟု လျှောက်သည်။ ဥယျာဉ်မှူး ရဟန်းသည် နားနေဆောင်အတွင်း၌ ချိတ်ထားသည့် တိုင်ကပ်နာရီကို တစ်ချက်မော့ကြည့်လိုက်၏။ တစ်နေ့တာအတွက် နောက်ဆုံးအကြိမ် သင်တန်းကို ရှိနေ၍ဖြစ်သည်။ သင်တန်းအချိန်ကား အလွန်နီးကပ်လာ၏။ သို့သော် ရသည့်အချိန်အတွင်းမှာ 'ဒကာကြီး ဦးဇင်းဟာ သာသနာ့ဝန်ထမ်းရယ်လို့ အမည်ခံထားမှတော့ ဦးဇင်းရရှိထားတဲ့ အရည်အချင်းနှင့် ဘာသာ, သာသနာအတွက် အလုပ်လုပ်ရတာမို့ ပင်ပန်းတယ်လို့ မယူဆပါဘူး။ ဗုဒ္ဓသာသနာနှင့် ကြုံကြိုက်မှလုပ်ဆောင်ရတာမို့ ဘဝအဆက်ဆက်မှာ လုပ်ဆောင်ခွင့်မရနိုင်တဲ့ လုပ်ငန်းမျိုးကို ငါ လုပ်ဆောင်ခွင့်ရနေပါကလား၊ ပါရမီရှင် ပုဂ္ဂိုလ်များသာ ချီးမြှောက်ခွင့်ရတဲ့ ဗုဒ္ဓသာသနာကို သာသနာ့ဝန်ထမ်းရှင်ရဟန်းအဖြစ်နဲ့ ဓမ္မာနုဂ္ဂဟနည်းဖြင့် ငါ ချီးမြှောက်ခွင့်ရနေပါကလားလို့ ဦးဇင်းလုပ်ငန်းကို အာရုံပြုလိုက်တိုင်း ပီတိပါမောဇ္ဇတွေ ဖြစ်ရပါတယ် ဒကာကြီး''ဟု ဥယျာဉ်မှူးရဟန်းက မိန့်တော်မူ၏။

ထိုဒကာသည် ဘဝင်မကျလေဟန်ဖြင့် ဥယျာဉ်မှူးရဟန်းကို အကဲခတ်ပြီး သက်ပြင်းတစ်ချက်ရှိက်ကာ ''အရှင်ဘုရား. . . . မင်္ဂ,ဖိုလ်လုပ်ငန်းဆိုတာ စာတတ်စရာမလိုပါဘူး၊ စာမတတ်လည်း မင်္ဂ,ဖိုလ်ရနိုင်ပါတယ်။ ဒါဟာ တပည့်တော်ရဲ့ အတ္တနောမတိ ကိုယ်ပိုင်အယူအဆနဲ့လျှောက်တာ မဟုတ်ဘူးနော်၊ အချို့ဆရာတော်များက အမိန့်ရှိခဲ့ဖူးတယ် မဟုတ်လား၊ စာမတတ်မှ ပိုကောင်းတာတဲ့၊ စာတတ်ရင် စာခံနေတတ်တယ်တဲ့''

ထိုဒကာသည် ဤမျှလျှောက်ထားရုံဖြင့် မပြီးဆုံးသေးပေ၊ ဥယျာဉ်မှူးရဟန်း၏ အာရုံကလည်း တိုင်ကပ်နာရီရှိရာသို့သာ ရောက်နေတော့သည်။ ''အရှင်ဘုရား၊ အရှင်ဘုရားက စာချနေတာမို့ ပိုလို့တောင်သိမှာပါ။ စာချ စာသင်တဲ့သူဟာ နွားကျောင်းသားနှင့်တူပြီး တရားအလုပ် အားထုတ်သူဟာ နွားပိုင်ရှင်နှင့်တူလို့ သောက်သုံးရလို့ နွားနို့အရသာကို သိတယ် မဟုတ်ဘူးလား''။ ဥယျာဉ်မှူး ရဟန်းသည် ထိုဒကာ လျှောက်ထားပုံကို ဘဝင်ကျဟန်မရှိတော့ပေ။ ပထမ သင်္ဂါယနာတင်ရခြင်း၏ အကြောင်းကို သတိရမိ၏။ သုဘဒ်ရဟန်းကြီး၏ အသိဉာဏ်နည်းမှုကြောင့် အရှင်မဟာကဿပ မထေရ်၏

http://www.dhammadownload.com

''မသူတော်တရား မထွန်းကားမီ၊ သူတော်ကောင်း တရား မဆိတ်သုဉ်းမီ''ဟူသော တပ်လှန့်စကားက ဥယျာဉ်မှူး ရဟန်းအား နှိုးဆွပေးလိုက်သလို ဖြစ်လာ၏။

ဒကာသည် ပရိယတ္တိစာပေ သင်ကြားပို့ချခြင်းကို မျက်ကွယ်ပြုကာ လျှောက်ထားနေ၏။ ''ငါတို့လို နွားကျောင်းသားများရှိလို့ မင်းတို့ နွားပိုင်ရှင်များ နွားနို့သောက်ရသည်ကို မေ့နေရော့လား''ဟု ဥယျာဉ်မှူး ရဟန်း၏ စိတ်ထဲတွင် ကြိတ်မှိတ်ခံစားမိသည်။ ဒကာလျှောက်ထားသည့်အကြောင်းအရာများကို နားလည်သဘောပေါက်အောင် ပြောပြခွင့်အချိန်ကို မပေးနိုင်၍ ဥယျာဉ်မှူးရဟန်း၏ စိတ်ထဲတွင် အားမလို အားမရ ဖြစ်နေမိ၏။ အချိန်ထက် ဥယျာဉ်မှူး၏ စကားလုံးနှင့် ဒကာ၏ နားသည် **'စလယ်ဝင်အိုးကို ပြည်တောင်း အပြည့်ထည့်ချက်သော ထမင်းအိုးကဲ့သို့ ရှိချေမည်'**ဟု သဘောထားလိုက်၏။ လတ်တလောဖြစ်ပေါ်လာသည့် ပြဿနာကို ဖြေရှင်းခွင့်မရနိုင်ခဲ့၍ အချည်းအနှီးသာ ဖြစ်ခဲ့ရလေသည်။

ထို ခံစားခဲ့သော အကြောင်းအရာကို အခွင့်သာသောအခါ၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာဋ္ဌီပြီး အများဆိုင်စာမျက်နှာပေါ်မှ ပြောပြမည်–ဟု ကြိုးပါးခဲ့လေသည်။

အမှန်စင်စစ်အားဖြင့် စာပေသင်ကြားမှု ပရိယတ္တိလုပ်ငန်းအပေါ်၌ သဘောထားလွဲမှားနေကြသူများသည် တရားအစာမကြေကြသူများသာ ဖြစ်ပေလိမ့်မည်။ ထိုသူတို့ပြောကြားချက်များသည် ပြည့်စုံလုံလောက်သည့် ဗုဒ္ဓပါဝစန ဘုရားဟောမဟုတ်ပေများ မဟုတ်ကြချေ။ မိမိတို့ လိုရာကိုသာ စွဲယူထားသော တစ်စိတ်တစ်ဒေသစကားများ ဖြစ်ကြသည်။

''ရဟန်းတော်များ ကောင်းစွာနေထိုင်သမျှ ကာလပတ်လုံး ဤလောက၌ ရဟန္တာ မဆိတ်သုဉ်းနိုင်''(ဒီ၊ ၂၊ ၁၂၅)ဟူသော မဟာပရိနိဗ္ဗာနစကား။ ''ဗုဒ္ဓသာသနာတော်သည် ပဋိပတ္တိသာ မူလ၊ ပဋိပတ္တိသာ အနှစ်သာရ၊ ပဋိပတ္တိတည်နေလျင် မြတ်စွာဘုရား သာသနာ တည်နေ၏''ဟူသော (မိလိန္ဒ၊ ၁၃၆) စကားတော်နှင့် ပေါင်းလျဝတ္ထုအကြောင်း (ဓမ္မ၊ ဋ္ဌ၂၊ ၂၆၂) စူဠပန္ထကဝတ္ထုအကြောင်း (ဓမ္မ၊ ဋ္ဌ၁၊ ၁၅၃)စသော မပြောပလောက်သည့် သာဓကဝတ္ထုများကို အကိုးအကားပြုလျက် ပြောဆို လေလုံးထွားနေကြခြင်းသာ ဖြစ်သည်။

အထက်ပါ စကားရပ်များသည် မြတ်ဗုဒ္ဓနှင့် ရှင်နာဂသိန်တို့မိန့်ကြားတော်မူသော စကားများဖြစ်သည်။ ထိုစကားများသည် ပရိယတ္တိ စာပေသင်ကြားပို့ချသူများ

> **သာသနာတော်သုံးရပ်တွင်**
> **ပရိယတ္တိသည် ပဓာနဖြစ်၏။**
> **ပရိယတ္တိသည် အမြစ်၊**
> **ပဋိပတ္တိသည် ပင်စည်အင်္ကိုင်းအခက်၊**
> **ပဋိဝေဓသည် အသီးအပွင့် ဟု**
> **သုံးမျိုးရှိသည်။**
> **အင်္ကိုင်းအခက်နှင့် အသီးအပွင့်ကို**
> **ရရှောင်းရုံမျှဖြင့်**
> **သာသနာသည် မတည်နိုင်။**
> **ပရိယတ္တိ ဟူသော အမြစ်ကို**
> **ရရှောင်းပေါင်းသင်မှသာ**
> **ထာဝရ တည်တံ့နိုင်မည်။**

ကို အထင်အမြင်သေးအောင် ပရိယတ္တိစာပေ သင်ကြားပို့ချခြင်းကို အပိုဖြစ်အောင် ပရိယတ်နှင့် ပဋိပတ်ဆန့်ကျင်ဘက်ဖြစ်အောင် ညွှန်ပြသော စကားများ မဟုတ်ကြချေ။ ပါဠိတော်, အဋ္ဌကထာ,ဋီကာစကားများကို အကြောင်း ယုတ္တိရှိရှိ လေ့လာဝေဖန်ဆင်ခြင်မှု မပြုကြဘဲ မပြောဟောသင့်ပေ။

အထက်ပါ စကားတော်များသည် အကျိုးကို တိုက်ရိုက်ဟောကြားထားသော ဓမ္မစကားတော်များဖြစ်ကြောင်းကို ဗုဒ္ဓပါဝစနခေါ် ပရိယတ္တိစာပေကို သင်ကြားပို့ချဖူးသူတိုင်း နားလည်သဘောပေါက် ယုံကြည်ကြမည်သာ ဖြစ်၏။ ဘာသာ သာသနာရေးနယ်ပယ်၌ ပဋိပတ္တိဝိပဿနာဓုရလုပ်ငန်းသည် ပရိယတ္တိဂန္ထဓုရလုပ်ငန်းထက် အဆင့်မြင့်မားသောအလုပ် အထက်တန်းကျသောအလုပ် ဖြစ်ကြောင်းကို ပရိယတ္တိစာပေကိုသင်ကြားပို့ချသည့် ပုဂ္ဂိုလ်တိုင်း မလွဲကောန် ဝန်ခံကြပေမည်။ ဗုဒ္ဓအလိုကို သိတော်မူကြသော ဗုဒ္ဓမတ္တညူ ဆရာတော်ကြီးများလည်း ဤအတိုင်းပင် ဖွင့်ဆိုခဲ့ကြပါသည်။ (သုတ္တန်၊ ဋ္ဌ၁၊ ၁၉၃)

http://www.dhammadownload.com

ထိုသို့ အထက်တန်းကျ၍ မြင့်မြတ်သော လုပ်ငန်းကို လမ်းမှန်ပေါ်သို့ရောက်အောင် စနစ်တကျ လုပ်ဖို့ဆိုသည်မျာ ခိုင်မာတိကျသော လမ်းညွှန်ချက်မြေပုံ ပရိယတ္တိမရှိခဲ့ပါလျင် အထက်တန်းကျသော မဂ်,ဖိုလ်, နိဗ္ဗာန်ကို ရကြလိမ့်မည်မဟုတ်။ ဤသို့ ဤပုံဆင်ခြင်စဉ်းစားနှလုံးသွင်းနိုင်သော ဉာဏ်သက်ဝင်မှုမရှိကြသူ လူဗလာများကား ပေါ့ပေါ့ဆဆဖြင့်လည်းကောင်း၊ ပရမတ် အကြောင်သမားအဖြစ်ဖြင့်လည်းကောင်း၊ လာဘ်လာဘ ကြီးပွားလိုမှု လောဘသက္ကာရဖောဖြင့်လည်းကောင်း၊ ခေတ်ပေါ်လစီ စတန်ထွင်ကာ မဂ်,ဖိုလ် လုပ်ငန်းဆိုတာ စာတတ် စရာမလိုကြောင်း၊ စာမတတ် လည်း မဂ်,ဖိုလ်ရနိုင်ကြောင်း စသည်ဖြင့် လူပြိန်းကြိုက်အောင် မက်လုံးပေး၍ ဝါဒဖြန့်ပြောဆိုနေကြပေသည်။

နာမည်ကြီးဆရာတော်တစ်ပါး၏ ဩဝါဒမိန့်ခွန်းတော်ကို အမှတ်ရမိသည်။ ''ငါတို့စာသင်တိုက်က စာချတွေက တစ်နှစ်လျင် စာအောင်သံယာအရေအတွက် များသထက်များအောင် မွေးထုတ်ပေးနိုင်တယ်၊ မင်းတို့ ပဋိပတ်တာဝန် ထမ်းဆောင်တဲ့ကောင်တွေက ဘယ်မလဲ သောတာပန်၊ ဘယ်မလဲ သာကဒါဂါမ် ထုတ်ပြစမ်းပါ'' ဟူ၏။ သို့သော်မှတ်စရာကောင်း၍သာ ဆိုရသည်။ ဝိပဿနာ အလုပ်ဆိုသည်မှာ လက်ဆုပ်လက်ကိုင်ထုတ်ပြကြွားရမည့် အလုပ်လမ်းစဉ်မျိုးမဟုတ်ပေ။ အမှန်တကယ် ဝိပဿနာအလုပ်ကို တစိုက်မတ်မတ်လုပ်ကြသူများသည် သာသနာတော် ညစ်နွမ်းစေမည့် စကားမျိုးကို မည်သည့် အခါမျှ စိတ်ကူးပင် ယဉ်ကြမည်မဟုတ်ပေ။

ပရိယတ်နှင့် ပဋိပတ်တာဝန်နှစ်ရပ်လုံးသည် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အချင်းချင်း အမှီသဟဲပြုနေကြ၏။ တစ်ခုနှင့်တစ်ခု ဆန့်ကျင်မှုမရှိ။ ထို တာဝန်နှစ်ရပ်စလုံးသည် ဗုဒ္ဓ၏ အနန္တမေတ္တာတော်မှ မွေးဖွားလာသော အရာများသာ ဖြစ်ကြောင်း အထူး သတိချပ်သင့်၏။ ပရိယတ္တိစာပေ သင်ယူမှုဆိုလျင် ရဟန်းသာမဏေတို့ စာကျက်, စာအံ, စာသင်, စာချနေကြသည်ကိုသာ မြင်တတ်ကြသည်။ ထို့ကြောင့် ပဋိပတ်အလုပ်နှင့် ဆန့်ကျင်သည်ဟု ထင်မြင်ယူဆကြဟန်ရှိ၏။

အမှန်စင်စစ် တရားအားထုတ်မည့် ယောဂီပုဂ္ဂိုလ်တို့သည် တရားအားမထုတ်မီ ရှေးဦးစွာ အားထုတ်ပုံအားထုတ်နည်းကို နာယူခြင်း၊ တရားနာစဉ်လိုက်ဆိုခြင်း၊ နှလုံးသွင်းခြင်း စသည်ဖြင့် ပုဗ္ဗဘာဂပရိကမ်ကိစ္စများသည် ပရိယတ္တိစာပေသင်ကြားခြင်းသာမည်၏။ ဤမျှဖြင့် ပင် ပရိယတ်နှင့်ပဋိပတ် လုံးဝမဆန့်ကျင်ကြောင်း အမြင်ရှင်းစွာ သိနိုင်ရာ၏။ ပရိယတ်သည် ပဋိပတ်အပေါ် ကျေးဇူးများစွာပြုနေကြောင်း သဘောပေါက်လျင် ပရိယတ္တိစာပေသင်ကြားမှုကို အတိုင်းအတာတစ်ခုအထိ အားပေးခိုးမြှောက်သင့်၏။

သာသနာတော်သုံးရပ်တွင် ပရိယတ္တိသည် ပဓာနဖြစ်၏။ (ဒီ၊ဋ္ဌ၊၃၊၈၂) ပရိယတ္တိသည် အမြစ်၊ ပဋိပတ္တိသည် ပင်စည်အကိုင်းအခက်၊ ပဋိဝေဓသည် အသီးအပွင့်ဟု သုံးမျိုးရှိသည်။ အကိုင်းအခက်နှင့် အသီးအပွင့်ကို ရေလောင်းရုံမျှဖြင့် သာသနာသည် မတည်နိုင်။ ပရိယတ္တိဟူသော အမြစ်ကို ရေလောင်းပေါင်းသင်မှသာ ထာဝရတည်တံ့နိုင်မည်။ ပရိယတ္တိကန်ဘောင်ရိုး ခိုင်ခံ့မှသာ ရေများစွာ တည်တံ့ပြီး ထိုရေကြောင့် ဖြစ်ပေါ်လာသော ကြာမျိုးစုံပွင့်နိုင်မည်။ ဤသို့စသည်ဖြင့် အဋ္ဌကထာ–များစွာတို့၌ နွားမနှင့် ပရိယတ္တိ, အက္ခရာအမှတ်တံဆိပ်နှင့် ပရိယတ္တိ, နွားထီး နွားမ ဥပမာ၊ ကန်ဘောင်ဥပမာ များစွာတို့ဖြင့် ပရိယတ္တိသာ မူလပဓာနဖြစ်ကြောင်း (အံ၊ဋ္ဌ၊၁၊၇၂) (သံ၊ဋ္ဌ၊၂၈၈) (နီတိ၊ သုတ္တ၊ ၄၃၀၊ ၄၃၁) ဗုဒ္ဓမတ္တည်။ အဋ္ဌကထာဆရာကြီးများနှင့် သာသနမာမကဆရာတော်ကြီးများကိုယ်တိုင် အကျယ်တဝင့် ဖွင့်ခဲ့ကြသည်။

ထိုမျှမကသေး သာသနာ အနှစ် (၅၀၀၀)တည်ရှိနိုင်ဖို့အရေးမှာ ပရိယတ်ဝန်ဆောင် ရဟန်းတော်များ၌ မူတည်ကြောင်း၊ (မ၊ဋ္ဌ၊၄၊၂၂၁) ''အာနန္ဒာ ငါဘုရားဟောကြားတော်မူခဲ့သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာသည် ငါဘုရား ပရိနိဗ္ဗာန်စံပြီး နောက်ကာလ၌ သင်တို့ဆရာများဖြစ်ကြောင်း၊ (ဒီ၊ ၂၊ ၁၂၆) စာတတ် ပေတတ် ပရိယတ်ဝန်ဆောင်များကို ကံကောင်းထောက်မ၍သာ ဖူးတွေ့ရကြောင်း၊ (ဒီ၊ ၃၊ ၁၀၆/၇) ချစ်သားစုန္ဒ၊ ပရိယတ္တိဗဟုသုတရှိသောရဟန်းသည် သင်တို့၏တပည့်, သာဝကမဟုတ်၊ သင်တို့၏ ဆရာဗုဒ္ဓမည်ကြောင်း၊ ပရိယတ္တိ ဗဟုသုတရှိသောရဟန်းကို ကိုယ်တော်မြတ်အရာ၌ထား၍ ခိုးမြှောက်ခဲ့ကြောင်း၊ (ဒီ၊ဋ္ဌ၊၃၊၉၆) ပရိယတ္တိမမှဋ္ဌ အကြား အမြင်ရှိသူသည် မြတ်သောမဂ်အကျင့်ရှိ၏။ မူလပဓာန အကြောင်းရင်းဖြစ်ကြောင်း၊ (ထေရ၊ဋ္ဌ၊၂၊၄၂၄) ပရိယတ္တိ ဗဟုသုတ ဓမ္မဓရပညာ ရှင်ဗုဒ္ဓသာဝက ရဟန်းမျိုးကို နတ်ပြဟ္မာတို့က ချီးမွမ်းရကြောင်း၊ (အံ၊၁၊၃၁၄) (ဝိသုဒ္ဓိ၊ဋ္ဌ၊၁၊၄၁၆) စာချစာသင်မှု မရှိခြင်းသည် သာသနာတော်ကွယ်ကြောင်း တစ်ပါးအပါအဝင်ဖြစ်ကြောင်း၊ (အံ၊၂၊၁၅၅) တရားတော်ကို ပူဇော်လိုလျင် ပရိယတ္တိ ဗဟုသုတနှင့်

http://www.dhammadownload.com

ပြည့်စုံသော ပုဂ္ဂိုလ်မျိုးကို ပူဇော်သင့်ကြောင်း၊ ပရိယတ္တိဗဟုသုတတိပိဋကဓမ္မဘဏ္ဍာဂါရိက အရှင်အာနန္ဒာအား တစ်ထောင်တန် တိစီဝရိတ်သင်္ကန်း လှူဖူးသူ ပုဏ္ဏားကြီး တစ်ယောက်အကြောင်း (ဒီ၊ဋ္ဌ၊၃၊၉၁ ဓမ္မရတနာပူဇာခန်း) ရဟန်းတော်တစ်ပါး စာအံ,စာကျက်,စာပြန်စဉ် ရဟန္တာ ဖြစ်သွားပုံအကြောင်း၊ (သံ၊၁၊၂၀၄။ သံ၊ဋ္ဌ။၂၀၇ အဏ္ဍာသယသုတ်) **ပရိယတ္တိကို ပုတ်ခတ်ပြောဆိုသူနှင့်တူသော ခိုးသူကြီးမည်သည်မရှိကြောင်း၊** (အဘိ၊ဋ္ဌ၊၂၊၄၅၅)နှင့် ပရိယတ္တိဓမ္မကို အားထုတ်နေမှုကြောင့်ဖြစ်သော ကုသိုလ်စိတ်များကို ဒါနဋ္ဌလည်း မသွင်းနိုင်၊ သီလဋ္ဌလည်း မသွင်းနိုင်၊ အထပ်ထပ်မှားများမှု ဘာဝနာကုသိုလ်ဋ္ဌသာ သွင်းယူရကြောင်း အဋ္ဌကထာ ဋီကာများစွာတို့၌ ပရိယတ္တိ ဂုဏ်ကျေးဇူးကို ပြဆိုထားပါသည်။

စာချ,စာသင် အရှင်မြတ်များသည် သာသနာတော် သုံးရပ်ကို နှစ်ပေါင်း (၂၅၀၀)ကျော် ခရီးသို့တိုင် သယ်ဆောင်နိုင်ခဲ့ကြ၏။ အသက်နှင့်လဲပြီး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြ၏။ စာချ,စာသင်အလုပ်သည် ဒကာ+ဒကာမ ပရိသတ်များနှင့် နီးစပ်မှုမရှိ၊ နီးစပ်အောင်လည်း မကြိုးစားပေ။ မိမိ၏ ကိုယ်ရေးကိုယ်တာ သာရေး နာရေးများစွာတို့ကို ဘေးဖယ်ထားပြီး၊ အနာဂတ်သာသနာ ကြီးပွားတိုးတက်စည်ပင်ပြန့်ပွားရေး ဦးထိပ်ပန်ဆင်လျက် ပစ္စည်းလေးပါး နွမ်းလျစွာဖြင့် ကြိုးစား အားထုတ်ရသော အလုပ်ဖြစ်သည်။ ပရိယတ်ဝန်ဆောင်များသည် ဆင်းရဲ ဒဏ်ကိုမမှုဘဲ ယုံကြည်မှုသဒ္ဓါ ခိုင်မာသော ဖွဲ့ဝိရိယ၊ တိကျပြတ်သားသော ခံယူချက်တို့ဖြင့် ကြိုးစားလာခဲ့ သောကြောင့် ယနေ့ သာသနာတော်ကို မြင်ရ,တွေ့ရ, ကြည်ညိုကြရခြင်း ဖြစ်သည်။

သာသနာတော်၏ မူလပဓာနကျသော ပရိယတ်ဝန်ဆောင်များသည် ပစ္စည်းလေးပါးချို့တဲ့သည်ကား မှန်ပေ၏။ ထိုသည်ပင် အနာဂတ် သာသနာတော်အတွက် အားနည်းချက် ဖြစ်ကြောင်းမှန်၏။ ရှုထောင့်မျိုးစုံမှ အတိဒုက္ခရောက်ကြသော ပရိယတ်ဝန်ဆောင် သံဃာတော်များအား ပစ္စည်းလေးပါးဖြင့် မချီးမြှောက်နိုင်စေကာမူ အလွန်တရာနုနယ်ကြသော ပရိယတ်ဝန်ဆောင်များ၏ နှလုံးသားကို အဖျက်သဘောဆောင်ပြီး ထိခိုက်စေတတ်သော အပြောအဆို အမူအရာအကျင့်စရိုက်များဖြင့် မဖျက်ဆီးကြဖို့ ဆန္ဒပြုပါ၏။

ဥယျာဉ်မှူးရဟန်းတော်သည် သူယုံကြည်ချက် အတိုင်း နွေရာသီဓမ္မာစရိယသင်တန်း (၆) ကြိမ်တိုင်တိုင် အောင်မြင်စွာ ဖွင့်လှစ်သင်ကြားခဲ့ရုံမက ''မိမိသည် ဤဘဝတွင် သံသရာဇာတ် ခန္ဓာပြတ်အောင် အပြင်းအထန်အားမထုတ်, မကြိုးစားနိုင်သေးလျှင်လောကတွင် စရိယဖြစ်သည့် လူသားတို့၏ ကောင်းကျိုးကို သယ်ပိုးအားထုတ်ရပေလိမ့်မည်။ မိမိ၏အကျိုးကို သယ်ပိုး ဆောင်ရွက်ယင်း သူတစ်ပါးအကျိုးကိုလည်း ကောန်မုချပြုလုပ်ပေးရမည်သာဖြစ်သည်။ သို့မှသာလျှင် မိမိတို့ လိုလားအပ်သည့် သာသနာအရှည်တည်တဲ့ပြန့်ပွားရေးလုပ်ငန်းသည် မချမသွေအောင်မြင်ပေလိမ့်မည်''ဟူသော ယုံကြည်ချက်ဖြင့် လူသူမနီး ကွင်းပြင်ကြီးဝယ် ဓမ္မာစရိယတက္ကသိုလ်တည်းဟူသော ဥယျာဉ်တော်ကြီး၌ အနာဂတ် သာသနာတော်အတွက် တန်ဖိုး မဖြတ်နိုင်သော သာသနာ့အာဇာနည်လောင်းလျာ သစ်ပင်ပေါင်းများစွာတို့ကို ပြုစုပျိုးထောင်လျက်ရှိနေပါပြီ။


ဥယျာဉ်မှူးရဟန်းသည် ထိုစဉ်က အချိန်၏ အားနည်းမှုကြောင့် အမြင်လွဲမှားသော ဒကာအား ပြောကြားခွင့်မရခဲ့။ ဥယျာဉ်မှူးရဟန်းသည် နားနေဆောင်မှ မျက်ခုံးပင့်ကာ မော့ကြည့်လိုက်၏။ တိုင်ကပ်နာရီမှ နာရီသံသည် တစ်နေ့တာ၏ နောက်ဆုံးအချိန်ပင် ရောက်ချေပြီ။ ဒကာကိုပင် နှုတ်မဆက်နိုင်ခဲ့။ သင်တန်းပြရာ ခန်းမဆောင်မှ (၄၈၂)ပါးသော ဓမ္မာစရိယလောင်းလျာများက ငြိမ်သက်သော ကျန်ခြေတို့ဖြင့် စောင့်ငံ့နေကြပေရော့မည်ဟု နှလုံးပိုက်ကာ သာယာချမ်းမြေ့သော မျက်နှာထားဖြင့် ဦးလှည့်မသုဉ် အနာဂတ် သာသနာတော် ထာဝရတည်တံ့ရေးခရီးနှင်လေပြီ။

ရှင်ဥပါလိမထေရ်သည် ပထမသင်္ဂါယနာတင်ပွဲ၌ ဝိနည်းတော်ကို ရင်ဖွင့်ဆိုခဲ့၏။ ပရိယတ္တိဝန်ဆောင်ဖြစ်သော ဥယျာဉ်မှူးရဟန်းသည်လည်း ပရိယတ္တိကို ရင်ဖွင့်ဆိုခဲ့၏။ တစ်နည်းအားဖြင့် နွားကျောင်းသားတို့၏ ရင်ဖွင့်သံဖြင့် ဖွင့်ဆိုလိုက်ပါ၏။ ထိုစဉ်က ပရိယတ္တိဘာဝနာကို ထမ်းဆောင်သည့် ဥယျာဉ်မှူးရဟန်းအား အမြင်လွဲမှားဖူးခဲ့သော ဒကာသည် ဤရင်ဖွင့်သံကို ဘဝဂ်ညံ့အောင် နားဆင်နိုင်ပါစေဟု ဖွင့်ဟလိုက်ပါသည်။

■ **ဥယျာဉ်မှူး** (တက္ကသိုလ်)

♦ ♦ ♦

http://www.dhammadownload.com



ကိုယ်ကျိုးမဖက် တန်ဖိုးမြတ်သည့် အရှင်

တစ်ဘဝသာသနာအရှင်သောဘန

မော်လမြိုင်မြို့သည် မွန်ပြည်နယ်၏မြို့တော် ဖြစ်၏။ ရာသီဥတုမျှတ၏။ ပင်လယ်ကမ်းခြေနှင့်နီးကပ်သဖြင့် လေကောင်းလေသန့် ရှုရှိုက်ရ၏။ သစ်ပင် သဘာဝရှုခင်းများဖြင့် ရှုမဆုံးရှုမဝ အလွန်လှပသည့် မြို့တစ်မြို့ဖြစ်ပါသည်။ ထိုမြို့တွင် ပရိယတ္တိစာသင်တိုက်ကြီးများ၊ ကမ္မဋ္ဌာန်းရိပ်သာများ လွန်စွာများပြားလှပါ၏။ ထိုအထဲတွင် ရှေးအခါမှ ယနေ့တိုင်အောင် အစဉ်အလာကောင်းသော သာသနာ့မာန်အောင် ဝဲပျံစာသင်တိုက်ကြီးလည်းပါဝင်သည်။ ထိုစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော်ကြီးမှာ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ (အဂ္ဂါဘိဓဇနှစ်ဘွဲ့ရ) တိပိဋကရွေးချယ်ရေးအဖွဲ့ကြီး၏ သြဝါဒါစရိယ ဥက္ကဋ္ဌ ဘဒ္ဒန္တဝိဇယာ ဘိဝံသမထေမြတ်ကြီးပင် ဖြစ်ပါ၏။

ဝဲပျံဆရာတော်ကြီးသည် သက်တော်(၈၈)နှစ် ရှိပြီဖြစ်သော်လည်း မြန်မာနိုင်ငံစာမေးပွဲ၊ ကမ္ဘာ့စာမေးပွဲ လောကတွင်ခက်ခဲနက်နဲ၍ ရက်အရှည်ဆုံးတိပိဋကက စာမေးပွဲကြီး၏ သြဝါဒစရိယအဖွဲ့ဝင်အဖြစ်(၂)နှစ်၊ ဥက္ကဋ္ဌ အဖြစ် (၁၃)နှစ်တိုင်တိုင် သာသနာ့တာဝန်ကို ထမ်းဆောင်နေဆဲဖြစ်ပါသည်။ ဝဲပျံဆရာတော်တာဝန်ထမ်းဆောင်ခဲ့စဉ် တိပိဋကရေး၊ တိပိဋကကောဝိဒအောင်မြင်သူ(၆)ပါးအထိ မွေးထုတ်မှတ်တမ်းပြုနိုင်ခဲ့ပါသည်။

http://www.dhammadownload.com



ကူညီစောင်မည်ဝါဒပေးလမ်းညွှန်ခဲ့သဖြင့် ဝါကျဉ်ယျာဉ်ကျမ်းများ ကျမ်းရင်းသုံးကျမ်းလုံးချောမွေ့စွာ ပြီးစီးခဲ့ပါ၏။ ဝဲပျံဆရာတော်၏ကျေးဇူးကား ကြီးမားလှပါပေ၏။ ဝဲပျံကျောင်းတိုက်မှာပင် သုံးနှစ်သုံးမိုးစာဝါများပို့ချ၊ ဝါကျဉ်ယျာဉ်ကျမ်းစာများရေးသားကာ မော်လမြိုင်မြို့၏ သာသနာကို အရောင်တင်အောင်မြှင့်တင်ပေးခဲ့၏။

ရွှေရတုအရှင်သည် မော်လမြိုင်မြို့သာသနာ့မာန်အောင်ဝဲပျံကျောင်းတိုက်မှာ စာချကျမ်းပြုနေရင်း တိပိဋကဖြေဖို့စာကျက်ခဲ့ပါသည်။ မော်လမြိုင်မြို့မှာ ထင်ရှားတဲ့ ပရိယတ္တိသဒ္ဓမ္မပါလအသင်းကြီး၏ နိကာယ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ ဥဘတောဝိဘင်းကို ဂုဏ်ထူး ဖြင့်အောင်မြင်ခဲ့ပါသည်။ ဤအကြောင်းကို သိသူနည်းပါးလှပေ၏။ ရွှေရတုအရှင် အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတဘွဲ့ဂုဏ်ပြုပူဇော်ပွဲ၌ဝဲပျံဆရာတော်ကြီး မိန့်ကြားသဖြင့်သာ သိခဲ့ရပါသည်။ ရွှေရတုအရှင်ကား ဤမျှလျှို့ဝှက်လွန်းလှပါသည်။

တဖြည်းဖြည်းတိုးပွားလာသော မော်လမြိုင်မြို့၏အသင်းသားပရိသတ်တို့၏ အကျိုးငှာ လည်းကောင်း၊ ဝါကျဉ်ယျာဉ်ကျမ်းများ မြန်မြန်ဆန်ဆန်ချောမွေစွာ ပြီးစီးနိုင်ခြင်းအကျိုးငှာလည်းကောင်း၊ တိပိဋကာ စာမေးပွဲဖြေဆိုမည့် စိတ်ကူးအစီစဉ်ကို စွန့်လွှတ်ခဲ့ရပါသည်။ စာရေးသူတို့၏ ဆရာသခင် ဝါကျဉ်ယျာဉ် ကျမ်းပြုရွှေရတုအရှင်သည် ကိုယ်ကျိုးစွန့်၍အနစ်နာခံရာ၌ ရှာမှရှားသည့် ဆရာတစ်ပါးပင် ဖြစ်ပါ၏။ ဖိုးဖြတ်မရအောင် မြင့်မြတ်လှသည့် ဆရာမြတ်၏ဂုဏ်ကို ကုန်စင်အောင်ပုံဖော်နိုင်စွမ်းမရှိငြားသော်လည်း သာသနာတော်အတွက် ကျေးဇူးများမည့် ဝါကျဉ်ယျာဉ်ကျမ်းများ မော်လမြိုင်မှာလာရောက် ပြုစုခဲ့သည့် သမိုင်းကြောင်းကို ဂုဏ်ဒြဇ်တစ်ခုအဖြစ် စာရေးသူသိသမျှ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

"စာပေကျော်သည့် အလိုတော်ပြည့် မိုးထိ ဘဝဂ် နံ့စေသော်"

■ တစ်ဘဝသာသနာ အရှင်သောဘန

♦ ♦ ♦

ယနေ့ခေတ် ဓမ္မာစရိယစာချတန်းစာသင်သားသောတုဇနတို့၏လောကဋ္ဌ မရှိမဖြစ်လိုအပ်နေသည့် ဝါကျဉ်ယျာဉ်ကျမ်းစာများကို စိတ်ရောကိုယ်ပါနှစ်မြှုပ်၍ ရေးသားခဲ့သော အရှင်မြတ်တစ်ပါးသည် ဝဲပျံဆရာတော်၏မေတ္တာရိပ်သို့ ခိုလှုံဖို့ရောက်ရှိလာခဲ့၏။ ထိုအရှင်ကား အခြားမဟုတ် ရွှေရတုအရှင်ဘဒ္ဒန္တသုစိတ္တာဘိဝံသ မထေရ်မြတ်ပင် ဖြစ်ပေ၏။ ရွှေရတုအရှင်သည် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မသီတဂူကျောင်း၌ နာယကအဖြစ်တာဝန်ယူ၍စာချ၊ စာသင်အလုပ်နှင့် စာသင်သားအုပ်ချုပ်ရေးတာဝန်များပါ လုပ်ကိုင်ခဲ့ရ၏။ ကျောင်းတွင်းကျောင်းပြင် တပည့်ပေါင်း(၁၀၀)ခန့်ကို နေ့စဉ်စာပေပို့ချနေရ၏။ စာသင်သားအများစု မှတ်စုထုတ်လိုက် ကျက်လိုက်ဖြင့် အလုပ်ရှုပ်အချိန်များစွာကုန်နေကြသည်ကိုမြင်တွေ့နေရသဖြင့် ရွှေရတုအရှင်ရင်ထဲ၌ဆုံးဖြတ်ချက်အဓိဋ္ဌာန်တစ်ခု ချလိုက်မိပါ၏။

ထိုဆုံးဖြတ်ချက်ကားအခြားမဟုတ် မိမိ သကျသီဟစာချတန်းမပြီးခင်ကရော စာချတန်းပြီးသည့် အချိန်တိုင်အောင် မစိုးရိမ်တိုက်သစ် ဓမ္မဒါယာဒ ဆရာတော်ဘုရားကြီး၏ခြေတော်ရင်း၌ ဖြေဆိုခဲ့ရသော ဓမ္မာစရိယစာချတန်းဆိုင်ရာ ကျမ်းရင်းသုံးကျမ်းပုစ္ဆာများ၊ အသင်းစာမေးပွဲပုစ္ဆာများ၊ တိုက်အသီးသီးမှထုတ်သော မေးခွန်းများကို ဝါကျဉ်ယျာဉ်အဖြစ် ကျမ်းတစ်စောင်ပြု စုဖွဲ့ပင်ဖြစ်၏။ နာယကစာချကိစ္စ၊ တိပိဋကပါဠိအဘိဓာန်ကျမ်းပြုကိစ္စ၊ တိုက်တာသံဃကိစ္စ၊ သာရေးနာရေးကိစ္စတို့ကြောင့် အချိန်အတော်ကြာမှ ပါရာဇိကဏ်ဝါကျဉ်ယျာဉ်ကျမ်းပထမတွဲနှင့် ဒုတိယတွဲလက်နှိပ်စက်မူဖြင့် အုပ်ရေအနည်းငယ် ဖြစ်ပေါ်လာခဲ့၏။ စာသင်သားတို့လက်အချို့သာ အပ်နိုင်ခဲ့၏။ ပြည့်စုံအောင်မအပ်နိုင်ခဲ့ပေ။

စာသင်သားတို့၏လိုအပ်ချက်များကို ဖြည့်စွက်ပေးချင်သည့် ရွှေရတုအရှင်၏ မွန်မြတ်သန့်စင်သောစိတ်စေတနာတို့ အကျိုးပေးချိန်အခွင့်ကြုံခဲ့ပါ၏။ မော်လမြိုင်မြို့သို့ ရွှေရတုအရှင်ရောက်လာခဲ့ပါ၏။ ထိုအချိန်တွင် မိမိကိုအနီးကပ်ဩဝါဒပေးနိုင်ပြီး ဝါကျဉ်ယျာဉ်ကျမ်းများ ပြုစုရာ၌ လမ်းညွှန်မှုပေးနိုင်မည့် ဝဲပျံဆရာတော်၏ သာသနာ့မာန်အောင်ဝဲပျံကျောင်းကို ရွေးချယ်ခဲ့ပါ၏။ ဆရာတော်ကြီးကိုရှိခိုးဦးချဝတ်ပြုပြီး မိမိလာရင်းကိစ္စကို လျောက်ထားရာ ဆရာတော်ကြီးသည်လိုလားနှစ်သက်အားရကျေနပ်ရုံမကပဲ လိုလိုလားလား ထက်ထက်သန်သန်ကူညီမည်ဟုမိန့်ပါ၏။ မိန့်သည့်အတိုင်း

http://www.dhammadownload.com



ကံကောင်းလို့သူတိုင်း စေတနာကောင်းထားကြစို့

ထပ်ဆင့်အကယ်ဒမီ ထက်ထက်မိုးဦး

အမှတ်မထင် တစ်ဘက်မှ တယ်လီဖုန်းခေါ်သံ ကြောင့် ကောက်ကိုင်လိုက်တော့ ''ကျောင်းအမရှိလား'' ဆိုတဲ့ မေးခွန်းတစ်ခုက နွေးထွေးစွာနဲ့ ဆီးကြိုနေပါတယ်၊ ဘယ်သူဘယ်ဝါဆိုတာ ထက်ထက်အတွက် တွေ့ဝေစဉ်းစား နေစရာမလိုတော့ဘဲ သိလိုက်ပါပြီ၊ ထက်ထက်ဆီ ဖုံးဆက်တိုင်း ကျောင်းအမဆိုတဲ့အမည်ကို ခေါ်လေ့ရှိတာ တခြားဟုတ်နိုင်ရိုးလားရှင်၊ အလိုတော်ပြည့် ဓမ္မာစရိယ တက္ကသိုလ်ကြီးရဲ့ နာယကချုပ်ဆရာတော်လေးပဲရှိတာ မဟုတ်လား။

''အမိန့်ရှိတော်မူပါ ဆရာတော်ဘုရား'' ပြန် လျှောက်တော့ ''ကျောင်းအမရေ ငါ့ရဲ့ နှစ်ငါးဆယ်ပြည့် ရွှေရတုမင်္ဂဇင်းစာစောင်ထုတ်ဖို့ စီစဉ်နေတယ်၊ အခု မန္တလေးက ငါရဲ့တပည့်ဟောင်း ရွှေဘိုမင်းသုခနဲ့ မောင်တင်ဝေ(ရေစကြို)တို့တောင် စာတည်းဖို့ရောက်နေပြီ၊ အဲဒါ ကျောင်းအမလည်း ဝါသနာပါရင် ရင်ထဲက ဆန္ဒအတိုင်း ထုတ်ဖော်လို့ရအောင် အသိပေးတာပါ''။

http://www.dhammadownload.com

ဘုရား, ဘုရား, ဘုရား။ ထက်ထက်ရဲ့ရင်ထဲမှာ ဆရာတော်လေးရဲ့ စကားဆုံးတာနဲ့ ဘုရားတပြီး ဝင်ရောက်ကိန်းဝပ်နေရာယူခဲ့တဲ့ အတွေးအမျှင်များကတော့ ဝမ်းသာခြင်း စိတ်မကောင်းဖြစ်ရခြင်း သံဝေဂရယူခြင်းစတဲ့ ပဟေဠိဆန်ဆန်တွေ ပေါ့လေ။

ထက်ထက်ကို ဓမ္မာစရိယတက္ကသိုလ်နာယကချုပ် ဆရာတော်ကိုယ်တိုင် အသိပေးဆက်သွယ်လို့ ဝမ်းသာမှု ဖြစ်လိုက်ရတာ ပြောမပြနိုင်အောင်ပါပဲ၊ တစ်ခုရှိတာက ထက်ထက်က ရုပ်ရှင်သရုပ်ဆောင်လေ၊ ကိုယုမောင်တို့လို စာလည်းရေး ရုပ်ရှင်လည်းသရုပ်ဆောင်တတ်တဲ့ စွယ်စုံမင်းသမီးမှမဟုတ်တာ၊ ဘယ်ကစလို့ ဘယ်လို အဆုံးသတ်ရပါ့မလဲ၊ ပြီးတော့ ဘာသာရေး၊ သာသနာရေးနဲ့ စပ်လျဉ်းတဲ့ စာပေရေးရမှာဆိုတော့ မြင်းအလုပ် ခွေးကဝင်လုပ်မိလို့ ဝါးရင်းတုတ်နဲ့ အတွယ်ခံရသလို ဖြစ်နေမလား၊ အဲဒီလို အတွေးများစွာနဲ့ စဉ်းစားမိတိုင်း ကိုယ့်အားနည်းချက်ကို သိပြီး စိတ်မကောင်းဖြစ်ရတယ်ပေါ့ရှင်။

နောက်တစ်ခုက ဩော်. . . ဘာလိုလိုနဲ့ ထက်ထက်တို့ ကိုးကွယ်ဆည်းကပ်တဲ့ ဆရာတော်လေးတောင် သက်တော်ငါးဆယ်ပြည့်ပါပကောလားလို့တွေးပြီး ဇရာတရားရဲ့နှိပ်စက်မှု မရဏတရားက ကြိုလင့်စောင့်မျှော် နေမှုစတဲ့ တရားသဘောတွေက ထက်ထက်ရင်မှာဝင် ရောက်လာတော့ သံဝေဂတော့ ရမိပါတယ်ရှင်။

ဘယ်ကစလို့ ဘယ်လိုအဆုံးသတ်ရမယ်ဆိုတာ ထက်ထက်လည်း မတွေးတတ်တော့ဘူး၊ ကားရိုက်စရာထပ်နေတဲ့ကြားကနေ စဉ်းစားရတာလည်း အမောပါပဲ၊ ရေးလည်း ရေးလေ့ရေးထမရှိတော့ ကိုယ့်လက်ကို မယုံစားရဲတာတော့အမှန်ပါပဲရှင်။

တစ်ခုတော့ရှိပါတယ်လေ၊ ထက်ထက်ချစ်တဲ့ ပရိသတ်က ထက်ထက်ကို ခွင့်လွှတ်နားလည်ပေးကြမှာဆိုတာကတော့ မြေကြီးလက်ခတ်မလွဲပါဘူး၊ ဒါကတော့ ထက်ထက်ရဲ့ ရဲဝံ့စွာဆုံးဖြတ်ချက်စကားတစ်ခုပဲ၊ ထက်ထက် ရေးကို ရေးဖြစ်အောင်ရေးမယ်လို့ ဆုံးဖြတ်လိုက်ပါပြီရှင်။

ဆရာတော်လေးနဲ့ စတင်ရင်းနှီးခဲ့ပုံလေးကို မပြောလို့ မဖြစ်သေးဘူးလေ၊ တစ်ခုသော နွေရာသီက ထင်တယ်၊ မှတ်မှတ်ရရ ပြောရလျှင် ၂၀၀၁–ခုနှစ်ကပေါ့၊ တာမွေ အလိုတော်ပြည့် ဆရာတော်ဘုရားကြီးရဲ့ သားတပည့်များဖြစ်ကြတဲ့ ထက်ထက်ရဲ့ အရင်းအနှီးဆုံးမိတ်ဆွေ ကိုတင်မောင်အေး+မအေးအေးမြင့် ဇနီးမောင်နှံရဲ့ ဖိတ်ကြားချက်အရ ဓမ္မာစရိယသင်တန်းတည်ရှိရာ တာမွေ အလိုတော်ပြည့်ကျောင်းတိုက်ကို ရောက်ခဲ့ပါတယ်၊ သင်တန်းကို ရောက်တယ်ဆိုရင်ပဲ အလိုတော်ပြည့် ဆရာတော်ဘုရားကြီးကို ဂါရဝပြုပြီး သင်တန်းနည်းပြ ဆရာတော်လေးနဲ့ မိတ်ဆက်ပေးပြန်တယ်၊ အစပထမတော့ ဆရာတော်လေးကို မန္တလေးက အညာသားမှတ်နေတာ၊ နောက်တော့မှ ရခိုင်အမျိုးသားမှန်းသိရတော့တယ်၊ ထက်ထက်နှင့်တွေ့တော့ ဆရာတော်လေးက–

''နာမည်ကြီး ဒကာမဆိုတော့ အထူးပြောပြစရာမလိုပါဘူး၊ ကြားဖူးသိဖူးပါတယ်၊ အခုလိုတွေ့ရတော့လည်း လူကိုယ်တိုင်မြင်ရတာပေါ့''တဲ့။ ဒီတော့ ထက်ထက်လည်း ဘာဆက်လျှောက်လို့ လျှောက်ရမှန်းကို မသိတော့ပါဘူး၊ အဲဒီနောက်ပိုင်း မကြာခဏဆိုသလို အလိုတော်ပြည့်ကို ရောက်ဖြစ်ပါတယ်။

ရင်းနှီးမှုကို အခြေခံတည်ဆောက်ပြီးပြီဆိုတော့ ထက်ထက်က လျှောက်ထားတယ်လေ။ ''တပည့်တော်မကို အမြင်မတော် အကြားမတော်တာကအစ ဆုံးမသွန်သင်တော်မူပါ''လို့။

ရှေးရှုမေတ္တာ
ကရုဏာနှင့်
နာနာကြင်ကြင်
အပြစ်မြင်တိုင်း
ဝမ်းတွင်မသို
ဟုတ်တိုင်းဆို၍
ကျိုးလိုစိတ်က
ဆုံးမတတ်သူ
ဆရာဟူလော–တဲ့။

ဒီကဗျာလေးကို ဘယ်သူဘယ်ဝါရေးတယ်ဆိုတာ ထက်ထက်အတိအကျမပြောနိုင်ပေမယ့် ကြားဖန်နာဖန်များလို့ နားယဉ်ပါးနေပါပြီ၊ ဆရာတော်လေးက ထက်ထက်ကို တစ်ခါတွေ့ရင် ဆုံးမသြဝါဒစကားလေးတွေကို အနည်းဆုံးတစ်ခုလောက်တော့ ပြောဆိုဆုံးမလေ့ရှိပါတယ်။

ရှေးရှေးကပါရမီပဋ္ဌာန်းဆက်က အခြေခံခဲ့လို့


http://www.dhammadownload.com

ထင်ပါရဲ့ရှင်။ အခု မျက်မှောက်ဘဝမှာလည်း တွေ့ကြုံဖူးမျှော်ခွင့်ရ၊ ဟောပြလမ်းညွှန်တဲ့တရားစကားတွေကိုလည်း နာကြားခွင့်ရတော့ ထက်ထက်လည်း ဘာသာရေးနယ်ပယ်ထဲကို ထိုက်ထိုက်တန်တန် ခိုလှုံခွင့်ရခဲ့ပါတယ်၊ အသိတရားတွေ နောက်တောင်ကျခဲ့ပါသေးတယ်ရှင်။

တစ်နေ့တော့ ထက်ထက်ရဲ့ မိတ်ဆွေကိုတင်မောင်အေး+မအေးအေးမြင့်တို့ကပဲပြောပြပါတယ်။ ''အခု ဓမ္မာစရိယသင်တန်းပြနေတဲ့ ဆရာတော်လေးက မန္တလေး မစိုးရိမ်တိုက်သစ်ကနေ ရန်ကုန်မှာ ဓမ္မာစရိယ

၁။ သက်ရှည်လိုလျှင် ဆွမ်းတော်တင်၊
၂။ ဆင်ပြေလှရေး ဆွမ်းလှူပေး၊
၃။ ချမ်းသာမှုကား ဆွမ်းကြွေးပွား၊
၄။ ခွန်အားကြီးမှု ဆွမ်းကပြု၊
၅။ ပညာထွန်းရန် ဆွမ်းဝတ်မှုန့်၊

ကျမ်းဂန်အဂ်ုတ် မိန့်ချေကြုတ်–လို့ ကဗျာလေးနဲ့ ဆုံးမသြဝါဒပေးလိုက်ပါတယ်။ မန္တလေး၊ မစိုးရိမ်ကျောင်းတိုက် ဆရာတော်ဘုရားကြီးရဲ့ အတ္ထုပ္ပတ္တိဘဝ ဖြစ်စဉ်စာအုပ်တစ်အုပ်ကိုလဲ စွန့်လိုက်ပါတယ်။



ဘဒ္ဒန္တ သုစိတ္တာဘိဝံသ အား ဖခင် ၊အစ်ကို ဖြစ်သူတို့နှင့် ဆွမ်းဆက်ကပ်စဉ်

တက္ကသိုလ် တည်ထောင်ပြီးတော့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့သင် တန်းတက်ရောက်နိုင်အောင် စီစဉ်နေတယ်''တဲ့၊ အဲဒီနေရာကို လိုက်ကြည့်ပါလားဆိုလို့ ဒဂုံမြို့သစ်၊ ဆိပ်ကမ်းမြို့နယ်ထဲကို ရောက်ခဲ့ပါတယ်။ ကွင်းပြင်လည် လွင်တီးခေါင်မှာ လုပ်ငန်းခွင်တောင် စ,နေပါပြီ။ ပင်မ စာသင်ဆောင်ကြီးတောင် (၇၅) ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ အဲဒီအချိန်မှာ ထက်ထက်လည်း အဆင်မပြေသည့် ကြားကနေ သဒ္ဓါတရားဖြစ်လာတာနဲ့ ပင်မကျောင်းကြီး ရဲ့အပေါ်ဆုံးထပ်မှာ ဘုရားခန်းတစ်ခန်း လျှောခွင့်ရခဲ့ပါတယ်။ ဒီတစ်ခါမှာတော့ ဆရာတော်လေးက

ထက်ထက်အိမ်ရောက်တယ်ဆိုရင်ပဲ စာအုပ်ကို ဖတ်ဖြစ်ပါတယ်။ ထက်ထက်ငယ်စဉ်က လူထုအမေ ဒေါ်အမာ–ရေးတဲ့ တို့မန္တလေးစာအုပ်ကို ဖတ်ဖူးထားတော့ မစိုးရိမ်ဆရာတော်ဘုရားကြီးရဲ့ ဘဝအတ္ထုပ္ပတ္တိစာအုပ်က ပိုပြီး ဆွဲဆောင်အား မြင့်လာပါတယ်။ မန္တလေး၊ မစိုးရိမ် ကျောင်းတိုက်ကြီးရဲ့ ကျောင်းဒကာ + ကျောင်းဒကာမ တို့ရဲ့ ရည်ရွယ်ချက်ကောင်းပုံ, ကြိုးစားကြပုံ, ရိုးသားကြပုံ, သာသနာတော်အတွက် သဒ္ဓါတရား ဖြစ်ကြပုံ စုံစုံလင်လင် သိခွင့်ရခဲ့ပါတယ်။ အဲဒီ ဘဝအတ္ထုပ္ပတ္တိစာအုပ်ဟာ ထက်ထက်ကို ''ကျောင်းအမ'' ဆိုတဲ့ နာမည်တစ်လုံး

http://www.dhammadownload.com

ဖြစ်အောင် မီးမောင်းထိုးပြပေးတဲ့ ကျေးဇူးရှင်တွေပါပဲ။ (အကြောင်းအရင်းကို ပြန်ရှာရင်တော့ ကလျာဏ မိတ်ကောင်းဆွေကောင်း ကိုတင်မောင်အေး+မအေးအေးမြင့် တို့ပေါ့လေ) အဲဒီအကြောင်းအရာလေးတွေကို ထက်ထက် တင်ပြပါရစေရှင်။

မန္တလေးမြို့၊ မစိုးရိမ်ကျောင်းဒကာကြီးလို့ ဖြစ်လာမည့်သူက ဦးသက်ရှည်တဲ့။ တလေးတစား ဘဘ

"အရှင်ဘုရား တပည့်တော်တို့သားအဖ ကြိုးစားရှာဖွေလို့ရသမျှ စီးပွားထဲမှ ဝမ်းစာဖူလုံလို့ ပိုလျှံလာတဲ့ စီးပွားကို သာသနာအတွက် ထောက်ပံ့ လှူဒါန်းသွားပါမည် ဘုရား"

ဦးသက်ရှည်လို့ ခေါ်ပါ့မယ်။ ဘဘဦးသက်ရှည်က မန္တလေးမြို့အနီး မြစ်ငယ်မြို့၊ ဥယျာဉ်တော်ရွာ ဇာတိပေါ့။ ဘဘဦးသက်ရှည်ရဲ့သား ကျောင်းဒကာလောင်းရဲ့ နာမည်ကတော့ မောင်ကျော်–တဲ့၊ ကျေးလက်တောရွာလေးကနေ ဒေသထွက်ကုန်ပစ္စည်းတွေကို သားအဖ နှစ်ယောက် ပခုံးထမ်းပြီး မန္တလေးပွဲရုံတွေဆီ သွားရောက် ရောင်းချစားသောက်ကြသတဲ့။ ဘဘဦးသက်ရှည်တို့ သားအဖဟာ အရမ်းကို ဆင်းရဲနွမ်းပါးကြရှာတယ်။ သားအဖနှစ်ယောက် ရွာကနေ ကုန်ချိန် တစ်ဆယ်လောက်ကို ပခုံးထမ်းပြီး မန္တလေးမြို့ဆီ လာရောက် ရောင်းချတာတောင်မှ အဲဒီခေတ်ကာလက အမြတ်အစွန်းက ငါးပြား ခြောက်ပြားဆိုတော့ အမြတ်အစွန်း လို့တောင် မခေါ်ထိုက်သေးပါဘူး။ တကယ်တော့ ထမ်းပိုးခ, လုပ်အားခနဲ့နှိုင်းစာရင် မကာမိသေးဘူးလေ။ ဘယ်လောက် အတိုင်းအတာထိ ဆင်းရဲနွမ်းပါးသလဲဆိုရင် စလောင်းဖုံး လောက်ရှိတဲ့ မုန့်ပျားသလက်တစ်ခုကို သားအဖနှစ် ယောက် တစ်ခြမ်းစီစားပြီး စီးပွားရှာကြတာ၊ တစ်ယောက် တစ်ခုတောင် ဝယ်မစားနိုင်ကြဘူး၊ ဆင်းရဲတွင်းနက်တာတော့ ပြောစရာမရှိအောင်ပါပဲ။

နေ့စဉ်နဲ့အမျှ ပွဲရုံမှာ သွားလာရောင်းချဖန်များလာတော့ ပွဲရုံက အလုပ်သမားတွေနဲ့ ရင်းနှီးကျွမ်းဝင်မှုလည်းရခဲ့တယ်ပေါ့လေ၊ ဘဘဦးသက်ရှည်တို့ သားအဖဟာ ပွဲရုံရဲ့လုပ်ကိုင်ပုံ၊ အလုပ်သမားတွေရဲ့ တစ်နေ့တာဝင်ငွေကိုလေ့လာကြတယ်၊ "ဩော် ----တကယ်တမ်းကြတော့ ငါတို့ပင်ပန်းသလောက် သူတို့မပင်ပန်းကြပါလား၊ လုပ်အားခငွေကြေးကျတော့ သူတို့က ငါတို့ထက် ပိုရကြတာပါလား" လို့ စဉ်းစားမိကြတယ်၊ ဒီတော့ ဘဘဦးသက်ရှည်တို့ သားအဖလည်း ပွဲရုံမှာ ဝင်ရောက် အလုပ်လုပ်ချင်တဲ့ ဆန္ဒတွေဖြစ်လာတာပေါ့၊ တစ်နေ့မှာတော့ ပွဲရုံအလုပ်သမားအကြီးအကဲထံ ချဉ်းကပ်ပြီး ပွဲရုံမှာသူတို့ သားအဖလည်းဝင်ရောက်ပြီး အလုပ်လုပ်လိုကြောင်း ပြောပြကြတယ်၊ အလုပ်သမားခေါင်းဆောင်ဆိုသူက ဘဘဦးသက်ရှည်တို့သားအဖရဲ့ ရိုးသားမှုကို သိရတော့ ပွဲရုံပိုင်ရှင်ထံတင်ပြပြီး အလုပ်သွင်းပေးလိုက်ပါသတဲ့။

ဘဘဦးသက်ရှည်တို့ သားအဖဟာ သူတို့လုပ်ရမယ့်တာဝန်ကိုလည်း ကျေပွန်အောင်လုပ်ကြတဲ့အပြင် ပွဲရုံမှ ဗာဟိယကိစ္စတွေကိုလည်း ဝင်ရောက် ကူညီလုပ်ကိုင်ပေးကြတယ်၊ ကိုယ့်တာဝန် မဟုတ်ပေမယ့်လည်း သောက်ရေ သုံးရေကအစ လိုလေသေး မရှိအောင် တာဝန်ကျေသည်ထက် ကျေအောင် လုပ်ကြရလို့ အခြားအလုပ်သမားတွေထက် လုပ်အားခ ငွေပို ငွေလျှံ ပိုပြီးမရကြရှာဘူး၊ ပိုပြီးလည်း ပွဲရုံပိုင်ရှင်ထံ မတောင်းတတ်ကြပါဘူး၊ အလုပ်ကို ရိုသေလေးစား တန်ဘိုးထားတယ်၊ ပင်ကိုစိတ်ထားကလည်း မြင့်မြတ်ကြလေတော့ အားလုံးက ဘဘဦးသက်ရှည်တို့ သားအဖကို သဘောကျကြတာပေါ့။

ရိုးသား,ကြိုးစား, နှိုးကြားမှုတွေဟာ အောင်မြင်ကြီးပွားချမ်းသာခြင်းရဲ့ အပေါင်းလက္ခဏာတွေမဟုတ်ပါလားရှင်၊ ထက်ထက်တို့ စာဖတ်ပရိသတ်က အ,တယ်၊ နံ့,တယ်၊ ချာ,တယ်လို့များ တွေးမြင်နေကြမလားဘဲ၊ တကယ်တော့ ရိုးသား,ကြိုးစား,နှိုးကြားတဲ့ လူဟာ ကျရှုံးခြင်း, ဆုံးရှုံးခြင်း, မကြီးပွားခြင်းဆိုတဲ့ သဘောတရားများရဲ့ ဆန့်ကျင်ဘက်ကိုသာဆောင်ပြီး အောင်မြင်မှုကို တက်လှမ်းနေတဲ့ လူပဲဖြစ်ပါတယ်၊ ဘဘဦးသက်ရှည်တို့ သားအဖဟာ ထက်ထက် တင်ပြခဲ့တဲ့ ဂုဏ်တွေကြောင့် အတော်အသင့် စီးပွားရေးတွေ စုဆောင်းမိကြပါပြီ။ ဒီနေရာမှာ ဘဘဦးသက်ရှည်တို့ သားအဖအကြောင်း ထက်ထက်ပြောပြချင်တာလေးတွေ ရှိပါသေးတယ်၊ မန္တလေး မဟာမြတ်မုနိဘုရားမှာ မုန့်ပျားသလက်တစ်ခုနဲ့ ဆုပန်ခဲ့ကြပုံလေးပါ၊ မဟာမြတ်မုနိ

http://www.dhammadownload.com

ဘုရားကြီးမှာ ''အရှင်ဘုရား တပည့်တော်တို့သားအဖ ကြိုးစားရှာဖွေလို့ရသမျှ စီးပွားထဲမှ ဝမ်းစာဖူလုံလို့ ပိုလျှံလာတဲ့ စီးပွားကို သာသနာအတွက် ထောက်ပံ့ လှူဒါန်းသွားပါမည် ဘုရား''တဲ့။ အားကျကျေနပ်ဖို့ ကောင်းလိုက်တာ။

ဒီလို နဲ့ ဘဘဦးသက်ရှည်တို့သားအဖရဲ့ ရိုးသား,ကြိုးစားမှုကိုသိတဲ့ ပွဲရုံပိုင်ရှင်က သူတို့ကို ပံ့ပိုးတဲ့ အနေနဲ့ သူတို့စုဆောင်းထားတဲ့ ငွေပို,ငွေစလေးတွေ ပေါင်းပြီး ပွဲရုံထောင်ပေးလိုက်ပါတယ်။

ဘဘဦးသက်ရှည်က သားဖြစ်သူ မောင်ကျော်ကို ''သားမောင်ကျော်– အဖေတို့ အခုလို အဆင်ပြေလာတာ ဘုရားထံဆုပန်ခဲ့လို့ကွ။ ဒီပိုတဲ့ ငွေကို တို့ရွာမှာ ကျောင်းဆောက်လှူကြမယ်၊ အဖေတို့ ဘဝအဆက်ဆက်က ဒါနမျိုးစေ့နည်းခဲ့လို့ ဆင်းရဲတာ၊ အခုဘဝမှာလည်း ချမ်းသာလာတဲ့ ငွေကြေးနဲ့ စည်းစိမ်ခံပျော်ပါး မော်ကြွားမယ်ဆိုရင် နောင်ဘဝ အဆက်ဆက်မှာ ဆင်းရဲတွင်း နက်သထက် နက်နေဦးမှာပဲ၊ ဒါကြောင့် အဖေတို့ ဇာတိချက်ကြွေ မွေးရပ်မြေမှာ ပထမဦးဆုံး စဉ်းစားကြရအောင်''တဲ့။

ဒီနေရာမှာလည်း ဘဘ ဦးသက်ရှည်ရဲ့ အကြောင်းကို အားဖြည့်ပြီးပြောပါရစေရှင်၊ ဘဘ ဦးသက်ရှည်ဟာ အဘိဓမ္မာကျမ်းပြုအကျော် မြို့ပြင်ကြီး ဆရာတော်ဘုရားကြီးရဲ့ တပည့်ရင်းဖြစ်ပါတယ်၊ အတွေး အခေါ် ညံ့မည့်သူ တောသားကြီးလို့တော့ မထင်လိုက်ပါနဲ့၊ ပါစင်အောင်လွဲမှားသွားနိုင်ပါတယ်၊ အဲဒီခေတ် အချိန်က မြို့ပြင်ကြီး ဆရာတော်ဘုရားကြီးဟာ အသက် အရွယ်တော်ရလာလို့ ဇာတိချက်မြုပ်ရာ ဥယျာဉ်တော်ရွာ မှာ အေးအေးဆေးဆေး နေထိုင်သီတင်းသုံးနေတဲ့ အချိန် ပေါ့၊ ဆရာရင်းမြို့ပြင်ကြီးဆရာတော်ဘုရားအား ကျောင်း ဆောက်လှူဒါန်းကိုးကွယ်ဖို့ လျှောက်ထားပါသတဲ့။

ဒီတော့ မြို့ပြင်ကြီးဆရာတော်ဘုရားကြီးက ''ဟဲ့ သက်ရှည်– မင်းက သံဃာများများနေနိုင်တဲ့ ကျောင်း ကြီးကြီးဆောက်နိုင်တယ်ပဲထား၊ ငါကလည်း လာလာ သမျှ သံဃာတွေကို စာချပေးနိုင်တယ်ပဲထား၊ စာသင် သံဃာများကလည်း တို့ရွာမှာလာပြီး နေနိုင် ကြတယ်ပဲထား၊ တို့ရွာက ရွာစဉ်ရွာငယ်ဖြစ်နေတော့ စာသင်သံဃာတွေ နေ့စဉ်နဲ့အမျှ ဆွမ်းကွမ်းကိစ္စ တာဝန်ယူနိုင်ဖို့ မလွယ်လှဘူး၊ ကျောင်းဆိုတာ စာသင်သားသံဃာများများ စာချဘုန်းကြီးများများနဲ့ စည်စည်ကားကားရှိမှ တင့်တယ်တာ၊ ကျောင်းကြီး ဆောက်ထားပြီး ဘုန်းကြီးက တစ်ပါး နှစ်ပါးသာရှိရင် သိပ်မကောင်းဘူး၊ အဲဒီတော့ မန္တလေးမြို့ ဘုရားကြီးတိုက်မှာဆိုရင် စာသင်သံဃာများပြီး နေထိုင်စရာကျောင်းက မလုံမလောက် ဖြစ်နေတယ်လို့ ကြားတယ်၊ ဘုရားကြီးတိုက်မှာက စာချဘုန်းကြီး ကလည်း အရန်သင့် နေထိုင်မယ့် စာသင်သား ကလည်း အရန်သင့်၊ ဆွမ်းလောင်းမယ့် မြို့သူမြို့သား ကလည်း အရန်သင့်၊ အဲသလိုနေရာမျိုးမှာ ကျောင်း ဆောက်မှ သာသနာဟာ အကျိုးများတယ်၊ ကျောင်း ဆောက်တယ်ဆိုရင် ဘယ်မှာဆောက်ဆောက် ငွေကြေးကတော့ ကုန်တော့တာပဲ၊ ငွေကုန်တာချင်း အတူတူ ပိုပြီးအကျိုးများတဲ့ နေရာကို ရွေးရမယ်''တဲ့၊ ထက်ထက်တို့အတွက် စဉ်းစားစရာတစ်ခု ထပ်မံတိုးပွား လာရပါပြီ။

ဒီအချက်က ဆရာဒကာ အပြန်အလှန် နားလည်ဖို့ အတုယူကြဖို့ ဖြစ်ပါလိမ့်မယ်၊ ဘဘ ဦးသက်ရှည်ဟာ မြို့ပြင်ကြီးဆရာတော်ဘုရားကြီးရဲ့ ရှင်းပြမှုကို သဘောပေါက်လက်ခံပြီး ဆရာတော် ဘုရားကြီး ညွှန်ပြသည့်အတိုင်း မန္တလေးမြို့ ဘုရားကြီး တိုက်မှာ သစ်သားကျောင်းတစ်ကျောင်း ဆောက်လုပ် လှူဒါန်းခွင့်ရခဲ့ပါတယ်၊ ဇာတိချက်ကြွေ ဥယျာဉ်တော်ရွာ မှာတော့ ဆရာတော်ဘုရားကြီး သီတင်းသုံးရန် ကျောင်း ခပ်ငယ်ငယ်လေး တစ်ကျောင်းကိုသာ ဆောက်လုပ် လှူဒါန်းခဲ့တယ်။

ဘဘဦးသက်ရှည်တို့သားအဖဟာ ဘုရားကြီး တိုက်အတွင်းမှာ အလယ်တိုက်ကြီး လှူဒါန်းပြီးတာနဲ့ စီးပွားရေးဟာလည်း အံ့သြလောက်အောင်ကို တိုးတက် လာခဲ့ပါတယ်၊ သားဖြစ်သူမောင်ကျော်ကလည်း ဆား လုပ်ငန်းမှာ ကျွမ်းကျင်သထက် ကျွမ်းကျင်လာပြီး အောင်မြင်ဖြစ်ထွန်းသထက် ဖြစ်ထွန်းလာပါတယ်၊ ဒါကြောင့် မောင်ကျော်ကို ဆားလုပ်ငန်းမှာ အောင်မြင် ဖြစ်ထွန်းခဲ့လို့ အများက ''ဆားကျော်''လို့ တင်စားကြ ပါသတဲ့။

ဘဘဦးသက်ရှည်တို့သားအဖဟာ တစ်ဆင့် တက်ပြီး သာသနာမှာနေရာယူဖို့ စဉ်းစားကြပြန်ပါသတဲ့၊ ဘုရားကြီး တိုက်ထဲမှာ အလယ်တိုက်ကြီး ဆောက်လှူ ရုံ အားမရနိုင်ဘဲ သူတို့ကိုယ်တိုင် စာသင်တိုက်တည် ထောင်ပြီး ပရိယတ္တိသာသနာကို အားပေးလိုစိတ် တဖွား

http://www.dhammadownload.com

ဖွားပေါ်ပေါက်လာကြပါသတဲ့၊ အဲဒါကြောင့် ရတနာပုံမြို့တော်ဝန် ဦးပေစိ မစိုးရိမ်ဥယျာဉ်ကို ဝယ်ယူပြီး ကျောင်းတိုက်တစ်တိုက် တည်ထောင်ကြတယ်၊ ကျောင်းတိုက်ရဲ့ အမည်ကိုလည်း အခြားနာမည်မပေးတော့ဘဲ၊ မစိုးရိမ်တိုက်လို့ဘဲ နာမည်ပေးလိုက်တယ်။

ပထဦးဆုံး မစိုးရိမ် အလယ်ဗဟိုတည့်တည့် နေရာမှာ ''သာသနနယူပဒေသ''လို့ခေါ်တဲ့ အလယ်တိုက်ကြီးကို နှစ်ထပ်တည်ဆောက်တယ်၊ သုံးနှစ်ခန့်ကြာတော့ ကျောင်းကြီးပြီးစီးသွားပါတယ်၊ ကျောင်းပြီးတော့ ဘဘဦးသက်ရှည်တို့ သားအဖ ကျောင်းထိုင်ဆရာတော်ရှာကြတာပေါ့လေ၊ မြို့ပြင်ကြီးဆရာတော်၊ အဆက်အနွယ်ဖြစ်တဲ့ ရန်ကုန်မြို့မှ ဘင်္ဂလားဆရာတော်ကြီးကို ပင့်ကြတယ်၊ ဘင်္ဂလားဆရာတော်ဘုရားကြီးက တောင်ငူမြို့မှာ စာချနေတဲ့ တပည့်ကြီး ဦးသောမာဘိသီရိကိုပါ မန္တလေး မစိုးရိမ်ကျောင်းတိုက်မှာ ကူညီစာချဖို့ ခေါ်လာတယ်၊ ဘဘဦးသက်ရှည်က အလယ်တိုက်ကြီးကို ဦးဆောင်ပြီး ဆောက်တယ်၊ သား‌မောင်ကျော်က ''ပါဠိနယူပဒေသ'' ကျောင်းကို ဦးဆောင်ပြီး ကြီးကြပ်ဆောက်တယ်၊ ပါဠိကျောင်းဆောင်ကြီးလည်းပြီးရော ဘင်္ဂလားဆရာတော်ကြီးရဲ့ အမိန့်အရ စစ်ကိုင်းတောင်ဘိုးမှာ စာချနေတဲ့ ဦးသူရိယကို ပင့်ကြသတဲ့။

ကျောင်းတိုက်ကြီး တည်ထောင်ပြီးတော့လည်း နေထိုင်မယ့် ဘုန်းကြီးရှာဖွေရတာကိုက မလွယ်ပါလားလို့ ထက်ထက်ဒီနေရာမှာ အဲတွေးဝင်လာတော့တယ်၊ ဘုန်းကြီးရရုံနဲ့မပြီးသေးဘူးလေ။ ဂုဏ်နဲ့ဩဇာပြည့်ကလိုက်လျောညီထွေရှိဦးမှကိုး၊ နို့မဟုတ်ရင် ညောင်ခေါင်းမှာ ပုတ်သင်ညှိအောင်းသလို ဖြစ်နေတော့မှာပေါ့။

အဲ ဆက်ပြီးပြောရရင် ဦးသူရိယ–ဟာ သူ့ကို မစိုးရိမ် စာချမခန့်အပ်ဘဲ ပထမကျော်ဘွဲ့ရ ဦးပညိန္ဒကို စာချအဖြစ်ထားရန် ဘင်္ဂလားဆရာတော်ကြီးကို ပြန်လျှောက်ထားတော့ ဘင်္ဂလားဆရာတော်ကြီးက **''ချီးမြှောက်တယ်ဆိုတာ ကျေးဇူးရှိတဲ့သူကို အရင် ချီးမြှောက်ရတယ်။ မောင်သူရိယက ငါ့အပေါ် တိုက်ရိုက် ကျေးဇူးမရှိပေမဲ့ မောင်သူရိယရဲ့ ဒကာကြီး၊ ဒကာမကြီး တွေက ငါ့အပေါ်မှာ ပြုထားတဲ့ ကျေးဇူးတရားတွေများတယ်။ ငါ ငယ်စဉ်က ပေါက်ဝဲရွာမှာ ဝါဆိုခဲ့တယ်၊ အဲဒီအချိန်က မောင်သူရိယရဲ့ ဒကာကြီး ဒကာမကြီးများနဲ့ ဆွေမျိုးတွေက ဆွမ်း,ကွမ်း ပြုစုကြတယ်။ အဲဒီကျေးဇူးကို ဆပ်တာပဲ''** လို့ မိန့်ကြားသတဲ့၊ ဦးသူရိယဟာ ဘင်္ဂလားဆရာတော်ကြီးရဲ့ စေတနာကို လေးစားတန်ဖိုးထားပြီး ကျောင်းဒကာကြီး ဘဘဦးသက်ရှည်ရဲ့ မစိုးရိမ်တိုက်ကြီးကို လက်ခံရတော့တယ်။


ဒီနေရာမှာ ဆရာတော်ကြီးများဟာ တစ်ပါးနှင့်တစ်ပါး အပြန်အလှန်လေးစားကြတာဟာလည်း ထက်ထက်တို့ ဗုဒ္ဓဘာသာသာသနာမှာ လေးစားစံပြုထိုက်ပါပေတယ်၊ အခုထက်ထက်ပြောတဲ့ ဦးသူရိယဟာ ပထမဦးဆုံး သက္ကသီဟာဘွဲ့ ပထမဦးဆုံး ပထမကျော်ဘွဲ့၊ ပထမဆုံးအဂ္ဂမဟာပဏ္ဍိတဘွဲ့ရဆရာတော်ပါ။ ထက်ထက်တို့နိုင်ငံ ဆဋ္ဌသံဂါယနာတင်တဲ့နေရာမှာ အဓိပတိမဟာနာယက ဥက္ကဋ္ဌ ဦးသူရိယာဘိဝံသဖြစ်လာပါတယ်၊ လူမှန်နေရာမှန် ရောက်ဖို့ဆိုတာ ကိုယ်ပိုင်အရည်အချင်းရယ်၊ ပံ့ပိုးနိုင်မှုရယ်၊ ဘူမိနက်သန် နေရာမှန်ရှိဖို့ရယ် စတဲ့အရာတွေရှိဖို့ မလွဲမသွေ လိုအပ်ပါတယ်။

မန္တလေး မစိုးရိမ်ကျောင်းတိုက် တည်မည့် နေရာနဲ့ပတ်သက်ပြီး ဒီနေရာမှာ ဆက်စပ်လို့ပြောပါရစေ၊ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက အမိန့်ရှိခဲ့ဘူးတယ်။ **''တို့စာသင်တိုက် မြေနေရာရွေးချယ်တာ လွဲသွားပြီ၊ တို့အင်းကန်းတိုက်ရဲ့ အနောက်ဘက်မှာ ညနေဆည်းဆာ အချိန်ကျရင် အနောက်ဘက်မစိုးရိမ်တိုက် တည်တဲ့နေရာက ရွှေစေတီကြီးပေါက်နေတာကို တစ်ကြိမ်မက အကြိမ်များစွာတွေ့နေရတယ်၊ တို့တိုက်ကို အနောက်ဘက်နေရာ နည်းနည်းလေးလောက် တိုးပြီး ကျောင်းတိုက် တည်လိုက်ရင် ဒီထက်သာသနာကြီးပွားဖို့ရှိတယ်''** တဲ့။

ထက်ထက်ပြောချင်တဲ့ အကြောင်းအရာတွေထဲက မစိုးရိမ်ကျောင်းဒါယကာကြီး ဘဘဦးသက်ရှည်နှင့်သားကျောင်းဒါယကာ မောင်ကျော်တို့ ဆင်းရဲသားဘဝ အခြေအနေမှ ကျောင်းဒကာဖြစ်လာကြပုံ၊ ကြုံးစားရိုးသားကြပုံကို မစိုးရိမ်ဆရာတော်ဘုရားကြီးရဲ့ ဘဝအတ္ထုပ္ပတ္တိတွေထဲက တစ်စိတ်တစ်ဒေသကို စာဖတ်သူများသိစေလိုလို့ မျှဝေခံစားတင်ပြလိုက်တာပါ။

ဘဘဦးသက်ရှည်တို့သားအဖဟာ ဆင်းရဲမွဲတေကြပေမယ့် ဦးတည်ချက်နဲ့ ခံယူချက်တွေက ကောင်းကြတော့ စီးပွားရေးလုပ်ငန်းတွေကအစ အောင်မြင်ဖြစ်ထွန်းလာတယ်၊ မစိုးရိမ်ကျောင်းတိုက် အတွင်းက ကျောင်းဆောင်ပေါင်းအားလုံး ကုဋ္ဌိ၊ ရေစင်၊ နာရီစင်ပါမကျန် ကျောင်းတိုက်အဆောင်ပေါင်း (၂၀)ကျော် ရှိပါတယ်၊ အုတ်တိုက်ကျောင်း(၁၆)လုံးရှိရာမှာ နိကာယ

http://www.dhammadownload.com



ရဟန်းဒါယိကာမအဖြစ်ဖြင့် သာသနာ့အမွေကို ခံယူနေစဉ်

ကျောင်းနှင့် ဝိနယကျောင်းကလွဲရင် ဘာဘဲ ဦးသက်ရှည်၊ သား–မောင်ကျော်+မမလေး၊ မြေး–ကိုမောင်မောင်+မကျင်ကျင်တို့ သားသမီးမြေးမြစ်တို့ရဲ့ ကုသိုလ်ချည်းပါ၊ ထက်ထက်တို့ခေတ် ငွေကြေးနှင့် နှိုင်းစာကြည့်ရင် ကြောက်ခမန်းလိလိပါပဲ၊ ကျောင်းဆောင်အားလုံးရဲ့ အတွင်းမျက်နှာကြက်တွေမှာ အခုခေတ်လို ဆေးသုတ်ထားတာမဟုတ်ပါဘူး၊ ရွှေသား အစစ်တွေနဲ့ လှပအောင် ဖန်တီးထားတဲ့ ရွှေကျောင်းကြီးတွေပါ။


စေတနာကောင်းတော့ ကံကောင်းကြပါတယ်၊ ကံကောင်းအောင် စေတနာကောင်းကောင်းထားကြဖို့ ထက်ထက်တို့ အတုယူရပါလိမ့်မယ်၊ ဓမ္မာစရိယတက္ကသိုလ်ရဲ့ နာယကချုပ်ဆရာတော်လေးဟာ မစိုးရိမ်ကျောင်းတိုက်က မွေးဖွားထုဆစ်ပေးလိုက်တဲ့ သားရတနာတစ်ပါးပါ။ ဆရာတော်လေးနှင့်တွေ့ကြုံရလို့ ထက်ထက်စာကောင်းပေကောင်းကို ဖတ်ရတယ်၊ စာကောင်းပေကောင်းထဲမှ မစိုးရိမ်ကျောင်းဒကာကြီး ဘဘဦးသက်ရှည်ကို လေးစားအားကျပြီး ထက်ထက်လည်း ဓမ္မာစရိယတက္ကသိုလ်မှာ ဆွမ်းစားကျောင်း ဆောက်လှူခွင့်ရခဲ့ပါတယ်၊ ထက်ထက် အဲဒီအချိန်က အခက်အခဲများကြားက ရုန်းကန်နေရစဉ်မှာ ကံကောင်းချင်လွန်းလို့ စေတနာကောင်းကောင်း ထားခဲ့ပါတယ်၊ အဲဒီစေတနာက ထက်ထက်ကို ကံကောင်းအောင် ပြုလုပ်ပေးခဲ့ပါတယ်ရှင်၊ ဒါကြောင့် **အားလုံး ကံကောင်းအောင် စေတနာကောင်းထားကြပါစို့**လို့ ပြောလိုက်ပါရစေ။

■ **ထပ်ဆင့်အကယ်ဒမီ ထက်ထက်မိုးဦး**

♦ ♦ ♦



http://www.dhammadownload.com



မြားတစ်စင်း ၄င်္ကသိုးကောင်

ချစ်ဦးညို

အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသုစိတ္တာဘိဝံသ အရှင်မြတ်အား ပူဇော်မှုအထိမ်းအမှတ်အဖြစ် စာမူတစ်ပုဒ်ရေးပေးဖို့ ပန်ကြားသောအဖွဲ့က ကျွန်တော့်ကို အကိုးအကားရအောင်ဟုဆိုကာ ဆရာတော်နှင့်ဆိုင်သည့် အချက်အလက်များကို ပေးသွားကြပါသည်။ ထို သုံးခေါက်ချိုးစာရွက်ပိုင်းလေးမှာ ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကို လိုရင်းတိုရှင်း ဖော်ပြထားသည်။

ဘဒ္ဒန္တသုစိတ္တာဘိဝံသ သက်တော် (၅၀)နှစ်၊ သိက္ခာတော် (၃၀)ဝါဟူသော စာကြောင်းလေးကို မြင်မြင်ချင်း ကျွန်တော့်အာရုံထဲ ချက်ချင်းပေါ်လာသည်မှာ 'သြော် ဆရာတော့်အသက် (၅၀)တွင်း ပညာဒသက အရွယ်၊ ပညာဉာဏ်အားသန်ထက်မြက်သော အရွယ်ပါတကား'ဟူသော အတွေးပင် ဖြစ်ပါသည်။ ဒီပဲရင်း ဆရာတော်ဘုရားကြီး၏ 'ပရမတ္ထစက္ခု' ကျမ်းလာ အရွယ်ပိုင်းခြားပုံအရ. . .

''အရွယ်ဆိုသောစကား၌ (၃၃)နှစ် ပထမအရွယ် ထို့နောက် (၆၆)နှစ်အထိ ၃၃-နှစ် ဒုတိယအရွယ် ထို့နောက် (၉၉)နှစ်အထိ ၃၃-နှစ် တတိယအရွယ်ဟူ၍ အရွယ် သုံးပါးမှတ်''

''တစ်နည်း-အရွယ် ဆယ်ပါး မှတ်''

၁။ မန္ဒဒသက - ဆယ်နှစ်တွင်း၊ အသိအလိမ္မာ နည်းသောအရွယ်

၂။ ခိဍ္ဍာဒသက - နှစ်ဆယ်တွင်း၊ အပျော်အမြူး များသောအရွယ်

၃။ ဝဏ္ဏဒသက - သုံးဆယ်တွင်း၊ အဆင်း ကောင်းသောအရွယ်

၄။ ဗလဒသက - လေးဆယ်တွင်း၊ ခွန်အား ကောင်းသောအရွယ်

၅။ ပညာဒသက - ငါးဆယ်တွင်း၊ ပညာဉာဏ် အားသန်သောအရွယ်

၆။ ဟာနိဒသက - ခြောက်ဆယ်တွင်း အလုံးစုံ ဆုတ်ယုတ်သောအရွယ်

၇။ ပဗ္ဗာရဒသက - ခုနှစ်ဆယ်တွင်း ခါးကိုင်းသော အရွယ်

၈။ ဝင်္ကဒသက - ရှစ်ဆယ်တွင်း ကုန်းသော အရွယ်

၉။ မောမူဟဒသက - ကိုးဆယ်တွင်း တွေဝေ ခြင်းများသောအရွယ်

၁၀။ သယနဒသက - ကိုးဆယ်ကျော် အိပ်ရာ၌ လျောင်းစက်ခြင်းများသောအရွယ်-ဟူ၍ ဒီပနီတွင် ဆက်ဖွင့်ထားသည်။

ဤ ဆယ်ပါးပိုင်းခြားပုံအရ အမှတ်စဉ်တွေကို ကြည့်မည်ဆိုလျှင် အမှတ်စဉ် (၅) ပညာဒသကအရွယ် သည်သာလျှင် အရွယ်ဆယ်ပါးတို့၏ အထွတ်အထိပ်ဟု ကျွန်တော် မြင်မိပါသည်။

http://www.dhammadownload.com

၂၀-တွင်း (အပျော်အပြုံးများသောအရွယ်)၊ ၃၀-တွင်း (အဆင်းကောင်းသောအရွယ်)၊ ၄၀-တွင်း (ခွန်အားကောင်းသောအရွယ်) တွေကကော မကောင်းဘူးလားဆိုလျင် ကောင်းတော့ ကောင်းကြပါ၏။ သို့သော် ပျော်လို့ကောင်း၊ အဆင်းကောင်း၊ ခွန်အားကောင်း တွေက ထိုအပျော်၊ ထိုအဆင်း၊ ထိုခွန်အားတို့ကို 'အသုံးလွဲ'သွားလျှင် ဆန့်ကျင်ဖက်သို့ ရွေ့သွားနိုင်ကြသည် မဟုတ်ပါလား။

တဖန် အမှတ်စဉ် (၆/၇/၈/၉/၁၀)တွေကို ကြည့်ပါဦး။ ဆုတ်ယုတ်မှုအထွေထွေက မင်းမူနေတော့သည်။ ထို့ကြောင့် အရွယ်ဆယ်ပါးတွင် အထက်လေးပါး အောက် အမှတ်စဉ် (၅) ပညာဒသက-သည်သာလျှင် အထွန်းပဆုံးဟု ဆိုလိုက်ရခြင်း ဖြစ်ပါသည်။ တစ်ဖက်က လှည့်တွေးကြည့်တော့လည်း စိတ်ဆိုး စိတ်ယုတ်ရှိသူများအဖို့ ဤအရွယ်သည် အဆိုးဥာဏ်, အကောက်ဥာဏ်-အတောက်ပဆုံးဖြစ်နိုင်ပါ သေးသည်။

ဆရာတော်၏ သက်တော်က (၅၀)နှစ်၊ သိက္ခာတော်က (၃၀)ဝါ။

ဤတွင်လည်း သိက္ခာတော် (သို့မဟုတ်) ဝါဟူသော စကားရပ်ကို ဆင်ခြင်မိပြန်ပါသည်။ လူလို နားလည်အောင်ပြောလျှင် ရဟန်းသက် ၃၀ နှစ်ရှိပြီ။ အသက် ၂၀ မြင့်မြတ်သော ရဟန်းဘောင်သို့ တက်လှမ်းခဲ့သော နှစ်မှ စတင်ရေတွက်သည့် ရဟန်းသက်။

လူဝတ်ကြောင်တွေမှာတော့ အသက်ဘယ်လောက်ရပြီတုံးဟုမေးလျှင် ၄၀-ရှိပြီ, ၅၀-ရှိပြီဟု တန်းဖြေလိုက်ရုံဖြင့် ကိစ္စပြတ်သည်။ နည်းနည်းထပ်မေးလျှင် ဝန်ထမ်းများအဖို့ ဆားဗစ်(လုပ်သက်) ဘယ်လောက်ရပြီဟု ဖြေသည်။ ရဟန်းများမှာတော့ အသက်အရွယ် နှစ်အပိုင်းအခြားသာမက ရဟန်းသက် (ဝါ) ကိုပါ ထည့်ဖော်ပြကြလေသည်။ ဝါ ဘယ်နှစ်ဝါဆိုပြီးပြီ၊ ဝါ ဘယ်နှစ်ဝါကပ်ပြီးပြီ ဟူသည်ကို စွဲ၍ 'ဝါ'ဟု သုံးခြင်း ဖြစ်သည်။ ဝါ၏ရှေ့မှ 'သိက္ခာတော်'ဟူသော စကားလုံးကား အရေးကြီးလှပါသည်။ သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာ၊ သိက္ခာသုံးပါးကို ထိန်းသိမ်း စောင့်ရှောက်ခဲ့သော ရဟန်းဘဝ။ ကျွန်တော်တို့ လူဝတ်ကြောင်တွေလို အလကားနေရင်း တစ်နှစ်ထက် တစ်နှစ်ကြီးကြီးလာခဲ့တာမျိုးမဟုတ်။ ပုထုဇဉ်လူဝတ်ကြောင်တွေမှာတော့ သိက္ခာတော် (ဝါ)တပ်လို့လုံးဝမရပါ။ တပ်ချင်း တပ်လျှင် သားက ဘယ်နှစ်ယောက်၊ သမီးက ဘယ်နှစ်ယောက်၊ မြေးက ဘယ်နှစ်ယောက်၊ ဘယ်သူက အတူနေ၊ ဘယ်သူကတော့

သက်နှံးကို ကိုယ်ပေါ်တင်ပြီးချိန်ကစပြီး အချိန်ကာလများကို ထိုက်ထိုက်တန်တန်ကြီး အသုံးချဖြတ်သန်းခဲ့ပါတကား။ ။ ။

'လက်လွတ်'ပါပြီ။ ဒါတွေနဲ့ပဲ အသက်တမ်းကို ဝိသေသထိုးလေ့ရှိကြသည်။ မယားက ဘယ်နှစ်ယောက်၊ ကား ဘယ်နှစ်စီး၊ ရာထူးတိုးပုံက ဘယ်သို့ ဘယ်အဆင့်၊ ဘယ်ဒေသမှာ ဘယ်နှစ်လောက်ဆိုတာတွေပါ ထည့်လိုက်လျှင် ပိုလို့တောင် ရှုပ်ကုန်ပါသေးသည်။

သက်တမ်းရေတွက်ရာမှာပင် ရဟန်းနှင့် လူဝတ်ကြောင် အကွာကြီးကွာတော့သည်။ ရဟန်းဘဝက ရှင်းလှပါသည်။ သိက္ခာတော် - ဝါ။

♛ ♛ ♛

ဤသို့ သိက္ခာ-ဝါ သက်တမ်းအရေအတွက် အတွင်းမှာပင် ထိုက်ထိုက်တန်တန်ဖြတ်သန်းခဲ့သော ရဟန်းတော်များ ဟူ၍ သီးခြားရှိနေကြလေသည်။ ထိုသို့ သိက္ခာသုံးပါးလျှင် အထောက်အခံ အခြံအရံရှိလေသော နှစ်ကာလများတစ်လျှောက်က ဘဒ္ဒန္တသုစိတ္တာဘိဝံသ အရှင်မြတ်၏ ထေရုပ္ပတ္တိအကျဉ်းကို ကျွန်တော် ဖတ်ကြည့်လိုက်သည်။

စာပေပရိယတ္တိသင်ကြားဆည်းပူးခဲ့သော ဆရာတော်ကြီးများ, ကျောင်းတိုက်များ, စာရင်းကိုတွေ့ရသည်။ ဆရာတော်၏ ရှင်သာမဏေဘဝမှသည် ရဟန်း(ပဉ္စင်း)ဘဝတစ်လျှောက် သင်ယူဆည်းပူးခဲ့သည်များပင် ဖြစ်သည်။ ၉-နှစ်သားတွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိ၊ ၂၀-နှစ်တွင် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သော ဆရာတော်သည် သက်တော် (၂၃) နှစ်တွင် ''သာသနဓဇမဟာ စရိယဘွဲ့''ကိုရခဲ့သည်။ (၂၅)နှစ်တွင် ''ပရိယတ္တိသဒ္ဓမ္မ ပါလဓမ္မာစရိယ''ဘွဲ့ရခဲ့သည်။ (၂၉)နှစ်တွင် ''ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သကျသီဟ) ဘွဲ့''ကိုရခဲ့သည်။ထို့နောက် နှစ်ပေါင်း(၂၀)ခန့် မန္တလေးမစိုးရိမ်တိုက်သစ် ဓမ္မသီတဂူကျောင်း၌ နာယကစာချုအဖြစ် ငယ်,လတ်,ကြီး,ဓမ္မာစရိယတန်းနှင့် သကျသီဟစာသင်တန်း,စာချုတန်းကျမ်းစာများကို ပို့ချခဲ့သည်။

ဆရာတော်၏ သက်တမ်းနှစ် အပိုင်းအခြားများမှာ တန်ဖိုးရှိသော ကာလတွေကိုချည်း ဖြတ်သန်း

http://www.dhammadownload.com

ခဲ့ကြောင်း တွေ့ရပါသည်။ တဖန် သက်တော် (၃၀)မှ (၄၄)နှစ်အတွင်း မန္တလေးမြို့၊ မစိုးရိမ်တိပိဋကဓရ ပါဠိ+မြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ရေးသားတော်မူခဲ့ပါသည်။ ဓမ္မာစရိယစာချုပ်တန်းအတွက် ကျမ်း (၉)ကျမ်း ပြုစုတော်မူခဲ့သည်။

ဆရာတော်သည် ''**သက်နှံးကို ကိုယ်ပေါ်တင်ပြီးချိန်ကစပြီး အချိန်ကာလများကို ထိုက်ထိုက်တန်တန်ကြီး အသုံးချဖြတ်သန်းခဲ့ပါတကား**''ဟု ကြည်ညိုလေးမြတ်ရလေသည်။ တစ်ဆက်တည်းမှာပင် ဘဒ္ဒန္တသုစိတ္တာဘိဝံသတည်းဟူသော သမုတိသံဃာ၏ဂုဏ်မှ တစ်ဆင့် ပရမတ္ထသံဃာ၏ ဂုဏ်တော်ကိုးပါးအနက်မှ သုပ္ပဋိ ပန္နောဂုဏ်တော်, ဥဇုပ္ပဋိပန္နောဂုဏ်တော်နှင့် အနုတ္တရံ ပုညခေတ္တဂုဏ်တော်သုံးပါးကို သီးခြားအာရုံပြုပူဇော် မိပါသည်။

♛ ♛ ♛

လောကတွင် အမြင့်ဆုံးယဉ်ကျေးမှုမှာ မိမိသင်ယူဆည်းပူးတတ်မြောက်ထားသော ပညာ(ဝိဇ္ဇာ)နှင့် အကျင့်သီလ (စရဏ)တို့ကို နောက်နောက်ပုဂ္ဂိုလ်တို့ အားတဖန် ပြန်လည်ပို့ချပေးခြင်းပင်ဖြစ်သည်ဟု ကျွန်တော် ယုံပါသည်။ တစ်နည်းအားဖြင့် ယဉ်ကျေးသော လူအဖွဲ့အစည်းဆိုသည်မှာ ပညာတတ်ပြီး ကိုယ်ကျင့်သီလဖြောင့်မတ်သော အဖွဲ့အစည်းပင်ဖြစ်သည်။

ကျွန်တော်တို့ လူလောကမှာက ပညာသင်ကြားရေးစနစ်တွေ၊ သင်ရိုးညွှန်းတမ်းတွေ ဘွဲ့ကြို၊ ဘွဲ့လွန်တွေဖြင့် အမျိုးစုံသိုင်းချည်ပြီး ကြိုးစားနေကြသည့် ကြားထဲက ဘေးထွက်ဆိုးကျိုးတွေက ပေါ်ပေါက်လာတတ်ကြသည်။ အဆင့်မြင့်နည်းပညာဖြင့် သင်ကြားပို့ချသင်ယူလေ့လာကြသော ထိပ်ထိပ်ကြဲတက္ကသိုလ်ကြီးများမှနေ၍ ပညာတတ်တွေ ထွက်ပေါ်လာကြတာ 'ထုတ်လုပ်'လိုက်ကြတာတော့ မှန်ပါသည်။ သို့သော် ကိုယ်ကျင့်သီလဘက်က တစ်ခြမ်းပဲ့နေကြသည်။ သိက္ခာသုံးပါးစလုံးမပြည့်စုံခဲ့လို့ပင် ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် အဆင့်အမြင့်ဆုံးအဖွဲ့အစည်းမှာ မြတ်စွာဘုရားတည်ထောင်ပေးတော်မူခဲ့သော 'သံဃာ' ဖြစ်သည်ဟု ကျွန်တော် အကြွင်းမဲ့ယုံပါသည်။ အကောင်းဆုံးကျေးဇူးဆပ်ခြင်း အကောင်းဆုံးလက်ဆင့်ကမ်းခြင်း၊ အကောင်းဆုံးနေထိုင်ရှင်သန်ခြင်းတို့ကို 'သံဃာ'မှာသာ တွေ့နိုင်သည်။

ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ–ကိုပင် သာဓုကဆောင်ပါမည်။

ပရိယတ္တိစာပေတွေ ဆည်းပူး၊ ဘွဲ့တွေရ၊ ကျမ်းတွေပြုသော ဆရာတော်သည် ဓမ္မာစရိယသင်တန်းတွေဖွင့်ကာ ပို့ချသင်ကြားပေးတော်မူခဲ့ပြန်ပါသည်။ မပြီးသေးပါ။ တာဝန်သိသူ၌ တာဝန်ပိုကြီးလာသည်။ သိမ်သမုတ်ကံဆောင်ခြင်း၊ ပြည်ပနိုင်ငံများ၌ဟောပြောဆွေးနွေး ပို့ချခြင်းများကို ဆရာတော်ဆက်လက် လုပ်ဆောင်တော်မူပြန်ပါသည်။ ဤကား မြတ်စွာဘုရား၏ သားတော်တစ်ပါးအနေဖြင့် ဖခမည်းတော်မြတ်ဘုရား၏ အမွေလမ်းစဉ်ကို ဆက်ခံကျင့်သုံးခြင်းပင် ဖြစ်သည်။ ဆရာတော်၏ 'နယ်'က ပို၍ ကျယ်ပြန့်လာပါပြီ။ ကောင်းစွာ မီးပေါင်ကျပြီးသော ရေနွေးငွေ့ရထားခေါင်းတွဲကြီးသည် နောက်ရထားတွဲများစွာတို့ကို ခေါ်ဆောင်မောင်းနှင်ဘိသကဲ့သို့လည်းကောင်း၊ အင်ဂျင်ပါဝါကြီးမားသော လေယာဉ်သည် ခရီးမိုင်ပေါင်းများစွာကို မြှင့်စွာသော ကောင်းကင်အထက် ပေပေါင်းများစွာမှ ပျံသန်းသကဲ့သို့လည်းကောင်း၊ နောက်ဆုံးပေါ် နည်းပညာသစ်တို့ဖြင့် တည်ဆောက်သည့် ရေငုပ်သင်္ဘောသည် သမုဒ္ဒရာအောက် ပေပေါင်းမိုင်ပေါင်းများစွာ၌ ကျင်လည်ကျက်စားခဲ့သကဲ့သို့လည်းကောင်း ဆရာတော်သည် ကျယ်ပြန့်စွာ နက်ရှိုင်းစွာ တာဝန်ယူတော်မူနေပြီ ဖြစ်သည်။

♛ ♛ ♛

ကျွန်တော့်ဆောင်းပါး ခေါင်းစီးကို 'မြားတစ်စင်း၊ ငှက်သုံးကောင်'ဟု တပ်ခဲ့သည်မှာ ဒေါသသင့်သွားသလားမသိပါ။ ဆိုချင်သည်မှာ –

ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ၌ မြားတစ်စင်းရှိနေသည်။ မြား၏ အမြီး၊ မြားတံ၊ ထိပ်ဖူးအသွား သုံးနေရာတို့၌ သီလ၊ သမာဓိ၊ ပညာတို့တည်ရှိကြသည်။ ထိုမြားကို ဆရာတော်သည် စေတနာကောင်းတည်းဟူသော ညို့တွင်တပ်ဆင်ကာ၊ ဉာဏ်တည်းဟူသော လေးကိုင်၌တင်လျက် ဝီရိယတည်းဟူသော 'မောင်းရုံးအား'ဖြင့် ငင်၍ ပစ်လွှတ်လိုက်သည်။ ထိုမြားတစ်စင်းတည်းဖြင့် ငှက်သုံးကောင်ကျသွားသည်။

ငှက်သုံးကောင်ကား တဏှာ၊ မာန၊ ဒိဋ္ဌိ တည်းဟူသော ပပဉ္စတရားများဖြစ်ပါသည်။

ချစ်ဦးညို

♦ ♦ ♦

http://www.dhammadownload.com











သာသနာပြုပြုလုပ်ပေါ်ကာ မိုင်တိုင်များ

ကျွန်းစည်မြေ ဓောဝက်

http://www.dhammadownload.com

''မနုဿတ္တဘာဝေါ ဒုလ္လဘော''လူ့ဘဝဟူသည် ရခဲလှစွာ၏ဟု ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့ပေသည်။ ဤရခဲလှစွာသော လူ့ဘဝကို ရရှိနေကြကုန်သော လူသားအပေါင်းတို့သည် ဘဝကို အကာသက်သက်မဖြစ်စေပဲ အနှစ်လုပ်တတ်ကြရန် လွန်စွာ အရေးကြီးပေသည်။

အတ္တအကျိုးကို ရှေ့တန်းတင်သော လောဘ, ဒေါသ, မောဟတရားတို့ဖြင့်ချည်း ထုံမွန်းမနေပဲ အများအကျိုးသာသနာအကျိုးကို သယ်ပိုးရွက်ဆောင်နိုင်သော လုပ်ငန်းရပ်များကို လုပ်ဆောင်တတ်ရန် လိုအပ်ပေသည်။ တစ်နည်းအားဖြင့် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ မည်သော ဗြဟ္မစိရိတရား (၄)ပါးတို့၏ ရှေ့ဆောင်ရာနောက်သို့ လိုက်ပြီး မွန်မြတ်သော ကုသိုလ်အလုပ် လုပ်ကိုင်ခြင်းကို ရည်ရွယ်ရင်းဖြစ်ပေသည်။

လူ့သမိုင်းဖြစ်စဉ်များကို ပြန်လည်သုံးသပ်ကြည့်လျှင် ထူးခြားမှု ဖြစ်စဉ်များနှင့် ထင်ရှားသော ပုဂ္ဂိုလ်များသည် နေရာဒေသအလိုက် ရှိတတ်ကြချေသည်။

ယခုလည်း လခြမ်းမြေ ရခိုင်ကမ်းခြေ ကျွန်းစဉ်ဒေသမှ သာသနာ့ အာဏာနည် အရှင်တစ်ပါးပေါ်ထွန်းခဲ့ပေသည်။ ဆရာတော်မှာ ရခဲလှစွာသော လူ့ဘဝ အခိုက်အတန့်တွင် ဘဝကို မေ့မေ့ လျော့လျော့ ပေါ့ပေါ့တန်တန် ဖြင့် အချိန်ကုန်လွန်စေခြင်း မဖြစ်စေပဲ ဗုဒ္ဓအလိုကျ မြတ်သောနေခြင်းဖြင့် ကျင့်ကြံအားထုတ်ကာ သာသနာ့တာဝန်ကို ထမ်းရွက်နေပေသည်။ အဆိုပါပုဂ္ဂိုလ်ကား ဘဒ္ဒန္တသုစိတ္တာဘိဝံသအရှင်သူမြတ်ပင် ဖြစ်ပေသည်။

ဆရာတော်မှာ ကျွန်းစဉ်ဒေသ မြေပုံမြို့နယ်၊ သရက်တောင်ရွာသား ဖြစ်ပေသည်။

မိုင်တစ်ထောင်ဝေးသောခရီးပင်ဖြစ်စေ ပထမခြေလှမ်းက စ–ရသည်ဆိုသော စကားပုံအတိုင်း ဆရာတော်မှာ ကျေးလက်မှသည့် မြို့ပြဆီသို့ တက်ပြီး ပရိယတ္တိစာပေများကို သင်အံဆည်းပူးခဲ့သည်။

ဆရာတော်၏ ကြိုးစားမှု၊ လုံ့လဥဿဟ ပြုမှုတို့ကြောင့် ပဋ္ဌင်းပျိုငယ်ဘဝမှာပင်

(၁) သာသနဓဇဓမ္မာစရိယ
(၂) ပရိယတ္တိဓမ္မာနုဂ္ဂဟဓမ္မာစရိယ
(၃) ပရိယတ္တိသဒ္ဓမ္မပါလဓမ္မာစရိယ
(၄) ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သကျသီဟ)

ဘွဲ့တို့ကိုရရှိခဲ့ပေသည်။ ဆရာတော်၏ ခံယူချက်မှာ မိမိတတ်ထားသော ပညာသည် မိမိအတွက် တစ်ခုတည်းသာမဖြစ်စေပဲ ပရိယတ္တိစာပေ ပြန့်ပွားရေးအတွက် ဆင့်ပွားပို့ချ ကြိုးစားအားထုတ်သွားရန်ပင် ဖြစ်ပေသည်။

သို့ဖြစ်၍လည်း မန္တလေး၊ ရန်ကုန်မြို့ကြီးများတွင် ဓမ္မာစရိယတန်း စာသင်သားများအား ပရိယတ္တိစာပေများကို နေ့ညမခြား အားသွန်ခွန်စိုက် ပို့ချခဲ့ပေသည်။ ရန်ကုန်တွင် နွေရာသီ ဓမ္မာစရိယသင်တန်းများကို ပို့ချခဲ့ပေရာ နှစ်စဉ် စာသင်သား (၁၀၀၀)ကျော် တက်ရောက်ခဲ့ကြသည်။ ယခုအခါ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဓမ္မာစရိယတက္ကသိုလ်၌ သီတင်းသုံးနေထိုင်ကာ ပြည်ထောင်စုဖွားတိုင်းရင်းသား ရဟန်းသံဃာများအား ဓမ္မာစရိယစာဝါများကို ပို့ချလျှက်ရှိပါသည်။

ဆရာတော်မှာ ပရိယတ္တိ ဝန်ဆောင်ရဟန်းတော်တစ်ပါးဖြစ်သည်နှင့်အညီ စာပေကျမ်းဂန်ပြုစုရေးသားခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပေသည်။

မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် တိပိဋကပါဠိ+မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့တွင် ပါဝင်လျှက်

(၁) တိပိဋက + မြန်မာ အဘိဓာန်ကျမ်းကြီး
(၂) တိပိဋက + မြန်မာ အဘိဓာန်အကျဉ်း
(၃) တိပိဋက ပါဠိပဒ ကျမ်းညွှန်းတို့ကို ရေးသားပြုစုတော်မူခဲ့သည်။

ထို့ပြင် ဓမ္မာစရိယ စာချတန်းအတွက်

(၁) ပါရာဇိကဏ် ဝါကျဥယျာဉ် ပထမတွဲ
(၂) ပါရာဇိကဏ် ဝါကျဥယျာဉ် ဒုတိယတွဲ
(၃) သီလက္ခန် ဝါကျဥယျာဉ် ပထမတွဲ
(၄) သီလက္ခန် ဝါကျဥယျာဉ် ဒုတိယတွဲ
(၅) အဋ္ဌသာလိနီ ဝါကျဥယျာဉ် ပထမတွဲ
(၆) အဋ္ဌသာလိနီ ဝါကျဥယျာဉ် ဒုတိယတွဲ
(၇) ဝိဂ္ဂဟ နှင့် ဉာသ်ကော်က် လမ်းညွှန်
(၈) အတ္ထယောဇနာ နယူပဒေသကျမ်းတို့ကို ရေးသားပြုစုခဲ့ပါသည်။

ဆရာတော်မှာ သောက်လေ သောက်လေ ငတ်မပြေဆိုသော စကားလို ပရိယတ္တိစာပေများပို့ချခြင်း၊ ကျမ်းဂန်စာပေများ ရေးသားပြုစုခြင်းတို့ဖြင့် အားမရခဲ့ပေ။ သို့ဖြစ်၍ အလိုတော်ပြည့် ဆရာတော်ကြီး ဘဒ္ဒန္တ အရိယဝံသ နှင့်တွဲဖက်ပြီး ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပေသည်။ ရခိုင်ပြည်နယ် နယ်စပ်ဒေသ သာသနာပြုလုပ်ငန်းများ၌ တရားဟောခြင်း၊ သင်တန်းပြခြင်း၊ သိမ်သမုတ်ကံဆောင်

http://www.dhammadownload.com

ခြင်းစသည့် သာသနာပြုလုပ်ငန်းရပ်များကို ဆောင်ရွက်ခဲ့ပေသည်။

ထို့ပြင် အိန္ဒိယ, စင်္ကာပူ, ဟောင်ကောင်, မလေးရှား, အမေရိကန်, ကနေဒါနိုင်ငံများသို့ ကြွရောက်ပြီး သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

သရက်တောင်ရွာ သာသနပါလ ခဏ္ဍသိမ်တော်

အရှင်သုစိတ္တာဘိဝံသမှာ သာသနာ့ဝန်ကို ဆထက် တံပိုးတိုးပြီး ထမ်းဆောင်နိုင်စေခြင်းအလိုဌာ မွေး ရပ်မြေကို စွန့်ခွါပြီးလာခဲ့ရသော်လည်း မိမိမွေးရပ်ရွာ၏ ဘာသာသာသနာတိုးတက်ရေးကိုကား ထာဝစဉ် ကြိုးစား လျှက်ရှိပေသည်။

၁၉၉၉-ခုနှစ်တွင် သရက်တောင်ဆရာတော် ဘဒ္ဒန္တသုန္ဒရမှာ နိုင်ငံတော်မှ ဆက်ကပ်လှူးဒါန်းအပ်သော ''အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ'' သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့သည်။ ၂၀၀၀-ပြည့်နှစ်တွင် ဆရာတော်၏ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်အရ ရရှိတော်မူသော ဘွဲ့တံဆိပ်တော်ကို အကြောင်းပြုပြီး ဂုဏ်ပြုပွဲကျင်းပခဲ့ကြသည်။ ဂုဏ်ပြုပွဲကို ဆရာတော်၏ တပည့်ဖြစ်သူ ဘဒ္ဒန္တသုစိတ္တာဘိဝံသကပင် ကမ္မကထပြုပြီး ရွာသူရွာသားများ ဝိုင်းဝန်းပြီး တစ်စိတ် တစ်ဝမ်း ညီညီညွတ်ညွတ် ဆောင်ရွက်ခဲ့ကြသည်။

ပွဲတော်အပြီးတွင် အရှင်သုစိတ္တာဘိဝံသ-ကို အမှူးပြုပြီး သရက်တောင်ရွာသားတို့ အစည်းအဝေး တစ်ရပ်ကျင်းပပြုလုပ်ခဲ့ကြသည်။ ၎င်းအစည်းအဝေးမှ ''သာသနပါလခဏ္ဍသိမ်တော်'' ဆောက်လုပ်ရန် အတည်ပြုဆုံးဖြတ်ခဲ့ကြသည်။

ယခုလက်ရှိ သိမ်တော်မှာ လွန်ခဲ့သော နှစ်ပေါင်း(၁၀၀)ကျော်က သရက်တောင်ကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏာကို အမှူးပြု၍ သိမ်တော်ကို သမုတ်ပြီး ရွာသူရွာသားတို့၏ ကာယအား,ဉာဏအားများဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရှိရပေသည်။ သိမ်တော်၏ အကျယ်အဝန်းမှာ အလျား(၂၁)ပေ, အနံ(၂၁)ပေ မျှသာ ရှိခဲ့သည်။

၁၃၂၄-ခုနှစ်သို့ ရောက်သောအခါ သိမ်တော်မှာ အချိန်ကာလ၏ တိုက်စားမှုကြောင့် ယိုယွင်းလာခဲ့ရာ သရက်တောင်ရွာနေ ဦးဘိုးမောင်-ဒေါ်ယဉ်နုမိသားစုတို့က ပြန်လည်ပြုပြင်ပြီး ဒါနပြုခဲ့ကြောင်း လေ့လာသိရှိခဲ့ရပေသည်။

၁၃၆၄-ခု၊ တပေါင်းလဆန်း (၆)ရက် တနလ်္ဂာနေ့ နံနက်(၇)နာရီ(၃၀)မိနစ်အချိန်တွင် ပေသုန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ သရက်တောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) စစ်တွေမြို့၊ သဒ္ဓမ္မဂရု (ပုသိမ်ကျောင်းတိုက်) ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ) ပြည်တွင်း,ပြည်ပသာသနာပြု အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တအရိယဝံသ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် ဘဒ္ဒန္တသုစိတ္တာဘိဝံသ(တိုက်အုပ်နာယကစာချဆရာတော်၊ ဓမ္မာစရိယတက္ကသိုလ်၊ ရန်ကုန်) အမှူးပြုသောဆရာတော် သံဃာတော် အပါး(၉၀)တို့ ကြွရောက်တော်မူကြပြီး သိမ်တော်ကို ပြန်လည်ကံဆောင် သမုတ်ခဲ့ကြသည်။

၁၃၆၃-ခု ကုဆုန်လပြည့်၊ ကြာသပတေးနေ့ နံနက်(၁၀)နာရီ(၁၈)မိနစ်တွင် ရတနာအုတ်မြစ်စိမင်္ဂလာ အခမ်းအနားကို ကျင်းပခဲ့ကြသည်။

ဤသာသနပါလခဏ္ဍသိမ်တော်ကြီးကို ဆောက်လုပ်ရာတွင် သရက်တောင်ရွာသူရွာသားတို့သည် အိမ်တိုင်းစေ့,လူတိုင်းစေ့ ကာယအား, ဉာဏအားတို့ဖြင့် ဒါနပြုကုသိုလ်ဝင်ခဲ့ကြသည်။

သိမ်တော်ကြီးကို ဆောက်လုပ်ရာတွင် လိုအပ်သော သဲ၊ ကျောက်စသည်များကို သိမ်ဖြစ်မြောက်ရေး အလုပ်အမှုဆောင်အဖွဲ့က အုပ်စု(၅)စုခွဲကာ လုပ်အားပေး ဆောင်ရွက်ခဲ့ကြသည်။

ဦးကျော်တင် ခေါင်းဆောင်သော အုပ်စု(၁)၊ ဦးမောင်ကျော်ခေါင်းဆောင်သော အုပ်စု(၂)၊ ဦးဘိုးသာထွန်း ခေါင်းဆောင်သော အုပ်စု(၃)၊ ဦးဘန့ ခေါင်းဆောင်သော အုပ်စု(၄)၊ ဦးဘညွန့်ခေါင်းဆောင်သော အုပ်စု(၅)တို့သည် တာဝန်ကျရက်များတွင် စက်လှေများဖြင့် ငါးကင်ကွန်း၊ ငပသုန်ကွန်းတို့၌ သဲများကို ကောက်ယူသယ်ပို့ခြင်း၊ ဒါးလက်ချောင်းဝ သောင်တွင် ကျောက်များ ကောက်ယူခြင်း၊ အသေးသုံးလိုအပ်သော သစ်များကို ဒီရောက်တောများသို့သွားပြီး ကိုယ်တိုင်သွားရောက်ခုတ်ယူကြခြင်း စသောကိစ္စရပ်များကို သဒ္ဓါတရား ထက်သန်စွာ ဆောင်ရွက်ခဲ့ကြသည်။

သိမ်တော်ကြီးတွင် လိုအပ်သော ကျွန်းသစ်များကို အင်္ဂလိပ်အစိုးရလက်ထက် အရေးပိုင် ဒေဝိဇံ ဦးမြထွန်းအောင်၏ ဆွေမျိုးရင်းချာများရွာ(ဒါးလက်ချောင်း

http://www.dhammadownload.com



ကျောက်ဆင်ရွာ အမ်းမြို့နယ်)ရှိ ဦးသုစိတ္တာဘိဝံသ၏ ဆွေမျိုးများထံတွင် ဦးသုစိတ္တာဘိဝံသကိုယ်တိုင် အလှူခံ ရယူခဲ့ပေသည်။ သိမ်တစ်ဆောင်လုံးအတွက် လိုအပ်သော ကျွန်းသစ်များ အားလုံးကို ဦးနီတူ ကျောင်းအုပ်ကြီး (ငြိမ်း)၊ ဦးကျော်သာနု ဦးဆောင်မှုပြုသော ကျောက်ဆင် ရွာသားတို့က လှူဒါန်းခဲ့ကြပေ သည်။

သိမ်ဆောက် လုပ်ရေးကိစ္စနှင့် ပတ် သက်သော ပစ္စည်းများ ရောက်လာလျှင် ရွာသူ ရွာသားများ တစ်စု တစ်စည်းတည်း ဝိုင်းဝန်းသယ်ပိုး တင်ဆောင်ကြသည်။ သိမ်တော်ကြီးမှာ Rc အဆောက်အဦးဖြစ်ပေရာ သံချို သံကွေး ဘိလပ်မြေများရောက်လာလျှင် ယောကျ်ားများက တင်ဆောင်ကြသည်။ ပစ္စည်းတင်ဆောင်ရေးလုပ်ငန်း ရပ်များတွင် ဦးကျော်တင်၊ ဦးဘိုးသာထွန်း၊ ဦးဘနုနှင့် ဦးမောင်ကျောက်တို့မှာ အဓိကအနေဖြင့် လုပ်ကိုင်ခဲ့ကြ သည်။

အထူးသဖြင့်ကျောက်ဆင်ရွာသားများ လှူဒါန်း သော ကျွန်းသုံးပင်ကို ခုတ်လှဲသယ်ယူရာတွင် လွန်စွာ ခက်ခဲခဲ့သည်။ ကျွန်းပင်များမှာ ကာလကြာညောင်းခဲ့ပြီ ဖြစ်၍ ပင်စည်တစ်ခုလုံးကို ညောင်ပင်များ ဝါးမျိုထားပြီး ပင်စည်ကို မမြင်ရအောင်ထိ ရှိနေခဲ့ပေသည်။ ဤကဲ့သို့ ခုတ်လှဲပြီး ညောင်ပင်များအား ခွာရသည်မှာ လွယ်ကူ သော အလုပ်မဟုတ်ပေ။ ခွန်အား သုံးနိုင်မှု စိတ်ရှည်မှုတို့ လိုအပ်ပေသည်။ ဝါဆို, ဝါခေါင်ကာလဖြစ်ပေရာ မိုးရေ များထဲတွင်လုပ်ကိုင်ကြရသည်မှာ မလွယ်ကူပေ။ အတော် ကို ကြိုးကြိုးစားစား လုပ်ကိုင်ကြရသည်။ အဓိကအားဖြင့် ဦးကျော်တင်၊ ဦးမောင်ချမ်းအောင်၊ ဦးအောင်သိန်း၊ ဦးငပြူး၊ ဦးကျော်အောင်၊ ဦးငမိုင်းနှင့် ဦးမဲညွန့်တို့၏ စွမ်းဆောင်မှု အများဆုံး ပါရှိပါသည်။

အမ်းမြို့နယ်၊ ဂြစ်ချောင်းကျေးရွာ ချင်းအမျိုး သားများလည်းပါဝင် လုပ်အားပေးကြသည်။ (ဂြစ်ချောင်း ရွာနေ ချင်းအမျိုးသားများမှာ သရက်တောင်ဆရာတော် ဦးသုန္ဒရမှ ထေရဝါဒဗုဒ္ဓသာသနာအကြောင်းကို စည်းရုံး ဟောပြောမှုကြောင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသော ကျေးရွာပင်ဖြစ်သည်)

သိမ်တော် ဆောက်လုပ်ရာတွင် ငွေကြေး တတ်နိုင်သူများက သိမ်တော်ကြီး အစိတ်အပိုင်းအချို့ကို ပုဂ္ဂလိကအနေဖြင့် လှူဒါန်းကြသည်များလည်း ရှိပေ သည်။ သို့သော် ရွှေထီးတော် စိန်ဖူးတော်ကိုမူ ရပ်သူ ရွာသားများ စုပေါင်းပါဝင်သော အလှူငွေဖြင့်သာ ပါဝင်ကြရန် သိမ်တော်ဆောက်လုပ်ရေး၏ နာယက

http://www.dhammadownload.com

ဦးသုစိတ္တာဘိဝံသ–က လမ်းညွှန်မိန့်ကြားခဲ့ပေသည်။

သာသနပါလခဏ္ဍသိမ်တော်ကြီးကို ၂၀၀၀–ခုနှစ်က စတင်ဆောက်လုပ်ခဲ့ရာ ၂၀၀၂–ခုနှစ် မတ်လတွင် အချောပြီးစီးခဲ့လေသည်။ သိမ်တော်ကြီး၏ အလျားမှာ(၄၅)ပေ၊ အနံမှာ (၃၄)ပေ၊ အကျယ်အဝန်းရှိပြီး ဘုံ(၇)ဆင့် သံကူကွန်ကရက် သာသနိက အဆောက်အဦးဖြစ်ပေသည်။ ပန်းရံနှင့် လက်သမားအလုပ် နှစ်ရပ်စလုံးကို ကျောက်ဖြူမြို့မှ ဦးလှအောင်က တာဝန်ယူ ဆောက်လုပ်ခဲ့ပေသည်။

သိမ်တော်ကြီးအတွက် အလှူပါဝင်ငွေများကို ပေါင်းစည်း တွက်စစ်ကြည့်လိုက်လျှင် သိန်းပေါင်း (၁၅၀) ကျော်ကုန်ကျခဲ့ကြောင်း တွေ့ရှိရပေသည်။ သိမ်ကို ကမ္မကထပြုပြီး ဦးဆောင်လမ်းညွှန်မှုပေးခဲ့သူ ဘဒ္ဒန္တ သုစိတ္တာဘိဝံသမှာ ပြည်တွင်းတွင်သာမက ပြည်ပနိုင်ငံများသို့ပါ သာသနာပြုဆောင်ရွက်ခဲ့ပေရာ ဤ သိမ်တော်အတွက် အလှူထည့်ဝင်ကြသော စေတနာရှင်များမှာ အမေရိကန်၊ ကနေဒါစသောနိုင်ငံများကပါ ပါဝင်ခဲ့ကြသည်ကို ငွေစာရင်းရှင်းတမ်းပါ အလှူရှင်များစာရင်းကို ကြည့်ခြင်းအားဖြင့် သိနိုင်ပေသည်။

၃၁–၃–၂၀၀၂ ၊ ၁–၄–၂၀၀၂ ၊ နှင့် ၂–၄–၂၀၀၂ (၃)ရက်တိုင်တိုင်၊ သရက်တောင်ရွာတွင် သာသနပါလခဏ္ဍသိမ်တော် ရွှေထီးတော် စိန်ဖူးတော်တင်လှူပွဲနှင့် ရေစက်ချပွဲ၊ ဘုရားထီးတော်တင်ပွဲတို့ကို ခြိမ့်ခြိမ့် ညံအောင် ကျင်းပခဲ့ကြပေသည်။

ပွဲတော်ရက် မကျရောက်မီ(၂)ရက် အလို လောက်ကပင် ပွဲတော်အတွက် ပင့်လျှောက်ထားသော ရဟန်းသံဃာတော်များမှာ ဆရာတကာတွဲပြီး တဖွဲဖွဲကြွရောက်လာကြသည်။ ရခိုင်ပြည်နယ် တောင်ပိုင်းမှ ကျောက်ဖြူမြို့၊ ယပ်လဲ့ကျောင်းတိုက်ဆရာတော်၊ နဂါးကျောင်းတိုက်ဆရာတော်၊ အလယ်ကျောင်းတိုက်ဆရာတော်၊ ဘုရားကြီးကျောင်းတိုက်ဆရာတော်၊ ရွှေနံသာကျောင်းတိုက်ဆရာတော်၊ တောင်ရင်းကျောင်းတိုက်ဆရာတော်တို့ အမှူးပြုသော သံဃာတော်များကြွရောက်ကြသည်။

၃၁–၃–၂၀၀၂ နေ့ နံနက် (၆)နာရီခန့်တွင် ရခိုင်ပြည်နယ် မြောက်ပိုင်း ၊ စစ်တွေမြို့မှ အလိုတော်ပြည့်ဆရာတော်၊ မဏိရတနာကျောင်းတိုက်ဆရာတော်၊ ဓညဝတီကျောင်းတိုက်ဆရာတော်၊ ပစ္စိမဝံသကျောင်းတိုက်ဆရာတော်၊ စန္ဒာသူရိယကျောင်းတိုက် ဆရာတော်နှင့် မင်းပြားမြို့မှ ဦးဝါရိတ္တအမှူးပြုသော ဆရာတော်သံဃာတော်များ၊ ရခိုင်ကမ်းရိုးတန်းသွား မလိခအမြန်ယာဉ်ဖြင့် ကြွရောက် လာကြသည်။

ရှုပ်ရှင်နှင့် ဗွီဒီယို သရုပ်ဆောင် မင်းသမီးတင့်တင့်ထွန်း၊ အဆိုကျော် စိုးအောင်၊ ရတနာနှင့် မီးမီးခဲတို့လည်း ရခိုင်ပြည်နယ် မြေပုံမြို့နယ်၊ ကျွန်းစဉ်ဒေသ သရက်တောင်ရွာ ဘာသာရေးပွဲတော်ကို ချီးမြှောက်ရန်အတွက် မလိခရေယာဉ်ဖြင့် လိုက်ပါလာကြသည်။ ရခိုင် ပြည်နယ်မှ ဆို၊ က၊ ရေး၊ တီး ရွှေတံဆိပ်ဆုရှင် အဆိုကျော် ဦးမောင်သိန်းနှင့် မြတ်နိုင်ကျော်တို့အဖွဲ့လည်း အမျိုးသားဘာသာ သာသနာအတွက် အားပေးချီးမြှောက်ရန် လိုက်ပါလာကြသည်။

မလိခရေယာဉ် သရက်တောင်ဆိပ်ကမ်းသို့ ရောက်သည်ဆိုလျှင်ပင် ရွာသူရွာသားများမှာ ကမ်းလုံးညွှတ်မျှ ကြိုဆိုနေကြသည်။ အရှင်သုစိတ္တာဘိဝံသ–စပ်ဆိုသော လက်ာပန်းမိုး ရွာသွန်းဖြိုးကို ကျောင်းသူလေးများက ရွှတ်ဆိုပူဖော်နေကြသည်။

ထိုနေ့ နေ့လယ်ဘက်တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မောင်ဦး (ယခုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန) ရခိုင်ပြည်နယ် ဒေသကွပ်ကဲရေးဦးစီးမှူး ဗိုလ်မှူးချုပ် ဘုန်းဆွေ၊ (ယခု ဒုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးတင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဇေယျ၊ အတွင်းရေးမှူး ဦးဌေးဝင်းနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်မှ ဌာနဆိုင်ရာ အကြီးအကဲများ ကြွရောက်လာကြသည်။

သရက်တောင် ရွာမြေအပြင်တွင် ပွဲတော်ကို ချီးမြှောက်ရန် ရောက်ရှိလာကြသော ဧည့်ပရိသတ်များဖြင့် ပြည့်ကြပ်နေပြီး လူပင်လယ်ကြီးလိုဖြစ်နေပေသည်။

၃၁–၃–၂၀၀၂–ခု မွန်းလွဲ(၁)နာရီအချိန်တွင် သာသနပါလခဏ္ဍသိမ်တော် ရေစက်ချပွဲ မင်္ဂလာအခမ်းအနားကို စတင်ကျင်းပပေသည်။ တိုင်းမှူးနှင့်တကွ အလှူရှင်ပရိသတ်များမှာ အလှူမဏ္ဍပ်တစ်ခုလုံးတွင် ပြည့်ကျပ်နေပေသည်။ အခမ်းအနားမှူးအဖြစ် ရခိုင်ပြည်နယ် သာသနာရေးဦးစီးမှူးက ဆောင်ရွက်သည်။

အခမ်းအနား မစတင်မီ မောင်တောမြို့၊ ဗဟို

http://www.dhammadownload.com

ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရ-က ပူဇနာသန နိမန္တနဂါထာရွတ်ဆို၍ သံဃာတော်များကို ပင့်လျှောက်သည်။



အခမ်းအနားကို နမောတဿ(၃)ကြိမ်ရွတ်ဆို ဘုရားကန်တော့ကာ ဖွင့်လှစ်လိုက်သည်။

အစီအစဉ်အရ သရက်တောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ထံမှ ကြွရောက်လာကြသော ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ထို့နောက် တိုင်းမှူးကြီးနှင့် အလှူရှင်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ တစ်ဆက်တည်းပင်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပေသည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ် မောင်ဦးက သာသနာရေး ဆိုင်ရာများကို လျှောက်ထားသည်။ ဆက်လက်ပြီး အရှင်သုစိတ္တာဘိဝံသ ရေးသားပူဇော်သည့် ''သိမ်တိုက်အလှူ ကျောင်းလွှတ်လှူ နတ်လူသာခုခေါ်'' ဂါထာများကို မြေပုံမှူးနယ် ဥက္ကံကျောင်းဆရာတော် ဘဒ္ဒန္တ ပညာဇောတ-က ရွတ်ဖတ်ပူဇော်သည်။

အခမ်းအနားအစီအစဉ်အရ အရှင်သုစိတ္တာဘိဝံသ (ဓမ္မာစရိယတက္ကသိုလ်၊ ရန်ကုန်)က ဝမ်းမြောက်ကြောင်း ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ အလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တအရိယဝံသ (ပြည်တွင်းပြည်ပ သာသနာပြုဆရာတော်)ထံမှ သိမ်ရေစက်ချတရားတော်မြတ်ကို နာယူကြပြီး သာဓုအနုမောဒနာခေါ်ယူကြသည်။

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု (၃) ကြိမ် ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းကြသည်။ တိုင်းမှူးနှင့် ဒေသကုပ်ကဲရေးဦးစီးမှူးတို့က ရတနာရွှေမိုး ရွာသွန်းကြသည်။

ဆက်လက်ပြီး ''သာသနာပါလခဏ္ဍသိမ်တော်ကမ္မဉ်းကျောက်စာတိုင်'' ဖွင့်ပွဲကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မောင်ဦးနှင့် ဒုတိုင်းမှူး ဗိုလ်မှူးချုပ် ဘုန်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ကြသည်။ တစ်ဆက်တည်းမှာပင် အရှင် သုစိတ္တာဘိဝံသ ဆောက်လုပ်လှူဒါန်းသည့် **''ကျေးလက်ရင်ခွင်စာကြည့်တိုက်''** အဆောက်အဦးသစ်ကို တိုင်းမှူးနှင့် ဒု-တိုင်းမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။ အခမ်းအနားတွင် စာကြည့်တိုက်အလှူရှင် အရှင်သုစိတ္တာဘိဝံသ-၏ ''စာကြည့်တိုက်အလှူကမ္မဉ်းကျောက်စာ'' ကို တိုင်းမှူးက လက်ခံရယူသည်။ အစီအစဉ်အရ ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်) စံပြရပ်ကွက်၊ ရတနာလမ်းနေ ဦးဘညွှန့် ဇနီး ဒေါ်မြမြသိန်းတို့က ကျေးလက်ရင်ခွင်စာကြည့်တိုက် အတွက် မဂ္ဂဇင်းမျိုးစုံ အုပ်ရေ(၁၀၀)လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူသည်။

ထို့နောက် အလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တ အရိယဝံယ၊ ဘဒ္ဒန္တသုစိတ္တာဘိဝံသ၊ တိုင်းမှူး ဗိုလ်ချုပ် မောင်ဦး၊ ဒုတိုင်းမှူး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ဧယက ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်၊ မယကဥက္ကဋ္ဌ ဦးကျော်ဇေယျ၊ အတွင်းရေးမှူး ဦးဌေးဝင်းတို့နှင့် စာကြည့်တိုက် အမှုဆောင်ကော်မတီဝင်များ စာကြည့်တိုက်၌ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ညနေပိုင်းတွင် ရခိုင်ရိုးရာကျင်ပွဲကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပကြသည်။ ရခိုင်ရိုးရာကျင်ပွဲမှာ ရခိုင်ပြည်သူတို့ အသည်းစွဲရိုးရာ အားကစားပင်ဖြစ်သည်။ ခေတ်တွေ ဘယ်လိုပဲ ပြောင်းပြောင်း ရခိုင်ပြည်နယ်တွင် ရခိုင်ရိုးရာကျင်ပွဲကား ပြောင်းလဲလိမ့်မည်မဟုတ်ပေ။ ရခိုင်သားတို့ လူစွမ်းကောင်း ပြိုင်ပွဲဆိုကလည်း မှားအံ့မထင် ပတ်မကြီးကလည်းမြည်၊ နဲ့သံကတိ၊ လင်းခွင်းသံကလည်းပီဆိုတော့ ကျင်ပွဲကြီးမှာ မြိုင်လှပေသည်။

http://www.dhammadownload.com



ဆိုင်းသံနဲ့သံက တထိထိ တတီတီ နှင့် ရခိုင်သားကျင်သံတို့ ဟန်ရေးမာန်ရေးပြပြီး ကွင်းပတ်ပြီး ကျင်ကွင်းနေကြသည်မှာ ပွဲကြည့်ပရိသတ်၏ရင်ကို ကိုင်လှုပ်ပြီး စိတ်ဓာတ်တက်ကြွစေပါသည်။

ရခိုင်ရိုးရာ ကျင်ပွဲမှာ ရခိုင်ပြည်နယ်အတွင်း မည်သည့်ဘာသာရေးပွဲမဆို ကျင်းပကြစမြဲ၊ အချို့အရပ်ဒေသများတွင် နွေရာသီများ၌ ဖိတ်ခေါ် ကျင်ပွဲများကိုပင် ခြိမ့်ခြိမ့်သဲ ကျင်းပတတ်ကြသည်။

ကျင်သန်များမှာ ရွှေမောင်းတန်းကျင်သန်များဆိုလျှင် ရွှေမောင်းကို လည်ပင်းဆွဲပြီး ကျင်ကွင်းကြသည်။ အဓိပ္ပါယ်က မောင်းတစ်လုံးပါလျှင် မောင်းတစ်ခါရပြီးပြီ။ မောင်း(၁၀)လုံးပါလျှင် မောင်း(၁၀)ခါရပြီးပြီဆိုသည့် ဟန်ရေးပြကြခြင်းပင် ဖြစ်ပေသည်။ ရခိုင်ရိုးရာ ကျင်ပွဲသည်ကား ကြည့်၍အားရသလို ရခိုင်သားတို့ ဇာတိမာန်တက်ကြွစေသော အားကစားနည်းတစ်မျိုးပင် ဖြစ်ပေသည်။

ယနေ့ သရက်တောင်ရွာ၏ နွေညသည်ကား သမိုင်းတွင်သည့် ညတစ်ညပင်။ ပွဲတော်ကြီးကို ခမ်းမြောက်ရန် ရောက်လာကြကုန်သော ဧည့်ပရိသတ်ထုကြီးမှာ ကွင်းပြင်ကြီးတစ်ခုလုံး ကြက်ပျံမကျ ရှိနေသည်။

ကွင်းကြီး၏ တောင်ဘက်ခြမ်းတွင် ရခိုင်ပြည်နယ်တွင် နာမည်ကြီး ဇာတ်အဖွဲ့ ဖြစ်သော ''ရတနာသန်းအောင် ဇာတ်သဘင်''အဖွဲ့ကရာ ဇာတ်စင်ကြီးကဟီးနေသည်။ ဇာတ်မင်းသမီး မြင့်မြင့်ဌေးမှာလည်း အဆိုကောင်း အကကောင်းရုံမက ရခိုင်ဗွီဒီယိုသရုပ်ဆောင်မင်းသမီးဖြစ်၍ ပရိသတ်များ စွဲမက်ကြသည်။ ပရိသတ်များမှာ ဖျာနေရာကောင်းကောင်းရရေးအတွက် အလုအယက် တိုးဝှေ့နေကြသည်။

မြောက်ဘက်ခြမ်းမှာတော့ ပွဲတော်ကြီးအား ခိုးမြှောက်ရန်အတွက် ရန်ကုန်ကပင် ခရီးအတန်တန်ကို ဖြတ်ကျော်ပြီးလာခဲ့ကြသော ရုပ်ရှင်နှင့်ဗွီဒီယိုသရုပ်ဆောင် တင့်တင့်ထွန်း၊ အဆိုကျော် စိုးအောင်၊ ရတနာနှင့် မီးမီးခဲတို့၏ စတိတ်ရှိုး။ တင့်တင့်ထွန်း၊ ရတနာနှင့် မီးမီးခဲတို့မှာ ခေတ်အကြိုက်တေးများကို သူတို့ကိုယ်တိုင် မြူးမြူးကြွကြွ ဆိုပြ,ကပြကြရုံမက ပရိသတ်ဘက်ကိုပါ မိုက်ကိုထိုးပေးရာ လူငယ်ထုမှာ တဟေးဟေးဖြင့် လက်ခုပ်သံ တဖြောင်းဖြောင်းတီးကာ အားပေးကြည့်ရှုနေကြသည်မှာ မြိုင်ဆိုင်နေပေသည်။ ပျော်ရွှင်ကြည်နူးစရာကောင်းလှပါဘိ။

http://www.dhammadownload.com

ရခိုင်ပြည်နယ် ဆို၊က၊ ရေး၊တီး ရွှေတံဆိပ်ဆုရှင် အဆိုကျော် ဦးမောင်သိန်း၊ စတီရီယိုအဆိုကျော် မြတ်ခိုင်ကျော်တို့ကလည်း အားကျမခံ၊ စတိတ်ရှိုးစင်မြင့်တွင် အနုပညာစွမ်းအားပြနေကြသည်မှာ ကြည့်မဝရှုမဆုံး နားထောင်၍ မငြီး ဆိုသလို ဖြစ်နေကြသည်။

ဤစတိတ်ရှိုးစင်မြင့်ပေါ်သို့ တက်ပြီး ပွဲတော်ကြီးကို ခီးမြှောက်နေကြသော အနုပညာသမားများအဖိုးအခလက်ခံပြီး ကပြဖြေဖျော်နေကြခြင်းကားမဟုတ်ကြ။ ဗုဒ္ဓဘာသာဝင်များပီပီ မေတ္တာစိတ်သက်သက်ဖြင့် လာရောက်ခီးမြှောက်ကြခြင်းသာဖြစ်သည်။ ကျွန်းစဉ်ဒေသသို့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကို ပဓာန မထားပဲ ခရီးအတန်တန် ဖြတ်ကျော်ပြီး ခက်ခဲပင်ပန်းစွာ လာရောက်ခီးမြှောက်ကြသော အနုပညာသမားတို့၏ စိတ်ဓာတ်မှာ ဂုဏ်ယူစရာကောင်းလှပေသည်။ ခီးကျူး စရာကောင်းလှပေသည်။

ပွဲတော်ကြီးမှာ ကြက်ပုံမကျ စည်ကားလှသော်လည်း စိတ်မချမ်းမြေ့စရာ ပြဿနာ တစ်စုံတစ်ရာမရှိကြ။ ပွဲတော်ကြီးကို ဦးစီးဦးဆောင်မှုပြုပြီး ကျင်းပကြသော ဆရာတော်များ၏ သီလသမာဓိပညာဂုဏ် ကျေးဇူးဂုဏ်တို့ကြောင့်လည်းကောင်း၊ ရဃိကအဖွဲ့ဝင်တို့၏ စနစ်တကျ ကိုင်တွယ်မှုကြောင့်လည်းကောင်း၊ ပွဲတော် ထိန်းသိမ်းရေး ကော်မတီ၏ စည်းကမ်းသေဝပ်မှုကြောင့် လည်းကောင်း ပွဲတော်ကြီးမှာငြိမ်းချမ်းစည်ပင်လှသည်။

၁၃၆၃-ခု၊ တပေါင်းလပြည့်ကျော် (၄)ရက် (၁-၄-၂၀၀၂) နံနက်ပိုင်းတွင်တော့ နေအရောဏ်တက်ချိန်ကပင် တစ်ရွာလုံး လှုပ်လှုပ်ရှားရှားဖြစ်နေကြသည်။ တစ်ရွာလုံး ပြည့်သိပ်နေသော လူထုကြီးသည် သာသနပါလခဏ္ဍ သိမ်တော်ကြီးဆီသို့ ရွှေ့လျားလာနေကြသည်။ တဖြည်းဖြည်း သိမ်တော်ကြီးပတ်ဝန်းကျင်တွင် လူထုပရိသတ်မှာ ပြည့်လျှံနေခဲ့ပေပြီ။

နံနက်(၇)နာရီ(၄၅)မိနစ်အချိန်တွင် ရဟန်းသံဃာတော်များ သာသနပါလ သိမ်တော်တွင်းသို့ ကြွရောက်ကြသည်။ သံဃာတော်များမှာ သိမ်တော်တွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များကို အနေကဇာတင်ပြီး ဗုဒ္ဓါဘိသေက မင်္ဂလာသဘင် ဆင်ယင်ကျင်းပကြသည်။

ဆက်လက်ပြီး စိန်ဖူးတော် ဂုဏ်မြတ်နားတော် ထီးတော်အဆင့်ဆင့် တင်လှူပူဇော်ပွဲကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပကြပြန်သည်။ ဤပွဲစဉ်တွင် အခမ်းအနားမှူးအဖြစ် မြေပုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေး ကော်မတီဝင် ဒေါ်ရီမေ-က ဆောင်ရွက်သည်။

အစီအစဉ်အရ ရွှေထီတော်၊ စိန်ဖူးတော်၊ ဂုဏ်မြတ်နားတော်များကို ပင့်ဆောင်ပြီး သာသနပါလခဏ္ဍသိမ်တော်ကြီးကို လက်ယာရစ်(၃)ပတ်လှည့်လည်ကြသည်။ သိမ်တော်ကို လှည့်လည်စဉ် အောက်ပါအတိုင်းနေရာယူကြရသည်။

(က) သာသနာ့အလံ
(ခ) ကြေးစည်
(ဂ) တရားပွဲ
(ဃ) ပရိတ်ချည်၊ပရိတ်ပန်း၊ ပရိတ်သဲ
(င) မင်္ဂလာစည်တော်အဖွဲ့
(စ) ဒေဝါဝင်း၊ ရာဇာဝင်း
(ဆ) ပန်းပေါက်ပေါက်ကြသည့် အမျိုးသမီးအဖွဲ့
(ဇ) စိန်ဖူးတော်
(ဈ) ဂုဏ်မြတ်နားတော်
(ည) ရွှေထီးတော်အဆင့်ဆင့်

ဒေဝါဝင်းတွင် ငြဟ္မာ၊ သိကြား၊ နတ်၊ နဂါး၊ ဂဠုန်၊ ဂန္ဓာန်၊ ယက္ခ-စသည်တို့ ပါဝင်ပြီး ရာဇာဝင်းတွင် မင်း၊ မိဖုရား၊ မင်းသား၊ မင်းသမီး၊ စစ်သူကြီး၊ပုဏ္ဏားစသည်တို့ ပါဝင်သည်။

သိမ်တော်ကို လက်ျာရစ် (၃)ပတ်လှည့်ပတ်ပြီးသည်နှင့် ရွှေထီးတော် စိန်ဖူးတော် ဂုဏ်မြတ်နားတော်တင်ဆောင်မည့် မင်္ဂလာရထားပျံရှိရာသို့ ပင့်ဆောင်ယူလာကြသည်။ ပရိသတ်များမှာကား ပိတိမနသိကလေးများဝင်စားကာ ကြည့်မဝ ရှုမဆုံး ဖြစ်နေကြပေတော့သည်။ လူပင်လယ်ကြီးများလည်း ကျယ်ပြန့်ရုံမကမြင့်တက်လာခဲ့သည်။

အလိုတော်ပြည့် ဆရာတော်ကြီး ဘဒ္ဒန္တ အရိယဝံသနှင့် ဘဒ္ဒန္တသုစိတ္တာဘိဝံသတို့ ဦးဆောင်ပြီး ထီးတော် ဘုံအဆင့်များကို ပန်းရထားပေါ်သို့ ပင့်ယူတင်ဆောင်ကြသည်။

ရဟန်းသံဃာတော်များနှင့် ပရိသတ်များမှာ မင်္ဂလာ အခါတော်ရောက်ရန်(၃)မိနစ်အတွင်း ရတနာ(၃)ပါးကို ရိုသေစွာ အာရုံပြုပြီး တိတ်ဆိတ် ငြိမ်သက်စွာ နေရာယူနေကြသည်။ အခမ်းအနားမှူးက စက္ကန့်လိုက် မိနစ်လိုက်အချိန်ကို ကြေငြာပေးထားသည်။

http://www.dhammadownload.com

မြန်မာစံတော်ချိန် မင်္ဂလာနံနက်ခင်း(၉)နာရီ (၁၈)မိနစ်၊ (၁၈)စက္ကန့် အချိန်တွင် အခမ်းအနားမှူးက မင်္ဂလာအခါတော်–ဟု ကြွေးကြော်သည်နှင့် တစ်ပြိုင်နက် အသင့်စောင့်ဆိုင်းနေရာယူနေကြသော ပရိသတ်တို့သည် ပန်းရထားကြီးကို တရိတသေ စီတန်းဆွဲတင်ကြတော့သည်။ ရွှေထီးတော် စိန်ဖူးတော် ငှက်မြတ်နားတော်တို့မှာ မင်္ဂလာရထားပျံပေါ်မှ တစ်ဆင့် တစ်ခုပြီးတစ်ခု သာသနပါလခဏ္ဍသိမ်တော်ပေါ်သို့ ရောက်ရှိသွားကြတော့သည်။ အရှင်သုစိတ္တာဘိဝံသမှာ စိန်ဖူးတော်ကို သိမ်တော်အထွတ်အထိပ်သို့ တင်လှူပူဇော်သည်။

ဘုံအဆင့်ဆင့်ကို တင်လှူပူဇော်နေချိန်တွင် မင်္ဂလာစည်တော်အဖွဲ့၏ အောင်စည်တော် တီးခတ်သံ မြန်မာ့ဆိုင်းဝိုင်းကြီးမှ ''ထူးမခြားနား'' သီချင်းခန့် ဆိုင်းသံနှင့် ရခိုင်ရိုးရာအကများဖြင့် မြို့ဆိုင်စွာ ပူဇော်ပသမှု ပြုနေကြသည်။ ဇာတ်မင်းသမီး ဝိဇ္ဇာရွှေ၏ အောင်ခြင်းရှစ်ပါး တေးသံမှာလည်း လေလိုင်းကြား ပျံ့လွင့်နေသည်။

ရွှေထီးတော် စိန်ဖူးတော် ငှက်မြတ်နားတော် တင်လှူအပြီးတွင် ပရိသတ်ကြီးမှာ ''အောင်ပြီ အောင်ပြီ အောင်ပြီ''ဟု သံပြိုင်(၃) ကြိမ် ကြွေးကြော်လိုက်ကြသည်။ ပရိသတ်ကြီးမှာ ဝမ်းသာပီတိ လွန်ကဲပြီး လက်ပန်းပေါက်ခတ်သူခတ်၊ ထကသူကဖြင့် အောင်မြင်မှု ပြယုဂ်များကို ကိုယ်အမူအရာ နှုတ်အမူအရာများဖြင့် ဖော်ကျူးနေကြသည်။

သံဃာတော် အရှင်သူမြတ်များက **'ဇယန္တော ဗောဓိယာ မူလေ'**–ဂါထာတော်ကို (၃)ကြိမ် ရွတ်ဆိုပူဇော်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြသည်။

အခမ်းအနားအပြီးတွင် ဘဒ္ဒန္တသုစိတ္တာဘိဝံသက သိမ်တော်၏ ဘုံအမြင့်မှ ရတနာ ရွှေမိုး ငွေမိုးရွာသွန်းပေးလိုက်သည်။

၁–၄–၂၀၀၂ နေ့ မွန်းလွဲ(၄)နာရီအချိန်တွင် ပြည်တွင်းပြည်ပသာသနာပြု အလိုတော်ပြည့် ဆရာတော်ကြီး ဘဒ္ဒန္တအရိယဝံသ–အား ဂုဏ်ပြုပူဇော်ပွဲကို ဆက်လက်ကျင်းပကြသည်။

အခြေခံပညာအလယ်တန်းဆင့်, အခြေခံပညာအထက်တန်းဆင့် ကျောင်းသူလေးများက ရှစ်လုံးဘွဲ့ကဗျာများ၊ (၃၈) ဖြာမင်္ဂလာကဗျာများဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။ ဓမ္မစကြာဝတ်အသင်းကလည်း ဓမ္မစကြာသုတ်တော်ကို ရွတ်ဖတ်ပူဇော်ကြသည်။

အခမ်းအနားတွင် ရခိုင်ရိုးရာ၊ ချင်းရိုးရာ အကများဖြင့် ကပြပူဇော်ကြသည်။ အခြေခံပညာမူလတန်းဆင့် ကျောင်းသူလေး ''မမြစန္ဒာကျော်''၏ တပင်တိုင်အကဖြင့် ကပြ ဖြေဖျော်ရာ မြင်ရကြားရသူများ အဖို့ နှလုံးစိတ်ဝမ်းချမ်းမြေ့ကြရသည်။

အလိုတော်ပြည့် ဆရာတော်ဘုရားမှ ဩဝါဒကထာ မြွတ်ကြားပြီး၊ ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြသည်။

၁၃၆၃–ခု၊ တပေါင်းလပြည့်ကျော် (၅)ရက်၊ (၂–၄–၂၀၀၂)နေ့တွင် သရက်တောင်ရွာ ဓမ္မာဂီရိတောင်ပေါ်ရှိ (လောကသရဖူသယမ္ဘူစေတီတော်) ရွှေထီးတော်တင် ဗုဒ္ဓါဘိသေကမင်္ဂလာအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

သရက်တောင်ကျေးရွာတွင် မဏ္ဍာဂီရိ၊ သစ္စာဂီရီ၊ ဓမ္မာဂီရိ မည်သော တောင်ထွက် (၃)လုံးစီတန်းစွာ တည်ရှိနေကြသည်။ တောင်ထွတ်(၃)လုံးမှာ သရက်တောင်ရွာပြင်ထက်ကနေ ဟိုအဝေးမှာစိမ်းစိုလာသော တောင်စွယ်များပင်ဖြစ်သည်။ တောင်(၃)လုံးမှာသရက်တောင်ရွာပြင်ထက်ကနေ ဟိုအဝေးမှာစိမ်းစိုမြမြ မြင်နေရသည့် တောတန်းနှင့် လယ်ကွင်း မြစ်ရေဆင်းတို့ကို နှစ်သက်ကြည်နူးစွာ လှမ်းကြည့်နေပုံပင် ဖြစ်သည်။

သရက်တောင်ရွာသားတို့မှာ ဤတောင်ထွက်များကို အလှကြည့်ရုံသက်သက်ကား မထားချေ။ သံသရာစက်ဝန်းထဲတွင် လူဖြစ်လာရ တစ်ခဏ၌ ဒုလ္လဘအဖြစ်ကို အကျိုးရှိစွာ အသုံးချခဲ့ကြသည်။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ ပီပီ သာသနာတော်၏အမွေ ဘုရားတည်ထားကိုးကွယ်ခဲ့ကြသည်။ မြန်မာနိုင်ငံသားတို့မှာ တောင်လှလျှင် ဘုရားတည်ကြသည်ပဲ မဟုတ်ပါလား။

မဏ္ဍာဂီရိတောင်ပေါ်တွင် ပဋိဝေဓသာသနာတော်၏ အမွေအနှစ် စည်ပင်သာယာဘုရားကြီးနှင့် စေတီပုထိုးပေါင်း (၁၉)ဆူ။

သစ္စာဂီရိတောင်ပေါ်တွင် ပြည်စိုးချမ်းသာစေတီတော်တို့ကို တည်ထားကိုးကွယ်ခဲ့ကြသည်။

နံနက်(၇)နာရီတွင် ဆရာတော် သံဃာတော်များအား လောကသရဖူသယမ္ဘူစေတီတော်တည်ရှိရာ ဓမ္မာဂီရိတောင်ပေါ်သို့ ဒေဝါဝင်း ရာဇာဝင်းခင်းလျှက် ပင့်ဆောင်ကြသည်။ တောင်တက်လမ်းဝဲယာတစ်လျှောက်တွင် ရခိုင်ရိုးရာ ကပွဲများဖြင့်လည်းကောင်း၊ စေတီတော်

http://www.dhammadownload.com

အနောက်ဘက်တွင် ဓမ္မစကြာဝတ်အသင်းက ဓမ္မစကြာသုတ်တော်ကို ရွတ်ဖတ်၍လည်းကောင်း၊ အခြေခံပညာအဆင့်ကျောင်းသူလေးများက (၃၈)ဖြာ မင်္ဂလာကဗျာများကို သံပြိုင်သီဆို၍လည်းကောင်း ပူဇော်နေကြသည်။

ဆရာတော် သံဃာတော်များသည် စေတီတော်အား လက်ျာရစ်လှည့်ပတ်ပြီး ပရိဏာမ=ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း စေတီတော်ခြေရင်းတွင် နေရာယူကြသည်။

ထို့နောက် ရွှေထီးတော်ဘုံအဆင့်များ စိန်ဖူးတော်၊ ငွက်မြတ်နားတော်များကို မင်္ဂလာ ရထားပျံပေါ်သို့ ပင့်ဆောင်ကြသည်။ အလိုတော်ပြည့် ဆရာတော်နှင့် အရှင်သုစိတ္တာဘိဝံသတို့ ဦးဆောင်ပြီး ရွှေထီးတော်ဘုံအဆင့်ဆင့်များကို ပန်းရထားပေါ်သို့ တစ်ခုချင်းစီ ပင့်ဆောင်ကြသည်။

မြန်မာစံတော်ချိန် ၇-နာရီ ၅၄-မိနစ် မင်္ဂလာအချိန်အခါတွင် အစီအစဉ်တကျ စောင့်ဆိုင်းနေရာယူကြသော အနယ်နယ်အရပ်ရပ်မှ ဧည့်သည်တော်များ ပါဝင်သည့် ပရိသတ်တို့သည် ပန်းရထားကြိုးကို တရိုတသေ စိတန်းဆွဲငင်ပြီး ရွှေထီးတော်ကို စေတီတော်၏ အထွက်အထိပ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် သံဃာတော် အရှင်သူမြတ်များက **"ဇယန္တော ဗောဓိယာ မူလေ"** အောင်ကြောင်းမင်္ဂလာဂါထာများကို (၃)ကြိမ် တိတိ ရွတ်ဆိုပူဇော်ပြီး အခမ်းအနား ကို ရွတ်သိမ်းလိုက်ကြသည်။

အခမ်းအနားအပြီးတွင် ရတနာ ရွှေမိုးငွေမိုးသွန်းဖြိုးရွာချကြသည်။ ဧည့်ပရိသတ်များမှာ ကသူက ခုန်သူခုန်ဖြင့် ဝမ်းသာမှု ပိတိ ရင်လှိုင်းခတ်သံများကား ဘဝင်ညံခဲ့ပေသည်။

သရက်တောင်ရွာ ဘာသာရေးပွဲတော်ကြီးမှာ ရဟန်းသံဃာချည်းသက်သက် ကျောင်းထိုင်ပုဂ္ဂိုလ်(၁၀၀) ကျော်တို့ ကြွရောက်ပြီးပွဲတော်ကို ချီးမြှောက်ခဲ့ကြသည်။ သရက်တောင်ရွာသားတို့မှာ သံဃာပရိသတ်များ၊ မင်းပရိသတ်များ၊ လူပရိသတ်များကို မလောက်မငှ မရှိစေရ၊ လှူကြတန်းကြ ကျွေးကြမွေးကြသည်မှာ ရွှေပြည်နိုင်ငံမြန်မာပြည်သား ပီသကြပါပေသည်။ ကုန်ခမ်းသည်ဟူ၍ သဘောမထား ပင်ပန်းသည်ဟူ၍ မငြီးငြူကြ။ ဒါန သီလ အရေးမို့ တစ်ဦးနှင့်တစ်ဦး ဖေးဖေးမမ လက်တွဲဆောင်ရွက်ခဲ့ကြသည်။ အားရစရာကောင်းလှပါဘိ။

ဌာနဆိုင်ရာများနှင့် အနုပညာသည်တို့ကိုမူ အထူးဂုဏ်သည်တော်များအဖြစ် သီးခြားစီနေရာချပေးပြီး လိုလေသေးမရှိအောင် ပြုစုကြသည်။ လောကဝတ်ပြုကြသည်။ မည်မျှပင် ပင်ပန်းပါစေ သရက်တောင် ရွာသားတို့၏ မျက်နှာလေး တွေကတော့ ရွှင်လို့ လန်းလို့။

ပွဲတော်ရက် (၃)ရက်အတွင်း နေ့ဆိုနေ့ပွဲ၊ နေ့ဘက်တွင် ဘာသာရေးပွဲတော်အခမ်းအနားများကို ကျင်းပကြသလို၊ မွန်းလွဲပိုင်းရောက်လာလျှင် ရိုးရာကျင်ပွဲကလည်းမလွယ်။ ညဘက်များမှာတော့ စတိတ်ရှိုးစင်မြင့်ရှေ့မှာရော၊ ရတနာသန်းအောင် ဇာတ်သဘင်ပွဲမှာရော ရွှေပွဲလာပရိသတ်များမှာ အထပ်ထပ်။


ဤသို့ပွဲတော်ကြီး ဖြစ်မြောက်လာခဲ့သည်မှာ သရက်တောင် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုနဒ္ဒရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ဩဝါဒ၊ ဘဒ္ဒန္တ သုစိတ္တာဘိဝံသ(ဓမ္မာစရိယတက္ကသိုလ်၊ ရန်ကုန်)၏ လမ်းညွှန်မှု သရက်တောင်ရွာသူ ရွာသားတို့၏ ကာယအားဉာဏ်အားတို့ဖြင့် စေတနာ လုံလ ဥဿာဟစိုက် ထုတ်မှု၊ ရပ်ဝေးရပ်နီး ရဟန်း,ရှင်,လူ စေတနာရှင်များ၏ ပံ့ပိုးကူညီမှု၊ ပွဲတော်ရက်များအတွင်း စေတနာ ပြဋ္ဌာန်းသော စိတ်ဇောမနသိဖြင့် ချီးမြှောက်ကြကုန်သော မင်းစိုးရာဇာ ဌာနဆိုင်ရာများနှင့် အနုပညာ သည်များ၏ ပူးပေါင်းပါဝင် ကုသိုလ်ပြုမှု၊ အထူးဧည့်သည်တော်များအား မလိုခအမြန်ယာဉ်ဖြင့် သယ်ပို့ပေးသော မလိုခ ရေယာဉ်ပိုင်ရှင်၏ စေတနာတို့ကြောင့် ဘာသာရေးပွဲတော်ကြီးကို စည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ခြင်းပင်ဖြစ်ပေသည်။

တစ်နည်းအားဖြင့် ဘဒ္ဒန္တသုစိတ္တာဘိဝံသ (နာယကချုပ်ဆရာတော်၊ ဓမ္မာစရိယတက္ကသိုလ်၊ ရန်ကုန်)၏ သာသနာပြု ပြေးလမ်းတစ်လျှောက်တွင် အထင်ကရစိုက်ထူခဲ့သော ဘာသာရေးဆိုင်ရာမိုင်တိုင်များပင် ဖြစ်ပေသည်ဟု ကမ္ဘည်းတင် ဂုဏ်ပြုလိုက်ရပေသည်။

■ ကျွန်းစဉ်မြေစောဒက်

♦ ♦ ♦

http://www.dhammadownload.com



မြတ်ဆရာသို့ ကန်တော့ပန်း

သုခေသီ (မကိုဇေယျ)

ကျေးဇူးရှင် ဓမ္မဒူတဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ် သာသနာပြုလုပ်ငန်းနှင့်ပတ်သက်၍ မိန့်ခဲ့ဘူးသော စကားတစ်ရပ်ရှိပါသည်။ ''ငါတို့တော့ သက်ရှင်သာသနာဘဲပြုချင်တယ်၊ သက်မဲ့သာသနာမပြုချင်ဘူး။ အရှင်ဘုရားတို့ နောင်အခါ သာသနာပြုကြမယ်ဆိုရင် စာရေး၊ စာချ၊ တရားဟော၊ တရားပြဆောင်ပုဒ်အတိုင်း သက်ရှင်သာသနာပြုကြ။ စာရေးခြင်း တရားဟော တရားပြခြင်းတို့ကို မရေးတတ် မဟောတတ် မပြတတ်ပေမဲ့ ကိုယ်သင်ထားတဲ့ စာပေပရိယတ္တိကို ပြန်ချတတ်ရမယ်၊ စာသင်စာချတဲ့လုပ်ငန်းဟာ သာသနာအဓွန့်ရှည်ရေးအတွက် မူလပဓာနဖြစ်တယ်။ သင်လည်း သင်၊ ကျင့်လည်း ကျင့်ကြ''ဟု မိန့်တော်မူခဲ့ပါသည်။

သာသနာပြုလုပ်ငန်းနှင့် ပတ်သက်၍ သာသနာပြုလိုသော ရဟန်းရှင်လူ ခပ်သိမ်းသော သူတို့သည်

၁။ သာသနာ
၂။ သာသနာ့တာဝန်
၃။ သာသနာ့ဝန်ထမ်း
၄။ သာသနာ့ပစ္စည်း

၅။ သာသနာ့တံခွန်ဟူသော အကြောင်းတရားတို့ကို သိနားလည်ထားရပေမည်။

''အကုသိုလ်မှု၊ မပြုရှောင်ခွာ
ကုသိုလ်တရား၊ ကြိုးစားစုံစွာ
မိမိစိတ်ရင်း၊ ပွတ်ဝင်းဖြူစွာ
ဤသုံးပါး၊ ဘုရားသာသနာ'' လက်ံဆောင်ပုဒ်အရ အကုသိုလ်မပြုခြင်း၊ ကုသိုလ်တရားများကို စုံလင်စွာကြိုးစား၍ပြုခြင်း၊ မိမိစိတ်ကို ပွတ်သစ်စခရုသင်းကဲ့သို့ ဖြူစင်အောင်ထားခြင်းဟူသော အဆူဆူသော ဘုရားရှင်တို့၏ အဆုံးအမများသည် သာသနာမည်ပါသည်။

သာသနာ့တာဝန်မှာ ဂန္ထဓုရ, ဝိပဿနာဓုရဟူ၍ နှစ်ရပ်ရှိပါသည်။ ထိုတာဝန်နှစ်ရပ်ကို ထမ်းဆောင်နေကြသော ဆရာတော် သံဃာတော်များနှင့် ရှင်ငယ်ရဟန်းငယ်တို့သည် သာသနာ့ဝန်ထမ်းများဖြစ်ကြပါသည်။ ကျောင်းသက်နှံးဆွမ်းဆေးစသော လေးပါးသော သုံးဆောင်ဖွယ်တို့သည် သာသနာ့ပစ္စည်းများ ဖြစ်ကြပါသည်။ လူအများကြည်ညိုကိုးကွယ်နိုင်ရန်တည်ထားသော ဘုရားစေတီပုထိုးများသည် သာသနာ့တံခွန်များ ဖြစ်ကြပါသည်။

http://www.dhammadownload.com

ယခုခေတ် သာသနာပြုပုဂ္ဂိုလ်ဟု အမည်ခံကြသော ရဟန်းရှင်လူအချို့သည် မိမိတို့နေထိုင်ရာ တိုင်း၊ ပြည်နယ်၊ မြို့နယ်၊ ကျေးရွာ အသီးသီးတို့၌ ဘုရားစေတီပုထိုးများအသစ်တည်ခြင်း၊ ဘုရားဟောင်းစေတီပုထိုးဟောင်းများကို အသစ်ပြန်လည်ပြုပြင်ခြင်းဖြင့် သာသနာပြုပုဂ္ဂိုလ်များဟု အမည်ခံနေကြပါသည်။ ထို ဘုရားစေတီပုထိုးများသည် ကုသိုလ်တရား အကုသိုလ်တရားတို့ကို ခွဲခြား၍ မဟောကြားနိုင်ပါ။ ထိုသို့ ခွဲခြား၍ မဟောကြားနိုင်သောကြောင့် ဘုရားစေတီပုထိုးများကို တည်ထားကိုးကွယ်ခြင်းသည် ကုသိုလ်ရပါသော်လည်း သာသနာတည်တံ့စည်ပင်ပြန့်ပွားရေးအတွက် အကျိုးမများပါချေ။

နဟိ ဓမ္မော အဓမ္မောစ၊
ဥဘော သမဝိပါကိနော။
အဓမ္မော နိရယံ နေတိ၊
ဓမ္မော ပါပေတိ သုဂ္ဂတိ– ဟူသောဂါထာအရ ဓမ္မ အဓမ္မနှစ်ပါးသည် တူညီသောအကျိုးပေးခြင်းမရှိ၊ အဓမ္မသည် ငရဲသို့ဆောင်ပြီး၊ ဓမ္မသည် သုဂတိဘဝသို့ ရောက် စေပါသည်။ ထိုကုသိုလ်ဓမ္မနှင့် အကုသိုလ်ဓမ္မတို့ အကျိုးပေးခြင်း မတူညီပုံကို တရားဟော တရားပြ ဆရာတော်များ စာသင်စာချဆရာတော်များတို့က မိမိတို့၏ ဒကာ/ဒကာမများ တပည့်သားတို့အား ဟောဖော်ညွှန်ပြ ဆိုဆုံးမကြပါသည်။ ဆိုဆုံးမသည့် အတိုင်း လိုက်နာကျင့်သုံးကြသော ပုဂ္ဂိုလ်များသည် ''**ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ**'' ဒေသနာနှင့်အညီ အကျိုးတရားများကို ခံစားကြရပါသည်။

''**မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား**''ဟု တရားဟောပြ စာပေသင်ကြားပို့ချသော ဆရာတော်များသည် သက်ရှိပုဂ္ဂိုလ်များကို ဆိုဆုံးမနေကြသောကြောင့် သက်ရှင်သာသနာပြုပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ ဘုရားရုပ်ပွားတော် စေတီပုထိုးများသည် အမှားအမှန် အကောင်းအဆိုး အကြောင်းအကျိုးတို့ကို ခွဲခြား၍ သိနိုင်ရန် ဟောပြောပြသနိုင်ခြင်း မရှိပါ။ ထို့ကြောင့် ဘုရားစေတီ ပုထိုးများ တည်ထားကိုးကွယ်ကာ သာသနာပြုနေကြသော ပုဂ္ဂိုလ်များသည် သက်မဲ့သာသနာပြုပုဂ္ဂိုလ်များသာ ဖြစ်ပါသည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ပင် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူ၍ သာသနာတော်ကြီးသုံးရပ်ရှိခဲ့ပါသည်။ ပရိယတ္တိ သည် သင်သာသနာ၊ ပဋိပတ္တိသည် ကျင့်သာသနာ၊ ပဋိဝေဓသည် ထိုးထွင်းသိသာသနာ ဖြစ်ပါသည်။ ထိုသာသနာသုံးရပ် တည်တံ့ခိုင်မြဲရန် သက်ရှိထင်ရှား ရဟန်းရှင်လူများသာ ထမ်းဆောင်နိုင်ပါသည်။ သက်မဲ့ဖြစ်သော ဘုရားစေတီပုထိုးများက သာသနာတည်တံ့ရန် သာသနာ့တာဝန်ကို မထမ်းဆောင်နိုင်ပါချေ။ ထို့ကြောင့် သက်ရှိသာသနာနှင့် သက်မဲ့သာသနာနှစ်ရပ်တွင် သက်ရှင် သာသနာသည်သာ သာသနာစည်ပင်ပြန့်ပွားရေးအတွက် အကျိုးကြီးများလှပါသည်။

ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်သုံးရပ်တွင် ပရိယတ္တိသာသနာသည် ရေကန်၏ ကန်ဘောင်ရိုးနှင့်တူပါသည်။ ရေသည် ပဋိပတ်သာသနာနှင့် တူပါသည်။ ကြာသည် ပဋိဝေဓသာသနာနှင့် တူပါသည်။ ပရိယတ်ကန်ဘောင်ရိုး ခိုင်ခံ့မှသာ ရေများစွာ တည်တံ့ပြီး ထိုရေကြောင့် ကြာမျိုးစုံ ဖြစ်လာနိုင်, ပွင့်လာနိုင်ပေမည်။ ကန်ဘောင်ရိုး မခိုင်ခံ့လျှင် ရေလည်း မတည်နိုင်၊ ကြာလည်း မပွင့်နိုင်၊ သို့ဖြစ်ပါ၍ ကြာမျိုးပေါင်းစုံ လန်းလန်းဆန်းဆန်း စွင့်စွင့်ကားကား၊ ဖူးပွင့်နိုင်ရန် ပရိယတ်ကန်ဘောင်ရိုး ခိုင်ခံ့ကောင်းမွန်ရပေမည်။

ပရိယတ္တိသာသနာတည်းဟူသော ဗုဒ္ဓပါဝစနတရားတော်များ မပျောက်မပျက်ဆက်လက်တည်တံ့စေရန် တာဝန်သိ,တာဝန်ရှိသော ပရိယတ္တိဝန်ဆောင် ဆရာတော်သံဃာတော်များ ရှင်ငယ်ရဟန်းငယ်များတို့သည် ဆရာအဆက်ဆက် တပည့်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြပါသည်။ ထိုပရိယတ္တိဝန်ဆောင် ဆရာတော်များအနက် ရန်ကုန်တိုင်း ဒဂုံဆိပ်ကမ်းမြို့နယ်၊ စစ်တောင်းလမ်းမအနီးရှိ အလိုတော်ပြည့် ဓမ္မာစရိယ တက္ကသိုလ် နာယကချုပ်ဆရာတော်သည် သာသနာတော် အရှည်စည်ပင်ပြန့်ပွားရေးအတွက် ပရိယတ္တိသာသနာ့တာဝန်ကို ပဓာနထား၍ ထမ်းဆောင်နေသော ဆရာတော်တစ်ပါး ဖြစ်ပါသည်။

ဓမ္မာစရိယတက္ကသိုလ် နာယကချုပ်ဆရာတော်သည် မန္တလေးရတနာပုံနေပြည်တော်မှ ရန်ကုန်ရွှေမြို့တော်သို့ ၁၃၆၁–ခုနှစ်တွင် ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့ပါသည်။ မန္တလေးမှ ပြောင်းရွှေ့လာသည့်နှစ်မှစ၍ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်ရှိ အောင်မြေဖေခမဲ့ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ နွေရာသီဓမ္မာစရိယသင်တန်းကို ဖွင့်လှစ်ခဲ့ပါသည်။ ထိုအောင်မြေဖေခမဲ့ရိပ်သာ အလိုတော်ပြည့်ကျောင်း၌ ၁၃၆၁–ခုနှစ်မှစ၍ ၁၃၆၆–ခုနှစ်


http://www.dhammadownload.com

ထိ ခြောက်နှစ်တိုင်တိုင် နွေရာသီဓမ္မာစရိယသင်တန်းကို အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့ပါသည်။ ၁၃၆၆–ခုနှစ် မိုးစာဝါမှ စတင်၍ ယခုနှစ်တိုင်အောင် နွေစာဝါ, မိုးစာဝါများကို အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်၌ သင်ကြားပို့ချပေးလျက်ရှိပါသည်။

အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်ဟု အမည်ကင်ပွန်းတပ်ထားပါသော်လည်း တက္ကသိုလ်စတင်ဖွင့်သည့်နှစ်တွင် သစ်တစ်ပင် ဝါးတစ်ပင်မျှ မရှိသေး၊ လွင်တီးခေါင်ကွင်းပြင်ကြီး၌ စာသင်သားများ သီတင်းသုံးရန်နှင့် စာဝါတက်ရန် သုံးထပ်ကျောင်းဆောင်အဆောက်အဦး၊ ဆရာတော်စံကျောင်း၊ ဆွမ်းစားကျောင်းများမှာ ရှိပြီးဖြစ်၍ တက္ကသိုလ်ကျောင်းတော်ကြီးကို အိုအေစစ်လေလား၊ သဲကန္တာရလေလား၊ မည်သို့ အမည်ပေးရမည်ကို မဝေခွဲနိုင်ပါချေ။ အလွန်ပူပြင်းလှသည့် တန်ခူး,ကဆုန်လများ၌ ရထားတစ်တန်၊ ကားတစ်မျိုး၊ ခြေလျင်တစ်ဖုံ နည်းမျိုးစုံစွာဖြင့် တက္ကသိုလ်ကျောင်းတော်ကြီးသို့ လာရောက်၍ ဓမ္မာစရိယသင်တန်းကို တက်ရောက်ကြရပါသည်။

နွေလ၏ အပူခသည့်ဒဏ်ကို မမှုအား၊ ဝေးလံလှသည့် ဓမ္မာစရိယတက္ကသိုလ်သို့ အရပ်အသီးသီးမှ စာသင်သားများ လာရောက်၍ ပညာရင်ခွဲသောက်စို့ကြသည်မှာ ဆရာတော်၏ စာပေပို့ချမှု ကောင်းမွန်၍ ဖြစ်ပါသည်။ စာရေးသူကိုယ်တိုင် အသက်ငါးဆယ်ကျော်ပြီး ခြောက်နှစ်တွင်း ဝင်ကာမှ ဆရာတော်ဘုရား၏ စာဝါပို့ချပုံ၊ ဖွဲ့လုံ့လရှိပုံ၊ စေတနာထားပုံတို့ကို သဘောကျနှစ်ခြိုက်၍ ၁၃၆၆–၁၃၆၇–ခုနှစ် (၂)နှစ်တိုင်တိုင် ဆရာတော်ဘုရား၏ ခြေတော်ရင်း၌ ဓမ္မာစရိယသင်တန်းကို တက်ရောက်ခဲ့ပါသည်။ လျှို့မြောင်စိမ့်စမ်း၊ တောတန်းတစ်သွယ်၊ တောင်စွယ်တစ်ဖြာ၊ လွန်သာယာသည့် ဓမ္မဇုတမည်တွင်၊ တောတခွင်၌၊ သီတင်းသုံးနေထိုင်ကြသည့် စာရေးသူတို့အဖို့ လူပြီးရေထူထပ်၊ မြူမှုန်ညစ်ပတ်၊ ပူအိုက်လှ၍၊ ကိုက်သည့်ခွေခြင်၊ မှက်ယင်ပေါသည့်၊ မည်ရှိခေါ်တုံမြို့ရန်ကုန်၌၊သီတင်းသုံးရသည်မှာ နှလုံးစိတ်ဝမ်း အေးချမ်းမှု မရရှိခဲ့ပေ။

ပိတောက်ရွှေရည်လူး နှစ်သစ်ကူးပြီးသည့် နွေသမယ, နွေအခါ, နွေစာဝါ၌ ဆရာတော်သည် မိမိသီတင်းသုံးရာ စံကျောင်းတော်မှ သင်တန်းပို့ချရာခန်းမဆောင်ဆီသို့ မွန်းလွဲ (၁)နာရီ အပူဒဏ်ကို သည်းခံသောအား ခွေးသုတ်ပုဝါအလတ်စားကို ခေါင်းပေါ်တင်၍



ကြွလာတော်မူပြီး စာဝါပို့ချစဉ် စာသင်သားများ စာအုပ်တဖျတ်ဖျတ်နှင့် ယပ်ခပ်နေကြရပါသည်။ နွေကုန် မိုးကူးဝသန္တရာသီဦးသို့ ရောက်ပြန်လျင်လည်း မိုးထဲလေထဲထီးကိုဆွဲ၍ အချိန်မှီသင်တန်းပို့ချရာ ခန်းမဆောင်ဆီသို့ ကြွလာ၍ စာဝါပို့ချတော်မူပါသည်။ နေပူဒဏ် မိုးဒဏ် လေဒဏ်တို့ကို အလေးမမှုဂရုမပြုဘဲ စာသင်သားများ ပညာတတ်မြောက်ရေးအတွက် တက်တက်ကြွကြွ လှုပ်ရှားနေသည့် ဆရာတော်ဘုရား၏ ပုံဟန်သွင်ပြင်များကို တွေ့မြင် ဖူးမျှော်ရသည့်အခါ နှလုံးစိတ်ဝမ်း ပင်ပန်းနွမ်းနယ်မှုတွေပျောက်ပြီး ဆရာ့နည်းတူ သဒ္ဓါဖြူစွာ စာဝါလိုက်လိုသော စိတ်ဓါတ်များ တဖွားဖွား ဖြစ်ပွားလာပြန်သည်။

ဆရာတော်သည် တစ်နေ့လျှင် စာဝါနှစ်ကြိမ် ပို့ချပါသည်။ စာပေများကို အလွယ်တကူ တတ်မြောက်စေရန် စနစ်မျိုးစုံဖြင့် ပို့ချပေးပါသည်။ ပါဠိ အဋ္ဌကထာ, ဋီကာများကို နှိုင်းယှဉ်၍ ကြည့်ရှုတတ်ရန် နည်းလမ်းများ ညွှန်ပြပေးပါသည်။ ဂန္ထ ဓုရခေါ် စာပေသင်ကြားပို့ချခြင်း လုပ်ငန်းကို အဓိကထား၍ ဆောင်ရွက်နေပါသော်လည်း လောကရေး ဓမ္မရေးတို့၌ တပည့်များ လိမ္မာရေးခြားရှိစေရန် စာချရင်း လက်ာဆောင်ပုဒ်များဖြင့် ဆုံးမစကား မိန့်ကြားလေ့ရှိပါသည်။ ဖန်ရည်ဆိုး သက်နံ့ဝတ်ခြင်း၊

http://www.dhammadownload.com

ဦးပြည်ခေါင်းတုံးခြင်းဖြင့် ရဟန်းအမည်တွင်၍ ရဟန်းလို့ ခေါ်နိုင်ပါသည်။ ရဟန်းမည်ပါသော်လည်း အတတ်ပညာမရှိ၊ သီလကင်းမဲ့၊ အတွင်းမနောကဆိုးလျှင် အကျိုးတစိမ္မမရှိ၊ အမည်ခံ ရဟန်းမဟုတ် မြတ်ရှင်ဗုဒ္ဓအလိုတော်ကျ ရွှေရင်တော်နှစ်သားစင်စစ်ဖြစ်အောင် ကြိုးစားစေလိုကြောင်းကို ''ရဟန်း ရဟန်း၊ မည်ပြဋ္ဌာန်းလျက်၊ ရဟန်းဟူလစ်၊ ခေါ်ရာဖြစ်ရံ၊ စနစ်ခေါက်ကျိုး၊ သလင်းပိုး လျက်၊ ချုပ်ရိုးခန်းခန်း၊ ဖန်ရည်စွန်းသား၊ သက်နိုးဝါဝါ၊ ဦးပြည်ကာဖြင့်၊ ပညာကင်းပ၊ ဒုစ္စာရနှင့်၊ သီလမဲ့မျိုး၊ အတွင်းဆိုးကား၊ အကျိုးတရှိ၊ ဘယ်မှာရှိလိမ့်''ဟူသော မဃဒေဝလင်္ကာဖြင့် ဆိုဆုံးမခဲ့ပါသည်။

ဂန္ဓဝရ, ဝိပဿနာဝရ နှစ်ရပ်အနက် တစ်ရပ်ရပ်ကိုမျှ မထမ်းဆောင်ဘဲ စားကာအိပ်ကာ ရေချိုးကာဖြင့် အချိန်ကုန်နေကြပါလျှင် သာသနာအတွက်လည်း အကျိုးမရှိ၊ လူချမ်းသာစည်းစိမ်လည်း မခံစား၊ ရဟန်းချမ်းသာလည်း မခံစားရဘဲ ခေါင်းတုံးသာ အဖတ်တင်မည့်အကြောင်းကို ''ကာမဘောဂါ၊ လူချမ်းသာလည်း၊ ကင်းကွာဝေးစွ၊ သမဏ၏၊ သုခလည်းရှိ၊ နှစ်ကျိုးဆုံးလျက်၊ ခေါင်းတုံးသာလျှင်၊ အဖတ်တင်ခဲ့၊ ရှင်ပင်ပြုထ၊ ကျိုးမလှတည်း''ဟု ဆုံးမခဲ့ပါသည်။ ဆရာတော်၏ ဩဝါဒများ များစွာရှိသည့်အနက် စာရေးသူ နှစ်သက်၍ မှတ်မိသော ဩဝါဒများကိုသာ ရေးသားရခြင်း ဖြစ်ပါသည်။

တပည့်ရှင်, ရဟန်း, ပရိသတ်ခြံရံထားသော ပရိယတ္တိဆရာတော်သည် ဒကာ+ဒကာမများနှင့် နီးစပ်မှုမရှိ၊ နီးစပ်မှုရှိအောင်လည်း မကြိုးစား၊ ဒကာ+ဒကာမများနှင့် နီးစပ်မှုမရှိပုံကို ''ငါတို့ မန္တလေး မစိုးရိမ်တိုက်သစ်မှာ စာဝါချခဲ့တာ နှစ်ပေါင်း (၂၀)ကျော်တယ်။ ဒါပေမဲ့ စိန်ပန်းရပ်မှာ လမ်းလျှောက်သွားလို့ ငါ့ကို မစိုးရိမ်တိုက်သစ်က နာယကစာချလို့ ဘယ်သူမှ မသိခဲ့ကြဘူး'' ဆိုသည့် စာဝါချစဉ် ကိုယ်တော်တိုင်မိန့်သည့် စကားရပ်က သက်သေခံလျက်ရှိပါသည်။ ဒကာ/ဒကာမများနှင့် နီးစပ်မှုမရှိသောကြောင့် ပစ္စည်းလေးပါး ရှားပါးပါသည်။ ပစ္စည်းလေးပါး ရှားပါးပါသော်လည်း ပရိယတ်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသောကြောင့် ဆရာမြတ်၏ ဂုဏ်သတင်းသည် တစ်နှစ်ထက်တစ်နှစ် သင်း,သင်းလာပါသည်။

ပရိယတ်ဝန်ဆောင် ဆရာတော်များသည် ဆင်းရဲပင်ပန်းမှုဒဏ်ကို မမှုဘဲ ယုံကြည်သောသဒ္ဓါ၊ ခိုင်မာသော ဇွဲဝီရိယ၊ တိကျပြတ်သားသော ခံယူချက်တို့ဖြင့် သာသနာ့တာဝန်ကို အဆင့်ဆင့် လက်ကမ်းလာကြသဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း ၂၅၅၀ တိုင်သည့် ယနေ့ထိအောင် သာသနာတော်ကို မြင်ရတွေ့ရကြည်ညိုနေရခြင်း ဖြစ်ပါသည်။ ပရိယတ္တိဝန်ဆောင် ဆရာတော်များ၏ ကျေးဇူးကား ကြီးမားလှပေစွ၊ တို့ကြောင့်ပင် ဘုရားရှင်သည် ''ချစ်သားစုန္ဒ၊ ပရိယတ္တိဗဟုသုတရှိသော ရဟန်းသည် သင်တို့ တပည့်သာဝကမဟုတ်၊ ငါဘုရားရဲ့ အရာမှာတည်တဲ့၊ သင်တို့၏ ဆရာဗုဒ္ဓဖြစ်တယ်''လို့ မိန့်တော်မူကာ ပရိယတ္တိဝန်ဆောင် ရဟန်းများကို ချီးမြှောက်ခဲ့ပါသည်။

ပရိယတ္တိစာပေ သင်ယူပို့ချနေကြသော စာချစာသင်ရှင်ရဟန်းများကို အချို့ အချို့သော ဒကာ/ဒကာမများက ''ဒီကိုယ်တော်တွေ တရားအလုပ်တော့ မလုပ်ဘူး၊ စာဘဲ သင်နေ ကျက်နေ ချနေကြတယ်လို့'' ပြောဆို အပြစ်တင်တတ်ကြပါသည်၊ တရားအလုပ်အားထုတ်ခြင်းသည် မိမိကိုယ်တွင်းသန္တာန်၌ ကိလေသာခေါင်းပါး၍ ကုန်ဆုံးသွားရန်အတွက် ဖြစ်ပါသည်။ လောဘ၊ ဒေါသ၊ မောဟ အစရှိသော ကိလေသာများကို

၁။ ပြုကျင့်အပ်သောဝတ်ကိုဖြည့်ကျင့်ခြင်း။
၂။ ကျမ်းဂန်ကို သင်ကြားပို့ချခြင်း။
၃။ ဓုတင်ကို ဆောင်ခြင်း။
၄။ သမာဓိကို ဖြစ်စေခြင်း။
၅။ ဝိပဿနာကိုတိုးပွားစေခြင်း။
၆။ အမှုသစ်ကိုပြုလုပ်ခြင်းအစွမ်းအားဖြင့် ပယ်ခွာ နိုင်ပါသည်။

ပရိယတ္တိဝန်ဆောင် ဆရာတော်များသည် စာပေကျမ်းဂန်ကို သင်ကြားပို့ချခြင်းဖြင့် ကိလေသာများကို ပယ်ခွာထားကြပါသည်။ ကိလေသာမှဝေးသော ကိလေသာမရှိသော ပုဂ္ဂိုလ်များကို အရိယာဟုခေါ်ဆိုသဖြင့် စာသင်စာချနေကြသော အခိုက်အတန့် ကိလေသာမှဝေးသော ကိလေသာမရှိသော ပရိယတ်ဝန်ဆောင်ရှင်ရဟန်း ဆရာတော်သံဃာတော်များကို အရိယာနွယ်ဝင်ဟု ခေါ်ဆိုနိုင်ပေသည်။

စစ်ကိုင်းမြို့ မြစကြဲဘုရားတော်ဘုရားက ''စာဝါသင်ကြားပို့ချပြီး၍ စာချဆောင်မှ ဆင်းလာသည့် အခိုက် စာချဆရာတော် စာသင်သားရဟန်းများကို လှူဒါန်းလျှင် သိမ်ဆင်းလောင်းသကဲ့သို့ အကျိုးကြီးကြောင်း ထိုအချိန်တွင် စာချဆရာတော်နှင့် စာသင်သားများ သည်

http://www.dhammadownload.com

ဓမ္မစာပေ အာရုံတစ်ခုမှလွဲ၍ အခြားအာရုံမရှိသောကြောင့် အသွန်စင်ကြယ်ကြောင်း'' တရားပွဲများ၌ ထည့်သွင်း ဟောကြားခဲ့ပါသည်။

ကျမ်းပြုအကျော် မဟာဂန္ဓာရုံ ဆရာတော်သည် လည်း. . .

- စာချစာသင်၊ အလုပ်ခွင်ဝယ်၊ နေ့စဉ်မွေ့လျော်၊ များသူတော်တို့၊ ရွှင်ပျော်လို့လ၊ သဒ္ဓါကြွ၍၊ ဉာဏ်စင်ဖြူ၊ သင်ချမူကား ။
- ထိုသူစီးပွား၊ သုတများသဖြင့် စဉ်းစားဉာဏ်ကြွယ်၊ အမြင်ကျယ်၏။
- မကွယ်စေကာ၊ ကိလေသာလည်း၊ သူငါရှုနှိုက်ခြမ်း၊ ဖြစ်စတမ်းသို့၊ ဗရမ်းပတာ၊ မဖြစ်လာဘဲ၊ ကုသာ မစ္ဆေရ၊ မထကြွဘူး။
- ရာဂဒေါသော၊ မာန,မောတို့၊ အပြောမကျယ်၊ သေးငယ်ငယ်မှ၊ စၦိပဟာန်၊ တဒင်္ဂနိုးတည်း၊ ဝိက္ခမ္ဘန၊ ပယ်နိုင်ကြသည်၊ သင်,ချအကျိုး၊ စာတန်ခိုးတည်း

ဟု စာသင်စာချခြင်း ကိလေသာပယ်နိုင်ပုံကို ကဗျာစပ်ဖွဲ့ သီကုံးခဲ့ပါသည်။

ဓမ္မစရိယတက္ကသိုလ် နာယကချုပ်ဆရာတော်သည် သာသနာတော်တည်တံ့စည်ပင် ပြန့်ပွားရေးအတွက် ပရိယတ္တိသာသနာသည်သာ အဓိကကျကြောင်း ခံယူထားသဖြင့် ''ဘယ်သူတွေ ဘာပြောပြော ငါတို့တော့ ခုအချိန် နွားကျောင်းသားအဖြစ် ခံယူပြီး ပရိယတ္တိဝန်ကို ဆောင်မယ်''ဟု စာဝါချရင်း မိန့်လေ့ရှိပါသည်။ ဆရာတော်၏ မိန့်ကြားချက်ကို ကြားရသည့်အခါတိုင်း စာရေးသူအဖို့ အမျိုးအမည်မသိသော ဝေဒနာတစ်ရပ်ဖြစ် ဖြစ်သွားပါသည်။ အဘယ်ကြောင့် ဤကဲ့သို့ မိန့်ရပါသနည်း၊ အကြောင်းကား အဘယ်နည်း. . . စသည်ဖြင့် မေးခွန်းများစွာ ပေါ်ထွက်လာပါသည်။ အဖြေကား မပေါ်လာပါ။ နောင်သောအခါ ၁၃၆၅-ခုနှစ် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်၌ သီတင်းသုံးတော်မူသော သက္ကသီဟဘွဲ့ရ အရှင်မြတ်၊ ဓမ္မာစရိယကျမ်းပြီးအရှင်မြတ်တို့၏ ဂုဏ်ဝိသိဋ္ဌပူဇာစာစောင်၌ ဥယျာဉ်မှူး(တက္ကသိုလ်)၏ ''နွားကျောင်းသားတို့၏ ရင်ဖွင့်သံ''ဆောင်းပါးကို ဖတ်ရှုပြီးမှ ဆရာတော်ဘုရား၏ မိန့်ဆိုချက် အဖြေမှန်ကို သိရှိရပါတော့သည်။

''ပရိယတ္တိ အာသယော မယုံ၊ ပရိယတ္တိ မမ ဂေါစရော''ဟု တစ်ခုတည်းသော အာရုံရှိသော ဆရာတော်သည် ပရိယတ်သာသနာသည်သာလျှင် သာသနာသုံးရပ်၌ ပဓာနမူလကျသည်ဟု အပြည့်အဝခံယူထားပါသည်။ တိကျပြတ်သားသော ခံယူချက်ဖွဲ့လုံ့လဝီရိယ သဒ္ဓါတရားပြည့်စုံစွာဖြင့် သာသနာအရှည် တည့်တံ့ပြန့်ပွားစေရန် ခိုင်မာသော အဓိဋ္ဌာန်ချက်ချမှတ်၍ ပရိယတ္တိဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

''ဥယျာဉ်မှူး၏အဓိဋ္ဌာန်''

- ပရိယတ်ဆိုတာ သာသနာအသက်မို့၊ ရေရှည် ဆက်လက်တည်ဖို့ရည်။
- သစ်ပင်နွားသော် အမြစ်ဘဲမို့၊ အရင်းလဲတော့ ထင်းဖြစ်မည်။
- ပရိယတ်ကန်ဘောင်အခြေခိုင်မှ၊ ရေကြည် ရေပေါက် တည်လိမ့်မည်။
- သာသနာအရှည်မျှော်ကာတွေးလို့၊ ဓမ္မာစရိယ သင်တန်း ဖွင့်ခဲ့သည်။
- ပရိယတ်တန်ခိုး လွှမ်းကာမို့။ အဖိုးတန်လှသည်။
- အဲဒါကြောင့် ငါတို့ကြိုးပမ်း၊ ဝန်ကိုထမ်းလက် ဆင့်ကမ်း ပါမည်။

''ယထာဝါဒီ၊ တထာကာရီ၊ ယထာကာရီ၊ တထာဝါဒီ'' ဆောင်ပုဒ်ကဲ့သို့ ပြောသည့်အတိုင်း လုပ်၍ လုပ်သည့်အတိုင်းပြောသော ဓမ္မာစရိယတက္ကသိုလ် နာယကချုပ်ဆရာတော်သည် ပရိယတ္တိသာသနာတာဝန်ကို ရွေးကလည်း ထမ်းခဲ့ပြီးပြီ၊ အခုလည်း ထမ်းဆဲ၊ နောင်ကိုလည်း ထမ်းလိမ့်ဦးမည်ဟု အကြွင်းမဲ့ယုံကြည်လျက် ကျေးဇူးတော်ဆရာသခင်အား

''ပရိယတ်သမား၊ နွားကျောင်းသားဟု၊
ပမာန်ဦးတု၊ ပြောဆိုမှုကို
ဂရုမပြု၊ စေတနာစုနှင့်
စေဒသေချာ၊ ပို့ချပါသည်၊
ပရိယတ်အကျော်၊ ဆရာတော်''ဟု စာဖွဲ့ကာ ခြေတော်အစုံကို ဦးတိုက်လျက် ကန်တော့ပန်း ဆက်သလိုက်ပါသည်။

သုခေသီ (မဏိဇေယျ)

♦ ♦ ♦

http://www.dhammadownload.com



ရှာပုံတော်မင်းသားကြီးလုပ်ကြည့်ခြင်း



အရှင်ပညာသာရာဘိဝံသ (သ-စ-အ၊ ပါဠိပါရဂူ)

မင်းသားကြီးတစ်ယောက်အဖို့ကြင်ယာတော် ပျောက်ဆုံးနေခြင်းထက် ပူပန်သောကရောက်ရသောအ ဖြစ်မျိုးမရှိနိုင်။ ပျောက်နေသောကြင်ယာတော်ကို ရှာဖွေ မတွေ့ခဲ့ပါမူမင်းသားကြီးခမျာ ရူးသွားမှာ သေချာသ လောက်ဖြစ်သည်မို့ မင်းသားကြီး ကိုယ်တိုင်ရော, နီးစပ်သူ အားလုံး တို့ပါရှာပုံတော် ဖွင့်ကြရသည်။ ကာမဘောဂီ လောကီလူထား မင်းသားကြီးအတွက် ကြင်ယာတော်သည် အရေးအကြီးဆုံးဖြစ်သဖြင့် အရေးတကြီးရှာဖွေခြင်းဟု နားလည်နိုင်ပါသည်။

ဤစာကိုရေးသောအချိန်အခါသည်ကထိန် ခေတ် ကထိန်ရာသီဖြစ်သည်။ တန်ဆောင်မုန်းလ၏ လဆန်းပက္ခရက်များဖြစ်ပါသည်။ ကထိန်ခင်းရန်ကိစ္စ သည် ဘဒ္ဒဝဂ္ဂိညီနောင်သုံးကျိပ်အကြောင်းပြု၍ ခွင့်ပြုတော်မူ သောကိစ္စဖြစ်သည်။ သူတို့ညီနောင်သုံးကျိပ်သည်ပင် ရဟန်းမပြုမီကရှာပုံတော်မင်းသားကြီးများ ဖြစ်ခဲ့ကြ သည်ကိုလည်းသတိရမိပါသေးသည်။

မင်းသားသုံးကျိပ်တို့တွင် နှစ်ဆယ်ကိုးယောက် တို့မှာကိုယ်ပိုင်ဇနီးမယားကြင်ယာတော်များ ကိုယ်စီရှိကြ သော်လည်း မင်းသားတစ်ယောက်မှာကား ထိုကဲ့သို့ ကိုယ် ပိုင်ဇနီးမယားကြင်ယာတော်မရှိသေး။ ထိုသို့မရှိသော် လည်းကိစ္စမရှိ၊ သူ့အတွက်အငှားမယား(ပြည့်တန်ဆာမ) တစ်ယောက်ကို ခေါ်ဆောင်လျက် သူတို့အားလုံး ဇနီးမ ယားကိုယ်စီဖြင့် ပျော်ပွဲစားရန် မြို့ပြင်သို့ထွက်ခဲ့ကြသည်။ တောတွင်းတစ်နေရာ၌ မင်းသားအားလုံး သောက်စားမှူး ယစ်ပျော်ပါးကြပြီးနောက် အိပ်ပျော်နေကြစဉ် အငှား မယားသည် မိမိကိုငှားလာသော မင်းသားပိုင်ပစ္စည်းတို့ကို ယူပြီးထွက်ပြေးလေသည်။ ထိုမင်းသားက အခြားမင်း သားတို့ကို အကူအညီတောင်းပြီး ရှာပုံတော်ဖွင့်ကြစဉ် ဘုရားရှင်နှင့်တွေ့ကြသည်။

မင်းသားတို့ကဘုရားရှင်ကို ''အရှင်ဘုရား၊ ဒီနေရာကဖြတ်သွားတဲ့ မိန်းမတစ်ယောက်ကို မြင်လိုက် ရပါသလား'' ဟု မေးမြန်းရာ ဘုရားရှင်က တိုက်ရိုက်မ ဖြေပဲ ''မင်းသားတို့၊ ထိုင်ကြပါဦး၊ မိန်းမကိုရှာဖွေခြင်း (ရှာပုံတော်မင်းသားကြီးလုပ်နေခြင်း)နှင့် ကိုယ့်ကိုယ်ကိုရှာ ဖွေခြင်း နှစ်မျိုးတွင် ဘယ်ဟာက သင့်တော်ပါသလဲ''ဟု မေးမြန်းသည်။ မင်းသားတို့ကရှာပုံတော်မင်းသားကြီးလုပ် နေခြင်းထက်ကိုယ့်ကိုယ်ကို ရှာဖွေခြင်းက ပိုသင့်တော်ပါ ကြောင်း လျှောက်ထားကြ၏။ ဆက်ဟောတော်မူသည့် တရားတော်ကိုနာကြားရသဖြင့်တရားထူးရကာရဟန်း ပြုလိုက်ကြ၏။။ဤကားရှာပုံတော်မင်းသားကြီးများတဖြစ် လဲ ဘဒ္ဒဝဂ္ဂိညီနောင်သုံးကျိတ်တို့၏ အတ္ထုပ္ပတ်အမြွတ် တည်း။

တိုက်တိုက်ဆိုင်ဆိုင်ဆိုရမည်ထင်၏။ ယခုနှစ် ကထိန်ခေတ်အတွင်းမှာစာရေးသူလည်းရှာပုံတော်မင်း သားကြီးဖြစ်မှန်းမသိဖြစ်နေတော့၏။ သို့ရာတွင်ဘဒ္ဒဝဂ္ဂိ ညီနောင်တို့လို ကြင်ယာတော်ပျောက်ဆုံးနေ၍ရှာပုံတော် ဖွင့်နေရခြင်းမဟုတ်ပါ။ ထိုကိစ္စမဟုတ်ခဲ့ပါလျှင်လည်း ကေန္တဒီကိုယ်တော်မြတ် ကထိန်ဒါယိကာမရှာပုံတော်ဖွင့် နေခြင်း ဖြစ်လိမ့်မည်ဟုလည်းတလွဲကြီးမတွေးဆလိုက် ပါနှင့်ဦး။ စာရေးသူမှာ ကထိန်ခေတ်ကထိန်ရာသီ မရောက်

http://www.dhammadownload.com

မိကပင် ဆင်ခြင်နေကြဲစည်နေသော စာပေဆိုင်ရာ ကိစ္စတစ်ခုရှိနေပါသည်။ ထိုကိစ္စကားအကြောင်းအကျိုး ဆက်စပ်ပုံဆက်စပ်မှုနည်းအမျိုးမျိုးဖြစ်ပါသည်။ ကထိန်ခေတ်ခေတ္တစာဝါပိတ်ထားချိန်မှာသင်ကြီးမဲကြီး ရှာဖွေရေးလုပ်မိသဖြင့်ကထိန်ခေတ်ကိုခုတုံးလုပ်နေခြင်းသာဖြစ်ပါသည်။

စာရေးသူရှာဖွေရေးလုပ်နေသောကိစ္စသည် မသိသူအဖို့ အရေးမကြီးသော်လည်း သိသူအဖို့ အလွန်အရေးကြီးသောကိစ္စတစ်ခု ဖြစ်ပါသည်။ အကြောင်းအကျိုးဆက်စပ်မှုကို ယထာဘူတကျကျ သိနိုင်လေ အကျိုးရှိလေဖြစ်ပါသည်။ ''ဇာတိဖြင့်စ, မရဏဖြင့် အဆုံးသတ်သောဘဝဆိုတာဘယ်အကြောင်းကြောင့် ဖြစ်ရသလဲဆိုတာ မသိနိုင်(သိပြီးမပယ်သတ်နိုင်) လို့ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလပတ်လုံး(သုမေဓာ ဘဝမှစ၍ ရေတွက်သည်) ကျင်လည်ခဲ့ရပြီ၊ ယခုသိပြီ၊ နောက်ထပ်ဘဝဆိုတာကို သင်တို့တည်ဆောက်လို့မရနိုင်တော့'' စသည်ဖြင့် ဘုရားဖြစ်ခါစမှာ ဥဒါန်းကျူးတော်မူသော စကားတော်သည် ဤအကြောင်းအကျိုးဆက်စပ်မှုကိုသိသွားကြောင်းထုတ်ဖော်ပြသခြင်းပင်ဖြစ်ပါသည်။

စာရေးသူ၏ ရှာဖွေရေးလုပ်ငန်းကိုအထောက်အကူပြုသည့်အပြင် စာကြီးပေကြီးများကို စုစည်းဖော်ပြထားသည့်ကျမ်းစာအုပ်(၂)အုပ်ကိုလည်းယခုနှစ်ကထိန်ခေတ်အတွင်းမှာပဲအလှူခံရရှိပါသည်။ တစ်အုပ်ကမိုးကုတ်ဝိနိစ္ဆယဖြစ်ပြီး၊ နောက်တစ်အုပ်ကသာသနာ့ဝန်ဆောင်တိပိဋကအဘိဓာန်(ဒုတိယတွဲ)ဖြစ်ပါသည်။

ဘာသာရေး, သာသနာရေး, လူမှုရေး, နိုင်ငံရေး, စီးပွားရေး, ကျန်းမာရေးစသည့်ရေးရာကိစ္စတိုင်း၌အကြောင်းအကျိုးဆက်စပ်မှုနည်းအမျိုးမျိုးရှိနိုင်ပါသည်။ ကိစ္စတိုင်း၌နီးသောအကြောင်း, ဝေးသောအကြောင်း, မနီးမဝေးအကြောင်း၊ ပဓာနအကြောင်း, အပ္ပဓာနအကြောင်း၊ သာမညအကြောင်း, ဝိသေသအကြောင်း၊ တိုက်ရိုက်ဆက်စပ်သောအကြောင်း, သွယ်ဝိုက်ဆက်စပ်သောအကြောင်းစသည်ဖြင့်လည်းကောင်း၊ နီးသောအကျိုး, ဝေးသောအကျိုး၊ ပဓာနအကျိုး, အပ္ပဓာနအကျိုး၊ တိုက်ရိုက်အကျိုး, ဆက်စပ်အကျိုးစသည်ဖြင့်လည်းကောင်းနည်းလမ်းမှန်နိုင်သမျှမှန်အောင်ဆင်ခြင်စဉ်းစားနိုင်သူများသာအောင်မြင်မှုပန်းတိုင်ကိုရေရှည်ရနိုင်ပါသည်။

ဗုဒ္ဓဘာသာဆိုင်ရာ စာပေများသည် ဤအကြောင်းအကျိုးဆက်စပ်မှုနည်းအမျိုးမျိုးကိုဖော်ပြသည့် စာပေကအများစုဖြစ်ပါသည်။ စာရေးသူတို့သင်ကြားပို့ချနေသောစာဝါများ၌လည်း ဤအကြောင်းအကျိုးရှာဖွေပုံနည်းစနစ်များ ပါဝင်သည်ကိုတွေ့ရှိနိုင်ပါသည်။ ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်း၊ နေတ္တိနည်း၊ ဒီထိနည်း၊ အလင်္ကာနည်း၊ သစ္စာဖွဲ့နည်းစသည့်တို့ဖြစ်ပါသည်။ စာကြီးပေကြီးစုဝေးရာ စာအုပ်(၂)အုပ်ကိုစွဆက်ပါမည်။ မိုးကုတ်ဝိနိစ္ဆယစာအုပ်တွင်စောဒက, စုဒိတက(တရားလို့, တရားခံ) တို့အငြင်းပွားမှုဖြစ်ကြသည်။ ပါရမီ, စာဂ, စရိယတို့ကြောင့် ဘုရားဖြစ်တာလား။ ပဋိစ္စသမုပ္ပါဒ်ချုပ်လို့ ဘုရားဖြစ်တာလား။ ဆိုတာကို ဝိနိစ္ဆယချမှတ်ထားသည်။

ပါရမီ, စာဂ, စရိယတို့သည် ဘုရားဖြစ်ရေး၌ ဝေးသောအကြောင်းဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်ချုပ်ခြင်းသည်ကားနီးသောအကြောင်းဖြစ်သည်ဟုလည်းကောင်း၊ ဝေးသောအကြောင်းဖြစ်သော်လည်းပါရမီ, စာဂ, စရိယတို့သာပဓာန(အဓိက)အကြောင်းအရေးကြီးသောအကြောင်းဖြစ်သည်ဟုလည်းကောင်းရှေးဦးစွာသုံးသပ်ပြပြီးနောက် အပြီးသတ်ဝိနိစ္ဆယချမှတ်ထားသည်မှာ''အကျိုးတရားတစ်မျိုးအတွက်အကြောင်းတရားတစ်ခုကိုကိုင်ပြီးပြောဆိုယူဆခြင်း၊ ထိုအကြောင်းလည်းအဓိကပဓာနအကြောင်းမဟုတ်ခြင်း၊ အများပြောရိုးထုံးစံနှင့် ဆန့်ကျင်နေခြင်း၊ ထိုသို့ဆန့်ကျင်သဖြင့်အများ၏ သံသယဖြစ်စရာရှိခြင်းတို့ကြောင့် ပဋိစ္စသမုပ္ပါဒ်ချုပ်လို့တုရားဖြစ်တာ–ဟုပေဟာပြောမှုကိုပြင်ဆင်သင့်ကြောင်း''ပြဆိုထားပါသည်။

သာသနာ့ဝန်ဆောင်တိပိဋကအဘိဓာန် (ဒုတိတွဲ) စာအုပ်တွင် အာသဝက္ခယဉာဏ်(မဂ်ဉာဏ်)နှင့် သဗ္ဗညုတဉာဏ်တော်တို့ အပြန်အလှန်အကြောင်းအကျိုးဖြစ်ပုံကို ဖတ်ရှုရပါသည်။ ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်၊ မဟာနိဒါနသုတ်၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌လည်း ဤကဲ့သို့တရားတစ်မျိုးနှင့်တစ်မျိုး အပြန်အလှန်အကြောင်းအကျိုးဖြစ်ပုံကို ဘုရားရှင်ကိုယ်တော်တိုင် ဟောပြထားသည်ကိုတွေ့ရပါသည်။

အပြန်အလှန်အကြောင်းအကျိုးဖြစ်ပုံကား ''ဘုရားရှင်သည် အာသဝက္ခယဉာဏ်ကို ရရှိခြင်းကြောင့် သဗ္ဗညုတဉာဏ်ကို ရရှိ၏။။ သဗ္ဗညုတဉာဏ်ကို ရရှိခြင်းကြောင့် အာသဝက္ခယဉာဏ်ကိုရရှိ၏''ဟူ၍ဖြစ်ပါသည်။ ဤတွင် ပထမနည်းသည် အများသိထားပြီးဖြစ်သည့်ပုံမှန်နည်းဖြစ်၏။။ ဒုတိယနည်းကား သိဖို့ရန်ခက်ခဲသဖြင့် ဆန်းကြယ်သည့်နည်းဖြစ်သည်။ ထိုဒုတိယနည်းအတွက် အကြောင်းအကျိုးဖြစ်ပုံကို ဥပမာသုံးမျိုးပြလျက် ရှင်းလင်းထားသည်ကိုတွေ့ရပါသည်။ (အကျယ်ကိုထိုစာအုပ်၌ရှုပါ)

http://www.dhammadownload.com

အကြောင်းတရားပေါင်းများစွာ ပေါင်းစုခြင်းကြောင့်သာ အကျိုးတရားတစ်ခု ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ကြောင့်အကျိုးတစ်ခုခုဖြစ်ပေါ်လာရာ၌ ကိုယ့်ဘက်သူ့ဘက် စသည်မှ အကြောင်းတရားပေါင်းများစွာရှိမည်ဟု သိထားကြရမည်ဖြစ်သည်။ အများအားဖြင့် လူအများစုသည် အကျိုးတရားတစ်ခု ဖြစ်ပေါ်လာရာ၌ ကိုယ့်ဘက်က အကြောင်းကိုချည်း ကြည့်လေ့ရှိကြသည်။ သူများဘက်ကအကြောင်းကို မကြည့်လိုကြ။

ပိဋကစာပေများတွင်တွေ့ရသမျှသော အရှင်သာရိပုတ္တရာ၏ အကြောင်းအရာဟူသမျှသည် စာရေးသူ၏စိတ်ကိုရွှင်လန်းတက်ကြွစေ,ကြည်ညိုစေသောအကြောင်းအရာများချည်းဖြစ်ပါသည်။ တစ်ခုကို ထုတ်နုတ်တင်ပြရသော် အရှင်သာရိပုတ္တရာ(ဥပတိဿဘဝဖြင့်ရှိစဉ်)သည် မသေရာကိုရှာဖွေရန် ရဟန်းပြုခဲ့၏။ သူရဟန်းပြုရာကား သိဂ္ဂယဆရာကြီး၏အထံမှာဖြစ်သည်။ ဗုဒ္ဓမြတ်စွာပွင့်တော်မူလာပြီးနောက်မှာသူသည်ပဉ္စဝဂ္ဂိငါးဦးတွင်အငယ်ဆုံးဖြစ်သော အရှင်အဿဇိမထေရ်နှင့်တွေ့၏။ အရှင်အဿဇိ၏သွားလာပုံကွန်ခြေကိုကြည့်ညို့လွန်းသဖြင့် ချဉ်းကပ်ပြီး တရားဟောရန်တောင်းပန်၏။ အရှင်အဿဇိမထေရ်ဟောကြားသည့် **ယေဓမ္မာ ဟေတုပ္ပဘဝါ** အစရှိသော ဂါထာတစ်ပုဒ်ကို ကြားနာရလို့သောတာပန်ဖြစ်သွားသည်။ ထိုကျေးဇူးကို အရှင်သာရိပုတ္တရာတစ်သက်လုံး မမေ့။ အမြဲတမ်းအလေးဂရုပြု၏။ ဘယ်နေရာရောက်ရောက် အရှင်အဿဇိမထေရ်ရှိရာဘက်သို့ ဦးခေါင်းထားပြီး ကျိန်းစက်၏။ ဤအကြောင်းကို မသိသောသူတို့က အရှင်သာရိပုတ္တရာဟာ ခုထိ ဗြာဟ္မဏဝါဒ အယူရှိနေသေးကြောင်း လျှောက်ထားကြရာ ဘုရားရှင်က အရှင်သာရိပုတ္တရာဟာ ဗြဟ္မဏဝါဒကိုယူနေတာ မဟုတ်ကြောင်း၊ သူ့ဆရာ အဿဇိမထေရ်ကို ရိုသေလေးစားသဖြင့် ထိုကဲ့သို့ ပြုမူခြင်းဖြစ်ကြောင်း ဖြေကြားတော်မူရပါသည်။

ဤဖြစ်စဉ်၌ အရှင်အဿဇိ၏ တရားတော်ကို နာကြားရခြင်းသည် နီးသောအကြောင်းဖြစ်သော်လည်း ပဓာနအကြောင်းဟုဆိုရန် ခဲယဉ်း၏။ ပဓာနအကြောင်းကား အဂ္ဂသာဝကတို့ ထုံးစံအတိုင်းဘဝပေါင်းများစွာ ဖြည့်ကျင့်ဆည်းပူးခဲ့ကြရသော ပါရမီတော်တို့သာ ဖြစ်ပါသည်။ သို့ရာတွင် အရှင်သာရိပုတ္တရာကားဤဖြစ်စဉ်မှာ ထိုနီးသောအကြောင်း(တရားနာရမှု)ကိုပင်အဓိကအကြောင်းသဖွယ်ပြုမှုကျင့်သုံးသွားပါသည်။ **ကျေးဇူးအပြုခံပုဂ္ဂိုလ်တို့ အတုယူလိုက်နာကျင့်သုံးစရာဖြစ်ပါပေသည်။**

နောက် ရှာပုံတော်မင်းသားကြီးစာရေးသူကိုယ်တွေ့အကြောင်းအကျိုးဆက်စပ်ပုံတစ်ခုကို ရှာဖွေတွေ့ရှိထားသည့်အတိုင်း တင်ပြပါဦးမည်။ စာရေးသူသည် နောင်တစ်ချိန်မှာ အေးအေးလူလူ နေထိုင်သီတင်းသုံးရန် ရည်ရွယ်ချက်ဖြင့် မော်ဘီမြို့၌ ကျောင်းတိုက်တစ်တိုက် ထူထောင်ပါသည်။ ဒါယကာ၊ ဒါယိကာမအသိအကျွမ်းနည်းပါးသော စာချုပ်ရှိလ်က တပိုင်တနိုင်ထူထောင်သော ကျောင်းဖြစ်၍ ဖွံ့ဖြိုးစည်ပင်မှုတော့မရှိပါ။ ယခုနှစ် ဝါတွင်းကာလရောက်ခါမှ ယခင် ဆယ်နှစ်လောက်က အနုည်းငယ်သိကျွမ်းဖူးသော ဒါယိကာမကြီးတစ်ယောက် ရောက်ရှိလာပြီး မော်ဘီ၌ ထူထောင်နေဆဲကျောင်း တိုက်၏ အခြေနေကို မေးမြန်းလျက်ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းပါသည်။ စာရေးသူအပါအဝင် ကျောင်းနှင့်ပတ်သက်သည့် ရဟန်းသံဃာတော်များ, ဒါယကာ, ဒါယိကာမများအားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်ကြရပါသည်။ ရှာပုံတော်မင်းသားကြီး လုပ်နေသော စာရေးသူကား ဝမ်းမြောက်ဝမ်းသာ ဖြစ်ရုံသာမက ရှာပုံတော်ဖွင့်လှစ်ကြည့်မိပါသေးသည်။ ဤကျောင်းဆောင် ဆောက်လုပ်လှူဒါန်းဖြစ်ရာ၌ ဝေးသောကြောင်း, နီးသောအကြောင်း၊ ပဓာနအကြောင်း၊ တိုက်ရိုက်အကြောင်း, သွယ်ဝိုက်အကြောင်းတို့က ဘာတွေလဲဟု ဆင်ခြင်စဉ်းစားကြည့်ရှုဖြစ်ပါသည်။

တွေ့ပါပြီ၊ ဝေးသောအကြောင်းဟု ဆိုနိုင်သလို ပဓာနအကြောင်းဟုလည်း ဆိုနိုင်သောအကြောင်းတစ်ခုပါ။ ၎င်းအကြောင်းမှာ လွန်ခဲ့သောဆယ်နှစ်ကျော်ခန့်က စာရေးသူကို ပစ္စာသမဏအဖြစ် ခေါ်ဆောင်သွားပြီး ကျောင်းဒါယိကာမ၏မိခင်ကြီးနှင့် မိတ်ဆက်ပေးခဲ့သော ဆရာဘုန်းကြီးဖြစ်ပါသည်။ ထိုဆရာဘုန်းကြီးကား

http://www.dhammadownload.com

ကျောက်ဖြူမြို့၊ ယပ်လဲ့ဆရာတော်ဘဒ္ဒန္တစကိန္ဒ ဖြစ်ပါသည်။ အကြောင်းအကျိုးဆက်စပ်ပုံကိုယူဆရာ၌ အကြောင်းတစ်ခုကြောင့်အကျိုးတစ်ခုဖြစ်သည်ဟုယူဆခြင်းသည် မမှန်ကန်ပါ။ ထိုသို့ယူဆခြင်းသည်ပင် ကေကာရဏဒိဋ္ဌိအယူတစ်မျိုးဖြစ်ကြောင်း ဘုရားရှင်မိန့်ကြားတော်မူပါသည်။ အကြောင်းတရားပေါင်းများစွာ ပေါင်းစုခြင်းကြောင့်သာ အကျိုးတရားတစ်ခု ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ကြောင့်အကျိုးတစ်ခုခုဖြစ်ပေါ်လာရာ၌ ကိုယ့်ဘက်သူဘက်စသည်မှအကြောင်းတရားပေါင်းများစွာရှိမည်ဟုသိထားကြရမည်ဖြစ်သည်။ အများအားဖြင့်လူအများစုသည်အကျိုးတရားတစ်ခုဖြစ်ပေါ်လာရာ၌ ကိုယ့်ဘက်ကအကြောင်းကိုချည်း ကြည့်လေ့ရှိကြသည်။ သူများဘက်ကအကြောင်းကို မကြည့်လိုကြ။ အညမည(အပြန်အလှန်) ကျေးဇူးရှိနေသည်ကိုလည်း မျက်ကွယ်ပြုလိုကြ၏။ ကိုယ့်ဘက်ကအကြောင်းကိုချည်း ပြောဆိုလေ့,မြင်လေ့ရှိသောသူတို့သည် တစ်လောကလုံးကို သူကပဲကျေးဇူးပြုထားသလို အထင်ရောက်နေတတ်ကြသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကျေးဇူးပြုရာ၌ ကျေးဇူးတရားတူမျှဖို့ဆိုတာမလွယ်ကူ။ အပြန်အလှန်ကျေးဇူးရှိမှုကိုသာအဓိကထားရမည်ဖြစ်သည်။ ရှေ့ပိုင်းမှာစတင်၍တစ်ဦးဦးအပေါ် ကျေးဇူးပြုဖူးသူသည်ထိုသို့ကျေးဇူးပြုဖူးသည်ကိုချည်းစွဲနေလျှင်နောက်ပိုင်း၌တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ကျေးဇူးပြုနေခြင်းကို အသိအမှတ်ပြုရန်လည်းခဲယဉ်းတတ်ကြသည်။ လောကသည် အတိတ်တရားသဘောတစ်မျိုးဖြင့် မပြီးသလို ပစ္စုပ္ပန်သက်သက်ဖြင့်လည်း ခရီးမရောက်နိုင်။ အတိတ်ကအထောက်အပံ့ပါဝင်ခဲ့သည်ကို သတိပြုသင့်ပါသည်။

အရှင်အဿဇိမထေရ်ဟောကြားသော တရားကိုနာရလို့ အရှင်သာရိပုတ္တရာသောတာပန်ဖြစ်သွားသည်ဆိုသောဖြစ်စဉ်၌ အကယ်၍အရှင်အဿဇိကအရှင်သာရိပုတ္တရာဆိုတာ ငါဟောကြားသည့် တရားကိုနာရလို့သောတာပန်ဖြစ်တာ၊ တရားထူးစတင်သိမြင်ခွင့်ရသွားတာဟုမိမိဂုဏ်ကိုထုတ်ဖော်နေလျှင် အရှင်အဿဇိအပေါ်အခြားသူများကအမြင်မကြည်စရာဖြစ်သွားမည်။ ကိုယ့်ဂုဏ်ကိုယ်ဖော်မသူတော်အဖြစ် သတ်မှတ်ကြမည်ဖြစ်သည်။ ထိုသို့ဖြင့် အရှင်အဿဇိသည်ဂုဏ်မပေါ်ရုံသာမက ကဲ့ရဲ့ထိုက်သူသာဖြစ်သွားပါမည်။ **ကျေးဇူးပြုပြီးနောက် ကျေးဇူးတင်ခံချင်လွန်းသူတို့ သတိမူစရာဖြစ်၏။**

စာရေးသူကိုယ်တွေ့ဖြစ်ရပ်တွင်လည်း စာရေးသူ၏ ဆရာဘုန်းတော်ကြီးက ဖော်ပြပါအကြောင်းအရာများကိုသိရှိ၍ ''ဒီကိုယ်တော် ဒီဒါယိကာမတို့ဆောက်လုပ်တဲ့ကျောင်းကို အလှူခံရတာဟာ ငါမိတ်ဆက်ပေးခဲ့လို့ပဲ'' ဟုဖော်ပြပြောဆိုပါလျှင် ဂုဏ်မမြောက်ရုံသာမက ရယ်စရာလည်းဖြစ်သွားမည်။ ဤအကြောင်းကို ကျေးဇူးခံစားရသောစာရေးသူကထုတ်ဖော်ပြောကြားပါမှဆရာဘုန်းကြီးအတွက် ဂုဏ်ရှိရုံသာမကအများကလည်းကျေးဇူးပြုသူ ကျေးဇူးခံစားသူ(ကျေးဇူးအပြုခံရသူ)နှစ်ဦးအပေါ် အမြင်ကြည်လင်မှု ရှိကြမည်ဖြစ်ပါသည်။

မည်သူမဆို၊ မည်သည့်ကိစ္စ၌မဆို ဤကဲ့သို့ယုတ္တိတန်သောအများလက်ခံသောအကြောင်းအကျိုးရှာဖွေမှုကို ရှာပုံတော်မင်းသားကြီးလုပ်နိုင်လေ ကောင်းလေ၊ စိတ်ချမ်းသာမှုကိုလည်း ရနိုင်လေဟု တင်ပြလိုပါသည်။

စာသင်သားတို့အား နိပါတ်ပုဒ်များသုံးစွဲပုံကို သင်ပြရင်း ဥပဒေသအဖြစ်ထုတ်ပြဖူးသော ပါဠိဘာသာဝါကျတိုလေးများဖြင့်ဤဆောင်းပါးကိုနိဂုံးချုပ်လိုက်ပါသည်။ (မြန်မာကဗျာတစ်ပုဒ်ကို ပါဠိဘာသာပြန်ဆိုထားခြင်းဖြစ်၍ ပါဠိမြန်မာတွဲဖက်ပြလိုက်ပါသည်။)

၁။ **အညတြ မယာ နာ သက္ကာ ကိစ္စံ သာဓေတုံ။**
အညတြ တယာ နာ သက္ကာ ကိစ္စံ သာဓေတုံ။
အညတြ တေန နာ သက္ကာ ကိစ္စံ သာဓေတုံ။
(ငါမပါ ဘယ်ဟာမှ မပြီး။
မင်းမပါ ဘယ်ဟာမှ မပြီး။
သူမပါ ဘယ်ဟာမှ မပြီး။)


၂။ **ကေသေဝ မမ ကတဟေတုပိ နတ္ထိ ကိစ္စံ အတ္ထသိဒ္ဓန်္။**
ကေသေဝ တဝ ကတဟေတုပိ နတ္ထိ ကိစ္စံ အတ္ထသိဒ္ဓန်္။
ကေသေဝ တဿ ကတဟေတုပိ နတ္ထိ ကိစ္စံ အတ္ထသိဒ္ဓန်္
(ငါ့ကြောင့်ချည်းသာ ဘယ်ဟာမှမပြီး။
မင်းကြောင့်ချည်းသာ ဘယ်ဟာမှမပြီး။
သူကြောင့်ချည်းသာ ဘယ်ဟာမှမပြီး။)

၃။ **တသ္မာ အဟဉ္စ တွဉ္စ သော စ သဗ္ဗကိစ္စာနိ သဟေဝ ကရောမ။**
(ဒါ့ကြောင့် ငါရယ် မင်းရယ် သူရယ် စုပေါင်းလုပ်ကြပါစို့)

■ **အရှင်ပညာသာရာဘိဝံသ**
(သ-စ-အ၊ ပါဠိပါရဂူ)

http://www.dhammadownload.com

စွယ်စုံကျော်ထင် ဝိသောဓနီကျမ်း



ဆင်ဖြူကျွန်းအောင်သိန်း

စွယ်စုံကျော်ထင် ဝိသောဓနီကျမ်းကို ''ဟသ်တ မြို့၊ သပြေပင်ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ၊ မဟာဒွါရ နိကာယ၊ ဂဏရက္ခိတ အရှင်သောဘနထေရ်'' ဖြေဆို ရေးသားတော်မူ၏။

သို့ရာတွင် ထိုကျမ်းအကြောင်းပြောလိုပါက မူရင်းဖြစ်သော ''စွယ်စုံကျော်ထင်''ကျမ်းအကြောင်း ပြောရပါလိမ့်မည်။ စွယ်စုံကျော်ထင် ကျမ်းအကြောင်းကို ပြောလိုသောအခါ ကျမ်းပြုဆရာ ''ကျည်းကန်ရှင်ကြီး ရှင်နန္ဒဓေ''အကြောင်းကို ချန်ထားခဲ့၍ မရပေ။

ကျည်းကန်ရှင်ကြီး ရှင်နန္ဒဓေကို စွယ်စုံ ကျော်ထင် ဝိသောဓနီနိဒါန်း၌ ဤသို့ ဖော်ပြထား၏။

ဤသို့သော ယောကျ်ားထူး ယောကျ်ား မြတ်ဖြစ်သောကြောင့် ဇဝနဉာဏ်၊ တိက္ခဉာဏ်၊ ဂမ္ဘီရဉာဏ်၊ ဟာသဉာဏ်၊ သုတမယဉာဏ်၊ စိန္တာ မယဉာဏ်၊ ပဋိဘာန်တို့နှင့် ပြည့်စုံသည်။ ဆရာမွန် ဆရာမြတ်တို့ထံမှ လျှို့ဝှက်ခဲကတ်သော ပိဋကတ်ကျမ်း ပေဒင်ကျမ်းများကို သင်ကြားနည်းယူသဖြင့်၊ သူမတူနိုင် သော ဩတ္တပ္ပတို့ရှိသည်။ ကုန္ဒနီ အကျော် ဝေရော်စန မြတ်ဖောတိရသ် မျက်မြတ် ဥဿုံလွန်ပြည့်စုံ သော ဝေဟလ္လတောင်မင်းကဲ့သို့ ပရိသတ်ခပင်းတို့၏ မှီတင်း ကိုးကွယ်ရာ ပညာသူဌေးကြီးဖြစ်သည်။ ရှစ်ခွင်ဒိသာ ရပ်မျက်နှာမှ ဆည်းကပ်လာကုန်သော ရဟန်း ရှင်လူတို့အား ကျမ်းဂန်ပရိယတ်တရားကို သင်ကြားပို့ချ နေသူ ဖြစ်သည်။ ကျည်းကန်ရှင်ကြီးသည် မည်သူ မည်ဝါနှင့် တူသည်ဟု ခိုင်းနှိုင်းဖွယ်ရာ ဥပမာမထင်၊ ကျည်းကန် ရှင်ကြီးနှင့်ပင်တူသည်ဟု အသာဓာရဏော ပမာ စကားပြောကြားထိုက်သူ ဖြစ်သည်။

ထိုကဲ့သို့ ကျမ်းပြုဆရာကို ဂုဏ်တင်ပြီးနောက်၊ စွယ်စုံကျော်ထင်ကျမ်းကို ဂုဏ်ပြုပုံမှာ ဤသို့ဖြစ်၏။

ဤသို့ ဘုရားဆုပန် ဗျာဒိတ်ခံအံ့ နိုးနိုး ဉာဏ်ပညာကြီးသူဖြစ်သောကြောင့် လောကတွေ့ရရိယ သုတကာမီ သုတေသီတို့အကျိုး မျှော်ကိုးရည်မှန်း လျက်၊ ပိဋကတ်ကျမ်း၊ ဂဏိတပေဒင်ကျမ်း၊ ဖလိတ ပေဒင်ကျမ်း၊ သာသနာဝင်ကျမ်း၊ မဟာဝင်ကျမ်း၊ ရာဇဝင်ကျမ်း၊ ဓမ္မသတ်ကျမ်း၊ သဒ္ဒါကျမ်း၊ ဆန်းကျမ်း၊ အလင်္ကာကျမ်း၊ အဘိဓာန်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ သိုက်ကျမ်း၊ နီတိကျမ်း၊ ကုတ္ထိ သျှတ္တရကျမ်း၊ လုတ်ရပ်ကျမ်း၊ ကြန်လက္ခဏာကျမ်း၊ ခန်းခန်းစုံလင် ပုံပြင်ပုရာဏ် အတန်တန်သော ကျမ်းတို့မှ အဆန်းတကြယ်မှတ်သားဖွယ် ကောင်းလှသော စကားအဆီအနှစ် အဆစ်အဖုတို့ကို ဖွေနှတ်၍ ''ပုစ္ဆာလည်းရ သတ်ပုံလည်းရ'' နှစ်ဘက်ရ စုံလင်၍ ''စွယ်စုံကျော်ထင်''အမည်ရှိသော အမေးပုစ္ဆာ ပြဿနာကျမ်းကြီးကို ခမ်းနားကျယ်ဝန်းစွာ ကဗျာ နည်းထွင် သံပေါက်ဆင်၍ စီရင် ပြုစုခဲ့ပေသည်။

ထိုစွယ်စုံကျော်ထင်ကျမ်းပါ အမေးပုစ္ဆာများကို နှစ်ပေါင်းခြောက်ဆယ်ကျော်သည်အထိ ဖြေဆိုနိုင်သူ မရှိခဲ့ချေ။ ဖြေဆိုနိုင်သူမရှိခြင်းကို အထက်ပါနိဒါန်း၌

http://www.dhammadownload.com

''ကောင်းကင်ကို လက်လှမ်းသကဲ့သို့ မစွမ်းဆောင်နိုင် ဉာဏ်လက်မိုင်ချ'' ဟု သုံးနှုန်းထား၏။

နှစ်ပေါင်း ၆၀ ကျော်မှ စွယ်စုံကျော်ထင်ကျမ်းလာ အမေးပုစ္ဆာများကို ဖြေကြားနိုင်သော ပုဂ္ဂိုလ်ပေါ်ပေါက်လာသည်။ ထိုပုဂ္ဂိုလ်မှာ ကျိုက်သံလေးဆပ်ဆရာတော်ဘုရားကြီး မုနိန္ဒာဘိဓဇ-ဖြစ်ပေသည်။

ဗယ်မည် မောင်နု-ဟု အမည်တွင်သော ကျည်းကန်ရှင်ကြီး ရှင်နန္ဒဓဇ-ကို ၁၁၁၉-ခုနှစ်၌ ဖွားမြင်သည်။ ပြုစုခဲ့သောကျမ်းများမှာ

(၁) စွယ်စုံကျော်ထင် သဓာတုပုံပုစ္ဆာကျမ်း
(၂) ဆယ်လွန်းတင်ဂါထာ
(၃) မေတ္တာစာများ
(၄) ကျည်းကန်လက်ရိုးဗေဒင်
(၅) စကားပုံများ ဖြစ်ကြသည်။

''ဆယ်လွန်းတင် ဂါထာ''များမှာ အလွန်နက်နဲဆန်းကြယ်၍ စကားပုံ များမှာလည်း ထူးခြားကောင်းမွန်လှသည်။

ထိုဆရာတော်စီရင်ခဲ့သော စွယ်စုံကျော်ထင်ကျမ်းကို ဖြေဆိုတော်မူသော ကိုးသဲလေးထပ်ဆရာတော်ကြီးကို ၁၁၈၉-ခုနှစ် သီတင်းကျွတ်လဆန်း ဖွားမြင်သည်။

ပြုစုစီရင်ခဲ့သောကျမ်းများမှာ-

(၁) ဂန္ဓဝံသနိဿယ
(၂) ဇိနတ္ထပကာသနီ
(၃) သီလမေဒပကာသနီ
(၄) မင်္ဂလတ္ထဒီပနီ နိဿယ
(၅) စွယ်စုံကျော်ထင်အဖြေ
(၆) ဒိဋ္ဌဒီပကကျမ်း
(၇) ပဉ္စုပျောက်ရေဏကျမ်း
(၈) နိဗ္ဗာန်လမ်းပြကျမ်း
(၉) ဝိမတိစ္ဆေဒနီကျမ်း
(၁၀) မနောရထပူရဏီကျမ်း
(၁၁) အဘိဓမ္မတ္ထသင်္ဂဟနိဿယ
(၁၂) ဘိက္ခုပိဘာဂ် ပါဠိတော်နိဿယသစ်
(၁၃) ဘိက္ခုနီပိဘာဂ် ပါဠိတော်နိဿယသစ်
(၁၄) ဝိနည်းမဟာဝဂ္ဂ ပါဠိတော် နိဿယသစ်
(၁၅) စူဠဝဂ္ဂ ပါဠိတော် နိဿယသစ်
(၁၆) ပရိဝါရ ပါဠိတော် နိဿယသစ်
(၁၇) ကဝိသာရဆန်းဠိကာနိဿယ
(၁၈) သဒ္ဒါကြီးနိဿယ
(၁၉) ကဗျာသာရတ္ထ သင်္ဂဟကျမ်း
(၂၀) မဟာသရနပျို့
(၂၁) သဇ္ဈနပိဝါသနီ
(၂၂) ဆပဒ္ဓဂီက
(၂၃) ဃုဝိနာဒုစ္စာယ
(၂၄) သဿယ္ဘိသောဓနာ
(၂၅) ဓမ္မဒေသနာ
(၂၆) ကိုးသဲလေးထပ်မြေတွာစာ
(၂၇) ဗုဒ္ဓဝန္ဒနာ
(၂၈) ဆုတောင်းဂါထာပါဠိ
(၂၉) မဟာဝင်ဝတ္ထု
(၃၀) ပုရာဏ်ကျမ်း
(၃၁) ဓမ္မဂါန်ဘတ်စာ-တို့ ဖြစ်ကြပေ၏။

စွယ်စုံကျော်ထင် အမေးကျမ်းကို ပြုစုသော ဆရာတော်မှာအလွန်ကြီးကျယ်၏။ ထိုကျမ်းကို ဖြေဆိုသော စွယ်စုံကျော်ထင် အဖြေကျမ်းကို စီရင်သော ဆရာတော်မှာ လည်း များစွာထင်ရှား၏။ ပညာလိုလားသော ရဟန်းရှင်လူတို့ ဖတ်ရှုလေ့လာကြရာ၊ အားမလိုအားမရဖြစ်သူ တစ်ယောက် ပေါ်ပေါက်လာ၏။ ထိုသူသည် ဟသံတဝခရိုင် သမ္ဘရာတိုင်းရွာ၌ ၁၂၅၅-ခုနှစ် တပေါင်းလ၌ ဖွားမြင်သော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘန-ဖြစ်ချေ၏။ ထိုဆရာတော်မှာ မြန်မာနိုင်ငံတော်၌ အစဉ်အဆက်မှားယွင်းချွတ်ချော်လာခဲ့သော မြန်မာနိုင်ငံသုံးပြက္ခဒိန်ကို မှန်မှန်ကန်ကန်ဖြစ်အောင် ၁၂၉၈ ခုနှစ်၌ အားထုတ်ဆောင်ရွက်ခဲ့သော သူလည်းဖြစ်ချေ၏။

ကျမ်းပေါင်း (၇၀) ကျော် ပြုစုခဲ့သည့်အနက်

(၁) သဇ္ဈနာဘိနန္ဒိတကထာ
(၂) ဒွါရပ္ပဏာမဒီပနီ
(၃) မိစ္ဆာဉာဏပ္ပကာသနီ
(၄) ဝတ္ထုရတနဒီပနီ-စသော ပိဋကတ်ဆိုင်ရာ ကျမ်းများ။
(၅) အနုသန္ဓိဌ
(၆) သန္ဓိဌပလဝဏ္ဏနာ
(၇) သူရိယသိဒ္ဓန္တဒီပကာ-စသည့် ဗေဒင်ဘက် ဆိုင်ရာကျမ်းများ
(၈) ကာဝေယျမဋ္ဌသာ
(၉) ဥယျောဇနကဗျာ
(၁၀) သမုဿာဟိတကဗျာ-စသော ကဗျာနှင့်ဆိုင်ရာ ကျမ်းများ။

http://www.dhammadownload.com



(၁၁) သာသနဝံသဒီပနီစသည့် ဝင်ဘက်ဆိုင်ရာကျမ်း။
(၁၂) မြန်မာပြက္ခဒိန်အစီအရင်
(၁၃) ပရိပုဏ္ဏပြက္ခဒိန်စသော ပြက္ခဒိန်ဘက်ဆိုင်ရာကျမ်းများ။
(၁၄) ဗဟုသုတမဏ္ဍသာ
(၁၅) ထောမနိယ-စသော ဗဟုသုတဘက်ဆိုင်ရာကျမ်းများ ထင်ရှားလှပေ၏။

စွယ်စုံကျော်ထင်အဖြေကျမ်းကြီးကို ပြုစုတော်မူသော ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး မတော်တဆ မေ့လျော့ကြွင်းကျန်သည်ကို စာတည်းက ကြားဖြတ်လျက် 'အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ ကလည်း ကုန်စင်အောင် မဖော်ပြနိုင်သဖြင့် အာဒိသဒ္ဒါဆဖြင့် မြှုပ်ကွယ်၍ထားခဲ့သော။ ဋီကာဆရာကြီး များကလည်း ''တရင်္ဂတ္တာဒီနံ ဥစ္စာရဏာ ဝိဇာနာနိ နဋ္ဌ ပယောဂါနိ''ဟု မြည်တမ်းပြီး အရှုံးပေးခဲ့ဖူးသော အထက်ဖော်ပြပါ ''သရဘညဝတ် ၃၂-ပါး''ကို ကျေးဇူးတော်ရှင် အုတ်ဖိုရ် ဆရာတော်ဘုရားကြီး ခဲယဉ်း ကုတ်ကော်ထုတ်ဖော် ရေးသားတော်မူခဲ့သည့် ''ဂီတ သရူပတ္ထကျမ်း'' ၌ ကြည့်ရှုတော်မူကြပါကုန်''ဟု မေ့လျော့ ကြွင်းကျန်သူများ အကြောင်းကို ဝင်ရောက်ထောက်ပြသည်။

ထို့နောက် စွယ်စုံကျော်ထင် ဝိသောဓနီ ကျမ်းပြုဆရာ၏ ဂါရဝစကားကို ဤသို့ ဖော်ပြထား၏။

ခလိတဖြစ်သောအရာ၊ အဝိသဇ်ိတ အရာတို့၌ အာသာဆန္ဒမပြည့်ဝဘဲ အားမရဖြစ်ခဲ့သောကြောင့် ခလိတကိုလည်း သုတ်သင်ရှင်းလင်း၊ အဝိသဇ်ိတကိုလည်း ဖြည့်သွင်းရပါမူ၊ တစ်ဆူဘုရား တံခွန်လားသို့ ထင်ရှားကောင်းမွန်ပေလိမ့်တကား-ဟု ကိုင်းစားမြော်မြင် ဆင်ခြင်မိသည်အခိုက် ဓမ္မာစရိယ လက်ထောက်စာချ တပည့်တို့က ညွှတ်တွား တစ်ဖန် တောင်းပန်ပြန်သည်ကို အခြေခံ အကြောင်းရင်း နှလုံးသွင်းမိသည်ဖြစ်၍ သက္ကဋ္ဌ၊ မာဂဓ၊ ဝေဒင်၊ ကဗျာနည်းလေးဖြာတို့၌ လိမ်မာ ထွင်းဖောက် 'တစ်' ခေါ်လောက်ကုန်သော ပါမောက္ခအကျော်အမော် ဆရာတော်ဘုရားကြီးတို့၏ ခြေတော်အစုံ၌ ငြိကပ်ကုန်သော မြူမှုံမြူလေးတို့ဖြင့် ယှက်ထွေးကပ်ရောက်သော ဦးခေါင်းရှိသော၊ ဟသ်ာတမြို့ သပြေပင်ကျောင်းတိုက်၌ ယာဝိုထိလေးတန် နေပျော်စံသော၊ ဘဒ္ဒန္တသောဘန၊ အဂ္ဂမဟာပဏ္ဍိတ-ထေရ်အရှင်သည်၊ ခလိတကိုလည်းရှင်းလင်း၊ အဝိသဇ်ိတကိုလည်း ဖြည့်သွင်းလျက်၊ ဤ စွယ်စုံကျော်ထင် ဝိသောဓနီ အမည်ရှိသောကျမ်းကို ဉာဏ်စွမ်းရှိသလောက် ရွေးကောက် ယူငင် စီရင်ရေးသား ပြုစုအပ်ပေသတည်း။

စွယ်စုံကျော်ထင်ဝိသောဓနီ မာတိကာ၏ လက်ဝဲအစွန်တွင် ဂဏန်း ၂-မျိုးကို ပြထားသည်။ ပထမဂဏန်းမှာ စွယ်စုံကျော်ထင်ကျမ်း၏ မာတိကာအမှတ်စဉ်ဖြစ်၍ အစဉ်လိုက်တွေ့ရမည်။ ထိုဂဏန်း၏ လက်ျာဘက်တွင်ရှိသော ဂဏန်းများအား အစဉ်လိုက်မရှိကြ၊ စွယ်စုံကျော်ထင်ကျမ်းကြီးပါ မာတိကာအမှတ်စဉ်များ ဖြစ်သည်။

မြင်သာထင်သာအောင် ပုံစံပြရသော် ဤသို့ ဖြစ်၏။

(က)၊၁၂။ ပဥ္စတား-ဝယ်၊ ဂြိုဟ်ခြောက်သွယ်၊ ဘယ်က ဖယားထွက်သနည်း။
(ခ)၊၁၉။ နောပေတိ-ဝယ်၊ သိသာလွယ်၊ အဘယ်သန္ဓိ ဆိုမည်နည်း။
(ဂ)၊၃၃။ နှစ်ရာကျော်ကယ်၊ စွန်းလေးဆယ်၊ ဘယ့်နှယ် နို့ထိန်း-တိုက်သနည်း။
(ဃ)၊၄၁။ ပါရမီဝယ်၊ ပေါင်းသုံးဆယ်၊ ဘယ်ကို ဖြည့်နိုင်ခဲ့သနည်း။
(င)၊၉၄။ ကုလားကျယ်၊ ပုဂံဝယ်၊ ဘယ့်နှယ်ကံထိုက်လေသနည်း။
(စ)၊၁၂၁။ ဂါယတ္တိဝယ်၊ ဂိုဏ်းနှစ်သွယ်၊ ဘယ်ဂိုဏ်းဖြစ်တို့လေသနည်း။

စွယ်စုံကျော်ထင် ဝိသောဓနီတွင် မာတိကာပေါင်း (၎၁) ပါရာ၊ အချို့မှာ စဉ်းစားဖွယ်ဖြစ်သည်။ စွယ်စုံကျော်ထင် ဝိသောဓနီ မာတိကာ-၉။ စွယ်စုံကျော်ထင်ကျမ်းကြီး မာတိကာ (၃၀၆) ၌ ''ရှက်စပ်ပိတ်ချုံးလောင်းလျှာငုံး သုံးလှုဘယ်ကြောင့် လွတ်သနည်း'' စာမျက်နှာ (၃၉) ဟု ပါရှိသည်။

http://www.dhammadownload.com

''ရှက်စပ်ပိတ်ချုံး၊ လောင်းလျောင်း၊ သုံးလူ ဘယ့်ကြောင့်လွတ်သနည်း'' ဟူသော အမေးပုစ္ဆာသည်ကား မည်သည့်အဓိပ္ပါယ်ကိုလိုု၍ မေးလေသည်ဟု မဆင်ခြင်မိချေ။ ဆင်ခြင်မိသူတို့ ဖြေပါလေ။

ဝိသောဓနီ။

ဘုရားလောင်းငုံးမင်းလွတ်သည်ကား၊ ကေနိပါတ် ကုလာဝကဝဂ်၊ သမ္မောဒမာနဇာတ်၌ ညီညွတ်သောကြောင့်လည်းကောင်း၊ မညီမညွတ်ငြင်းခုံခိုက်ရန်ဖြစ်သော ငုံးအပေါင်းမှ ရှောင်ကြဉ်ဖဲခွာသောကြောင့်လည်းကောင်း လွတ်သည်။ ဝဋ္ဋကဇာတ်၌ သစ္စာပါရမီကြောင့်လွတ်သည်။ ဟံဓိဝဂ် ဝဋ္ဋကဇာတ်၌ ဥပါယ်တမျှဉ်ကြောင့်လွတ်သည်။

စွယ်စုံကျော်ထင် ဝိသောဓနီဆရာ၏ အဖြေကို ဖတ်ရသောအခါ စွယ်စုံကျော်ထင်အဖြေရေးသော ဆရာတော်ဘုရားကြီးကို အပြစ်မတင်မိ။ သို့သော် အံ့သြရသည်။ သေးဖွဲလွန်းသောကြောင့် မမြင်သလော။

ဝိသောဓနီဆရာနှင့် အဖြေဆရာတော်ဘုရားကြီးကို သဘောမတူသည့်အချက်များကိုလည်း တွေ့နိုင်၏။ ပုံစံသော်ကား ''၈၊ ၂၆၆'' ဖြစ်ပေသည်။

''၈၊ ၂၆၆။ သူဌေးမိတ်စုံ၊ ကျွတ်ထောက်ကြုံ၊ မင်္ဂဘုံဘယ့်ကြောင့်မရသနည်း'' ဟူသော အမေးပုစ္ဆာ၌ အဖြေကား၊ ဓနဥယသူဌေးနှင့် သုမနာဒေဝီသူဌေးကတော် တို့ကိုရည်၍ မေးဟန်ရှိသည်။

ဘယ့်ကြောင့်နည်းဟူမူကား၊ ဤသူဌေးမောင်နှံသည် ဘုရားကိုလည်း အလွန်ကြည်ညိုု၏။ တရားကိုလည်း အထိုက်အလျောက်ကျင့်၏။ သမီး ဝိသာခါမူကား ခုနစ်နှစ်အရွယ်ကပင် မင်္ဂဖိုလ်ရသည်။ အမိအဘ တို့ကား မင်္ဂဖိုလ်ရကြောင်း ကျမ်းဂန်မလာ။ ထို့ကြောင့် ဤသူတို့ကို ရည်၍ ပုစ္ဆာပြုဟန်ရှိသည်။

အဖြေမှာ ထိုသူဌေးတို့၏ ရှေးရှေးသောဘဝက မင်္ဂဖိုလ်ရထိုက်သော အဆောက်အဦးကို မပြုဖူး၍ မရသည်ဟု ဆိုဖွယ်ရှိ၏။

မဂ္ဂုပနိဿယသာ ရဟိတ္တာ–ဟု ကျမ်းဆရာတို့ ဟိတ်ခတ်ကြ၏။

ထိုအဖြေကို ဝိသောဓနီဆရာက လုံးဝငြင်းပယ်သည်။

ဝိသောဓနီ။

ဓနဥယနှင့် သုမနဒေဝီသူဌေးဖနီးမောင်နှံတို့ကား၊ ပဌမမင်္ဂဖိုလ်ရကုန်သော သောတာပန် ပုဂ္ဂိုလ်တို့ပေတည်း။ မြတ်စွာဘုရားသခင် ရှေးဦးစွာ ဘဒ္ဒိယမြို့သို့ ကြွတော်မူသောအခါ မေဏ္ဍကသူဌေးနှင့် သူဌေး ကတော် သုမနဒေဝီ၊ မြေးဖြစ်သော ဝိသာခါ၊ ကျွန်ဖြစ်သော ပုဏ္ဏေးတို့သည် သောတာပတ္တိဖိုလ်ကို ရကြကုန်သည်။

ပုစ္ဆကဆရာ၏ အာဘောဂမှာ သူဌေးဖနီးမောင်နှံသည် ကျွတ်ထောက်ကျွတ်ခွင့် ကြုံပါလျက် မင်္ဂဖိုလ်ကိုမရသည်ကား အဘယ်အကြောင်းကြောင့်နည်းဟု မေးလိုသည်။ ဝိသဇ္ဇက ဆရာတော်က ''ကျွတ်ခွင့် ကျွတ်ထောက် မကြုံ၍'' မင်္ဂဖိုလ်ကို မရသည်ကိုဖြေသောကြောင့်၊ အာဘော်မကျ ဖြစ်လေသည့်ပြင် ''ကျွတ်ခွင့်ကျွတ်ထောက်ကြုံ၍'' မင်္ဂဖိုလ်တို့ရရှိသော ဓနဥယ သုမနဒေဝီ သူဌေးဖနီးမောင်နှံကို ဖြေဆိုမှားလေသည်။

''ကျွတ်ခွင့်ကျွတ်ထောက်''ကြုံလျက် မင်္ဂဖိုလ်ကို မရသော သူဌေးဖနီးမောင်နှံကား၊ မဟာဓန သူဌေးဖနီးမောင်နှံဖြစ်သည်။ မင်္ဂဖိုလ်ကို မရခြင်းအကြောင်းကား ရဟန်းမပြုခြင်းကြောင့်ဟူပေ။ ရဟန်းမပြုခြင်းအကြောင်းကား ''ပါဟမိတ္တသံသဂ္ဂ''ကြောင့်ဟူပေ။

ထိုမှတစ်ပါး အဖြေမပါသော ပုစ္ဆာများလည်း ရှိသေး၏။

၄၈၊ ၈၃၄။ ကုတိမတည်၊ ဖွင့်လေသည်၊ မည်သည့်သံဝဏ္ဏနာတို့နည်း'' ဟူသော အမေးပုစ္ဆာ၊ အဖြေကို မတွေ့ပေ။

ဝိသောဓနီ။

သံဝဏ္ဏေတဗ္ဗ–ပုဒ်ကို ကုတိသဒ္ဒါနှင့် မတည်မူ၍ သုတ်ကို ဝုတ္တိဖွင့်သကဲ့သို့ ဖွင့်သောနည်းသည် ''ဝုတ္တိသံဝဏ္ဏ နာနည်း'' မည်၏ဟူပေ။

''၄၉၊ ၈၃၅။ – ကုတိပုဒ်တည်၊ ဖွင့်ပါမည်၊ ဘယ်သည်အဖွင့်ဆိုပိမ့်နည်း။ ဟူသော အမေးပုစ္ဆာ၌ အဖြေကို မတွေ့ပေ။


ဝိသောဓနီ။

သံဝဏ္ဏေတဗ္ဗပုဒ်ကို ကုတိသဒ္ဒါနှင့်တည်၍ ဖွင့်သောနည်းသည် ''ဥလ္လိင်္ဂသံဝဏ္ဏ နာ နည်း'' မည်၏ ဟူပေ။

သို့ဖြစ်၍ စွယ်စုံကျော်ထင်ကျမ်းသည် ပညာရှာမှီးသူတို့ ဖတ်ဖူးရှုဖူးသော ကျမ်းဖြစ်သင့်သကဲ့သို့ စွယ်စုံကျော်ထင် ဝိသောဓနီသည်လည်း စွယ်စုံကျော်ထင် ကျမ်းကို လေ့လာဖူးသူတို့ လက်လွှတ်ရန်မသင့်သော ကျမ်းဖြစ်ပေသည်။ ။

■ ဆင်ဖြူကျွန်းအောင်သိန်း

http://www.dhammadownload.com



စက်လေးတန် နှင့် ပြည့်စုံသူ

ဗုဒ္ဓဝါဒီဆရာတော်

''ဝိရိယဝတော ကိ နာမ ကမ္မံ နသိဇ္ဈတိ''
ဝိရိယရှိသော ပုဂ္ဂိုလ်အား မည်သည့်အမှုကိစ္စမဆို ပြီးပြည့်စုံနိုင်ပါသည်။ အောင်မြင်မှုရလိုသူတိုင်း အထွဋ်အထိပ်သို့ ရောက်လိုသူတိုင်း မိမိရလိုသော အရာဝတ္ထုများကို မလျော့သော ဇွဲ၊ လုံ့လ၊ ဝိရိယဖြင့် ကြိုးစားအားထုတ်သင့်လှပါ၏။ ကြိုးစားတိုင်း အောင်မြင်ရမည်ဟု မုချ မပြောနိုင်သော်လည်း ထို၏ အကျိုးရလာဒ်ကို တစ်နေ့ မဟုတ် တစ်နေ့ ကောန်စင်စစ် ခံစားကြရမည် ဖြစ်ပါသည်။

ယခု မျက်မှောက်ဘဝ၌ တိုးတက်အောင်မြင်နေကြသူများသည် အရှုံးမပေးသောစိတ်ဓာတ်ဖြင့် 'သတိတမန်၊ ဉာဏ်မြေကတုတ်၊ ပညာချွန်းနှင့်အုပ်' ဆိုဘိသကဲ့သို့ သတိ,ဝိရိယ,ဉာဏ် ဤသုံးပါးအရင်း တည်ပြီး ကြိုးစားခဲ့၍ သာလျှင် အစစအရာရာ အောင်မြင်မှုများ ရရှိခဲ့ကြခြင်းဖြစ်ပါသည်။

ယခုဘဝ ပစ္စက္ခ၌ မှန်မှန်ကန်ကန်ကြိုးစား၍ ရှေးရှေးဘဝ ကုသိုလ်ကံ အဟုန်က အထောက်အပံ့ များရမည်ဆိုပါလျှင် ထိုသူသည် စင်ပေါ်မှာ မထင်ပေါ်ရန် အကြောင်းမရှိပါချေ။

ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်သည် ပုဂ္ဂိုလ်ဘစ်ဦးတစ်ယောက် တိုးတက်အောင်မြင်မှုရရန် ပြည့်စုံရမည့် သမ္ဘတ္တိ စက်လေးပါးကို ဟောဖော်ညွှန်ကြားခဲ့ပါသည်။ ထို သမ္ဘတ္တိစက်လေးပါးကို ဗုဒ္ဓဘာသာဝင်တိုင်း သိရှိနားလည်ပြီး ဖြစ်သော်လည်း အလျဉ်းသင့်သဖြင့် တင်ပြလိုက်ရပါသည်။

ထိုလေးပါးတို့တွင် မြတ်ဗုဒ္ဓ ပထမဦးစွာ ဟောကြားသည်မှာ **ပုဗ္ဗေ စ ကတပုညတာ**–ပင် ဖြစ်ပါသည်။ ပုဗ္ဗေ စ ကတပုညတာ–ဟူသည် ရှေးရှေးဘဝ သံသရာက ကောင်းစွာပြုလုပ်အားထုတ်ခဲ့သော ထူးကဲသော ဒါန, သီလ, ဘာဝနာ ကောင်းမှုပင် ဖြစ်ပါသည်။ ထို့ကြောင့် ''လုံ့ထမ်းလာတာမြင်တယ်၊ ကံထမ်းလာတာမမြင်''ဟု မြန်မာများ ဆိုရိုးစကား ပြုခဲ့ကြပေသည်။

ထို ရှေးရှေးဘဝက ကုသိုလ်ကောင်းမှုကံကြောင့်ပင် ယခုဘဝ၌ **ပဋိရူပဒေသဝါသ**–ဟူသော သင့်တင့်လျောက်ပတ်ကောင်းမြတ်သော အရပ်ဒေသ၌ လူတဝကို ရလာကြရပေသည်။ ရှေးလူကြီးတို့ဆိုသည် လည်း ''ကုသိုလ် ပညာ၊ ဥစ္စာရဖို့၊ သင့်ရာဒေသ အမြဲနေ''ဟု

http://www.dhammadownload.com

ညွှန်ကြားခဲ့ကြပေသည်။ ယခုအခါ မြန်မာနိုင်ငံသည် ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါလွှမ်းခြုံနိုမ့် ရတနာသုံးတန် ကံကံ၏အကျိုး ယုံကြည်သော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ နေထိုင်ကြသည့် အရပ်ဒေသ ဖြစ်ရကား ပဋိရူပဒေသလည်း ဖြစ်နေပေသည်။

ထိုသို့ သင့်တင့်လျောက်ပတ်သော အရပ်၌ နေထိုင်ရမှသာလျှင် **သပ္ပုရိသူပနိဿယ** ဟူသော သူတော်ကောင်းများကို မှီဝဲဆည်းကပ်ရပေမည်။ ယခုအခါ ထင်ပေါ်၍ စင်တော်သို့ ရောက်ရှိနေပြီးသော ထိုအရှင်သည် လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘတို့သည် ပညာသင်ရန် ရွှေ့ရောက်ပြန်သော အဂ္ဂမဟာပဏ္ဍိတ) စသော ဆရာကောင်း ဆရာမြတ်များ ထံဝယ်-

ဥဌာနာ ဥပဌာနာစ၊ သုသုသာ ပါရိစရိယာ။
သက္ကစ္စံ သိပ္ပုဂ္ဂဟဏာ၊ ဂရုံ အာဓာရယေ ဗုဓော။

ဟူသော တပည့်ကျင့်ဝတ်တို့ကိုလိုက်နာကျင့်သုံး သင်ယူမှတ်သားခြင်းတည်းဟူသော **သပ္ပုရိသူပနိဿယ**-ကိုလည်း ကောင်းမွန်စွာ ရရှိခဲ့ပါသည်။

ထို ဆရာတော်ကြီးများ သွန်သင်ဆုံးမ ဩဝါဒများကို တသွေမတိမ်းလိုက်နာခြင်း မိမိကိုယ်တိုင်လည်း ပရိယတ္တိတရားများကို ကြိုးကြိုးစားစားအားထုတ်ခြင်း၊ ရာပေါင်းများစွာသော တပည့် စာသင်ငယ် ရှင်ငယ်

ယခုအခါ မြန်မာနိုင်ငံသည် ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါလွှမ်းခြုံနိုမ့် ရတနာသုံးတန် ကံကံ၏အကျိုး ယုံကြည်သော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ နေထိုင်ကြသည့် အရပ်ဒေသ ဖြစ်ရကား ပဋိရူပဒေသလည်း ဖြစ်နေပေသည်။

ကျေးဇူးတော်ရှင် ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တသုန္ဒရ (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ)အရှင်မြတ်ထံအပ်နှံ၍ ရှင်သာမဏေပြုလုပ်ပြီး၊ စစ်တွေမြို့ သဒ္ဓမ္မဂုရု ပုသိမ်ကျောင်းတိုက်ကြီးကို တည်ထောင်ဖန်ဆင်းတော်မူသော လက်ဦးဆရာတော် ဘဒ္ဒန္တဂရုဝံသ (ဂန္ဆကာရကနှင့် ကမ္မဋ္ဌာနာစရိယ) ယခုလက်ရှိ ပုသိမ်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (အဂ္ဂမဟာဂန္ဆဝါစကပဏ္ဍိတ-နှင့် အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင်) ဘာသာဋီကာကျမ်းပြု အမရပူရ မဟာဂန္ဓာရုံဆရာတော်၊ မန္တလေးမစိုးရိမ်တိုက်သစ်၊ နာယကချုပ်ဆရာတော် ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ-အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ)အလိုတော်ပြည့်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအရိယဝံသ(မဟာဂန္ဆဝါစကပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ရဟန်းငယ်တို့အား တဖန်ပို့ချခြင်းတည်းဟူသော **သဒ္ဓမ္မ သဝန** သမ္ဗတ္တိစက်ဟူသော သမ္ဗတ္တိစက်လေးတန်နှင့် ပြည့်စုံခဲ့ပါပြီ။

သမ္ဗဒါလေးဖြာ ပြည့်စုံစွာ

၁။ **ဥဌာနသမ္ဗဒါ** - ထကြွလုံ့လ ဝီရိယရှိခြင်း
၂။ **အာရက္ခသမ္ဗဒါ** - မိမိကိုယ်ကို မိမိစောင့်ရှောက်နိုင်မှုစွမ်းရည်ရှိခြင်း။
၃။ **ကလျာဏမိတ္တသမ္ဗဒါ**- မိတ်ကောင်းဆွေကောင်း နှင့် တွေ့ဆုံရခြင်း။
၄။ **သမဇီဝိတာ သမ္ဗဒါ**- စင်ကြယ်မျှတသော အသက်မွေးမှုရှိခြင်း။

ဤတရားလေးပါးကို လိုက်နာပွားများသော

http://www.dhammadownload.com

ပုဂ္ဂိုလ်သည် ပစ္စုပ္ပန်ဝယ် စင်စစ်ကြီးပွားမည်ဖြစ်ကြောင်း ဗုဒ္ဓညွှန်ကြားခဲ့ပါသည်။ ထို့အတူ သာသနာတော်မြတ်ကြီးတွင်လည်း သာသနာ့ဝန်ထမ်း ရှင်ရဟန်းများသည် ဤတရားလေးပါးနှင့် ညီညွတ်ပါက သာသနာတော်ကြီး ဆထက်တပိုး ပြန့်ပွားလာနိုင်ဖွယ်ရှိပါသည်။

ဓမ္မာစရိယ တက္ကသိုလ်ကြီး၏ နာယကချုပ် ဖြစ်တော်မူသော ဘဒ္ဒန္တသုစိတ္တာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ) ၏ သာသနာအကျိုးဆောင်ရွက်ချက်ကား နောင်လာနောက်သားများ အတုယူဖွယ်ကောင်းလှပါသည်။ ထိုအရှင်သည် ပရိယတ္တိ ကျမ်းကျင်သူပီပီ နွေရာသီ ဓမ္မာစရိယသင်တန်းကို ဖွင့်လှစ်ကာ ပို့ချပေးတော်မူသည်။ ထိုမျှမက ဆရာတော်သည် ဂန္ထကာရက ကျမ်းပြုပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်သည်။ ဆရာတော်ရေးသားသည့် ကျမ်းဂန်များကို ဓမ္မာစရိယတန်းဝင် အရှင်များသည် မလွတ်တမ်း ကြည့်ရှု ကျက်မှတ်ကြပေသည်။

နောင် အနာဂတ် သာသနာတော်ကြီးကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မည့် ရဟန်း သာမဏေတို့အား ပရိယတ္တိဓမ္မအမွေကို မျိုးစေ့ချပေးခြင်းဖြင့် နောင်အခါ သာသနာတော်ကြီး၌ အားကိုးအားထားရလောက်သည့် သာသနာ့အာဇာနည်ပေါင်း မြောက်များစွာ တို့ကိုလည်း မွေးထုတ်ပေးလျက်ပင် ရှိပါသည်။

ဗုဒ္ဓသာသနာတော်ဝယ် အကျင့်လမ်း မလွဲအောင် ပရိယတ်က ထိမ်းထားပေးရပေသည်။ ပရိယတ်မရှိဘဲ ပဋိပတ်သာသနာမတည်နိုင်ပေ။ ထို့ကြောင့် ဗုဒ္ဓသာသနာဝယ် လမ်းမလွဲ အကျင့်မလွဲအောင် သတိပြုသင့်ပေသည်။

ဗုဒ္ဓမြတ်စွာ၏ ဒေသနာဝိလာသကို ထေရဝါဒ ဗုဒ္ဓဘာသာဝင်များသည်

၁။ ဥဂ္ဂဟ = သင်ယူခြင်း
၂။ ပရိပုစ္ဆာ = မေးမြန်းခြင်း
၃။ သဝန = ကြားနာခြင်း
၄။ ဓာရဏာ = ဆောင်ထားခြင်း
၅။ သမ္မသန = သုံးသပ်ခြင်းများ ပြုလုပ်သင့်ပေသည်။ မျက်ကန်းတစ္ဆေမကြောက်သဘောမျိုးနှင့် မယုံကြည်သင့်ပေ။

ထိုသို့ ပရိယတ္တိမာမက ဓမ္မဒေသက, ပရိယတ္တိဝိသာရဒ ဖြစ်သော သာသနာ့အကျိုးကို အားကြိုးမာန်တက်ဆောင်ရွက်တော်မူသော သက်တော်(၅၀)ပြည့်



ရွှေရတုကာလသို့ရောက်ရှိသော ဘဒ္ဒန္တသုစိတ္တာဘိဝံသကိုကား–

''ယမှာ ဓမ္မံ ဝိဇာနေယျ၊ သမ္မာသမ္ဗုဒ္ဓဒေသိတံ၊
သက္ကစ္စံ တံ နမဿေယျ၊ အဂ္ဂိ ဟုတ္တံ ဝ ဗြာဟ္မဏော၊''

အကြင်သူ၏ထံမှ ဘုရားရှင်ဟောကြားတော်မူအပ်သော တရားတော်ကို နာခံမှတ်သားရ၏။ ထို ဆရာအား အမြဲမပြတ် ခစား လုပ်ကျွေးရာ၏ ဟူသော ဒေသနာနှင့်အညီ တပည့် ဒါယကာ ဒါယိကာမများ စုပေါင်း၍ ပူဇော်ပွဲကြီး ခြိမ့်ခြိမ့်သဲသဲ ဆင်ယင် ကျင်းပခြင်းသည် ''ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ'' ဟူသော မင်္ဂလသုတ် ဒေသနာတော်နှင့်လည်း ညီညွတ်လှပေသည်။

ကိုယ်ကျိုးမဖက် သာသနာတော်အကျိုးသက်သက် ဆောင်ရွက်တော်မူသော ဆရာတော်ဘုရား၏ ရွှေရတုမှသည် စိန်ရတု၊ မြရတု၊ ပတ္တမြားရတုတိုင်အောင် ရတုပေါင်းများစွာကို ဆင်ယင်ကျင်းပလျက် လောကအကျိုး သာသနာတော်အကျိုးကို ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေသတည်းဟု ဆုတောင်းဆန္ဒပြုလိုက်ရပါသည်။

သုခီတာ ဟောထ၊ ဒုက္ခာ မုဉ္စထ။

■ ဗုဒ္ဓဝါဒီဆရာတော်

♦ ♦ ♦

http://www.dhammadownload.com

မြန်ပြည်ကျော်တဲ့ တိုဆရာတော်
ယာဉ်တော်မြတ်နဲ့ တိုယူဇော်

ရွှေမြိုင်ပြည့်စုံ



လောကတွင် ဆရာသမားလွန်စွာအရေးကြီးကြောင်းကို ရှင်တော်ဗုဒ္ဓက ''ယထာဘူတံ ဉာဏာယ သတ္တာ ပရိယေသိတဗ္ဗော''မိမိအား ဟုတ်တိုင်းမှန်စွာ သင်ကြား ဟောကြားပြသနိုင်တဲ့ ဆရာသမားကိုရှာဖြစ်အောင်ရှာပါလို့ ကြိမ်ဖန်များစွာ အရေးတကြီး မှာတော်မူခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် အဇာတသတ်မင်းသားသည် ဒေဒတ်ဆရာမှားနှင့် ပေါင်းသင်းမိ၍ သောတာပန်တည်နိုင်တဲ့ ပါရမီရှိသော်လည်း ငရဲသို့ကျရောက်ခဲ့ရ၏။ ကိလေသာ အပူခပ်သိမ်းကင်းငြိမ်းပြီး သောရဟန္တာအရှင်သူမြတ်ဖြစ်လင့်ကစား ဆရာနည်း မရခဲ့လျှင် **''ဆရာမပြဲ နည်းမကျ အရှက်ရတတ်သည်''** ဟူသောစာဆိုတစ်ခု သာသနာတွင် ဖြစ်ပေါ်ခဲ့ဘူးသည်။ ဤအကြောင်းကို ဒီဃနိကာယ် **မဟာဝါပါဠိတော်** မဟာပရိနိဗ္ဗာနသုတ်၊ ဘူမိစာလအဖွင့် ရဟန္တာသာမဏေတစ်ပါးအကြောင်း ဖော်ပြပါဦးအံ့။

(သာမုဒ္ဒိကမဟာနာဂမထေရ်၏တူ) သံဃရက္ခိတ သာမဏေသည် သင်ဓုန်ဦး၌သာလျှင် (သံယုတ်ဋီကာအလို) သင်ဓုန်းဖျား၌သာလျှင် (သာရတ္ထဋီကာအလို) အရဟတ္တဖိုလ်သို့ရောက်ပြီး **''ရှင်ရဟန်းပြုသောနေ့မှာပင် အရဟတ္တဖိုလ်သို့ ရောက်၍ သိကြားမင်း၏ ဝေဇယန္တာနန်းပြာသာဒ်ကို တုန်လှုပ်စေသည့် ရှင်ဂုဟန်းတစ်ပါး ပေါ်ပေါက်ခဲ့ဘူးသလော''** ဟု စဉ်းစားဆင်ခြင်လတ်သော် တစ်ဦးတစ်ယောက်မျှ မပေါ်ပေါက်ဘူးသေးကြောင်း သိရ၍ **''ငါသည် တုန်လှုပ်စေမည်''** ဟု အဘိညာဉ် တန်ခိုးအစွမ်း ဖြင့် ဝေဇယန္တာနန်းပြာသာဒ်ဦး၌ ရပ်တည်ပြီးလျှင် ခြေဖြင့်ကန်၍ တုန်လှုပ်အောင်ပြုသော်လည်း တုန်လှုပ် စေခြင်းငှာ မတတ်နိုင်ချေ။

ထိုအခါ သာမဏေကို သိကြားမင်း၏ ကချေသည်နတ်သမီးများက ''ချစ်သား သံဃရက္ခိတ သင် ချစ်သားသည် အပုပ်နှင့်ရောသောရနံ့ရှိသော ဦးခေါင်းရှိလျက် (အလွန်အသက်အရွယ်ငယ်သူဖြစ်လျက်) ဝေဇယန္တာနန်းပြာသာဒ်ကို တုန်လှုပ်စေလိုဘိ၏၊ ပြာသာဒ်ကြီးကား အလွန်တည်တံ့၍ အဘယ်မှာလျှင် တုန်လှုပ်စေနိုင်လိမ့်မည်နည်း''ဟု ပြောဆိုကြကုန်၏။

သာမဏေသည်''ဤနတ်သမီးတို့ကား ငါ့ကို ပြက်ရယ်ပြုကြကုန်၏။ ငါသည်ကား သွန်သင်ပြသဆိုဆုံးမသည့် ဆရာ့နည်းကိုမရသေးချေ။ ငါ၏ဆရာယခုအခါ အဘယ်အရပ်၌ နေတော်မူသနည်း''ဟု ဆင်ခြင်လတ်သော် မဟာသမုဒ္ဒရာအတွင်း၌ ရေလိုဏ်ကို ဖန်ဆင်း၍ နေ့သန့်နေထိုင်တော်မူ၏''ဟု သိ၍ ထိုအရပ်သို့သွားရောက်ကာ မထေရ်ကိုရှိခိုး၍ ရပ်တည်လေ၏။

ထိုအခါ ဆရာမဟာနာဂမထေရ်သည် သာမဏေကို ''ချစ်သားသံဃရက္ခိတ အသို့နည်း၊ ကောင်းစွာမတတ်မြောက်သေးဘဲ စစ်ပွဲဝင်ခဲ့သလော'' ဟု မိန့်တော်မူကာ ''ချစ်သား ဝေဇယန္တာပြာသာဒ်ကို တုန်လှုပ်စေခြင်းငှာ မတတ်နိုင်ခဲ့ဘူးလော''ဟု တိုက်ရိုက်မေးတော်မူလေ၏။ သာမဏေက ''အရှင်ဘုရား တပည့်တော်သည် ကောင်းစွာသင်ပြဆိုဆုံးမသည့် ဆရာနည်းကို မရသေးပါဘုရား''ဟု လျှောက်ထားသော အခါ မဟာနာဂမထေရ်သည် သာမဏေကို ''ချစ်သား သင်ချစ်သားကဲ့သို့

http://www.dhammadownload.com

ကုဋ္ဌိရှင်တစ်ဦးကမှ မတုန်လှုပ်စေနိုင်လျှင် အခြားမည်သူ တစ်ဦးတစ်ယောက်သည် တုန်လှုပ်စေနိုင်ချိမ့်မည်နည်း''ဟု အားပေးစကား မိန့်ကြားပြီးလျှင် ဆက်လက်၍ ''ချစ်သား သင်ချစ်သားသည် ရေအပြင် နွားချေးခြောက်ခဲပေါလောမျှောသည်ကို မြင်ဘူးသည်မဟုတ်လော'' ''ချစ်သား. . . အိုးကင်းခြံ မုန့်ကိုကြော် သောသူတို့သည် အစွန်အဖျားမှလှည့်ကာ ဖြတ်တောက် ခွါယူကြကုန်၏။ ဤဥပမာဖြင့် သင်ချစ်သားသည် သိလေလော့ ''ဟု မိန့်တော် မူလေ၏။

သာမဏေသည် ''အရှင်ဘုရား ဤမျှလောက် ဖြင့် သင့်တင့်လျောက်ပတ်ပါလိမ့်မည်'' ဟု လျောက်ထားပြီးလျှင် ''ဝေဇယန္တာနန်းပြာသာဒ်ကြီး တည်ရာအရပ်သည် ရေတပြင်တည်း ဖြစ်စေသတည်း''ဟု အဓိဋ္ဌာန်၍ ပြာသာဒ်သို့ ရှေ့ရှုကြွရောက်လေသည်။ နတ်သမီးတို့သည် သာမဏေကိုမြင်ကြ၍ **''ပဌမအကြိမ် အရှက်ရ၍ သွားရပြီး သာမဏေသည် တဖန်ထပ်၍လာဘိ၏''**ဟု အထင်သေး အမြင်သေးစကားပြောကြားကြလေသည်။

သိကြားနတ်မင်းသည် ''ငါ့သားနှင့် သင်တို့သည် ပြက်ရယ်စကားမပြောကြားလင့်၊ ယခုအခါ ထိုသားသည် ဆရာ့နည်းကောင်းကို ရအပ်ခဲ့လေပြီ၊ ခဏအတွင်းမှာပင် ပြာသာဒ်ကြီးကို တုန်လှုပ်စေလိမ့်မည်''ဟု ပြောဆိုလေ၏။ သံဃရက္ခိတသာမဏေသည် လည်း ခြေမဖြင့် ဝေဇယန္တာပြာသာဒ်ထုပိကာကို တို့လေသည်။ ပြာသာဒ်ကြီးသည် ရှေ့နောက် ဝဲယာယိမ်းခွဲ့လေ၏။ နတ်သမီးတို့သည် ''ချစ်သား ပြာသာဒ်ကြီးအား ရပ်တည်ခွင့်ကို ပေးပါလော့'' ဟု အော်ဟစ်မြည်တမ်းကြလေ၏။

သာမဏေသည် ပြာသာဒ်ကိုမူလနေရာ၌ထား ရှိပြီးလျှင် ပြာသာဒ်ထက်၌ရပ်တည်၍ ဤဆိုလတ္တံ့သော သုံးဂါထာတို့ဖြင့် ဥဒါန်းကျူးရင့်လေ၏။

အဇ္ဇေဝါဟံ ပမ္ဟဇိတော၊ အဇ္ဇ ပတ္တာသဝက္ခယံ။
အဇ္ဇ ကမ္မေမိ ပါသာဒံ၊ အဟောဗုဒ္ဓသုဇ္ဇာရတာ။
(အဟော ဓမ္မသုဇ္ဇာရတာ၊ အဟောသံဃသု ဇ္ဇာရတာ။)

အဓိပ္ပါယ်မှာ ''သံဃရက္ခိတမည်ခေါ်ထွေ ငါသာမဏေသည် ဤနေ့မှာပင် ရှင်ရဟန်းဖြစ်ခဲ့ပြီ၊ ယနေ့ အာသဝေါလေးရပ် ကုန်ဆုံးပြတ်သည့် အရဟတ္တဖိုလ်သို့ သင်ဓုန်းဦးဝယ် အထူးဆိုက်ရောက်ခဲ့လေပြီ။ ယနေ့ပင် သိကြားမင်း၏ ဝေဇယန္တာနန်းပြာသာဒ်ကို **ဆရာ့ထံမှ နည်းကောင်းရ၍**ခဏလျှင်ထွေ တုန်လှုပ်စေခဲ့၏။ ဘုရား တရား သံဃာရတနာ၏ ဂုဏ်တော်ဥက္ကဋ္ဌ ကျေးဇူးကြီးမြတ်ခြင်းသည် ''စုတ်သတ်ရှင်မော တသြဿြလျှင် အတော မသတ် လောကဓာတ်ဝယ် ပြောစမှတ် လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွတကား''ဟု ဥဒါန်း ကျူးရင့်ခဲ့လေသည်။

ရဟန္တာရှင်သူမြတ်များပင် ဆရာ့နည်းလိုအပ်ပါသေးလျှင် စာရေးသူအပါအဝင် တပည့်အပေါင်းမှာလည်း ဆရာ့နည်းရရန် အလွန်အရေးကြီးလှပေသည်။ စာရေးသူတို့အား ဓမ္မာစရိယတန်းဆိုင်ရာ ပါဠိတော်၊ အဋ္ဌကထာ–စသည်တို့ကို သင်ကြားပေးခဲ့သော ရွှေရတုအရှင်၏ တပည့်များမှာ အလွန်များပြားလှသည်။ အကြောင်းမှာ ဆရာရှင်သည် ရဟန်းဝါ တစ်ဝါမှစတင်၍ စာပေပို့ချခဲ့ရာ ယခုဆိုလျှင် စာချသက်(၃၀)သို့ ရောက်ရှိလာပါပြီ။ စာဝါတစ်ဝါလျှင် မန္တလေးမှာ စာသင်သား(၈၀၀)ကျော်၊ မော်လမြိုင်မှာ (၁၀၀)ကျော်၊ တာမွေအလိုတော်ပြည့်ကျောင်းတွင်(၁၅၀၀) ကျော်၊ ယခုဓမ္မာစရိယတန်းတက္ကသိုလ်တွင်(၃၀၀)ကျော် တို့အား နှစ်ပေါင်း(၃၀)ပို့ချခဲ့လေသောကြောင့် တပည့်ပေါင်းမရေတွက်နိုင်အောင် များပြားနေပါတော့သည်။

ဥပမာပြရသော် မဟာသမုဒ္ဒရာရေအထုမှ ဆားငန်အရသာကို သိသာစေရန် ထုတ်ဆောင်၍ပြအပ်သောတစ်ဖလားမျှသောရေကဲ့သို့ ရွှေရတုအရှင်၏ တပည့်အပေါင်း များပြားလွန်းသောကြောင့် ပြော၍မကုန်ရေး၍မကုန် ပူဇော်၍မကုန်နိုင်။ ထိုတပည့်များထဲမှ မော်လမြိုင်မြို့၌ ရွှေရတုအရှင် သုံးနှစ်စာချက်ပြု ခဲ့စဉ်က အနီးကပ် ဝတ်ကြီးဝတ်ငယ်ပြုစု၍ စာလိုက်ခဲ့ဘူးသော တပည့်တစ်ပါးအကြောင်းကိုလည်း အကျဉ်းမျှ ဖော်ပြပါဦးအံ့။

ထိုအရှင်သည် မော်လမြိုင်၊ ဈေးကြီးဆန်တန်းရပ်တွင် ၁၃၂၅–ခု၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၄)ရက် သောကြာနေ့တွင် ဦးလေးတီ+ဒေါ်ကင်လိုင်းတို့မှ ဖွားမြင်သော သားမြတ်ရတနာဖြစ်ပါသည်။ ငယ်နာမည်မှာ မောင်ကျော်နိုင်ဖြစ်ပြီး အသက်(၂၀)တွင် မော်လမြိုင် တက္ကသိုလ်မှ B.Sc (Physics) ဘွဲ့ရရှိကာ ယခင် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် နိုင်ငံတော် တာဝန်ကို (၃)နှစ် ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။

တက္ကသိုလ်ဘွဲ့ရပြီးချိန်မှစ၍ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသျအတိုင်း ဆရာတော်ဦးဝါယမထံတွင် သုံးနှစ်သုံးမိုး တရားမမှများကြိုးစားအားထုတ်ခဲ့သည်။ (၂၄) နှစ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ဘွဲ့တော်မှာ

http://www.dhammadownload.com

အရှင်သောဘနဖြစ်ပါသည်။ ထိုအရှင်သည် မန္တလေး ဝမ်းတွင်းသဲတော မြနှင်းဆီကျောင်းဆရာတော် ဦးဃော သိတ၊ ဦးအာလောကာ၊ အဘိဓဇမဟာရဋ္ဌဂုရု မုံရွာဇောတိ ကာရာမပါဠိတက္ကသိုလ် ဆရာတော်ကြီးနှင့် စာချဆရာ တော်များထံတွင် မူလတန်း၊ အငယ်တန်း၊ အလတ်တန်းကို အောင်မြင်၍ အကြီးတန်းစာပေများကို သင်ယူခဲ့ပါသည်။

ထိုစဉ် အစာအိမ်ရောဂါဖြင့် မန္တလေးဆေးရုံကြီး တွင် ခွဲစိတ်ကုသပြီး ကျန်းမာရေးအရ စာပေသင်ကြားမှု ကို ခေတ္တအနားယူကာ သာမညဆရာတော်ကြီးထံတွင် ဝါဆိုသီတင်းသုံးကာ ဓုတင်ဆောက်တည်ပုံနှင့် မေတ္တာ ဘာဝနာပွားများပုံများကို ဆရာနည်းကျကျ သင်ကြား ကျင့်ကြံခဲ့သည်။ သာမညဆရာတော်ကြီးထံတွင် (၁၅)နှစ် ခန့် နည်းခံသင်ယူကျင့်ကြံပြီး ဆရာတော်ကြီး၏ ဩဝါဒ အတိုင်း သာမညဆရာတော်ကြီး၏ တစ်ဘဝသာသနာ VCD တိတ်ခွေကို ထုတ်ဝေပူဇော်နိုင်ခဲ့သည်။ ထို့ကြောင့် ထိုအရှင်ကို တစ်ဘဝသာသနာ အရှင်သောဘန–ဟု ခေါ်ဝေါ်လေ့ရှိကြသည်။ ထိုအရှင်သည် မကြာမီ မေတ္တာ ဘာဝနာပွားများပြီး ဝိပဿနာဘက်သို့ ကူးပြောင်းပုံ၊ အားထုတ်ပုံနည်းများကို တစ်ဘဝသာသနာစာအုပ်ဖြင့် ထုတ်ဝေပူဇော်ရန် စီစဉ်နေဆဲဖြစ်ပါသည်။

ထိုအရှင်သည် ဆက်လက်၍ ပထမကြီးစာဝါ များကို မော်လမြိုင်မြို့ အင်္ဂါဘိဓဇနှစ်ဘွဲ့ရ၊ တိ–ဩ ဥက္ကဋ္ဌ ဝဲပျံဆရာတော်ကြီးနှင့် ရွှေရတုအရှင်ထံတွင် ထပ်မံ သင်ယူဖြေကြားရာ ထိုနှစ်မှာပင် အောင်မြင်ခြင်းသို့ ရောက်ရှိခဲ့လေသောကြောင့် ဓမ္မာစရိယတန်းဆိုင်ရာ စာဝါများကိုထိုဆရာတော်ကြီးနှစ်ပါးထံတွင် သုံးနှစ်သုံးမိုး ရက်မပျက်ကြိုးစားသင်ယူခဲ့သည်။ သို့သော် ထိုအရှင်မှာ ကျောင်းထိုင်ဘုန်းတော်ကြီးတစ်ပါးဖြစ်နေ၍ ကျောင်း သံဃာ(၃၀)ကျော်တို့အား စာပေသင်ကြားပေးရခြင်း၊ တစ်နှစ်လျှင် (၇)ကြိမ်၊ တစ်လစခန်းပွဲ(၃)ကြိမ်၊ ဝါတွင်း ဥပုသ်၊ ဝါပဥပုသ် တနင်္ဂနွေနေ့များတွင် မိမိကျောင်း၌ တရားဟောကြား ကမ္မဋ္ဌာန်းနည်းလမ်း ပြသပေးရခြင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်အတွင်း တရားပွဲ၊ တရား စခန်းများကို ဖွင့်လှစ်နေရခြင်း အစရှိသော ကိစ္စအဝဝ တို့ကြောင့် စာချတန်းကို ဝင်ရောက်ဖြေဆိုခြင်းမပြုနိုင်ဘဲ ရွှေရတုအရှင် ဆရာသခင်နည်းတူ ကိုယ်ကျိုးမဖက် အများအတွက်သာလျှင် သာသနာ့အကျိုးကို ထမ်း ဆောင်ခဲ့ရပါတော့သည်။

ထိုအရှင်တပည့်များမှာ ယခုအခါ ရွှေရတုအရှင် ကျောင်း၌ပင် ဓမ္မာစရိယတန်းကို တက်ရောက်သင်ယူနေ ကြလေပြီ။ ထိုအရှင်ကျောင်းတွင် ဝါတွင်းဥပုသ်နေ့၊ သင်္ကြန်စခန်းပွဲနှင့် နွေရာသီအလယ်တန်း၊ အထက်တန်း ကလေးစခန်းပွဲများတွင် ယောဂီ (၁၀၀၀) ကျော်စီရှိပြီး တရားဝင်ယောဂီ၊ ဥပုသ်သည်များအား သာမည ဆရာတော်ကြီးနည်းအတိုင်း အစဉ်ထာဝရ ကျွေးမွေး လှူဒါန်းပြီး ရွှေရတုအရှင်အစရှိသော ဆရာတော်များ သင်ကြားပေးခဲ့သည့် ပါဠိတော်၊ အဋ္ဌကထာများကို အခြေခံ၍ မိုးကုတ်ဆရာတော်ကြီးနည်းအတိုင်း ကမ္မဋ္ဌာန်း ပြသလျှက်ရှိပါသည်။

ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ရွှေရတုအရှင်၏ တပည့် ဦးသောဘန မော်လမြိုင်မြို့၌ အောင်မြင် ထင်ရှား စွာ သာသနာ့အကျိုးထမ်းဆောင်နေသည်ကို သိရှိရုံမျှဖြင့် ရွှေရတုအရှင် ဆရာသခင်၏ အစွမ်းသတ္တိကို သိရှိနိုင် ပါလိမ့်မည်။ ယခုအခါ ရွှေရတုအရှင်၏ တပည့်များမှာ ကျောင်းထိုင်၊ စာချ၊ ကျမ်းပြု၊ တရားဟော၊ တရားပြသ နေသော ရဟန်းသံဃာများနှင့် ကျောင်းထိုင်စာချနေ ကြသော သီလရှင်များ၊ မြန်မာပြည်အနှံ့တွင် မြောက်များ စွာပေါ်ထွန်းနေ၍ မိမိတို့တတ်စွမ်းသမျှ သာသနာ့အကျိုး ကို ထမ်းဆောင်နေကြသောကြောင့် ရွှေရတုအရှင်အား **"မြန်ပြည်ကျော်တဲ့ တို့ဆရာတော်"** ဟု တင်စားခေါ်ဝေါ် ထိုက်ပါပေတော့သည်။

မြန်မာပြည်တွင်သာမက (၁၉၉၉–မှ–၂၀၀၂) အတွင်း အမေရိကန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ အိန္ဒိယနိုင်ငံ များသို့ ရက်ရှည်၊ လရှည်ဓမ္မဒူတခရီး ကြွမြန်းပြီး စေတီတော်များထီးတော်တင်လှူခြင်း၊ သိမ် သမုတ်ခြင်း၊ တရားပြ၊ တရားဟောကြားခြင်း၊ ဘာသာရေးပုစ္ဆာ ပြဿနာများကို ဖြေကြားခြင်း၊ အစရှိသည်ဖြင့် သာသနာပြုခဲ့သည်။

ရွှေရတုအရှင်၏တပည့် ဦးသောဘန ပြောပြချက် အရ ကမ္ဘာကျော်ပုံကား ဆရာတော်နှင့် ဦးသောဘနတို့ အဖွဲ့ မဖွဲ့မဖွဲ့ဒေသ၊ သံဝေဇနီယလေးဌာနသို့ လွန်ခဲ့သော နှစ်နှစ်ခန့်က ဘုရားဖူးကြွစဉ် မြန်မာဘုန်းတော်ကြီး ကျောင်း(၁၂)ကျောင်း၌ တည်းခိုလှူဒါန်းခဲ့ကြသည်။ ကျောင်းအားလုံးရှိ ကျောင်းထိုင်ဆရာတော်များမှာ ရွှေရတုအရှင်နှင့် အလွန်ရင်းနှီးပြီး တိုက်အုပ်၊ တိုက် ကြပ်နှင့် သံဃာအများစုမှာ ရွှေရတုအရှင်ထံ စာဝါ လိုက်ခဲ့သောတပည့်များ ဖြစ်နေကြသည်ကို အံ့သြစွာ တွေ့မြင်ခဲ့ရသည်။ အိန္ဒိယနိုင်ငံတွင်မက ကျန်နိုင်ငံ

http://www.dhammadownload.com

ရပ်ခြားတွင်လည်း ရွှေရတုအရှင်၏တပည့်များ ရေတွက်နိုင်တော့မည်မဟုတ်ချေ။ ရွှေရတုအရှင်၏ တပည့်များ မြန်မာပြည်အနှံ့၊ ကမ္ဘာအနှံ့ သာသနာပြုနိုင်ခြင်းသည် ရွှေရတုအရှင်၏ ကျေးဇူးတော် အနန္တကြောင့်ပင် ဖြစ်ပါပေတော့သည်။ ထို့ကြောင့် ရွှေရတုအရှင်ကို မြန်မာကျော်တဲ့ တို့ဆရာတော်ဟု ခေါ်ဝေါ်ရုံသာမက **''ကမ္ဘာကျော်တဲ့ တို့ဆရာတော်''** ဟူ၍ပင် ခေါ်ဝေါ်သင့်လှပေတော့သည်။

အာစရိယဂုဏော အနန္တော–ဟု ရှင်တော်ဗုဒ္ဓဟောကြားတော်မူသည်နှင့်အညီ မရေတွက်နိုင်သော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံသော ဆရာသခင်များ၏ ကျေးဇူးကိုဆပ်ဖို့ရန် မလွယ်ကူလှကြောင်း **''စတူဟိ ပဏီတပစ္စယေဟိ စက္ကဝါဠန္တရံ ပူရေတွာ သိနေရုပဗ္ဗတေန ကူဋံ ဂဟေတွာ ဒေန္တောပိ အာစရိယဿ အနုစ္ဆဝိကံ ကိရိယံ ကာတုံ နသက္ကောတိယေဝ''** ဟူ၍ (ဥပရိပဏ္ဏာသ ပါဠိတော်၊ အဋ္ဌ၊ ၂၂၃) မိန့်မှာတော်မူခဲ့သည်။ အဓိပ္ပါယ်မှာ မွန်မြတ်သော ပစ္စည်းလေးပါးတို့ဖြင့် စကြာဝဠာအဆုံးပြည့်စေ၍ မြင့်မိုရ်တောင်မင်း အထွဋ်ကိုယူ၍ ပေးလှူငြားသော်လည်း တစ်လုံးတစ်ပါဒသင်ကြားပေးခဲ့သော ဆရာ့ကျေးဇူးကို လျော်စွာပြုခြင်းငှာမစွမ်းနိုင်၊ မကုန်နိုင်ပေ။

ကျေးဇူးတရားများလွန်း၍ ဆပ်၍မကုန်–ဟူ၍ မဆပ်ဘဲနေရန်မသင့်။ တတ်စွမ်းသမျှပစ္စည်းလေးပါးဖြင့် ပူဇော်ခြင်းပစ္စယာနုဂ္ဂဟ၊ စာချ၊ ကျမ်းပြု၊ တရားဟော တရားပြခြင်း ဓမ္မာနုဂ္ဂဟဖြင့် ပူဇော်သင့်၊ ကျေးဇူးဆပ်သင့်ပါပေသည်။

ယခုအခါ တစ်သက်မှ တစ်ကြိမ်သာပြုခွင့်ရသော ဆရာသခင်၏ သက်တော် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်ဖြင့် တပည့်ဦးသောဘနသည် ရွှေရတုအရှင်ဆရာသခင်အား သိန်း(၃၀၀)ဝန်းကျင် တန်ဖိုးရှိသော မော်တော်ယာဉ်မြတ်ကို လှူဒါန်းပူဇော် ကျေးဇူးဆပ်ခွင့်ရခဲ့ပြန်ပြီ။ ဤသည်ကား ဆရာအရှင်များအား ဒုတိယအကြိမ် လှူဒါန်းခြင်းဖြစ်ပါသည်။

ပထမအကြိမ် ပူဇော်ခွင့်ရခဲ့သည်ကား သာသနာတွင် ကမ္ဘာကျော်သည့် ထိုအရှင်၏ ပဋိပတ်ဆရာသခင် သာမညဆရာတော်ကြီး၏ ဂုဏ်တော် ကျေးဇူးတော် အနန္တ ကို အာရုံပြု၍ သိန်းပေါင်းထောင်ကျော်တန်ဖိုးရှိသော လင့်ခရူဇာ အသစ်စက်စက် (သာ/ ၁၀၄၄) ယာဉ်တော်မြတ်ကြီးကို လှူဒါန်းကျေးဇူးဆပ်ခွင့်ရခဲ့ပါသေးသည်။

မြန်ပြည်ကျော်တဲ့ဆရာတော်နှစ်ပါးကို ယာဉ်တော်မြတ်ဖြင့် ပူဇော်ပါသော်လည်း ဆရာရှင်များ၏ ကျေးဇူးတရားကား ဆပ်၍မကုန်နိုင်ပါ။ အဘယ့်ကြောင့် ဆိုသော် မြေပြင်မှတိုင်းတာသော် အလွန်မြင့်သော ဘဝဂ်သည် ဆရာရှင်၏ ဂုဏ်ကျေးဇူးနှင့် နှိုင်းစာလျှင် နိမ့်ပါသေး၏။ မဟာပထဝီမြေကြီးကို တင်းတောင်းချိန်တို့ဖြင့် ချိန်တွယ်ပါလျှင် ဖြစ်နိုင်ဖွယ်ရှိသေးသော်လည်း ဆရာရှင်များ၏ ဂုဏ်ကျေးဇူးကား ချိန်တွယ်၍မကုန်နိုင်။ အချင်းယူဇနာ တစ်သန်း, နှစ်သိန်းသော စကြာဝဠာကြီးကား ဆရာရှင်၏ ဂုဏ်ကျေးဇူးနှင့် နှိုင်းစာလျှင် အလွန်ကျဉ်းမြောင်းလှသည်။

''တစ်ကမ္ဘာလျှင်၊ မဟာပြဟ္မာ၊ လျှာကုဋေ ဖြင့်၊ ဆန်းနေဂိုဏ်းညီ၊ ဂါထာစီ၍၊ ကျူးချီလှစ်ဖော်၊ ဆိုလှည့်သော်လည်း၊ ဘုန်းတော်ကဲလွန်၊ အနေကန် ကို၊ ဝေဖန်ချီးမြှောက်၊ ပြီးမရောက်လိမ့်'' ဟူ၍ ဆရာ့ကျေးဇူး ပြော၍မကုန်နိုင်ကြောင်း သိရှိရပါသည်။

ဦးသောဘန၏ ပြောပြချက်အရ သာမည ဆရာတော်ကြီးအား ယာဉ်တော်မြတ်လှူဒါန်းစဉ် ဩဝါဒ ပေးပုံကို စာရှုသူများသိရှိစေရန် နိဂုံးချုပ်တင်ပြအပ်ပါသည်။ သာမညဆရာတော်ကြီး ဩဝါဒစကားရပ်များမှာ **''လောကမှာ ကတညုတာ ကတဝေဒီ–ဆိုတာ အလွန်ခဲယဉ်းတဲ့ ဒုလ္လဘတရားပဲ။ အဲဒါကြောင့် မိမိအပေါ်မှာ ကျေးဇူးများတဲ့ ဆရာသခင် (အနန္တော အနန္တငါးပါး) များအား မဆပ်လို့မကြေ၊ မကြေလို့ မဆပ်မဖြစ်စေဘဲ နည်းသည် များသည် ပဓာန မထားဘဲ တတ်စွမ်းသမျှ ကျေးဇူးဆပ်ကြပါ။''** **''ဆပ်မှကြေမယ်၊ လှူနေလို့ လှူနိုင်တာ၊ ကျွေးနေလို့ ကျွေးနိုင်တာ''** အစရှိသည်ဖြင့် (၂၁–၄–၂၀၀၃)နေ့တွင် ဩဝါဒ ပေးတော်မူခဲ့ပါသည်။

ရွှေရတုအရှင်အစရှိသော ဆရာရှင်များ၏ ကျေးဇူးတရားကား တပည့်များအပေါ် လွန်စွာကြီးမားလှ၍ မဆပ်လို့မကြေ၊ မကြေလို့မဆပ် မဖြစ်စေဘဲ ''ဆပ်မှကြေမယ်၊ ကြေအောင်ဆပ်မယ်''ဟူသော ကျေးဇူးတော်ရှင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက, သာမည ဆရာတော်ကြီး၏ ဩဝါဒကို ဦးထိပ်ပန်ဆင်လျက် ဆရာ့ကျေးဇူးအထူးဆပ်ကြပါစို့လို့ တိုက်တွန်းရင်း **''မြန်ပြည်ကျော်တဲ့ တို့ဆရာတော်၊ ယာဉ်တော်မြတ်ဖြင့် တို့ပူဇော်''** ဟူ၍ စာရေးသူ ပူဇော်ကန်တော့လိုက် ပါသည်။

■ ရွှေမြို့ပြည့်စုံ

♦ ♦ ♦

http://www.dhammadownload.com

အသက်ရာကျော်ရယ်တဲ့ ရှည်စေလို



အရှင်ကုမာရ(စာချ)

နှစ်ငါးဆယ်ရွှေရတု ဟူသည် လူတိုင်းလူတိုင်း ရခဲလှ၊ ကြုံခဲလှစွာသော ဝိဇာတမင်္ဂလာဖြစ်ပေသည်။ နားလည်သဘောပေါက်သလောက် တင်ပြရမည်ဆိုလျှင် လူဘဝသက်တမ်းတစ်လျောက်၌ ငွေရတု, ရွှေရတု, စိန်ရတု, ပတ္တမြားရတု, ရာပြည့်စသည်ဖြင့် လောက ဝေါဟာရ သတ်မှတ်ချက်များရှိကြ၏။ ဥပမာ–လူဘဝ သက်တမ်းကို နှစ်တစ်ရာသတ်မှတ်သည်ဖြစ်အံ့၊ အသက် (၂၅) နှစ်တွင် ငွေရတုဟူ၍ လည်းကောင်း၊ (၅၀)ပြည့်တွင် ရွှေရတုဟူ၍ လည်းကောင်း (၇၅)နှစ်တွင် စိန်ရတုဟူ၍ လည်းကောင်း၊ (၈၀)နှစ်တွင် ပတ္တမြားရတု ဟူ၍လည်း ကောင်း၊ (၁၀၀) ပြည့်လျှင် ရာပြည့် ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည် ကို တွေ့ရှိရပေသည်။

အချို့သော ပုဂ္ဂိုလ်များက ပထမဖြစ်သော ငွေရတုမှစ၍ ကြီးကျယ်ခမ်းနားသော ကုသိုလ်ထူးကြီးနှင့် အတူ မိမိတို့၏ မွေးနေ့၊ မွေးလ၊ မွေးနှစ်များကို ပြန်လည် အောက်မေ့၊ သတိရသောအနေဖြင့် ဝိဇာတမင်္ဂလာသဘင် ကို စည်ကားသိုက်မြိုက်စွာ ဆင်ယင်ပြုလုပ်ကြသည်။ အချို့သော ပုဂ္ဂိုလ်များကလည်း ရှေးနည်းအတူ စိန်ရတု၊ ပတ္တမြားရတု၊ ရာပြည့်စသည်ဖြင့် အသီးသီးဝိဇာတ မင်္ဂလာကို ပြုလုပ်လေ့ရှိကြပြန်သည်။

ထိုတွင် ယခု ရွှေရတုပိုင်ရှင်ဖြစ်တော်မူသော အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်ကြီး၏ နာယကချုပ် ဆရာတော်သည် သာသနာသက်တမ်းတစ်လျှောက်၌ ပရိယတ္တိတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်ရင်းဖြင့် တစ်ကြိမ်တစ်ခါမှ မပြုလုပ်ခဲ့ဘူးသေးသော ဝိဇာတမင်္ဂလာ သဘင်ကို ခမ်းနားထည်ဝါစွာ ပြုလုပ်နေသည်ကို မကြုံစဖူး ထူးကဲလှစွာ တွေ့မြင်နေရပေသည်။ အကြောင်းမှာမူ ဆရာတော်၏ဆန္ဒသည် ပြင်းပြမှုမရှိသော်လည်း များစွာ သော ဒါယကာ+ဒါယိကာမတို့၏ အထပ်ထပ်အခါခါ တောင်းပန်မှုကြောင့် ဆရာတော်အရှင်သူမြတ်၏ နှစ် (၅၀)ပြည့် ရွှေရတုသဘင်အဖြစ်ဖြင့် ပြုလုပ်ခဲ့ရခြင်းသာ ဖြစ်ပေ၏။ ထိုသို့ကုသိုလ်မင်္ဂလာပြုလုပ်ခြင်းကြောင့်လည်း တပည့်ဖြစ်သူတို့အနေဖြင့် ယခုလို ''စာတစ်စောင် ပေတစ်ထုံး'' ရေးဖွဲ့ကာ ဆရာတော်၏ဂုဏ်ကျေးဇူးကို အနည်းငယ် ကျေးဇူးဆပ်ခွင့်ရခဲ့ခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မိမိကြောင့်ဖြစ်ပေါ်လာသော ကုသိုလ်ထူးကို တပည့်တပန်းရဟန်းသံဃာများနှင့် ပစ္စယာနုဂ္ဂဟဖြင့် ထောက်ပံ့လှူဒါန်းနေကြသည့် ဒါယကာ+ ဒါယိကာမတို့အားလည်း ကုသိုလ်ပါဝင်ခွင့်ပေး သည်အတွက် ''ကိုယ်တည်းတစ်ယောက်၊ ချမ်းသာ

http://www.dhammadownload.com

ရောက်ဖို့ ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး'' ဟူသော လက်ံစာပိုဒ်ကို နူတ်တွင်ဖွင့်ဟ–ရင်ဝယ်တမိသည် အားလျော်စွာ ဤမထေရ်သည်လည်း အလွန်တရာ လေးစားကြည်ညိုထိုက်သော သာသနာ့အာဇာနည် တစ်ပါးပါတကား–ဟူ၍လည်း စိတ်ထဲတွင် သဒ္ဓါခောတ် တစ်ဆင့် တိုးပွားရပြန်၏။

အထက်ပါစကားရပ်၌ ''အာဇာနည်''ဟူသော ဝေါဟာရနှင့် စပ်လျဉ်း၍ အနည်းငယ်တင်ပြလိုပေသည်။ မိမိတို့ စာပေကျမ်းဂန်၌ အာဇာနည်ဟူသည် ''အာဇနီယ'' ဟူသေ ပါဠိဝေါဟာရမှ ဆင်းသက်လာသော စကားရပ်ပင် ဖြစ်၏။ အကြောင်းဟုတ်သည်မဟုတ်သည်ကို လွန်စွာ သိတတ်သောကြောင့် (ဝါ) အကြောင်းအကျိုးကို သိတတ်သောကြောင့် ''အာဇာနည်''မည်ကြောင်းကို လေ့လာတွေ့ရှိပေသည်။ သို့ဆိုလျင် ''အာဇာနည်ဟူသောဂုဏ်ပုဒ်ကို အကြောင်းအကျိုးသိမြင်တတ်သူ၊ စိတ်နှလုံးမွန်မြတ်သူတို့၌သာ ရရှိနိုင်သည်ကို သိမြင်နိုင်ပေသည်။ ထို အာဇာနည်ဟူသော ဂုဏ်ပုဒ်ကိုရရှိကြသည့် ပုဂ္ဂိုလ်သတ္တဝါတို့အကြောင်းကိုလည်း ဇာတ်နိပါတ်များစွာတို့တွင် အကြောင်းအမျိုးမျိုးစုံနှင့် ဖွင့်ဆိုထားသည်ကို အများသူတို့လည်း လေ့လာတွေ့ရှိရပေလိမ့်မည်။

ထို့ပြင် လောကီနယ်ပယ်၌ အနည်းငယ် အဖိုးတန်သော၊ ကျောက်ခဲ၊ ကျောက်စရစ်ခဲ၊ အိုးခြမ်းကွဲများ အများအပြားရှိသော်ငြား အဖိုးများစွာထိုက်တန်သော ကျောက်မျက်ရတနာ၊ ပတ္တမြားရတနာတို့သည်ကား အလွန်တရာရှားပါး၏၊ အဖိုးအနှဲ့လည်း ထိုက်တန်၏။ ထို့အတူ လောကုတ္တရာနယ်ပယ်၌လည်း အနည်းငယ် အရည်အချင်းရှိသော ရှင်,ရဟန်းများ မည်မျှပင်များပြား စေကာမူ သာသနာ့အာဇာနည်ဖြစ်ကြသော ရှင်,ရဟန်းတို့ကား အလွန်တရာရှားပါးလှ၏။ သာသနာနှင့်ပတ်သက်၍ ရဲရင့်ပြတ်သားသော Ability အရည်အချင်း (စွမ်းရည်သတ္တိ)နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့မည်သည်လည်း အလွန်အလွန် ရှားပါးသော ''အတိဒုလ္လဘ''တစ်ခုဟူ၍ပင် ဆိုရပေမည်။

ထိုကဲ့သို့ အလွန်တရာရှားပါးလှသော ''အတိဒုလ္လဘ''ထဲတွင် ဤ နှစ် (၅၀)ပြည့် ရွှေရတုပိုင်ရှင် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်ကြီး၏ နာယကချုပ် ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ သည် သာသနာတော်နှင့်ပတ်သက်၍ ရဲရဲတောက် Ability ခေါ် အရည်အချင်း (စွမ်းရည်သတ္တိ)နှင့်ပြည့်ရုံမျှမက အရည်အချင်းရှိသည်


''အာဇာနည်''ဟူသော ဝေါဟာရနှင့် စပ်လျဉ်း၍ အနည်းငယ်တင်ပြလိုပေသည်။ မိမိတို့ စာပေကျမ်းဂန်၌ အာဇာနည်ဟူသည် ''အာဇနီယ'' ဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာသော စကားရပ်ပင် ဖြစ်၏။ အကြောင်းဟုတ်သည်မဟုတ်သည်ကို လွန်စွာသိတတ်သောကြောင့် (ဝါ) အကြောင်းအကျိုးကို သိတတ်သောကြောင့် ''အာဇာနည်''မည်ကြောင်း - - -

အားလျော်စွာ သာသနာတော်အတွက် စွမ်းစွမ်းတမံကျင့်ကြံ,ကြိုးကုတ် အားထုတ်လျက်ရှိနေသည်မှာလည်း တပည့်ပရိသတ်နှင့်တကွ ဆည်းကပ်ကိုးကွယ်နေကြသော ဒါယကာ+ဒါယိကာမ တို့သည်သာလျှင် ဒိဋ္ဌမျက်မြင်အားဖြင့် အသိဆုံးဖြစ်မည်ဟု ယုံကြည်မိပါ၏။

ဤကဲ့သို့ အရည်အချင်းစွမ်းရည်သတ္တိနှင့် ပြည့်စုံသည်မှာလည်း ''အကြောင်းရှိမှ အကျိုးသိ''ဆိုသကဲ့သို့ ဆရာတော် ဘဒ္ဒန္တရာဇာဓမ္မာဘိဝံသ အစရှိသော ဝင့်ဝင့်ကြွား သာသနာ့အာဇာနည် အရှင်သူမြတ်များ၏အထံ၌ ပညာရင်နှီးသောက်စို့ရသည်ကတစ်ကြောင်း၊ အဆုံးအမ ဩဝါဒကို ခံယူရသည်ကလည်း တစ်ကြောင်း၊ ထို့ပြင် ထိုဆရာတော်အရှင်သူမြတ်တို့၏ လမ်းမှန်ညွှန်ကြားချက်နှင့်အတူ ယခု နာယကချုပ်ဆရာတော်၏ အဖျက္ကသန္တာန်၌လည်း ပြင်းပြသောဇွဲ,လုံ့လအမြဲတေ၊ ပြတ်သား သော သန္ဓိဋ္ဌာန်တို့ သန္ဓေတည်ကိန်းအောင်းလျက် ရှိနေသည်ကတစ်ကြောင်း၊ ထိုထိုသို့သော အကြောင်း တရားများစွာကြောင့် ဤကဲ့သို့ ထက်မြက်စူးရှ ရဲရင့် ပြတ်သားသော ပုဂ္ဂိုလ်တစ်ပါးဖြစ်လာရသည်မှာလည်း ယုံမှားဖွယ်ရာရှိအံ့မထင်။

ထိုမှတစ်ပါး ''ညဉ့်မှောင်မသိ၊ ကြက်မျက်စိသို့၊ မိမိကိုဘို့၊ မတတ်ချို့သော်၊ သူတို့ပြစ်တင်၊ ဆင်းရဲဖျင်အံ့၊ ထင်ထင်မျက်မြော်၊ မကော်ရော်သည်၊ အိုသော်–သူမရယ် စေနှင့်မင်း'' ''မကြီးသက်ရွယ်၊ အငယ်သော်က၊ ကြိုးလုံ့လဖြင့်၊ တုပ်ကွပုဆစ်၊ ဆရာစစ်၌၊ ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးထွေဖြင့်၊ စာပေတတ်ကြောင်း၊ တချောင်းချောင်းလျင်၊ ကြိမ်းမောင်းသောအခါ၊ သည်းခံပါလော'' အစရှိသော လောကသာရပျို့လင်္ကာစကားရပ်၌ ဆုံးမထားသည် အားလျော်စွာ ဤနာယကချုပ်ဆရာတော် အရှင်သူမြတ်

http://www.dhammadownload.com



အား ငယ်စဉ်တောင်ကျေးကလေးဘဝကပင် ရှေ့ရေးအတွက် အတွေးအခေါ် အမြော်အမြင်မြင့်မားမှု၊ (ယောနိသောမနသိကရ) အသင့်အတင့် နှလုံးသွင်းတတ်မှု တစ်ချို့တို့သည်လည်း သူ၏အောင်မြင်မှု၊ ရဲရင့်နိုင်မှုတို့တွင် Background တစ်ခုအနေဖြင့် ခိုင်ခိုင်ခန့်ခန့်ရှိနေမည်၊ ရှိလိမ့်မည်ဟူ၍လည်း ယူဆမိပေသည်။

မည်သို့ပင်ဆိုစေ၊ ယခုကဲ့သို့ 'ဘာမထီတောက်ကြား၊ ယောကျ်ားမြတ်အာဇာနည် ပုဂ္ဂိလ်တစ်ပါးပေါ်ပေါက်လာရသည်မှာ လောကီနယ်ပယ်အတွက်ရော၊ လောကုတ္တရာ နယ်ပယ်အတွက်ပါ ဂုဏ်ယူမဆုံးအပြီးပိတ်ဂွမ်းဆီထိ တမျှဖြစ်ကြရ၏။ အာဇာနည်ပုဂ္ဂိလ် တစ်ဦးတစ်ယောက် ပေါ်ပေါက်လာသော အရပ်ဒေသ, မြို့ပြကျေးရွာ၊ တိုင်းနိုင်ငံတို့သည်လည်း တိုးတက်ကြီးပွားချမ်းသာလာနိုင်ပုံကို သုံးလှုသခင် ရှင်တော်မြတ်ဘုရားက ဓမ္မပဒ၊ ဗုဒ္ဓဝင်၊ အာနန္ဒတ္ထေရပဉ္စဝတ္ထု (၆-ဒု-၁၆၁) ၌ အောက်ပါအတိုင်း ဟောထားသည်ကိုလည်း လေ့လာတွေ့ရှိရသည်။

ဒုလ္လဘော ပုရိသာဇညော၊
န သော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတေ ပေါသော၊
တံ ကုသလံ သုခမေဓတေ။

"ဂါထာအဓိပ္ပာယ်မှာ= အာဇာနည်ယောကျ်ား၊ အလွန်ရှားဇော်၊ များပြားပြည်ရွာ၊ ဖြစ်မလာခဲ့၊ ထိုသူဖြစ်ရာ၊ ပြည်ရပ်ရွာသည်၊ ဘာသာအမျိုး၊ ချမ်းသာတိုးဇော်" ဟူ၍ ဖြစ်လေသည်။

ယင်းစကားရပ်သည် အကြွင်းမဲ့မှန်၏။ အကြောင်းမှာမူကား ယခု အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်ကြီးကို လူသူမနီးသည့်ကွင်းပြင်ကြီး၌ တည်ထောင်ထားသည့်အတွက်ကြောင့် ဟု ရှေးဦးစွာ ဆိုရမည်။ စာရေးသူတို့ တာမွေ-အလိုတော်ပြည့်ကျောင်းတိုက်၌ နာယကချုပ်ဆရာတော်နှင့်အတူ သီတင်းသုံးနေထိုင်ခဲ့စဉ်က ဤအလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်ကို တည်ထောင်ထားရာ လူသူမနီးသည့် ကွင်းပြင်ကြီးတွင် ဖြစ်နေသည့်အတွက် "သံဃာတော်အရှင်သူမြတ်များ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး၊ ကျန်းမာရေးက အစ အဆင်မှပြေပျပ်မလား" ဟူ၍ တွေးတောပူပင်မိခဲ့သည်မှာ အမှန်ပင်ဖြစ်၏။ သို့သော်ငြား ဤနာယကချုပ်ဆရာတော်အရှင်သူမြတ်သည်ကား အလျဉ်းတုန်လှုပ်ခြင်းမရှိခဲ့။ အကြောင်းမှာမူ စွမ်းရည်သတ္တိရှိသော သာသနာ့အာဇာနည်ပုဂ္ဂိုလ်ဖြစ်သည့်အလျောက် ဖြစ်လာသမျှ အခက်အခဲများကို မြူမျှမထင်ဘဲ မိမိအစွမ်းအစဖြင့် ရဲရဲဝံ့ဝံ့ အလွယ်တကူဖြေရှင်းကျော်လွှားနိုင်မည့်အကြောင်း မိမိကိုယ်ကို မိမိယုံကြည်ထား၍ ဖြစ်လိမ့်မည်ဟု ထင်မိပေသည်။ နာယကချုပ်ဆရာတော်ကို ရှုမြင်ရသည်မှာလည်း သာသနာအတွက် တက်တက်ကြွကြွရှိလှပေသည်။ မည်သို့သော ပူပင်သောကအရိပ်ဟူ၍ မထေရ်မြတ်၏ မျက်နှာပြင်ဝယ် ပေါ်လွင်ထင်ရှားခြင်း မရှိခဲ့။

မိမိသည် မျက်လုံးအစုံကို သေချာစွာမှိတ်ကြည့်လိုက်တိုင်း အတိတ်ကပုံရိပ်ဟောင်းတွေ တစ်ခုပြီးတစ်ခု ယခုထက်ထိ မြင်ယောင်မိဆဲပင် ဖြစ်နေ၏။

ဤအလိုတော်ပြည့်-ဓမ္မာစရိယ တက္ကသိုလ်သို့ ရောက်ရှိ၍ ပြာသိုလပြည့်ကျော် (၁)ရက်၊ (၂) ရက်၊ (၃) ရက်နေ့ထိ ယုဇနဥယျာဉ်မြို့တော်အတွင်း ၌ မိမိအပါအဝင် သံဃာတော်အပါး (၇၀)တို့သည် ကားလည်း မရှိသေးသဖြင့် တစ်နာရီလောက်သော ခရီးကို လမ်းလျှောက်ပြီး ဆွမ်းခံကြွကြရာ ရှေ့ဆုံးဖြစ်သော သံဃာ၌သာ ဆွမ်းတစ်ဖွန်းခန့်ရရှိပြီး နောက်လိုက် သံဃာတော်များအဖို့ သပိတ်ကိုရေကျင်း၍ သုံးဆောင်ရ လောက်အောင်အထိ ဆွမ်းမရရှိကဲ့ ယူဆောင်လာသော သပိတ်ကိုသာ ပွေ့ပိုက်၍ လာရာလမ်းသို့ ပြန်ခဲ့ရလေသည်။ (၄)ရက်မြောက်သော နေ့ကျခါမှ ယုဇနဥယျာဉ် မြို့တော်မှ ဦးစိုး-ဦးဆောင်သော ဒါယကာ+ဒါယိကာမများ (၈၈)ရပ်ကွက် ဦးထွန်း-ဦးဆောင်သော ဒါယကာ+ ဒါယိကာမများက ကုသိုလ်ကိုယ်စီသဒ္ဓါ တရားအလိုလို ဖြစ်၍ (၁၁၇)ပါး သီတင်း

http://www.dhammadownload.com

သုံးရာ ဤအလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်သို့ လာရောက်၍ သာသနာတော်အတွက် ကုသိုလ်ပြုခွင့် ပေးပါရန် လျှောက်ထားလာသဖြင့် ယနေ့ထက်ထိ တွဲသောလက်ကို မဖြုတ်ဘဲ စည်းလုံး ညီညွတ်စွာ သာသနာခရီးကို လျှောက်လှမ်းလာခဲ့သည်မှာ (၃)နှစ်တိုင်တိုင်ပင် ပြည့်သွားခဲ့လေပြီ။ ထို့နောက်ပိုင်းမှ သာကေတမြို့နယ် ဦးဘငယ်ဦးဆောင်သော ဒါယကာ+ဒါယိကာမများတို့သည်လည်း ဤအလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်အတွက် ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းခြင်းတို့ကို တွေ့ရှိခဲ့ရပေသည်။

(အမှာ) အထက်ပါ ဒါယကာ (၃)ဦးတို့၏ နာမည်များကိုသာ ဖော်ပြရခြင်းမှာ မိမိနှင့်ဆက်စပ်မှုရှိခြင်းကြောင့်လည်းကောင်း၊ သူတို့၏နာမည်သာသီ၍ အခြားသော ဒါယကာ+ဒါယိကာမတို့၏ အမည်များကို မသိရခြင်းကြောင့်လည်းကောင်း၊ ထို့ပြင် ယုဇန+၈၈+သာကေတမှ ဒါယကာ+ဒါယိကာမများတို့၏ အမည်များကို ဖော်ပြရလျှင် ကျမ်းစာအုပ်တစ်အုပ်သီးသန့်ထုတ်ရမှ ပြည့်စုံမည်ဖြစ်သောကြောင့် လည်းကောင်း၊ နာမည်အားလုံး ထုတ်ဖော် မရေးနိုင်သည်ကို သည်းခံခွင့်လွှတ်ကြပါဟု စကားချပ် အနေဖြင့် တောင်းပန်ပါ၏။)

ကနဦးအစက မည်သို့ပင် အခက်အခဲအကြပ် အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း နာယကချုပ် ဆရာတော်အရှင်သူမြတ်၏ ဒါယကာ+ဒါယိကာများ အပေါ် ဟောပြောပြသမှုကောင်းခြင်းကြောင့်လည်းကောင်း၊ ပရိယတ္တိစာပေဟူသော သာသနာ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေခြင်း အကျိုးကျေးဇူးကြောင့်လည်းကောင်း၊ အတိတ်ကပြုလုပ်ခဲ့သော ဘုန်းကံပါရမီ အရှိန်အဝါအားကြီးခြင်းကြောင့်လည်းကောင်း၊ ယခုကဲ့သို့ စားသောက်နေထိုင်ရေးအဆင်ပြေလာခဲ့ရသည်ကို ဒိဋ္ဌမျက်မြင်ဖြစ်သည်။ ထို့ပြင် နာယကချုပ်ဆရာတော် အရှင်သူမြတ်တစ်ပါးတည်းသာမဟုတ်ဘဲ ဘုန်းကံပါရမီ အရှိန်အစော်ရှိသော သာသနာ့အာဇာနည်ပုဂ္ဂိုလ်၏ ခြေတော်ရင်း၌ ဆည်းကပ်မှီခိုရန် ရောက်ရှိလာကြသော တပည့်ပရိသတ်အားလုံးတို့သည်လည်း အစစအရာရာမှာ အဆင်ပြေစွာ နေထိုင်ရခြင်း၊ စာပေကျမ်းဂန်များကို ကြိုးစားနေနိုင်ခြင်းတို့မှာလည်း ထိုအရှင်သူမြတ်၏ အကျိုးကျေးဇူးကြောင့်–ဟုဆိုလျှင် ငြင်းဆိုဖွယ်ရာမရှိနိုင်ပေ။

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ဖြစ်လာလျှင် မိမိအကျိုးကိုလည်း မပြုပြင်နိုင် သူတစ်ပါးအကျိုးကိုလည်း မသယ်ပိုးနိုင်လျှင် လူဖြစ်ရကျိုးမနပ်ချေ၊ မိမိအကျိုးကိုပြုနိုင်ပြီး၊ သူတစ်ပါးအကျိုးကို မသယ်ပိုးနိုင်လျှင်လည်း လူဖြစ်ရကျိုးနပ်သည်ဟု မဆိုနိုင်သေးပေ၊ မိမိ သူတစ်ပါးနှစ်ဦးသားတို့၏အကျိုးကို ပြုလုပ်ဆောင်ရွက်နိုင်ပါမှ လူဖြစ်ရကျိုးနပ်ပေမည်။

ထိုမှတစ်ပါး စာသင်သားတို့မည်သည်မှာ ဗမာ၊ ကရင်၊ ကယား၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားသံဃာတော် အရှင်သူမြတ်တို့ စုဝေးနေထိုင်ရာ ပရိဝုဏ်တစ်ခုဖြစ်သော်ငြား ဤကား ဗမာ၊ ဤကား ကရင်၊ ဤကား ကယား၊ ဤကား ရခိုင်၊ ဤကား ရှမ်း စသည်ဖြင့် တိုင်းရင်းသားလူမျိုးစုစိတ်ဓာတ်များအား ကွဲပြားမနေစေဘဲ မိမိတို့ စာသင်တိုက်ပရိဝုဏ်အတွင်းသို့ ရောက်ရှိလာသမျှသော သံဃာတော်အရှင်သူမြတ်များ၏ စိတ်ဓာတ်ကို တစ်စိတ်တည်း တစ်ဝမ်းတည်း တစ်စည်းတည်း တစ်လုံးတည်း ရှိစေဖို့အရေးကို အလေးပေး၍ ဩဝါဒကထာများ မကြာခဏဆိုသလို ချီးမြှင့်ပေးသနားတော်မူသည်။ ဤသည်မှာလည်း မြတ်စွာဘုရား၏ ဒေသနာအလိုကျ ဘုရားအကြွက်ကို ဆောင်ရွက်ခြင်းပင် ဖြစ်၏။

မြစ်ချောင်း၊ မြစ်ငယ် အသွယ်သွယ်မှ စီးဆင်းလာသောရေတို့သည် သမုဒ္ဒရာသို့ ရောက်ရှိလာလျှင် သမုဒ္ဒရာရေ ဟူသော အမည်တစ်ခုတည်းသာလျှင်ရှိသည့် အကြောင်း၊ အရသာအားဖြင့်ဆိုသော် အငန်ဓာတ် တစ်ခု

http://www.dhammadownload.com

တည်းသာလျှင်ရှိသည့်အကြောင်း၊ ထို့ပြင် လောက သဘာဝယုတ္တိများစွာကို ရှုကြည့်လျှင်လည်း လူတို့ဝတ်ဆင်ရာ အဝတ်အစားတို့တွင် အဖြူ၊ အနီ၊ အညို အစရှိသဖြင့် အရောင်များစွာကွဲပြားကြသော်လည်း ''အဝတ်'' ဟူသော ဝေါဟာရတစ်ခုတည်းသာလျှင်ရှိကြောင်း၊ အဝတ်အထည်ကို ဝတ်ဆင်ခြင်းရည်ရွယ်ချက်မှာ လည်းလှဖို့ ပဖို့ မဟုတ်ဘဲ ဟီရိ ဩတ္တပ္ပ (အရှက်+အကြောက်) ကို ဖုံးလွှမ်းလုံခြုံစေခြင်း ဟူသော ရည်ရွယ်ချက်တစ်ခုတည်းသာလျှင်ရှိသည့်အကြောင်းကို ဥပမာပြု၍ ရှင်းလင်းသွန်သင်ဆုံးမတော်မူပေသည်။

..... ထို့ပြင် စာတတ်ပေတတ်ပုဂ္ဂိုလ်ဖြစ်လာလျှင် (သို့မဟုတ်) လူဘဝ လူခန္ဓာကို ရရှိလာလျှင်အတွက်စိတ်ကို ရှေးတန်းမတင်ပဲ အများအကျိုးမသယ်ပိုးနိုင်ဘဲ တစ်ကိုယ်တစ်ကာယ ထောင်လွှားမှုကို ဦးစားမပေးဖို့အရေးကို ဥပမာအားဖြင့်ဆိုရလျှင် ခွေးမြီးလိုမကျင့်ဘဲ နွားမြီးလိုကျင့်ရမည် ဟူသောစကားကို အလေးအနက်ထားစေရေးဖြင့် ဩဝါဒများ မိန့်ဆွေကြ၏။

ခွေးမြီးသည် မိမိ၏ ဟီရိ,ဩတ္တပ္ပဂုဏ်ကို မဖုံးလွှမ်းနိုင်သည့်အပြင်၊ မိမိ၏ခန္ဓာကိုယ်ဝယ် မှက်၊ ခြင်၊ ယင်တို့ ကိုက်ခံရသော်ငြား ဘာတစ်ခုမျှ အကာအကွယ်မပေးနိုင်ခြင်း၊ နွားမြီးသည်ကား မိမိ၏ ဟီရိ+ဩတ္တပ္ပဂုဏ်ကိုလည်း ဖုံးအုပ်ထားနိုင်ခြင်းနှင့် မိမိ၏ခန္ဓာကိုယ်ဝယ် မှက်၊ ခြင်၊ ယင်များ အကိုက်ခံရသောအခါ၌လည်း ဝေ့ယမ်း၍ အကာအကွယ်ပေးနိုင်ခြင်းတို့ကို တွေ့ရှိပေလိမ့်မည်။

ဆိုလိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ဖြစ်လာလျှင် မိမိအကျိုးကိုလည်း မပြုပြင်နိုင် သူတစ်ပါးအကျိုးကိုလည်း မသယ်ပိုးနိုင်လျှင် လူဖြစ်ရကျိုးမနပ်ချေ။ မိမိအကျိုးကိုပြုနိုင်ပြီး၊ သူတစ်ပါးအကျိုးကို မသယ်ပိုးနိုင်လျှင်လည်း လူဖြစ်ရကျိုးနပ်သည်ဟု မဆိုနိုင်သေးပေ။ မိမိ သူတစ်ပါးနှစ်ဦးသားတို့၏အကျိုးကို ပြုလုပ်ဆောင်ရွက်နိုင်ပါမှ လူဖြစ်ရကျိုးနပ်ပေမည်။ သို့ဖြစ်၍ မိမိ၏ အသိပညာ အတတ်ပညာဖြင့် မိမိ၏အကျိုးတစ်ခုတည်းကိုသာ မရှေးရှုဘဲ အများအတွက်လည်း ဝေ့ယမ်းပေး (ဆောင်ရွက်ပေး) နိုင်ရမည်ဖြစ်ကြောင်း အလေးအနက်ထား၍ မှန်ကန်သောလမ်းကို ညွှန်ပြပေ၏။

အထက်ပါစကားများကို ထောက်ဆကြည့်ပါက သူ၏စရိုက်နှင့် သူ၏အလိုက်အထိုက် စိတ်ဓာတ်မြင့်မားမှု ရည်ရွယ်ချက်ကြီးမားမှုတို့ကို အလိုလို ညွှန်ပြသလို ဖြစ်နေ၏။ ဤသို့ စိတ်ဓာတ်မြင့်မားခြင်း၊ ရည်ရွယ်ချက်ကြီးခြင်းတို့မှာလည်း သာမန်လူတန်းစားတို့၏ နှလုံးသား၌ သန္ဓေမတည်နိုင်။ မြင့်မြတ်သောဘုန်းရှင် ဂံရှင်ပုဂ္ဂိုလ်တို့၏ အတွင်းသန္တာန်၌သာ သန္ဓေတည်နိုင်သောအရာဖြစ်၏။ ထို့ပြင် ''သူတစ်ပါးအကျိုးကို ဆောင်ရွက်ရမည်'' ဟူသော စကားလုံးသည်လည်း သူသူငါငါ သာမန်ပါးစပ်ဖျားက ယိုစီးမကျလာနိုင်။ ရဲရင့်သောအသိ၊ ပြတ်သားသော သန္ဓိဋ္ဌာန်နှင့် စွန့်စားလိုသော အာဇာနည်ပုဂ္ဂိုလ်များ၏ ပါးစပ်ဖျားမှ ဥဒါန်းကျူးရင့်နိုင်သော စကားလုံးမျိုးသာ ဖြစ်သည်။

ထိုမျှလောက် ရဲရင့်သောအသိ ပြတ်သားသော သိန္ဓိဋ္ဌာန်၊ စွန့်စားလိုသောအာဇာနည်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ရှေ့ဆောင်လမ်းပြလျက် ထိုပုဂ္ဂိုလ်၏ မှီတင်းခိုလုံရာအရပ်သည်ကား အဘယ်မှာလျင် ဆင်းရဲခြင်းအတိဖြစ်နိုင်တော့အံ့နည်း။ ထိုပုဂ္ဂိုလ်အား မှီတင်းခိုလုံရာ သတ္တဝါအများတို့မှာလည်း ဆိုးရွားလှစွာသော အခက်အခဲများနှင့် မကြုံတွေ့နိုင်တော့ချေ။

သို့ဆိုလျှင် ထိုထိုသို့သော ထက်မြက်စူးရှသော ပုဂ္ဂိုလ်များ အများအပြားပင် လိုအပ်လှပေ၏။ အများအကျိုးကိုသယ်ပိုးနိုင်သော ပုဂ္ဂိုလ်ထူးများလည်းလိုအပ်၏။ တစ်ဆက်တည်းပင် ဤ နှစ် (၅၀)ပြည့် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် နာယကချုပ်ဆရာတော် အရှင်သူမြတ်၏ စိတ်ဓာတ်နှင့် ခံယူချက်နမူနာ စံထုံးကိုလည်း အတုယူသင့်လှ၏–ဟု ဝမ်းမြောက်ဂုဏ်ယူစွာ တင်ပြလျက် နှစ် (၅၀)ပြည့်မှသည် နှစ်တစ်ရာထိ အသက်ရှည်ကျန်းမာစွာ ရတုအဆက်ဆက်ကို ကျော်လွှားနိုင်စေကြောင်း ဆုမွန်ကောင်းများ တောင်းဆိုလိုက်ရပေသည်။

■ အရှင်ကုမာရ (စာချ)

♦ ♦ ♦

http://www.dhammadownload.com



မရှိမဖြစ်လိုအပ်သော ရတနာ

အရှင်နာရဒါဘိဝံသ (လှရတနာ)

တန်ဖိုးကြီး စစ်မှန်သော ရတနာများ

ဤလူ့ပြည်, နဂါးပြည်, ဂဠုန်ပြည်, အသူရာပြည်, ရေမြေတောတောင် ပင်လယ်မဟာ သမုဒ္ဒရာနှင့် နတ်ပြည်, ဗြဟ္မာ့ပြည်–ဟုဆိုအပ်သော ဤစကြာဝဠာကမ္ဘာလောကဓာတ်၌လည်းကောင်း၊ အနန္တစကြာဝဠာ အနန္တလောကဓာတ်တို့၌လည်းကောင်း၊ စိတ်နှလုံးအလိုကို တိုးပွားစေတတ်သဖြင့် ကောင်းသည်ဟု သတ်မှတ်၍ ထားအပ်ကုန်သော ရွှေ, ငွေ, စိန်ကျောက် ထိန်ထိန်တောက်ငြား ပတ္တမြားအစရှိသော အမျိုးမျိုးသော သက်ရှိသက်မဲ့ အသုံးအဆောင်ရတနာတို့သည် ရှိကြပါပေကုန်၏။ ထို အမျိုးမျိုးသော သက်ရှိသက်မဲ့အသုံးအဆောင် ရတနာတို့တွင် တစ်စုံတစ်ခုသော ရတနာသည်မျှ ဘုရား, တရား, သံဃာ–ဟုဆိုအပ်သော ရတနာသုံးပါးနှင့်တူ သော ရတနာမည်သည် မရှိပါပေ။

ဘုရား, တရား, သံဃာ–ဟု ဆိုအပ်သော ရတနာသုံးပါးသည်သာလျှင် သတ္တဝါအပေါင်းတို့အား ဘေးရန်ကင်းပျောက် ချမ်းသာစစ်, ချမ်းသာမှန်သို့ရောက်အောင် ထုတ်ဆောင် ကယ်တင်တော်မူတတ်သဖြင့် ဤကမ္ဘာလောကဓာတ် တစ်ခုလုံးရှိ သက်ရှိသက်မဲ့ အသုံးအဆောင် ရတနာအားလုံးအပေါင်းတို့တွင် အကောင်းဆုံး အသာလွန်ဆုံး အမွန်မြတ်ဆုံး အမြင့်မြတ်ဆုံး အစစ်မှန်ဆုံးသော အားထားရာ ရတနာအစစ်ကြီး ဖြစ်တော်မူပါပေ၏။ ရှိရှိသမျှ ရတနာအားလုံးတို့ထက် ရတနာသုံးပါးသည် သာလျှင် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်အားဖြင့် ကြီးကျယ်များပြားမြင့်မြတ်သည်၏ အဖြစ်ကြောင့် အမြတ်ဆုံးသောရတနာဖြစ်တော်မူပါပေ၏။

ထိုရတနာသုံးပါးသည် စိတ်၌စွဲကပ် အလေးပြုအပ်သော ရတနာလည်း ဖြစ်တော်မူပါပေ၏၊ တန်ဖိုးမဖြတ်နိုင်အောင် အဖိုးများစွာထိုက်တန်သော ရတနာလည်း ဖြစ်တော်မူပါပေ၏၊ နှိုင်းလတ်ပြိုင်ဖွယ်ရာ အတုမရှိသောရတနာလည်း ဖြစ်တော်မူပါပေ၏၊ တွေ့ကြုံဆုံခဲမြင်ရခဲသော ရတနာလည်း ဖြစ်တော်မူပါပေ၏။ မယုတ်ညံ့သူ မြင့်မြတ်သူ ဘုန်းကံရှိသူတို့၏သာ သုံးဆောင်ရာ ရတနာလည်း ဖြစ်တော်မူပါပေ၏၊ နှစ်သက်မွေ့လျော်ပျော်ရွှင်မှုကို ဖြစ်စေတတ်သော ရတနာလည်း ဖြစ်တော်မူပါပေ၏။ ဤသို့အားဖြင့် ရတနာသုံးပါးကို လေးစားမြတ်နိုး အဖိုးထိုက်တန် တုမဲ့ဟန်ဖြင့် မြင်ရန်ခဲလတ်သူမြတ်တို့သာ သုံးဆောင်ရာ ပျော်ရွှင်မှုကို ဖြစ်ပေါ်စေရာ ရတနာ–ဟူ၍ ဆိုရသည်။

ဗုဒ္ဓ ဓမ္မ သံဃရတနာများ

ရတနာသုံးပါးတွင် **''ဘုရားရတနာ''** ဟူသည် အလုံးစုံသော ဥယျာဂတရားတို့၌ အပိတ်အပင် အဆီးအတားမရှိ ကြွင်းမဲ့ကုန်စဉ် သိမြင်တတ်သော သဗ္ဗညုတ

http://www.dhammadownload.com

ဉာဏ်တော်၏ အကြောင်းဖြစ်သည့် အရဟတ္တမဂ်ဉာဏ်ဖြင့် ထုံအပ်သော ခန္ဓာအစဉ်ကို အကြောင်းပြု၍ ဘုရား–ဟူ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သော ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်ကြီးပင်ဖြစ်သည်၊ ထိုမြတ်စွာဘုရားရှင်သည် ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်ပြီး မျက်မှောက်ပြုအပ်ဟောကြားအပ်သည့် မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်, ပရိယတ်အားဖြင့် ဆယ်ပါးသော တရားတော်မြတ်သည်ကား **"ဓမ္မရတနာ"** ဖြစ်ပေသည်။

မြတ်စွာဘုရားရှင် ဟောကြားညွှန်ပြသည့်အတိုင်း လိုက်နာပြုကျင့်ကြသဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရရှိသွားကြသည့် မဂ္ဂင်္ဂာန်ပုဂ္ဂိုလ်လေးပါး, ဖလင်္ဂာန်ပုဂ္ဂိုလ်လေးပါးအားဖြင့် ရှစ်ပါးသော ပရမတ္ထ အရိယာသံဃာတော်မြတ်သည်လည်းကောင်း၊ မဂ်, ဖိုလ်, နိဗ္ဗာန်ရရှိကြရန် ကျင့်ကြံကြိုးကုတ် အားထုတ်နေကြဆဲဖြစ်ပြီး ပရိယတ်တရားတော်ကို မပျောက်ပျက်ပဲ အရှည်တည်တန့်ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်နေကြသော ကလျာဏပုထုဇဉ် သမုတိသံဃာတော်သည် လည်းကောင်း **"သံဃာရတနာ"** မည်ပါသည်။

■ သံဃာတော်များ တရားအမွေကို စောင့်ရှောက်ကြပုံ

ဤဘုရား, တရား, သံဃာအားဖြင့် ရတနာသုံးပါးကိုပင် **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"** ဟူ၍ ကိုးကွယ်ဆည်းကပ်အားထားနေကြရ၏။ ဤရတနာသုံးပါးတွင် ဘုရားရတနာသည်အမွေကို ကောင်းမွန်စွာပေးတတ်သော အဖေနှင့်တူပေသည်၊ တရားရတနာသည် အမွေပင်ဖြစ်သည်၊ သံဃာရတနာကား–အဖေ၏အမွေကို ဆောင်ယူထိန်းသိမ်းလာကြသော သားသမီးများကဲ့သို့ တရားတော်အမွေကို လက်ဆင့်ကမ်းပြီး ဆောင်ယူထိန်းသိမ်းလျက် စောင့်ရှောက်နေကြသူများ ဖြစ်ကြသည်။

သံဃာရတနာအနေဖြင့် တရားတော်အမွေကို ဆောင်ယူထိန်းသိမ်းလျက် စောင့်ရှောက်ရာ၌ နည်းလမ်းအသွယ်သွယ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရ၏။ မြတ်စွာဘုရားရှင် ဟောကြားခဲ့သော သုံးပုံပိဋကတ်, ငါးရပ်နိကာယ်, ကိုးသွယ်အင်္ဂါ ဓမ္မက္ခန္ဓာ–ဟု ဒေသနာပေါင်းရှစ်သောင်းလေးထောင်သော ပရိယတ်တရားတော်ကို သင်ယူကျက်မှတ်ကြရ၏။ ပို့ချ သင်ပြပေးကြရ၏။ နှုတ်တက်အာဂုံဆောင်ကြရ၏။ ဒကာ+ဒကာမတို့အားလည်း တရားဟောကြားပေးကြရ၏။ ရှင်းလင်းချက်အနေဖြင့် စာအုပ်စာတမ်းတို့ကို ရေးသားကြရ၏။ တစ်ခါတစ်ရံ ဖြစ်ပေါ်လာတတ်သော အဓမ္မဝါဒ သာသနာ့ဘေးရန်တို့ကိုလည်း ဖြေရှင်း နှိမ်နင်းပေးကြရ၏။ ပေါင်းစုရွတ်ဆိုညှိနှိုင်းဆုံးဖြတ်သော သင်္ဃာယနာတို့ကိုလည်း အဆက်ဆက်တင်ကြရ၏။ တရားတော်လာသည့်အတိုင်း စာတွေ့သာမကပဲ လက်တွေ့ကိုယ်တွေ့ပါ ကျင့်ကြံအားထုတ်ခြင်းဖြင့် ထိန်းသိမ်း စောင့်ရှောက်ကြရ၏။

■ အိုင်တီခေတ်မှ အတွေးအခေါ်အယူအဆ ဆွေးနွေးခြင်း

ရှေးခေတ်မှ ယခုခေတ်တိုင်အောင် ခေတ်အဆက်ဆက်၌ပင် သံဃာတော်အရှင်မြတ်တို့သည် ဤနည်းဖြင့်ပင် တရားဒေသနာသာသနာကို မပျောက်မပျက်တည်ရှိအောင် လက်ဆင့်ကမ်းကာ သယ်ယူလာ



ကြပြီး စောင့်ရှောက်လာကြခြင်းဖြစ်သည်၊ ယခုခေတ် အချိန်အခါသည်ကား သိပ္ပံနည်းပညာ တိုးတက်ထွန်းကားနေသော အိုင်တီခေတ်ဖြစ်သည်၊ ဤ အိုင်တီခေတ်၌ သံဃာရတနာနှင့်စပ်၍ ပေါ်ပေါက်လာသော အတွေးအခေါ်တစ်ရပ်ကို တင်ပြပါမည်။ လွန်ခဲ့သော တစ်ပတ်ကျော်ကာလက အမေရိကန်နိုင်ငံမှ ဒေါက်တာတစ်ယောက် ဖုန်းဆက်လာပါသည်။

"အရှင်ဘုရား သိပ္ပံနည်းပညာတိုးတက်နေတဲ့ ယခုခေတ်မှာ ဘုရားရှင်ဟောကြားခဲ့သော တရားတော်တွေကို Diskette, CD, DVD, Computer, Hard Disk တွေနဲ့ ထိန်းသိမ်းစောင့်ရှောက်ထားနိုင်နေပါပြီ၊ ဒီတော့ ဗုဒ္ဓတရားတော်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ သံဃာရတနာဟာ မလိုအပ်တော့ဘူး ဘုရား၊ သရဏဂုံသုံးပါးထဲမှာ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

http://www.dhammadownload.com

> "ဟုတ်တယ်ဒကာ၊ အဲဒီဘေးရန်ကြီးမှာ ကျောက်သားနဲ့ ပြုလုပ်ထားတဲ့ စေတီ ဘုရား ကျောင်းကန်တွေပါ ဖျက်ဆီးခံလိုက်ရတယ်၊ ဒကာပြောတဲ့ ကွန်ပျူတာ ဆက်စပ်ပစ္စည်းတွေ အဲဒီအချိန်က ပေါ်နေရင်လည်း ဖျက်ဆီးခံရမှာပဲ၊ ကွန်ပျူတာပညာရှင်ဆိုသူတွေကိုတော့ ရှာလို့တောင်ရမှာ မဟုတ်ဘူး။ အစောကြီးထဲက ထွက်ပြေး တိမ်းရှောင်သွားကြမှာ မဟုတ်လား"

ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ကိုသာ လိုအပ်ပြီး 'သံဃံ သရဏံ ဂစ္ဆာမိ'ကို ဆိုစရာမလိုတော့ပါ။ ဒီလိုပဲ တပည့်တော်တော့ နားလည်သဘောပေါက် ယူဆပါတယ်ဘုရား"

ဤစကားကို ဖုန်းထဲမှ ကြားလိုက်ရတဲ့အခါ များစွာ အံ့အားသင့်သွားမိ၏။ "ကြားရ နားဝမှာ မချမ်းသာ" ဆိုသလို စိတ်မကောင်းမှုလည်း ဖြစ်ရသည်။ ဤဒကာသည် မြန်မာပြည် ဗုဒ္ဓဘာသာကိုင်းရှိုင်း သောမိဘမှ မွေးဖွားလာသူဖြစ်၏။ သာသနာဘောင်မှာ ကိုရင်လည်း ဝတ်ခဲ့ဖူး၏။ မန္တလေး ပရိယတ္တိစာပေလောကမှ စာချ နာမည်ကြီး ဆရာတော်တစ်ပါး၏ တပည့်ရင်းလည်း ဖြစ်၏။ ဗုဒ္ဓစာပေကိုလည်း လေ့လာလိုက်စားနေသူတည်း၊ ဤသို့သော ပုဂ္ဂိုလ်ထံမှ အထက်ပါ စကားမျိုးကို ကြားရလိမ့်မည်ဟူ၍ လုံးဝမထင်မိ မမျှော်လင့်ခဲ့ပါ။ ယခုလို ကြားလာရသဖြင့် အံ့အားသင့်မိခြင်း ဖြစ်သည်၊ ထို့ထက် အလွန် အံ့သြဖွယ်စကားကို ဆက်ပြီး ကြားရပြန်ပါသည်။

"တပည့်တော်နဲ့ အပြန်အလှန် ဖုန်းနဲ့ တရားဆွေးနွေးဖက်သူငယ်ချင်းက နယူးယောက်မြို့ကပါ၊ သူနဲ့ ဖုန်းထဲမှာ ဒီအကြောင်းကို ပြောပြလိုက်တဲ့အခါ သူငယ်ချင်းက ရှင်းပြပါတယ်"

"ဒကာရဲ့ သူငယ်ချင်းက ဘယ်လိုများ ရှင်းပြသလဲ"

"သူငယ်ချင်းက ရှင်းပြပါတယ်၊ ဗုဒ္ဓတရားတော်တွေကို ကွန်ပျူတာထဲမှာ ထည့်သွင်းသိမ်းဆည်းတဲ့အခါ အပြည့်အစုံအကုန်လုံးကို မထည့်နိုင်ဘူး။ လိုရင်းအဓိကအချက်လောက်ကိုသာ ထည့်သွင်းသိမ်းဆည်းနိုင်တာ၊ သံဃာတော်အရှင်မြတ်တွေကမှ ပြည့်ပြည့်စုံစုံ အကုန်ထိန်းသိမ်း စောင့်ရှောက်နိုင်ကြတယ်၊ ဒါကြောင့် သံဃာရတနာဟာ လိုအပ်ပါတယ်သူငယ်ချင်း။ ဒီလို သူငယ်ချင်းက ရှင်းပြတယ် ဘုရား၊ သူ ရှင်းပြလိုက်မှ တပည့်တော်လည်း နားလည်သဘောပေါက်သွားတယ်၊ အရှင်ဘုရားကော ဘယ်လို သဘောရပါသလဲ ဘုရား"

ဤဒကာသည် စူးစမ်းလေ့လာမှုများသူ ဖြစ်သည်။ သူငယ်ချင်းရဲ့ အယူအဆအပြင် သံဃာတော်တစ်ပါး၏ အယူအဆကိုပါ မေးနေချေပြီ၊ သူ ဖုန်းဆက်ရင်တော်တော်နဲ့ မပြီးနိုင်၊ သူနားမလည်တာတွေကို ကြာရှည်စွာ မေးမြန်းလေ့ရှိ၏။ သို့ဖြစ်၍ ဖုန်းထဲမှပင် ရှင်းပြရ၏။

"ဒကာရဲ့ သူငယ်ချင်း ရှင်းပြတာ မှန်ပါတယ်၊ ဒါပေမဲ့ မလုံလောက်သေးဘူး၊ ဒီအကြောင်းအပြင် တခြားအကြောင်းတွေကြောင့်လည်း သံဃာရတနာဟာ လိုအပ်ပါတယ်"

"ဘယ်လို အကြောင်းတွေလည်းဘုရား၊ အမိန့်ရှိပါဦး"

"ဗုဒ္ဓတရားတော်တွေကို ထည့်သွင်းသိမ်းဆည်းထားတဲ့ **Diskette, CD, VCD, Computer Hard Disk** စတဲ့ ကွန်ပျူတာ ပစ္စည်းတွေဟာ သခ်ါရတရားမို့ ပျက်စီးနိုင်တယ်ဒကာ၊ ဆိုပါစို့ ဒကာရယ်၊ ဒကာတို့ အမေရိကန်မှာ မနှစ်က မုန်တိုင်းကြောင့် ရေကြီးမှု၊ တောမီးလောင်မှုစတဲ့ သဘာဝဘေးရန်တွေ အကြီးအကျယ်ဖြစ်ခဲ့တယ်၊ အဲဒီလို သဘာဝဘေးရန်ကြောင့်လည်း ကွန်ပျူတာပစ္စည်းတွေဟာ ပျက်စီးနိုင်တာပဲ မဟုတ်လား"

"မှန်ပါ့ဘုရား"

"ဗိုင်းရပ်စ်ကြောင့်လည်း ပျက်စီးနိုင်တာပဲ၊ နောက်ပြီးတော့ စက်ပစ္စည်းတွေရဲ့ ချွတ်ယွင်းမှု၊ နည်းပညာရဲ့ ပြောင်းလဲဖောက်ပြန်မှုကြောင့်လည်း ပျက်စီးနိုင်တာပဲ မဟုတ်လား"

"တင်ပါ့ဘုရား"

"အဲဒီလို သဘာဝဘေးရန်ကြောင့်ပဲ ဖြစ်စေ၊ တစ်စုံတစ်ခုသော အနှောင့်အယှက်ကြောင့်ပဲ ဖြစ်စေ၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းတွေ ပျက်စီးသွားရင် ကွန်ပျူတာထဲမှာ ထည့်ထားတဲ့ ဗုဒ္ဓတရားတော်တွေလဲ ပျောက်ကွယ်သွားတော့မှာပေါ့"

http://www.dhammadownload.com

''ဟုတ်ပါ့ ဘုရား''

''သံဃာတော်အရှင်မြတ်တွေ ထိန်းသိမ်းစောင့်ရှောက်ထားတာကြတော့ အဲဒီလို ဘေးရန်တွေကြောင့် ပျက်စီးနိုင်ပါ့မလား''

''မပျက်စီးနိုင်ပါဘုရား''

သီဟိုဠ်ကျွန်းမှ သာသနာ့အာဇာနည်များ

''မပျက်စီးနိုင်ပုံကို သီဟိုဠ်သာသနာဝင်ကို ကြည့်ရင် သိနိုင်တာပဲ မဟုတ်လား''

''ပြောပြပါဦးဘုရား''

သီရိလင်္ကာနိုင်ငံ ပိတုရာဇာမင်းလက်ထက်မှာ စဏ္ဍာလတိဿသူပုန်ဘေးကြီးရော, ဒုဋ္ဌဂါမဏိဘေးကြီးပါ ဖြစ်ပေါ်လာခဲ့တယ်၊ ဒီအခါ သိင်္ဂြားမင်းရဲ့ လျှောက်ထားချက်အရ ရဟန်းတော်တွေဟာ အိန္ဒိယနိုင်ငံဘက်ကို ကူးပြီးနေထိုင်ကြရတယ်၊ ဒါပေမဲ့ ရဟန်းတော် (၆၀)ကတော့ မကူးခဲ့ဘူး၊ မလယဇနပုဒ်မှာပဲ နေကြပြီး သစ်ရွက်,သစ်ဥ,သစ်ဖု တို့ကို ဘုဉ်းဘေးကြပြီး ပရိယတ်တရားတော်တွေကို ပြန်ဆိုကာ စောင့်ရှောက်ကြတယ်၊ ညနေပိုင်းမှာတော့ အသံမထွက်နိုင်တော့ဘူး၊ ဒီအခါ ရေစိုနေတဲ့ သဲပုံပေါ်မှာ ခေါင်းချင်းဆိုင်ပြီး သုံးသပ်ဆင်ခြင်ကြရတယ်၊ ဒီနည်းနဲ့ (၁၂)နှစ်တိုင်တိုင် ပိဋကတ်သုံးပုံပါဠိအဋ္ဌကထာတွေကို အာဂုံဆောင်ကာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြတာပဲ ဒကာ''



''အံ့ဩဖွယ်ထိတ်လန့်စရာပဲ ဘုရား၊ သံဃာတော်အရှင်မြတ်တွေရဲ့ ဝီရိယဟာ ကြောက်ခမန်းလိလိပါပဲ၊ သံဃာတော်အရှင်မြတ်တွေဟာ အသက်ပေးပြီးတော့ကို တရားတော်တွေ မပျောက်ပျက်အောင် စောင့်ရှောက်ခဲ့ကြတာပဲ ဘုရား''

''ဟုတ်တယ်ဒကာ၊ အဲဒီဘေးရန်ကြီးမှာ ကျောက်သားနဲ့ ပြုလုပ်ထားတဲ့ စေတီ ဘုရားကျောင်းကန်တွေပါ ဖျက်ဆီးခံလိုက်ရတယ်၊ ဒကာပြောတဲ့ ကွန်ပျူတာ ဆက်စပ်ပစ္စည်းတွေ အဲဒီအချိန်က ပေါ်နေရင်လည်း ဖျက်ဆီးခံရမှာပဲ၊ ကွန်ပျူတာပညာရှင်ဆိုသူတွေကိုတော့ ရှာလို့တောင် ရမှာ မဟုတ်ဘူး။ အစောကြီးထဲက ထွက်ပြေး တိမ်းရှောင်သွားကြမှာ မဟုတ်လား''

''မှန်လိုက်လေဘုရား၊ အရင်ဆုံးပဲ ထွက်ပြေးတိမ်းရှောင် သွားကြမှာပါပဲဘုရား''

''မြန်မာနိုင်ငံမှာလည်းပဲ ကောဇာသက္ကရာဇ် (၈၈၈)ခုနှစ်မှာ မိုးညှင်းဇလုံသား သိုဟန်ဘွားဟာ ပိဋကတ်စာပေကျမ်းဂန်များကို မီးတိုက်ရှို့ပစ်ခဲ့တယ်၊ ဒါပေမဲ့ သံဃာတော်အရှင်မြတ်တွေက ကျက်မှတ်ပြန်ဆိုခြင်းဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားလို့ ပရိယတ်တရားတော်တွေဟာ ပျောက်ပျက်သွားကြရဲ့လား''

''မပျောက်ပျက်ပါဘုရား''

''အဲဒီလို သဘာဝဘေးရန်ကြီးတွေ ကပ်ဘေးကြီးတွေ ပုဂ္ဂိုလ်အနှောက်အယှက် ဘေးရန်အန္တရာယ်တွေနဲ့ ကြုံတွေ့လာရင် ကွန်ပျူတာနဲ့ ထိန်းသိမ်းထားတာတွေဟာ လုံခြုံမှု ရှိနိုင်ပါ့မလား''

''မရှိနိုင်ပါဘုရား''

''ဒါကြောင့်မို့ ပရိယတ်တရားတော်တွေကို လုံခြုံစိတ်ချစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ သံဃာတော်တွေ သံဃာရတနာဟာ မရှိသင့်ဘူးလား''

''ရှိသင့်ပါတယ်ဘုရား''

''နောက်ပြီး ရှိသေးတယ် ဒကာ၊ သာသနာတော်မှာ တခါတရံ အဓမ္မဝါဒတွေ မိစ္ဆာဝါဒတွေ ပေါ်လာတတ်တယ်၊ ဒီအခါကျရင် ဒကာရဲ့ ကွန်ပျူတာ

http://www.dhammadownload.com

ပစ္စည်းတွေဟာ ဘယ်လိုလုပ်ပြီး ဖြေရှင်းပေးနိုင်ကြမလဲ''

''ဖြေရှင်းမပေးနိုင်ပါဘုရား''

''အေး ဟုတ်တယ်၊ ဒီလို အဓမ္မဝါဒ မိစ္ဆာဝါဒ သာသနာ့ဘေးရန်တွေ ပေါ်လာတဲ့အခါကျရင် သံဃာတော်ကပဲ ဓမ္မ ဝိနယနှင့်အညီ ဖြေရှင်းပေးနိုင်ကြတယ်၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတဲ့ ရှင်ဘုရင်တွေကတောင် ဖြေရှင်းမပေးနိုင်ကြဘူး''

''မှန်ပါ့ဘုရား''

''သာသနာတော်နှစ် (၁၀၀) ကာလာသောကမင်းလက်ထက်မှာ အဓမ္မဝတ္ထု (၁၀) ပါး၊ အဓမ္မဝါဒပေါ်လာတဲ့အခါ အရှင်မဟာယသ–အစရှိတဲ့ သံဃာတော်တွေကပဲ ဖြေရှင်းပေးကြရတယ်''

''တင်ပါ့ဘုရား''

''သာသနာတော်နှစ် (၂၃၀)ဝန်းကျင် သီရိဓမ္မာသောကမင်းကြီးလက်ထက်မှာလည်း မိစ္ဆာဒိဋ္ဌိ မိစ္ဆာအယူဝါဒတွေ ပေါ်လာခဲ့ဘူးတယ်၊ မြေပြင်သာမကကောင်းကင်နဲ့ မြေအောက်ထိပါ တန်ခိုးညြဇာ အာဏာကြီးမားတဲ့ အသောကမင်းကြီးဟာ အဲဒီအယူဝါဒတွေကို မဖြေရှင်းနိုင်ဘူး၊ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကိုပဲ ပင့်ရတယ်၊ မထေရ်ကပဲ ကထာဝတ္ထု အဘိဓမ္မာကျမ်းကို ဟောပြီး ဖြေရှင်းပေးခဲ့ရတယ်''

''အဓိန့်ရှိပါဦးဘုရား''

''အကယ်၍သာ အဲဒီအချိန်က ဖြစ်ပေါ်နေတဲ့ မိစ္ဆာဒိဋ္ဌိ,မိစ္ဆာအယူဝါဒတွေကို သံဃာတော်တွေကသာ ဖြေရှင်းမပေးခဲ့ဘူးဆိုရင် ခုအချိန်မှာ လူလောကကြီးဟာ မတွေးဝံ့လောက်အောင်ကို ပဲ ပျက်စီးယိုယွင်းနေလောက်ပြီ၊ ဒါတွေကို ကြည့်ခြင်းအားဖြင့်လည်း သံဃာတော် အရှင်မြတ်တွေဟာ လောကလူသားသတ္တဝါတွေ အယူဝါဒ မမှားရအောင် စောင့်ရှောက်ပေးခဲ့ကြလို့ သံဃာရတနာဟာ ရှိသင့်တယ်မဟုတ်လား''

''တင်ပါ့ ရှိသင့်ပါတယ်ဘုရား''

''အသင်းစာမေးပွဲတွေအတွက် မန္တလေးပေါက်မြို့ဆရာတော်ထံမှာ သီလက္ခန္ဓိကာသစ်ကို ဆိုဝါအနေနဲ့ တက်ခဲ့ရတယ်၊ အဲဒီ ဋီကာသစ်ကျမ်းမှာ သံဃာတော်တွေရဲ့ ကျေးဇူးတွေကို ဖွင့်ပြထားတယ်''

''ပြောပြပါဦး ဘုရား၊ ပေါက်မြို့ဆရာတော် အဓိန့်ရှိတာတွေကိုပါ ထည့်ပြောပြပေးပါဘုရား''

ဤဘုရား,တရား,သံဃာအားပြင့် ရတနာသုံးပါးကိုပင်
"ပုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ"ဟူ၍
ကိုးကွယ်ဆည်းကပ် အားထားနေကြရ၏။။
ဤရတနာသုံးပါးတွင် ဘုရားရတနာသည်အမွေကို
ကောင်းမွန်စွာပေးတတ်သော အဖေနှင့်တူပေသည်၊
တရားရတနာသည် အမွေပင်ဖြစ်သည်၊
သံဃာရတနာကား အဖေ၏အမွေကို ဆောင်ယူထိန်းသိမ်း
လာကြသော သားသမီးများကဲ့သို့
တရားတော်အမွေကို လက်ဆင့်ကမ်းပြီး
ဆောင်ယူထိန်းသိမ်းလျက်
စောင့်ရှောက်နေကြသူများ ဖြစ်ကြသည်။

■ သံဃာရတနာအား သိရသာပုဒ်အထူးပြု၍ဆိုရပုံ

''ပြောပြပေးပါမယ်၊ ဝိဋ္ဌကတ်သုံးပုံ အဖွင့်ကျမ်းတွေကို ရေးတဲ့ အဋ္ဌကထာ ဆရာတော်ကြီး အရှင်မဟာဗုဒ္ဓဃောသမထေရ်ဟာ ဂန္ဓာရမ္မမှာ ဘုရားရတနာကို ရှိခိုးတဲ့အခါ ''ဝန္ဒေ သုဂတံ''ဆိုပြီး ရှိခိုးတယ်၊ တရားရတနာကိုလည်း ''ဝန္ဒေ ဓမ္မံ''ဆိုပြီး ရှိခိုးတယ်၊ ဘာဖြင့် ဘယ်လိုရှိခိုးတယ်ဆိုတာကို မပြဘူး၊ ဒါပေမဲ့ သံဃာရတနာကို ရှိခိုးတဲ့အခါမှာ တော့ ''သိရသာ ဝန္ဒေ အရိယသံဃံ''လို့ဆိုပြီး ရှိခိုး တယ်၊ ''သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်'' ဟူ၍ ''သိရသာ'' ပုဒ်ထည့်ပြီး အထူးပြု၍ ရှိခိုးတယ်၊ ရတနာချင်းတူရဲ့သားနဲ့ ဘာကြောင့် သံဃာရတနာကိုမှ ထူးထူးခြားခြား ''သိရသာ'' ပုဒ်ထည့်ပြီး ရှိခိုးရသလဲ''

http://www.dhammadownload.com

"တပည့်တော် စိတ်ဝင်စားပါတယ်၊ ဆက်ပြီး အမိန့်ရှိပါဦးဘုရား"

"ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးတဲ့နောက်ပိုင်း မှာ ဘုရားရတနာအကြောင်း၊ တရားရတနာအကြောင်း တွေကို နောင်လာနောက်သားတို့ ကျကျနန သိရခြင်း ဟာ သံဃာရတနာကြောင့်ပဲ သိရတာ ဖြစ်တယ်၊ သံဃာတော်အရှင်မြတ်တွေဟာ သဂီဃနာ အဆက် ဆက်တင်ကြပြီး ဘုရားတရားတော်တွေကို ထိန်း သိမ်းစောင့်ရှောက်ကြတယ်၊ ဒုတိယကဿပဘေးကြီးတွေ ကြုံတဲ့အခါမှာလည်း အသက်ပေးပြီး စောင့်ရှောက် ကြတယ်၊ တခါတရံ အဓမ္မဝါဒတွေ ပေါ်လာရင်လည်း ဖြေရှင်းနှိမ်နင်းပြီး စောင့်ရှောက်ကြတယ်။

ခုအချိန်အထိ သာသနာ တည်ရှိနေနိုင် တာဟာ သံဃာတော်တွေကြောင့်ပဲ၊ သံဃာတော် အရှင်မြတ်တွေရဲ့ ကျေးဇူးကြောင့်သာ နောင်လာ နောက်သားတွေဟာ ကောင်းကျိုးချမ်းသာတွေကို ရရှိနေကြတာပဲ၊ အဲဒီလို နောင်လာနောက်သားတွေ အဖို့ သံဃာရတနာဟာ အလွန်ကျေးဇူးများတယ်ဆို တာကို သိစေဖို့အတွက် သံဃာရတနာကိုမှ 'သိရသာ' ပုဒ်ဖြင့် အထူးပြု ရှိခိုးရတာပါပဲ"

"ဒီလိုအကြောင်းကို ကြားသိရတာ ဝမ်းသာ လိုက်တာဘုရား၊ တပည့်တော်အနေဖြင့် သံဃာ တော်အရှင်မြတ်တွေကို ပိုပြီး ကြည်ညိုသွားပါပြီ ဘုရား"

"သာဓု,သာဓုပါ ဒကာရယ်၊ ယခုပြောပြ လိုက်တဲ့ သီလကွန်ဋိကာသစ်ကျမ်းလာအတိုင်း ရှေး ဆရာတော်တစ်ပါး ရေးသားထားတဲ့ 'သံဃာ့ရှိခိုး' ကိုလည်း ပေါက်မြိုင် ဆရာတော်ထံက ရရှိခဲ့တယ်"

"အဲဒီ 'သံဃာ့ရှိခိုး'ကိုရရင် ရွတ်ပြပါဦး၊ ကြည်ညိုု နားထောင်ချင်လို့ပါဘုရား"

"ကဲ ဒကာ သံဃာ့ဂုဏ်ကို အာရုံပြုပြီး နားထောင်ပါ၊ ဘုန်းဘုန်း ရွတ်ပြပါမယ်"

■ သံဃာတော်အား ရှိခိုးခြင်း

၁။ သံဃာ့ဂုဏော အနန္တောဟု ပြဟောမှန်စွာ မြတ်သံဃာ၏ ဂုဏ်မှာလွန်ဘိ ဆုံးမရှိတည့် သုပွဋိပန် အစဖန်လျက် ကိုးတန်ဂုဏ အစုမျှတွင် ပုညခေတ္တံ အစစ်မှန်၍ နောင်သံသရာ ရည်ပြီးကာလျှင် စေတနာမည်ိုး ဒါနမျိုးကို စိုက်ပျိုးမှန်ရာ လယ် ယာမြေကောင်း မြတ်တုံရှောင်း၏။

၂။ အပေါင်းဗိုလ်လူ ခုရှိသူတို့ သုံးလူထွန်္ဒတင် ဘုရားရှင်ကို မျက်မြင်ဒိဋ္ဌ မတွေ့ရလည်း ဓမ္မ ဒေသနာ အဖြာဖြာကို သံဃာတော်ပေါင်း အရှင်ကောင်းတို့ သံညောင်းမိန့်ခွေ့ ဟောပြပေ၍ ဝေနေယပင်း မျက်စိ လင်းလျက် မယွင်းဖြောင့်တန်း နတ်ရွာလမ်းနှင့် မင်္ဂ လမ်းအစဉ် သိမြင်လိုက်သွား ချမ်းသာပွားတ်။

၃။ လေးပါးမဂ္ဂင်္ဂာန် ဖလဋ္ဌာန်ဟု ရှစ်တန်အရိယာ မြတ်သံဃာနှင့် ကလျာဏမုန် သီလဝန်ထေရ်ပေါင်း အရှင်ကောင်းတို့ ကြိုင်လှောင်းပြန့်ထုံ ကျေးဇူးဂုဏ်ကို ကြည်ယုံမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

"သာဓု,သာဓု–ပါဘုရား၊ သံဃာတော်တွေ ရဲ့ ကျေးဇူးကို အထူးသိရလို့ အရှင်ဘုရားကို ကျေးဇူးတင်ပါတယ်၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ"ကိုသာမကပဲ "သံဃံ သရဏံ ဂစ္ဆာမိ" ကိုလည်း ဆိုသင့်ပါတယ်၊ သံဃာရတနာဟာ တကယ် ကို ရှိသင့်ရှိထိုက်တဲ့ ရတနာပါပဲဘုရား"

ဤသို့လျှောက်ထားပြီး နှုတ်ဆက်ကာ ဖုန်းချ သွားပါသည်၊ တော်ပါသေးရဲ့၊ သူဆီကစပြီး ဆက်လို့သာ၊ ကိုယ့်ဆီကသာ စပြီးဆက်ရရင် မချောင်ဘူး၊ ဒီနာရီဝက် ကျော် အချိန်အတွက် ဒေါ်လာနဲ့ဆောင်ရမယ့် ဖုန်းကြေး မှာ မသက်သာလှပါ၊ သို့ပေမဲ့ ဒကာအနေနဲ့ သံဃာ ရတနာဟာ ရှိသင့်တယ်လို့ လက်ခံသဘောကျသွားတဲ့ အတွက် စိတ်သက်သာရာ ရရှိခဲ့ပါသည်။

အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ် နာယက ချုပ် အရှင်သုစိတ္တာဘိဝံသသည် လောကနဲ့ သာသနာ အတွက် မရှိမဖြစ်လိုအပ်သော သံဃာရတနာတို့ကို ရှာဖွေတူးဖော်ပြီး အရောင်အသွေး တင်ပေးနေသော ဆရာတော်ဖြစ်သည်၊ စာဝါသင်တန်းများ ပို့ချခြင်း၊ ဝါကျ ဥယျာဉ်စသော စာအုပ်များ ရေးသားပြုစုခြင်းဖြင့် ကျောက်တူးသမား, ကျောက်သွေးဆရာဖြစ်ပေသည်။

အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်မှ အရည်အသွေးစံချိန်မှီ သံဃာရတနာများ ပေါ်ထွက်လာ ပါစေ၊ ရွှေရတုပွဲမှသည် စိန်ရတုပွဲ ရာပြည့်ပွဲများအထိ ဆင့်နွှဲကျင်းပနိုင်ပါစေ–ဟူ၍ မေတ္တာစကား ရေးသားရ ပါသည်။


■ **အရှင်နာဂဒါဘိဝံသ (လှရတနာ)**

♦ ♦ ♦

http://www.dhammadownload.com

ပုံရိပ်အတွေး

မြေးတာကြာကြာ




မကိုစန္ဒာ

တစ်နေ့ တိတိကျကျဆိုရလျှင် ၁၃၆၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် (၃)ရက်နေ့ မန္တလေးမြို့ မစိုးရိမ်တိုက်ဟောင်း၊ တိုက်သစ်စာသင်တိုက်ကြီးနှစ် တိုက်၌ စာဝါအတူတက်ဖူးသော သီလရှင်တပည့်များ စုပေါင်း၍ ဝါကျဉ်ယျာဉ်ကျမ်းပြုအလိုတော်ပြည့်ဓမ္မာစရိယ တက္ကသိုလ်နာယကချုပ်ဆရာတော်ဘုရားကို ဖူးမျှော်ကန်တော့ခဲ့ကြပါသည်။ ဆရာတော်က တပည့် သီလရှင် ဆရာလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ သာသနာပြုလုပ်ငန်း ဘဝအဖုံဖုံတို့ကို စုံလင်စွာမေးမြန်းပြီး ''တပည့်တို့ ၁၃၆၈ ခုနှစ် တပေါင်းလဆန်း (၈)ရက်နေ့မှာ ဆရာ့အသက် (၅၀) ပြည့်ပြီ။ နှစ်ငါးဆယ်ရွှေရတုပွဲမှာ ဓမ္မာစရိယကျမ်းပြီးတပည့်တွေအားလုံးဖိတ်မယ်၊ ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်းထုတ်မယ်။ တပည့်ဟောင်း တပည့်ကြီးဖြစ်တဲ့ နင်တို့တတွေ စွမ်းနိုင်တဲ့ဘက်ကနေပြီး ကဗျာ၊ ဆောင်းပါး ကြိုက်နှစ်သက်ရာ ရေးပို့ကြ''ဟု မိန့်ပါသည်။

ဆရာတော်ထံ စာဝါလိုက်ခဲ့သည့် သီလရှင် ဆရာလေးများတွင် စာရေးသူလည်းတစ်ပါးအပါအဝင် ဖြစ်ပါ၏။ ခက်ခဲကြမ်းတမ်းလှသည့် ဓမ္မာစရိယပရိယတ္တိ ခရီးလမ်းဝယ် ရွှေရတုဆရာအရှင်၏ အရိပ်ဝယ်နားခိုပြီး ပညာသင်ခွင့် စာချတန်းဆိုင်ရာ နည်းစနစ်များစွာကို ဆည်းပူးခွင့်ရခဲ့ပါသည်။ ဆရာတော်၏ ကြီးမားလှသည့် မေတ္တာစေတနာကျေးဇူးများနှင့် သာသနာပြုစိတ်ဓာတ်ကို ကုန်စင်အောင် ပုံဖော်ပြနိုင်သည့် ကလောင်စွမ်း စာရေးသူမှာ မရှိပါ။ စာရေးသူသည် ပရိယတ္တိနယ်ပယ်မှာသာလျှင် စာချစာသင်အလုပ်လုပ်နေသည့် ပရိယတ္တိ ဝန်ထမ်းတစ်ဦးမျှသာဖြစ်ပါသည်။ သို့သော် ရွှေရတုအရှင်နှင့် စာရေးသူတို့ ဆရာတပည့်အဖြစ် ဆုံတွေ့ခွင့်ပေး ခဲ့သည့် မစိုးရိမ်တိုက်သစ်ကို ဂုဏ်ပြုလိုသောစိတ်၊ ဆရာ့ဂုဏ်ကို ကိုယ်သိသမျှ လှစ်ဟပြချင်သည့်စိတ်တို့ကြောင့် ဤဆောင်းပါးကို ရေးသားခြင်းဖြစ်ပါသည်။

http://www.dhammadownload.com



စာရေးသူသည် ပထမကြိုးတန်းကို သီလရှင်ဆရာလေးများထဲတွင် ပထမအမှတ်အများဆုံး ပထမကျော် ရခဲ့ပါ၏။ သို့သော် ခက်ခဲကြမ်းတမ်းသည့် ဓမ္မာစရိယ လမ်းအတွက် စာရေးသူမှာ အခက်တွေ့ခဲ့ရပါ၏။ ပထမကြိုးတန်းနှင့် ဓမ္မာစရိယစာချတန်းသည် ကြားထဲ၌ အတန်းခြားမရှိသော်လည်း စာပေဆိုင်ရာ သဘောတရားတို့မှာ မည်သို့မှ လိုက်မမီအောင် ကွာခြားလွန်းလှ၏။ ရန်ကုန်ရှိ စာသင်တိုက်အသီးသီးရှိ စာချဆရာတော်များထံ စာဝါတက်ခဲ့ဖူးပါ၏။ သို့သော် စာချတန်းဆိုင်ရာ သဘောမမိသဖြင့် အခက်တွေ့ရပါ၏။ ယင်းအခက်အခဲ ကို ပြေစေမည့် သတင်းကောင်းတစ်ခုကို အတူနေ သီလရှင်ဆရာလေးတစ်ပါးက သယ်ဆောင်လာခဲ့ပါသည်။ ပရိယတ္တိလောကဝယ် အရှိန်အဝါကြီးမား၍ နှစ်တစ်ရာကာလအတွင်း ဂုဏ်ဒြပ်အကြီးမားဆုံး၊ စာသင်သားအများဆုံး ပရိယတ္တိစာသင်တိုက်ကြီး တစ်ခုဆီသို့ ပညာသင်ဖို့ စေလွှတ်မည့်အကြောင်းပင် ဖြစ်ပါ၏။ 'ရေကန်အသင့် ကြာအသင့်' 'ရေငတ်သူ ရေတွင်းထဲကျ' ဟူသော စကားပုံအတိုင်း အခက်အခဲ ဖြစ်နေသည့် ဓမ္မာစရိယ ခရီးလမ်းအတွက် အပူငြိမ်းခဲ့ရပါ၏။ တစ်ခုသောနှစ်၏ နွေရာသီဝယ်အပူရှိန်က အညာနေပိပိ ပူပြင်းလှပေ၏။ အပူရှိန်ကို ဂရုမထားအား အနာဂတ်သာသနာဝယ် တစ် ထောင့်တစ်နေရာကနေ ကိုယ်စွမ်းနိုင်သမျှ ကျရာတာဝန် ကျေပွန်စွာ ထမ်းရွက်နိုင်ဖို့အတွက် မနားမနေ စာဝါများ တက်ခဲ့ရ၏။ မစိုးရိမ်တိုက်ဟောင်း ဦးကောဝိဒါဘိဝံသ၏ ပါရာဇိကဏ်စာဝါ၊ မစိုးရိမ်တိုက်သစ် ဆရာတော် ဦးရာဇဓမ္မာဘိဝံသ၏ သီလက္ခန်စာဝါတို့ကို နေ့စဉ်တက်ခဲ့ရ၏။ အံခဲ့ရ၏။ ကျက်မှတ်ခဲ့ရ၏။ တိုက်တွင်းနေ စာသင်သား သံဃာများနည်းတူ ညနေ စာအံချိန် (၄)နာရီ ထိုးသည့်အထိ မစိုးရိမ်တိုက်သစ်၌ စာအံကျောင်းတက်ခဲ့ရ၏။

အာဘော်၊ သံဝဏ္ဏနာ၊ ဝိဂြိုဟ်စသည့် စာချတန်း မေးခွန်းဆိုင်ရာများကို သက္ကသီဟ စာသင်တန်းအောင်ပြီးသည့် နာယကလောင်းလျာအရှင်မြတ်များက စာဝါနှားသည့်အချိန်၌ စာသင်သားများကို ပို့ချ၏။ မေးမြန်း၏။ နည်းစနစ်ဆိုင်ရာအခြေခံများကို စနစ်တကျ သင်ကြားပေး၏။ ပထမကြိုးတန်းနှင့် စာချတန်း၏ ကွာဟချက်အခက်အခဲကို ဖြည့်ဆည်းစေ့စပ်ပေး၏။ ထို ကျေးဇူးများကြောင့် အပတ်စဉ် စာမေးပွဲများတွင် အမှတ်များ ကောင်းလာခဲ့ပါသည်။ စာမေးပွဲအပတ်စဉ်ကျလျှင် တိုက်တွင်းနေ သံဃာများနည်းတူ ဒဏ်ထမ်းရ၏။ စာသင်သားများအပေါ် အစိမ်း၊ အကျက်မရွေး ဆုပေး၊ ဒဏ်ပေးစနစ်ကျင့်သုံး၏။ မျက်နှာလိုက်မှုမရှိ၊ မသိသည့် စာများကို ရဲရဲတင်းတင်း မေးမြန်းခွင့်ရခဲ့၏။ ဤမျှ သဘောထားကြီးသော မစိုးရိမ်တိုက်သစ်ဝယ် နှစ်အတော်ကြာ စာဝါတက်ခဲ့ရပါသည်။

ပထမဦးဆုံး စာဝါစတင်လိုက်သည့်နှစ်၌ ရွှေရတုအရှင် ဆရာသခင်နှင့် မဆုံဆည်းဖြစ်သေးပါ။ ဆရာသခင်သည် မော်လမြိုင်မြို့ သာသနာ့မာရ်အောင် ဝဲပျံကျောင်းတိုက်၌ ဝါကျဥယျာဉ်ကျမ်းပြုစုနေရင်း စာချနေပါသည်။ မွန်တို့ဌာနေဝယ် ဓမ္မာစရိယတန်းစာဝါများကို သုံးနှစ်သုံးပိုးကြာအောင် ပို့ချခါ သာသနာပြုခဲ့ပါသည်။ စာဝါများ မပိတ်ခင်တစ်ရက်ဝယ် ရွှေရတုအရှင်ကို စတင် ဖူးတွေ့ရဖို့ အခွင့်ကြုံခဲ့ပါသည်။ မဟာနာယကဆရာတော်ဘုရားကြီး စာချနေသည့် ဓမ္မသီတဂူကျောင်း အလယ်ထပ်ပေါ်သို့ ခပ်ဝေ အသားလတ်လတ် ကြည်လင်သည့် မျက်နှာဥပဓိရှိသော ရဟန်းတော်တစ်ပါး နေကာမျက်မှန်တပ်လျက် ကြွလာပါသည်။ မဟာနာယကဆရာတော်ကို ရှိခိုးကန်တော့ ဖူးမျှော်ပြီး စကားအနည်းငယ်ပြောခါ အောက်သို့ ပြန်ကြွသွားပါသည်။ ထိုရဟန်းတော်ကို စာရေးသူက ဘယ်သူဘယ်ဝါမှန်း မသိပါ။ ပါရာဇိကဏ်ကျမ်းစွဲ၍ သီလက္ခန်ကျမ်းတက်နေသည့် အနီးအနားက စာသင်ဖော် သီလရှင်ဆရာလေးပြောပြမှ ဦးသုစိတ္တာဘိဝံသ ဆိုတာ သိခွင့်ရခဲ့ပါသည်။ ထိုဆရာလေးကပင်ဆက်၍ ''တပည့်တော်တို့ကို သီလက္ခန် အာဘော် သံဝဏ္ဏနာ ဝိဂြိုဟ်နဲ့

http://www.dhammadownload.com

ဝါကျစဉ်များချပေးနေတဲ့ ဆရာတော်လေးကလဲ ဦးသုစိတ္တ၊ ခုနကကြွလာတဲ့ ဆရာတော်ကလဲ ဦးသုစိတ္တ၊ ဒါကြောင့် တပည့်တော်တို့ အပါအဝင် မစိုးရိမ်တိုက်သစ်စာသင်သားတွေက ဦးသုစိတ္တနှစ်ပါးကို ဆရာကြီး၊ ဆရာလေးလို့ လေးစား ချစ်ခင်စွာ ခေါ်ကြတယ်''ဟု ပြောဏ်။ ဝါကျဥယျာဉ် ကျမ်းပြုရွှေရတုအရှင် ဘဒ္ဒန္တသုစိတ္တာဘိဝံသသည် ဆရာကြီးဖြစ်ဏ်။ ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ (ရေဦး)ကိုကား ဆရာလေးဟု မြတ်နိုးလေးစားစွာ ခေါ်ဝေါ်ခဲ့ကြဏ်။

စာရေးသူသည် ဆရာကြီး, ဆရာလေးဟူသည့် ဦးသုစိတ္တာဘိဝံသ နှစ်ပါးစလုံးအထံတွင် စာဝါလိုက်ခဲ့ရပါဏ်။ ရွှေရတုအရှင်သည် ပါရာဇိကဏ်စာချရာ၌ ကျမ်းရင်းသုံးကျမ်းလုံး သဘောပေါက်အဓိပ္ပါယ်မိအောင် ပို့ချဏ်။ ပါရာဇိကဏ်ကျမ်းသည် ဓမ္မာစရိယကျမ်းရင်းသုံးကျမ်း၏ ပဓာနဖြစ်ဏ်။ စာရေးသူတို့ဘဝဝယ် ဆရာသမားများ၏ရှေ့၌ ''ဆရာ ဆရာသည်''ဟူသော စာချတန်းဆိုင်ရာ ကျမ်းတက်သဘောတရားများ သင်ကြားခဲ့ရသော အချိန်သည် အပျော်ဆုံးအချိန်များ ဖြစ်ခဲ့ဏ်။ မည်သူနှုတ်ဖျားမှ''ဆရာ ဆရာသည်''ဟူသော အသံများသည် ဂီတသံပမာ စွဲထင်နစ်မြှောမိခဲ့ကြဏ်။ ယနေ့ အချိန်ကာလ၌ပင် ဆရာရှေ့မှောက်ကာန်တော့ရောက်သော အခါ ''ဆရာ ဆရာသည်''တို့ကို ပြန်လည်ကြားယောင်ရင်း နုပျိုလန်းဆန်းလာသည်ဟု ခံစားရမိပါသည်။

မစိုးရိမ်တိုက်သစ် နာယက စာချမျာ၌ အဆောင်အယောင်မရှိ၊ ဟိတ်ဟန်ထုတ်ကာ ကြွားဝါမှုမရှိ၊ တပည့်တို့အား စာသင်ကြားပို့ချပေးရင်းအဘိဓာန်ကျမ်းပြု၊ စာရေး၊ စာကြည့်အလုပ်တို့၌ ပျော်မွေ့စွာ သီတင်းသုံးနေထိုင်ကြဏ်။ စာဝါချနေစဉ်မသိတာကို မေးမြန်းလျှောက်ထားခွင့်ရှိဏ်။ မာန်မာနမရှိ၊ ငါစာချနာယကပဲဟု မာန်မတက်၊ မေးမြန်းလျှောက်ထားသမျှကို ဖြေဆိုပေးဏ်။ မေးမြန်း လျှောက်ထားရဲအောင် လမ်းဖွင့်ပေးဏ်။ စာရေးသူသည် /ပါရာဇိကဏ်နည်းဥပစာကို သိပ်နားမလည်သဖြင့် စာချစဉ် မေးမြန်းလျှောက်ထားရာ ရွှေရတုအရှင်က ''ဓမ္မသီတဂူကျောင်းက စာအံသံတွေ ညံနေတာပဲ'' အဲဒီစကားလုံးမှာကြည့်စမ်း ဓမ္မသီတဂူကျောင်းဟာ တည်ရာဌာန၊ ဓမ္မသီတဂူကျောင်းမှာတည်ရှိ စာလိုက်နေကြတဲ့ စာသင်သားတွေက ဌာနီ။ ဌာနဖြစ်သော ဓမ္မသီတဂူကျောင်းကို ဌာနီဖြစ်သော စာသင်သား၌ တင်စား၍ဆိုသောကြောင့် ဌာနူပစာဖြစ်တယ်''ဟု သဘောပေါက်အောင် ဥပမာကပ်၍ ဥပစာတင်ပုံကို ရှင်းပြသွားခဲ့ရာယနေ့တိုင် အမှတ်ရနေဆဲဖြစ်ပါဏ်။ ထိုကျေးဇူးများကြောင့် ဥပစာတင်ရာ၌ အမှားနည်းခါ အမှတ်များရလာခဲ့ပါဏ်။

မစိုးရိမ်တိုက်ဟောင်း၊ တိုက်သစ်တို့၌ စာဝါများလိုက်ပြီး စာရေးသူ၏ဇာတိရန်ကုန်သို့ ပြန်လာခဲ့ပါသည်။ ရွှေရတုအရှင်ကို မဖူးမျှော်ရသည်မှာ (၆)နှစ်ခန့်ပင် ရှိခဲ့ပေပြီ။ တစ်နေ့ ဆရာတော်ကိုဖူးဖို့အကြောင်း ပေါ်လာဏ်။ ရွှေရတုအရှင်သည် ရန်ကုန်မြို့ တာမွေ၊ အလိုတော်ပြည့်ကျောင်းတိုက်၌ နွေရာသီ ဓမ္မာစရိယသင်တန်းပို့ချမည်ဟု သတင်းစာ၌ တွေ့ရပါဏ်။ စာရေးသူသည် ကျမ်းမပြီးသေးသဖြင့် ဆရာတော်ကို ဖူးတွေ့ရန်လဲ မဝန့်၊ အဆူအငေါက်ခံရမှာကိုလည်း ကြောက်လန့်၊ အောင်မြင်ကျော်ကြား ထင်ပေါ်နေသည့် ဆရာတော်ဖြစ်သည့်အတွက် မမှတ်မိမှာလည်း စိုးထိတ်၊ စာရေးသူမှာ ဖော်ပြပါစိတ်များဖြင့် ဗျာများနေဏ်။ သို့သော် ကိုယ့်ကိုယ်ကို အားတင်းလျက် ရွှေရတုအရှင်၏ခြေရင်းသို့ ဦးတိုက်ရောက်ခဲ့ဏ်။ စာရေးသူဗျာများခဲ့သမျှ ဘာတစ်ခုမှ ဖြစ်မလာပါ။ ရွှေရတုအရှင်သည် စာဆက်ကြိုးစားဖို့ အလုပ်လုပ်ဖို့နဲ့ တာဝန်ကျေဖို့များကို သတိပေး မိန့်ကြားခဲ့ဏ်။ စာရေးသူ၏ စိတ်ထဲဝယ် ကျေနပ်အားရကြည်နူးသွားမိဏ်။ ဆရာသခင် ရွှေရတုအရှင်၏ တိုက်တွန်းအားပေးမှုများကြောင့် ၁၃၆၇ ခုနှစ် ၂၀၀၆ ခုနှစ်ဝယ် ဓမ္မာစရိယစာချတန်းအောင်မြင်ခဲ့ဏ်။ နောက်ဆုံး အဋ္ဌသာလိနီကျမ်း အောင်မြင်ခဲ့ဏ်။ ရွှေရတုအမို့ ရွှေရတုအရှင်၏ ကျေးဇူးကို ''သာသနဓဇဓမ္မာစရိယ''ဘွဲ့ဖြင့် ကျေးဇူးဆပ်ခွင့်ရသဖြင့် ကျေနပ်ခဲ့ပါပြီ။

တော်ဝင်ပင်မြင့်ပန်းသဇင်တစ်ခက်, ရခိုင်မြေ၏ သားကောင်းရတနာ, မစိုးရိမ်တိုက်သစ် အမိမြေ၏ နာယက၊ ပိတောက်ရိပ်၏ဖခင် ရွှေရတုအရှင်၏ ကြီးမားသော သာသနာတော်ကို မြတ်နိုးတန်ဖိုးထား လေးစားသည့် မေတ္တာ စေတနာ ဝါသနာ အနစ်နာ ဇွဲလုံ့လ ကရုဏာမွှေးရနံ့များ စာရေးသူ၏ ဘဝတစ်လျှောက်လုံး အတွေးဥပင်မွှေးပျံ့သင်းကြူနေမည်ဟု မလွဲမသွေယုံကြည်နေမိပါတော့သည်။


■ မဏိစန္ဒာ

♦ ♦ ♦

http://www.dhammadownload.com

ပျောက်သော်သူဒုက္ခ ရှာတွေ့ခြင်း ကုသိုလ်ဖွားလေပြီ

ဦးဟန်နွယ်



ရန်ကုန်တိုင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ စစ်တောင်းလမ်းတွင် တည်ရှိနေသော ''အလိုတော်ပြည့်ဆရာတော်ဘုရား ဒေါက်တာ ဘဒ္ဒန္တအရိယဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ Ph.D)က အဓိပတိအဖြစ် ဆောင်ရွက်ပေးတော်မူပြီး အဓိက ပံ့ပိုးမှုကိုပေးကာ ဘဒ္ဒန္တသုစိတ္တာဘိဝံသ (သ, သ,အ ဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) က နာယကချုပ်အဖြစ် ဆောင်ရွက်တော်မူကာ မြတ်ဗုဒ္ဓ၏ ပိဋကစာပေများကို ပို့ချရင်း၊ အုပ်ချုပ်ရေး အစရှိသော ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်တော်မူလာရာ ငါးနှစ် ကျော်ကာလသို့ပင် ရောက်ရှိလာပေပြီ။ အစိုးရဓမ္မာစရိယစာမေးပွဲကို ဖြေဆိုသော ငါးနှစ်တာကာလ၏ ရလဒ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

http://www.dhammadownload.com

ငါးနှစ်တာကာလတွင် အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်မှ သုံးကျမ်းပြီး ဓမ္မာစရိယဘွဲ့ရအရှင် (၃၂)ပါး၊ ကျမ်းစွဲနှင့်ပါဆိုသော် (၁၀၅)ပါးကို မွေးထုတ်ပေးခဲ့လေပြီ။ ထိုမျှသာမက အရှင်ဂုဏသာမိဘိဝံသ-သည် ခက်ခဲလှသော သကျသီဟဓမ္မာစရိယတန်းကို ၁၃၆၆-ခုနှစ်တွင်အောင်မြင်ကာ တက္ကသိုလ်၏နာယကတစ်ပါး အဖြစ် ပေါ်ထွန်းလာပါသေးသည်။

ဘဒ္ဒန္တသုစိတ္တာဘိဝံသအရှင်မြတ်နှင့် စာရေးသူတို့စတင်တွေ့ဆုံခဲ့ကြသည်မှာ မမျှော်လင့်ပဲ တွေ့ဆုံရခြင်းဖြစ်ပါသည်။ ဤကဲ့သို့အောင်မြင်မှုမျိုးကို ရယူဖြစ်မည်ဟု အတွေးစိတ်ကူးတွင် မထင်မိခဲ့ပါ။ ၁၃၅၄-ခု၊ တန်ဆောင်မုန်းလဆန်း (၁)ရက် (၂၆-၁၀-၁၉၉၂)တနလာနေ့တွင် သားရဟန်းတစ်ပါးဖြစ်သူ ဓမ္မဒူတအရှင်ဝိမလ (ဓမ္မာစရိယ၊M.Aတောင်စွန်း)သည် အိမ်သို့ကြွရောက်လာ၏။ နောက်တစ်နေ့ညနေတွင် ဦးဇင်းတို့ဆရာကို သွားကန်တော့ရအောင်ဟုဆိုကာ ဒိုင်းဝန်းကွင်းရှိ ဝဲပျံပရိယတ္တိစာသင်တိုက်သို့ သွားရောက်ခဲ့ကြ၏။ သားဦးဇင်းက မိတ်ဆက်ပေးသဖြင့် မစိုးရိမ်တိုက်သစ်၊ ဓမ္မသီတဂူကျောင်းစာချဆရာတော် အရှင်သုစိတ္တာဘိဝံသကို ဖူးမြော်ခွင့်ရ၏။

စာချဆရာတော်ဟူသောအသိဖြင့် မိတ်ဖွဲ့ရသော်လည်း စာရေးသူ၏စိတ်ထဲတွင် စာချဆရာတော်တစ်ပါးအနေဖြင့် မခံစားမိပါ။ ကာလကြာကွဲကွာနေသော သားတစ်ယောက်ကို ပြန်တွေ့သကဲ့သို့ ခံစားမိ၏။ တွေ့တွေ့ခြင်း သိမ်ထပ်(ပုနောပသမ္ဗဒက်ကိုပြု)ချင်သည်။ စိတ်တွေဘာဖြစ်နေတာလဲ ထူးဆန်းလှသည်ဟု စိတ်ကို သတိထားမိ၏။ လေးငါးရက်ကြာလည်း ထိုစိတ်ပျောက်မသွားပါ။ စာတတ်၊ တရားဟောကောင်း နောင်အခါနာမည်ကျော်ကြား ဘုန်းကံကြီးမားလာမည့် ဆရာတော်များကို ရင်းရင်းနှီးနှီးသိကျွမ်းခင်မင်ခွင့် ရခဲ့ပါ၏။ ယနေ့တိုင်လည်း ရင်းနှီးလျက်ပင်။ အချို့ဆရာတော်ဆိုလျှင် ဘဝနတ်ထံစံတော်မူခဲ့လေပြီ။ ဤကဲ့သို့သိမ်ထပ်ချင်သောစိတ်တစ်ခါမှမဖြစ်ဘူးပါ။ မိမိသည်သာ အဓိက။ ပစ္စည်းလေးပါးနိုင်သည့်အားဖြင့်ဂရုစိုက်လျှင် လုံလောက်သည်ဟု အမြဲတမ်း ယူဆထားပါသည်။ ယခုတော့ သိမ်ထပ်ချင်သောစိတ်က စိုးမိုးနေလေပြီ။ ပုထုဇဉ်တို့၏ သဒ္ဓါတရားသည် မမြဲပါ။ စိတ်ကိုစောင့်ကြည့်နေမည်ဟု ဆုံးဖြတ်မိ၏။

လေးလခန့်ကြာသော်လည်း ထိုစိတ်ပျောက်မသွား၊ လျော့မသွားပါ။ ၁၃၅၄-ခု၊ တပို့တွဲလကွယ်(၂၀-၂-၁၉၉၃) စနေနေ့တွင် ဇနီးဒေါ်မြတ်ပိုးနှင့် သား

ငါးနှစ်တာကာလတွင် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်မှ သုံးကျမ်းပြီး ဓမ္မာစရိယဘွဲ့ရ အရှင် (၃၂)ပါး၊ ကျမ်းစွဲနှင့်ပါဆိုသော် (၁၀၅)ပါးကို မွေးထုတ်ပေးခဲ့လေပြီ။ ထိုမျှသာမက အရှင်ဂုဏသာမိဘိဝံသ သည် ခက်ခဲလှသော သကျသီဟဓမ္မာစရိယတန်းကို ၁၃၆၆-ခုနှစ်တွင် အောင်မြင်ကာ တက္ကသိုလ်၏နာယကတစ်ပါး အဖြစ် ပေါ်ထွန်းလာပါသေးသည်။

(၃)ယောက်အား ဖွင့်ပြောတိုင်ပင်ပါသည်။ အားလုံးကပင် ရာနှုန်းပြည့် ထောက်ခံအားပေးကြပါသည်။ ၂၁-၂-၁၉၉၃ တနင်္ဂနွေနေ့တွင် ဦးဇင်းတစ်ပါးတည်းအိမ်ပင့်၍ နေ့ဆွမ်းကပ်၏။ သိမ်ထပ်လိုကြောင်းလျှောက်ထားရာ မေတ္တာ၊ ကရုဏာရှေ့ထားကာ ခွင့်ပြုတော်မူသည်။ ဝဲပျံဆရာတော်ဘုရား (တိပိဋကဓရ သြဝါဒါစရိယ အဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇနှစ်ထပ်ကွမ်း-ဘဒ္ဒန္တ ဝိဇယာဘိဝံသ)၏ ကြီးမားသောကရုဏာတော်ဖြင့် ပုနောပသမ္ဗဒသိမ်ထပ်မင်္ဂလာပွဲကို ၁၃၅၃-ခု၊ တပေါင်းလဆန်း (၇)ရက် (၂၇-၂-၁၉၉၃)စနေနေ့မွန်းလွဲ(၃)နာရီတွင် အောင်မြင်စွာ ပြုလုပ်ခဲ့၏။ စိတ်အလိုဆန္ဒတစ်ခု ဖြည့်ဆည်းခွင့်ရသည့်အတွက် များစွာကျေနပ်အားရနှစ်သက်ရွှင်လန်းဝီတိပန်းတွေ အကြိမ်ကြိမ်လန်းဖြာရပါသည်။ မန္တလေးမူရင်းရဟန်းဒကာ ဆရာခင်+ဒေါ်မြရင်မှတစ်ပါး ပုနောပသမ္ဗဒမင်္ဂလာပြုသူတို့တွင် အမှတ်စဉ်(၂)ဖြစ်သည်ဟု သိရပါသည်။

http://www.dhammadownload.com

မော်လမြိုင်မြို့တွင် သာသနာရေး ဆောင်ရွက်ချက်များ

၁။ ၁၃၅၅-ခု(၁၉၉၃) ကဆုန်လတွင် သာသနာ့မာရ် အောင်ဝံပျံစာသင်တိုက်၌ ပထမအကြိမ် ဓမ္မာစရိယတန်း နွေစာဝါကို ပို့ချတော်မူသည်။ မော်လမြိုင်မြို့တွင် နွေစာဝါ အလေ့အထနည်းပါးခြင်း၊ ကျယ်ကျယ်ပြန့်ပြန့်အသိပေး မှုမရှိခြင်းတို့ကြောင့် စာလိုက်သံဃာ(၈)ပါးသာ ရှိပါသည်။

၂။ နိုင်ငံကျော်တောင်လေးလုံးဆရာတော်ဘုရား ကြီး(ကျော်လေးကျော်)၊အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ နှစ်ထပ်ကွမ်း)၏ အန္တိမစျာပနပွဲ၌ ၁၃၅၅-ခု၊ ဒုတိယဝါဆို လဆန်း(၇)ရက်(၂၅-၇-၁၉၉၃) တနင်္ဂနွေညတွင် အရှင် သာရိပုတ္တရာမထေရ်မြတ် ပရိနိဗ္ဗာန်စံခန်းကို ဓမ္မကထာအ ဖြစ် ပြည့်ပြည့်စုံစုံ ဟောတော်မူသည်။

၃။ ၁၃၅၅-ခု၊ ဒုတိယဝါဆိုလဆန်း(၁၄)ရက် (၁-၈-၁၉၉၃) တနင်္ဂနွေနေ့ညတွင် ပန်းဘဲတန်းအိမ်၌ တရား နာပရိတ်သတ်များအား 'နိဗ္ဗိကဏ္ဏသုတ္တန်'ကို ဟော ကြားတော်မူသည်။

၄။ ဖိနမာရ်အောင်စေတီတော် ဝါတွင်းမွန်းလွဲပိုင်း နေ့တရားပွဲ၊ ၁၃၅၅-ခု၊တော်သလင်းလပြည့် ကြာသပ တေးနေ့(၃၀-၉-၁၉၉၃)တွင် စူဠကမ္မဝိဘင်္သုတ္တန်ကို ဟောကြားတော်မူသည်။

၅။ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်တွင် တာဝန် ထမ်းဆောင်ရန်အတွက် ၁၃၅၆-ခု၊ ကဆုန်လဆန်း(၂) ရက် (၁၁-၅-၁၉၉၄) ဗုဒ္ဓဟူးနေ့တွင် မော်လမြိုင်မြို့မှ ထွက်ခွါ၏။ ဒေါ်မြတ်ပိုးနှင့်အဖွဲ့သားများ လိုက်ပို့ကြ၏။



၆။ ၁၃၅၅-ခု၊ တန်ခူးလပြည့်ကျော် (၁၂) ရက် (၂၆-၄-၁၉၉၃) ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မှ ကြွလာရာ ရထားနောက်ကျ၍ ည ၁၀း၃၀-တွင်မှ ရောက်၏။ နောက်တစ်နေ့တွင် သာသနာ့မာရ်အောင် ဝံပျံစာသင် တိုက်၌ နွေရာသီဓမ္မာစရိယသင်တန်းစာဝါကို ဒုတိယ အကြိမ် ဖွင့်တော်မူသည်။ ယင်းနှစ် ဝါဆိုလဆန်း (၂)ရက် (၂၈-၆-၁၉၉၃) ဗုဒ္ဓဟူးနေ့တွင် သင်တန်းဆင်းပွဲ ကျင်းပ၏။ စာချုပ်ချိန် (၂) လကြာမြင့်ပြီး၊ စာလိုက်သံဃာ, သီလရှင် (၄၅) ပါးရှိပါသည်။ ဝါဆိုလဆန်း (၅) ရက်နေ့တွင် ရန်ကုန်သို့ လေယာဉ်ပျံဖြင့် ပြန်ကြွရာ မောင်ပွင့်ဦးလိုက်ပို့ပါသည်။

၇။ ပန်းဘဲတန်းရပ်နေ၊ ဖခင်ကြီး ဦးပါ၏၊ အသက် ထင်ရှား အသက် (၁၀၀) ပူဇော်ပွဲ၊ တရားပွဲ (၇) ည၌ ၁၃၆၆-ခု၊ ပြာသိုလဆန်း (၈) ရက် (၂၁-၁-၂၀၀၂) တနင်္လာနေ့ စတုတ္ထညတရားပွဲတွင် 'ရတနသုတ္တန်နိဒါန်း' ကို (၂) နာရီကြာ ပြည့်ပြည့်စုံစုံ ဟောကြားတော်မူသည်။

၈။ ဈေးကြီးဆန်တန်းရပ်၊ ကျောင်းသစ်ကျောင်း၊ သာမညပိုးကုတ်ဝိပဿနာကမ္မဋ္ဌာန်းတိုက်ကြီး၏ နှစ်ရာ ပြည့် ပူဇော်ပွဲမင်္ဂလာအတွက် အရှင်သောဘနမထေရ် မြတ်ဦးဆောင်ကျင်းပသော တရားပွဲ (၁၁) ညတွင် ၁၃၆၅- ခု၊ တပေါင်းလဆန်း (၂) ရက်နှင့် (၃) ရက်၊ (၂၁-၂-၂၀၀၄) စနေညနှင့် (၂၂-၂-၂၀၀၄) တနင်္ဂနွေ ညဖြင့် (၂) ညတာ ဓမ္မဒေသနာချီးမြှင့်ခဲ့ပါသည်။

၉။ ပန်းဘဲတန်းရပ်တွင်ကျင်းပသော ''အာစရိယ ပူဇာ ဓမ္မသဘင်'' (၅) ညတာတရားပွဲ၌၊ ၁၃၆၆ ခု၊ တပို့တွဲလပြည့်ကျော် (၅) ရက် (၂၈-၂-၂၀၀၅) တနင်္လာ စတုတ္ထညတရားပွဲ၌ ''မဟာဓမ္မပါလဇာတ်တော်'' ကို (၂) နာရီ၊ မိနစ် (၃၀) ကြာပြည့်ပြည့်စုံစုံ ဟောကြားတော်မူ သည်။

ရန်ကုန်မြို့တွင် ''အလိုတော်ပြည့် ဓမ္မာစရိယ တက္ကသိုလ်'' တည်ထောင်ပြီးနောက် တပြည်လုံးရှိ အနယ် နယ်အရပ်ရပ်မှ စာလိုက်သံဃာ၊ သီလရှင် မြောက်များစွာ စာလိုက်ကြသည်မှာ အားလုံးအသိပင်။ ဤအကြောင်းကို တခြားသော ဆရာများလည်း ရေးကြမည်ပင်။ စာလိုက် သံဃာများခြင်း၊ စာချကောင်းခြင်းတို့ကြောင့် ''အဂ္ဂ မဟာဂန္ထဝါစကာပ ဏ္ဍိတ''(အမြင့်ဆုံးစာချဘွဲ့ တံဆိပ်တော် ကို သက်တော် (၄၅)နှစ်ပြည့်သည့် (၂၀၀၃) ခုနှစ်တွင် နိုင်ငံတော်က ဆက်ကပ်ခဲ့သည် မဟုတ်ပါလား။


http://www.dhammadownload.com

သာသနာ့ ကျမ်းသစ်တိုးခြင်း

စာရေးသူ၏သားအကြီးဆုံး မောင်ပွင့်ဦးနှင့် မုဒုံမြို့မှ မဉ္ဇမ္မာလှိုင်တို့သည် ဘဝရေစက်ဆုံ၍ အကြောင်းဆက်ကာ ပေါင်းဖက်ရန်အတွက် ၁၆-၂-၁၉၉၇-ခု၊ တနင်္ဂနွေနေ့တွင် မင်္ဂလာဥည့်ခံပွဲပြုလုပ်၏။ မင်္ဂလာဥည့်ခံပွဲ၌ သူတို့ရရှိကြသော ငွေများမှ ငွေကျပ်ငါးသောင်းကို ၁၃၅၈-ခု၊ တပို့တွဲလဆန်း(၁၄)ရက် (၂၀-၂-၁၉၉၇) ကြာသပတေးနေ့တွင် စာရေးသူနှင့် ဒေါ်မြတ်ပိုးကို ကန်တော့၏။ စာရေးသူက မုဒုံအမေဒေါ်ကျင်ထွေးကို ဒီအတိုင်းအတာအတိုင်း ကန်တော့ရဲ့လားဟု သုံးကြိမ်မေး၏။ ဒီအတိုင်းကန်တော့တာပါပဟု သုံးကြိမ်လုံးဖြေကြပါသည်။ ဆုပေးပြီးသည်နှင့် ဒီငွေတွေကို မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် နာယကဆရာတော် အရှင်သုစိတ္တာဘိဝံသကို လှူမည်။ မြင့်မြတ်သောအလှူခံပုဂ္ဂိုလ်ကို အာရုံပြုကြပါဟု ပြောလိုက်၏။ ချက်ချင်းပင် မန္တလေးသို့ ဖုံးဆက်၍ သားနှင့်သမီးတို့က ငါးသောင်း၊ ဒကာကြီးနှင့် ဒကာမကြီးတို့က ငါးသောင်းလှူပါကြောင်း လျှောက်ထား၏။ ဦးပဉ္စင်းဘုရားက ဒကာကြီးထံမှာပဲ ထားပါ။ မော်လမြိုင်သို့ နွေရာသီလာရောက်သည့်အခါမှ စီစဉ်မည်ဟု မိန့်ကြားပါသည်။

မော်လမြိုင်သို့ရောက်လာသည့်အခါ စာကူးစက်စီစဉ်မည်ဟု အမိန့်ရှိပါသည်။ လောက်လောက်ငင ဖြစ်ကြစေရန် ရည်စိတ်သန့်၍ ၁၃၅၉-ခု၊ ကဆုန်လဆန်း (၁၄)ရက် (၂၀-၅-၁၉၉၇) အင်္ဂါနေ့တွင် ကျပ် ၁၇၀,၀၀၀/- လှူပါသည်။ လိုဦးမည်ဟုယူဆ၍ မေဖလားဝါးဘဏ်မှ တစ်ဆင့် နောက်ထပ်ကျပ် ၂၀၀၀၀/-ကို (၁၀-၆-၁၉၉၇) အင်္ဂါနေ့တွင် တင်ပို့လှူဒါန်းခဲ့ပါသည်။ ထိုအချိန် က မီးလင်းရွှေဈေးမှာ (၃၂၀၀၀/-)ဖြစ်ပါသည်။

မော်လမြိုင်မြို့သည် သဘာဝအထောက်အပံ့အလွန်ကောင်းသော မြို့ဖြစ်ပါသည်။ နာဂဝီသတောင်တန်းတလျှောက်တွင် အဓိကရစေတီတော်များ၊ ကျောင်းကန်ဘုရားများ၊ စိမ်းစိုညိုမှောင်၊ ခိုရောင်မြဲသွေး၊ ဆေးရေးကမ္မလာ၊ စုံညီစွာဖြင့်၊ ရောင်စုံပွင့်ဖူး၊ ရွှင်မြူးနေကြ၊ ပန်းသစ်ပင် အလှတို့ဖြင့် သာယာတင့်တယ်ရှုကြည့်ချင်စဖွယ်ရှိလှ၏။ သံလွင်မြစ်ကိုဖြတ်လျက် တိုက်လာသောလေညှင်း,လေပြေတို့သည် လမ်းလျှောက်သူတို့၏ စိတ်နှလုံးကို ရွှင်ပြုံး ကြည်လင် လန်းဆန်းစေ၏။ ဦးပဉ္စင်း ဘုရားနှင့် နာဂဝီသ တောင်တန်းတလျှောက်



လမ်းလျှောက်ခဲ့ကြသည်များကို ထိုနေရာရောက်တိုင်း ပြန်ပြောင်းသတိရစေ၏။ ယခုလည်း ၁၃၆၀-ပြည့်နှစ်၊ ကဆုန်လဆန်း (၁၁)ရက်(၆-၅-၁၉၉၈) စနေညနေတွင် ယင်းတောင်တန်းသာယာတလျှောက် လမ်းလျှောက်ကြ၏။ ဒေါ်မြတ်ပိုးလည်း ပါ၏။

ဦးပဉ္စင်းဘုရားက ''တကာကြီးတို့ လှူလိုက်တဲ့ စာကူးစက်ဟာ သာသနာတော်အတွက် အတော်အကျိုးပြုသွားတယ်။ ဦးဇင်းစာချုတဲ့အခါ စာလိုက်သံဃာလေးငါးရာကို မေးခွန်းခေါ်ပေးရတာ မိနစ်(၂၀)ကုန်သွားတယ်။ စာချချိန်တစ်နာရီရဲ့ သုံးပုံတစ်ပုံ အချိန်ယူသွားတယ်။ စာကူးစက်နဲ့မေးခွန်းတွေ ကြိုတင်ကူးထားပြီး ဖြန့်ဝေပေးတာကြောင့် စာချတဲ့အချိန်ပိုလာလို့ စာဝါ(၃)လစောပြီး-ပြီးသွားတယ်။ ပိုတဲ့အချိန်တွေမှာ ကျမ်းရေးဖြစ်တော့ သာသနာတော်အတွက် ''အတ္ထယောဇနာ နယူပဒေသ ကျမ်း'' အမည်ရှိတဲ့ ကျမ်းတစ်စောင်ပေါ်လာတယ်။ **''ဒီကျမ်းကို ပိုင်ပိုင်နိုင်နိုင်ကြည့်ထားရင် ဓမ္မာစရိယ ကျမ်းရင်းသုံးကျမ်းရဲ့ ပထမနေ့တွေအတွက် အောင်မှတ် ရဖို့များစွာ အထောက်အကူပြုတယ်''** စာရေးသူက အမိန့်ရှိပါဘုရားဟု လျှောက်ထားသဖြင့် အထက်ပါ အတိုင်း ဆက်ခါဆက်ခါ မိန့်တော်မူပါသည်။

စာရေးသူ၏စိတ်ထဲတွင် ''ပျောက်သောသူအား ရှာတွေ့ငြား ကုသိုလ်ပွားလေပြီ'' ဟု အသိစိတ်ဖြစ်ရပါသည်။ သာသနာကျိုး ဘာသာတန်ခိုး မိသားစုကျိုးပွားတိုးစေတတ် အရှင်မြတ်သည် ရွှေရတုဓာတ်ကာလမြတ်မှ လိုတိုင်းရကာ ကျန်းမာသက်ရှည်ရာကျော်စေ၍ ဘေးရန်မတွေ့ ရွှင်လန်းမွေ့ကာ ဓုရန္ဒစ်ဖြာ သာသနာကို ရှည်ရှည်ကြာကြာ ပြုနိုင်ပါစေ တောင်းဆုဝေရင်း မော်လမြိုင်မှ ကြုံတွေ့စုကို ရေးပြုလိုက်ပါသည်။

■ ဦးဟန်နွယ်

♦ ♦ ♦

http://www.dhammadownload.com

နေမင်းလမင်းသိန်းရာထောင်



မြေလတ်မြတ်သူ

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ 'အနာဂတ်သာသနာလက်ံာဟောကိန်းကြီး' ကို မကြာခဏ ရွတ်ဆို ပူဇော်မိပါသည်။

"ဇမ္ဗူကျွန်းလုံး၊ ဖိန့်ဖိန့်မှုန်းအောင်၊ ဘုန်းတော်ဥာဏ်လက်၊ ဓမ္မစက်ဖြင့်၊ မိန့်မြွက်ဟောကြား၊ တရားစည်ကြီး ရိုက်ဆော်ဟီးသော်၊ ပြည်ကြီးပြည်ငယ်၊ အသွယ်သွယ်မှ၊ ရွေးဝယ်ကာလ၊ ဓိုက်မည်းကြလည်း၊ ဓမ္မမိစ္ဆာ၊ အဖြာဖြာကို၊ ပယ်ခွာစွန့်ပစ်၊ တရားသစ်၌၊ အစစ်အမှန်၊ လိုက်နာရန်ဟု၊ တစ်သံတည်းအော်၊ ကမ္ဘာပေါ်တွင်၊ ထင်ပေါ်များစွာ၊ ဘာသာမခြား၊ လူအများတို့၊ တရားကိုယ်စီ၊ တည်သောကာလ၊ သမယ၌၊ ဗမာ့ဌာနီ၊ တို့ တိုင်းပြည်ကား၊ မဟီတစ်သောင်း၊ တိုက်အပေါင်းက၊ ခညောင်းပူဇော် တရားတော်ကြောင့်၊ အမော်အမောက်၊ ထိပ်သို့ရောက်မည် မဝေးတည်း။ . . .။

ဤလက်ံာဟောကိန်းအရ ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်သည် ဤဇမ္ဗူဒီပါကျွန်းလုံးကမ္ဘာမြေပြင်တစ်ဆုံး ထွန်းလင်းလာမည့် နိမိတ်ထူးကြီးကို ကြည့်နူးဝမ်းမြောက်စွာ တွေးမြင်မိသည်၊ သာသနာကမ္ဘာပတ်မိရန်ဆိုသည်မှာ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ စသည့် သာသနာတော်သုံးရပ်လုံး စည်ပင်ထွန်းကားမှုဖြစ်မည်။ ဤသို့ စည်ပင်ထွန်းကားရေးမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် ကမ္ဘာနိုင်ငံငယ်ကြီးအသီးသီးတို့နှင့် အစဉ်မပြတ်ထိတွေ့နေဖို့လိုပါသည်။

ဗုဒ္ဓသာသနာ ကမ္ဘာနှင့်အဝှမ်းပျံ့နှံ့နိုင်ရေးအတွက် သာသနာ့အာဖာနည် အရှင်ကောင်း အရှင်မြတ်များ များသည်ထက် များစွာပိုမိုပေါ်ထွန်းကြရန် အမှန်လိုပေလိမ့်မည်. . . ။

ကမ္ဘာနှင့်ရင်ဘောင်တန်းနိုင်ရန်အတွက် ကမ္ဘာကို အမှောင်ခွင်းအလင်းဆောင်နိုင်ဖို့ မိမိတို့ မြန်မာနိုင်ငံတော်၏ ဗုဒ္ဓဘာသာအရှိန်အဝါသည်လည်း ဘာသာရေးဆိုင်ရာအပြင် အထွေထွေဗဟုသုတတို့နှင့် ဘာသာစကားမျိုးစုံဆိုင်ရာများအထိ အရှိန်အဟုန်တိုးမြင့်မှ အမျိုးမြင့် ဘာသာမြင့် သာသနာတော် ပိုမိုး၍ အသီးအပွင့်စုံနိုင်မည် ဖြစ်ပါသည်။

"ဗမာ့ဌာနီ၊ တို့တိုင်းပြည်ကား၊ မဟီတစ် သောင်း၊ တိုက်အပေါင်းက၊ ခညောင်းပူဇော်၊ တရား တော်ကြောင့်၊ အမော်အမောက်၊ ထိပ်သို့ရောက်မည် မဝေးတည်း"

ဟူသော ဩဝါဒနိမိတ်ထူးသည် အမှန်ဖြစ်မည့် အရေးကို သိမြင်ပြီး ဖြစ်တော်မူ၍သာလျှင် ရေးသားတော်မူခဲ့သည်ဟု ယုံကြည်ပါသည်။

အဘယ့်ကြောင့်ဆိုမူ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ ပညာမျှော်မြင်ဉာဏ်ကြီးမားတော်မူပုံကို "လူမိုက်ချီးမွမ်းဂုဏ်တော်နွမ်း" ဖြစ်မည်စိုး၍ အကျယ်တဝင့်မပြောကြားလိုပါ။ သို့သော် ဆရာတော်သည် မည်သည့်စကား၊ မည်သည့်စာကိုမျှကြောင်းကျိုးမဲ့

http://www.dhammadownload.com

မရေး၊မပြော၊မဟောသည်ကို လေ့လာသူ ပညာရှင်တိုင်းက လက်ခံယုံကြည်ကြပြီး ဖြစ်ကြပါလိမ့်မည်၊

ဤသို့ဆိုလျှင် ထိုလက်ာတော်ကြီး၏ ''တရားတော်ကြောင့် အမော်အမောက်၊ ထိပ်သို့ရောက်မည်၊ မဝေးတည်း...'' ဟူသော နောက်ဆုံးအပိုဒ်အရ၊ ထိပ်ဆုံးရောက်ရမည်မှာ ''တရားတော်ကြောင့်''ဟု အကြောင်းပြနိဒါန်းသည်လည်း အလွန်ကြီးမား ခိုင်ခံ့လှသဖြင့်.....။

''အမော်အမောက်၊ ထိပ်သို့ရောက်မည်''မှာ တရားတော်ကြောင့်... ဖြစ်နေခြင်းကြောင့် မိမိတို့ဘက်မှ ''အမော်အမောက် ထိပ်သို့ရောက်''နေရမည့် ဂုဏ်ရည်အဆင့်အတန်းနှင့်လည်း ပြည့်စုံခိုင်လုံပြီး ဖြစ်နေရမည်ဟု အဖြေကိုပါ တစ်ပါတည်းပေးထားသလိုသာ ဖြစ်နေပါသည်။

သို့ဖြစ်ခြင်းကြောင့် ...အမော်အမောက် ထိပ်သို့ရောက်ကိန်းဆိုက်အောင်မှာလည်း တင်ပြပြီးဖြစ်သော မြတ်ဗုဒ္ဓ၏ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟူသော သာသနာတော်ကြီးသုံးရပ်သည် နေအထောင် လအထောင် လင်းလက်နိုင်မှ ဖြစ်ပါမည်။

လက်ရှိခေတ်ကာလ သာသနာတော်ကြီး၏အနှိုက်သည်လည်း အားကောင်းလျက်ရှိနေပါသည်။ သာသနာ့အာဇာနည်အရှင်ကောင်း အရှင်မြတ်များ နှစ်စဉ်ပေါ်ထွန်းနေခြင်းကြောင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲကြီးများကို နိုင်ငံတော်မှ နှစ်စဉ် ပုဂ္ဂိုလ်၏ အရည်အချင်းအလိုက် ဖော်ထုတ်ပေးနေခြင်းဖြင့် သိသာပါသည်။

ဤ ဘွဲ့တံဆိပ်တော်ရ အာဇာနည်ပုဂ္ဂိုလ်ထူးများထဲတွင် ''အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ''ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသုစိတ္တာဘိဝံသဆရာတော်ကိုလည်း တွေ့ရှိကြည်ညိုရပါသည်။ အသက်တော် ၅၀-နှစ် သိက္ခာတော် (၃၀)ဝါဟု သိရသဖြင့် ဤအသက် ဤဝါမျှနှင့်ပင် ရရှိထားသော ပညာ၊ ဘွဲ့ထူးနှင့် ဘဝအတွေ့အကြုံတို့သည် အားရဖွယ်ကောင်းလှပါသည်။

''ငယ်စဉ်အခါပညာရှာ'' ''အစကောင်းအနှောင်းသေချာ'' ''ဆရာများ သားသေ''ဆိုသော စကားများသည် လွန်စွာအဓိပ္ပါယ်သက်ရောက်ပါသည်။ ပညာသင်စဖြစ်သောအရွယ်မှာ လိုလိုချင်ချင် ခုံမင်နှစ်သက်စိတ်ရှိထားခြင်းမျိုး အထူးလိုအပ်ပါသည်။ ဤသည်တွင် ပါရမီအခံပါလာရင်း စိတ်ဓါတ်နှင့် ယခုလက်ရှိဘဝ၏ ကြိုးပမ်းအားထုတ်မှုလုံလ ဝိရိယဓါတ်ကောင်းရှိရန် အလွန်အရေးကြီးပါသည်၊ ဆရာနှင့်မိဘတို့၏ အကူအပံ့အားပေးပဲ့ထိန်းမှုလည်း ထိုကာလ အလွန်အရေးကြီးလှ၏။ အတန်းငယ်၏, ကလေးကငယ်သေး၏-ဟု အစကထဲက တာထွက်မကောင်းခဲ့လျှင် အတန်းကြီး လူကြီးဘဝတွင် အခက်အခဲ အကြပ်အတည်းများနှင့် မုချတွေ့ရတတ်လေသည်။



ယခုလက်ရှိအချိန်ကာလ၌ ဤမျှအောင်မြင်နေမှုကို လေ့လာရာ ကောင်းကင်မှ မီးပုံးကိုတွေ့ရလျှင် တောင်ခြေမှာ မီးပုံရှိသည်ကို ခန့်မှန်းမှုမှန်သကဲ့သို့ဖြစ်ရာ ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ သာမဏေဘဝနှင့် ရဟန်းဖြစ်စ ဘဝများတွင် မိမိ၏ မွေးရင်ဖာတိုဖြစ်သော ရခိုင်ပြည်နယ် မြေပုံမြို့နယ် သရက်တောင်ရွာ ဆရာတော် ဘဒ္ဒန္တသုန္ဒရ အထံတော်နှင့် စစ်တွေမြို့ သဒ္ဓမ္မဂရုကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဂရုဝံသ၊ ဘဒ္ဒန္တပဏ္ဍိတ၊ ဘဒ္ဒန္တဝိသုဒ္ဓဟူသော ဆရာကောင်းများအထံမှာ အခြေပါဒတာထွက်ကတည်းက ဆရာကောင်းတပည့် ပန်းကောင်းပန်၍ အောင်လံထူခဲ့ရလေသည်။

အဆောက်အဦကြီးမား၍ ခပ်မြင့်မြင့်ဆောက်ချင်လေလေ အခြေခံအုတ်မြစ်ကို နက်နက်ကျယ်ကျယ် တူးရလျက် ခိုင်မာစွာ တောင့်တင်းအားကောင်းအောင် တည်ဆောက်ရလေဖြစ်ပါသည်။

သို့ဖြစ်၍ သာမဏေဘဝအစ တာထွက်ကောင်းခြင်းသည် စာသင်သားရဟန်းဘဝအထက်တန်းကျမျက်နှာပန်းလှရန်ဖြစ်လျက် ထိုရဟန်းဘဝမျက်နှာပန်းလှခြင်းမကလှအောင် တန်ဆာဆင်နိုင်ခြင်းသည် ဆရာတော်

http://www.dhammadownload.com

ကြီးဘဝ အထက်တန်းကျကျနှင့် ပိုင်နိုင်အောင် သာသနာနှင့် လောကအကျိုးကို အားအင်အပြည့်ဖြင့် ဆောင်ရွက်နိုင်ရန် ဖြစ်ရလေသည်။

သို့ဖြစ်၍ မန္တလေးမြို့တက်ပြီး ပညာသင်သောအခါမှာလည်း အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဇနကာဘိဝံသ၊ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသကဲ့သို့ အကျော်အမော်ဆရာတော်ကြီးများထံတော်မှာ ဆည်းကပ်ခွင့် ပညာရည်နှီးသောက်စိမ့်ခွင့် ရရှိလေသည်။ အားအင်ပြည့်ဝသော ပညာအာဟာရနှင့်ကို ဤသို့ သောက်စိမ့်နိုင်ခြင်းဖြင့် ရရှိသည့် အကျိုး အာနိသင်သည် တစ်ဘဝစာမျှမက ပါရမီဓာတ်ခံကြီးရင့်သူတို့အဖို့ တစ်သံသရာလုံး အကျိုးပေးနိုင်လေသည်။

ထို ကျက်နှတ်သင်ယူထားသော စာပေတို့ သည် သာမန်လောကီစာမဟုတ်ဘဲ လောကုတ္တရာ အထွဋ်အမြတ် နိဗ္ဗာနဓါတ်ထူးကြီးတည်ရှိရာ စာပေဖြစ်နေသောကြောင့် ဖြစ်ပါသည်။

မန္တလေးမြို့ မစိုးရိမ်တိုက်သည် ဓမ္မစာပေပိဋကတ်တိုက်ကြီးသဖွယ် ပြည့်စုံလှသည်ဖြစ်၍ ဘဒ္ဒန္တသုစိတ္တာဘိဝံသဖို့ အချိုပေါ်သကာလောင်း၊ မြရာသံပတ်ဆိုသကဲ့သို့ ထို မစိုးရိမ်တိုက်သစ် မဟာနာယက ဘဒ္ဒန္တသီရိန္ဒာဘိဝံသ၊ ဘဒ္ဒန္တရာဇမ္မာဘိဝံသနှင့် မစိုးရိမ်တိုက်ဟောင်း နာယကဆရာတော်ကြီးများ ဖြစ်တော်မူကြသည့် ဘဒ္ဒန္တကောဝိဒါဘိဝံသ၊ ဘဒ္ဒန္တဇယဒီသာဘိဝံသ တို့ထံတော်မှာလည်းကောင်း၊ ဘုရားကြီးတိုက် စာချဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တသြဘာသာဘိဝံသ၊ ဘဒ္ဒန္တပဏ္ဍိတဉာဏာဘိဝံသ၊ ပေါက်မြိုင် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ၊ စသည့် အဆီသြဇာအနှစ်သာရ ပရိယတ္တိဓမ္မတို့ဖြင့် ပြည့်စုံတော်မူသော ဆရာကောင်းအရှင်မြတ်များထံမှာ ပညာသင်ကြားခွင့်နှင့် ဆုံးမသြဝါဒခံယူခွင့် စသည့် အခွင့်ထူးကောင်းများကို သင်ယူမှီခဲ့ရသည့် ကုသိုလ်သည် အလွန် ကြီးလှပေ သည်။

အရှင်မြတ်သည် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မသီတဂူဌပင် နာယကစာချအဖြစ် သီတင်းသုံးတော်မူလျက် ငယ် လတ် ကြီး ဓမ္မာစရိယတန်းနှင့် သက္ကသီဟစာသင်တန်း၊ စာချတန်းဆိုင်ရာ ကျမ်းစာများကို နှစ်ပေါင်း ၃၀ တိုင်တိုင် ပို့ချတော်မူနိုင်ခြင်းသည် မိမိသင်ယူရရှိပြီးဖြစ်သော ပညာကို လက်တွေ့ပြန်လည် သင်ကြားပို့ချခြင်းဖြင့် မိမိကဲ့သို့ တပည့်ကောင်းများ ပြန်လည်မွေးထုတ်နိုင်ခြင်းဟု ဆိုနိုင်ပါသည်။ ဤသည်မှာလည်း မြင့်မြတ်သော စေတနာရှင် ရှေးသာသနာပြု ဆရာတော်ကြီးများ၏ အစဉ်အလာကောင်းနှင့် သာသနာတော်အား ပြုစုပျိုးထောင်နိုင်ခြင်းတို့ ဖြစ်ပါသည်။

''ဗုဒ္ဓအဆုံးအမအားလုံးတို့သည်
ဗဟုသုတရရုံမဟုတ်ဘဲ လက်တွေ့ကျင့်ရန်နှင့်
အကျိုးရှိအောင် အသုံးချရန် ဖြစ်သည်။
ဟူသော အဆိုနှင့် အံဝင်ဂွင်ကျဖြစ်နေပါသည်။

ဤဆောင်းပါး၏အစတွင် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ အနာဂတ်သာသနာ လင်္ကာဟောကိန်းကြီးအရ ဗုဒ္ဓမြတ်စွာ သာသနာကမ္ဘာပတ်ရန် ကမ္ဘာသို့ခြေချနိုင်လောက်သည့် အသိပညာ၊ အတတ်ပညာ၊ ကမ္ဘာသုတ၊ ကမ္ဘာသမိုင်း၊ ကမ္ဘာပထဝီကအစ သုတအဖြာဖြာတို့သည် အနည်းနှင့်အများ ရောက်ဖူး ကြုံဖူးကိုယ်တွေ့ရှိကြရမည်။ ဤသို့ အာဇာနည်အရှင်ကောင်းအရှင်မြတ်တို့များစွာ ပေါ်ထွန်းခြင်းအစဉ်အဆက်မပြတ် အရှိန်အဟုန်ပိုမိုမြင့်မားလာလျက်ရှိရပါမည်။

မြန်မာနိုင်ငံသည် ကမ္ဘာတွင် ဗုဒ္ဓသာသနာတော်အပွင့်ထွန်းဆုံးနိုင်ငံဖြစ်သည့်အလျောက် ဤသာသနာတော်ကြီး ကမ္ဘာခရီးသို့ စီးဝင်ရှင်သန်ရေးသည် ဘဒ္ဒန္တသုစိတ္တာဘိဝံသကဲ့သို့ အရွယ်၏ကောင်းခြင်း၊ သဒ္ဓါပညာ၏ ထက်သန်မြဲမြံခြင်း၊ ကျန်းမာသန်စွမ်းခြင်း၊ ရည်ရွယ်ချက်မြင့်မြတ်ခိုင်မြဲခြင်း စသည့် စိတ်စေတနာဖြူစင်အင်အား ကောင်းလှသည့် အရှင်ကောင်း အရှင်မြတ်များစွာပေါ်ထွန်းသည်ထက် ထပ်မံပေါ်ထွန်းလာနိုင်ခြင်းဖြင့် သာသနာတော်၏ အနာဂတ်အတွက် များစွာအားရဖွယ် ကောင်းလှပေ၏။ ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ ''ဗမာ့ဌာနီ၊ တို့တိုင်းပြည်ကား၊ မဟီတစ်သောင်း၊ တိုက်အပေါင်းက၊ ခညောင်းပူဖော်၊ တရားတော်ကြောင့်၊ အမော်အမောက်၊ ထိပ်သို့ရောက်မည်၊ မဝေးတည်း'' ဟူသော အနာဂါတ်သာသနာလင်္ကာဟောကိန်းကြီးနှင့်အတူ ပူဇော်ကန်တော့ရပါကြောင်း။

■ မြေလတ်မြတ်သူ

♦ ♦ ♦

http://www.dhammadownload.com



အစဉ်အလာကောင်းသော မော်လမြိုင်မြို့၏

သာသနာ့သမိုင်းကြောင်း

ရွှေမြိုင်တင့်တယ်

မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်မြို့၏ အတိတ်သာသနာ့သမိုင်းကို ပြန်လှန်၍ကြည့်လျှင် ယခုမကျီးတောရွှေကျောင်း၌ သင်္ဃာဆရာတော်ကြီး၊ ရတနာ ဘုံမြင့်ကျောင်း၌ ဝဇီရာရာမဆရာတော်ကြီး၊ ရွှေတောင်ကျောင်း၌ ကျီးသဲလေးထပ်ဆရာတော်ကြီး၊ အာဒိကမ္မိက ပထမကျော်ရတနာဘုံပျံဆရာတော်ကြီး၊ သက္ကဋ္ဌအဘိဓာန်ကျမ်းများစွာကို ပြုစုခဲ့သော ပရိယတ္တိသဒ္ဓမ္မပါလအသင်း ကြီးကို စတင်တည်ထောင်သူ တောင်ပေါက်ကျောင်းဆရာတော်ကြီး၊ ကျော်လေးကျော် အဂ္ဂါဘိဓေနှစ်ဘွဲ့ရ ကျမ်းပြုအကျော်တောင်လေးလုံး ဆရာတော်ကြီး၊ ကြံခင်းကျောင်း၌ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက သာမည ဆရာတော်ကြီးအစရှိသော ဆရာတော်ကြီးများ ခေတ်အဆက်ဆက် ကြွရောက် သီတင်းသုံးတော်မူခဲ့ကြဖူး သည်ကို တွေ့ရပါမည်။ စာရေးသူတို့ခေတ်တွင် နေလ နှစ်ပါးကဲ့သို့ ကျော်ကြားတော်မူလှသော ဆရာတော် နှစ်ပါးပေါ်ထွက်လာခဲ့ပါသည်။ ထိုနှစ်ပါးမှာ အဂ္ဂါဘိဓေ နှစ်ဘွဲ့ရ တိပိဋကရွေးချယ်ရေးအဖွဲ့ကြီး၏ဩဝါဒါစရိယ ဥက္ကဋ္ဌ ဝဲပျံကျောင်း ဆရာတော်ကြီးနှင့် အဂ္ဂမဟာပဏ္ဍိတ ကော့လှာကျောင်းဆရာတော်ပင် ဖြစ်ပါသည်။

http://www.dhammadownload.com



ရွှေရတုအရှင် ဓမ္မစရိယသင်တန်းကျောင်း သာသနာ့ဗဟန်းအောင် ဝဲပျံကျောင်းတိုက်(၁၉၇၁-၁၉၇၃)

ရှေးအစဉ်အဆက် ဘူမိနက်သန်မှန်လှသည့် မော်လမြိုင်မြို့ သာသနာ့မာန်အောင် ဝဲပျံကျောင်းဆရာတော်ဘုရား၏ ဘုန်းကံရိပ်ကို ခိုလှုံ၍ မေတ္တာနှင့် သြဝါဒခံယူခါ ဝါကျဥယျာဉ်ကျမ်းများ ရေးသားပြုစုဖို့ မစိုးရိမ်နာယကဆရာတော် ဦးသုစိတ္တာဘိဝံသ ရောက်ရှိလာခဲ့ပါသည်။ ရွှေရတုအရှင် ဘဒ္ဒန္တသုစိတ္တာဘိဝံသသည် ဝဲပျံဆရာတော်ကြီးနှင့်အတူ တောင်လေးလုံးဆရာတော်ကြီးကို သွားရောက်ကန်တော့ခဲ့ပါသည်။ ဝဲပျံဆရာတော်ကြီးကပင် ဦးသုစိတ္တာဘိဝံသနှင့် တောင်လေးလုံးဆရာတော်ကြီးကို မိတ်ဆက်ပေးပါသည်။ ထိုအခါ တောင်လေးလုံးဆရာတော်ကြီးက ''ဦးသုစိတ္တ တပည့်တော်ကို သက္ကသီဟစာမေးပွဲအောင်မြင်ပြီးသည့် နောက် မစိုးရိမ်ပထမအဂ္ဂါဘိဝံဆရာတော်ဘုရားကြီးက တောင်လေးလုံးကျောင်းမှာ သီတင်းသုံးစေပြီး စာချကျမ်းပြုတာဝန်ပေးခဲ့တယ်၊ တပည့်တော် စာချရင်း ကျမ်းပြုခဲ့တာ ကျမ်းပေါင်းမြောက်များစွာပေါ်ထွက်ခဲ့ပါတယ်။ အခုအသက်အရွယ်ကလည်း (၉၀)နား နီးလာပြီ၊ ဇရာဒုဗ္ဗလအိုမင်းမစွမ်းချိန်ရောက်လာပြီ။ ဦးသုစိတ္တတို့လို လူငယ်ပညာတတ်ဆရာတော်လေးတွေက အစဉ်အလာကောင်းကို ထိန်းပြီး မွန်ပြည်နယ် သာသနာကို မြှင့်တင်ပေးပါ''ဟု သြဝါဒစကား မိန့်ကြားခဲ့ပါသည်။

ရွှေရတုအရှင်သည် မေတ္တာစေတနာကရုဏာဓာတ် ကြီးမားလှသည့် ဆရာတော်ကြီး (၂)ပါးတို့၏ ဖေးမစောင့်ရှောက်ကူညီမှုဖြင့် ဝါကျဥယျာဉ်ကျမ်းများ အောင်မြင်စွာရေးသားနိုင်ခဲ့သလို မော်လမြိုင်မြို့၌ လိုအပ်နေသည့် ဓမ္မာစရိယဆိုင်ရာစာဝါများ ပို့ချနိုင်ခဲ့၏။ စာရေးသူတို့၏ ယခု အောင်မြင်မှုများမှာ ရွှေရတုအရှင် ပေးခဲ့သော ပညာရပ်များ၏ ကျေးဇူးများကြောင့်ပင် ဖြစ်ပေ၏။ ဓမ္မာစရိယကျမ်းပြီးတပည့်များစွာ မော်လမြိုင် စာဖြေဌာနမှ ပေါ်ထွက်လာနိုင်ခဲ့၏။ ဤနည်းဖြင့် မော်လမြိုင်သာသနာ၏ ရေသောက်မြစ် ပြန်လည်ရှင်သန်ခွင့် ရလာခဲ့ပါသည်။

ရွှေရတုအရှင်သည် မန္တလေးမြို့မစိုးရိမ်တိုက်သစ်မှာ နာယကစာချတာဝန်ကလွဲ၍ တရားဟော၊ တရားပြတာဝန် မလုပ်ဖူးခဲ့ပေ။ ဝဲပျံကျောင်းရောက်မှပင် ဝဲပျံဆရာတော်ကြီး၏ သြဝါဒအတိုင်း ဦးဖိန၊ ဦးခန္တီ၊ ကျိုက်သလ္လံ၊ မဟာမြတ်မုနိစသော ဘုရားများတွင် နေ့ညတရားပွဲများ၊ မော်လမြိုင်မြို့တွင်း၊ မြို့ပတရားပွဲများကို ဝဲပျံဆရာတော်ကြီးကိုယ်စား ဟောကြားခဲ့ရ၏။ မော်လမြိုင်သာသနာဝယ် ထင်ရှားကျော်ကြားလှသော တောင်လေးလုံးဆရာတော်၏ အန္တိမအဂ္ဂိစျာပနပွဲကြီး၌ သာသနာ့ဗိမာန်တွင် 'စုန္ဒ'သုတ္တန်ကို ဟောကြားတော်မူခဲ့ပါသည်။ ဤသို့ဖြင့် ရွှေရတုအရှင်သည် မော်လမြိုင်မြို့မှ စတင်၍ ဓမ္မကထိက ဖြစ်လာခဲ့ပါသည်။ ရွှေရတုအရှင်၏ဘဝကို ဓမ္မကထိကဖြစ်အောင် အဓိကပံ့ပိုးကူညီပေးသူမှာ ဝဲပျံဆရာတော်ကြီးပင် ဖြစ်ပါပေ၏။

ရွှေရတုအရှင်သည် ဝါကျဥယျာဉ်ကျမ်းများ ရေးသားပြုစုပြီးသောအခါ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်သို့ ပြန်လည်ကြွရောက်ခဲ့ပါသည်။ မော်လမြိုင်မြို့၏ ဓမ္မာစရိယစာဝါအခက်အခဲကို ကော့လှာဆရာတော်ကြီးက ဓမ္မောဇာလယဓမ္မာစရိယသင်တန်းကျောင်းအတွင်း စာချဆရာတော်များ ပင့်ဖိတ်၍ စာသင်သားများကို ဓမ္မာစရိယစာဝါများ ပို့ချစေခဲ့ပါသည်။ မော်လမြိုင်မြို့၌ ရွှေရတုအရှင် စိုက်ပျိုးသော ပရိယတ္တိသစ်ပင်မှာ ယခုအခါ စိမ်းစိုစည်ပင်နေပါပေပြီ။

အဂ္ဂါဘိဓေနှစ်ဘွဲ့စီရ တောင်လေးလုံး ဆရာတော်ဘုရားကြီးနှင့် ဝဲပျံဆရာတော်ကြီး၊ အဂ္ဂမဟာပဏ္ဍိတကော့လှာဆရာတော်တို့၏ အစဉ်အလာကောင်းကြောင့် မော်လမြိုင်သာသနာဝယ် ရွှေရတုအရှင်၏ အခန်းကဏ္ဍတစ်ထောင့်တစ်နေရာမှ ပါဝင်လာခြင်းဖြစ်ပါသည်။ ရွှေရတုအရှင် ဆရာသခင်၏ထုံးကို နှလုံးမူလျက် အစဉ်အလာကောင်းသော မော်လမြိုင်မြို့၏ သာသနာ့သမိုင်းကြောင်းကို ပိုမိုထွန်းတောက်အောင် စာချ၊ ကျမ်းပြု၊ တရားဟော၊ တရားပြ သာသနာ့အလုပ်လုပ်ရင်း ဆရာ့ဂုဏ်ကျေးဇူးများကို အစဉ်ထာဝရ အောက်မေ့ကာ တပည့် ပူဇော်လိုက်ပါပေတော့သည်။

■ ရွှေမြိုင်တင့်တယ်

♦ ♦ ♦

http://www.dhammadownload.com



ပဏ္ဏိတမှ ပဏ္ဏိတသို့

အရှင်ပဏ္ဍိတ (ရကၡမြာရုံး)

လူဘဝတွင် နေ့ရက်ပေါင်း နှစ်သောင်းကျော်လောက် နေရသူတို့သည် အလွန်ကံကောင်းသူများဖြစ်ကြသည်။ ထိုနှစ်သောင်းသော နေ့ရက်ကို နေ့-ည ခွဲလိုက်လျှင် နေ့အတွက် တစ်သောင်းကျော်သာရမည်။ ကျန်အချိန်များမှာ ညအတွက်အိပ်နေသော အချိန်များအဖြစ် သတ်မှတ်ရမည်။ နေ့တစ်သောင်းကျော်တွင် ထမင်းစား၊ ရေသောက်၊ ရေချိုးစသော ဗာဟိရအလုပ်အတွက် ရက်ပေါင်းမည်မျှလျော့သွားမည်။ အနားယူသောအချိန်၊ တွေဝေနေသောအချိန်၊ အဓိပ္ပါယ်မဲ့သော အလုပ်ဖြင့် ဖြုန်းတီးခဲ့သော အချိန်တို့အတွက် နေ့ရက်မည်မျှ လျော့သွားမည်တို့ကို စဉ်းစားကြည့်ပါက လူဘဝတွင် အကျိုးရှိရှိ အဓိပ္ပာယ်ရှိရှိနေထိုင်သွားရသော အချိန်နေ့ရက်တို့မှာ အနည်းငယ်မျှသာ ကျန်တော့သည်။

အသက် (၅၀)ရှိသူတစ်ဦးအဖို့ သူသည် ရက်ပေါင်းမည်မျှကို ကျော်လွန်လာပြီနည်း။ နောက်ထပ် သူ့အတွက် ရက်ပေါင်း (သေချာသောနေ့ရက်များ) မည်မျှ ရှိဦးမည်နည်း။ (၅)နှစ်လော၊ (၁၀)နှစ်လော၊ (၅၀)နှစ်လော နောက်ထပ် နေရမည့်ရက်ပေါင်း (၁၈၂၅၀)ရက်ကို ပိုင်ဆိုင်နိုင်ပါဦးမည်လော။

မည်သို့ပင်ရှိစေ ယခုအချိန်ထိတော့ မိမိအသက်ရှင်နေသည်မှာ သေချာနေပြီဖြစ်သည်။ လောကသဘာဝအရ တစ်ဖက်ကတိုးလာလျှင် တစ်ဖက်ကနည်းမည် လျော့မည်၊ အသက်ကြီးလာသလို နေရမည့် ရက်ကလည်း ယုတ်လျော့သွားရသည်။ အတိတ်ဖြစ်သွားမည့် အနာဂတ် နေ့ရက်များကို မည်သူမျှ မပိုင်ချေ။

ထိုအတောအတွင်း မိမိကိုယ်ကို မိမိကိုယ်တိုင် ဆန်းစစ်ကြည့်ရလျှင် မိမိဘဝသံသရာအတွက် ဘာတွေလုပ်ပြီးပြီလဲ၊ ဘာတွေလုပ်ရဦးမလဲ၊ သူတစ်ပါးအတွက် ဘာတွေလုပ်ပေးခဲ့သလဲ၊ နောက်ထပ် ဘာတွေလုပ်ရဦးမလဲ စသော အမေးတို့အတွက် အဖြေထုတ်သင့်ချိန် ဖြစ်သည်။

မိမိအတွက်လည်း ဘာမှမလုပ် သူတစ်ပါးအတွက်လည်း ဘာမှမလုပ်သူဆိုပါလျှင် မိမိကိုယ်ကို မိမိကျေနပ်နိုင်ပါမည်လော။ စဉ်းစားဆင်ခြင်တတ်သူ တစ်ဦးအဖို့ စဉ်းစားဖို့လိုပေမည်။ ပညာရှိသူတော်ကောင်းတို့သည် မိမိအတွက်ရော သူတစ်ပါးအတွက်ပါ ကောင်းကျိုးဖြစ်အောင် ပြုလုပ်လေ့ရှိကြပါသည်။ ထို့ကြောင့် ထိုပုဂ္ဂိလ်မျိုးကို လူတော်လူကောင်းဟု တင်စား၍ ခေါ်ဝေါ်သုံးနှုန်းကြပါသည်။ ပါဠိဝေါဟာရဖြင့် ပြောရလျှင် 'ပဏ္ဍိတ'ဟု ခေါ်ပါသည်။

ထိုပဏ္ဍိတ-ဟူသောစကားကို 'ပညာရှိ'ဟု မြန်မာပြန်ကြသည်။ သို့သော် အချို့ဇာတ်တော် နိပါတ်တော် ပါဠိစာပေထဲမှ 'ပဏ္ဍိတ'ဟူသောပုဒ်သည် ပညာရှိရုံကိုသာ ညွှန်ပြခြင်းမဟုတ်ဘဲ 'အကြောင်းအကျိုးကို ခွဲခြားသိမြင်ပြီး အများအကျိုးကို သယ်ပိုးရွက်ဆောင်နိုင်သူ'အထိ ညွှန်ပြပါသည်။ ထို့ကြောင့် ဇာတ်နိပါတ်တော်ထဲမှ 'ပဏ္ဍိတ'ဟူသော ပုဒ်သည် 'ပညာရှိသူတော်ကောင်းပုဂ္ဂိုလ်'ကို ရည်ရွယ်သော ပါဠိဝေါဟာရပုဒ်ဖြစ်သည်။

စင်စစ် 'ပဏ္ဍိတ'ဟူသော ပုဒ်၏အဓိပ္ပါယ်မှာ ကိုယ်ကျိုးကိုမငဲ့ဘဲ အနစ်နာခံပြီး အများအကျိုးကို မိမိပညာစွမ်းရည်ဖြင့် သယ်ပိုးသူကိုသာ'ပဏ္ဍိတ'ပညာရှိသူတော်ကောင်းဟုဆိုသည်။ ထိုအဓိပ္ပာယ်သည်သာ 'ပဏ္ဍိတ' ပုဒ်၏ ပြည့်စုံလုံလောက်သော အဓိပ္ပါယ် ဖြစ်သည်။

http://www.dhammadownload.com

ဤသဘောကို ဇာတ်ပါဠိတော်လောကနီတိ (ပဏ္ဏိတကဏ္ဍ)မှ ပဏ္ဍိတ၊ ပဏ္ဍိတော၊ ပဏ္ဍိတံ၊ ပဏ္ဍိတေန–စသော ပါဠိဝေါဟာရ စကားလုံးတို့က ဖော်ညွှန်းနေပါသည်။

မှန်ပါသည်။ ဂေါတမဘုရားအလောင်းတော်ကြီးသည် ပါရမီဖြည့်ကျင့်စဉ်က 'ပဏ္ဍိတ'ဟူသောစကားဖြင့် ချီးမွမ်းခံရသည်မှာ မဟောသဓာဘဝနှင့် ဝိဓူရဘဝတွင်သာ 'ပဏ္ဍိတ'ဘွဲ့ကို ရရှိခဲ့ပေသည်။ အခြားသောဘဝတို့၌ ပညာရှိဖြစ်ခဲ့သော်လည်း ထိုမဟောသဓာနှင့် ဝိဓူရဘဝ ဤနှစ်ဘဝမှာသာ ပဏ္ဍိတအဖြစ် ထင်ရှားခဲ့ပါသည်။

အလောင်းတော်သည် မဟော်သဓာသုခမိန်ဘဝတွင် မိမိကောင်းစားရေးအတွက် အားမထုတ်ခဲ့ပေ။ မိမိပညာ၏စွမ်းရည်ဖြင့် အများကောင်းစားရေး၊ အများချမ်းသာရေး၊ အများ လွတ်မြောက်ရေးတို့ကိုသာ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

မဟောသဓာသုခမိန်သည် အများချမ်းသာရေးအတွက် အနစ်နာခံခဲ့သည်။ ကုန်ကုန်ပြောရလျှင် မိမိကို ဒုက္ခပေးနေသော သိန်း,ဒေဝိန်း,ကာမိန်း,ပကုတ်–ဟူသော အမတ်တို့၏အကျိုးကိုပင် ဆောင်ရွက်ခဲ့ပေသည်။

ထို့အတူ ဝိဓူရသုခမိန်သည်လည်း မိမိကိုယ်ကို ဆင်းရဲဒုက္ခခံပြီး အများအတွက် မငြိုးမငြူအစွမ်းကုန်ဆောင်ရွက်ခဲ့သူဖြစ်သည်။ ထို့ကြောင့် 'ပဏ္ဍိတ'အမည်ရရှိခဲ့သော ဘုရားလောင်းပညာရှိသူတော်ကောင်းတို့ သည် အတ္တအကျိုးထက် ပရအကျိုးကို ဦးစားပေး ဆောင်ရွက်လေ့ရှိပါသည်။

ပရအလုပ်ကိုဦးစားပေးသူ၊ပရအလုပ်ကို အလေးထားသူ၊ ပရအလုပ်ကို ဝါသနာပါသူတို့ကို လောကကြီးကလည်း လေးစားပါသည်။ ၎င်းတို့ အလုပ်လုပ်လျှင်လည်း ကူညီပံ့ပိုးသူတို့ အလိုလိုပေါ်ပေါက် လာတတ်သည်။

လောကတွင် မေတ္တာစေတနာတို့ကို အနစ်နာနှင့် တိုင်းတာသလို လူတော်လူကောင်းကိုလည်း ပရဟိတနှင့် တိုင်းတာရသည်။ ပညာတတ်လျှင် လူတော် ဖြစ်သည်။ ကိုယ်ကျင့်တရားရှိလျှင် သူတော်ကောင်း ဖြစ်သည်။ ထို့ကြောင့် ဆရာတော်ဘဒ္ဒန္တသုစိတ္တာဘိဝံသ သည်လည်း အထက်ပါအဂိုရဝ်များနှင့်ပြည့်စုံသောကြောင့် ပညာရှိပဏ္ဍိတပင်ဖြစ်သည်။ ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသသည် တပည့်များအပေါ် လူတော်ဖြစ်အောင်လည်း ကြိုးစားဖို့အားပေးသည်။ သူတော်ကောင်း ဖြစ်အောင်လည်း နည်းလမ်းပေးပါသည်။ လူတော်ဖြစ်ရန် လိုအပ်သလို သူတော်ကောင်းဖြစ်ရန်လည်း အရေးကြီးပါသည်။

ထိုသို့သော သဘောတရားနှင့် ပြည့်စုံသူကို သာပညာရှိသူတော်ကောင်း 'ပဏ္ဍိတ'ဟု ခေါ်ပါသည်။ ပုဂ္ဂိုလ်တိုင်းသည် မိမိ၏ဘဝသမိုင်းကို မိမိတို့ကပင် ရေးနေကြသည်။ သက်ရှိသတ္တဝါတိုင်းသည် သေကြရမည်ဖြစ်သည်။ သေသည်နှင့်တပြိုင်နက် ထိုသူအတွက် ဘာမှမကျန်တော့ပေ။ ကျန်ရှိသောအရာမှာ ထိုသူ၏ ကောင်းသတင်းနှင့် ဆိုးသတင်းဟူသော ဘဝသမိုင်းသာ ဖြစ်သည်။

ဆရာတော်သည် မိမိမှာရှိသော ပညာဗဟုသုတများကို ဖယောင်းတိုင်တစ်တိုင်မှ တစ်တိုင်သို့ မီးပွားကူးပေးသလို တခြားသူတို့အား ပညာဆီမီးပွားပေးနေသူဖြစ်ပါသည်။ ဓမ္မာစရိယတက္ကသိုလ်ကျောင်းတိုက်ကြီးကို ဖွင့်လှစ်တည်ထောင်ကာ သာသနာ့အာဇာနည် ပုဂ္ဂိုလ်များကို မွေးထုတ်ပေးလျက် သာသနာ့တာဝန်ကို အားကျိုးမာန်တက် ဆောင်ရွက်လျက်ရှိသည်။ ဆရာတော်သည် နောက်သာသနာ့မျိုးဆက်သစ် စာသင်သားငယ်များအား 'ပဏ္ဍိတ–အများအကျိုးကို သယ်ပိုးသူ' ပရဟိတအမွေကို ပေးနေသူလည်း ဖြစ်ပါသည်။

ဆရာတော်သည် မိမိတွင်ရှိသော ဓမ္မစွမ်းအားတို့ဖြင့် အများအကျိုးကို ရွက်ဆောင်နေသူ ဖြစ်သည်။ သာသနာတော်အတွက် မိမိတတ်နိုင်သည့်နေရာမှနေ၍ သာသနာ့အကျိုးကို သယ်ပိုးနေသူဖြစ်ပါသည်။


ဆရာတော်သည် ယနေ့မျိုးဆက်သစ် သောတဇနငယ်တို့၏ မီးရှူးတန်ဆောင်သဖွယ်ဖြစ်ပြီး အားထားရာ ဆရာကောင်း ပညာရှိ–ပဏ္ဍိတတစ်ဦးလည်း ဖြစ်ပါသည်။

ထိုသို့သော သာသနာအကျိုးတို့ကို ဆောင်ရွက်တော်မူလာသော ဆရာတော်သည် ယခုအခါ နှစ်ငါးဆယ်ရွေ့ရတုတိုင်ခဲ့ပါပြီ။ ဤရွေ့ရတုမှသည် ရာပြည့်ရာကျော်အထိ ဘာသာ – သာသနာတာဝန်ကို ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်နိုင်ပါစေဟု 'အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ'ဘွဲ့ရရှိထားသော ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ=ပဏ္ဍိတ–အား စာရေးသူ တပည့် ပဏ္ဍိတ (သာသနဟိတဆရာတော်)မှ ဆန္ဒပတ္ထနာပြုလိုက်ရပါသတည်း။

အရှင်ပဏ္ဍိတ (ရက္ခမြာရိုး)

♦ ♦ ♦

http://www.dhammadownload.com



သာသနာ့ ကျက်သရေဆောင်



မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တို့၌ ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာတို့ မပျောက်ပျက်ရအောင် အားသွန်ခွန်စိုက် ကြိုးစားအားထုတ်နေကြပါသည်။ ထိုသို့အားထုတ်နေခြင်းသည် သာသနာတော်ကြီးအား စောင့်ရှောက်ချီးမြှောက်နေခြင်းပင် ဖြစ်သည်။ သာသနာတော်ကြီးအား စောင့်ရှောက်ချီးမြှောက်ဖို့ရန် မည်သူတို့မှာ တာဝန်ရှိပါသနည်း။

သာသနာတော်နှင့် ကြုံခိုက်တွင် ပရိယတ္တိသမားကလည်း ပရိယတ်အလျောက်၊ ပဋိပတ္တိသမားကလည်း ပဋိပတ်အလျောက် ကြိုးစားအားထုတ်ကြရပါမည်။ စောင့်ရှောက်ချီးမြှောက်ကြပါမည်။

ပရိယတ်သမားက ငါ စာတတ်သည်၊ ငါ့မှာ ဘွဲ့ထူးဂုဏ်ထူးရှိသည်ဟု မာန်ဝင်လျှင် သံသာရဝဋ္ဋဒုက္ခ တောမောစနတ္ထာယ–ဟူသော ရဟန်းဝတ်လာရခြင်း၏ ဦးတည်ချက်မှ တိမ်းချော်သွားရပေမည်။ မိမိတတ်သိထားသော ပညာ၊ မိမိရရှိထားသော ဘွဲ့ထူး,ဂုဏ်ထူးတို့သည် သာသနာအတွက်သာ ဖြစ်ရပါမည်။ ထိုပညာထိုဘွဲ့ထူး,ဂုဏ်ထူးတို့ကိုလည်း သာသနာအတွက်သာ အသုံးချသင့်ပါသည်။

ပဋိပတ္တိသမားကလည်း ငါ အဟောအပြောကောင်းသည်၊ ငါ့မှာ ဒကာ၊ ဒကာမ အင်အားကောင်းသည်၊ ငါတို့ရိပ်သာက အင်အားတောင့်တင်းသည် စသဖြင့် အတ္တ,မာနဝင်လာလျှင် မိမိရဟန်းပြုလာရခြင်း၏ မူလရည်ရွယ်ချက်နှင့် ကိုက်ညီတော့မည်မဟုတ်ပေ။

ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး၏ အဓိကရည်ရွယ်ချက် ပန်းတိုင်မှာ ဝဋ်(ဒုက္ခ)ဝဋ်ဆင်းရဲမှ ထွက်မြောက်ရန်ပင်ဖြစ်သည်။ ဘုရားသားတော်အမည်ခံ သူတို့သည် ဝဋ်ဆင်းရဲတိုးပွားကြောင်းကို မပြုလုပ်ကောင်း။ ထို့ကြောင့် ပရိယတ်သမားတို့ကလည်း မိမိအတိုင်းအတာဖြင့် ပရိယတ်ကို ကြိုးစားအားထုတ်ရပေသည်။

ပရိယတ်သမားတို့သည် ပရိယတ်ကို ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ယူပြီး ထိုပရိယတ်ဖြင့် သာသနာတော်ကို စောင့်ရှောက်ရပါမည်။ ပဋိပတ်သမားကလည်း အလားတူပင် သာသနာတော်ကြီးကို စောင့်ရှောက်ရမည်သာ ဖြစ်သည်။

ထိုထက် သာသနာတော်ကြီးနှင့် ကြုံခိုက်တွင် ပရိယတ် ပဋိပတ်တို့၏ အကျိုးဖြစ်သော ပဋိဝေဓအရသာကို ခံစားနိုင်အောင် ကြိုးစားအားထုတ်ရပါမည်။

ပရိယတ် (စာတွေ့)မှ ပဋိပတ် (လက်တွေ့) အဆင့်သို့ ရောက်အောင် ကြိုးစားအားထုတ်ရပါမည်။ ထိုသို့မဟုတ်ပါက အလဂဒူပမာ–စာသင်နည်းဖြစ်သွားလျှင် မိမိတို့သာ နစ်နာဆုံးရှုံးမည်ဖြစ်သည်။ ထို့ကြောင့် အလဂဒူပမာ စာသင်နည်းကို ရှောင်ရှားပြီးနိဿရဏတ္ထ ပရိယတ္တိစာသင်နည်းဖြစ်အောင် ကြိုးစားပါမှ ဘဝသံသရာက လွတ်မြောက်မည်ဖြစ်သည်။

ထို့ကြောင့် ပရိယတ္တိကို သင်ကြားလေ့လာရာ၌ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဟူသော ပိဋကတ်တို့တွင် ဝိနည်းပိဋကတ်၌ ကောင်းစွာကျင့်သောရဟန်းသည်

http://www.dhammadownload.com

သီလ၏ ပြည့်စုံခြင်းကိုမှီ၍ ဝိဇ္ဇာသုံးပါးတို့ကို ရောက်နိုင်ပါသည်ဟု ဝိနည်းအဋ္ဌကထာ၌ ဆိုထားပါသည်။

(ဝိနည်းပိဋကတ်ကို နိဿရဏထွပရိယတ္တိဖြစ်အောင် ကောင်းစွာသင်ယူ၍ ဝိနည်းပိဋကမှ လာသည့်အတိုင်း သီလကို ဖြည့်ကျင့်သောရဟန်းသည် ဝိနည်း၌ ကောင်းစွာကျင့်သော ရဟန်းဖြစ်သည်ဟု ဆိုပါသည်။)

ဝိနည်းပိဋကကိုမသိ၊ မတတ်၊ မကျွမ်းကျင်လျှင် ရှောင်ကြဉ်ရမည့်အရာ (ဝါရိတ္တသီလ) ကျင့်ရမည့်အရာ လိုက်နာရမည့်အရာ (စာရိတ္တသီလ)တို့ကို မသိနိုင်ပေ၊ ဝိနည်းပိဋကကို တတ်သိကျွမ်းကျင်မှသာ ရှောင်သင့်၊ ဆောင်သင့်သည်တို့ကို ခွဲခြားသိမြင်နိုင်ပါသည်။ ထိုသို့သိမှသာလျှင် ကျင့်သင့်သည်ကို ကျင့်၊ ရှောင်သင့်သည်ကို ရှောင်ခြင်းဖြင့် သီလနှင့် ပြည့်စုံနိုင်ပါသည်။ ဤသို့သီလနှင့်ပြည့်စုံပါက ဝိဇ္ဇာသုံးပါး (မဂ်ဉာဏ်)အား ပကတ္တပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသည်။ ထို့ကြောင့် ဝိနည်းပိဋကကို သီလနှင့်ပြည့်စုံအံ့အတွက် သင်ယူရပါသည်။ ဆရာတော်သည် ဝိနည်း၏ အဓိက ဘာသာရပ်ဖြစ်သော ပါရာဇိကပါဠိ အဋ္ဌကထာ၊ ဋီကာတို့မှလာသော အဓိပ္ပာယ်သဘောတရားတို့ကို မြောက်မြားစွာသော စာသင်သားတို့အား သင်ကြားပို့ချခြင်း ဖြစ်သည်။

သုတ္တန္တပိဋကဋ္ဌ ကောင်းစွာကျင့်သော ရဟန်းသည် သမာဓိ၏ ပြည့်စုံခြင်းကိုမှီ၍ အဘိညာဉ် ခြောက်ပါးတို့သို့ ရောက်နိုင်၏။ သုတ္တန်တို့တွင် အဓိကကျသော သုတ် သီလက္ခန် ပါဠိ – အဋ္ဌကထာ၊ ဋီကာ စသည်တို့မှလာသော အဓိပ္ပါယ် သဘောတရားတို့ကို မိမိလို သိနားလည်ဖို့ရန် မြောက်မြားစွာသော တပည့်အပေါင်းတို့အား သင်ကြားပို့ချလျက်ပင်ဖြစ်သည်။

သုတ္တန် ပိဋကကို ကောင်းစွာသင်ယူသူသည် သုတ္တန်ပိဋကဋ္ဌ အကျယ်ဟောတော်မူအပ်သော ဈာန်အဘိညာဉ်တို့ကို သင်ယူလေ့လာစဉ် ထို ဈာန်အဘိညာဉ်တို့ကို ရလိုသော ဆန္ဒပြင်းပြမှုရှိလာတတ်သည်။ ထို့ကြောင့် ထိုဈာန်သမာဓိကို ကြိုးစား အားထုတ်၍ ဥပစာရ သမာဓိသို့ရောက်လျှင် ဝိပဿနာဉာဏ်တို့ အဆင့်ဆင့်တက်၍ အရဟတ္တမဂ်ထိ ရလာနိုင်ပါသည်။ ထိုမှ အထုံပါလာသော သမာဓိကြောင့် အဘိညာဉ် ခြောက်ပါးတို့လည်း ပြီးစီးရပါသည်။

အဘိဓမ္မာ ပိဋကဋ္ဌ ကောင်းစွာကျင့်သော ရဟန်းသည် ပညာရေးပြည့်စုံခြင်းကို မှီ၍ ပဋိသမ္ဘိဒါလေးပါးသို့ ရောက်နိုင်၏။ အဘိဓမ္မာပိဋကကို ကောင်းစွာသင်ယူသူသည် နာမ်ရုပ်နှစ်ပါးကို ခွဲခြားနိုင်သော ပညာနှင့် ပြည့်စုံနိုင်ပါသည်။ ထိုပညာကို အခြေခံ၍ အရဟတ္တမဂ်ကို ရသောအခါ ပဋိသမ္ဘိဒါလေးပါးတို့ကိုလည်း တစ်ပါတည်း ရနိုင်ပါသည်။ မှန်ပါသည် အဘိဓမ္မာပိဋကကို လေ့လာသင်ယူ၍ ရရှိသော ပညာ၏ ပြည့်စုံခြင်း (ပညာသမ္ပဒါ)ကို ဥပနိဿယပစ္စည်းပြု၍ ဝိပဿနာ အားထုတ်သောအခါ ရဟန္တာဖြစ်သည်နှင့်တစ်ပြိုင်နက် အဖွာသယအားလျော်စွာ ပဋိသမ္ဘိဒါ လေးပါးတို့လည်း ပြီးစီးရပါသည်။

ဆရာတော်ဘဒ္ဒန္တသုစိတ္တာဘိဝံသသည် ဤသဘောတရားတို့ကို ရည်စူး၍ အဘိဓမ္မာပိဋကဏ၏ အာဒိအစဖြစ်သော ဓမ္မသင်္ဂဏီပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့မှလာသော ပါဠိသဘောအဓိပ္ပါယ်စသည်တို့ကို မြောက်မြားစွာသော တပည့် သံဃာတော်တို့အား ပို့ချနေဦးမည်ဖြစ်သည်။

ထို့ကြောင့် ဝိနည်း (ပါရာဇိကဏ်ကျမ်း) သုတ္တန် (သုတ်သီလက္ခန်ကျမ်း) အဘိဓမ္မာ (ဓမ္မသင်္ဂဏီကျမ်း) ဟူသော သုံးဖြာသော ပိဋကတ်တော်များကို ကျန သေချာလေ့လာသင်ယူခြင်းဖြင့် သာသနာတော်၌ ကျက်သရေဆောင်နိုင်သော ပုဂ္ဂိုလ်များအဖြစ် ကြိုးစားကြရပါမည်။

ဆရာတော်ဘဒ္ဒန္တသုစိတ္တာဘိဝံသ၏ ရည်ရွယ်ချက်မှာလည်း မိမိသင်ကြားပေးလိုက်သော ပညာဖြင့် သာသနာတာဝန်ကို ကောင်းစွာဆောင်ရွက်ကြဖို့ပင် ဖြစ်ပါသည်။

ထိုသို့ သီလကို ဟောသောအရာ၊ သမာဓိကို ဟောသောအရာ၊ ပညာကိုဟောသောအရာတို့၌ ထိုကျမ်းဂန်တို့၌လာသော သိက္ခာသုံးပါး အကျင့်များသည် ငါ့သန္တာန်၌ ကေန်ဖြစ်ပါစေမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကြိုးစားအားထုတ်ပါလျှင် သာသနာ့ကျက်သရေဆောင် ပုဂ္ဂိုလ်ဖြစ်ပါသည်။ ပရိယတ္တိဂုဏ်ဖြင့် သာသနာ့ကြက်သရေကို တိုးစေသူ ဖြစ်သည်။

အချုပ်ဆိုရသော် ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသသည် ထိုသို့သော သာသနာ့ကျက်သရေဆောင် ပုဂ္ဂိုလ်တို့ကို မွေးထုတ်ပေးသူဖြစ်ပြီး မိမိကိုယ်တိုင်လည်း မိမိ၏ ရဟန်းဦးတည်ချက်ဖြင့် ဖြောင့်စွာလျှောက်နေသူသာ ဖြစ်ပါသတည်း။

■ ခိုင်မြဝါ

♦ ♦ ♦

http://www.dhammadownload.com

မေတ္တာစေတနာကြီးမားကြကုန်သော ဆရာသမားများသည် တပည့်ဒါယကာ ဒါယိကာမများနှင့် လောကၥ ရှိကြကုန်သော သတ္တဝါများတို့၏ အကျိုးစီးပွားများကို အတတ်နိုင်ဆုံး အပြောင်မြောက်ဆုံး ဆောင်ရွက်ပေးကြသည်မှာ ဆရာကောင်းတို့၏ ဓမ္မတာပင် ဖြစ်သည်။


ထိုဆရာကောင်းတို့တွင် မြန်မာနိုင်ငံတစ်ဝှမ်း ပရိယတ္တိမာမကများဖြစ်ကြကုန်သော စာချစာသင်ထေရ် အရှင်များနှင့် ဒါယကာ ဒါယိကာမတို့၏ စာချအကျော် ဆရာတော်အဖြစ်, တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတတ်သူအဖြစ် အသိအမှတ်ပြုခံရသော ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသသည်လည်း တစ်ပါး အပါအဝင်ဖြစ်သည်။

ဆရာတော်သည် ဝိရိယကောင်းသည်။ လုပ်ရန်အခွင့်သင့်, မသင့်ကို နှိုင်းချင့်တိုင်းတာ ကောင်းစွာ သိတတ်ဆုံးဖြတ်တတ်သော ပညာလည်းရှိသည်။ သင်ယူပို့ချဟောဖော်ပြမှုတို့၌ မေ့လျော့မှုမှကင်းစွာ သတိတရားလည်းရှိသည်။ ရတနာသုံးတန် ကံနှင့်ကံကျိုး ဤဘဝမျိုးၥ၌ ယုံကြည်ထက်မြက် သဒ္ဓါလက်လည်းရှိသည်။ မေတ္တာ စေတနာ ကရုဏာစသား သူတော်ကောင်း ဆရာသမား တို့၌သာ တွေ့လေ့တွေ့ထရှိသော စွမ်းပကားများနှင့်လည်း ပြည့်စုံပါပေသည်။ ဤသည်မှာ အပြောမဟုတ် အမှန်ပင်ဖြစ်သည်။ သို့သော် စာရေးသူ အနေဖြင့် ဆရာ၏ဂုဏ်ကို ပြောမကုန်နိုင်ပါဟု ဝန်ခံလိုပါသည်။

ဆရာတော်၏ သတိ, သမာဓိ, ပညာနှင့် သဒ္ဓါကြီးမားစွမ်းပကားများကို ပုံကြီးချဲ့၍ ရေးနေစရာပင် လိုအံ့မထင်၊ ဆရာတော်၏ စာမေးပွဲပေါင်းစုံ အသင်းပေါင်းစုံတို့၌ ထူးထူးခြားခြား ပထမ ဒုတိယ ဂုဏ်ထူးများဖြင့် အောင်ပန်းအခိုင်အိုင် ပန်ဆင်နိုင်မှုတို့က သက်သေပြလျက်ရှိနေသောကြောင့်ပင် ဖြစ်သည်။

အချိန်ကာလ စောင့်ဆိုင်းရ

စာချအကျော်ဆရာတော်သည် အထက်မြန်မာပြည် မန္တလေးမြို့, မစိုးရိမ်တိုက်သစ် ဓမ္မသီတဂူကျောင်း နာယကဆရာတော်အဖြစ်ဖြင့် ပရိယတ္တိတာဝန်များကို နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ရာ၌ ဆရာတော်၏ စာပေပို့ချသင်ပြုပုံ နည်းစနစ်များမှာ ရှင်းလင်း လွယ်ကူသည်၊ ထို့ကြောင့် ဓမ္မသီတဂူကျောင်း ဘဒ္ဒန္တသုစိတ္တာဘိဝံသ စာပေပို့ချသင်ပြ



ဆရာ့၏ဂုဏ်ပြောမကုန်

အဘွင်ပညာဝံသ

http://www.dhammadownload.com

ကောင်းကြောင်း ဂုဏ်သတင်းမှာ အထက်မြန်မာပြည် အနှံ့ နာမည်ကျော်ကြား လူသိများ လာခဲ့သည်။

''ပန်းသတင်း လေညင်း ဆောင်, လူသတင်း လူချင်းဆောင်'' ဟူသော စကားအရ ဆရာတော် ဘဒ္ဒန္တ သုစိတ္တာဘိဝံသ၏ စာပေပို့ချ သင်ပြကောင်းကြောင်း နှံ့စပ်ကျော်ကြား ဂုဏ်သတင်းများမှာ အောက်မြန်မာပြည် တိုင်အောင်လည်း ကြိုင် ကြိုင်လှိုင်လှိုင်မွှေးပျံ့နိုင်သည်၊ စာချအကျော်ဆရာတော်အဖြစ် လူသိများလာသည်။

သို့သော် ဆရာတော်နှင့် နီးစပ်မှုအားနည်း သောကြောင့် ဆရာတော်၏ စာဝါများကို တက်ရောက် သင်ယူဖူးသူတို့ကား အောက်မြန်မာပြည်၌ အလွန် နည်းပါးကြပါသည်၊ ဆရာတော်၏ စာဝါများကို တက် ရောက်သင်ယူလိုသူများမှာ အောက်မြန်မာပြည် မြို့တော် များ၌ စာရေးသူအပါအဝင် အမြောက်အများ ရှိနေကြ လေသည်။

ဆရာတော်သည် ထိုဖြစ်သမျှဥာဿံ အလုံးစုံကို တစ်ဆင့်စကား တစ်ဆင့်ကြားကာ သိရှိထားပုံရပါသည်။ ထို့ကြောင့် ငါ တတ်နိုင်သည့် တစ်နေ့တွင် ပရိယတ္တိ မာမကများဖြစ်ကြကုန်သော အောက်မြန်မာပြည်ဖွား ညီတော်နောင်တော်များကို စာဝါပို့ချပေးမည်ဟု သမ္မာ စိတ်ထားများဖြင့် အခိုင်အမာဆုံးဖြတ်ချက်ချ၍ အချိန် ကာလကို စောင့်မျှော်နေပါတော့သည်။

အကြောင်းတိုက်ဆိုင် စာချနိုင်

ထိုအချိန်၌ အလိုတော်ပြည့်ဆရာတော်ကြီးနှင့် ဒါယကာ ဒါယိကာမတို့သည် ရန်ကုန်မြို့ အလိုတော်ပြည့် ကျောင်းတိုက်၌ နွေရာသီဓမ္မာစရိယသင်တန်းဖွင့်လှစ်၍ ပရိယတ္တိကန်ဘောင်ရိုးကြီးကို မြဲမြဲ မြံမြံ ကြံကြံခိုင်အောင် မြေတောင် မြှောက်ပေးလိုသော စိတ်ဆန္ဒတဖွား ဖွား ဖြစ်နေကြသည်။

ထို့ကြောင့် သင်တန်းပြဆရာတော်ကို လိုက်ရှာကြသည်၊ ထက်အောက် မြန်မာ ရပ်ဒေသာ၌ နာမည်ကျော်ကြား စာဝါပို့ချအသင်ပြကောင်းခြင်းကြောင့် လူသိများနေသော ဆရာတော် ဘဒ္ဒန္တ သုစိတ္တာဘိဝံသထံ သွား၍ သင်တန်းပြ ပေးနိုင်,မပေးနိုင်အကြောင်း ဆွေးနွေးတိုင်ပင်ကြသည်။

သင်တန်းပြဆရာတော် ဘဒ္ဒန္တ သုစိတ္တာဘိဝံသ– သည်ကား နဂိုကပင် အောက်မြန်မာပြည်ဖွား ပုဂ္ဂိုလ် များနှင့် နိုင်ငံအဝှမ်းပရိယတ္တိမာမကပုဂ္ဂိုလ်များကို စာဝါ ပို့ချ ချီးမြှောက်ပေးလိုရကား ကျေနပ်ဝမ်းမြောက်စွာပင် စာဝါ ပို့ချပေးနိုင်ကြောင်း တာဝန်ယူလက်ခံလိုက်သည်။

ယင်းဓမ္မာစရိယသင်တန်းကို ဘင်တန်းပြ ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ၏ ကြိုးစားအားထုတ်မှု အလိုတော်ပြည့်ဆရာတော်ကြီးအမှူးပြုသော ဆွမ်း ဒါယကာ ဒါယိကာမတစ်စုတို့၏ စေတနာသဒ္ဓါတရား ထက်သန်မှု ဆွမ်းကွမ်းအလှူရှင်များ၏ အားပေးမှုတို့ ကြောင့် ပထမအကြိမ် နွေရာသီဓမ္မာစရိယသင်တန်းကို အောက်မြန်မာပြည်ဖွား၊ ရဟန်းသာမဏေများနှင့် နိုင်ငံ တစ်ဝှမ်းပရိယတ္တိမာမကပုဂ္ဂိုလ်များ၏ အလိုဆန္ဒကို ဖြည့် ဆည်းသောအနေအားဖြင့် အောင်မြင်စွာကျင်းပခဲ့ပြီး ဖြစ်သည်၊ ပရိယတ္တိကျောက်စာတိုင်ကြီးကို ခိုင်မြဲစွာစိုက်ထူ လိုက်ပြီးဖြစ်သည်။

တစ်လခရီး စွမ်းအားကြီး

အဆိုပါ ဓမ္မာစရိယသင်တန်းမှာ ၂၂-၄-၉၉ မှ ၂၂-၅-၉၉ ထိ တစ်လ သင်တန်းဖြစ်သည်။

ယင်း တစ်လသင်တန်းသည် သင်တန်းပြ ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ၏ သမ္မာဆန္ဒနှင့် မေတ္တာစေတနာ အနစ်နာဝါသနာတို့ကိုလည်း ပေါ်လွင် ထင်ရှားစေပါ၏။ အောက်မြန်မာပြည်ဖွား ရဟန်း သာမဏေများနှင့် နိုင်ငံတစ်ဝှမ်း ပရိယတ္တိမာမကပုဂ္ဂိုလ် များ၏ အကျိုးကျေးဇူးများကိုလည်း ပြည့်ပြည့်ဝဝ စွမ်းဆောင်ပြလျက်ပင် ရှိပါသည်။

ဆရာတော်၏ နည်းစနစ်အတိုင်း လေ့လာ ကျက်မှတ်သွားခဲ့မည်ဆိုပါက အချိန်တိုတိုနှင့် ခရီးရောက် နိုင်သည်၊ ဓမ္မာစရိယတည်းဟူသော သမုဒ္ဒရာအဏ္ဏဝါကို လွယ်လွယ်ကူကူဖြင့် ကူးမြောက်နိုင်ပါသည်၊ ထို့ကြောင့် တစ်လတာ နွေရာသီဓမ္မာစရိယသင်တန်းသည် စွမ်းအား ကြီးမား အားထားလောက်ပါပေသည်။

မူလပင်မ ခြောက်ဝါကျ

၁၃၆၁ ခုနှစ် (၁၉၉၉) နွေရာသီ ဓမ္မာစရိယ သင်တန်း၌ ဆရာတော်ပို့ချပြသသော ဝါကျတို့ကား မူလပင်မအားဖြင့် ခြောက်ဝါကျသာ ဖြစ်သည်၊

ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသသည် စာဝါ စတင်ဖွင့်လှစ်သည့်နေ့တွင်. . .''နက်,တက်,ဝါ,ဉာဿ, ပုဒ်,အာ,ပါဠိ၊ နည်း,ပါ, နေတို့နည်း၊ ပါရာဇိကဏ် ဒုတိယ မေးရန်အစဉ်တည်း''ဟူသော လင်္ကာနိယံကို ရွတ်ဆိုပြ

http://www.dhammadownload.com

သည်၊ ယင်းလက်ာနိယ်အတိုင်းပင် စာဝါပို့ချသင်ပြပေးသည်၊ သီလကွန်, အဋ္ဌသာလိနီတို့နှင့်ဆိုင်သော လက်ာနိယ်တို့ကို မဆိုစေကာမူ သီလကွန်, အဋ္ဌသာလိနီစည်းမျဉ်းများကိုလည်း ပြသသည်ပင် ဖြစ်သည်။ များသောအားဖြင့် ပါ,သီ ၂-ကျမ်းတို့၏ စည်းမျဉ်းဥပဒေသကို ပြောလေ့ရှိပါသည်။ အဋ္ဌသာလိနီစည်းမျဉ်းဥပဒေသ များခက်ခဲမှုမရှိသောကြောင့် ပြောလေ့မရှိဟု ယူဆမိ ပါသည်။

ယင်းနှစ် နွေရာသီဓမ္မာစရိယသင်တန်းသားများမှာ - ရဟန်းသာမဏေ ၃၉၆ ပါး၊ သီလရှင် ၉၃ ပါး၊ နှစ်ရပ်ပေါင်း ၄၈၉ ပါးဖြစ်သည်။ ဆရာတော်သည် သင်တန်းသားတို့အား တစ်နေ့ (၂)ချိန်ခွဲ၍ စာဝါပို့ချပေးသည်။ နေ့လည် တစ်နာရီမှ (၂)နာရီခွဲထိ တစ်ချိန်နှင့် (၃)နာရီမှ (၄)နာရီခွဲထိတစ်ချိန် (၂)ချိန်ပေါင်း မိနစ် (၁၈၀)နာရီ (၃)နာရီတိတိ ပို့ချသင်ပြပေးသည်။

ဓမ္မာစရိယရောက်ခါစ နည်းမရသေးသော သင်တန်းသားများမှာ ''ဆရာတော်သည် စာဝါများကို မည်သို့ မည်ပုံပို့ချပေးမည်နည်း''ဟု ဇဝေဇဝါ အတွေးကိုယ်စီဖြင့် မွေးခွန်းထုတ်နေကြပါသည်၊ မေးခွန်းထုတ်လည်း ထုတ်သင့်ပါသည်၊ ဓမ္မာစရိယအောင်ရန် မလွယ်ကူနိုင်၊ ဓမ္မာစရိယနည်း ဥပဒေသများမှာ သမုဒ္ဒရာအဏ္ဏဝါလို နက်နဲခက်ခဲကြောင်း ဆရာ့ဆရာတို့၏ အထံမှ ပြောသံ ဆိုသံ ကြားဖူးထားကြသည် မဟုတ်ပါလား။

စွမ်းအားဆောင်သူ သီတဂူ

သို့သော် သူတို့၏ ဇဝေဇဝါစဉ်းစားကာဖြင့် အတွေးကိုယ်စီ မေးခွန်းစီထားခြင်းတို့သည် ဆရာတော်ထံရောက်က ပျောက်ကွယ်သွားကြသည်သာ ဖြစ်သည်၊ ဆရာတော်သည် မွေးကင်းစကလေးငယ်ကို အချစ်ဖောဖြင့် ထမင်းလုပ် ကြီးကြီးမားမားပြုလုပ်၍ ကျွေးတတ်သော ဖခင်ကဲ့သို့ အသိမကြွယ်တပည့်ငယ်များကို ရလိုဇောဖြင့် စည်းကမ်းအကုန် အသံကုန်ပေး နည်းကုန်ပေးကာ ဇွတ်ထိုးကျွေးတတ် သင်ပြတတ်သူမျိုးကား မဟုတ်ပါ။

မွေးကင်းစကလေးနှင့် အံဝင်ဂွင်ကျ ထမင်းလုပ်ကို ပြုလုပ်၍ ဝါးတန်ကဝါး, နယ်တန်ကနယ်, သင့်တော်မည့်အနေအထား အသိဉာဏ်ရှေ့သွား ကျွေးမွေးတတ်သော ဖခင်ပမာ၊ အသိမကြွယ် တပည့်ငယ်တို့နှင့် အံဝင်ဂွင်ကျလောက်သည့် နည်းစနစ်များဖြင့် နည်းကောင်းပေးတတ်သော ဆရာကောင်း ဖြစ်ပါသည်။

မှန်ပါသည်၊ ဆရာတော်သည် တစ်ပုဒ်ခြင်းလည်းကောင်း တစ်ဝါကျခြင်းလည်းကောင်း သင်တန်းသားများနားလည်အောင် ရှင်းရှင်းလင်းလင်း ပြသတတ်သူ ဖြစ်သည်၊

မှတ်စုမှတ်ရာ ပါဠိသာဓက နိယ်များကိုလည်း မပေးမဖြစ် ပေးမှဖြစ်မည်ကိုသိ၏။ ပါဠိသာဓကနိယ်လက်ာများမှတစ်ပါး သင်ရင်းချရင်း ပို့ချရင်းဖြင့် သိမှတ်စွဲသွားနိုင်သော မှတ်စုမျိုးကို ပေးလေ့ ပေးထမရှိပါ။ ထို့ကြောင့် ဆရာတော်ထံတွင် စာဝါကို အစမှ အဆုံးထိ တက်ရောက်ဖူးသော ပုဂ္ဂိုလ်တို့၏ နှုတ်ဖျားက ပြောဆို အပ်သောစကားတစ်ခု ရှိပါသည်။

''မှတ်စုမပေး နည်းကောင်းပေးသည်၊ နည်းကောင်းပေးသူ သီတဂူ''ဟူ၍ ဖြစ်သည်။ မှန်ပါသည် ဆရာတော်၏ ပုံသေနည်းများ နည်းကောင်းများကို ရရှိကြသောကြောင့် ဓမ္မာစရိယ သမုဒ္ဒရာ အဏ္ဏဝါကြီးကို လွယ်လွယ်ကူကူ ကူးမြောက်ကြလျက် စာပေတတ်ကျွမ်း စာပေအောင်ပန်း အသီးသီးကို ကိုယ်စီလှမ်းသွားကြသော တပည့်ပရိသတ်တို့မှာ စာရေးသူအပါအဝင် ရာပေါင်းများစွာရှိကြပါသည်၊ ဤသို့အားဖြင့် အသိမကြွယ်တပည့်ငယ်တို့သည် အသိပြည့်ဝ စွယ်စုံလှကြပါ၏။ ပုံသေနည်းများ နည်းကောင်းစနစ်ကောင်းကို မရရှိနှစ်ပေါင်းများစွာ ဓမ္မာစရိယသမုဒ္ဒရာ၌ မျောပါကျရုံးနေကြသော တပည့်တို့သည်လည်း အောင်ပန်းအခိုင်ခိုင်ပန်ဆင်နိုင်ကြပါ၏၊ မအောင်သေးခင် အောင်ကြွေးတင်ထား တပည့်များကို စွမ်းအားပိုမောက် အထွဋ်အထိပ်သို့ရောက်အောင်ပို့ဆောင်ပေးနေသူကား **''စွမ်းအားဆောင်သူ သီတဂူ''** ထေရ်ပင် ဖြစ်သည်။

ညနေတစ်ဖန် စာချပြန်

ဆရာတော်သည် စာပေဝါသနာ အထုံပါလာသည်ကတစ်ကြောင်း၊ ပို့ချသင်ယူ ဆောင်ရွက်မှုကြောင့် ချသူသင်သူ သူတော်ဖြူတို့မှာ ရရှိနိုင်သော အကျိုးများကို သိရှိထားသည်ကတစ်ကြောင်း၊ ဤသို့သော အကြောင်း တို့ကြောင့် စာဝါပို့ချပြီးလျှင် ပြန်ပို့ချချင်နေသည်၊ စာဝါပို့ချမှုဌ္ဌ ကျေနပ်အားရသည်ဟုပင် ရှိမည်မထင်ပါ၊ စာပေ ပို့ချမှုဌ္ဌ အမြဲ စိတ်ဓာတ်တက်ကြွနေဆဲပင် ဖြစ်သည်။

မှန်ပါသည်၊ ဆရာတော်သည် နေ့လည် အချိန်တွင် ၂-ချိန်တိုင်တိုင် စာဝါများ ပို့ချပြီးဖြစ်သည်၊ သို့သော်

http://www.dhammadownload.com

အေးအေးလူလူ အနားယူတတ်သူကား မဟုတ်ပါ၊ ညနေ အချိန်တွင်လည်း စာဝါပို့ချသည်။

ညနေပိုင်း စာဝါပို့ချရာ၌ ဆရာတော်၏ ထူးခြားချက်မှာ စာအုပ်ဟူ၍ တစ်အုပ်တစ်လေမျှ ပါမလာခဲ့ပါ၊ ကြွရောက်ပြီးသည်နှင့် တစ်ပြိုင်နက် ကုလားထိုင်ပေါ်တွင် ထိုင်တော်မူလျက် နေ့လည်ပိုင်းက သင်ပြခဲ့သော သင်ခန်းစာများကို ပြန်ဖတ်ကြားစေပြီး၊ အမှားအမှန် စစ်ဆေးသည်။ ပြုပြင်စရာတွေ့ရှိပါက ပြုပြင်ပေးသည်၊ ''နက်,တက်,ဝါ,ဉာဿ''စသော နိယံနှင့်အညီ အဋ္ဌကထာစာမျက်နှာကြောင်းရေတို့ပါမကျန် တိတိကျကျ ညွှန်းဆိုပြလျက် နည်းသစ်များဖြင့် တပည့်တပန်းများကို ခရီရောက်အောင် ပို့ဆောင်နေသော လေ့သူကြီးနှယ်ပါတကား။

ဆရာ့လိုပင် ဖြစ်စေချင်

ဆရာတော်သည် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ-စသော ဆရာကောင်းများထံ အဘက်ဘက်မှ စွယ်စုံလှအောင် ကြိုးစားအားထုတ်လာသူဖြစ်သည်၊ ''**လောကဋ္ဌတွင်, ပျားနှင့်ယင်ကို, မျက်မြင်ပုံထား, မောင်ရှုစားလော့, ပျားကားအုံပြု, အရည်စုချ, ထားမူလိမ္မာ, နောင် ချမ်းသာ၏, ယင်မှာသော်တုံ, ဝမ်းဝရုံမျှ, အုံကာသောက် စား,စုမထား၍, ရှာငြားမပြတ်, မရင်တစ်၏၊ ဆက်ဆက်မုချ, အလဟဿဖြင့်, ငယ်ကပျင်းမူ, ကြီးမူဆင်းရဲ, ရစမြဲတည်း, ပျားသို့ပုံနှယ်, ကျင့်အပ်ဖွယ်**''ဟူသော (မဃဒေဝ)လင်္ကာစကားကို လက်ကိုင်ပြုလျက် နည်း ကောင်းများ ပုံသေနည်းများကို ရနိုင်သမျှစုဆောင်းခဲ့ သည်။ ထို့ကြောင့် ဝါကျဥယျဉ်များ ပေါ်ထွက်လာခြင်း ဖြစ်သည်။ မိမိနည်းတူ တပည့်များကို လည်း ဘက်စုံ တိုးတက်သူများဖြစ်စေချင်သည်။ စွမ်းအား ပြည့်ဝ စွယ်စုံ လှစေချင်သည်။ မှတ်မိပါသေးသည်၊ **ဂုဏ္ဏပစာယိ့ချသည့်** နေ့ကပင်ဖြစ်သည်၊ ဂုဏ်+ဂုဏေား အကြောင်းကို အကျယ် တဝင့် ရှင်းပြသည်၊ ဂုဏ်+ဂုဏေား လိုက်ဖက်ညီမှု ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကြီးပွား တိုးတက်နိုင်ကြောင်းထည့် သွင်းမိန့်ကြားသွားပါသည်၊ မှတ်သားစရာ နည်းယူစရာ များတို့နှင့် ပြည့်ဝစုံလင်လှပါသည်။ ဆရာတော်၏ ဖြစ်စေချင်သည့် စေတနာသည် တပည့်တို့၏ နှလုံးအိမ် သို့ စိမ့်ဝင်သွားသည်။ တစ်ချို့ စကားဆိုလျှင် စာရေးသူ အနေဖြင့် ယနေ့တိုင် ရွတ်ဆိုဆဲ အသုံးပြုနေဆဲ ဖြစ်သည်။

စာချစာသင် အလုပ်ခွင် နေ့စဉ် မွေ့လျော်ပါ

''စာချစာသင်၊ အလုပ်ခွင်ဝယ်
နေ့စဉ်မွေ့ပျော်၊ များသူတော်တို့
ရွှင်ပျော်လုံလ၊ သဒ္ဓါကြွ၍
ဉာဏ်စင်ဖြူ။ သင်ချမူကား
ထိုသူစီးပွား၊ သုတများသဖြင့်
စဉ်းစားဉာဏ်ကြွယ်၊ အမြင်ကျယ်၏။။
မကွယ်စေကာ၊ ကိလေသာလည်း
သူငါရှုန့်ကြမ်း၊ ဖြစ်စတမ်းသို့
ဗရမ်းဗတာ၊ မဖြစ်လာဘဲ
ကုသာ မစ္ဆေရ၊ မထကြွဘူး၊
ရာဂ ဒေါသော၊ မာန,မောတို့
အပြောမကျယ်၊ သေးငယ်ငယ်မှ
စ၍ပဟာန်၊ တဒင်္ဂန်နှင့်
ဝိက္ခမ္ဘန၊ ပယ်နိုင်ကြသည်
သင်ချအကျိုး စာတန်ခိုးတည်း''ဟု ဖြစ်သည်။

မှန်ပါသည်၊ ပိဋကတ်ကျမ်းစာများကို လိုလို ချင်ချင် သင်ယူပို့ချသူသည် သင်ရင်းချရင်းပင် (လိုလို ချင်ချင်မနာယူသူတို့မရနိုင်သော) သုတမယဉာဏ်အထူးကို လည်းကောင်း, စိန္တာမယဉာဏ်အထူးကိုလည်း ကောင်း ရပါသည်၊ ကျမ်းစာကို ကြည့်ရှုပို့ချသင်ယူရ သောအခါ ရာဂဒေါသ ကုသာ မစ္ဆရိယ စသော အကုသိုလ်များကို တဒင်္ဂပဟာန်အားဖြင့်လည်းကောင်း, အတော်ကြာအောင် ဝိက္ခမ္ဘနပဟာန်အားဖြင့်လည်း ကောင်း ပယ်နိုင်သည်ဟု သမ္မောဟအဋ္ဌကထာနှင့် ယင်းဋီကာတို့တွင် ဖွင့်ဆိုချက်ရှိပါသည်။ ဆရာတော်သည် အထက်ပါလင်္ကာကို တိတိကျကျ အဋ္ဌကထာဋီကာ ဖွင့်ဆိုချက်နှင့်အညီ သိထားသူဖြစ်ပါသည်။ သိထားလို့သာ မိမိကိုယ်တိုင်လည်း လိုလိုချင်ချင် သင်ယူပို့ချ လာခဲ့သည်၊ တပည့်များကို လိုလိုချင်ချင် သင်ယူစေချင်သည်၊ ဆရာတော်၏ စေတနာကားကြီးမား ပါပေစွ။

ကိုယ့်ဂုဏ်မဖော် ဆရာတော်

ဆရာတော်သည် အဖက်ဖက်ကပြည့်စုံ ပြောင်မြောက်သောပုဂ္ဂိုလ်တစ်ပါးဖြစ်ပါသည်၊ သို့သော် ဂုဏ်ကို မက်သူကားမဟုတ်ပါ။ အတ္တုက္ကံသနသဘော, ပရဝမ္ဘနသဘောမှ ကင်းသောသူသာ ဖြစ်ပါသည်၊

ဆရာတော် စာဝါပို့ချသည်ကို လေ့လာစောင့်ကြည့်ကြသော ဒကာများက –

http://www.dhammadownload.com

''ဆရာတော် စာပါပို့ချသည်မှာ ရှင်းလင်းပြတ်သားလှပါသည်၊ ဆရာတော် စာချအတော်ဆုံးထင်ပါသည်''ဟု လျှောက်ထားတိုင်း ဆရာတော်က **''ဒကာကြီး ဦးဇင်းတို့က စာပေလေ့လာရုံသာ ရှိပါသေး တယ်။ ဘယ်မှာအတော်ဆုံးဖြစ်နိုင်ပါမလဲ''**ဟု ပြန်လည် မိန့်ကြားလေ့သာ ရှိပါသည်။ ဤသို့အားဖြင့် ဆရာတော်သည် အတွေ့ကြုံသနသဘော၊ ပရဝဏ်သနသဘောမှကင်းသောကြောင့် ကိုယ့်ဂုဏ်မဖော် ဆရာတော် တစ်ပါးပင်ဖြစ်ပါသည်။

ဆိုခဲ့ပြီး စကားဥသုံအလုံးစုံမှာ ၁၃၆၁ (၁၉၉၉) ခုနှစ် နွေရာသီသင်တန်း တစ်လတာ အတွေ့အကြုံကို အကျဉ်းမျှ ဖော်ပြခြင်းဖြစ်ပါသည်။

ဥယျာဉ်ပုံဖော် ဆရာတော်

လိမ္မာကျွမ်းကျင်သော ဥယျာဉ်မှူးသည် ဥယျာဉ်ကြီးကို တံတိုင်းတို့ဖြင့်လည်း ခိုင်ခိုင်ခန့်ခန့် ကာရံသည်၊ တခါးပစ္စင်တို့ကိုလည်း ပြုလုပ်သည်၊ သီးပင်စားပင်များကိုလည်း စိုက်ပျိုးသည်၊ ဥယျာဉ်လေ့လာသူများ အပန်းဖြေအနားယူရန် အဆောင်အယောင်များကိုလည်း စနစ်တကျ ဆောက်လုပ်သည်၊ ဥယျာဉ်ကြီးအတွင်း လိုအပ်ချက်များကိုလည်း မျက်ခြေမပြတ် ကြည့်ရှုစောင့်ရှောက်နေရသည်၊ ဤသည်မှာ ဥယျာဉ်မှူး၏ တာဝန်ဖြစ်သည်။

ထို့အတူ ဆရာတော်သည် ဥယျာဉ်ကျမ်းများကိုပြုစုထားသော ဥယျာဉ်ပုံဖော် ဆရာတော်တစ်ပါးဖြစ်သည်။

ဥယျာဉ်မှူးဖြစ်သော စာချအကျော် ဆရာတော်သည်ကား ငယ်ရွယ်စဉ်ကပင် ''သူတော် တကာ, သမာရဒွ, ဝါယာမကား, သုခဋ္ဌသာ, တည်မြဲရာဟု, စိတ်ဖြာခွဲဝက်, အကျိုးဆက်ကို, ပြတ်ပြတ်ထင်ထင်, ကောင်းစွာသိမြင်လာသော ပုဂ္ဂိုလ်ဖြစ်ပေသည်၊ ''စီးပွားဟူက, အားထုတ်မှသာ, ရမြဲရာတည်း, ကြံကာမတ္တ, မလုံလသော်, မရသည်သာ, ဓမ္မတာ''ဟု ကောင်းစွာယုံကြည်လာသော ပုဂ္ဂိုလ်လည်းဖြစ်ပါသည်။

ထို့ကြောင့် အလွန်ဝီရိယကောင်းသည်၊ လုပ်ရန် အခန့်သင့်,မသင့်ကို နှိုင်းချင့်တိုင်းတာ ကောင်းစွာသိတတ် ဆုံးဖြတ်တတ်ပါသည်။ ပညာခေါ်ငြား, မြတ်တရားနှင့်, သတိစွမ်းအား, သမာဓိစွမ်းအား, သဒ္ဓါ အကူအညီများဖြင့် ဆရာ့ဆရာတို့၏ နည်းဥပဒေသကောင်းများကို ပျားကောင်းပမာ ရနိုင်သမျှ စုဆောင်းလာခဲ့သူ ဖြစ်သည်။ ထို့ကြောင့် ပိဋကတ်ဥယျာဉ်ကြီးကို ဥယျာဉ်ကျမ်းများတည်းဟူသော တံတိုင်းတို့ဖြင့် ကာရံပြီးသူ ဖြစ်သည်၊ စွမ်းအားပြည့်ဝ, စွယ်စုံလှကြသော ဆရာသမားများ၏ နည်းဥပဒေသတည်းဟူသော တံခါးပစ္စင်တို့ဖြင့် ပါဠိအဋ္ဌကထာ ကျမ်းဋီကာသို့ သွားလာဝင်ထွက် နိုင်အောင် ပြုစုထားသူလည်းဖြစ်ပါသည်၊ စာမေးပွဲ ပေါင်းစုံအသင်းပေါင်းစုံမှ ပုဏ္ဏာဟောင်းများကို တစ်စုတစ်ဝေးတည်း အဖြေရေးသားခြင်းဟူသော သီးပင်,စားပင်တို့ကိုလည်း စိုက်ပျိုးထားသူဖြစ်ပါသည်၊ ဆရာတော်၏ ဝါကျဥယျာဉ်ကျမ်းစာများကို လေ့လာ ခြင်းအားဖြင့် ဓမ္မာစရိယ သမုဒ္ဒရာကို ဖြတ်ကူးရာ၌ နည်းကောင်းမရ, ပင်ပန်းနေကြသော အရှင်များမှာ နည်းစနစ်များ ရှင်းလင်းချက်များတည်းဟူသော စနစ်တကျ တည်ဆောက်ထားသော ဝါကျတည်းဟူသော အဆောင်အယောင်များကို တွေ့ရှိကြလျက် အနားယူ အပန်းဖြေနိုင်ကြပါလိမ့်မည်။

စာမေးပွဲပေါင်းစုံ အသင်းပေါင်းစုံ အောင်ပန်းများကို လွယ်လွယ်ကူကူဆွတ်ခူးနိုင်ကြပါလိမ့်မည်၊ မိမိပြုစုထားသော ဝါကျဥယျာဉ်များ၌ အနက်အဓိပ္ပါယ် ပိုလိုနေမှ, စာသွားစာလာ စာနေစာထား ရှုပ်ထွေးနေမှ ပုဒ်ပါဠိအက္ခရာအယူအဆလွဲမှားနေမှုများကို ပို, လို, သင့်, မသင့် ဝိစာရဏာဉာဏ်ချင့်၍ ပြင်ဆင်ကြည့်ရှု အသုံးပြုနေပါသည်၊ ဤသည်ကား ပိဋကတ်ဥယျာဉ်မှူးကြီးဖြစ်သော စာချအကျော်ဆရာတော်၏ စွမ်းပကားပင်ဖြစ်သည်။

ဤသို့အားဖြင့် ဆရာတော်သည် စွမ်းအားပြည့်ဝ စွယ်စုံလှသောပုဂ္ဂိုလ်တစ်ပါး ဖြစ်ပါသည်၊ ဆရာတော်၏ စွမ်းအားပြည့်ဝ စွယ်စုံလှပုံများကို ဆရာတော်နှင့် နီးကပ်လေလေ ပိုသိလာလေဖြစ်သည်။ အခြားဂုဏ်များ စွမ်းပကားတို့လည်း များစွာရှိပါသေးသည်၊ ထိုဂုဏ်များကို ပြောပြ၍ ကုန်နိုင်မည်မထင်ပါ။ ဆရာတော်၏ ကျော်ဇောထင်ရှား ဂုဏ်သတင်းများကား ရက်လနှစ်များ ကျော်လွန်သွားသည်နှင့်အမျှ ပိုမိုလန်းဆန်း သာလွန်ကျော်ကြားနေမည်သာ ဖြစ်ပါပေတော့သည်တကား။

■ **အသျှင်ပညာဝံသ**

♦ ♦ ♦

http://www.dhammadownload.com



ပြည်တွင်းသာသနာပြု ရေပင်နီး

အောင်သင်း

ကျွန်တော် ဤဆောင်းပါးကိုရေးရာတွင် ရှင် မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့၏ အဆုံးအမကို အလေးအနက်ရှိသေသောအားဖြင့် ရေးခြင်းဖြစ်ပါသည်။

ရှင်မဟာသီလဝံသ၏ 'ပါရာယန' ဝတ္ထုကို ကျွန်တော် တက္ကသိုလ်ကျောင်းသားအဖြစ်လည်း သင်ယူ ခဲ့ရပါသည်။ ဆရာအဖြစ်လည်း ပို့ချခဲ့ရပါသည်။ ကျွန် တော့်ရင်ထဲတွင် ထိခိုက်မိသော ဇာတ်ကွက်ကလေး တစ်ခုကို တင်ပြချင်ပါသည်။ ရှင်သာရိပုတ္တရာအကြောင်း ဖြစ်ပါသည်။ ရှင်သာရိပုတ္တရာသည် ဆွမ်းခံထွက်လျှင် အခြားသံဃာတော်တွေထက် နောက်ကျလေ့ရှိပါသည်။အကြောင်းက ကျောင်း အာရာမ်တစ်ခွင် လှည့်လည် ကြည့်ရှုနေသောကြောင့် ဖြစ်ပါသည်။ ဟိုနား ဒီနား ဟိုကြိုးတန်း ဒီကြိုးတန်းတွင် သင်္ကန်းတွေတိုးလို့တွဲလဲ ဖရိုဖရဲဖြစ်နေသည်ကိုတွေ့လျှင် သူကိုယ်တိုင်

http://www.dhammadownload.com

သပ်ရပ်အောင် ပြင်ဆင်သည်။ ဤသို့လျှင် အမြင်မတော်တာ ဟူသမျှကို သုတ်သင်ရှင်းလင်းလေ့ရှိသည်။ လက်ယာတော်ရံကြီး၏ အကြောင်းပြချက်က ဤသို့သော အခြင်းအရာတို့ကို တစ်ပါးသော ဂိုဏ်းဝင်တို့မြင်သည်ရှိသော် ရှင်ဂေါတမ၏ တပည့်များသည် စည်းကမ်းမဲ့လေစွပဟု ဘုရားရှင်အား ခေါင်းတပ်ပြီး ကဲ့ရဲ့ကြလိမ့်မည်။ ထို့ကြောင့် ဤအမှုတို့ကို ငါပြု၏ဟု မိန့်တော်မူသည်။

သေချာစဉ်းစားကြည့်လိုက်လျှင် ရှင်သာရိပုတ္တရာသည် ခေါင်းဆောင်ကောင်းဖြစ်သကဲ့သို့ နောက်လိုက်ကောင်းလည်း ဖြစ်နေပြန်သည်။ လက်ျာရံဂိုယ်တော်ကြီးဖြစ်နေပါလျက် နောက်လိုက်သံဃာများအတွက် စိုးပြှတ်ပါလေအောင် ဤသို့သော သန့်ရှင်းသပ်ရပ်မှုကို သည်းခံကြီးပမ်းတော်မူသည်။ ထို့ကြောင့် ခေါင်းဆောင်ကောင်းဖြစ်သည်။

မိမိတို့သံဃာအများစု၏ စည်းကမ်းမဲ့မှုကြောင့် ဘုရားရှင်အား လူသူလေးပါးကဲ့ရဲ့စကား ဆိုကြမည်ကို စိုးရိမ်သည်။ ထို့ကြောင့် ဘုရားရှင်၏ နောက်လိုက်ကောင်းလည်း ဖြစ်ပါပေသည်။

ဤသို့သော အမှုကိုပြုခြင်းငှာ ဘုရားရှင်လက်ထက်မှာသာ တတ်နိုင်စကောင်းသည်မဟုတ်ပါ။ ယနေ့မျက်မှောက်ပဉ္စင်း၊ သာမဏေသံဃာတော်များသည် လည်း ခေါင်းဆောင်ကောင်း၊ နောက်လိုက်ကောင်းများ ဖြစ်နိုင်စကောင်းပါသည်။ ကျောင်းတိုက် ပဓာနနာယကဆရာတော်၏နောက်လိုက်ကောင်း ဖြစ်သကဲ့သို့ ပဉ္စင်းငယ်, သာမဏေငယ်, ကျောင်းသားငယ်တို့၏ ခေါင်းဆောင်ကောင်းဖြစ်အောင်လည်း ကြိုးစားသော် ဖြစ်နိုင်စကောင်း ပါသည်။ ပညာအရာတွင် တေဒဂ်ရသော လက်ျာရံဂိုယ် တော်ကြီးပင်လျှင် မိမိဂိုယ်ကို နှိမ့်ချသည်းခံလျက် ခေါင်းဆောင်ကြီးဘုရားရှင်၏ ကျေးဇူးကို ဆောင်ပေတကားဟု နှလုံးသွင်းလိုက်လျှင် အလွန်ကြည်နူးစရာကောင်းသော လုပ်ငန်းကြီးတစ်ခု ဖြစ်လာပါလိမ့်မည်။

ဘုရားအလိုတော်ကျအောင်

ယခုအခါ ပြည်ပသာသနာပြုရဟန်းတော်များ အတော်လေးများပြားစွာ ပေါ်ပေါက်လာပါသည်။ အလွန်ဝမ်းမြောက်စရာကောင်းလှပါသည်။ သို့သော် ပြည်တွင်းဌာလည်း သာသနာပြုရန် လိုသေးသည်ဟု ထင်ပါသည်။ သာသနာသန့်စင်ရေးပင် ဖြစ်ပါသည်။ သာသနာသန့်စင်ရေးဆိုသောကြောင့် အလဇ္ဇိရဟန်းများအား သာသနာ့ဘောင်မှ ထုတ်ပယ်ရေးကို ဆိုလိုသည်ဟု မထင်စေလိုပါ။

'သာသနာ'ဆိုသည်မှာ 'အဆုံးအမ'ပင်ဖြစ်ပါသည်။ ဆိုကြပါစို့၊ မင်္ဂလသုတ်သည်ပင် ဘုရားသခင်၏ အဆုံးအမပင် ဖြစ်ပါသည်။ လူလောကတွင် နေတတ် ထိုင်တတ်ရန်လည်း ဆုံးမသည်။ သံသရာမှ လွတ်မြောက်ကြောင်း အတွက်ကိုလည်း ဆုံးမသည်။

မင်္ဂလသုတ်ကို အပြစ်ပြောစရာတစ်ကွက်မရှိအောင် ပြီးပြည့်စုံသော အဆုံးအမ ဒေသနာတော်ဟု ပညာရှိများ မိန့်ကြားကြပါသည်။ ကမ္ဘာ့စာပေ မြန်မာ့စာပေကို နှံ့စပ်သော ပညာရှိကြီးများက မင်္ဂလသုတ်နှင့် လောကနီတိလောက် ကောင်းမွန်ပြည့်စုံသော လူမှုရေးစာပေမရှိဟုပင် ဆိုကြပါသည်။

ထိုစာပေကို ပရိတ်ကြီး (၁၁)သုတ်တွင် ထည့်လိုက်သောအခါ မင်္ဂလသုတ်မှာ 'မင်္ဂလာဂါထာမန္တရား'လို ဖြစ်လာတော့သည်။ ကျင့်သုံးကြရမည့်တရားမှာ 'အကျင့်'သို့ မရောက်တော့ဘဲ 'အရွတ်'မှာသာ ရပ်တန့်နေတော့သည်။ မြန်မာဗုဒ္ဓဘာသာတွေကို ပဋိပတ္တိကမ္မဋ္ဌာန်းပြဆရာတော်များက ''ရုပ်–နာမ်–ထိ–သိ–သတိ'' စသည်အားဖြင့် လက်တွေ့စခန်းတွင် ထိန်းသိမ်းသင်ကြားပေးတော်မူကြပါသည်။ ပရိယတ္တိဆရာတော်များကလည်း မင်္ဂလသုတ်ကဲ့သို့သော ဒေသနာတော်များကို ပရိတ်ရွတ်ရုံသက်သက်မဟုတ်ဘဲ ကျင့်ရမည့်တရား၊ လိုက်နာရမည့်တရားအဖြစ် ချဲ့ကား၊ ထွင်ကာ၊ သာဓကပုံပြင်များစွာနှင့် ကြားနာသူသဒ္ဓါပေါက်လာအောင် ဟောနိုင်ပြောနိုင်မှသာလျှင် ဘုရားရှင်၏ အလိုတော်ကျ ဖြစ်လိမ့်မည်ဟု ထင်မိပါသည်။

ကောက်ကာင်ကာ မင်္ဂလသုတ်တစ်ခုကို သာလျှင် ဖော်ပြလိုက်ရသော်လည်း အခြားအခြားသော အလားတူ သုတ္တန်ဒေသနာပေါင်းများစွာ ရှိနေသေးသည်ကို ပိဋကတ်မြန်မာပြန်ကို ဖတ်ဖူးသူတိုင်း သိကြပါသည်။

ထိုကဲ့သို့ ဒေသနာများကို ပရိသတ်ကျယ်ကျယ် ဝင့်ဝင့်သာဘောပေါက်လာအောင် ကြိုးပမ်းတော်မူ ကြလျှင် ပြည်တွင်းသာသနာပြုရာရောက်သည်ဟု ယူဆမိပါသည်။

ခရစ်ယာန်တို့၏ ပြည်ပသာသနာပြု

ခရစ်ယာန်သာသနာပြုတို့သည် ပြည်ပနယ်စိမ်းပယ်စိမ်းများသို့ စွန့်စွန့်စားစား သွားရောက် သာသနာပြုကြသည်။ ထိုနယ်စိမ်း,ပယ်စိမ်းများရှိ လူစိမ်း,သူစိမ်းများ၏ ဘာသာစကား, ယဉ်ကျေးမှု, ထုံးတမ်းစဉ်လာတို့ကို

http://www.dhammadownload.com

ဆစ်ဆစ်ဖုဖု လေ့လာဆည်းပူးသည်။ စိတ်ဇွဲကြီးစွာ ပြင်းပြင်းထန်ထန်ကြိုးပမ်း သည်။ ထိုနယ်ပယ်ရှိ လူအများ ကို အကူအညီပေးနိုင်ရန် ကျန်း မာရေးပညာ၊ စိုက်ပျိုးရေးပညာ၊ မွေးမြူရေးပညာတို့ကို လေ့လာ ဆည်းပူးထားသည်။ ပြည်ပသာသနာပြုအတွက်အဘက်ဘက်က ပြည့်စုံနေအောင် ပြင်ဆင်လာခဲ့ကြသည်။ မြင်သာ,ထင်သာ ရှိလှသော အချက်တစ်ခုကို တင်ပြရပါမည်။



ခရစ်ယာန်ဘာသာသို့ ဝင်လာသူများအား ဘုရားကျောင်းတွင် တရားဟောရင်း ကျန်းမာရေးပညာရေးတို့ပါ ထည့်သွင်းဟောပြောသည်။ ကျေးရွာတွင် ဟိုဟို ဒီဒီသွားလာရင်း သန့်ရှင်းမှုအကြောင်းကို သွန်သင်အကြံ ဉာဏ်ပေးခြင်းပြုသည်။ မွေးမြူရေး၊ စိုက်ပျိုးရေးကစလို့ အကြံဉာဏ်ပေးသည်။ ကျေးရွာခရစ်ယာန်ဘုန်းတော်ကြီးက သူ မတတ်စွမ်း နိုင်လျှင် နောက်တစ်ဆင့် ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်တို့ထံမှ အကြံဉာဏ်ယူသည်။

ကွာခြားလာပုံ

သည်တော့ အားမနာတမ်းပြောကြရမည် ဆိုလျှင် ဗုဒ္ဓဘာသာကျေးရွာနှင့် ခရစ်ယာန်ကျေးရွာ သန့်ရှင်းမှု၊ သပ်ရပ်မှု၊ ကျန်းမာရေးနှင့် ညီညွတ်မှု စသည်တို့တွင် သိသိသာသာကြီး ကွာခြားလာသည်။ ဗုဒ္ဓဘာသာကျေးရွာက နေမှု,ထိုင်မှု အဆင့်နိမ့်သည်။


ကြက်၊ ဝက်စသည်တို့ကို မွေးကြတာချင်းတူလျှင် ကြက်ခြံ၊ ဝက်ခြံတို့၏ သန့်ရှင်းမှုတွင် ခရစ်ယာန်ကျေးရွာများက ပိုမိုသန့်ရှင်းသပ်ရပ်လျက် စနစ်ကျသည်။

ကျွန်တော်က စာပေဟောပြောပွဲနှင့် ပတ်သက်ပြီး မြန်မာပြည် အနှံ့အပြားရောက်လေတော့ ဤကွာခြားချက်တွေကို သတိပြုမိခဲ့သည်။ သက်ဆိုင်ရာခရစ်ယာန်ဘာသာရေး ခေါင်းဆောင်တွေကိုလည်း သတိပြုမိခဲ့သည်။

သူတို့သည် ဗုဒ္ဓဘာသာဝင် မဟုတ်ကြ။ ရှင်သာရိပုတ္တရာဆိုတာကို ကြားဖူးချင်မှ ကြားဖူးလိမ့်မည်။ သို့သော် ရှင်သာရိပုတ္တရာ၏လမ်းစဉ်ကို လိုက်လျက် ခေါင်းဆောင်ကောင်း နောက်လိုက်ကောင်းဖြစ်အောင် ကြိုးပမ်းနေကြသည်ဟု ခံစားမိပါသည်။


■ **အောင်သင်း**

♦ ♦ ♦



http://www.dhammadownload.com

ပရိယတ္တိအရေး



ဒေါက်တာနန္ဒသေနာလင်္ကာရ

မြန်မာနိုင်ငံ အတိုင်းအတာနဲ့ကြည့်မယ်ဆိုရင် ပုဂံခေတ်မှစလို့ မျက်မှောက်ခေတ်ကာလတိုင်အောင် နိုင်ငံအဝှမ်းမှာ ပရိယတ္တိစာသင်တိုက်တွေ တည်ရှိလာခဲ့ကြတာကို သတိပြုနိုင်ပါတယ်။ ပရိယတ္တိစာသင်တိုက်တွေရဲ့ တူညီတဲ့ လက္ခဏာကိုကြည့်ရင် ဦးစီးဦးဆောင်ပြုကြတဲ့ မထေရ်မြတ်များဟာ စာသင်သား တပည့်တွေဆီက အဖိုးအခ တစ်ပြားတစ်ချပ်မှမယူဘဲ ပရိယတ္တိစာပေတွေကို အပင်ပန်းခံပြီး သင်ကြားပို့ချဟောကြားတော်မူကြတာ၊ စာသင်သားတပည့်တွေရဲ့ စားရေးဝတ်ရေး နေထိုင်ရေးမှစလို့ အစစအရာရာကို မေတ္တာစေတနာအပြည့်နဲ့ စောင့်ရှောက် ဆောင်ရွက်ပေးကြတာကို တွေ့နိုင်ပါတယ်။

စာသင်သား ငါးဆယ်၊ တစ်ရာ၊ ငါးရာ၊ တစ်ထောင်စသည် လက်ခံပြီး ပညာသင်ပေးရုံသာမက စားရေး ဝတ်ရေးစသည်တွေကိုပါ စောင့်ရှောက် ဖြေရှင်းပေးရတဲ့ကိစ္စဟာ အလွန်တာဝန်ကြီးမားလှပါတယ်။ ဒီလောက် ပင်ပန်းပြီး တာဝန်ကြီးမားလှတဲ့ကိစ္စရပ်ကို စာသင်တိုက်တည်ထောင်တော်မူကြတဲ့မထေရ်မြတ်တွေဘာကြောင့် ကြည်ကြည်ဖြူဖြူနဲ့ လုပ်နေကြရသလဲတွေးစရာ စဉ်းစားစရာပါ။ ဒီမထေရ်မြတ်တွေဟာ ဒီကိစ္စရပ်တွေကို တစ်စုံတစ်ယောက်ရဲ့ အတင်းအကြပ်ခိုင်းစေမှု၊ သွေးဆောင်မှုစသည်တွေကြောင့် မဟုတ်ဘဲ ဘုရားဟောတရားတော်များ မပျောက်မပျက် တည်တံ့ထွန်းကားရေးဆိုတဲ့ အသိကြောင့် လုပ်ဆောင်နေကြတာသာ ဖြစ်ပါတယ်။

သာသနာတော်သုံးရပ်မှာ ပရိယတ္တိဟာ ပဓာနအကြောင်းတရားဖြစ်ပါတယ်။ ပရိယတ္တိရှင်သန်အားကောင်းပါမှ ပဋိပတ္တိဆိုတဲ့ ကျင့်စဉ်တွေ၊ ပဋိဝေဓဆိုတဲ့ ကျင့်တဲ့အလျောက် ထိုးထွင်းသိမြင်မှုတွေ ရှင်သန်တည်တံ့နိုင်မှာ ဖြစ်ပါတယ်။ ဒီတော့ ပရိယတ္တိအားကောင်းရေးဟာ မရှိမဖြစ် လိုအပ်လှပါတယ်။ ဒီသဘောကို သိမြင်တော်မူကြလို့ မထေရ်မြတ်တွေဟာ မိမိတို့ကိုယ်တိုင်လည်း ပရိယတ္တိကျွမ်းကျင်အောင် သင်ယူ လေ့လာတော်မူကြပြီး တပည့်စာသင်သားများကိုလည်း သင်ကြားပို့ချပေးတော်မူနေကြတာ ဖြစ်ပါတယ်။

ဘုရားဟော တရားတော်တွေကို ပြဆိုခဲ့သလို အမြတ်တနိုးထားပြီး သင်ယူပို့ချလာခဲ့ကြပေမဲ့ မျက်မှောက်ကာလမှာတော့ အချို့ချို့စာသင်ငယ်တွေကို သံသယဖြစ်စေတဲ့ ကိစ္စရပ်တွေပေါ်နေပါတယ်။ အဲဒါကတော့ အချို့ပုဂ္ဂိုလ်တွေရဲ့ ဝေဖန်ပစ်ပယ်ရေးသားချက်ပါပဲ။ အထူးသဖြင့် အနောက်တိုင်းပညာရှင်လို့ အမည်ခံသူတစ်ချို့ရဲ့ ဝေဖန်ရေးသားချက်တွေဖြစ်ပါတယ်။

http://www.dhammadownload.com

ဒီလို ခိုင်လုံတဲ့အထောက်အထားတွေရှိလို့ပဲ ပရိယတ္တိဝန်ဆောင်မထေရ်မြတ်များက ပရိယတ္တိအပေါ် အမြင်ရှင်းကြပါတယ်။ သံသယကင်းကြပါတယ်။ အမြတ်တနိုးတန်ဖိုးထားကြပါတယ်။ တိမ်မြုပ်ကွယ်ပျောက်မသွားအောင် အပင်ပန်းခံပြီး သင်ကြားပို့ချပေးကြပါတယ်။ ဒါကြောင့်လည်း ယနေ့တိုင်အောင် ရှင်သန်တည်တံ့နေတာဖြစ်ပါတယ်။

အဲဒီပုဂ္ဂိုလ်တွေကို သံယောင်လိုက်ပြီး ပြည်တွင်း မှာလည်း အချို့အချို့ပုဂ္ဂိုလ်တွေ ဝေဖန်ထိပါးပြီး ရေးသား ကြ ပောပြောကြတာကို တွေ့နေရပါတယ်။

အဲဒီပုဂ္ဂိုလ်တွေအကြောင်းပြတာက ပထမသံဂါ ယနာကို ဘီစီ–၄၈၃–ခန့်၊ ဒုတိယသံဂါယနာကို ဘီစီ–၃၈၃–ခန့်၊ တတိယသံဂါယနာကို ဘီစီ–၂၄၇–ခန့်၊ စတုတ္ထသံဂါယနာကို အေဒီ–၁၀၀–ခန့်မှာ ပြုလုပ်ခဲ့ကြ တယ်။ သံဂါယနာတင်ရတဲ့ အဓိကအကြောင်းကို ကြည့် ရင်လည်း ဂိုဏ်းဂဏကွဲတွေပေါ်ထွက်လာလို့ အယူဝါဒ ကွဲတွေ ရောနှောဝင်ရောက်လာလို့ဆိုတဲ့အချက်ကိုတွေ့ နိုင်တယ်။ ပြီးတော့ ပဌမသံဂါယနာကနေ စတုတ္ထ သံဂါယနာတိုင်အောင် နှစ်ပေါင်း လေးရာကျော်ကာလ အတွင်းမှာ စာပေအရေးအသားနဲ့ မှတ်တမ်းတင်ခဲ့တာ မဟုတ်ဘဲ အာဂုံဆောင်အဖြစ်နဲ့ ဆောင်ရွက်ခဲ့ကြတာ ဖြစ်တယ်။ ပြီးတော့ စတုတ္ထသံဂါယနာနဲ့ ပဉ္စမသံဂါယနာ နှစ်ပေါင်းနှစ်ထောင်မျှကွာခြားတယ်၊ ဒီကာလအတွင်း စာပေအရေးအသားနဲ့ ဆောင်ရွက်ခဲ့ကြတာဖြစ်ပေမဲ့ နေရာဒေသကွဲပြားမှု၊ ဂိုဏ်းဂဏကွဲပြားမှုတွေကြောင့် ပြင်ပ အယူဝါဒတွေ ဝင်ရောက်ရောနှောလာတယ်။ ဥပမာ အားဖြင့် သုတ္တန်ပိဋကထဲက အချို့သုတ်တော်တွေ၊ ဝိနယ ပိဋကထဲက အချို့ကျမ်းနှင့် အဘိဓမ္မာပိဋကဟာ ဘုရား ဟောမဟုတ်ဘူး စသည်ဖြင့် ဝေဖန်ထိပါး ရေးသားချက် တွေဖြစ်ပါတယ်။ ဒီဝေဖန်ချက်တွေကို ကြည့်ပြီး စာသင် အရွယ် ဉာဏ်နုနယ်သူများအဖို့ ပရိယတ္တိနဲ့ပတ်သက်လို့ သံသယစိတ်တွေ ဖြစ်ပေါ်နိုင်ပါတယ်။

ဒီကိစ္စအတွက် ဝေဖန်ထိပါး ရေးသား ပြောဆို သူတွေမှာ အဓိကအားနည်းချက်တစ်ခုရှိပါတယ်။ အဲဒါ ကတော့ ပရိယတ္တိဝန်ဆောင်မထေရ်မြတ်များရဲ့ အသိဉာဏ်စွမ်းအားကို မသိနိုင် မခန့်မှန်းနိုင်တဲ့အချက် ပါပဲ။ မထေရ်မြတ်တွေကို သူလိုငါလို သာမန်အမြင်နဲ့ ရှုမြင်သုံးသပ်လို့မို့ ဖြစ်ရတဲ့ကိစ္စပါ။

ပထမသံဂါယနာကနေ စတုတ္ထသံဂါယနာ တိုင်အောင် ပရိယတ္တိကို ဦးဆောင်ဦးရွက်ပြုခဲ့ကြတဲ့ မထေရ်မြတ်တွေရဲ့ အရည်အချင်းကို ပြဆိုထားတဲ့ ဂုဏ် ပုဒ်တွေ စာပေမှာ အထင်အရှားရှိပါတယ်။ ဂုဏ်ပုဒ်အချို့ ကို ထုတ်ပြရရင် ''တိပိဋကဓရ = ပိဋကတ်သုံးပုံဆောင်၊ ပဋိသမ္ဘိဒါပတ္တ= ပဋိသမ္ဘိဒါဉာဏ်လေးပါးကိုရသူ၊ တေဝိဇ္ဇ= ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသူ''စသည်တွေ ဖြစ်ပါတယ်။ အဲဒီထဲက ပဋိသမ္ဘိဒါပတ္တ–ဆိုတဲ့စကားကိုပဲ လေ့လာ ကြည့်ရအောင်။

ပဋိသမ္ဘိဒါလေးမျိုးရှိပါတယ်။ အတ္ထပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါ၊ နိရုတ္တိပဋိသမ္ဘိဒါ၊ ပဋိဘာန ပဋိသမ္ဘိဒါ–တို့ ပါပဲ။

အဲဒီထဲက အတ္ထပဋိသမ္ဘိဒါဆိုတာ အကြောင်း တရားကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားတွေကို ထူးထူးခြားခြား ကွဲကွဲပြားပြား သိတဲ့ ဉာဏ်ပါ။ အဲဒီ အကျိုးတရားတွေထဲမှာ ပြောဆိုလိုက်တဲ့ ဘာသာစကား ရဲ့ အနက်အဓိပ္ပါယ်ကို သိမြင်မှုလည်းပါဝင်ပါတယ်။ ဒါကြောင့် အတ္ထပဋိသမ္ဘိဒါဉာဏ်ကိုရတဲ့ပုဂ္ဂိုလ်ဟာ ဘုရားဟောတရားတော်တွေရဲ့ အနက်အဓိပ္ပါယ်ကို ထူးထူးခြားခြား နားလည်သိမြင်သူဖြစ်ကြောင်း တွေ့နိုင် ပါတယ်။

ပြီးတော့ ဓမ္မပဋိသမ္ဘိဒါ –

ဓမ္မပဋိသမ္ဘိဒါဆိုတာ အကျိုးတရားတွေကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရားတွေကို ထူးထူးခြားခြား သိမြင်တဲ့ဉာဏ်ပါ။ အဲဒီအကြောင်းတရားတွေထဲမှာ ဘာသာစကား သိမြင်တတ်ကျွမ်းမှုလည်းပါဝင်ပါတယ်။ ဒါကြောင့် ဓမ္မပဋိသမ္ဘိဒါဉာဏ်ကိုရတဲ့ပုဂ္ဂိုလ်ဟာ ပါဠိ ဘာသာနဲ့ပတ်သက်လို့ ထူးထူးခြားခြား ကျွမ်းကျင်သူ ဖြစ်ကြောင်း တွေ့နိုင်ပါတယ်။

နိရုတ္တိပဋိသမ္ဘိဒါဆိုတာ ပြဆိုခဲ့တဲ့ အတ္ထဓမ္မနဲ့ ပတ်သက်လို့ အနက်အဓိပ္ပါယ်မှန် မမှန်၊ သဒ္ဒါဖွဲ့စည်းမှု မှန်မမှန်စသည်တွေကို ထူးထူးခြားခြား နားလည်သိမြင် တဲ့ဉာဏ်ပါ။ ဒါကြောင့် နိရုတ္တိပဋိသမ္ဘိဒါကိုရသူဟာ

http://www.dhammadownload.com

ဘုရားဟောစကားတော် ဟုတ်,မဟုတ်၊ မှန်,မမှန်၊ အနက်အဓိပ္ပါယ် ကွဲလွဲမှုရှိ,မရှိစသည်တွေကို ထူးထူးခြားခြား နားလည်သိမြင်သူဖြစ်ကြောင်း တွေ့နိုင်ပါတယ်။

ပဋိဘာန ပဋိသမ္ဘိဒါဂတော့ အတ္ထ,ဓမ္မ,နိရုတ္တိ ကိစ္စရပ်တွေမှာ အကျဉ်းမျှ အရိပ်အမြွက်မျှကိုပင် အကျယ်ချဲ့ထွင်ပြီး သုံးသပ်သိမြင်နိုင်တဲ့ဉာဏ်ပါ။ဒါကြောင့် ပဋိ ဘာန ပဋိသမ္ဘိဒါဉာဏ်ကိုရတဲ့ပုဂ္ဂိုလ်ဟာ ဘုရားဟောတရားတော်နဲ့ပတ်သက်လို့ လေ့လာတဲ့အခါ အပိုအလိုရှိ,မရှိ၊ အတိမ်းအစောင်းရှိ မရှိ၊ အကျယ်ချဲ့ထွင် ဝေဖန်နိုင်သူ ဖြစ်ကြောင်း တွေ့နိုင်ပါတယ်။

ဒီတော့ နှစ်ပေါင်းလေးရာကျော်အတွင်း ပြုလုပ်ခဲ့တဲ့ သံဂါယနာကိစ္စတွေမှာ ပဋိသမ္ဘိဒါပတ္တမထေရ်မြတ်များ ဦးဆောင်ခဲ့တာကြောင့် ရောနှောမှုရှိမရှိ ဘုရားဟော ဟုတ်မဟုတ်နဲ့ ပတ်သက်လို့ သံသယဖြစ်စရာ အထူးနည်းပါးလှပါတယ်။

စတုတ္ထသံဂါယနာပြီးတော့ ပဉ္စမ ဆဋ္ဌသံဂါယနာ အခြေအနေကို ကြည့်ကြဦးစို့။

ပဉ္စမနှင့် ဆဋ္ဌသံဂါယနာတင်မထေရ်မြတ်တွေရဲ့ ဂုဏ်ပုဒ်တွေကို ပြဆိုရာမှာ ပဋိသမ္ဘိဒါပတ္တလို့ပြဆိုထားတာမတွေ့ရပေမဲ့ ပရိယတ္တိမှာ အထူးကျွမ်းကျင်တော်မူကြတဲ့ မထေရ်မြတ်များဖြစ်ကြောင်း အထောက်အထားတွေရှိပါတယ်။ ပြီးတော့ ဒီမထေရ်မြတ်တွေဟာ မိမိတို့သဘော မိမိတို့အယူအဆနဲ့ အတည်ပြုဆုံးဖြတ်ခဲ့ကြတာမဟုတ်ပါဘူး။ သုတ္တန်ဝိနည်း အဘိဓမ္မာတွေကို စစ်ဆေးတဲ့အခါ ဘုရားရှင်ညွှန်ကြားတော်မူခဲ့တဲ့ မူကို အသုံးပြုပြီး ရောနှောမှုရှိမရှိ ဟုတ်မဟုတ် မှန်,မမှန် စစ်ဆေးဆုံးဖြတ်ခဲ့ကြတာပါ။

ဘုရားရှင်ညွှန်ကြားတော်မူခဲ့တဲ့မူက

(၁) တရားတော်တစ်ပုဒ်ကို ဘုရားရှင်ဆီက တိုက်ရိုက်နာကြားခဲ့၊ မှတ်သားခဲ့ရတာပါလို့ တစ်စုံတစ်ယောက် အဖွဲ့တစ်ဖွဲ့က ပြောဆိုလာကြမယ့် အဲဒီစကားကို ချက်ချင်းလက်မခံဘဲ အဲဒီတရားကို ဝိနည်းဒေသနာနည်း၊ သုတ္တန် အဘိဓမ္မာဒေသနာနည်းတွေနဲ့ နှိုင်းယှဉ်သုံးသပ်ရပါတယ်။ ဝိနည်းဒေသနာနည်း သုတ္တန် အဘိဓမ္မာဒေသနာနည်းတွေနဲ့ မညီရင် လက်မခံရပါဘူး။ အားလုံးနဲ့ ညီညွတ်မှသာ ဘုရားဟောတရားဖြစ်ကြောင်း လက်ခံရပါတယ်။

(၂) ယုံကြည်အားထားလောက်တဲ့ သံဃာများထံမှ နာယူမှတ်သားခဲ့တာပါလို့ ပြောဆိုလာပေမဲ့ ချက်ချင်းလက်မခံရပါဘူး။ ပြဆိုခဲ့တဲ့ ဝိနည်း သုတ္တန် အဘိဓမ္မာဒေသနာနည်းတွေနဲ့ နှိုင်းယှဉ်သုံးသပ်ရပါတယ်။ အဲဒီနည်းတွေနဲ့ သုံးသပ်လို့ညီညွတ်မှသာ လက်ခံရပါတယ်။ မကိုက်ညီရင် လက်မခံရပါဘူး။

(၃) ကျမ်းတတ်ပေတတ် မထေရ်မြတ်များဆီက နာယူမှတ်သားခဲ့တာပါလို့ ပြောဆိုလာပေမဲ့ ချက်ချင်းလက်မခံရပါဘူး။ ပြဆိုခဲ့တဲ့နည်းတွေနဲ့ ညှိနှိုင်းသုံးသပ်ရပါတယ်။ ညီညွတ်မှသာ လက်ခံရပါတယ်။ မညီညွတ်ရင် လက်မခံရပါဘူး။

(၄) ကျမ်းတတ်ပေတတ်မထေရ်တစ်ပါးဆီက နာယူမှတ်သားခဲ့တာပါလို့ ပြောဆိုလာပေမဲ့ ချက်ချင်းလက်မခံရပါဘူး။ ပြဆိုခဲ့တဲ့နည်းတွေနဲ့ ညှိနှိုင်းလို့ ညီညွတ်မှသာ လက်ခံရပါတယ်။ မညီရင်လက်မခံရပါဘူးဆိုတဲ့ မူလေးချက်ဖြစ်ပါတယ်။


သံဂါယနာတင်မထေရ်မြတ်တွေဟာ ဒီ မူလေးချက်ကို မဏ္ဍိုင်ပြုပြီး တရားတော်တစ်ပုဒ်ချင်းကို စစ်ဆေးသုံးသပ်တော်မူကြပါတယ်။ မူနဲ့ညီညွတ်မှသာ လက်ခံအတည်ပြုခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် ပရိယတ္တိတရားတော်တွေဟာ မျက်မှောက်ခေတ်ပုဂ္ဂိုလ်အချို့ ဝေဖန်ပစ်ပယ်ကြသလို အထိန်းအကွပ်မဲ့ရပ်တည်လာခဲ့တာမဟုတ်ဘူး။ စည်းမဲ့ကမ်းမဲ့ အရောရောအနှောနှောရပ်တည်လာခဲ့တာမဟုတ်ဘူးဆိုတာ ထင်ထင်ရှားရှားတွေ့နိုင်ပါတယ်။

ဒီလို ခိုင်လုံတဲ့အထောက်အထားတွေရှိလို့မို့ ပရိယတ္တိဝန်ဆောင်မထေရ်မြတ်များက ပရိယတ္တိအပေါ် အမြင်ရှင်းကြပါတယ်။ သံသယကင်းကြပါတယ်။ အမြတ်တနိုးတန်ဖိုးထားကြပါတယ်။ တိမ်မြုပ်ကွယ်ပျောက်မသွားအောင် အပင်ပန်းခံပြီး သင်ကြားပို့ချပေးကြပါတယ်။ ဒါကြောင့်လည်း ယနေ့တိုင်အောင် ရှင်သန် တည်တံ့နေတာဖြစ်ပါတယ်။ အဲဒါကြောင့်မို့ မျက်မှောက်ကာလ စာသင်ငယ်များလည်း ပုဂ္ဂိုလ်အချို့ရဲ့ ဝေဖန်ထိပါးမှုကို အာရုံမစိုက်ဘဲ တရားတော်များကို မြတ်နိုးစိတ် ကြွရှည်တည်တံ့လိုစိတ်ပြင်းပြစွာဖြင့် လေ့လာသင်ယူကြရန် အထူးလိုအပ်ကြောင်း တင်ပြလိုက်ရပါတယ်။

■ **အရှင်နန္ဒသေနာလင်္ကာရ**

♦ ♦ ♦

http://www.dhammadownload.com



လင်းလက်နေသော ကြယ်တစ်ပွင့်

ဒေါက်တာ သီလဝံသ(မဂဓ၊ အိန္ဒိယ)

ညနေ ၆ နာရီထိုးပြီးနောက် နေမင်းကြီး၏ တာဝန်ကုန်ဆုံးသွားသည်။ ကြယ်တာရာနက္ခတ်များ၏ အလင်းရောင်ဖြင့် ကမ္ဘာကို အလင်းဓာတ်တစ်ဖန် ပေးကြသည်။ ထိုကြယ်တာရာများသည် မိမိတို့ အလင်းစွမ်းအား ရှိသလောက် ကမ္ဘာသူကမ္ဘာသားများအတွက်ထွန်းတောက်ပေးကြသည်။ အလင်းရောင်ပေးကြသည်။ ထိုအထဲတွင် သောကြာကြယ်၏ အလင်းရောင်သည် ကမ္ဘာသူ ကမ္ဘာသားများ သတိထားမိလောက်အောင်ပင် ထွန်းတောက်ပနေသည်။ နေမင်း၊ လမင်းပြီးလျှင် အတောက်ပဆုံး၊ လူသိအများဆုံးသော ကြယ်တစ်ပွင့် ဖြစ်သည်။

ရွှေရတုမွေးနေ့ အရှင်သုစိတ္တာဘိဝံသသည် စစ်တွေမြို့ သဒ္ဓမ္မဂရု (ပုသိမ်)ကျောင်းတိုက်မှ ထွက်ပေါ်လာသော ကြယ်ပွင့်များထဲမှ အလင်းလက်ဆုံးသော ကြယ်တစ်ပွင့်ပင် ဖြစ်သည်။ ထိုကျောင်းတိုက်မှ သာသနာ့အာဏာနည်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနေသည်မှာ ရွှေရတုနှစ်ကိုပင် ကျော်လွန်၍ လာခဲ့ပေပြီ။ သာသနာ့ကြယ်ပွင့်လေးများသည်လည်း နိုင်ငံအနှံ့ ကမ္ဘာအနှံ့တွင် ပျံ့နှံ့၍ မိမိတို့စွမ်းဆောင်နိုင်သမျှ သာသနာ့တာဝန်များကို ထမ်းဆောင်လျက် ဗုဒ္ဓသာသနာတော်ကြီးကို အဝန်ရှည်တည်တံ့အောင် ဆောင်ရွက်ကာ လင်းလက်နေကြသည်။

ထိုသို့ ဆောင်ရွက်နေကြရာတွင် ကိုယ်ကျိုးမဖက်ခြင်း, လျင်မြန်ဖျတ်လတ်ခြင်း, ခံနိုင်ရည်ရှိခြင်း, ရဲရင့်ခြင်း စသည့် အရည်အချင်းများနှင့်ပြည့်စုံပြီး ဗုဒ္ဓသာသနာတော်ကြီး အဝန်ရှည်တည်တံ့ဖို့ရန်အတွက် မိမိတွင်လည်း တာဝန်ရှိသည်ဟု မှတ်ယူကာ အလိုတော်ပြည့်, ဓမ္မာစရိယတက္ကသိုလ်ကြီးကို တည်ထောင်ဖွင့်လှစ်ပြီး နောင်အနာဂတ်သာသနာကို ပခုံးပြောင်းထမ်းဆောင်ကြမည့် သာသနာ့အာဏာနည်ကြယ်ပွင့်လေးများကို မွေးထုတ်ပေးနေသော သောကြာကြယ် အရှင်သုစိတ္တာဘိဝံသ၏ ရွှေရတု အသက် (၅၀)ပြည့်မွေးနေ့တွင် စာရေးသူအနေနဲ့ တစ်ခန်းတစ်ကဏ္ဍပါဝင် ရေးသားရန် တိုက်တွန်းလာသဖြင့် မွေးနေ့ရှင်ကိုယ်တိုင် ပြောပြသော အကြောင်းအရာများထဲမှ တစ်ချို့ကို ရေးသားဖော်ပြလိုက်ပေသည်။

သောကြာကြယ် အရှင်သုစိတ္တာဘိဝံသသည် စစ်တွေမြို့ သဒ္ဓမ္မဂရု (ပုသိမ်)ကျောင်းတိုက်တွင် ငယ်, လတ်,ကြီး အခြေခံအဆင့်ကို သင်ကြားအောင်မြင်ခဲ့ သည်။ ဆရာသမားဖြစ်သော ဆရာတော် ဘဒ္ဒန္တဂရုဝံသ ထေရ်သည် ပုသိမ်မြို့ စက်တော်ရာ တောင်ပေါ်ကျောင်းတိုက်ကို တည်ထောင်ပြီး သာသနာပြုလုပ်ငန်းကို စတင်ခဲ့သည်။ ၎င်းနောက်တွင် စစ်တွေမြို့၊ သဒ္ဓမ္မဂရု (ပုသိမ်)ကျောင်းတိုက်ကို တည်ထောင်ပြီး သာသနာ့အာဏာနည်များကို မွေးထုတ်ပေးနေသည်။ ထိုတပည့်များထဲတွင် သောကြာကြယ် အရှင်သုစိတ္တာဘိဝံသသည်

http://www.dhammadownload.com

အတောက်ပဆုံးသော ကြယ်တစ်ပွင့်ပင်ဖြစ်သည်။

ထိုသို့ တောက်ပလာအောင် မွမ်းမံပြင်ဆင်ပေးကြသော ပုဂ္ဂိုလ်များထဲတွင် စစ်တွေမြို့၊ သဒ္ဓမ္မဂရ (ပုသိမ်)ဆရာတော်ကြီး ဘဒ္ဒန္တဂရုဝံသထေရ်သည်လည်း အဓိက အခန်းကဏ္ဍက ပါဝင်ခဲ့သည်။

ဆရာတော်ကြီး၏ ဆုံးမမှုနှင့် ဩဝါဒများသည် ရွှေရတုမွေးနေ့ရှင်ဖြစ်သော အရှင်သုစိတ္တာဘိဝံသ၏ဘဝကို အတိုင်းအတာတစ်ခုထိ အကျိုးသက်ရောက်နိုင်ခဲ့သည်။ မွေးနေ့ရှင်၏ဘဝကို မတိမ်းမစောင်းရလေအောင် ထိန်းသိမ်းပေးနိုင်ခဲ့သည်ဟု ယုံကြည်နေသည်။

မွေးနေ့ရှင်ကိုယ်တိုင်ပြောပြသော ဆရာတော်ကြီးဘဒ္ဒန္တဂရုဝံသထေရ်၏ ဩဝါဒများကို စာဖတ်သူများမှတ်သားနိုင်ကြစေရန်နှင့် အတုယူလိုက်နာနိုင်ကြစေရန် ရည်ရွယ်၍ ဤဆောင်းပါးဖြင့် ဖော်ပြလိုက်သည်။

(က) ငါ့ရှင်တို့ သာသနာဆိုတာ အဆုံးအမဩဝါဒကို ဆိုလိုသည်၊ သာသနာငါးထောင် မြင့်ခေါင်ရှည်ကြာတည်နေပါမည်ဟုဆိုရင်ငြားသော်လည်း၊ ဒေသအလိုက်၊ ပုဂ္ဂိုလ်အလိုက်တည်၍ မိမိကိုယ်တိုင် ကြိုးစားအားထုတ်မှု၊ လိုက်နာကျင့်သုံးမှုမရှိလျှင် ထိုဒေသ ထိုပုဂ္ဂိုလ်တွင် သာသနာကွယ်နေပြီဟုပင် မှတ်ယူရမည်။

သာသနာဝန်ထမ်းပြုလုပ်လိုလျှင် သာသနာ့တာဝန်ကို မိမိက ထမ်းဖို့ရာသာ သာသနာက မိမိရဲ့စားဝတ်နေရေးတာဝန်ကို ထမ်းဆောင်ရခြင်းအဖြစ်မျိုးနှင့် သာသနာ့ဝန်ထမ်းအမည်ကို မခံကြပါနဲ့။

(ခ) သာသနာ့ဝန်ထမ်းဟူသမျှ လက်ကိုင်ထားရမည့် အကြီးဆုံးသော လက်နက်ကား သည်းခံမှု၊ ဇွဲလုံလရှိမှု၊ ခံနိုင်ရည်ရှိမှုတို့ပင် ဖြစ်သည်ဟု မှတ်ယူပြီးလျှင် ပြဿနာအရပ်ရပ်နဲ့ တွေ့ကြုံလာတိုင်း သည်းခံမှုခန္တီအင်အားစုဖြင့် တွန်းလှန်တိုက်ဖျက်ကြပါ။

(ဂ) သူတစ်ပါးအတွက် သာသနာပြုလုပ်ငန်းကို မပြုလုပ်မီ မိမိကိုယ်ကို မိမိ ပြုပြင်ပြီးမှ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ကြပါ။ သို့မဟုတ်ပါက ပွေးညှင်းတွေနဲ့ ခန္ဓာတစ်ကိုယ်လုံးပြည့်နေသော သူက ပွေးညှင်းကို ကုသပါတယ်ဟု ပြောနေသည်နဲ့ တူနေမည် ဖြစ်သည်။

(ဃ) သာသနာပြုလုပ်ငန်းကိုကြိုးပမ်းဆောင်ရွက်ရာတွင် ပရိယတ္တိသာသနာကို အားသွန်ခွန်စိုက် ဆောင်ရွက် အားထုတ်ကြရမည်ဖြစ်သလို ပဋိပတ္တိသာသနာကိုလည်း ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမည်ဖြစ်သည်။ ယနေ့တိုင်အောင် သာသနာအလင်းရောင် ထွန်းပြောင်နေခြင်းသည် အရှင်မဟာကဿပ, အရှင်ဥပါလိ, အရှင်အာနန္ဒာတို့မှစ၍ ပခုံးပြောင်းတာဝန်ကို လက်ဆင့်ကမ်းဆောင်ရွက်လာခဲ့ကြသောကြောင့် ဖြစ်သည်ဟု နှလုံးသွင်းပြီး၊ အာစရိယပရမ္မရ သာသနာ့လက်ဆင့်ကမ်းပုံကို လိုက်နာကြပါ။

(င) ဗုဒ္ဓမြတ်စွာသည် သာသနာကွယ်ကြောင်းတရားကို ဟောကြားခဲ့ရာတွင် 'စာပေမသင် နူတ်တွင်မဆောင်ပြန့်အောင်မလုပ် သာသနာ့အမွေလက်ငုတ်ကို မထမ်းဆောင်ကြခြင်း'သည် အဓိကလိုရင်းဖြစ်သည်ဟု မှတ်ယူထားကြပါ။

(စ) သာသနာတော်မြတ်ကို ထမ်းဆောင်ရာတွင် စွမ်းအားမရှိပါက အကျင့်မြတ်ပဋိပတ်ကို အဓိကထား၍ ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါ။

(ဆ) သာသနာတော်၏ စည်ပင်ပြန့်ပွားတိုးတက်ခြင်းသည် သဒ္ဓါတရားပေါ်တွင် အများဆုံးတည်၏။ မိမိကိုယ်တိုင်လည်း သဒ္ဓါမာတ်၊ သဒ္ဓါတရားရှိရှိ၊ ယုံကြည်မှုအပြည့်အဝရှိကြပါစေ၊ ဒကာ ဒကာမများ အားလည်း သဒ္ဓါတရားပွားများလာအောင် ကြည်ညိုဖွယ်ဆောင်လျက် သီလ သိက္ခာ ကျင့်ဝတ် အဖြာဖြာနှင့် မကင်းကွာစေဘဲ နေထိုင်ကြပါ။

(ဇ) စာပေပရိယတ်ဟူသည် အကျင့်စခန်း ရတနာသိုက်ကိုဖော်ပြသော ညွှန်းတမ်းဖြစ်ရကား အညွှန်းကို ဖတ်၍ ရတနာသိုက်အရပ်ရပ်ကိုလည်း တူးဖော်သည့်အလား ကိုယ်ကျင့်တရားနဲ့လည်း မကင်းကွာကြစေနဲ့။

သစ်ပင်တစ်ပင်ကိုကြည့်သောအခါ အမြစ်ပိုင်း, ပင်စည်ပိုင်း, အကိုင်းအခက်ပိုင်းဟူ၍ သုံးပိုင်းပါဝင်သလို လူဘဝတွင်လည်း ကိုယ်ကျင့်တရားပိုင်း၊ အသိပညာအတတ်ပညာပိုင်း၊ ရာထူးဂုဏ်သိမ်စည်းစိမ်ဥစ္စာပိုင်းဟူ၍ အပိုင်းသုံးပိုင်းပါဝင်၏။ သစ်ပင်တွင် အမြစ်ပိုင်းပျက်စီးသွားပါက ကျန်သော ပင်စည်ပိုင်းနှင့် အကိုင်းအခက်ပိုင်းတို့သည် ဘာမျှ အသုံးမကျဘဲ ထင်းခြောက်ပမာသာဖြစ်၏။ ထို့အတူ လူဘဝတွင်လည်း ကိုယ်ကျင့်တရားပိုင်းပျက်စီးသွားပါက ကျန်သော အသိပညာ အတတ်ပညာပိုင်း၊ ရာထူးဂုဏ်သိမ် စည်းစိမ်ဥစ္စာပိုင်းတို့သည် အလွန်ကြောက်စရာကောင်းသော လောကဓ၏ အဆိပ်များသာဖြစ်သည်။

(ဈ) ပညာတတ်၊ဗဟုသုတပြည့်စုံသော အရှင်မြတ်ဖြစ်ရန်အရေးကြီးသည်၊ ကြိုးစားမှုရှိသူတို့အတွက် အလှမ်းမဝေး၊ မခက်ခဲပါ၊ အကျင့်သိက္ခာသီလသည်သာ

http://www.dhammadownload.com

သစ်ပင်တစ်ပင်ကိုကြည့်သောအခါ အမြစ်ပိုင်း, ပင်စည်ပိုင်း,အကိုင်းအခက်ပိုင်းဟူ၍ သုံးပိုင်းပါဝင်သလို လူ့ဘဝတွင်လည်း ကိုယ်ကျင့်တရားပိုင်း၊ အသိပညာအတတ်ပညာပိုင်း၊ ရာထူးဂုဏ်သိမ်စည်းစိမ်ဥစ္စာပိုင်းဟူ၍ အပိုင်းသုံးပိုင်းပါဝင်၏။ သစ်ပင်တွင် အမြစ်ပိုင်းပျက်စီးသွားပါက ကျန်သော ပင်စည်ပိုင်းနှင့် အကိုင်းအခက်ပိုင်းတို့သည် ဘာမျှ အသုံးမကျဘဲ ထင်းခြောက်ပမာသာဖြစ်၏။

လိုရင်းအနှစ်သာရ ဥစ္စာဖြစ်သဖြင့် စာရိတ္တ,ဝါရိတ္တ ထိုနှစ်ဝဖြင့် ပြည့်စုံစွာ နေထိုင်ကြပါ။

(ည) ကျေးဇူးတရားကို သိတတ်ခြင်း၊ ထုတ်ဖော်ပြောကြားခြင်း တတ်နိုင်သမျှ ကာယကံမြောက် ပူဇော်ခြင်းသည် သူတော်ကောင်းစင်စစ် ကောန်ဖြစ်သည်ဟူသော ဒေသနာတော်အတိုင်း အနန္တဂိုဏ်းဝင်ကျေးဇူးရှင် ပုဂ္ဂိုလ်များအား ဝပ်တွားခယကျေးဇူးဆပ်မှုကို ပြုလုပ်ကြပါ။

(ဋ္ဌ) သာသနာ့ဝန်ထမ်းရဟန်းသံဃာအချင်းချင်း ဖြစ်စေ၊ ဒါယကာ ဒါယိကာမများ လာရောက်ဖူးမျှော်ရာဌဖြစ်စေ အကြည်ညိုပျက်စေမည့် ဝတ်ရုံ နေထိုင်မှု အမူအရာမျိုး အလျဉ်းမပြုကြဘဲ ကြည်ညိုလေးစားနိုင်အောင် ဝတ်ရုံနေထိုင်ပြောဆိုကြပါ။

(ဌ) သာသနာ့ဝန်ထမ်းရှင်ရဟန်းတို့ ကောန် ထမ်းဆောင်ရမည့် တာဝန်ကြီးနှစ်ရပ်ရှိရာ စာပေကျမ်းဂန်သင်အံပို့ချမှု ဂန္ထဓုရတာဝန်ကို အချိန်ရှိခိုက်ကြိုးစားသင်ယူကြပါ ပို့ချကြပါ တရားနှလုံးသွင်းမှု ဝိပဿနာဓုရတာဝန်ကိုလည်း လက်မလွှတ်ကြစေနဲ့ သို့မှသာ ဗုဒ္ဓအလိုတော်ကျသော ရှင်ရဟန်းကောင်း ရှင်ရဟန်းမြတ် ဖြစ်ကြပေလိမ့်မည်။ ဤသည်မှာ ရွှေရတုမွေးနေ့ရှင် အရှင်သုစိတ္တာဘိဝံသ၏ အမြတ်တနိုးသိမ်းဆည်းထားသော ပုသိမ်ဆရာတော်ကြီး ဘဒ္ဒန္တဂရုဝံသထေရ်၏ ဩဝါဒများပင်ဖြစ်သည်။ ဤဩဝါဒများသည် မွေးနေ့ရှင်၏ ဘဝကိုတောက်ပအောင် အတိုင်းအတာတစ်ခုထိ ကူညီပံ့ပိုးနိုင်သည်ဟု ယုံကြည်ယူဆနေသည်။

ထို့ကြောင့်ပင် ဆရာတော်ကြီးများ၏ဩဝါဒများကို မှတ်သားထားခြင်းလိုက်နာခြင်း, ဖြန့်ဖြူးခြင်းဖြင့် လောက၏အလှတရားကို တန်ဆာဆင်ကြရသည်။ ''သက်ကြီးစကား၊ သက်ငယ်ကြား''ဟူသော မြန်မာဝေါဟာရစကားအတိုင်း ဗဟုသုတကြွယ်ဝကြသော ဆရာတော်ကြီးများ၏ ဆိုဆုံးမသြဝါဒစကားများသည် မျိုးဆက်သစ်လူငယ်များအတွက် အတုယူစရာ လိုက်နာစရာများပင် ဖြစ်သည်။

လူ့ဘဝတစ်ခု အောင်မြင်ဖို့ဆိုရာဝယ် အတိတ်ပါရမီကံရယ်၊ ကြိုးစားမှုဝီရိယအပြင် ကလျာဏမိတ္တခေါ် ဆရာသမားကောင်းမှီဝဲဆည်းကပ်မှုသည်လည်း အလွန်ပင် အရေးကြီးလှပေသည်။

မွေးနေ့ရှင် အရှင်သုစိတ္တာဘိဝံသသည် အရေးပိုင်မင်း ဦးမြထွန်းအောင်၏ မြေးအဖြစ် မွေးဖွားလာခြင်းဖြင့် အတိတ်ပါရမီကံကောင်းသူဖြစ်သည်။သာမဏေဘဝဖြင့် အကြီးတန်းအောင်မြင်ပြီး သကျသီဟ,သဒ္ဓမ္မပါလ,အစိုးရဓမ္မာစရိယများကို အောင်မြင်အောင် ကြိုးစားခြင်းဖြင့် ဝီရိယနှင့် ပညာအရာတွင် အဓိပတိအဖြစ် ဆောင်ရွက်နိုင်ခဲ့သည်။

''ကိုယ်တည်းတစ်ယောက်၊ ချမ်းသာရောက်ဖို့ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး'' ဆိုသည့်အတိုင်း ကိုယ်တိုင် ပြည့်စုံပြီးနောက် တစ်ပါးသူများလည်း ပြည့်စုံလာအောင် ပါရမီဖြည့်ရန်ရည်ရွယ်၍ ကျမ်းများပြုစုခြင်း၊ နှစ် (၂၀) ကျော်တိုင် ငယ်,လတ်,ကြီး ဓမ္မာစရိယတန်း စာဝါများကို မစိုးရိမ်တိုက်သစ်တွင်လည်းကောင်း၊ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်တွင်လည်းကောင်း ပို့ချပေးလာခဲ့သည်မှာ အသက် (၅၀)ပြည့် ရွှေရတုနှစ်သို့တိုင် ရောက်လာခဲ့ပြီး ဓမ္မာစရိယကျမ်းပြီးတပည့်ပေါင်း (၅၀၀) ကျော်တို့ကိုလည်း မွေးထုတ်ပေးနိုင်ခဲ့သည်။

ဤသို့ဖြင့် ပရိယတ္တိသာသနာနယ်ပယ်တွင် ထင်ရှားကျော်ကြားနေသော ရွှေရတုမွေးနေ့ရှင်၏ တောက်ပ လင်းလက်နေသော ဂုဏ်သတင်းများသည် စိန်ရတု, ပတ္တမြားရတုမှ နောက်နှစ်ပေါင်းများစွာတိုင် ကျော်ဇောပျံ့နှံ့နေဦးမည်မှာ အမှန်ပင်ဖြစ်သည်။


■ ဒေါက်တာသီလဝံသ

(မဂဓ၊ အိန္ဒိယ)

♦ ♦ ♦

http://www.dhammadownload.com

ဆရာတော်နှင့် သာသနာပြုစိတ်ဓာတ်





အရှင်သူရိယ (စစ်တွေ)

ကမ္ဘာဘာသာရေးတိုင်း၌ ခံယူချက်၊ ယုံကြည်ချက်အမျိုးမျိုး ရှိကြ၏။

ဘာသာအယူဝါဒတစ်ခုကို သက်ဝင်ယုံကြည်ကိုးကွယ်ဆည်းကပ်ရာ၌ ထိုဘာသာ၏ ဘာသာရေးအနှစ်သာရများနှင့် ယုံကြည်ချက်၊ ဦးတည်ချက်တို့ကို ကျကျနနသိရှိစေရန် လေ့လာသင်ယူသင့်၏။ ဗုဒ္ဓဘာသာဝင်တို့သည် ''ငှက်ပျောပင်စိုက်၊မိလိုက်ဘပါ'' ဟူသော စကားကဲ့သို့ မိရိုးဖလာ ဘာသာရေးအဆင့်နှင့် ကျေနပ်မနေသင့်၊ ဗုဒ္ဓဘာသာ၏ ဘာသာရေး အနှစ်သာရများကို တကယ်သိ၊ ဉာဏ်သိ၊ ဖြစ်အောင် ကျင့်ကြံအားထုတ်ဖို့ လိုအပ်သည်။

ဗုဒ္ဓဘာသာ၏ ယုံကြည်ချက်၊ ဦးတည်ချက်၊ ရည်မှန်းချက် ပန်းတိုင်တို့ကို မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်တုန်းကပင် ဟောကြားခဲ့ပည်တ်ထားခဲ့ပြီးဖြစ်ပါ သည်။ ထို တရားတော်များကို ပိဋကအားဖြင့် သုံးပုံ၊ နိကာယ်အားဖြင့် ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် (၈၄၀၀၀) ဟု ခေါ်၏။ ယင်းဓမ္မများကို သိရှိ,လိုက်နာ,ကျင့်သုံးနိုင်ရန်အတွက် ''ယထာဘူတံ ဉာဏာယ သတ္တာ ပရိယေသိတဗ္ဗာ''ဟူသော မြတ်ဗုဒ္ဓ၏တိုက်တွန်းတော်မူချက်အရ ဆရာကောင်းလိုအပ်သည်မဟုတ်ပါလော၊ ဆရာကောင်းဖြစ်ရန်မှာလည်း မြတ်ဗုဒ္ဓဟောကြားခဲ့သော ပရိယတ္တိဓမ္မများကို ကျွမ်းကျင်တတ်မြောက်ရန် လိုအပ်သည်။

စာရေးသူတို့၏ ဆရာအရှင်သည် မြတ်ဗုဒ္ဓ ဟောကြား,ပညတ်ခဲ့သော ပရိယတ္တိဓမ္မတို့ကို မိမိကိုယ်တိုင်လည်း သိအောင်,တတ်အောင် သင်ယူခဲ့၊ ကြိုးစားအားထုတ်ခဲ့၏။ မိမိသိရှိ တတ်မြောက်ထားသော ပရိယတ္တိဓမ္မ, အသိပညာများကို အနာဂတ်ရှင်ငယ်, ရဟန်းငယ်များနှင့် ဗုဒ္ဓဘာသာဝင်တို့ သိရှိ၊ တတ်မြောက်ကျင့်ကြံအားထုတ်နိုင်စေရန် ရည်သန်တောင့်တလျက် ဓမ္မာစရိယသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း။ ဝါတွင်းကာလ အထူးဓမ္မသဘင်များ ဆင်ယင်ကျင်းပခြင်း၊ အခါအားလျော်စွာ ပြင်ပဓမ္မသဘင်များ၌ ဓမ္မအသိပညာများ ဖြန့်ဝေ, ဟောကြားပို့ချခြင်းတို့ဖြင့် သာသနာတော်အတွက် အစွမ်းကုန်ဆောင်ရွက်သာသနာပြုနေသည်ကို ဒိဋ္ဌမျက်မြင်အားဖြင့် တွေ့ရှိနေရပေသည်။

ဆရာတော် အရှင်သူမြတ်၏ သာသနာပြု

http://www.dhammadownload.com

စိတ်ဓာတ်,ယုံကြည်ချက်, ခံယူချက်, ဦးတည်ချက်များနှင့် ပတ်သက်ပြီး ဩဝါဒကထာမိန့်ကြားလေ့ရှိသည်မှာ **''ကိုယ့်မှာရှိတဲ့ အရည်အသွေး, အရည်အချင်းများနှင့် ကိုယ့်ဘာသာ, ကိုယ့်သာသနာ အမြဲတိုးတက်, ပြန့်ပွားစေရမယ်၊ ကိုယ်တစ်ယောက်ရှိနေခြင်းကြောင့် ဘယ်တော့မှ ကိုယ့်ဘာသာ, ကိုယ့်သာသနာ ဂုဏ်သိက္ခာ မည်ှိုးနွမ်းစေရဘူး''** ဟူ၍ ဖြစ်၏။

ဆရာတော် အရှင်သူမြတ်၏ သာသနာပြု စိတ်ဓာတ်, ယုံကြည်ချက်တို့ကို တပည့်များနှင့် အခြားသော သူတို့ကိုလည်း ဒီအတိုင်း ဖြစ်စေချင်၊ ကျင့်သုံးစေချင်သည်မှာ ဆရာတော်၏ စစ်မှန် မွန်မြတ်သော ဆန္ဒတော်ပင်ဖြစ်သည်။

နိုင်ငံတိုးတက်ရေး၌ လည်းကောင်း၊ သာသနာတော် ကြီးပွားတိုးတက်ပြန့်ပွားရေး၌လည်းကောင်း၊ လူငယ်,ရှင်ငယ်,ရဟန်းငယ်များ **''ပညာပြည့်ဝ၊ နှလုံးလှ၍ စွမ်းရည်မျိုးစုံ၊ ကြွယ်ဝကုန်''**မှ အနာဂတ် နိုင်ငံတာဝန်၊ သာသနာ့တာဝန်တို့ကို ဦးစီးပဲ့ကိုင် ပြုလုပ် ဆောင်ရွက်ရာ၌ ကျရောက်ဖွယ်တွင် စွမ်းစွမ်းတမံ ဆောင် ရွက်နိုင်မည်ဖြစ်၏။ ယနေ့လူငယ်, ရှင်ငယ်, ရဟန်းငယ် များသည် နောင်တစ်ခေတ်၏ သားကောင်းရတနာများ ဖြစ်ကြသည်။ နောင်တစ်ချိန် ခေါင်းဆောင်ကောင်းများ ဖြစ်ရန်အတွက် **''အတော်ဆုံးခေါင်းဆောင်သည် အကောင်းဆုံးနောက်လိုက်မှလာသည်''**ဟူသော စကားကို လိုက်နာ၊ ကျင့်သုံး၊ သင့်လှုပေသည်။

ဗုဒ္ဓဘာသာဝင်တို့သည် စစ်မှန်သော ကိုးကွယ်ဆည်းကပ်မှုဖြစ်ဖို့အတွက် ပရိယတ်၊ ပဋိပတ် စွမ်းရည်ပြည့်ဝသော သာသနာပြုပုဂ္ဂိုလ်များကို မှီဝဲ ဆည်းကပ်ဖို့လိုသည်။ ဗုဒ္ဓဘာသာဝင်ဟု ခံယူထားပါ လျက် ကိုးကွယ်, ယုံကြည်မှု လွဲမှားစွာဖြင့် စစ်မှန်သော သာသနာပြု လုပ်ငန်းများ၌ မချီးမြှောက် မထောက်ပံ့ဘဲ အတုအယောင်များကို ချီးမြှောက်နေလျှင် သာသနာ ပြုရာမရောက်ဘဲ၊ သာသနာတော်အတွက် ဆူးငြောင့် ခလုတ်ပင် ဖြစ်ပေမည်။

အချို့က ပြောကြသေး၏။ ''ပဋိကတ်တော်ကို သူရဿတီနတ်သမီးကပင် စောင့်ရှောက်နေသည်။ သူရဿတီနတ်သမီးကို ရုပ်ပုံထုလုပ်၍ဖြစ်စေ၊ ပန်းချီရေးဆွဲ၍ဖြစ်စေ ကိုးကွယ်ထားလျှင် မိမိတို့လည်း ပိဋကတ်တော်ကို စောင့်ရှောက်ရာရောက်၏။ ပရိယတ္တိသာသနာတော်ကိုလည်း တည်တံ့အောင် ပြုလုပ်ပြီးဖြစ်၏'' ဟု စဉ်းစားဆင်ခြင်မှုမရှိဘဲ၊ အကြောင်း အကျိုးမဆန်းစစ်တော့ဘဲ ထင်ရာစိုင်း၍ မှားယွင်းစွာ ပြောဆိုယုံကြည်နေကြသည်မှာ သာသနာတော်အတွက် ရင်လေးစရာ အမှန်ပင် ဖြစ်သည်။

ဆရာတော်သည် ဗုဒ္ဓဘာသာဝင်များ မြတ်ဗုဒ္ဓ ဆုံးမ ဩဝါဒနှင့်အညီ နေထိုင်ကျင့်သုံးနိုင်ပြီး စစ်မှန်သော ဓမ္မလမ်းကြောင်းပေါ်သို့ ရောက်ရှိဖို့အတွက် အခါအခွင့် သင့်တိုင်း ဟောကြားဆုံးမတော်မူသည်။ ဗုဒ္ဓဘာသာဝင်များတို့သည် ဘာသာရေးနှင့်ပတ်သက်ပြီး၊ ခိုင်မြဲသော သဒ္ဓါ၊ မှန်ကန်ဖြောင့်မတ်သောဆုံးဖြတ်မှု၊ အကြောင်းအကျိုးတို့ကို စဉ်းစား၊ ဝေဖန်၊ ဆုံးဖြတ်၍ လက်ခံကျင့်သုံးရန် လိုအပ်သည်။ မိမိ၏အရည်အချင်း၊ အစွမ်းသတ္တိ၊ ဉာဏ်ရည်၊ ဉာဏ်သွေးများကို ယုံကြည်အားကိုး၍ မိမိတွင် ရှိထားသော အရည်အသွေး၊ စွမ်းရည်သတ္တိ တို့ကို အသုံးတည့်အောင် အသုံးချတတ်ဖို့ လိုအပ်သည်။ လုပ်သလိုမဖြစ်လျှင် ဖြစ်သလိုလုပ်ရမည်၊ နေသလို ဖြစ်သော ဘဝမှာ ဖြစ်သလိုမနေကြဘဲ **''မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား''** ဟူသော ဩဝါဒကထာကို နှလုံးသွင်း, ကျင့်သုံး, လိုက်နာ ပြီး မှန်ကန်သော ဓမ္မလမ်းကြောင်းပေါ်သို့ လျှောက် လှမ်းနိုင်ဖို့ လိုအပ်ပေသည်။

လူငယ်များ၏ စိတ်သည် ဖြူစင်၏၊ တက်ကြွ၏၊ နိုးကြား၏။ သိလိုစိတ်များ၏၊ မှတ်သားလွယ်၏၊ မိဘဆရာစကားကို ယုံကြည်၏။ ဆရာတော်သည် ဘာသာရေးနှင့် ပတ်သက်၍ လူငယ်များ၏ သိလိုစိတ်, စူးစမ်းလိုစိတ်, ကျင့်ကြံအားထုတ်လိုစိတ်တို့ကို အထူးအားပေးတော်မူ၏။ ဆရာတော်ကို ကိုးကွယ်ဆည်းကပ်ကြသော ပုဂ္ဂိုလ်များနှင့် လူငယ်များ၏ ဘာသာရေးနှင့် ပတ်သက်၍ မေးမြန်းလျှောက်ထားသည်ကို အကြောင်းအရာလိုက်၍ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းစုံညှိပြီး မေးမြန်းလျှောက်ထားသော ပုဂ္ဂိုလ်များ ကျေနပ်အားရအောင် ဖြေကြား, ဟောကြားပေးလေ့ရှိ၏။ လူငယ်များ၏ ဘာသာရေးနှင့်ပတ်သက်ပြီး သိလိုစိတ်, ကျင့်လိုစိတ်တို့ဖြင့် မေးမြန်းလျှောက်ထားသည်ကို အမြဲလက်ခံ ကြိုဆို၏။ မေးမြန်းလျှောက်ထားသော ပုဂ္ဂိုလ်များကို ဆရာတော် မိန့်ကြားလေ့ရှိသည်မှာ **''ဘယ်အယူအဆမျိုးကိုမဆို တထစ်ကျမမှတ်ယူကြနှင့်၊ မြတ်ဗုဒ္ဓ၏ဓမ္မပေတံဖြင့် တိုင်းတာပြီးမှယူရမည်၊ ပိုလျှင်နှုတ်၊ လိုလျှင် ဖြည့် စွက်၍ ကျင့်သုံး၊ လိုက်နာရမည်''**ဟူ၍ပင် ဖြစ်ပေသည်။

အနာဂါတ် သာသနာတော်အတွက် ပရိယတ်၊

http://www.dhammadownload.com

ပဋိပတ်အရည်အချင်း ပြည့်ဝသော သာသနာပြု ရဟန်းတော်များဖေါ်ထွန်းဖို့အတွက် ဆရာတော်ကို မှီခိုဆည်းကပ်ကြသော တပည့်ပရိသတ်များတို့ကို ဆရာတော်ဘုရား ကိုယ်တိုင် အပင်ပန်းခံကာ စစ်မှန်သော သဒ္ဓါ၊ ထက်သန်သောစေတနာဗလဝတို့ဖြင့် ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူ၏။ သက်ဆိုင်ရာစာချုပ်ဂျိုလ်များကိုလည်း အသီးသီး သင်ကြားပို့ချစေတော်မူ၏။ ပရိယတ္တိအရည်အချင်းပြည့်ဝသော ပုဂ္ဂိုလ်များဖြစ်မှ အနာဂါတ်သာသနာ့တာဝန်ကို ဗုဒ္ဓအလိုတော်ကျ ကျေပွန်စွာ ထမ်းဆောင်နိုင်သော သာသနာပြုပုဂ္ဂိုလ်များ ဖြစ်နိုင်မည်ဖြစ်သည်။

ဗုဒ္ဓသာသနာတော်စည်ပင် ပြန့်ပွားတိုးတက်ရေးတွင် ဆရာဘက်ကချည်းလည်း မဆောင်ရွက်နိုင်၊ ဒကာဘက်ကချည်းလည်း မဆောင်ရွက်နိုင်၊ ''**ဆရာ ဒကာ၊ ဤနှစ်ဖြာလျှင်၊ သာသနာအကျိုး၊ စည်ပင် ဖြိုးဖို့၊ သယ်ပိုးရွက်ချီ၊ ချင်းချင်းမှီလျက်၊ ကိုယ်စီ ကြိုးပမ်း၊ တာဝန်ထမ်းမည်၊ နိဗ္ဗာန်ရွေပြည်၊ တိုင်အောင်တည်း**'' ဆိုသည့်လက်ဘအတိုင်း မြတ်ဗုဒ္ဓသာသနာတော် ရေရှည်တည်တံ့၍ တိုးတက်ပြန့်ပွားအောင် သာသနာပြုရာတွင် ဆရာ+ဒကာ လက်တွဲ ညီကြဖို့လိုသည်။ ဟန်ချက်ညီ၊ သဒ္ဓါ၊ ဆန္ဒစသည်တို့ တူညီမှုရှိရပေမည်။ ဆရာနှင့်ဒကာတို့ နှစ်ဦးနှစ်ဘက် ညီညွတ်စွာ ပေါင်းဖက်ဆောင်ရွက်ကြမှသာလျှင် သာသနာ ရှည်ကြာ တည်တံ့နိုင်ပြီး၊ တိုးတက်ပြန့်ပွားစည်ပင် နိုင်မည် ဖြစ်ကြောင်းကို မြတ်ဗုဒ္ဓကိုယ်တော်တိုင် **သာဂါရာ အနာဂါရာစ၊ ဥဘော အညောညနိဿိ တာ။ အာရာဓယန္တ္ယ သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ။** ဟူသော ဂါထာတော်ဖြင့် ဟောကြားမိန့်မှာတော်ခဲ့သည်။


သံဃာတော်အရှင်မြတ်တို့သည် မြတ်ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်အခါမှစ၍ ယနေ့ထက်တိုင် ပရိယတ်၊ ပဋိပတ် သာသနာ့တာဝန်တို့ကို အဆင့်ဆင့် လက်ဆင့်ကမ်း သယ်ပိုးထမ်းဆောင်တော်မူကြ၏။ ရှေး သာသနာပြု မထေရ်မြတ်ကြီးတို့သည် ဆရာနှင့်ဒကာတို့ သာသနာပြုကြုံကို ရေနှင့်ကြာပမာ တင်စားခဲ့မြဲမံတော်မူခဲ့ကြ၏။ ကိုင်းကျွန်းပမာနှိုင်းယှဉ် ညွှန်ပြတော်မူကြသည်။ ဆရာသည် ကြာနှင့်တူမည်ဆိုလျှင် ဒကာ သည် ရေပမာဖြစ်သည်။ ဒကာသည် ကျွန်းပမာဖြစ်လျှင် ဆရာသည် ကိုင်းနှင့်တူကြပေလိမ့်မည်။ ရေမြင့်မှ ကြာတင့် သကဲ့သို့ ကြာတင့်သဖြင့်လည်း ရေမြင့်ကြောင်းကို သိနိုင်ပေသည်။

မြတ်ဗုဒ္ဓသည် သံသရာလွတ်မြောက်ရေးသို့ ဦးတည်သော သဗ္ဗညုတဉာဏ်ရှင်ပုဂ္ဂိုလ်ထူးဖြစ်၏။ အတ္တဟိတထက်၊ ပရဟိတကိုလိုလားတော်မူ၏။ ပရဟိတကို လိုလားတော်မူသောကြောင့် လက်တော်သို့ ရောက်လတ္တံ့သော နိဗ္ဗာန်ချမ်းသာကို မိမိတစ်ဦးတစ်ယောက်တည်းအတွက် မဖြစ်စေဘဲ ''**ငါ နိဗ္ဗာန်ချမ်းသာကို ခံစားရလျှင် သတ္တဝါတွေလည်း နိဗ္ဗာန်ချမ်းသာကို ခံစားစေရမည်။ ငါ သစ္စာတရားကိုသိလျှင် ဝေနယျများလည်း သစ္စာတရားကို သိစေရမည်။ ငါ သံသရာမှထွက်မြောက်လျှင် သတ္တဝါများလည်း သံသရာမှ ထွက်မြောက်စေရမည်**''ဟူသော ဆန္ဒတော်ဖြင့် ဘုရားဖြစ်ကြောင်းတရားတို့ကို ပါရမီဖြည့်ကျင့်ပြီး သံသရာမှ ထွက်မြောက်ကြောင်းတရားတို့ကို ရှာဖွေခဲ့၏။ မြတ်ဗုဒ္ဓ ရှာဖွေတွေ့ရှိခဲ့သော သံသရာမှ ထွက်မြောက်ကြောင်း ဖြစ်သည့် ''**အမြင်မှန်၊ အတွေးမှန်၊ အပြောမှန်၊ အလုပ်မှန် အသက်မွေးမှုမှန်၊ အားထုတ်မှုမှန်၊ အောက်မေ့မှုမှန်၊ ဆောက်တည်မှုမှန်**''ဟု ဆိုအပ်သော မဂ္ဂင်ရှစ်ပါးတရားတော်ကို ဟောကြားညွှန်ပြခဲ့၏။

ဆရာတော်အရှင်သူမြတ်၏ ယနေ့နှစ် (၅၀) ရွှေရတုခရီးကို ဖြတ်ကျော်လျှောက်လှမ်းလာခဲ့ရာ၌ ပန်းခင်းသောလမ်းဝယ် တေးသီ၍ ဖြတ်ကျော်လျှောက်လှမ်းလာခဲ့ရသည်တော့မဟုတ်ပါပေ။ ဆူးပြွန်းသော ခရောင်းလမ်းဝယ် အခက်အခဲမျိုးစုံ အနှောင့်အယှက်မျိုးစုံတို့ကို ယုံကြည်မှုသဒ္ဓါ၊ ခိုင်မာသော စိတ်ဓာတ်၊ တိကျပြတ်သားသော ခံယူချက်၊ ထက်သန်သော ဆန္ဒတို့ဖြင့် အားယူကြိုးပမ်း စွန့်စားအားထုတ်လာခဲ့ရ၏။ ယင်းသို့ နှစ် (၅၀) ရွှေရတုခရီးတိုင်အောင် ကြိုးပမ်းအားထုတ်သာသနာပြုလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ကြိုးပမ်းလုပ်ဆောင်တော်မူနိုင်ခြင်းအကြောင်းကို ရှာကြည့်လျှင် ဆရာတော်၏ ပါရမီဖြည့်ဖက်, သာသနာပြုဖက်, ပစ္စည်းလေးပါးဒါယကာ+ဒါယိကာမတို့လည်း အဓိက အခန်းကဏ္ဍမှ ပါဝင်နေ၏။ ဆရာတော် အရှင်သူမြတ်လို သာသနာပြု စွမ်းရည်ပြည့်ဝသော ပုဂ္ဂိုလ်ကို ချီးမြှောက်လှူဒါန်းခြင်းကြောင့် ဆရာတော်အရှင်သူမြတ်မှတစ်ဆင့် မျိုးဆက်သစ်သာသနာပြုပုဂ္ဂိုလ်များများမွေးထုတ်ပေးနိုင်ပြီး၊ သာသနာတော်ကို အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။

သာသနာ့ဦးစီးရှေ့ဆောင်ဖြစ်တော်မူသော အရှင်မဟာကဿပမထေရ်မြတ်ကြီးမှသည် ယနေ့ထက်

http://www.dhammadownload.com



တိုင် သက်တော်ထင်ရှားရှိတော်မူကြကုန်သော သာသနာ့ဦးဆောင် ဆရာတော်ကြီးများအထိဖြစ်သော သာသနာ့အစဉ်အတန်းကြီးကို အဆက်မပြတ် တွေ့မြင်ကြရမည်ဖြစ်ပေသည်။ တူညီသော ဝိနည်းလမ်းကြောင်းပေါ်မှာ တစ်ခုတည်းသော ရည်ရွယ်ချက်၊ ရှေးရှုဦးတည်ချက်တို့ကို ယုံကြည်မြတ်နိုးစွာဖြင့် ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ရပ်တည်ခဲ့ကြသည်ကို တွေ့မြင်နိုင်သည်၊ ပြန်လည်မှန်းဆကြည်ညိုနိုင်သည်၊ တိကျမှန်ကန်သော ဦးဆောင်မှုအောက်ဝယ်၊ ဖြောင့်တန်းညီညွတ်စွာ လိုက်ပါလာကြသော သာသနာ့ဝန်ဆောင် သံဃာတော် အရှင်သူမြတ်တို့ကိုလည်း အထင်အရှား မြင်နိုင်ကြည်ညိုနိုင်ကြသည်။

မြတ်ဗုဒ္ဓဟောကြားချမှတ်ခဲ့သော ဓမ္မလမ်းစဉ် ဘာသာရေးအသိတရားများကို ဗုဒ္ဓဘာသာဝင်တို့၏ နှလုံးသားအတွင်းသို့ စိမ့်ဝင်အောင်လုပ်နိုင်ဖို့လိုအပ်ပေသည်။ ဘာသာမြင့်မှ လူမျိုးအခြေမြင့်နိုင်မည်။ ဘာသာမြင့်အောင်လည်း ဗုဒ္ဓဘာသာဝင်တိုင်းက ကြိုးစားအားထုတ် လုပ်ဆောင် ကြဆသွားဖို့လိုအပ်သည်။ နိုင်ငံခြားသားများကိုယ်တိုင်က ဗုဒ္ဓဘာသာအခြေမြင့်နိုင်ရေးအတွက် ဘာသာစကားအသီးသီးဖြင့် လုပ်ဆောင်နေချိန်၊ မြန်မာပြည်သား ဗုဒ္ဓဘာသာဝင်များတို့သည် အိပ်မောကျမနေဖို့ လိုအပ်ပါသည်။ ကိုယ့်လူမျိုး အခြေမြင့်နိုင်ရေးအတွက် ဘာသာရေးဖြင့် ထိန်းကွပ်ပဲ့ကိုင် သင့်လှပေသည်။

ဆရာတော်အရှင်သူမြတ်သည် သာသနာပြု စိတ်ဓာတ် အလွန်ပြင်းပြတော်မူ၏၊ ယုံကြည်ချက်, ခံယူချက်, ဦးတည်ချက်ပန်းတိုင်သို့မရောက်ဘဲ ဘယ်တော့မှ အလျှော့မပေး၊ သာသနာတော်အရေးနှင့် ပတ်သက်လျှင် အမြဲတက်ကြွစွာဖြင့် ဆောင်ရွက်ပေးတော်မူ၏။

ဆရာတော်၏ သာသနာပြု စိတ်ဓာတ် ယုံကြည်ချက်၊ ခံယူချက်များနှင့်ပတ်သက်ပြီး ''မိမိဟာ သာသနာ့ဝန်ထမ်းရယ်လို့ အမည်ခံထားမှတော့ မိမိမှာ ရှိတဲ့ အရည်အချင်းနှင့် မိမိသာသနာအတွက် အလုပ်လုပ်ရတာမို့ ပင်ပန်းတယ်လို့ မယူဆပါဘူး၊ ဗုဒ္ဓသာသနာတော်နှင့် ကြုံကြိုက်မှ လုပ်ဆောင်ခွင့်ရတာမို့ ဘဝအဆက်ဆက်မှာ လုပ်ဆောင်ခွင့်မရနိုင်တဲ့ သာသနာပြုလုပ်ငန်းမျိုးကို ငါ လုပ်ဆောင်ခွင့်ရနေပါကလား၊ ပါရမီရှင်ပုဂ္ဂိုလ်များသာ ချီးမြှောက်ခွင့်ရတဲ့ ဗုဒ္ဓသာသနာတော်ကို သာသနာ့ ဝန်ထမ်းရှင်ရဟန်းအဖြစ်နှင့် ဓမ္မာနုဂ္ဂဟနည်းဖြင့် ငါ ချီးမြှောက်ခွင့်ရနေပါကလားလို့ မိမိလုပ်ငန်းများကို အာရုံပြုလိုက်တိုင်း ပီတိ,ပါမောဇ္ဇတွေဖြစ်ရပါတယ်''ဟု မိန့်ကြားတော်မူသည်မှာ ဆရာတော်၏ သာသနာပြုလုပ်ငန်းများနှင့် သာသနာပြုစိတ်ဓာတ်များကို ထင်ဟပ်ပေါ်လွင်စေသည်။

ဆရာများဖြစ်ကြသော သာသနာ့ဝန်ထမ်း သံဃာတော်အရှင်သူမြတ်တို့မှ ပရိယတ်၊ ပဋိပတ် သာသနာ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပြီး စစ်မှန်သော ဓမ္မာနုဂ္ဂဟနည်းဖြင့် ချီးမြှောက်ကြ၍၊ ဒါယကာ+ဒါယိကာမတို့ဘက်ကလည်း ဗုဒ္ဓသာသနာတော်နှင့် ကြုံကြိုက်မှ ပါရမီရှင်ပုဂ္ဂိုလ်တို့သာ ချီးမြှောက်ထောက်ပံ့ခွင့်ရသည့် ဗုဒ္ဓသာသနာတော်ကို ပစ္စယာနုဂ္ဂဟနည်းဖြင့် ငါတို့ချီးမြှောက် ထောက်ပံ့ခွင့်ရနေပါကလားဟူ၍ ယောနိသောမနသိကာရဖြင့် စစ်မှန်သော သာသနာပြုလုပ်ငန်းများကို ချီးမြှောက်ထောက်ပံ့ကြပြီး၊ ဆရာ, ဒကာလက်တွဲညီစွာဖြင့် သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်ကြမည်ဆိုလျှင် မြတ်ဗုဒ္ဓသာသနာတော်သည် အနှစ်များမြောင် နေအထောင်, လအထောင်ကဲ့သို့ တောက်ပထွန်းလင်းနေမည်သာ ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

■ **အရှင်သူရိယ** (စစ်တွေ)

♦ ♦ ♦

http://www.dhammadownload.com



ပရိယတ္တိ သူရဲကောင်း အာဇာနည်

မောင်ရင့်ကျူး (ငြိမ်းမြို့)

သာသနာတော်တွင် ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာ–ဟူ၍ သာသနာတော်သုံးရပ်ရှိ၏။ ပရိယတ္တိသာသနာသည် ပိဋကသုံးသွယ်၊ နိကာယ်ငါးရပ်၊ တရားမြတ်နှင့်၊ အဋ္ဌကထာ,ဋီကာ၊ အနု,မဓု, ဂဏ္ဌိမည်မှတ်၊ ကျမ်းဂန်အရပ်ရပ် ပရိယတ်မည်၏။ ပဋိပတ္တိသာသနာဟူသည် အဓိသီလ, အဓိစိတ္တ, အဓိပညာ–သိက္ခာသုံးရပ်အကျင့်မြတ်ဖြစ်၏။ ပဋိဝေဓသာသနာသည် မဂ်လေးပါး၊ ဖိုလ်လေးပါးနိဗ္ဗာန်ဟူသောကိုးပါးသော လောကုတ္တရာတရားမြတ်ဖြစ်၏။

သာသနာသုံးရပ်တွင် အခြေခံကျလှသည့် ပရိယတ္တိသာသနာထွန်းကားပြန့်ပွားရေးသည် လွန်စွာမှပင် အရေးကြီးလှပါသည်။ အဋ္ဌကထာဆရာများမိန့်ဆိုထားသည်မှာ **''ပရိယတ္တိ သာသနဿ မူလံ''** ပရိယတ္တိသည် သာသနာတော်၏ အမြစ်သဖွယ်ဖြစ်၏။ ပရိယတ္တိသာသနာသည် အရေးကြီးဆုံး ပဓာနမူလဘူတဖြစ်ကြောင်း သစ်ပင်ပျိုးသော ဥယျာဉ်မှူးသည်

၁။ အမြစ်

၂။ ပင်စည်,အကိုင်း,အခက်

၃။ အဖူး,အပွင့်,အသီး,အညွှန့်–သုံးဌာနတို့တွင် အမြစ်ကိုသာ ရေလောင်းဖို့ လိုသည်။ အမြစ်ကို ရေလောင်းလျှင် သုံးဌာနသည် ရှင်သန်ကြီးထွားမည်ဖြစ်ပေသည်။

ပရိယတ္တိသာသနာသည် သစ်ပင်၌အမြစ် (ရေသောက်မြစ်) နှင့်တူသည်။ ပဋိပတ္တိသာသနာသည် ပင်စည်လုံးပတ်,အကိုင်း,အခက်နှင့်တူသည်။ ပဋိဝေဓသာသနာသည် အသီးအပွင့်၊ အညွှန့်၊ အဖူးနှင့် တူပါသည်။ ပရိယတ္တိသာသနာတော်ကြီး စည်ပင်ကြီးထွားပြန့်ပွားစေရန် ရေသောက်မြစ်ကို ဂရုတစိုက် ရေမှန်မှန်လောင်းဖို့ လိုပါမည်။ ပရိယတ္တိသာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားမှသာလျှင် သာသနာတော်ကြီး နှစ်ပေါင်းငါးထောင်မက ရှည်ကြာထွန်းကားပါမည်။

ပစ္စည်းလေးပါး ထောက်ပံ့မည့်အလှူရှင် သာသနာ့နုဂ္ဂဟပုဂ္ဂိုလ်များသည် ရေသောက်မြစ်နှင့်တူသော ပရိယတ္တိသာသနာတော်ကို ချီးမြှောက်ထောက်ပံ့ရန် မျက်ခြည်မပြတ်ဖို့ လိုသည်။ အကြောင်းရင်းမူလ ပဓာနဖြစ်သော ပရိယတ္တိသာသနာတော်ကို ဒကာ+ဒကာမများသည် ပစ္စည်းလေးပါးတို့ဖြင့် အားပေးချီးမြှောက်မှသာ ပရိယတ္တိသူရဲကောင်းအာဇာနည်များ မွေးဖွားထွန်းကားလာပေမည်။

ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ–သည် သက်

http://www.dhammadownload.com

ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသကို လွန်ခဲ့သော (၁၀)နှစ်ကျော်က ပုဂံအလိုတော်ပြည့်ကျောင်းတွင် ဖူးတွေ့ သိရှိခဲ့ရပါသည်။ ထိုစဉ်ကာလက သက်တော် (၄၀)ပြည့်မည်မထင်ပါ။ ဖြူဖြူဝဝ ကြည်လင်သော မျက်နှာပိုင်ရှင် ဆရာတော်တစ်ပါး ဖြစ်ပါသည်။

ဆရာတော် ဦးသုစိတ္တာဘိဝံသ–ကို လောကဓံနှင့်ကြုံတွေ့ရတိုင်း စိတ်ဓါတ်မကျရန်၊ ထာဝရမိဘသဖွယ် အားပေးနေခဲ့သော ဆရာတော်ကြီးမှာ မစိုးရိမ်တိုက်သစ် ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသပင် ဖြစ်ပါသည်။ ဆရာတော် ဦးသုစိတ္တာဘိဝံသ–သည် သာသနာ့ဝန်ထမ်း ငယ်ဘဝမှ ယနေ့တိုင်အောင် ဖွဲ့,လုံ့လ,ဝီရိယတို့ကို မလျော့ပါးစေဘဲ အားခဲကြိုးစားလာခဲ့ရာ အရွယ်နှင့် မမျှအောင်မြင်မှုများ ရရှိခဲ့ပါသည်။ အလိုတော်ပြည့် ဆရာတော် ဘုရားကြီးနှင့် အတူ ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများ၊ ကျမ်းပြုခြင်းလုပ်ငန်း၊ ကြီးမားသော စာချုတာဝန်များနှင့် သံဃာအဖွဲ့အစည်းအဆင့်ဆင့်၏ သာသနာ့တာဝန်များကို မည်ညီးမည်ဌ ကြည်ဖြူစွာ ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော် ဦးသုစိတ္တ–လို ''ပရိယတ္တိသူရဲကောင်းအာဇာနည်'' တစ်ပါး မွေးဖွားထွန်းပေါ်လာခြင်းသည် သာသနာတော်အတွက် မင်္ဂလာတစ်ပါးဖြစ်ပါ သည်။ ဆရာကောင်းတပည့် ပန်းကောင်းပန်နိုင်ခဲ့ပြီ။ ဆရာတော် ဦးသုစိတ္တာဘိဝံသ–၏ သီလ,သမာဓိ,ပညာ ဂုဏ်တို့ကြောင့် အခက်အခဲအနှောင့်အယှက်ဟူသမျှတို့သည် လှိုင်းကြီးလေအောက်ကသွားပေလိမ့်မည်။ ''ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ'' တရားစောင့်သောသူကို တရားကပြန်စောင့် ပါမည်တည်း။

■ **မောင်ရင့်ကျူး** (မြောင်းမြ)


♦ ♦ ♦

တော် ၂၃–နှစ်တွင် ''သာသနဓဇဓမ္မာစရိယဘွဲ့''၊ သက်တော် ၂၄–နှစ်တွင် ''ပရိယတ္တိဓမ္မာနုဂ္ဂဟဓမ္မာစရိယဘွဲ့''၊ ''ပရိယတ္တိသဒ္ဓမ္မပါလဓမ္မာစရိယဘွဲ့'' နှင့် သက်တော် ၂၈–နှစ်တွင် ''ပရိယတ္တိသာသနဟိတဓမ္မာစရိယ(သကျသီဟ)ဘွဲ့'' တို့ကို အောင်မြင်ရရှိတော်မူခဲ့သည်။ ဆရာတော်သည် မစိုးရိမ်တိုက်သစ်၌ ကျောင်းထိုင် နာယကစာချုပ်ရွှေလိအဖြစ်ဖြင့် ၁၃၄၈–ခုနှစ်မှ စတင်၍ စာချရင်း ဓမ္မာစရိယတန်းဆိုင်ရာ ဝါကျဥယျာဉ်များကို ရေးသားပြုစုနိုင်ခဲ့ပါသည်။ တိပိဋကပါဠိ+မြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့တွင်လည်း ၁၅–နှစ်တိုင်တိုင် ပါဝင်ရေးသား ပြုစုခဲ့ပါသည်။

ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ–သည် ၁၃၆၁–ခုနှစ်မှစတင်၍ ပင်ရွှေညောင်လမ်း၊ အလိုတော်ပြည့်ကျောင်းတိုက်နှင့် ဓမ္မာစရိယတက္ကသိုလ်၊ ဒဂုံ(ဆိပ်ကမ်း)တွင် နှစ်စဉ်နွေရာသီနှင့် ဝါတွင်းကာလတို့တွင် ဓမ္မာစရိယသင်တန်းများ ပို့ချလာခဲ့ရာ ၁၃၆၈–ခုနှစ်ထိ (၈)နှစ်တာကာလအတွင်း သင်တန်းတက်သူ သံဃာတော်များနှင့် သီလရှင်ဆရာလေးတို့ စုစုပေါင်း (၁၀၀၀၀) ကျော်ကို စာဝါများပို့ချခဲ့ပြီး ဖြစ်ပါသည်။

ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသကို လွန်ခဲ့သော (၁၀)နှစ်ကျော်က ပုဂံအလိုတော်ပြည့်ကျောင်းတွင် ဖူးတွေ့သိရှိခဲ့ရပါသည်။ ထိုစဉ်ကာလက သက်တော် (၄၀)ပြည့်မည်မထင်ပါ။ ဖြူဖြူဝဝ ကြည်လင်သော မျက်နှာပိုင်ရှင်ဆရာတော်တစ်ပါး ဖြစ်ပါသည်။ ယခု(၁၀)စုနှစ်ကျော်ကာလအတွင်း ပရိယတ္တိသာသနာတော်ကြီးကို အပင်ပန်းအဆင်းရဲခံကာ၊ ကြံ့ကြံ့ခံ၍ သာသနာပြုနေခဲ့သည်။ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်း၊ အလိုတော်ပြည့်ကျောင်းတွင် ဆွမ်း,ကွမ်း အခက်အခဲသိပ်မရှိလှသော်လည်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဓမ္မာစရိယတက္ကသိုလ်သို့ ပြောင်းရွှေ့သီတင်းသုံးကာ၊ သံဃာအပါး(၂၀၀)ကျော်တို့၏ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, စားဝတ်နေရေးနှင့် ပညာရေးပါမကျန် မိမိဘဝကို ခေါင်းခံ၍ သာသနာတော်တွင် မြှုပ်နှံကာ သာသနာ ပြုနေခဲ့သည်။ ဆရာတော်သည် ဓမ္မာစရိယတက္ကသိုလ်တွင် သီတင်းသုံးနေစဉ် သဘာဝရာသီဥတု ဒဏ်ကြောင့် ဖြူဝင်းနေသော အသားအရည်တို့သည် ညိုညစ်၍ နေသည်ကို ဖူးတွေ့လိုက်ရသည်။ ဆရာတော်သည် အခက်အခဲအမျိုးမျိုး၊ လောကဓံလှိုင်းတံပိုးတို့၏ ကြုံတွေ့ခဲ့ရမှုတို့ကို ဂရုမပြုဘဲ၊ မိမိသာသနာအလုပ်ကိုသာ ရဲဝံ့စွာ နောက်မဆုတ်ဘဲ၊ သာသနာပြုအလုပ်ကို လုပ်ခဲ့သည်။

http://www.dhammadownload.com



ဥယျာဉ်ဆဲမှ ဥယျာဉ်

အရှင်ဥာဏိက (မာန်အောင်)

ပင်လုံးကျွတ် ဖူးပွင့်ချိန်မို့ ဥယျာဉ်တစ်ခုလုံးကို ပန်းပွင့်ပန်းဝတ်မှု ဝတ်ဆံများဖြင့် လွှမ်းခြုံထားသကဲ့သို့ ထင်မှတ်ရ၏။ လေပြေလေညှင်းတို့နှင့်အတူ သင်းပျံ့လာသော ပန်းရနံ့တို့သည်လည်း ပန်းချစ်သူများကို ဆွဲဆောင်နေပြန်၏။ နေမင်းသည်လည်း သူ၏ ဆည်းဆာရောင်ဖြင့် အစွမ်းကုန် ခြယ်သပေးနေ၏။ အရှေ့လောကဓာတ်မှ အားမာန်ဝင့်လျက် ပေါ်ထွက်လာသော လမင်းသည် ဥယျာဉ်ပေါ်ဝယ် သူ့ငွေရောင်ကို ဖြန့်ဖြူးလျက်၊ ပန်းဝတ်ဆံစားသုံး ပျားပိတုန်းများ၏ အသံတို့ကလည်း ဂီတသံပမာ ငြိမ့်ညောင်းသာယာလှကြပေ၏။ ဤကဲ့သို့ သာယာလှပ အပင်ပျိုတို့ဖြင့် အားမာန်ကြွနေသော ဥယျာဉ်သည်ကား ကံ့ကော်ဥယျာဉ်လော၊ မဟုတ်ပါပေ၊ ''ဂေါသိင်္ဂသာလဝန''ခေါ် အင်ကြင်း ဥယျာဉ်ပျိုဖြစ်ပါ၏။

ထိုဥယျာဉ်ထဲ၌ မြတ်ဗုဒ္ဓနှင့် တပည့်သာဝကကြီးများ သီတင်းသုံးနေခိုက် အချိန်ဝယ် အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါတို့ သည် တရားနာရန် အရှင်သာရိပုတ္တရာထံသို့ ချဉ်းကပ် ကြသည်၊ အရှင်အာနန္ဒာ, အရှင်ရေဝတတို့လည်း လိုက်ပါသွားကြသည်။ မထေရ်မြတ်ကြီးများ စုဝေးမိကြလျှင် အရှင်သာရိပုတ္တရာသည် ''ငါ့ရှင်အာနန္ဒာ . . ဒီအင်ကြင်းဥယျာဉ်ဟာ မွေ့လျော်ဖွယ်ကောင်းတယ်၊ အင်ကြင်းပင်ပျိုတို့ဟာ ပင်လုံးကျွတ် ဖူးပွင့်နေကြတယ်၊ ပန်းရနံ့တို့ကလည်း မနှာဝရနတ်ပန်း,ပင်လယ်ကသစ်ပန်း တို့လို မွှေးကြိုင်နေပါတယ်၊ ဘယ်လို ရဟန်းတော်များ သီတင်းသုံးလျှင် ဒီအင်ကြင်းဥယျာဉ်ဟာ ပို၍ သာယာ လှပ တင့်တယ်မှုရှိနိုင်မလဲ''ဟု အရှင်အာနန္ဒာကို မေးမြန်းတော်မူလေသည်။

''အရှင်ဘုရား ဒီဥယျာဉ်ကြီးထဲမှာ ပရိယတ္တိအကြားအမြင်ရှိသော ရဟန်းတော်များ, ကြားနာသင်ယူအပ်ပြီးသော တရားတို့ကို မပျောက် ပျက်အောင် အာဂုံနှတ်တက် ဆောင်ထားနိုင်သော ရဟန်းတော်များ, စိတ်ထဲမှာ စွဲမြဲစွာ မှတ်သားထားနိုင်, ရွတ်အံနိုင်, တဆင့် ပို့ချသင်ကြားနိုင်, ဟောပြနိုင်သော ရဟန်းတော်များ သီတင်းသုံးလျှင် သာယာလှပ တင့်တယ်နိုင်ပါတယ်''ဟု အရှင်အာနန္ဒာသည် သူ့အမြင်ကို လျှောက်ထားလေသည်။

ဆက်လက်၍ အရှင်ရေဝတ, အရှင်အနုရုဒ္ဓါတို့ကို မေးမြန်းသည်၊ အရှင်ရေဝတ–က ''စွာန်ဝင်စားနေသော ရဟန်းတော်များ'' အရှင်အနုရုဒ္ဓါ–က ''ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် လောကကို ကြည့်ရှုနေသော ရဟန်းတော်များ'' နေလျှင် တင့်တယ်မည် ဖြစ်ကြောင်း ဖြေဆိုကြသည်။

အရှင်မဟာကဿပထေရ် အရှင်မောဂ္ဂလာန်ထေရ်တို့ကို မေးမြန်းရာ၌ ''ဓုတင်, သီလ, သမာဓိ, ပညာ, လွတ်လပ်, ဝိရိယစသော ဂုဏ်နှင့် ကိုယ်တိုင်လည်းပြည့်စုံ, ထိုဂုဏ်များနှင့် ပြည့်စုံကြသော ပုဂ္ဂိုလ်တို့ကို ချီးမွမ်းပြောဆိုသော ရဟန်းတော်များ''ဖြင့် တင့်တယ်မည်ဖြစ်ကြောင်း အရှင်မဟာကဿပထေရ် ဖြေဆိုသည်။ ''အဘိဓမ္မာတရားတော်များကို အချင်းချင်း မေးမြန်း

http://www.dhammadownload.com

အဘိဓမ္မာ (၇) ကျမ်းမှ ဓမ္မသင်္ဂဏိကျမ်းသည် စာချုတန်း ကျမ်းရင်းသုံးကျမ်းတွင် ပါဝင်နေသည်၊ ကျမ်းရင်းသုံးကျမ်းကိုအောင်မြင်မှု "သာသနဇဇဓမ္မာစရိယဘွဲ့"ကို ရရှိသည်၊ ထို့ကြောင့် စာချစာသင် အရှင်မြတ်တို့သည် ဓမ္မသင်္ဂဏိကျမ်းကို ပို့ချသင်ယူရသည်၊ မသိတာ, မရှင်းတာရှိပါက ဆရာနှင့်တပည့်ဖြစ်စေ, စာသင်သားအချင်းချင်းဖြစ်စေ မေးမြန်းရသည်၊ ပြောဆိုရသည်၊ ဆွေးနွေးရသည်၊ ဖြေဆိုရသည်၊ ဤကဲ့သို့ သင်ယူခြင်းသည် အရှင်မောဂ္ဂလာန်၏ဖြေကြားချက်နှင့် ကိုက်ညီလုပေသည်။

ဖြေဆိုနေကြသော ရဟန်းတော်များ သီတင်းသုံးလျင်'' တင့်တယ်မည် ဖြစ်ကြောင်း အရှင်မောဂ္ဂလာန် အဖြေပေးလေသည်။

အရှင်မြတ်ငါးပါးတို့သည် အရှင်သာရိပုတ္တရာ၏ အဖြေစကားကိုလည်း သိလို၍ မေးကြပြန်သည်၊ ထိုအခါ ''စိတ်၏အလိုသို့ မလိုက်, စိတ်ကို မိမိအလိုသို့ လိုက်ပါစေသော ရဟန်းတော်များဖြင့်'' တင့်တယ်မည်ဖြစ်ကြောင်း ဖြေဆိုသည်။

ရဟန္တာမထေရ်ကြီးတို့သည် မိမိတို့ ထင်မြင်ချက် ယူဆချက် အားသန်ချက်တို့ဖြင့် ရှုထောင့်အသီးသီးမှ အဖြေပေးကြလေသည်။ ထို့ကြောင့် အဖြေများလည်း မတူညီကြပေ၊ ထိုဖြေဆိုချက် အားလုံးထဲမှ အကောင်းဆုံးအဖြေကို ရရှိရန် မြတ်ဗုဒ္ဓအား သွားရောက် လျှောက်ထားသောအခါ အဖြေအားလုံး မှန်ကန်ကောင်းမွန်ကြောင်း မြတ်ဗုဒ္ဓက မိန့်ကြားတော်မူလေသည်၊ အဘယ်ကြောင့်ဆိုသော်၊ ထိုဖြေဆိုချက်အားလုံးသည် ဥယျာဉ်သာယာဖို့ အကြောင်းအရာချည်းသာ ဖြစ်နေသောကြောင့်ပေတည်း။

ရဟန္တာအရှင်မြတ်တို့၏ ဖြေကြားချက်များကို အနုလောမအနေဖြင့်ယူ၍ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်ရှိ ဥယျာဉ်တော်ကို ပုံဖော်ကြည့်လျှင်. . . ဦးစီးသော နာယကချုပ် ဆရာတော်သည် ဆိုင်ရာ ပါဠို,အဋ္ဌကထာ, ဋီကာတို့ကို အာဂုံ,နှုတ်တက်ဆောင်ထားနိုင်သည်။ မှတ်သားထားနိုင်သည်၊ ရှင်းလင်းပီပြင်စွာ ပို့ချပေးနိုင်သည်၊ ဟောကြားနိုင်သည်၊ စာသင်သားတို့သည်လည်း နေစဉ်သင်ယူရသော စာပေတို့ကို ကျက်သင့်တာကို အာဂုံကျက်ကြရသည်၊ စွဲမြဲအောင်မှတ်ကြရသည်၊ ညစဉ်ညတိုင်း ပြန်ဆိုထားကြရသည်၊ ဤကဲ့သို့သော ရဟန်း,သာမဏေများ သီတင်းသုံးခြင်းဖြင့် အရှင်အာနန္ဒာ၏ လျှောက်ထားချက်အရတွင် ပါဝင်သောကြောင့် ထာဝစဉ် ဥယျာဉ်သာယာလှပနေမည် ဖြစ်သည်။

ဆရာတော်နှင့် စာချစာသင် အရှင်မြတ်တို့သည် ဆန်းကြယ်များပြားသော လောကီအာရုံများကို တဒင်္ဂကျောခိုင်း၍ မိမိတို့၏ ဓမ္မစာပေလုပ်ငန်း၌ စိတ်ဝင်တစားပို့ချကြသည်၊ သင်ယူကြသည်၊ စာသမာဓိ,စာပီတိတို့ဖြင့် နေထိုင်ကြသည်၊ ယင်းသို့ နေနိုင်ခြင်းသည် စာရှာနိုဝင်စားခြင်းပင် ဖြစ်သည်။ မိမိတို့ ဉာဏ်မျက်စိဖြင့် တစ်ဆင့်ထက်တစ်ဆင့်မြင့်အောင် နားလည်သည်ထက် နားလည်အောင် စာပေကို ကြိုရသည်,ကြည့်ရသည် ယင်းသို့ နေထိုင်ခြင်းသည် အရှင်ရေဝတ, အရှင်အနုရုဒ္ဓါတို့၏ ဖြေကြားချက်တွင် အကျုံးဝင်သည်။

ဆရာတော်သည် ၁၆-နှစ် အရွယ် သာမဏေဘဝဖြင့် ငယ်,လတ်,ကြီး,စာချတန်း၌ သီလကွန်ကျမ်းတို့ကို အောင်မြင်ခဲ့သည်၊ ''လူသတ်ပွဲကြီး''ဟု သမုတ်ခံရသော အခက်ခဲဆုံးဖြစ်သည့် သက္ကသီဟစာမေးပွဲတွင် စာသင်တန်းကို ''တစ်ဂဏန်း''ဖြင့် အောင်မြင်ခဲ့သလို ဓမ္မာစရိယဘွဲ့အလီလီတို့ကိုလည်း ရယူနိုင်ခဲ့သည်၊ ယင်းသို့ ရယူနိုင်ခဲ့သဖြင့် ''သီလပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာနိသံသော''ဟူသော ပါဝစန အရ ဆရာတော်၏ သီလ, သမာဓိ, ပညာကြီးမားပုံကို ခန့်မှန်းကြည်ညိုနိုင်ပေသည်။

ဆရာတော်သည် သီလ, သမာဓိ, ပညာကြီးမားသလို လုံလဝီရိယကြီးမားသူလည်း ဟုတ်သည်၊ တစ်နေ့ ဆရာတော်နှင့် တွေ့ဆုံခွင့်ရ၍ စကားစပ်ရာပြောကြသည့်အခါ စာဖက်သို့ ရောက်လာသည်၊ ထိုအခါ ဆရာတော်က ''တပည့်တော် စာချတာ နှစ်ပေါင်း ၂၀-ကျော်ရှိပြီ၊ နေမကောင်းလို့ အကြောင်းရှိလို့ စာဝါပျက်

http://www.dhammadownload.com

တာ မရှိသေးကြောင်းမိန့်ကြားသည်။ အတုယူဖွယ်ပင် ဖြစ်သည်။ မိမိ၏ ပင်မလုပ်ငန်း စာပေပို့ချသင်ကြားခြင်း ကိစ္စ၌ မည်မျှအရေးထားကြောင်း လုံ့လစိုက်ကြောင်း ပေါ်လွင်နေသည်၊ စာပေပို့ချရင်း စာသင်သားများအတွက် စာပေ ရေးသားခဲ့ရာ ကျမ်းစာအုပ်များ တစ်အုပ်ပြီး တစ်အုပ် ပေါ်ထွက်လာပြန်သည်၊ စုစုပေါင်း ၉ အုပ် ရှိပြီးဖြစ်သည်။ သည်တွင် မကသေးပါ၊ မစိုးရိမ် တိပိဋကအဘိဓာန်ကျမ်းပြုအဖွဲ့တွင်လည်း ပါဝင်ခဲ့သည်၊ မန္တလေး, မော်လမြိုင်,ရန်ကုန်မြို့ကြီးတို့၌ နွေရာသီ ဓမ္မာစရိယ သင်တန်းတို့ကိုလည်း ပို့ချပေးပြန်သည်၊ အလိုတော်ပြည့် ဆရာတော်နှင့် တွဲဖက်၍ နယ်စပ်ဒေသ ပြည်တွင်းပြည်ပ အထိ သာသနာပြုလုပ်ငန်းတို့ကို ဆောင်ရွက်ရပြန်သည်၊ မိမိအရိပ်တွင် ခိုလှုံနေသော စာသင်တပည့်တို့၏ စားရေး, သောက်ရေး, ပညာရေးတို့နှင့် အုပ်ချုပ်ရေးတို့ကိုလည်း မလစ်ဟင်းရအောင် စီမံဆောင်ရွက်ရပြန်သည်၊ ဤသည်တို့မှာ သာမန် ဝီရိယနှင့် မရနိုင်ပေ၊ ဝီရိယကြီးမားသူတို့သာ လုပ်နိုင်သော လုပ်ရပ်ဖြစ်ကြောင်း ပေါ်လွင်နေသည်။

ဆရာတော်သည် မိမိကဲ့သို့ သီလ, သမာဓိ, ပညာ, ဝီရိယ ရှိအောင် တပည့်များကို ပုံဖော်ပေးသည်၊ ပုံဖော်သည့်အတိုင်း ပေါ်ထွက်လာ, အောင်မြင်မှုရလာသော တပည့်များကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုပွဲ, ပူဇော်ပွဲကျင်းပပေးခြင်းဖြင့် အသိအမှတ်ပြုသည်၊ ချီးမြှောက်သည်၊ ဆရာတော်၏ လုပ်ဆောင်ချက် ခံယူချက်သည် အရှင်မဟာကဿပထေရ်မြတ်၏ ဖြေကြားချက်နှင့် လိုက်လျောညီညွတ်လှပေသည်။

အဘိဓမ္မာ (၇) ကျမ်းမှ ဓမ္မသင်္ဂဏီကျမ်းသည် စာချုတန်းကျမ်းရင်းသုံးကျမ်းတွင် ပါဝင်နေသည်၊ ကျမ်းရင်း သုံးကျမ်းကိုအောင်မြင်မှ ''သာသနဓဇဓမ္မာ စရိယာဘွဲ့''ကို ရရှိသည်၊ ထို့ကြောင့် စာချုစာသင် အရှင်မြတ်တို့သည် ဓမ္မသင်္ဂဏီကျမ်းကို ပို့ချသင်ယူရသည်၊ မသိတာ,မရှင်းတာရှိပါက ဆရာနှင့်တပည့်ဖြစ်စေ, စာသင်သား အချင်းချင်းဖြစ်စေ မေးမြန်းရသည်၊ ပြောဆိုရသည်၊ ဆွေးနွေးရသည်၊ ဖြေဆိုရသည်၊ ဤကဲ့သို့ သင်ယူခြင်းသည် အရှင်မောဂ္ဂလာန်၏ ဖြေကြားချက်နှင့် ကိုက်ညီလှပေသည်။

ဆရာတော်သည် နာမည်ကြီးလှသော မန်းနယ်မြေတွင် စာသင်,စာချဘဝဖြင့် ကျေးဇူးတော်ရှင် ဓမ္မဒါယာဒဆရာတော်၏ ခြေရင်း၌ နှစ်ပေါင်း ၂၅ နှစ်ကျော် နေထိုင်ခဲ့သည်၊ စာသင်သားဘဝဖြင့် နေထိုင်စဉ် အများနည်းတူ ဆွမ်းသင်္ကန်း ရှားပါးခဲ့မည်၊ ကွဲကွာနေသော မိဘဆရာများနှင့် တွေ့ချင်မည်၊ မိဘတို့၏ ပြုစုယုယမှုကို ခံယူချင်သောစိတ်ဖြစ်ပေါ်ခဲ့မည်မှာ သေချာလှပေသည်၊ သို့သော် ''စိတ်အလိုသို့ မလိုက်ရ၊ စိတ်ကို မိမိအလိုသို့လိုက်စေရမည်''ဟူသော အရှင်သာရိပုတ္တရာ၏ အဖြေစကားလုံးကို လက်သုံးပြု၍ ရယူလိုသော ပညာရေးအောင်မြင်မှုကို ရယူနိုင်ခဲ့သည်၊ ဓမ္မာစရိယတက္ကသိုလ် အတွင်းရှိ စာသင်သားတို့သည်လည်း ဆရာတော်ကဲ့သို့ စိတ်အလိုသို့ မလိုက်ဘဲ ကြိုးစားသင်ယူနေသူများ ဖြစ်ကြပေလိမ့်မည်၊ ဤကဲ့သို့ နေထိုင်ခဲ့, နေထိုင်ဆဲဖြစ်၍ အရှင်သာရိပုတ္တရာ၏ အဖြေစကား၌ အကျုံးဝင်ပြန် သဖြင့် ဥယျာဉ်သာယာဖို့ အကြောင်းရင်းဖြစ်သည်။

သာသနာ့ဥယျာဉ်ကြီးထဲမှ ဖော်ညွှန်းခဲ့သော ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသော ရွှေရတုမွေးနေ့ရှင် ဆရာတော်နှင့် စာချ,စာသင် ရဟန်းသာမဏေများ သီတင်းသုံးရာ ဥယျာဉ်သည် အရှင်သာရိပုတ္တရာ-စသော ရဟန္တာမထေရ်ကြီးတို့၏ ဖြေကြားချက်နှင့် ကိုက်ညီ၏၊ ဆရာတော်၏ စာပေပို့ချချက်, ရေးသားချက်ကကောင်းမွန်၏။ ပေးသော နည်းစနစ်ကလည်း ရှင်း၏၊ ဂဏဝါစက ဆရာတော်တို့နှင့် စာသင်သားတို့၏ အားမာန်အပြည့်ဖြင့် စာပေပို့ချသံ, စာအံ, စာပြန်သံတို့ကလည်း ကိလေသာကို တဒင်္ဂအားဖြင့် ငြိမ်းအေးစေသဖြင့် ချိုသာကြပေ၏။ ပီတိသောမနဿကို ဖြစ်ပွားစေပါ၏။ နှစ်စဉ် ဓမ္မာစရိယ အောင်မြင်မှု ဂုဏ်ရနံ့ကလည်း မွှေးကြိုင်သင်းပျံ့လှသည်မို့ စာပေချစ်သူ သောတဇနများကို ဆွဲဆောင်နေလေတော့၏၊ ထို့ပြင် ဒကာ,ဒကာမတို့၏ ပစ္စည်းလေးပါးဖြင့် ပူဇော် လှူဒါန်းခြင်းဖြင့်လည်း အားဖြည့်ပေးနေပြန်၏။ ဤကဲ့သို့ သာယာလှပဆဲ, လှပလတ္တံ့သော ဥယျာဉ်သည်ကား ပကတိ အင်ကြင်းဥယျာဉ် လော၊ မဟုတ်ပါပေ၊ ဓမ္မရနံ့ မွှေးကြိုင်ပျံ့လျက် အားမာန်ပြည့်နေသော ''ဓမ္မာစရိယတက္ကသိုလ်''ခေါ် ဥယျာဉ်ပို့ဖြစ်ပါလေတော့၏။


အရှင်ဉာဏိက (မာန်အောင်)

♦ ♦ ♦

http://www.dhammadownload.com

မိသားတစ်စု
သူတော်ကောင်း တစ်ယောက်

သန်းငြိမ်းဒေး



http://www.dhammadownload.com

''ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှမရွေ့''ဟူသော စကားသည် စောင့်ထိန်းနိုင်သူတစ်ယောက်အား မစောင့်ထိန်းနိုင်သူများက မဖျက်ဆီးနိုင်သော သဘောကို ရည်ညွှန်းသည်။ ''လူတွင်ပါမှ နွား ကျားကိုက်သည်'' ဟူသော စကားပုံနှင့် အလားတူသည်။

''အူမတောင့်မှ သီလစောင့်''ဟူသော စကားကား အူထဲတွင် အစားအစာမရှိဘဲ သီလမစောင့်နိုင်ဟု ဆိုရာ ရောက်သည်။ လူအများစုသည် သီလကို လွယ်လွယ်ကူကူ စောင့်နိုင်မည်မဟုတ်။ ထို့အတူ စားစရာ ခနဥစွာရှိမှသာ စည်းစောင့်နိုင်မည်၊ အကျင့်စာရိတ္တကို ထိန်းသိမ်းနိုင်မည်ဟုဆိုရာရောက်၏။ ကိုယ်ကျင့်သီလကို ပထမထားသူများ၏စကားမဟုတ်။ အစားကို အဓိကထားသူများ၏ စကားသာ ဖြစ်ပါသည်။

''ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှမရွေ့'' ဟူသော စကားနှင့် ''အူမတောင့်မှ သီလစောင့်''ဟူသော စကားတို့ မှာ ပြဒါးတစ်လမ်း၊ သံတစ်လမ်း။ လားရာမတူ။ ရည်ညွှန်းရာအဓိပ္ပါယ်မတူ။ တစ်ခြားစီဖြစ်လေသည်။ ''ကြိုက်တဲ့လူ ကြိုက်ရာသွား''ဟု ဆိုရန်သာ ရှိတော့သည်။

မိသားစုတစ်စုတွင် မိသားစုသုံးယောက်မှ အထက်ရှိနိုင်ရာ အဆိုးညီညွတ်သော မိသားစုကို တွေ့ရှိနိုင်သော်လည်း အကောင်းညီညွတ်သော မိသားစုကို တွေ့ရှိဖို့ရာ လွန်စွာခက်လှပေလိမ့်မည်။ ယင်းသည် သဘာဝတရား ဖြစ်ပါသည်။ လူကောင်းကား လူဆိုးထက် ရှားသောကြောင့်ဖြစ်၏။ မိသားစုတစ်စုတွင် သူတော်ကောင်းတစ်ယောက်၊ စိတ်ကောင်းရှိသူတစ်ယောက် ပါလျှင်ပင် ကံကောင်းသော မိသားစုဟု ဆိုရတော့မည် ထင်မိပါသည်။

အကယ်၍ မိမိတို့မိသားစုတွင် သူတော်ကောင်းတစ်ယောက်၊ စိတ်ကောင်းရှိသူတစ်ယောက်ပါလျှင် အကျိုးများဖွယ်ရာရှိသည်ဟု ခံယူလိုက်ပါလေ။ သစ်တစ်ပင်ကောင်းက ငှက်တစ်သောင်းနားနိုင်ဆိုသကဲ့သို့ မှီခိုရာဖြစ်သည်ဟု ယုံကြည်ထိုက်ပေသည်။

သာဓကအားဖြင့် ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့သော ဓမ္မပဒဝတ္ထု၊ ပါပဝဂ်၊ ကုက္ကုဋ္ဌမိတ္တ မုဆိုးဝတ္ထုကို ညွှန်းဆိုပြောပြရပေတော့မည်။

☼☼☼

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူစဉ်ကာလက ရာဖကြိုဟ်ပြည်၌ သူဌေးသမီးတစ်ယောက်ရှိ၏။ မိဘများက ဘုံခုနစ်ဆင့်မြင့်သော ပြဿာဒ်ထက်၌ ထား၏။

သူဌေးသမီးသည် ဗုဒ္ဓမြတ်စွာကို ကြည်ညိုဆည်းကပ်ကိုးကွယ်ပြီး အပျိုဘဝမှာပင် ပထမအရိယာသောတာပန်တည်၏။ သောတာပန်တည်သောကြောင့် ငါးပါးသီလ အစဉ်လုံခြုံသည်။

တစ်နေ့သော် သားသမင်တို့အား ကျော့ကွင်းထောင်၊ သတ်ဖြတ်ရောင်းချသော ကုက္ကုဋ္ဌမိတ္တအမည်ရှိ မုဆိုးအား ဘုံခုနစ်ဆင့်ပြာသာဒ်အမြင့်ရှိ လေသာပြတင်းပေါက်မှ သောတာပန်သူဌေးသမီး မြင်တွေ့သွားလေသည်။ မြင်မြင်ချင်းပင် သူဌေးသမီးသည် မုဆိုးလုလင်အား ချစ်ကြိုက်သွားလေ၏။ ဘဝရေစက်ကြောင့် မြင်မြင်ချင်း ချစ်ခင်စိတ်တဖွားဖွား ဖြစ်ပေါ်လာခြင်း ဖြစ်၏။ ယင်းအချက်သည်ပင် ဖူးစာဟု ဆိုရန်ရှိပေ၏။

ပါဏာတိပါတကံရှောင်ကြဉ်ပြီး သူတစ်ပါးအသက် မသတ်သော သောတာပန်သူဌေးသမီးသည် မိစ္ဆာဒိဋ္ဌိ (အယူမှား)နှင့် ဝိစိကိစ္ဆာ (ယုံမှားသံသယ) ကိလေသာ အညစ်အကြေးတရားနှစ်ပါးကို ပယ်သတ်နိုင်သော်လည်း ချစ်ခြင်းမေတ္တာဟူသည့် သမုဒယ (လောဘတဏှာရာဂ)ကိုကား မပယ်သတ်နိုင်သေးချေ။ ထို့ကြောင့်လည်း ပါဏာတိပါတကံကို နေ့စဉ်ကျူးလွန်သော မုဆိုးလုလင်အား အချစ်မှာမျက်စိမရှိဟု ဆိုသကဲ့သို့ အယူအကျင့်မတူစေကာမူ မချစ်ဘဲကား မနေနိုင် ဖြစ်ရလေ၏။

သောတာပန်သူဌေးသမီးသည် မုဆိုးလုလင်တောမှအပြန် ခိုးရာလိုက်ရန် အထုပ်အပိုးနှင့်တကွ အပြန်လမ်းမှ စောင့်ကြိုနေလေသည်။ တောမှမုဆိုးလုလင် ပြန်လာလျှင် လှည်းနောက်မှလိုက်သွား၏။ မုဆိုးလုလင်က အဖန်ဖန်တားမြစ်၏။ သူဌေးသမီးက တားမြစ်၍မရ။ ထိုအခါမှ မုဆိုးလုလင်သည် –

''သူဌေးသမီးသည် ငါ့အား မေတ္တာရှိ၍ လိုက်လာခြင်းဖြစ်သည်''ဟု နားလည်ကာ အိမ်သို့ခေါ်ဆောင်သွားလေတော့သည်။ သူဌေးသမီး၏မိဘများက သမီးကို ရှာဖွေကြသော်လည်း ရှာမတွေ့။ နောက်ဆုံးတွင် သေစာရင်း သွင်းလိုက်ရတော့သည်။

သောတာပန်သူဌေးသမီးသည် မုဆိုးဖြစ်သူလင်သားအတွက် လေး,မြား,ပိုက်ကွန်ယူပေးရ၏။ သို့သော် ''သူတစ်ပါးအသက် သတ်ဖြတ်ခြင်းပြုပါစေသတည်း''ဟု စိတ်မှာမဖြစ်။ လင်သားမုဆိုး ဖမ်းဆီးသတ်ဖြတ်လာသော အသေသားများကို ရောင်းချပေးရ၏။ စားသောက်ရ၏။ ခင်ပွန်းသည် မုဆိုးနှင့် ချစ်ချစ်ခင်ခင်ပေါင်းဖော်ပြီး သားခုနစ်ယောက်ဖွားမြင်၏။ သားများ

http://www.dhammadownload.com



အရွယ်ရောက်သော် ဖခင်မုဆိုးနည်းတူ မုဆိုးအလုပ်ကို လုပ်ကြရ၏။ အိမ်ထောင်ရက်သား ပြုချိန်ရောက်လျှင် သားခုနစ်ယောက်သည် ချစ်ရာခင်ရာသင့်ရာ မိန်းကလေးတို့နှင့် ဒဒိမ်ထောင်ပြုကြ၏။ မိသားစု (၁၆)ယောက်သည် တစ်ပေါင်းတစ်စုတည်း နေကြ၏။ တစ်အိမ်တည်းမှာ နေပြီး တစ်အိုးတည်းမှာ စားကြ၏။

မိသားစု (၁၆)ယောက်တွင် မိခင်ကြီးမှာ သောတာပန် သူတော်ကောင်းအရိယာမကြီး ဖြစ်၏။ မိသားစု၏ အသက်မွေးဝမ်းကျောင်းအလုပ်ကား သားကောင်ဖမ်း၊ သားကောင်သတ်၊ အသားရောင်းရသည့် မိစ္ဆာအာဇီဝ အလုပ်။ သောတာပန်အမျိုးသမီးကား သူတစ်ပါး အသက်သတ်ခြင်းအပေါ်တွင် စိတ်မညွတ်။

ဗုဒ္ဓမြတ်စွာက ''အသက်မွေးဝမ်းကျောင်း အလုပ်သည် ဘဝကို ပြဋ္ဌာန်း၏'' ဟု ဟောကြားတော်မူ၏။

သားသတ်ခြင်း၊ ပြည့်တန်ဆာလုပ်ငန်းနှင့် ကျွန်ရောင်း ကျွန်ဝယ်ပြုခြင်း၊ လက်နက်ရောင်းဝယ်ခြင်း၊ အဆိပ်ရောင်းဝယ်ခြင်း၊ မူးယစ်စေတတ်သော အရက်နှင့် ဆေးဝါးရောင်းဝယ်ခြင်းသည် မကောင်းသည့် အသက်မွေးဝမ်းကျောင်း၊ မှားယွင်းသည့် အသက်မွေးဝမ်းကျောင်း မိစ္ဆာအာဇီဝငါးမျိုးဟု ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့၏။

မုဆိုးမိသားစု (၁၆)ဦးတွင် သူတော်ကောင်း တစ်ဦးတော့ ပါရှိနေလေပြီ။ မိသားစုတစ်စုတွင် သူတော်ကောင်းတစ်ယောက်ပါရှိလျှင် အကျိုးမနည်းတန်ရာချေ။

တစ်နေ့သ၌ ဗုဒ္ဓမြတ်စွာသည် မိုးသောက်ယံတွင် ချေချွတ်ထိုက်သော ဝေနေယျသတ္တဝါများကို ကြည့်ရှုတော်မူရာ မုဆိုးမိသားစုကို မြင်တော်မူ၏။ ဗုဒ္ဓမြတ်စွာသည် မုဆိုးထောင်ထားသော ကျော့ကွင်းထောင်ချောက်ရှေ့တွင် ခြေတော်ရာကိုပြ၍ ရှေ့တည့်တည့် ချီထဲတွင် ထိုင်နေတော်မူ၏။

မုဆိုးကြီးသည် တောထဲသို့ တစ်ယောက်တည်းလာပြီး ကျော့ကွင်းကိုကြည့်၏။

''တစ်ယောက်ယောက် ငါ့အရင် ရောက် လာပြီး ကျော့ကွင်းမှာ မိနေတဲ့ သမင်ကို လွှတ်လိုက်ပြီ'' ဟု မုဆိုးကြီးက ထင်မှတ်နေသည်။

ထိုအခိုက် ချီထဲတွင် ဗုဒ္ဓမြတ်စွာကို မြင်တွေ့ပြီး ဒေါသဖြင့် လေးကိုဆွဲငင်၍ တင်လိုက်၏။ ဗုဒ္ဓမြတ်စွာသည် လေးတင်ခြင်းကို ခွင့်ပြုသော်လည်း မြားကို ပစ်လွှတ်ခြင်းကိုမူခွင့်မပြုချေ။ မုဆိုးသည် လေးကို မပစ်နိုင်၊ ချလည်းမချနိုင်ဘဲ မတုန်မလှုပ်နှင့် ကျောက်ရုပ်ကဲ့သို့ ငြိမ်သက်နေလေသည်။

အချိန်တန်၍ မုဆိုးကြီးတောမှ ပြန်မလာလျှင် သားမုဆိုးခုနစ်ယောက် တောထဲသို့လိုက်လာ၏။ သားခုနစ်ယောက်လည်း လေးကိုချိန်ရွယ်လျက် ကျောက်ရုပ်ကဲ့သို့ ဖြစ်ရပြန်၏။

သောတာပန်မိခင်ကြီးသည် လင်မုဆိုးနှင့် သားခုနစ်ယောက် ပြန်မလာသောအခါ ချွေးမခုနစ်ယောက်ကို ခေါ်၍ တောထဲသို့ လိုက်လာလေသည်။ တောထဲတွင် လင်နှင့်သားခုနစ်ယောက် လေးမြားချိန်ရွယ်လျက် တွေ့ရပြီး ဗုဒ္ဓမြတ်စွာကိုလည်း ဖူးမြင်ရလေ၏။ သောတာပန်မိခင်ကြီးသည် ''ကျွန်မ၏ ဖခင်ကို မဖျက်ဆီးကြပါနှင့်၊ မသတ်ကြပါနှင့်'' ဟု ဟစ်အော်၍ အနီးသို့ ပြေးသွားလေ၏။

ကုက္ကုဠမိတ္တမုဆိုးကြီးကား ယောက္ခထီးကို တစ်ခါမျှမြင်ဖူးသူ မဟုတ်ချေ။ မယားဖြစ်သူ၏ အော်သံကို ကြားလျှင် ''ဤသူဟာ ငါ့ယောက္ခထီးဆိုပါလား။ ကြည့်စမ်း ငါ မှားတော့မလို့'' ဟု စိတ်၌ ဖြစ်ပေါ်လာ၏။

သား ခုနစ်ယောက်ကလည်း ''ဤသူဟာ ငါတို့ အဘိုးဆိုပါလား။ ကြည့်စမ်း ငါတို့မှားတော့မလို့'' ဟု စိတ်၌ အောက်မေ့မိကြလေသည်။ အသိတရားနှင့်အတူ မေတ္တာစိတ်လည်း ဖြစ်ပေါ်လာလေသည်။

သောတာပန်မိခင်ကြီးသည် ခင်ပွန်းနှင့် သားများထံမှ လေးမြားကိုယူပြီး လွှင့်ပစ်၏။ ပြီးလျှင် –

http://www.dhammadownload.com

''ငါ့ဖခင်ကို တောင်းပန် ရှိခိုးကြ''ဟု ဆို၏။

မုဆိုးကြီးနှင့် သားခုနစ်ယောက်ကလည်း ''တောင်းပန်ပါတယ် ဖခင်ကြီး။ သည်းခံပါ''

''တောင်းပန်ပါတယ် အဘိုး၊ သည်းခံပါ''ဟု အသီးသီး တောင်းပန်ရှိခိုးကြလေသည်။

ဗုဒ္ဓမြတ်စွာက တရားဒေသနာကို ဟောကြားဆုံးမလေသည်။ ဗုဒ္ဓမြတ်စွာ၏ တရားဒေသနာအဆုံး၌ မုဆိုးကြီး၊ သားခုနစ်ယောက်နှင့် ၎င်းတို့၏ မယား ခုနစ်ယောက်၊ စုစုပေါင်း (၁၅)ယောက်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။

(၁၆)ယောက်ရှိသော မိသားစုတစ်စု၌ သောတာပန်တစ်ယောက်ရှိသောကြောင့် ကျန် (၁၅)ယောက်သည် သောတာပန်ဖြစ်လာကြကုန်၏။ ရှားလည်းရှား၊ ရှိလည်း ရှိလေ၏။

☼☼☼

တစ်နေ့သ၌ ရဟန်းတော်များသည် တရားသဘင်တွင် 'လင်မုဆိုး မယားသောတာပန်အကြောင်း' ကို ပြောနေကြ၏။ အထူးသဖြင့် မယားဖြစ်သူသည် သောတာပန်ဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာက အရှင်အာနန္ဒာအား ဖြေကြားခြင်းအပေါ် သို့လော သို့လော ဖြစ်ကြကုန်၏။


''မယားဖြစ်သူသည် သောတာပန်ဖြစ်ပါလျက် ပါဏာတိပါတကံကို ကျူးလွန်သလော''ဟု မေးခွန်းထုတ်ကြ၏။

တရားသဘင်သို့ ဗုဒ္ဓမြတ်စွာ ကြွရောက်လာတော်မူသောအခါ ရဟန်းတော်များသည် ယုံမှားသံသယဖြစ်နေသော အထက်ပါမေးခွန်းကို မေးလျှောက်ကြ၏။

ဗုဒ္ဓမြတ်စွာက ''သောတာပန်ပုဂ္ဂိုလ်တို့မည်သည် ပါဏာတိပါတကံကို ကျူးလွန်ခြင်းမပြု။ မုဆိုးမယား သောတာပန်သည် လင်မုဆိုးသားကောင်ကို သတ်ဖြတ်ရာတွင် သူတစ်ပါးအသက် သတ်ဖြတ်ခြင်းပြုလေဟူ၍ စိတ်ထဲမှာ မဖြစ်။

''ပါဏိမှိ စေ ဝဏ္ဏော နာသ၊
ဟရေယျ ပါဏိနာ ဝိသံ။
နာဗ္ဘဏဲ ဝိသမန္ဒေတိ၊
နတ္ထိ ပါပံ အကုဗ္ဗတော။

''လက်၌ အနာမရှိလျှင် လက်ဖြင့် အဆိပ်ကို ကိုင်ဆောင်နိုင်၏။ အဆိပ်သည် အနာမရှိသော လက်သို့ အစဉ်မလိုက်။ စေတနာမပါဘဲ ပြုသောသူအား မကောင်း



မှုကံမည်သည် မရှိချေ''ဟု ဒေသနာတော်ကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ များစွာကုန်သော တရားနာပရိသတ်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။

ရဟန်းတော်များက ''ဘုန်းတော်ကြီးသော မြတ်စွာ ဘုရား၊ တပည့်တော်တို့အား ကုက္ကုဠမိတ္တမုဆိုး၏ အတိတ် ဇာတ်ကြောင်းကို ဟောကြားတော်မူပါ အရှင်ဘုရား''ဟု တောင်းပန်လျှောက်ထားကြ၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာက အတိတ်ဇာတ်ကြောင်းကို ဟောကြားတော်မူ၏။

ဤဘဒ္ဒကမ္ပာတွင် ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူစဉ်က ဓာတ်တော်စေတီကို ရွှေအုတ်တို့ဖြင့် စီကြ၏။ ထိုစဉ်က ရွာငယ်မှ သူဌေးသည် တစ်ကုဋေလျှူ၏။ ထိုသူဌေးသည် ကုက္ကုဠမိတ္တဖြစ်၏။ ထိုအခါ ပရိသတ်က–

''တောသူဌေးက တယ်လှူပါလားဟရှိ့။ မြို့သူဌေးက ဘယ်ချောင်မှာ အိပ်ပျော်နေသလဲ''ဟု ကဲ့ရဲ့စကားဆိုကြ၏။

ထိုအခါ မြို့သူဌေးက တောသူဌေးထက်သာအောင် ငွေနှစ်ကုဋေလျှူလေ၏။

တစ်ဖန် တောသူဌေးက သုံးကုဋေလျှူပြန်၏။

မြို့သူဌေးက အားကျမခံ လေးကုဋေလျှူ၏။

တစ်ဖန် တောသူဌေးက ငါးကုဋေလျှူပြန်၏။

မြို့သူဌေးက အကြောမပေးဘဲ ခြောက်ကုဋေ လျှူ၏။

http://www.dhammadownload.com

တစ်ဖန်တောသူဌေးက အကြောမခံဘဲ ခုနစ်ကုဋေလှူပြန်၏။

မြို့သူဌေးက လျော့မပေးဘဲ ရှစ်ကုဋေလှူလေသည်။

ထိုအချိန်၌ တောသူဌေးသည် ဤသို့ စဉ်းစားမိလေသည်။

''ဒီတစ်ခါ ငါလှူမယ်ဆိုရင် ကိုးကုဋေလှူရမှာ ငါ့ရှိသမျှ ငွေအကုန်ပဲ၊ မြို့သူဌေးကတော့ ငါ့ထက် သာအောင် လှူနိုင်မှာ မုချပဲ။ ဒီတော့ တစ်မျိုးကြံဆမှ ဖြစ်မယ်''

တောသူဌေးသည် ကိုးကုဋေမလှူတော့ဘဲ ငွေရှစ်ကုဋေလှူ၏။ သားခုနစ်ယောက်၊ ချွေးမ ခုနစ်ယောက်၊ မယားနှင့် မိမိကိုယ်ပါ စေတီတော်အလုပ်အကျွေးအဖြစ် ပေးအပ်လှူဒါန်းလေ၏။ မိသားစုကို ပြောဟောစည်းရုံးပြီး ပေးလှူခြင်းဖြစ်၏။

ထိုအခါ မြို့သူဌေးမှာ တောသူဌေးကို မယှဉ်နိုင်တော့ဘဲ အရှုံးပေးရလေတော့၏။ တောသူဌေး မိသားစုသည် စေတီတော်၏ ဝတ်ကြီးဝတ်ငယ်ကို အသက်ထက်ဆုံးပြုကြ၏။ သေလွန်သော် နတ်ပြည်သို့ လားရောက်ကြကုန်၏။

ဂေါတမမြတ်စွာဘုရားလက်ထက်တော်၌ တောသူဌေး၏မယားသည် နတ်ပြည်မှစုတေ၍ ရာဇဂြိုဟ်မြို့၌ သူဌေးသမီး ဖြစ်လာ၏။ တောသူဌေးက မုဆိုး ဖြစ်လာ၏။ သားခုနစ်ယောက်နှင့် ချွေးမခုနစ်ယောက်တို့လည်း လင်စုမယားဖက် ဖြစ်လာကြ၏။

နောက်ဆုံးတွင် မိသားစုတစ်စုဖြစ်လာပြီး မိသားစုဝင်(၁၆)ယောက်စလုံး သောတာပန် ဖြစ်လာကြခြင်း ဖြစ်လေသည်။ ထူးခြားသော မိသားစု ဖြစ်ပါသည်။

☼☼☼

သောတာပန် အရိယာသူတော်ကောင်းဟူသည် 'အူမ,တောင့်မ သီလ,စောင့်'ဟူသော ပုဂ္ဂိုလ်မျိုး မဟုတ်ခေ။ ''ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှမရွေ့''သော ပုဂ္ဂိုလ်မျိုးသာ ဖြစ်ပါသည်။

သူတော်ကောင်းအရိယာသည် သောတာပန်တည်လျှင်ပင် အယူမှားမိစ္ဆာဒိဋ္ဌိမှ ကင်းလွတ်ပြီး သမ္မာဒိဋ္ဌိအယူမှန်လေ၏။ ဘယ်တော့မှ ပြောင်းလဲယုတ်လျော့ခြင်းမရှိတော့သည့် ပရမတ္ထဗုဒ္ဓဘာသာဝင်လည်း ဖြစ်တော့၏။ ဘယ်လူမျိုး၊ ဘယ်နိုင်ငံ၊ ဘယ်ဘာသာဝင်၌ လူဖြစ်စေကာမူ ဗုဒ္ဓဘာသာဝင်သာ ဖြစ်လာတော့၏။ ဗုဒ္ဓမြတ်စွာကိုသာ ဆည်းကပ်ကိုးကွယ်တော့၏။

အရိယာပုဂ္ဂိုလ်မြတ်တို့သည် ငါးပါးသီလကို မလွန်ကျူးကြတော့ချေ။ ငါးပါးသီလကို အထူးရှောင်ကြဉ်ရန် မလိုတော့ဘဲ အလိုလိုပင် လုံခြုံကြကုန်၏။ ပေါ့ပါးလွယ်ကူစွာ သီလဆောက်တည်နိုင်သော အဓိပ္ပါယ်ဖြစ်၏။

သောတာပန်ပုဂ္ဂိုလ်သည် ကိလေသာ ဆယ်ပါးအနက် မိစ္ဆာဒိဋ္ဌိနှင့် ဝိစိကိစ္ဆာနှစ်ပါး ပယ်သတ်၏။

သကဒါဂါမ်ပုဂ္ဂိုလ်သည် ကျန်ကိလေသာ ရှစ်ပါးအနက် တစ်ပါးပါးကို မပယ်သတ်နိုင်သေးသော်လည်း ပါးလျားအောင် လုပ်နိုင်ကြ၏။

အနာဂါမ်ပုဂ္ဂိုလ်သည် ဒေါသကို ပယ်သတ်နိုင်ပြီး လင်မယားဆက်ဆံရေး လုံးဝကင်းပြတ်ကြကုန်၏။

အရဟတ္တဖိုလ် ရဟန္တာဖြစ်လျှင်မူ ကိလေသာဆယ်ပါးစလုံး ကင်းပြတ်ကြလေပြီ။ တဏှာလက်သမားကို ရှာတွေ့ပြီး တဏှာလောဘ လုံးဝချုပ်ငြိမ်းခဲ့လေပြီ။

ကုက္ကုဋ္ဌမိတ္တမုဆိုးဝတ္ထုကို ကြည့်ခြင်းအားဖြင့် မိသားစုတစ်စုတွင် သောတာပန်အရိယာ သူတော်ကောင်းတစ်ဦးတစ်ယောက်ရှိခြင်းသည် ထိုမိသားစုကို ကိုယ်ကျိုးမနည်းစေဘဲ ကောင်းကျိုးဆောင်ကြောင်း ထင်ရှားပါ၏။

ကနဦးကာလ၌ မိသားစုဝင် သူတော်ကောင်းပုဂ္ဂိုလ်အား ကျန် မိသားစုဝင်များက ဆန့်ကျင်ကောင်းဆန့်ကျင်ကြပေလိမ့်မည် ဖြစ်သော်လည်း နောက်ဆုံးတစ်နေ့တွင်မူ သူတော်ကောင်းတရားကသာ အနိုင်ယူပေလိမ့်မည်။ သူတော်ကောင်းကသာ အနိုင်ယူပေလိမ့်မည်မှာ သေချာလှပါသည်။

လူသားတစ်ယောက်သည် သူတော်ကောင်းဓာတ် ရရှိပြီဆိုလျှင် မသေသော အမြဲတေဓာတ်ကို ရရှိခြင်းပင်ဖြစ်၏။ ထို့ကြောင့် မိသားစု၌ သူတော်ကောင်းတစ်ယောက်၊ အရိယာပုဂ္ဂိုလ်တစ်ယောက်ရှိနေပြီဆိုလျှင် သစ်တစ်ပင်ကောင်း ၄င်္ကတစ်သောင်းနှင့်သင့်သို့ သူတော်ကောင်းဟူသော အမှီကောင်းကိုရ၍ သူတော်ကောင်းများ ဖြစ်လာနိုင်ပေသည်။ သူတော်ကောင်းနားနီးတော့ သူတော်ကောင်း ဖြစ်လာပါသည်။

■ သန်းငြိမ်းအေး

♦ ♦ ♦

http://www.dhammadownload.com



မြတ်ဆရာ ဂုဏ်ရည်

သျှင်အေးရေး (ပွင့်ဖြူ)

''စိတ်ကောင်းစာတတ်၊ ပုဂ္ဂိုလ်မြတ်၊ လိုအပ်သာသနာ''တဲ့။

ဒီဆောင်ပုဒ်လေးကို စာရေးသူ ငယ်စဉ်ကတည်းက ကြားသိမှတ်သားခဲ့ရတယ်။ သာသနာမှာ တကယ်လို အပ်နေတဲ့ သူရဲ့ ဂုဏ်အင်္ဂါအရည်အချင်းကို ထိရောက်စွာ သတိပေးထားတာလို့လဲ မြင်မိတယ်။

ဒီလို ဂုဏ်တွေနဲ့ ပြည့်စုံတဲ့ ဆရာတော်ကတော့ ယခု သက်တော်ငါးဆယ် ရွှေရတုတိုင်တဲ့ မန္တလေး မစိုးရိမ်တိုက်သစ်၊ ဓမ္မသီတဂူနာယက၊ ရန်ကုန်အလိုတော် ပြည့်ဓမ္မာစရိယတက္ကသိုလ်၏ နာယကချုပ် ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ ပါပဲ။

စာရေးသူတို့ မစိုးရိမ်တိုက်သစ်ကို ရောက်တော့ ဆရာရဲ့– ''**ငါ့ရှင်တို့ ငါကိုယ်တိုင် မလိုက်နာ မရှောင်ကြဉ်နိုင်တဲ့ စည်းကမ်းမျိုးကို တပည့်များကိုလည်း ရှောင်လွဲစေပြီး မတားမြစ်ဘူး။ ကိုယ်တိုင်ရှောင်နိုင် လိုက်နာနိုင်တဲ့ စည်းကမ်းကိုပဲ လိုက်နာစေမှာ**''ဆိုတဲ့ ကိုယ်ချင်းစာပြီး မျှမျှတတ သမာသမတ်ကျတဲ့ ဩဝါဒစကားကို နာယူမှတ်သားလိုက်ရလို့ ''မလုပ်မပြော လုပ်မှပြော၊ သဘောညီလှစေ''ဆိုတဲ့ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးရဲ့ လက်ာလေးနဲ့လဲ အလွန်ကိုက်ညီတာပဲလို့ ဝမ်းမြောက်ဂုဏ်ယူခဲ့ရတယ်။

ကိုယ့်ဆရာမို့ မြောက်ပင့်ရေးတာမျိုးမဟုတ်ပါဘူး၊ သီလက္ခန်ပါဠိတော်ပြဟ္ဒဏလသုတ်မှာ ''**တတြ တုမေ့ဟိ ဘူတံ ဘူတတော ပဋိဇာနိတပ္ပံ**=ထိုသို့ ဂုဏ်နှင့်အပြစ်ကို ပြောရာ၌ သင်တို့သည် ဟုတ်မှန်သည်ကို ဟုတ်မှန်သည့်အတိုင်း လက်ခံရမည်''ဟု ဘုရားဟောတော်မူတဲ့ စကားတော်နှင့်အညီ ဆရာ့ရဲ့ဂုဏ်ရည် အစစ်အမှန်တွေကို ရှိတဲ့အတိုင်း နားလည်တဲ့ တပည့်တစ်ယောက်အနေနဲ့ ရေးသားတင်ပြခြင်း ဖြစ်ပါတယ်။

တိုင်းပြည်နဲ့လူမျိုးကိုချစ်ဖို့ ကိုယ်ကျိုးစွန့်အနစ်နာခံဖို့ သာသနာကို စောင့်ရှောက်နိုင်တဲ့ သူဖြစ်အောင် ကြိုးစားဖို့ စာရေးသူတို့ရဲ့ စိတ်ဓာတ်တွေကို မြှင့်တင်ပေးတဲ့ ဆရာ။

မိမိရဲ့ငယ်ဘဝ ဘယ်လောက်ပင် မပြည့်စုံစေကာမူ စိတ်ဓာတ်မကျဘဲ စာပေမှ စာပေဆိုတဲ့ စိတ်ဓာတ်နဲ့ စံပြနေထိုင်ပြီး မန်းမြို့ကို ရောက်စနှစ်မှာဘဲ အဘိဝံသ (သကျသီဟ) ပူဇော်ပွဲကို ကြည့်ရှုကြည်ညိုအားကျရင်း သူတို့လိုဖြစ်အောင် လုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်အတိုင်း ဖြစ်အောင် လုပ်ခဲ့တဲ့ဆရာ။ ဘာသာ သာသနာရဲ့ အတွင်းရန် အပြင်ရန်တွေကို ထင်ရှားစွာ သိရှိစေပြီး ကာကွယ်ဖို့ အမြဲညွှန်ပြတဲ့ ဆရာ၊ အသပြာဓနမဖက် ပကာသနမဖက် ပရိယတ္တိကိုသာ ထာဝရသင်စေတဲ့ဆရာ။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ညရေးညတာ ဆင်းတဲ့အခါ တပည့်တွေရဲ့ ခြင်ထောင်ကြို့ခြင်ထောင်ကြားက သွားရတာ စိတ်မချမ်းသာလို့ လွယ်ကူစွာ ဝင်ထွက်နိုင်တဲ့ ဓမ္မသီတဂူက မိမိအခန်းမှာ သီတင်းသုံးစေပြီး မိမိက ဆွမ်းစားကျောင်းအောက်ခန်းမှာ သီတင်းသုံးကာ ဆရာ့အပေါ် သိတတ်တဲ့ဆရာ။

သာမညဖလဆိုတာ မြတ်စွာဘုရားက အဇာတသတ်မင်းကို ဟောထားတဲ့ သုတ်လို့ မကြည့်မမြင်ဘဲ မိမိ၏လက်ရှိဘဝ ရဟန်းဖြစ်နေလို့ဒီလို သုခတွေ ရရှိတယ်လို့ လက်တွေ့ကျကျ သာသနာ့ ကျေးဇူးတွေကို နားလည်စေတဲ့ ဆရာ။

ဆရာတွေနဲ့တွေ့လျှင် တပည့်ပီသပြီး တပည့်နဲ့တွေ့လျှင် ဆရာပီသတဲ့ဆရာ။ တပည့်တွေကို သာသနာရဲ့ အရင်းအမြစ်ဟာ ပရိယတ္တိဆိုတာ သိမြင်စေပြီး ပရိယတ္တိလုပ်ငန်းကို စွမ်းစွမ်းတမံ အားထုတ်လုပ်ဆောင်ကြဖို့ အားပေးတိုက်တွန်းသြဝါဒပြုန်းတဲ့ ဆရာ။ **သိဿာနံ ဟိတမာစရတိတိ အာစရိယော**–ဟူသော ဝစနတ္ထနှင့်အညီ တပည့်တို့၏အကျိုးစီးပွားကို တိုးတက်စေချင်သော ဆရာ။

ဒီလို မြင့်မြတ်တဲ့ ဂုဏ်တွေ ဝိုင်းရံခနေတဲ့ ကျေးဇူးရှင် မြတ်ဆရာကို–


''ပညာရွှေအိုး၊ ပြည့်လျံဖြိုးအောင်
ကြိုးပမ်းပို့ချ၊ သင်ကြားပြ၍
ဖြူစွာမနော၊ စိတ်သဘောဖြင့်
မြတ်သောအမွေ ပေးလေသူ''လို့ အတွေးသစ်ဂျာနယ် အတွဲ (၇)၊ အမှတ် (၃၀၆)ပါ ဆရာဖေအောင်ကြိုင်ရဲ့ ကဗျာလေးနဲ့ တဆင့်ပူဇော်ပြီး သက်တော် (၅၀)ပြည့် ရွှေရတုဝိဇာတမင်္ဂလာမှ စိန်ရတု ပတ္တမြားရတုရာပြည့်ပွဲတော်ဆီသို့တိုင် သက်ရှည်ကျန်းမာ ဘေးရန်ကွာ၍ သာသနာ့အကျိုး သယ်ပိုးထမ်းဆောင်နိုင်ပါစေလို့ ဆုတောင်းရင်း၊ ဆရာ့ဂုဏ်ရည် အလီလီကို လက်စုံမိုးရှိခိုးလျက်။

■ **သျှင်အေးလေး** (ပွင့်ဖြူ)

♦ ♦ ♦

http://www.dhammadownload.com

မတစ်ဇထာင်
တစ်ဇကာင်မှား
အာဂယောကျိုး



ဂန္ထဆရာတော်

ဖော်ပြပါစာပိုဒ်သည် – လူရည်ချွန် အာဇာနည် ခေါ် ပုဂ္ဂိုလ်ကျော်တို့၏ စွမ်းရည်နှင့် ဂုဏ်သတ္တိများကို ဖော်ကျူးထားသည့် ဂုဏာလင်္ကာရ စကားတစ်ရပ်ဖြစ်ပါသည်။ လောကတစ်ခွင်မှာ လူရည်ချွန် အာဇာနည် ပုဂ္ဂိုလ်များသည် ရှေးဘုန်းရှေးကံများ အဘက်ဘက်မှ ပြည့်စုံသည့်အတွက်ထူးကဲစွာ ပေါ်ထွက်လာကြသော ပုဂ္ဂိုလ်ထူးများ ဖြစ်ကြပါသည်။ ဘုန်းကံထူးများ အကျိုးပေးခွင့်နှင့် တိုက်ဆိုင်ကြုံကြိုက်လာကြသည့် ကံထူးရှင်များလည်း ဖြစ်ကြပါသည်။ ထိုပုဂ္ဂိုလ်များသည် တစ်ခါတစ်ရံ ရှားရှားပါးပါး ထူးထူးခြားခြား ပေါ်ထွက်လာကြသည့် (ပုဂ္ဂလဝိသေသ) ပုဂ္ဂိုလ်ထူးများဖြစ်ကြပါသည်။ တစ်နည်းဆိုရလျှင် ထိုပုဂ္ဂိုလ်များသည် လူမည်ကာ မတ္တမဟုတ်ကြပေ။ လူမည်ကာမျှသာ ဖြစ်သူတို့ကား နေရာတိုင်းမှာ လက်ညှိုးထိုးမလွဲ မရေတွက်နိုင်လောက်အောင်ပင် များပြားလှပါသည်။

ဥပမာထုတ်ဆောင်ရလျှင် – မဟာမြို့ကြီးအတွင်းမှာ သစ်ပင်ဝါးပင်ခြုံနွယ်စသော အလေ့ကျ ပေါက်ရောက်နေသော အပင်များကား မရေတွက်နိုင်လောက်အောင်ပင် များပြားနေပါသော်လည်း လူသားတို့ လိုလားနှစ်သက်အပ်သော ပျဉ်းကတိုး, ကျွန်းပင်, ရန်ဖွေးကြိုင်သော စန္ဒကူးနှံ့သာပင်များလို အဘိုးတန်သစ်ပင်များကား ရှာမှရှား ရှာမတွေ့နိုင်လောက်အောင်ရှားပါးလှပါပေသည်။ ကံထူးရှင်များ ဘုန်းကံရှင်များသာ တစ်ခါတစ်ရံ တွေ့မြင်ရရှိနိုင်လေသည်။ ထိုနည်းတူစွာ ''ဘဒ္ဒန္တ သုစိတ္တာဘိဝံသ''လို ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ တပည့်ကောင်း သာသနာ့အာဇာနည် ပုဂ္ဂိုလ်များသည်လည်း ရှာမှရှားပုဂ္ဂိုလ်များသာ ဖြစ်ကြလေသည်။ အနည်းငယ်ဆက်လက်ဆိုရပါလျှင် ဖော်ပြပါအရှင် ''ဘဒ္ဒန္တ သုစိတ္တာဘိဝံသ''သည် ဇာတိကုလပုတ္တဖြစ်ရုံသာမက အာစာရကုလပုတ္တလည်း ထပ်ဆင့်ဖြစ်သည်ကို သူ၏ ငယ်ဆရာ ဖြစ်တော်မူသော မြေပုံမြို့နယ် သရက်တောင် ဆရာတော် ဘဒ္ဒန္တသုန္ဒရ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ထံမှ ဟိုယခင်ကပင် တစ်ဆင့်စကား ကြားသိဘူးပါသည်။

ထိုအရှင်သည် ငယ်စဉ်ကာလ သာမဏေဘဝကပင် စစ်တွေမြို့, သဒ္ဓမ္မဂရု (ပုသိမ်) ကျောင်းတိုက် ပဓာန နာယက ဘဒ္ဒန္တပဏ္ဍိတ (ဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင်) ဆရာတော်ထံမှာ စာပေပရိယတ္တိသင်ကြား အားထုတ် ဆည်းပူးလာခဲ့ရာ အသက် (၁၆)နှစ်သားအရွယ်ကပင် နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ၌ ပထမငယ်, ပထမလတ်, ပထမကြီးတန်းများကိုလွယ်လင့်တကူ ထိပ်တန်းမှ အောင်ပန်းဆွတ်ယူနိုင်ခဲ့သူ ဖြစ်လေသည်။ ယင်းမှတဖန် ဘကြီးတော်ဖြစ်သူ မန္တလေးမြို့, ရွှေနန်းသင်္ဃီဆေးတိုက်ပိုင်ရှင် ဆရာခင်၏ ပင့်လျှောက်ချက်အရ မန္တလေးမြို့တော် မစိုးရိမ်တိုက်သစ် ပဓာနနာယက (သ၊ အ) ဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တရာဇဓမ္မာဘိဝံသထံ ခိုလှုံကာ ဂန္ထဓုရ ပရိယတ္တိသဒ္ဓမ္မ သာသနာ့တာဝန်ကို ဆက်လက် ထမ်းဆောင်လာခဲ့ရာ ရှစ်ဝါရ အချိန်ကာလမှာပင် အစိုးရဓမ္မာစရိယ, သက္ကသီဟ ဓမ္မာစရိယ, ပရိယတ္တိသဒ္ဓမ္မပါလ ဓမ္မာစရိယတန်းများကို

http://www.dhammadownload.com

လွယ်လင့်တကူ အောင်ပန်း ဆွတ်ယူနိုင်ခဲ့ပြန်လေသည်။ သာမန်ပုဂ္ဂိုလ်များအနေဖြင့်ကား ဤဓမ္မာစရိယတန်းများကို မဆိုထားနှင့် ပထမကြိုးတန်းသို့ ရောက်နိုင်ဘို့ရန်ပင် အလွန်ခဲယဉ်းလှပေသည်။

မမွှသီတဂုနာယက စာချုပ်အကျော်

ထိုအရှင်သည် နိကာယ်ငါးရပ် ပရိယတ္တိ စာပေများကို မိမိသင်ကြား အောင်မြင်တော်မူရုံမျှဖြင့် တင်းတိမ်ရောင့်ရဲတော်မမူနိုင်ဘဲ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်သုံးရပ် စဉ်ဆက်မပြတ် ထွန်းလင်းတောက်ပစေရန် ရည်မှန်းချက်ဖြင့် မိမိထံပါး ခိုဝင်လာသည့် တပည့်တပန်း ရဟန်းရှင်ငယ်များအား လက်ဆင့်ကမ်းကာ စာပေသင်ကြားပို့ချရာ၌ ပင်ပန်းသည်ကို ပဓာနမထား မခိုမကပ် ပြတ်ပြတ်သားသား ဆရာစားမချန်ဘဲ တိတိကျကျ သင်ကြားပေးနိုင်မှုကြောင့် ကျေးဇူးတော်ရှင် မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသက ထိုအရှင်အား ရဟန်းဖြစ်စကပင် စာဝါများကို ပို့ချစေခဲ့ပါသည်။

ယခုအခါ ထိုအရှင်သည် သက်တော်နှစ် (၅၀) ပြည့်၊ သိက္ခာတော် နှစ် (၃၀)ပြည့်၊ စာချသက်တန်းလည်း နှစ် (၃၀)ပြည့်ဟူသော ပြည့်စုံခြင်းသုံးမျိုးသို့ ဆိုက်ရောက်ခဲ့လေပြီ ဖြစ်သည်ကို မကြာမီကကြားသိခဲ့ရလေသည်။ နောင်အနာဂတ် သာသနာတော်အတွက် အားတက်ဖွယ်ရာ ဖြစ်ပါသည်။

ထိုအရှင်၏ သာသနာတော် လုပ်ငန်းကြိုးစားအားထုတ်မှုနှင့် စတုပါရိသုဇ္ဇိသီလဖြူစင်မှုစသော ကောင်းဂုဏ်သတင်း အရပ်ရပ်တို့ကြောင့် နိုင်ငံတော်အစိုးရမင်းတို့ကလည်း ကြည်ညိုလေးစားသည်ဖြစ်၍ ''အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ'' ပထမစာချုပ်ဘွဲ့ထူးကို လွန်ခဲ့သည့် လေးနှစ်ကျော်ကပင် ဆက်ကပ်ခံယူရရှိတော်မူခဲ့လေပြီ။ ဂုဏ်နှင့် ဂုဏ်ထူးလိုက်လျောညီထွေ ရှိလှပါပေသည်။ ထို့ပြင်လည်း ထိုအရှင် စာဝါပို့ချသည့် အချိန်များမှာ ရန်ကုန်၊ မန္တလေးမြို့တော် လေးပြင်လေးရပ်တို့မှ သောတုဇန ရဟန်းသာမဏေ သီလရှင်များ တကူးတကလာရောက်ကြကာ စာဝါများလိုက်ကြသည်ကိုလည်း ပျားပန်းခတ်မျှ မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရလေသည်။ စာလိုက်ပရိတ်သတ်များလည်း အလွန်များပြားလှပါသည်။ (၁၀၀၀)ကျော် အထက်မှာ ရှိနေသည်ကိုလည်း အံ့သြဘွယ်ရာ တွေ့ရှိရပါသဖြင့် အနာဂတ် သာသနာတော်အတွက် အားတက်စရာဖြစ်ပါပေသည်။

ထင်ပေါ်လို့ စင်တော်က ကောက်သည့်နှယ်

ပန်းသတင်း လေညှင်းဆောင်သလို၊ လူသတင်းကို လူချင်းဆောင်လာကြသည့်အတွက် ထိုအရှင် ''ဘဒ္ဒန္တသုစိတ္တာဘိဝံသ''၏ သတင်းကောင်း စကားသည် အရပ်(၄)မျက်နှာ မြန်မာနိုင်ငံတော်တွင်း၌သာမက နိုင်ငံရပ်ခြားတိုင်းပြည်များသို့တိုင်အောင် သင်းပျံ့မွှေးကြိုင်နေလေသည်။ ယင်းသတင်းစကားကို ကြားသိနေရသော ပြည်တွင်းပြည်ပသာသနာပြု ပုဂ္ဂိုလ်ကျော် အလိုတော်ပြည့် ဆရာတော်သည် ဗုဒ္ဓမြတ်စွာ သာသနာတော်အတွက် ရွှင်အားတက်ကာ မဟာရန်ကုန်မြို့တော် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်၌ ''ဂမနာဂမနသမ္ပန္နေ'' အချက်အချာကျလှသည့် မြေကွက်ကြီးတွင် ကြည်ညိုလေးစားကြသည့် ဒါယကာ,ဒါယိကာမတို့အား ညွှန်ပြကာ သံဃာတော် (၁၀၀၀)ကျော်အား တပြိုင်နက် စာဝါပို့ချနိုင်လောက်သည့် တိုက်ကျောင်းတော်ကြီးကို ဆောက်လုပ်စေလျက် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်ကျောင်းတိုက်ကြီးကို ဖန်ဆင်းပေးတော်မူလေသည်။ သို့အတွက် ထိုအရှင်၏ သာသနာပြု ဓမ္မာစရိယစာပေပို့ချခြင်းလုပ်ငန်းသည် လူမှန်နေရာမှန်သို့ ရောက်လာကာ အားတက်ဖွယ်ရာ အလွန်တိုးတက် စည်ပင်နေသည်ကို လဆန်းပက္ခပမာ တွေ့မြင်ခဲ့ရပါသည်။

ရွှေရတုသဘင် အောင်ပွဲဆင်

ယခု အတိတ်သာသနာတော်နှစ်(၂၅၅၀)ပြည့် ကောဇာသက္ကရာဇ် ၁၃၆၈-ခု ဥတုဟေမန္တ တပေါင်းလကား ထိုအရှင်၏သက်တော် နှစ် (၅၀)ပြည့် ရဟန်းသိက္ခာ နှစ်(၃၀)ပြည့်၊ သာသနာပင်မ မူလပရိယတ္တိ စာပေပို့ချခြင်းနှစ် (၃၀)ပြည့် ဖြစ်သည်၊ သို့ဖြစ်သည့်အတွက် ထိုအရှင်၏ သက်တော်နှစ်(၅၀) ရွှေရတုအထိမ်းအမှတ် ဓမ္မသဘင်ကို တပည့် ဒါယကာ, ဒါယိကာမအပေါင်းတို့က စုပေါင်းညီညာ ဆင်ယင်ကျင်းပမည့်အကြောင်း သတင်းကောင်းစကားကြားသိရသဖြင့် ''အဟော ပူဇာ၊ ပရမ ပူဇာ'' စိတ်ရွှင်လန်းကာ အလွန်ပင် ဝမ်းသာဂုဏ်ယူမိပါသည်။

■ ဂန္ဆဆရာတော်

◆ ◆ ◆

http://www.dhammadownload.com



လွတ်အောင်ရုန်းကြစို့

ထိန်လင်း (ရန်ကုန်တက္ကသိုလ်)

မြန်မာသက္ကရာဇ် ၁၃၆၅-ခုနှစ် တပေါင်းလဆန်း (၁၄)ရက် အဖိတ်နေ့၊ (၄-၃-၂၀၀၄)ရက်နေ့တွင် ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ ချင်းတွင်းလမ်းရှိ သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာကျောင်း၌ ကျွန်တော် သည် ရဟန်းဝတ်၍ (၇)ရက် တရားစခန်းဝင်ခဲ့သည်။

မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ စာရေးဆရာများအား ရဟန်းဝတ်၍ဖြစ်စေ၊ ယောဂီဝတ်၍ဖြစ်စေ တရားစခန်းဝင်ရောက်ပြီး တရားဘာဝနာအားထုတ်နိုင်ရန် စီစဉ်ပေးထားခြင်းဖြစ်လေသည်။ ဤတရားစခန်းကို သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာ၌ ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ (ဓမ္မာစရိယ) (စာရေးဆရာ စစ်ကိုင်းဆုလာဘ်)က ဦးစီးဦးဆောင်ပြု၍ စတုတ္ထအကြိမ်ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

ကျွန်တော်သည် ယခင်နှစ်များက ဤတရားစခန်းမျိုးကို ဝင်ရောက်ခဲ့ဖူးခြင်းမရှိသော်လည်း ပဉ္စင်းတော့ဖြင့် (၄)ကြိမ်မျှ တက်ခဲ့ဖူးပါသည်။ ယခု ပဉ္စမအကြိမ် သင်္ကန်းစည်းတော့မှ ပထမအကြိမ် တရားစခန်းဝင်ဖူးခြင်းလည်းဖြစ်ပါသည်။ တိတိပပ ဆိုရသော် ဘုရားရှင်၏ တရားအဆိအနှစ် အရိပ်အယောင်ကို ကိုယ်တိုင်ကိုယ်ကျမှုန်ပျပျလေး မြင်လိုက်ရသော အချိန်ဟုလည်း ဆိုနိုင်ပါသည်။

အမှန်အတိုင်းဆိုရသော် ယခင်အခါများက သင်္ကန်းစည်းကာ ပဉ္စင်းတက်ခဲ့ခြင်းများသည် အေးအေးချမ်းချမ်းအနားယူလိုခြင်းကြောင့် ဖြစ်လေသည်။ သင်္ကြန်တွင်းလို နွေကြီးရက်ကြီးများတွင် ငယ်စဉ်တုန်းကလို ရွှတ်ရွှတ်ယှက်ယှက် အုတ်အုတ်ကျက်ကျက်မနေလိုခြင်း၊ အသက်အရွယ်အရ စိတ်နေစိတ်ထားများ ပြောင်းလဲလာ၍ အေးချမ်းစွာ နေထိုင်လိုခြင်းကြောင့်လည်း ဖြစ်ပေမည်။

သင်္ကန်းစည်းပြီး ဘုရားတရားတော်နှင့်အညီ ဆွမ်းခံဝတ်မပျက် ဆွမ်းခံစားလျက် ကျန်အချိန်များတွင် စာဖတ်ခြင်း၊ အနားယူခြင်း၊ တရားတိတ်ခွေများနာကြားခြင်း၊ တရားဓမ္မစာပေများကို ရှာဖွေဖတ်ခြင်းဖြင့် ဗဟုသုတရှာဖွေဖြည့်ဆည်းရင်း ငြိမ်းချမ်းစွာ နေထိုင်ခဲ့ပါသည်။ ဤသို့ဖြင့် တစ်နေထွက် တစ်နေဝင် နေထိုင်ခဲ့ရာမှ ညဘက်ရောက်သော် ဘုရားဝတ်တက်ခြင်း၊ မေတ္တာပို့

http://www.dhammadownload.com

အမျှဝေခြင်း၊ မင်္ဂလသုတ်,မေတ္တာသုတ်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ တရားဓမ္မစာအုပ်များ ဖတ်ကြား ဆွေးနွေးခြင်းတို့ဖြင့် အချိန်ကို ကုန်လွန်စေခဲ့ပါသည်။

သည်လိုနှင့်သံသရာလည်နေခဲ့သည်မှာ ဘဝနေဝင်ချိန်သို့ပင် နီးကပ်ခဲ့ပြီတည်း။ ပန်းပုပညာကျော်ကြီးများ၏ လက်နှင့် ကင်းကွာနေသေး၍ ရှိုန်ခဲသဲနုန်းမြေကြီးဖုံးနေသည့် သူကျော်ငါနင်း သစ်သားထင်းဘဝပါတကား။

စင်စစ် ကျွန်တော်သည် မြတ်ဗုဒ္ဓ၏ တရားဓမ္မများနှင့် ကင်းဝေးသော အစိမ်းသက်သက်ကြီးကား မဟုတ်ပါ။ စာပေဗဟုသုတအတန်အသင့်ရှိခဲ့ပါသော်လည်း တရားဘာဝနာအလုပ်ကို စနစ်တကျ လုပ်ကိုင်ခဲ့ဖူးခြင်းမရှိခဲ့ပါ။

စတုဂိရိတောင်လေးလုံးဆရာတော်ကြီး၏ အာဘော်ဖြစ်သော ''သာသနာတော်နေဝန်း တက်ထွန်းစဉ်ကာလတွင်မှ အနတ္တကို မသိလိုက်ရ၊ မထင်လိုက်ရ၊ မမြင်လိုက်ရရှိချေသော် သာသနာတော် နေမင်းဝင်၍ မှောင်အတိကျသောအခါ ဆိုဖွယ်ရာမရှိပြီမှတ်''ဟူသော စကားတော်ထဲကအတိုင်း သံသရာလဆန်း၊ ကမ္ဘာလဆန်းထဲက ကျင်လည်ခဲ့ကြရသော သံသရာစက်ဝန်းထဲ၌ ချားရဟတ်ပမာ မရပ်မနား လည်ပြီးရင်း လည်ခဲ့ခြင်း၏။

သန္တိသုခနိဗ္ဗာန်ရွှေပြည်မြတ်ကို အမှန်တကယ် ရောက်နိုင်သော ဝိပဿနာဝုရအလုပ်ကို မကြိုးကုတ် မကျင့်ကြံပဲ နိဗ္ဗာန်ရွှေပြည်မြတ်ကို ဆုတောင်းဆုယူလုပ်၍ တောင်းဆိုနေကြသူများသည် နိဗ္ဗာန်ဝင်စံရမည် ဝေးစွ၊ နိဗ္ဗာန်တံခါးနားမျှကပ်၍မရ၊ နိဗ္ဗာန်စော်မျှပင် နံမည်မဟုတ်ချေ။ သံသရာဝဲသြဃထဲ၌ နစ်တုံပေါ်တုံနှင့် လည်ရင်းနစ်မြဲ,နစ်ရင်းလည်မြဲ တမှန်မွဲမွဲအဖန်တလဲလဲ ကရွတ်လျှောက်ကင်းများသာ ဖြစ်နေချေတော့မည် မလွဲတည်း။

ကျွန်တော်ကြားဖူးမှတ်သားဖူးသော နိတိစကားတစ်ခွန်းကို ထိုနေရာ၌ အမှတ်ထင်ထင် ဖျတ်ကနဲ သတိရလိုက်မိသည်။ ''ဟင်းအိုးကိုမွှေသော ယောက်မသည် မည်မျှပင်မွှေနေရသော်လည်း ဟင်း၏ အရသာကို မသိသကဲ့သို့ လူမိုက်သည် အသက်ရှင်နေသမျှ ကာလပတ်လုံး ပညာရှိကို ဆည်းကပ်ပါသော်လည်း သူတော်ကောင်းတရားကို မသိနိုင်။ လျှာသည် ဟင်း၏အရသာကို ကောင်းစွာသိသကဲ့သို့ သိကြားလိမ္မာသူသည် တစ်ခဏမျှသာ ပညာရှိကို ဆည်းကပ်ရသော်လည်း သူတော်ကောင်းတရားကို လျင်မြန်စွာ သိကျွမ်းနိုင်၏။

ငပိဖုတ်သော်မျှ ဆရာမပြနည်းမကျဆိုစကား

အမှုမဲ့ အမှတ်မဲ့ အချိန်မကုန်ပါစေနှင့်။ နမော်နမဲ့ မနေပါနှင့်။ ထူပြောလှသည့် အတ္တမော်တော . . . ဒိုက်သရောကြားမှ အနတ္တသာသနာ ကြာဖူးကြာပွင့်များ ငွေးငွေးစွင့်စွင့် ပွင့်လန်းပေါ်ပေါက် ထွန်းတောက်လာစေရန် မြတ်စွာဘုရားရှင်၏ ထေရဝါဒ သာသနာတော်မြတ်ကို ဖြူစင်သော နလုံးသား မွန်မြတ်သော ကိုယ်ကျင့်တရားတို့ဖြင့် အရှည်တည်တံ့ ပြန့်ပွားထွန်းကားအောင် စွမ်းဆောင် ကြိုးပမ်းကြစေချင်ပါသည်။

အတိုင်း ယခုအချိန်တွင် ဆရာကောင်းအရိပ်ကောင်းခိုမှီနားရလေပြီဖြစ်သောကြောင့် အစဂဏန်း တစ်အလင်းတန်းကို တွေ့မြင်ရလေပြီ။ ရှေ့ခရီးဆက်၍ ရောင်နိဉီးကို မြင်တွေ့ရန် လုံ့လပြုအားထုတ်ဖို့သာ ကျန်တော့သည်။ ဖွဲ့တင်း,အားတင်း၍ ဆက်လျှောက်ကြရန်ကား ကိုယ့်တာဝန် ကိုယ့်ဝတ္တရားသာတည်း။

အာနာပါနဖြင့် ဝိပဿနာတရားအားထုတ်ကြသော အကြင်ပုဂ္ဂိုလ်တို့သည် ဝင်လေ/ထွက်လေ၏ ထိမှုသိမှုကို ရှုမှတ်ရင်း သမာဓိဉာဏ်စဉ်များ ဖြစ်ပေါ် ရင့်သန်လာသောအခါ ဝင်လေထိမှုကတခြား၊ မှတ်သိလိုက်တာက တခြား၊ ထွက်လေထိမှုကို မှတ်ရှုလျှင်လည်း ထွက်လေထိမှုကတခြား၊ မှတ်သိလိုက်တာက တခြားဟု ကွဲပြားကာ ပိုင်းခြားစိတ်ဖြာ၍ သိမြင်လာနိုင်သည်။

သင်္ကာယဆိုသော ကိလေသာတရားဆိုးကြီး ကို ကာကွယ်ရန်အတွက် ဝိပဿနာဘာဝနာအလုပ် လုပ်ဖြစ်အောင်လုပ်ဖို့ အမှန်လိုလေသည်။ ဖြစ်ပျက်ပြောင်းလဲနေသော ရုပ်တရားတို့၏ သဘာဝနိယာမဖြစ်ပျက်နေမှုများကို ဝိဇ္ဇာဉာဏ်နှင့် သုံးသပ်ဆန်းစစ်ကြည့်ရှုရန်ဖြစ်သည်။ တရားဘာဝနာအလုပ် လုပ်ဖြစ်အောင် ကျင့်ကြံနိုင်ဖို့သိအောင် လုပ်ယူရတဲ့အသိကတစ်မျိုး၊ ကျင့်လို့သိတဲ့ အကျင့်အသိကတစ်မျိုး ဖြစ်သည်။

ဝင်လေထိမှု၊ ထွက်လေထိမှုတို့သည် အာရုံသိမှုမဟုတ်သောကြောင့် ရုပ်တရားချည်းသက်သက် ဖြစ်လေသည်။ သိမှု,မှတ်မှုများသည် ခံစားတတ်သောကြောင့် နာမ်တရားဖြစ်လေသည်။ ထိုအခါကျမှ ရုပ်နှင့် နာမ်ကို ခွဲခွဲခြားခြားပိုင်းခြား၍ သိမြင်လာနိုင်ပေမည်။

http://www.dhammadownload.com

ဤကဲ့သို့ ရုပ်တရားနှင့်နာမ်တရားကို နှစ်ပိုင်းခွဲကာ ပိုင်းခြားသိမြင်လာခြင်းသည် နာမရူပပရိစ္ဆေဒဉာဏ်၏အစပင် ဖြစ်လေသည်။ နာမရူပပရိစ္ဆေဒဉာဏ်သည် နာမ+ရူပ+ပရိစ္ဆေဒ+ဉာဏ ဟူ၍ လေးပိုင်းခွဲခြားထားသည်။ ထိုလေးပိုင်းမှာ နာမ=နာမ်၊ ရူပ=ရုပ်၊ ပရိစ္ဆေဒ=ပိုင်းခြားခြင်း၊ ဉာဏ=သိခြင်းဟူ၍ပင်ဖြစ်သည်။ ပေါင်းရုံးရုံးပြဆိုရသော် နာမ်နှင့်ရုပ်ကို ပိုင်းခြားရှုသိသော ဉာဏ်ပင်ဖြစ်လေသည်။ သည်ဉာဏ်အမှန်ဖြစ်ပေါ်လာပြီဆိုပါလျှင် ကိလေသာမိုးသားမိုးတိမ်များ ကင်းစင်သွားလို့ ကိလေသာမိုးစွေမဖြိုးနိုင်တော့ပဲ အလင်းအရုဏ်သစ်သို့ လျင်မြန်ထုတ်လျှောက်ရောက်ရပေတော့မည် မလွဲတည်း။

ကျွန်တော့်အဖို့လည်း ယခုအကြိမ်သက်နံ့ဝတ်ရသည်မှာ ယခင်အခါများနှင့် လုံးဝမတူတော့ပဲ တမူကွဲ၍ ခြားနားခဲ့ရလေပြီ။ ဟိုတုန်းအခါက သက်နံ့ဝတ်ခြင်းသည် အေးအေးချမ်းချမ်း အနားယူလို၍သာ ဖြစ်ပြီး ဆွမ်းခံစားခြင်း ,ဘုရားဝတ်တက်ခြင်းများ တူညီခဲ့ပါသော်လည်း ယခု သည်ဝတ္တရားများအပြင် နေ့စဉ်နေ့တိုင်း သူ့အချိန်နှင့်သူ တရားအားထုတ်ခြင်း၊ တရားထိုင်ခြင်းများကို နိစ္စဝတ္တဝတ်တစ်ရပ်အနေဖြင့် မပြတ်လုပ်ရလေသည်။ ဤသည်ပင် ကျွန်တော့်ဘဝ၏ အလင်းဦး အရုဏ်လည်း ဖြစ်ချေသည်။

ထို့ကြောင့် တရားဘာဝနာအလုပ် လုပ်ကြတော့မည်ဆိုပါလျှင်လည်း အသိမပါသောအကျင့်၊ အကျင့်မပါသောအသိ မဖြစ်စေအပ်ပဲ အသိနှင့်အကျင့် ဟန်ချက်ညီ စည်းချက်ကျစေဖို့ ကြိုးစားအားထုတ်သင့်ကြသည်ဟု ယူဆမိပါသည်။

အချို့သောသူများသည် သာသနာတော်ကို နဖူးစည်းတပ်ကာ ဓမ္မဝိနယနှင့် ဖီလာဆန်ကျင်ဘက်ဖြစ်သည့် အပြုအမူ၊ အပြောအဆို၊ အလေ့အကျင့်များကို လုပ်နေကြသူများရှိလေသည်။ ဤသည်တို့ကို အလေးမထား၊ သတိမမူဘဲနေကြပါလျှင် သို့တည်းမဟုတ် ငါကောင်းလျှင်ပြီးရော အတ္တစိတ်သဘောဖြင့် ကြောင့်ကြမဲ့နေခဲ့ကြမည်ဆိုလျှင် နောင်သောအခါ၌ ''မြတ်ဗုဒ္ဓ၏ ထေရဝါဒသာသနာတော်ကြီး'' ရေတိမ်နစ်သွားဖွယ်ရှိလေသည်။

ထို့ကြောင့် မိမိတို့ကိုယ်တိုင်လည်း သံသရာဝဲသြဃထဲမှ လွတ်မြောက်အောင် ရုန်းကန်ကူးခတ်ပါ၊ မိမိပတ်ဝန်းကျင်မှ သုခိတာ၊ ဒုက္ခိတာ သတ္တဝါများကိုလည်း စွမ်းနိုင်သမျှ ကူညီစောင်မပါဟု အကြံပြုပါသည်။ ပတ္တိဒါန၊ ပတ္တာနုမောဒနာကို မမေ့သင့်ကြောင်း သတိပြုစေလိုပါသည်။

ထေရဝါဒဗုဒ္ဓသာသနာတော်၌ စံထားရမည့် ပေအတိုင်းအရှည်တိတ်ကျကျရှိနေပါသည်။ အမှုမဲ့အမှတ်မဲ့ အချိန်မကုန်ပါစေနှင့်။ နမော်နမဲ့ မနေပါနှင့်။ ထူပြောလှသည့် အတ္တမှော်တော... ဒိုက်သရောကြားမှ အနတ္တသာသနာ ကြာဖူးကြာပွင့်များ ငွေးငွေးစွင့်စွင့်ပွင့်လန်းပေါ်ပေါက် ထွန်းတောက်လာစေရန် မြတ်စွာဘုရားရှင်၏ ထေရဝါဒ သာသနာတော်မြတ်ကို ဖြူစင်သော နှလုံးသား မွန်မြတ်သော ကိုယ်ကျင့်တရားတို့ဖြင့် အရှည်တည်တံ့ ပြန့်ပွားထွန်းကားအောင် စွမ်းဆောင်ကြိုးပမ်းကြစေချင်ပါသည်။

''အပ္ပမာဒေန သမ္မာဒေထ''

သတိပဋ္ဌာန်ရှုမှတ်ရခြင်း၏အကျိုးများမှာ

၁။ လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာ မြူမှုန်အညစ်အကြေးများ လျော့ပါးကင်းစင်လာခြင်း။

၂။ ဗျသနတရားငါးပါးကြောင့် ပေါ်ပေါက်ရသော စိုးရိမ်ပူဆွေးရခြင်း၊ ထိုစိတ်ကြောင့်ဖြစ်သော သောက အပူဗျာပါဒမီးများ ငြိမ်းကွယ်လွင့်ပျောက်လွယ်ခြင်း။

၃။ စိုးရိမ်သောကလွန်ကဲခြင်းကြောင့် ခန္ဓာကိုယ်တွင် အဝတ်အစားပင်မကပ်နိုင်လောက်အောင် ရူးသွပ်ခြင်းစသော အလွန်ပြင်းထန်သည့် ပရိဒေဝသောကမီးတောက်မီးလျှံများကို ငြိမ်းအေးစေနိုင်ခြင်း။

၄။ ရုပ်ခန္ဓာတွင်ဖြစ်ပေါ်တတ်သည့် နာမ်ခန္ဓာ၏ ခံစားမှုများဖြစ်သည့် နာကျင်ခြင်း၊ အောင့်ခြင်း၊ ကိုက်ခဲခြင်းစသော ကာယိကဒုက္ခများကို ငြိမ်းအေး ပြေလျော့စေခြင်း။

၅။ နာမ်ခန္ဓာဖြစ်သော စိတ်တွင်ဖြစ်ပေါ် ခံစားနေရသည့် ပင်ပန်းဆင်းရဲခြင်း ,အပူဝေဒနာ စေတသိက် ဒုက္ခများကို ငြိမ်းအေးစေခြင်း။


၆။ သောတာပန်အစ အရဟတ္တမဂ်,ဖိုလ်အဆုံးတိုင် ထိသို့ပင် ရရှိရောက်ရှိစေနိုင်ခြင်း။

၇။ ယခုလက်ရှိ ပစ္စက္ခဘဝမှာပင် နိဗ္ဗာန်ကို မျက်မှောက်ပြုစေနိုင်ခြင်းစသော အကျိုးများကို ရရှိခံစား စေနိုင်လေသည်။


■ **ထိန်လင်း** (ရန်ကုန်တက္ကသိုလ်)

♦ ♦ ♦

http://www.dhammadownload.com



ဘဝအလင်းရောင်
နှင့်
ငြိမ်းအေးမှုဒဿန



★ အရှင်ပညာစက္က (အမ်း) ★

"မြတ်စွာဘုရား ရောင်ခြည်တော်သည် အရောင်တကာတို့ထက်မြတ်၏။ ထိုမြတ်စွာဘုရား ရောင်ခြည်တော်သည်အတုမရှိ"ဟု သဂါထာဝဂ္ဂသံယုတ်၊ ပဇ္ဇောတသုတ်၌ မြတ်စွာဘုရား မိန့်မြွက်တော်မူခဲ့ပါ၏။

သီလ, သမာဓိ, ပညာ–လျှင် အရင်းအမြစ်ရှိသော ဘဝတည်ဆောက်ပုံဥပဒေ (သို့) ဘဝခရီးဖြောင့်မတ်တည်ကြည်ရေး (ဝိနည်း)၊ ဘဝစည်ပင်ဖွံ့ဖြိုးရေး (သုတ္တန်)၊ ဘဝငြိမ်းချမ်းရေး (အဘိဓမ္မာ)တို့ကို မြတ်စွာဘုရားရှင်သည် မဟာကရုဏာဉာဏ်တော်ကို ရှေ့ထားပြု၍ ၄၅–ဝါ ကာလပတ်လုံး လောကသားတို့အတွက် မနေမနား ဟောကြားတော်မူခဲ့၏။ ထို နိကာယ်ငါးရပ် သဒ္ဓမ္မတို့သည်လည်း လောကသားတို့အတွက် အသဒိသ အတူမရှိ၊ အတုလ–တုန်ိုင်းမမှီသော ဆီမီးတန်ဆောင် မြတ်စွာဘုရား၏ ရောင်ခြည်တော်များပင် ဖြစ်ကြပါသည်။

သဒ္ဓမ္မတည်းဟူသော ဗုဒ္ဓရောင်ခြည်တော်တို့သည် ပမာဒ ဟူသော အေးစက်မှုဖြင့် အစွန်းရောက်မှားယွင်းနေသူအတွက် နွေးထွေးသော အမှန်တရားဖြစ်၏။ ကိလေသာဟူသောပူလောင်မှုဖြင့် ချုပ်နှောင်ခံရသူအတွက် ငြိမ်းချမ်းသော သစ္စာအရိပ်ဖြစ်၏။ သံသယအယူအဆကြား လမ်းမှားနေသူအတွက် လုံခြုံစိတ်ချရသော လမ်းပြကြယ်ကြီးဖြစ်၏။ ထို သဒ္ဓမ္မ၌ လောကသားတို့၏ ဘဝအသီးသီးနဲ့ ပတ်သက်ပြီး တိကျမှန်ကန်သော အမြင့်ဆုံး အယူအဆ Theorem သည်ရှိ၏။ အခိုင်မာဆုံး လက်တွေ့အသုံးချနည်း Rule သည်ရှိ၏။ အပြည့်စုံဆုံး စိတ်ပညာ Psychology သည်ရှိ၏။ ထိုသဒ္ဓမ္မသည် "အကြောင်းတရား၌လည်း နက်နဲ၏၊ အကျိုးတရား၌လည်း နက်နဲ၏၊ အနက်,အဓိပ္ပါယ်ကို ဖော်ပြသော ဒေသနာ၌လည်း နက်နဲ၏။ အကြောင်း, အကျိုး, အနက်,အဓိပ္ပါယ်ကိုသိသော ပညာ၌လည်း နက်နဲ၏"

ထိုသို့ ဖြည့်စွက် ပယ်နှုတ်ခြင်းအားဖြင့် ပြင်ဆင်စရာမရှိသည်အထိ သကလပရိပုဏ္ဏဂုဏ်နှင့်ပြည့်စုံသော သဒ္ဓမ္မသုံးဖြာသည် BC – ၅၈၈–ခု မိဂဒါဝုန်တော၌ တရားဦးအလင်းရောင်တောက်ပခဲ့သောနေ့မှစ၍ ခေတ်အဆက်ဆက်မှာ လူစရိုက်အသွယ်သွယ်ကို ဖြတ်သန်းလာခဲ့ရ၏။ သို့သော် ဗျည်း၊ အက္ခရာ၊ မတိမ်းမစောင်း၊ ဗုဒ္ဓဝါဒအစဉ်မပျက်စေဘဲ တိကျခိုင်မာနေဆဲဖြစ်၏။ ယခု AD –၂၀၀၆–ထိ မယိမ်းမယိုင် မားမားမြိုင်မြိုင် ပြိုင်စံရှားအဖြစ် ရပ်တည်လျက် တဖျပ်ဖျပ်တလက်လက် တောက်ပနေဆဲ ဖြစ်၏။ ထိုကဲ့သို့ အပြစ်,အနာအဆာမဲ့ ယခုအချိန်ထိ ကိုးကွယ်ယုံကြည်ခွင့်ရသည်မှာ လောကဥက္ကဋ္ဌ မြတ်ဗုဒ္ဓလက်ထက် သာသနာသူရဲကောင်း၊ သာသနာ့အာဇာနည်များဖြစ်ကြသော အရှင်သာရိပုတ္တရာ အစရှိသော ပရိယတ္တိဝန်ဆောင် အရှင်ကောင်း၊ အရှင်မြတ်တို့မှစ၍ ယနေ့ခေတ် ပရိယတ္တိတာဝန်ကို သမိုင်းပေးတာဝန်၊ ဘဝပေးတာဝန်၊ စေတနာပေးတာဝန်တစ်ခုအနေဖြင့် ဦးထိပ်ထမ်းရွက် အပတ်တကုတ် အားထုတ်တော်မူ ကြသည့် သံဃာတော်အရှင်သူမြတ်များထိ၊ "အာစရိယပရမ္ပရ ဆရာအဆက်ဆက်၊ သိသာနုသိသ တပည့်အသွယ်သွယ်တို့ လက်ဆင့်ကမ်း ထိမ်းသိမ်းစောင့်ရှောက်လာခဲ့ကြသောကြောင့်ပင် ဖြစ်သည်။

http://www.dhammadownload.com

ထိုမျှသာမက ''ဆရာ ဒကာရေနှင့်ကြာ'' ဟူ၏သို့ သာသနာတော်ကို ချစ်မြတ်နိုးပြီး သဒ္ဓါတရားနှင့် ပြည့်စုံကြသော မင်းကောင်းမင်းမြတ်တို့သည်လည်း BC-၅၄၃-ခုမှစ၍ ဒါယကာအဖြစ်ဖြင့် ပရိယတ္တိသဒ္ဓမ္မကို အပေါင်းပူဇော်မှု (သင်္ဂီယနာ)ပြု၍ ခေတ်အဆက်ဆက် စောင့်ရှောက်စောင်မတ်ခဲ့ကြသေး၏။ အဘယ်ကြောင့် ပရိယတ္တိကိုသာ အလေးဂရုပြုခဲ့ကြပါ သနည်းဟူသော် မြတ်စွာဘုရားက နိဒါန သံယုတ် သဒ္ဓမ္မ ပတိရူပကသုတ်မှာ **''နှ တာဝ ကဿပ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ၊ ယာဝ နှ သဒ္ဓမ္မပတိရူပကံ လောကေ ဥပ္ပဇ္ဇတိ''** ဟု ဟောတော်မူထားပါသည်။ ''ကဿပ လောက၌ သူတော်ကောင်းတရား အတုအယောင် မပေါ်ပေါက်သေးသမျှ ကာလပတ်လုံး သူတော်ကောင်းတရား 'အစစ်အမှန်' မကွယ်ပျောက်နိုင်''ဟူ၏။ သို့ဖြစ်၍ ပရိယတ္တိ သဒ္ဓမ္မနယ်ပယ်၌ အက္ခရာ၊ ပဒ၊ ဗျဉ်နာ၊ လိင်၊ ဂဏ၊ ကာရန်၊ ဝိကာရ၊ ဝိပလ္လာသ စသော စည်းမျဉ်း ဥပဒေသများ ချွတ်ယွင်း ဖောက်ပြန်သွားခဲ့ပါမူ– ဗုဒ္ဓဝါဒ, တိကျသော အဓိပ္ပါယ်နှင့်စစ်မှန်သော အရည်အသွေးများ သည်လည်း မှားယွင်းပျောက်ကွယ်သွားတတ်ပါသည်။ (အမှားသည် အမှန်ဖြစ်နိုင်သေး၏, ကွယ်ပျောက်သွားလျင် နောင် ဘုရားတစ်ဆူထိ စောင့်ဆိုင်းလိုက်ရုံသာ) သို့ဖြစ်လျင် စစ်မှန်သော သူတော်ကောင်းတရားများသည် ဘာသန္တရ အယူဝါဒနဲ့ ရောနှောယှက်တင်ပြီး သူတော်ကောင်းတရား အတုအယောင်များဖြစ်သွားတတ်၏။ ထိုအခါ သာသနာတော်သည် အလွယ်တကူ ကွယ်ပျောက်နိုင်သောကြောင့် ပရိယတ္တိသဒ္ဓမ္မကိုသာ အလေးထားကာကွယ်ကြခြင်းဖြစ်သည်။ ထိုသဒ္ဓမ္မပတိရူပက–သုတ်အဋ္ဌကထာ၌လည်း **''ပရိယတ္တိယာ ဟိ အန္တရဟိတာယ ပဋိပတ္တိ အန္တရဓာယတိ၊ ပဋိပတ္တိယာ အန္တရဟိတာယ အဓိဂမော အန္တရဓာယတိ''** စသည်ဖြင့် သာသနာတော်မြတ်ကြီး အဓွန့်ရှည်စွာ တည်တံ့ဖို့ရန်မှာ ''ပရိယတ္တိသဒ္ဓမ္မ''သည်သာ အခြေမူလပဓာနကျကြောင်း ပြဆိုထားပါသည်။ ''ပရိယတ္တိ ကွယ်သောကြောင့် ပဋိပတ္တိကွယ်သည် ပဋိပတ္တိကွယ်သောကြောင့် အဓိဂမ (ပဋိဝေဓ)ကွယ်သည်'' ဟူ၍ဖြစ်၏။ သာသနာတော်ကြီး၏ အပြိုန်ယှက်ဆုံး အမြိုက်အရသာမှာ ''ပဋိဝေဓ–ပညာတံခွန်မြတ်နိုင်ငံ'' ကား မှန်ပေ၏။ သို့သော် ပရိယတ္တိ သဒ္ဓမ္မသာ လွဲချော်ခဲ့မယ် (သို့) ပရိယတ္တိသာ တိကျခိုင်မာမှု မရှိခဲ့လျှင် နိဗ္ဗာန်လမ်းကြောင်းဥပဒေသ (ပဋိပတ္တိ)တိမ်းစောင်းပြီး ပဋိဝေဓ အသီးအပွင့်နဲ့ အလှမ်းကွာဝေးနေပါလိမ့်မည်။ ဒီကနေ့ လောကလူသားတို့အနေဖြင့် ပစ္စုပ္ပန် တမလွန်၌ အကျိုးရှိသော တရား ကုသိုလ်နဲ့ အကျိုးမဲ့စေသော တရား အကုသိုလ်မှစ၍ မဂ္ဂင် ၈–ပါး, သစ္စာတရားများအထိ ဒေသနာအသိ၊ ဉာဏ်အသိမျိုး သိရှိနေရခြင်းမှာ ပရိယတ္တိသဒ္ဓမ္မကြောင့်သာ ဖြစ်သည်။ နေမင်း၏အလင်းရောင်သည် အဂတိမလိုက်၊ ဒေသမရွေး၊ လောကသားတို့၏ အမြင် သမာဓိနှင့်စိတ်၏ငြိမ်းချမ်းခြင်း၊ နိဗ္ဗောဓတို့ဖြင့် တန်ဆာဆင်လျက် ဘဝ၏အမြင့်ဆုံး အလင်းရောင်ကို ပေးတတ်၏။ နေမင်း၏အရောင်သည် လောက၌ ရှိရှိသမျှသော အရောင် အလင်းတို့ကို တော်လှန်၍ ပြိုင်ဘက်မရှိ ထွန်းလင်းတောက်ပြောင်နေဘိ၏သို့ သွာက္ခာတ–ဂုဏ်ရည် ခုနှစ်ရပ်တို့ဖြင့် ဟောကြားထားအပ်သော မြတ်ဗုဒ္ဓ၏ တရားမြတ်သည်လည်း လေ...၌ ဒဿနပညာရှင်တို့၏ စိန္တာမယဉာဏ်ကို လွှမ်းမိုးနှိပ်စက်၍ ပြိုင်ဘက်ကင်းစွာ အထီးတည်း တောက်ပြောင်ထွန်းလင်းခဲ့လေပြီ။ ၎င်း ဂုဏ်ရည်ခုနှစ်ရပ်တို့မှာ (၁) အစနိဒါန်းပိုင်း၌ ကောင်းမြတ်သော ကလျာဏဂုဏ်ရှိ၏။ (၂) အလယ်စာကိုယ်ပိုင်း၌ ကောင်းမြတ်သောကလျာဏဂုဏ်ရှိ၏။ (၃) အဆုံးနိဂုံးပိုင်း၌ ကောင်းမြတ်သော ကလျာဏဂုဏ်ရှိ၏။ (၄) သဒ္ဒါ၊ ဆန်း၊ အလင်္ကာနည်းတို့ဖြင့် ပြည့်စုံ၍လည်း စာပေအဆင့်အတန်းမြင့်၏။ (၅) အဓိပ္ပါယ်အနှစ်သာရနှင့်လည်း ပြည့်ဝ၏။ (၆) ရွှထောင့်စုံမှကြည့်လျင် အဘက်ဘက်မှပြည့်စုံ၏၊ (၇) ပြဟ္မစရိယခေါ်သော မြတ်သောအကျင့်ကိုလည်း ဖော်ပြထား၏။ ဤအင်္ဂါတို့ကြောင့် ရာစုနှစ်များစွာတို့ တလျောက်လုံး သဗ္ဗညုတဉာဏ်အစဉ်သည် ကွန့်မြူးလာခဲ့ပေပြီ။ ''ဗုဒ္ဓ၏ ပရိယတ္တိသဒ္ဓမ္မတွင်ရှိသော တရားတော်သည် တရားတော်ကို ကျင့်ကြံလိုက်နာသူတို့ကို ဘဝသံသရာ ခရီးခဲမှ ထုတ်ဆွဲကယ်တင်တတ်၏။ တရားကျင့်တုန်း အခိုက်အတန့်နှင့် ကျင့်ပြီးနောက်ကာလတို့၌လည်း သက်သာမှုကို ပေးစေခြင်းဖြင့် သတ္တဝါတို့၏ ဘေးဒုက္ခကို ပယ်ဖျောက်ဖျက်ဆီးတတ်၏။'' ဤသည်ကိုပင် ''တရားကျင့်သောသူကို တရားကစောင့်ရှောက်၏''ဟု ခေါ်ဆိုခြင်းဖြစ်သည်။ ဤကဲ့သို့ ထူးကဲနက်နဲပြီး မှန်ကန်သော တရားတော်များ (ပရိယတ္တိသဒ္ဓမ္မ)သည် သံဃာတော်များ၏ ကျေးဇူးကြောင့် များစွာသော ခေတ်ရေစီးကြောင်းကြား ၎တ်လျှိုမသွားရခြင်းဖြစ်သည်။ သို့ကြောင့် သာသနာတော်ကြီး၏ အသက်သွေးကြောဖြစ်သော ပရိယတ္တိသဒ္ဓမ္မကို အရင်းမှနေပြီး အားပါးတရ ထမ်းဆောင်

http://www.dhammadownload.com

များပြားသော ကျေးဇူးတရားတို့ကို ထွေးပိုက်ကြွေးယူမိသော တပည့်တစ်ဦးအနေဖြင့် ဆရာ့ဂုဏ်ကို အလေးမပြုဘဲ အဘယ်မှာ အမှုမဲ့ အမှတ်မဲ့ နေထိုင်ဝံ့ပါအုံးနည်း။ အခါမသင့်၍ အခွင့်မကြုံခဲ့လျှင်ပင် ပူဇနိယ ပူဇော်အပ်သော ကျေးဇူးရှင်သည် "ကျွန်ုပ်၏ ဦးခေါင်းပေါ်၌" ထာဝရတည်နေဦးမည်သာ။

နေကြသော သာသနာ့အာဏာနည် အရှင်သူမြတ်တို့သည် အားလုံး၏ ကျေးဇူရှင်များဖြစ်ကြသည်။ ထိုဂုဏ်ရှိလ်တို့ သည် သတ္တလောကသားတို့၏ ဘဝအလင်းရောင်ကို မမှေးမိုန်စေရအောင် အမြဲ မီးစာဖြည့်ပေးနေကြ၏။ "ကတညုတ ကတဝေဒီ" ကျေးဇူးတရားကိုသာ ကျေပွန်အောင် ပေးဆပ်ကြစတမ်းဆိုလျှင် "ကမ္ဘာမီးလောင်မြင်းမိုရ်တောင် ပြာပုံကျလျှင်တောင်" ကျေအုံမည်မထင်ပေ။ ထွေထွေရာရာ စဉ်းစားမနေဘဲ သရဏဂုဏ်လည်းတည် ကုသလပါမောဇ္ဇလည်းဖြစ်အောင် ယောနိသောမနသိကာရဖြင့် ခြေဖမိုးဦးခိုက် နေ့စဉ် ရှိခိုးထိုက်သော ပုဂ္ဂိုလ်စစ်၊ ပုဂ္ဂိုလ်မှန်များဖြစ်ကြသည်ကို သိပါ။ ထိုပုဂ္ဂိုလ်မျိုးတို့တွင် စာရေးသူကိုယ်တိုင် ကြည်ညိုလေးစား၊ အားထားယုံကြည်ရသော စာရေးသူတို့၏ဆရာ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်၏ နာယကချုပ်ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)သည်လည်း တစ်ဦးအပါအဝင် ဖြစ်သည်။ အမွန်းတင်သည်မဟုတ်ပါ၊

အမှန်တရားသည် သစ္စာဖြစ်သော သီလ, သမာဓိ, ပညာ, သိက္ခာ(၃)ရပ်ကို ပန်ဆင်လျက် သာသနာတော်အတွက် အမှန်စင်စစ် လိုအပ်သော ဓုရတစ်ခုအနေဖြင့် မလစ်ဟင်းရအောင် အားကြိုးမာန်တက် စာဝါပို့ချရင်း ကျမ်းပြု၏။ ကျမ်းပြုရင်း တပည့် ဒကာ၊ဒကာမများကို တရားရေအေးတိုက်ကျွေး၏။ ထိုသို့လျှင် ၂၄-နာရီထဲမှ မိမိရသမျှအချိန်ကို သာသနာတော် အတွက်သာ အသုံးချကုန်စေလေသည်။ ပရိယတ္တိသာသနာသည် ဘုရားသာသနာ၏ ရေသောက်မြစ်လည်း ဖြစ်၏။ ပင်မသွေးပြန်ကြောကြီးလည်းဖြစ်၏။ လောကသားတို့၏ ဘဝအလင်းတန်း လောင်စာလည်းဖြစ်၏။ ထို သာသနာတော်ကြီးအတွက် အသက်ကိုပင် ငဲ့ဟန်မမူဘဲ ကျွန်းကုတ်ကျွန်းခဲ ရဲတင်းသောဝီရိယနှင့် တည်ကြည်သော သမာဓိတို့အားပြိုင်ပြု၍ ပေးဆပ်အားထုတ်တတ်သော ဆရာတော်၏ အမူအကျင့်ကား အတုယူစံတင်စရာအတိ ဖြင့်သာ။

တစ်နေ့ "ဆရာတော်၏ နှစ် ၅၀ ပြည့် ဝိဇာတမင်္ဂလာ အထိမ်းအမှတ်စာအုပ်ထုတ်ရန် ဝါသနာရှင်မှစ၍ ပညာရှင်များထိ စာမူဖိတ်ခေါ်ထားကြောင်း" စာရေးသူ သိရလေသည်။ စာရေးသူသည်လည်း အခြားသော နောင်တော်၊ညီတော် သီတင်းသုံးဖော်များကဲ့သို့ ဆရာတော်၏ ရွှေရတုမွေးနေ့ကို ဂုဏ်ပြုပူဇော်ထိုက်၏"ဟု ခံစားမိ၏။ အဘယ်ကြောင့်ဆိုသော် ဆရာတော်၏ အရိပ်အာဝါသအောက် ခိုလှုံခွင့်ရရှိခဲ့စဉ်က စာရေးသူမှာ ဓမ္မာစရိယ (စာချ)တန်းနဲ့ပတ်သက်ပြီး 'ဝလုံး' ဘယ်လိုရေးရမည်ကိုပင် သိခွင့်မကြုံသေးပါ။ ဆရာတော်သည် စာရေးသူအား ဓမ္မာစရိယဆိုင်ရာကျမ်းဂန်များကို 'က'မှစ၍ 'အ'ထိ ခွဲခြားပို့ချပေး၏။ သို့ကြောင့်လည်း စာရေးသူသည် ဗုဒ္ဓစာပေကျမ်းဂန်များ၏ လေးနက်ပုံ၊ တန်ဖိုးကြီးပုံ၊ စိတ်စွမ်းအားအတွက် လိုအပ်ပုံ၊ လိုက်နာကျင့်သုံးသင့်ပုံ စသည်တို့နှင့်တကွ စာပေလေ့လာနည်း၊ စာပေအမှားအမှန် စီစစ်နည်းတို့ကိုပါ ရိပ်မိကဲ့မိရှိသွားလေသည်။ များမကြာမီပင် ဆရာတော်၏ ကျေးဇူးတရားတို့ကြောင့် ဓမ္မာစရိယ (စာချ)တန်းကိုပင် အောင်မြင်သွားလေတော့သည်။ သည်လောက်များပြားသော ကျေးဇူးတရားတို့ကို ထွေးပိုက်ကြွေးယူမိသော တပည့်တစ်ဦးအနေဖြင့် ဆရာ့ဂုဏ်ကို အလေးမပြုဘဲ အဘယ်မှာ အမှုမဲ့အမှတ်မဲ့ နေထိုင်ဝံ့ပါအုံးနည်း။ အခါမသင့်၍ အခွင့်မကြုံခဲ့လျှင်ပင် ပူဇနိယ ပူဇော်အပ်သော ကျေးဇူးရှင်သည် "ကျွန်ုပ်၏ ဦးခေါင်းပေါ်၌" ထာဝရတည်နေဦးမည်သာ။ အကယ်စင်စစ် ဆရာတော်၏ ဝိဇာတမင်္ဂလာ ရွှေရတုအထိမ်းအမှတ်အဖြစ် စာမူတစ်မူရေးရန် ပြင်ဆင်လတ်သော် စာရေးသူ၏ လက်ချောင်းများသည် ရှိုးတိုးရှန်းတန့်နဲ့ တွန့်ဆုတ်ကြုံလှိုနေတော့သည်။ အကြောင်းမှာကား မိမိသည် ဓမ္မရသ၊

http://www.dhammadownload.com

သုတရသ၊ ဒဿနစသော စာပေများကို အတော်အသင့် ဖတ်ဖြစ်ခဲ့သော်လည်း စာတစ်ဖောင်၊ ပေတစ်ဖွဲ့ရေးရ လောက်အောင် ဗဟုသုတရှိသူမဟုတ်သောကြောင့်ပင်။ တစ်နည်းဆိုသော် စာပေရေးသားခြင်း အရာဌာနသည် စာဖတ်ပရိသတ်ငယ်တစ်ဦး၏ အရာမဟုတ်၊ စာပေ ဝါသနာရှင်၊ စာပေပညာရှင်တို့၏ အရာသာဖြစ်သည်။ စာအုပ်ကောင်းတစ်အုပ်ကို ဖတ်ခြင်းသည် မိမိသဘော အရ အတွေးအခေါ် လွတ်လပ်ခွင့်ရှိ၍ လွယ်ကူသော်လည်း အများလက်ခံနိုင်လောက်သော ဝါကျတစ်ကြောင်းကို ရေးသားရခြင်းသည် အလွန်ခက်၏ ဟု သဘော ပိုက်ထား၍သာ။ သို့သော်ငြားလည်း ဆရာကျေးဇူးကို ဦးထိပ်ပန်လျက် မိမိနဲ့ ဒကာတစ်ဦး ခရီးဆုံခိုက် Discussion လုပ်ခဲ့ဖူးသော ကိုယ်တွေ့အကြောင်းအရာ ဘာသာရေး Hold talk တစ်ခုကို တင်ပြလိုက်ပါရစေ။

စက်တင်ဘာ(၃) ရက်၊ ၂၀၀၆-ခုနှစ်ကဖြစ်သည်။ မနက်ပိုင်း၏ ပုဖွန်ဆီရောင်အလှအပသည် နှင်း, ခိုး, မြူ, တိမ်, သူရိန်ငါးဝပြစ်ဒေါသကြောင့် အကျည်းတန်သလိုရှိသော်လည်း ရာသီဥတု၏ နှစ်လိုဖွယ်အရသာကိုတော့ တစ်မျိုးခံစားမိ၏။ မိမိ၏ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုဖြင့် စာရေးသူသည် လှည်းကူးမြို့နယ်ရှိ ကျေးရွာတစ်ရွာသို့ ခြေဦးလှည့်ခဲ့၏။ ဘတ်စ်ကားအတန်တန် ကုန်းကြောင်း အထောက်ထောက်ဖြင့် မနက်ပိုင်း (၁၀း၀၀)နာရီခန့်တွင် ရောက်ရှိသွားလေတော့သည်။ နေ့ဆွမ်းဘုဉ်းပြီးနောက် အချို့ပွဲများသုံးဆောင်ရင်း ဒကာ၊ဒကာမများနှင့် အလွှာပ သလွှာပ နှစ်ထောင်းအားရ စကားလက်ဆုံကျနေကြ၏။ ထိုအခိုက် အသက် (၅၀) ဝန်းကျင်ခန့်ရှိသော တကာတစ်ဦးသည် စာရေးသူအား လာရောက်ဦးချ နှုတ်ဆက်လေ၏။ စာရေးသူသည်လည်း အဆက်အစပ် ပဋ္ဌသနာရဖြင့် ဧည့်ဝတ်ပြန်ကျေရလေတော့သည်။ ထို့နောက် တကာကြီးသည် စာရေးသူအား ''အရှင်ဘုရား အရှင်ဘုရားတို့ဖြင့် ဘုရားရိပ်၊ တရားရိပ်နဲ့ ငြိမ်းချမ်းမှုရှိလိုက်တာ၊ တပည့်တော်လည်း အရှင်ဘုရားတို့လို ဘဝမျိုး နေချင်ပါဘိ။ သို့ပေမဲ့ အရဲစွန့်ဖို့ ကြံပြန်တော့လည်း တစ်ကိုယ်ကောင်းဆန်ရာ ကျမလားလို့ နောက်ဆံတတင်းတင်းနဲ့ ဒီအတိုင်း ဆက်နေပြန်တော့လည်း သောကရေစီးကြောင်းထဲ ပြန်ပြီး မျောရပြန်တာဘဲ ဘုရား။ ပြီးတော့ ဒီရွှံ့စေးတွေကို စိတ်ကုန်လှပြီ။ မြို့ပေါ်လူတန်းစားမှ ကောင်းဦးမယ်''ဟု ညည်းတွားလေဟန်ဖြင့် လျှောက်၏။ ဒီတော့ စာရေးသူက ''ဒကာကြီး အမှန်ကရွံ့ဗွက်ပေါ်ကလူပဲဖြစ်ဖြစ် တရားအသိမရှိလျှင် သောကခြင်းတူနေဦးမှာပဲ၊ ပူလောင်တတ်တဲ့ ကိလေသာတရားတွေဟာ ပုထုဇဉ်လူသားတွေအပေါ် မျက်နှာရွှေးပြီးတော့ သက်သာခွင့်မပေးတတ်ဘူး။ ဘဝသံသရာကို ဆွဲဆန့်တတ်တဲ့ ''တဏှာ၊ မာန၊ ဒိဋ္ဌိ'' ပပဉ္စတရားတွေကို သတိ၊ ပညာဖြင့် မထိမ်းထားနိုင်သရွေ့ လူသားတိုင်းဟာ ကိလေသာမီး လောင်မြိုက်ခြင်းကို ခံနေရဦးမှာပဲ ၊အသာအညာဆိုတာ မရှိပါဘူး၊ တကယ်တော့လဲ ''စိတ်ငြိမ်းချမ်းမှုရှိတယ်ဆိုတာ ရုပ်ဝတ္ထု၊ ပစ္စည်းပိုင်းဆိုင်ရာ ပြည့်စုံလုံလောက်မှုနဲ့ မသက်ဆိုင်လောက်ဘူး၊ စိတ်ပိုင်းဆိုင်ရာ ပြည့်စုံမှုနဲ့သာ ဆိုင်တယ်''လို့ ထင်တာဘဲ။ လူသတ္တဝါအချင်းချင်း ဓါတ်တူ၊ နာမ်တူ၊ ကိလေသာတူ၊ ဝါသနာတူ (လောကီယ)အဖြစ်မှ သီးခြားဖောက်ထွက်မှု (နိက္ခမ္မ)ရှိရမယ်။ ပြီးမှ လူသာမညအမြင်ကို တသီးတခြား လွန်မြောက်



သွားသော (လောကုတ္တရာ)အမြင်ဖြစ်လာမယ်။ အဲဒီခါ ကျတော့အပူစုဖြစ်တဲ့ သခ်ံတ ရုပ်နာမ်သဘာဝတွေ ငြိမ်းအေးကြပြီပေါ့။ ဒါကိုပင် နိဗ္ဗုတ လို့ ခေါ်တယ်။ စိန္တာမယ (ပရိကပ္ပ) ဉာဏ်ဖြင့် ဒကာကြီးသိထားသလိုပဲ ''နိဗ္ဗုတ'' ဆိုတာ –

(၁)

အပြင်လောကမှာရှိတဲ့ ရုပ်သဘာဝတွေကို ''တဏှာ၊ မာန၊ ဒိဋ္ဌိ''ဆိုတဲ့ သာယာမှု အသာဒအမြင်နဲ့ ဘယ်သူပဲကြည့်ကြည့် ကြည့်တဲ့သူရဲ့ အတွင်းသန္တာန်မှာ ပူလောင်မှုကိလေသာတွေဖြစ်လာတတ်တယ်။ အဲဒီ ကိလေသာတွေ ချုပ်ပျောက်ပျက်သုဉ်းသွားရင် ချက်ချင်း

http://www.dhammadownload.com

စိတ်နှလုံးငြိမ်းအေးလာတော့တာပဲ။ အဲဒါကိုပင် နိဗ္ဗုတာလို့ ခေါ်တယ်ပေါ့''။ အဲဒီ တဏှာ၊ မာန၊ ဒိဋ္ဌိ ခေါ်တဲ့ ပပဉ္စတရားတွေရဲ့ သဘောကတော့ အသာဒ ဒဿန ပစ္စုပ္ပဋ္ဌာန ရုပ်သဘာဝ အာရုံသဘောတရားတွေကို သာယာတပ်မက်စရာအဖြစ် ရှုမြင်သုံးသပ်ပြီး ''ငါ့ဥစ္စာ'' လို့ ဆုပ်ကိုင်မှတ်သားတတ်တာက ''တဏှာ''ရဲ့သဘောပဲ။ ကေတုကမျတာပစ္စုပ္ပဋ္ဌာန ထောင်ထောင်လွှားလွှားတံခွန်ကုက္ကား အယူအဆမျိုးဖြင့် ''ငါပဲ''လို့ သူတစ်ပါးကို အပေါ်စီးက ဆက်ဆံပြုမူတတ်တာက ''မာန''ရဲ့သဘောပဲ။ မိစ္ဆာဘိနိဝေသပစ္စုပ္ပဋ္ဌာန-လွဲလွဲချော်ချော်တွေးတောသုံးသပ်ပြီး ''ငါ့အပိုင်''လို့ မသင့်မတင့် လက်ခံတတ်တာက ''ဒိဋ္ဌိ''ရဲ့သဘောပဲ။ မာနနဲ့ ဒိဋ္ဌိကလည်း သဘောတူသလိုလိုနဲ့ ထူးခြားကြပါတယ်။ ''ငါ ကောင်းတယ်၊ သူမကောင်း၊ ငါ့မှာ အပြစ်မရှိ သူမှာအပြစ်ရှိတယ်'' စသည်ဖြင့် ခွဲခြမ်းခွဲခြမ်းအမြင်မျိုးဟာ ''မာန''ရဲ့သဘောတရားပဲပေါ့။ ''သူဟာ ငါ့ဆရာ၊ သူကား ငါ့တပည့် သူဟာ ငါ့အုပ်စု''စသည်ဖြင့် အုပ်စုဖွဲ့အမြင်မျိုး (သို့) ''ငါသာ ပဓာန''အမြင်မျိုးဟာ 'ဒိဋ္ဌိ'ရဲ့ သဘောတရားပဲပေါ့။ ဒီအမြင် (၃) မျိုးကို မပြောင်းလွဲနိုင်သရွေ့ ''ရွှေကုတင်နှင့် သင်းဖျူးဖျာ''ဒုက္ခချင်း၊ ကိလေသာချင်း တူညီနေဦးမှာပဲ။ **''ဝါနတော နိက္ခန္တိ နိဗ္ဗာန်''** ဆိုတဲ့စကားအရ ဒုက္ခ၏ အကြောင်းတရားဖြစ်သော လောဘမှ ထွက်မြောက်မှုကို ''နိဗ္ဗာန်''လို့ ခေါ်ပါတယ်။ ဒီတော့ ''နိဗ္ဗာန်ဆိုတာ လောဘမရှိခြင်းကို ခေါ်တယ်''လို့ ယူဆမယ်ဆို ဖြစ်နိုင်တာပေါ့။ ဆိုလိုချက်ကတော့ ဒကာကြီး ကိလေသာတရားတို့၏ ခေါင်းဆောင်၊ အကုသိုလ်တရားတို့၏ ရေသောက်မြစ်ဖြစ်သော ''လောဘ၊ ဒေါသ၊ မောဟ''တရားတွေကို ဖြတ်ထုတ်ပစ်လိုက်ရင် ငြိမ်းအေးမှု (နိဗ္ဗာန်) ဖြစ်မယ်ဆိုတဲ့ သဘောပါဘဲ။ ဒါဖြင့်ရင် ရချင်,ယူချင်သော လောဘစိတ်ရဲ့ ဆန့်ကျင်ဘက်က ပေးချင်,ကမ်းချင်သော အလောဘစိတ်ဆိုတော့ လောဘငြိမ်းပျောက်ချင်ရင် မိမိရဲ့စိတ်ကို အလောဘသဘောသို့ သက်ဝင်အောင် ဆွဲငင်ရလိမ့်မယ်။ အလောဘာစေတ္တဒါနဟေတု-စကားအရ မယူချင်, မရချင်သော အလောဘစိတ်သည် ပေးချင်,ကမ်းချင်သော ဒါနစေတနာ၏ အကြောင်းတရားဖြစ်တယ်။ ဒါကြောင့် ပိုင်ဆိုင်မှုတစ်ခုခုကို လှူလိုက်မယ် (သို့) ပေးချင်,ကမ်းချင်သော သဒ္ဓါစိတ်နဲ့ သိုမှီသိမ်းဆည်းမယ်ဆိုရင် ပစ္စည်းဝတ္ထုအပေါ် တွယ်တာတပ်မက်သော လောဘကြီးကြီးမားမား မရှိနိုင်တော့ဘူး။ လောဘသဘောမှ ထွက်မြောက်ပြီးဖြစ်တဲ့အတွက် နိက္ခမ္မပါရမီလည်း ဖြစ်တယ်၊ စိတ်နှလုံးငြိမ်းအေးမှု သဘောရှိသောကြောင့် ''နိဗ္ဗာန်''လို့လဲ ကင်ပွန်းတပ်လျှင် တပ်နိုင်ပါတယ်။ တဏှာမူလကတ္တာစဇာတိဒုက္ခဿ- စကားအရ တပ်မက်ခြင်းလောဘဟာ ဘဝတဖန်ဆက်စပ်မှု ပဋိသန္ဓေရဲ့ အကြောင်းတရားဖြစ်သောကြောင့် လောဘသဘောကိုသာ ဒါနစေတနာဟူသော အလောဘသဘောဖြင့် ခွာနိုင်ရင် အကျိုးဝိပါက် (ပဋိသန္ဓေနေမှု)ဟာ နိဗ္ဗာန်နဲ့ နီးနိုင်တာပေါ့၊ တကာကြီး။

(၂)

အထက်ပါ ငြိမ်းအေးမှုနိဗ္ဗာန်သဘောကတော့ ကာမာဝစရကုသိုလ် ဒါနစေတနာဟူသော တဒင်္ဂဟန်ဖြင့် လောဘကို ခွာလိုက်သောကြောင့် ရရှိလာတဲ့ အခိုက်အတန့် ငြိမ်းအေးမှု နိဗ္ဗာန်သဘောတရားဖြစ်တယ်။

ဒေါသရဲ့သဘောကတော့ ဒုဿတီတိဒေါသော မိမိ သူတစ်ပါးနှစ်ဦးသားကို ဖျက်ဆီးတတ်တဲ့ သတ္တိရှိတယ်ဆိုပဲ။ အထူးသဖြင့် သီလကုသိုလ်ရဲ့ ဖြောင့်ဖြောင့်ဆန့်ကျင်ဖက်ဖြစ်တယ်။ ဒါကြောင့် အဒေါသော နသသီလျမလဿသီလရှိနေရင် ဒေါသကို နိုင်တယ်တဲ့။ ခက်ထန်သော သဘောရှိသော ဒေါသကို နိုင်တယ်ဆိုတော့ သိမ်မွေ့နူးညံ့တဲ့သဘော အဒေါသ ဖြစ်လာတာပေါ့။ အဒေါသော သီလဟေတု အဒေါသဟာ သီလကုသိုလ်ရဲ့အကြောင်းတရားဖြစ်တယ်။ သို့ကြောင့် ''ဒေါသမရှိဘူး၊ အဒေါသဖြစ်နေတယ် (သို့) သီလခိုင်နေတယ်''ဆိုလျင် စိတ်ပင်ပန်းမှု ဒေါသတရားမှ ထွက်မြောက်သည့်အတွက် 'နိက္ခမ္မပါရမီ'လည်း ဖြစ်တယ်၊ ငြိမ်းအေးမှု နိဗ္ဗာန်သဘောသို့လည်း ဆိုက်ရောက်ပြီပေါ့ ဒကာကြီး။ နောက်တစ်ခုက အဒေါသေန ဇရာဒုက္ခံ နဟောတိ၊ တိကွဒေါသဿ ခိပ္ပ ဇရာသမ္ဘဝတော ဆိုတဲ့စကားအရ ''ထက်မြက်စူးရှ ခက်ထန်ကြမ်းတမ်းသော ဒေါသဟာ အိုမင်းရင့်ရော်မှု ဇရာဒုက္ခကို ဖြစ်စေတတ်တယ်။ ထို့ကြောင့် ခက်ထန်ကြမ်းတမ်းခြင်းမရှိ နူးညံ့သိမ်မွေ့သော အဒေါသဟာ ဇရာဒုက္ခကို မဖြစ်စေနိုင်''တဲ့။ တကယ်တော့ ဘဝသံသရာ၏ နောက်ဆုံး လူသား ''ပစ္ဆိမဘဝိက'' ဟိုရှိလ်မဟုတ်သေး၍ ဇရာဒုက္ခမှ လုံးလုံး မကျွတ်လွတ်နိုင်သေးရင်တောင် အတိုင်းအတာ တစ်ခုထိ အရွယ်တင်ပြီး ရင့်ရော်မှုဇရာသက်သာလိမ့်မယ်''ဆိုတဲ့သဘောပဲ။ အခုခေတ်လူတွေဟာ အိုမင်း ရင့်ရော်မှုဇရာနိယာမကို ခုခံတော်လှန်ဖို့ အလှပြင်ဆိုင်တွေမှာ ခေတ်မှီအသုံးအဆောင်တွေနဲ့

http://www.dhammadownload.com

ဆင်ယင်နေကြတယ်။ ပါရဂူ၊ ဒေါက်တာတွေနဲ့ ရုပ်သဏ္ဌာန်ကို ခွဲစိတ်ကုသ ဖန်တီးနေကြတယ်။ ဒါပေမဲ့ ဒေါသ အရိပ်မကင်းသော ခေတ်မှီပုဂ္ဂိုလ်၏ မျက်နှာသည် စက်ဆုပ်ဖွယ်အတိ ရှိသည်ကို သတိမမူကြပါ။ ဒါကြောင့် ရုပ်ပိုင်းဆိုင်ရာ နုနယ်ပျိုမျစ်ဖို့ စိတ်ပိုင်းဆိုင်ရာကိုသာ နူးညံ့သိမ်မွေ့အောင် ကုစားသင့်သည်''ကို လက်ခံသင့်ပါသည်။ ဒီသဘော မရှိနိုင်ရင် ''စိတ်ပျို ကိုယ်နု၊ စိတ်ရှိတိုင်း ကိုယ်ပါ''ဆိုတဲ့ ကျမ်းအလာစကားဟာ အဓိပ္ပါယ်မဲ့ကုန်မှာပေါ့။ ဒီတော့ကာ ဒေါသကင်းရင် ဇရာသက်သာတယ်၊ ဇရာသက်သာတော့ ရုပ်ပိုင်းဆိုင်ရာပြုပြင်မှု ဗလိဗောဓကင်းပြီး စိတ်ငြိမ်အေးမှု နိဗ္ဗာန်သဘောသို့ သက်ဝင်တာပါပဲ။ ဒီလို စိတ်ငြိမ်းချမ်းဖို့အတွက် အသက်သတ်မှု ပါဏာတိပါတ၊ ခိုးမှု အဒိန္နာဒါန စတဲ့ အကုသိုလ် ကာယကံ၊ ဝစီကံ၊ မနောကံတွေကို ကုသိုလ်ကံအဖြစ် ပြောင်းလွဲပေးရပါမယ်။ အဓိက–က ကာယကမ္မဒွါရ၊ ဝစီကမ္မဒွါရ၊ မနောကမ္မဒွါရ (အဘိ–၁–၌/၁၂၇)မှာ ဖြစ်ပေါ်လာတဲ့ လွန်ကျူးပြစ်မှားမှု ဝိတိက္ကမစေတနာကို ချုပ်တည်းရှောင်လွှဲမှု ဝိရတိစေတနာ အဖြစ်သို့ ပြောင်းလွဲပေးလိုက်ရမယ် ဆိုတာပဲ။ ဒါကို သီလလို့ ခေါ်တယ်။ အဲဒီအခါ လောဘ၊ ဒေါသတွေကင်းပြီးတော့ အလောဘ၊ အဒေါသနဲ့ယှဉ်တဲ့ ဒါန၊ သီလ၊ စေတနာတွေဟာ အကာလုသိယပစ္စုပ္ပဋ္ဌာန– အရောင်တဖျပ်ဖျပ်တလက်လက် တောက်ပလာလိမ့်မယ်။ ဒီကုသိုလ်စေတနာတွေကြောင့် စိတ်ဟာလည်း ကာမာဝစရ ကုသိုလ်လို့ခေါ်တဲ့ တဒင်္ဟန်နဲ့ယှဉ်ပြီး တဒင်္ဂနိရောဓ အခိုက်အတန့်ငြိမ်အေးမှု (နိဗ္ဗာန်) ဖြစ်သွားတာပေါ့။

(၃)

မောဟကတော့ တွေဝေမိန်းမောခြင်း သဘော ရှိတယ်။ ဒီတော့ မောဟဆိုတာ ပညာရဲ့ ဆန့်ကျင်ဖက် 'အဝိဇ္ဇာ'မသိမှုပါဘဲ။ လူတွေဟာ အဝိဇ္ဇာ(ခေါ်) မောဟကြောင့် ဆင်ခြင်တုံတရားမဲ့ကုန်ကြတာ တစ်နည်းအားဖြင့် ဆင်ခြင်တုံတရားကင်းမဲ့တာဟာ ပညာမရှိလို့ပေါ့။ မောဟဟာ အင်မတန်ကြောက်စရာကောင်းသော ဒုစရိုက်အားလုံးရဲ့ ဦးစီးနာယကကြီးဖြစ်တယ်။ ပြီးတော့ အန္ဓကာရ ပစ္စုပ္ပဋ္ဌာန မမြင်မကန်း ဆင်ကန်းတောတိုးတွေးဆပြီး အလိမ္မာမဲ့စွာ တစောက်ကန်းပြုမူတတ်တယ်။ အယောနိသောမန သိကာရပဒဋ္ဌာန အကြောင်း၊ အကျိုးကို မဆင်မခြင်နှလုံးသွင်းမှုဟာ မောဟရဲ့ အကြောင်းတရားဘဲ။

မောဟချုပ်ပျောက်ပြီး
စိတ်ငြိမ်းချမ်းနေတာဟာ
နိဗ္ဗာန်သဘောပဲ မဟုတ်လား၊
အမောဟန မရဏာ ဒုက္ခံနဟောတိတဲ့။
အမောဟခေါ်သော ပညာကြောင့်
"သေကျေပျက်စီးခြင်း ဒုက္ခမဖြစ်နိုင်" လို့ဆိုလိုတယ်။
ဒါဟာ အမှန်ဆုံးပဲ။ နိဗ္ဗာန်ဆိုတာ
သီလအရာလည်းမဟုတ်ဘူး။
သမာဓိအရာလည်းမဟုတ်ဘူး၊
ပညာ၏အရာဌာနဖြစ်တယ်။
သာမည ပညာတော့မဟုတ်ဘူး
မဂ်,ဖိုလ်နဲ့ ယှဉ်တွဲနေတဲ့ ပညာပါ။

ဒီ အကြောင်းတရားကြောင့် မောဟ ဖြစ်လာရတာ။ ပညာရဲ့ အကြောင်းတရားက ယောနိသောမန သိကာရ ပဒဋ္ဌာန– အကြောင်း၊ အကျိုးကို ဆီလျော်အောင် တွေးတော ကြံဆခြင်းပဲ။ မောဟရဲ့ အခြေခံအကြောင်းတရားက ပညာရဲ့ အခြေခံအကြောင်းတရားနဲ့ လုံးဝ ဆန့်ကျင်နေတာကြောင့် သဘောတရားအပေါ် သဘောတရားအတိုင်း ဒါက ကုသိုလ်၊ အကုသိုလ်၊ ဒါက ရုပ်၊ နာမ်၊ ရုပ်ဆိုတာ အသုဘစသည်ဖြင့် ဆင်ခြင်သုံးသပ်လိုက်လျှင် ဝိဇ္ဇာ (ပညာ) ဖြစ်ပြီပေါ့၊ ပညာဖြစ်တော့ အဝိဇ္ဇာ (မောဟ)ကွယ်ပျောက်ပြီ။ မော–ပျက်သုဉ်းရင် သက်ရှိ၊ သက်မဲ့အပေါ် သာယာတဲ့ အသာဒ မျက်မှန်လည်း ကွဲပြီပဲ။ ဒါဆို စိတ်ငြိမ်းချမ်းပြီး နိဗ္ဗာန်သဘောသို့ ဆိုက်ကပ်ပြီ ဒကာကြီး။ အမောဟော ဘာဝနာဟေတုတဲ့ အမောဟ (ပညာ)ဟာ ကုသိုလ်တရားတွေကို ပွားများအားထုတ်ကြောင်း ဘာဝနာရဲ့ အခြေခံအကြောင်းတရားပေါ့ ဒကာကြီး။ ဒါကြောင့် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တွေကို အားထုတ်နေလျှင် မောဟလည်းကင်းကွာနေတယ်။ ပြီးတော့ မောဟမှ ထွက်မြောက်နေတဲ့

http://www.dhammadownload.com


အတွက် နေကွမ္မပါရမီလည်း ဖြည့်ဆည်းရာ ရောက်နေတော့တာပဲ။ မောဟချုပ်ပျောက်ပြီး စိတ်ငြိမ်းချမ်းနေတာဟာ နိဗ္ဗာန်သဘောပဲ မဟုတ်လား။ အမောဟန မရဏာဒုက္ခံနဟောတိ တဲ့။ အမောဟခေါ်သော ပညာကြောင့် ''သေကျေပျက်စီးခြင်း ဒုက္ခမဖြစ်နိုင်'' လို့ဆိုလိုတယ်။ ဒါဟာ အမှန်ဆုံးပဲ။ နိဗ္ဗာန်ဆိုတာ သီလအရာလည်း မဟုတ်ဘူး။ သမာဓိအရာလည်းမဟုတ်ဘူး၊ ပညာ၏အရာဌာနဖြစ်တယ်။ သာမည ပညာတော့မဟုတ်ဘူး မင်္ဂ,ဖိုလ်နဲ့ ယှဉ်တွဲနေတဲ့ ပညာပါ။ ပညာကို ရှေ့သွားပြီး ဝိဝဋ္ဋနိဿိတ အနေနဲ့ ကုသိုလ်တရားတွေကို ပြုလုပ်အားထုတ်နေလျင် နိဗ္ဗာန်အထောက်အပံ့ဖြစ်တယ်။ နိဗ္ဗာန် အထောက်အပံ့ဖြစ်မှတော့ ဘဝထောင်ပေါင်းများစွာ သေပွဲဝင်ရမည့် အစား ထောင်ဂဏန်းလောက်သာ သေပွဲဝင်ပြီး ငြိမ်းအေးသော နိဗ္ဗာန်သို့ ရောက်နိုင်တာပဲ။ ဒါဟာ ပညာကြောင့် သေဘေးလွတ်တာဘဲမဟုတ်လား။ ဒါကြောင့် ''အသက်ကို ဥဏ်စောင့်'' တဲ့။ ဆိုင်တော့ မဆိုင်ပါဘူး။ ကုသိုလ်လုပ်နေဆဲကာလမှာ စိတ်ချမ်းသာနေတာဟာလဲ နိဗ္ဗာန်သဘောသို့ သက်ဝင်နေတာပါပဲ။ ဘာလို့လဲဆိုတော့ မောဟကင်းနေတာကိုး။ ဒါကိုလည်းပဲ ကာမာဝစရကုသိုလ်ခေါ်တဲ့ တဒင်္ဂပဟာန်နဲ့ ယှဉ်ပြီးဖြစ်တဲ့ ငြိမ်းချမ်းမှုဖြစ်လို့ တဒင်္ဂနိရောဓ အခိုက်အတန့် ငြိမ်းချမ်းမှု နိဗ္ဗာန်လို့ ခေါ်နိုင်တယ်။ အခုပြောခဲ့တာတွေဟာ ကာမာဝစရကုသိုလ်ဘက်ကိုကြည့်ပြီး သုံးသပ်ခဲ့တာပါ။ နောက်ပြီး ''အာရမ္မဏူပနိဇ္ဈာန'' ခေါ်တဲ့ ပထဝီကသိုဏ်းအစရှိတဲ့ ကမ္မဋ္ဌာန်းကိုရှုပြီး ဖြစ်ပေါ်လာတဲ့ 'ဈာန်' ဆိုတာ ရှိသေးတယ်။ ဒီလောကီဈာန်ဟာလည်း နိဝရဏတရားတွေကို လေးလေးနက်နက်လောင်ကျွမ်းကုန်ဆုံးစေတတ်တဲ့အတွက် သူမှာလည်း နိဗ္ဗုတ သဘောရှိတယ်။ ဒီလို ဈာန်၊ သမာပတ်တရားတွေနဲ့ နိဝရဏတရားတွေကို ခွာပြီးတော့ ငြိမ်းချမ်းမှုဖြစ်နေတာကျတော့ ဝိက္ခမ္ဘနနိရောဓလို့ ခေါ်တယ်။ ဝိက္ခမ္ဘနပဟာန်ဖြင့် တဏှာထူထူထဲထဲကွာနေတာကြောင့် များများငြိမ်းအေးမှု (များများ နိဗ္ဗာန်) ဖြစ်နေတဲ့သဘောပါ။ ပြီးတော့ ဝိပဿနာ၊ မင်္ဂ၊ ဖိုလ်တွေကို ရှုပြီးနေတဲ့ 'လက္ခဏူပနိဇ္ဈာန်'' ဆိုတာရှိတယ်။ ဒီ လောကုတ္တရာဈာန်ဟာလည်း နိဝရဏတရားတွေကို ကုန်ဆုံးပျက်သုဉ်းစေတတ်တယ်။ ဒီနေရာမှာ ဝိပဿနာဉာဏ်ကိုလည်း 'လက္ခဏူပနိဇ္ဈာန်' လို့ခေါ်တယ်။ သို့သော် သူကတော့ နိဝရဏတရားတွေကို အမြစ်ပြတ်အောင် မပယ်နိုင်ပါဘူး။ မင်္ဂတရား, ဖိုလ်တရားကို ရှုမှတ်ပြီးနေတဲ့ ''လက္ခဏူပနိဇ္ဈာန်'' (လောကုတ္တရာဈာန်)ကသာနိဝရဏတရားနှင့် တကွ ကိလေသာ၊ ကံ၊ ဝိပါက်တရားတွေကို သမုစ္ဆေဒပဟာန်ဖြင့် အမြစ်ပြတ် အမျိုးပြုတ်သည့်တိုင်အောင် ချေမှုန်းဖျက်ဆီးနိုင်တယ်။ ဒီအခါကျမှ သမုစ္ဆေဒနိရောဓခေါ်တဲ့ ကိလေသာတွေ အစပျောက်အမြစ်ပြတ်ပြီးတော့ ငြိမ်းအေးမှု (သို့) တဖန်ပြန်ပြီး ပူလောင်နိုင်တဲ့ အခွင့်အရေးမရှိအောင် အပူသောက အစအနပျောက်အောင် ငြိမ်းအေးမှု လုံးဝနိဗ္ဗာန်၊ အနဝသေသ အပူလုံးတွေ အကြွင်းအကျန်မရှိသော နိဗ္ဗာန်ဖြစ်တယ် ဒကာကြီး။ အချုပ်အားဖြင့်ကတော့ လောဘစိတ်ကို ကာမာဝစရကုသိုလ်ခေါ်တဲ့ တဒင်္ဂပဟာန်ဖြင့် အခိုက်အတန့်နည်းနည်း ပယ်နိုင်ရင် တဒင်္ဂနိရောဓ နည်းနည်းငြိမ်းအေးမှု နိဗ္ဗာန်ဖြစ်တယ်။ လောဘကို ဈာန်သမာပတ်တည်းဟူသော အားကောင်းတဲ့ သမာဓိအစွန်း ဝိက္ခမ္ဘနပဟာန်ဖြင့် ခွာပြီးတော့ များများပယ်နိုင်ရင် (ဝိက္ခမ္ဘနနိရောဓ) များများငြိမ်းအေးမှု ''နိဗ္ဗာန်'' ဖြစ်တယ်။ လောဘကို မင်္ဂဉာဏ်,ဖိုလ်ဉာဏ် သမုစ္ဆေဒပဟာန်ဖြင့် အမြစ်ပြတ် လုံးဝပယ်နိုင်ရင် (သမုစ္ဆေဒနိရောဓ) လုံးဝနိဗ္ဗာန်ဖြစ်ပြီလို့ မှတ်ပါကော့ ဒကာကြီးရေ။ လောကကြီးမှာ လူတွေ မဖြစ်မနေ လုပ်ဆောင်ကျင့်သုံးရမည့်အပိုင်းက ''ဒါန, သီလ, ဘာဝနာ'' တရားတွေဘဲ။ ဒီတရားသုံးပါးကို ဆောင်ရွက်နိုင်တဲ့ စိတ်စွမ်းအားပိုင်ရှင်ကသာလျင် ''လောဘ, ဒေါသ, မောဟ'' တို့ကို အနိုင်ယူပြီး ဘဝကို ချုပ်ကိုင်နိုင်လိမ့်မည်။ ဒါကလေးလည်းမလုပ်နိုင်ဘူး အချိန်မရဘူးဆိုရင်တော့ ''အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ'' (ဒီ–၁၊ သာမညဖလသုတ်) ဆိုတဲ့စကားအတိုင်း ''တစ်ဘဝလုံး မပျက်သုဉ်းနိုင်တဲ့ အာပါဏာကောဋ္ဌိက သရဏဂုဏ်ကိုခံယူပြီး အချိန်ရှိတိုင်း ရသမျှသော အချိန်တိုင်းမှာ ရတနာ ၃ ပါး အာရုံဖြင့်နေလေတော့ဗျာ။ အဇာတသတ်မင်းကြီးထက် အများကြီးသာလွန်ပြီး ငြိမ်းချမ်းမှုကို ခံစားရပါလိမ့်မယ် ဒကာကြီး။ သာဓု သာဓု သာဓုပါဘုရား။ သတ္တဝါ သခ်ၤတတွေ ကိုယ် စိတ်နှစ်ဖြာ ချမ်းသာအေးမြကြပါစေသောဝ်. . . ။

ဆရာဂုဏ်ကို အာရုံပြုလျက်

■ **အရှင်ပညာစက္က** (အမ်း)

♦ ♦ ♦

http://www.dhammadownload.com



သာသနာ နှင့် သာသနာပြု

အရှင်တိလောကာဘိဝံသ (အင်းစိန်)

သာသနာဆိုရာ၌လည်း ဗုဒ္ဓသာသနာကို ဆိုလို သည်၊ ဗုဒ္ဓသာသနာတော်၏ တာဝန်များမှာ –

၁။ **ဂန္ထဓုရ** – ပိဋကတ်ကျမ်းဂန် သင်ကြားရေး တာဝန်(ပရိယတ္တိသာသနာ)

၂။ **ဝိပဿနာဓုရ** – ဝိပဿနာတရား ပွားများ အားထုပ်ရေးတာဝန်(ပဋိပတ္တိသာသနာ)တို့ပင် ဖြစ်သည်။

ဤတာဝန်များကို ရည်ရွယ်၍ 'ရဟန်းကိစ္စ၊ နှစ်ဓုရ၌၊ လုံးလအားသည်း၊ ဟိတ်ဟန်နည်း၍၊ ပစ္စည်း မသို၊ စိတ်မတို၊ ခင်ပျို့ကြီးပွားကြောင်း' ဟု ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး မိန့်ကြားခဲ့သည်။

http://www.dhammadownload.com

ပဋိဝေဓသာသနာ

ပရိယတ္တိ, ပဋိပတ္တိသာသနာများမှ ရရှိပေါ်ပေါက်လာသော မဂ်, ဖိုလ်, နိဗ္ဗာန် အသီးအပွင့်များ ကို ပဋိဝေဓသာသနာဟုဆိုသည်၊ ဤ ပဋိဝေဓသာသနာ သည် တာဝန်တစ်ရပ်အနေဖြင့် ထမ်းဆောင်ရသည် မဟုတ်၊ ပရိယတ်, ပဋိပတ်လုပ်ငန်းများမှ ရရှိခံစားရသော အကျိုးရလဒ်များဖြစ်သည်၊ ထို့ကြောင့် ဓုရ ၂-မျိုး၌ သွင်းမထားခြင်းဖြစ်သည်။

စစ်မှန်သော သာသနာပြုပုဂ္ဂိုလ် ဟူသည် ဂန္ထဓုရ, ဝိပဿနာဓုရဝန်ဆောင်မှုများအတွက် လိုအပ်သော အားပေးမှု,ကူညီမှု,လှူဒါန်းမှု, ပစ္စည်းလေးပါး ထောက်ပံ့မှုပြုသော ပုဂ္ဂိုလ်ဖြစ်အောင် လုပ်ဆောင်သူများ ဖြစ်သည်။

သာသနာပြု

ပရိယတ္တိသာသနာနှင့် ပတ်သက်၍ မြတ်စွာဘုရားဟောကြားတော်မူအပ်သော ပိဋကတ်ကျမ်းစာများကို သင်ယူခြင်း, ပို့ချခြင်း, ဟောပြောခြင်း, ရေးသားခြင်းစသည်နှင့် ပတ်သက်သမျှလုပ်ငန်းများကို ကိုယ်တိုင်လုပ်ကိုင်သူများသည် သာသနာပြုပုဂ္ဂိုလ်များ ဖြစ် သည်။

ကိုယ်တိုင်, တိုက်တွန်း, ချီးမွမ်း, စိတ်တူဆိုသည့်အတိုင်း သာသနာပြုလုပ်ငန်းများကို လုပ်ကိုင်နိုင်အောင် တိုက်တွန်းခြင်း, ချီးမွမ်းခြင်း, စိတ်တူခြင်း, အားပေးကူညီခြင်းစသည် လုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်သူများသည်လည်း သာသနာပြုပုဂ္ဂိုလ်များ ပင် ဖြစ်သည်။

ပဋိပတ္တိသာသနာနှင့် ပတ်သက်၍လည်း ကိုယ်တိုင် တရားဘာဝနာ ရှုမှတ်ပွားများခြင်းသည် ပဋိပတ္တိသာသနာပြုနေခြင်းဖြစ်သည်၊ တရားရှုမှတ်ပွားများနိုင်ရန် တိုက်တွန်းခြင်း, အားပေးခြင်း, တရားပြပေးခြင်း, ညွှန်ကြားခြင်း, ကူညီခြင်း, ထောက်ပံ့ခြင်း, လှူဒါန်းခြင်းစသည် သည်လည်း ပဋိပတ္တိသာသနာပြု နေခြင်းပင် ဖြစ်သည်။

သာသနာ့ဝန်ထမ်း

ဖော်ပြခဲ့သည့်အတိုင်း သာသနာ့တာဝန်များသည် ဂန္ထဓုရ, ဝိပဿနာဓုရ ၂-မျိုးသာ ဖြစ်သည်၊ ဝိပဿနာအတွက် အခြေခံမဟုတ်လျှင် သမထဘာဝနာသည်ပင် ဗုဒ္ဓသာသနာ့တာဝန်မဟုတ်ဟု ဆိုရာရောက်သည်၊ ဂန္ထဓုရ, ဝိပဿနာဓုရ ၂-ပါးကို မဆောင်ရွက်လျှင် သာသနာ့ဝန်ထမ်းဟု အမည်ခံသော်လည်း အမည်နှင့်လုပ်ရပ် မဟပ်သော မကိုက်ညီသော ရှင်ဋီအမည်သာ ဖြစ်မည်၊ သာသနာပြု အမည်ခံရုံဖြင့် သာသနာပြုမဖြစ်နိုင်ပါ။ သာသနာပြုဆိုင်းဘုတ်တင်ရုံဖြင့်လည်း သာသနာပြု မဖြစ်နိုင်ပါ။

ဘ။ သာသနာဟုတ်၊ မဟုတ် ပရိယတ္တိ, ပဋိပတ္တိ စံဖြင့် တိုင်းတာပါ၊ စစ်ဆေးပါ။

၂။ သာသနာ့ဝန်ထမ်း ဟုတ်၊ မဟုတ် ဂန္ထဓုရ, ဝိပဿနာဓုရ စံများဖြင့် မှတ်ကျောက်တင်ပါ။

၃။ သာသနာပြု ပုဂ္ဂိုလ် ဟုတ်၊ မဟုတ် ဂန္ထဓုရ, ဝိပဿနာဓုရ တာဝန်များကို ကိုယ်တိုင်ထမ်းရွက်သူ, အားပေးကူညီသူ ဟုတ်၊ မဟုတ်ဟူသော စံဖြင့်ညှိပါ။

သာသနာအားပေးလိုသူများ သာသနာပြုလိုသူများ သတိထားရမည်မှာ မိမိအားပေးမည့်, မိမိသာသနာပြုမည့် ပုဂ္ဂိုလ်, ဌာနသည် ဂန္ထဓုရ, ဝိပဿနာဓုရ ထမ်းဆောင်သည့် ပုဂ္ဂိုလ်ဌာန ဟုတ်၊ မဟုတ် စိစစ်ပါ၊ ရွေးချယ်ပါ၊ ဂန္ထဓုရ, ဝိပဿနာဓုရ တာဝန်များ ထမ်းဆောင်သည့် ပုဂ္ဂိုလ်, ဌာနဖြစ်လျှင် စစ်မှန်သော အားပေးမှု, စစ်မှန်သော သာသနာပြုမှု ကောန်ဖြစ်မည်၊ ဂန္ထဓုရ, ဝိပဿနာဓုရ တာဝန်များ ထမ်းဆောင်သည့် ပုဂ္ဂိုလ်, ဌာနမဟုတ်လျှင် စစ်မှန်သော အားပေးမှု, စစ်မှန်သော သာသနာပြုမှု ကောန်မဖြစ်နိုင်၊ သာသနာပြုပါလျက် သာသနာပြုရာ မရောက်၊ သာသနာပြုရကျိုးမနပ် ဖြစ်တတ်ပါသည်။ သာသနာဖျက်ရာပင် ရောက်တတ်ပါသည်။ ယခုခေတ်၌ ဂန္ထဓုရ, ဝိပဿနာဓုရ မဆောင်ရွက်သူများ ပစ္စည်းလေးပါး ပေါများလျှင် မကောင်းမှုလုပ်ရန် အင်အားရှိလာသည်။ အခွင့်အလမ်းများလာသည်၊ သူတို့၏ မကောင်းမှုလုပ်နိုင်ခြင်းသည် သူတို့ကို အားပေးသူများ၏ အဆိပ်ပင် ရေလောင်းပေးမှု ကြောင့်ပင် ဖြစ်သည်။

မြန်မာလူမျိုးတို့၏ သဒ္ဓါတရား

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် သဒ္ဓါတရား အားကောင်းသူများဖြစ်ကြသည်၊ အလှူခံတွေ့သမျှ ရက်ရက်ရောရော လှူဒါန်းပေးကမ်းမှု ပြုကြသည်၊ နှမျောတွန့်တိုမှု မရှိကြ၊ တစ်ချို့ဆိုလျှင် ချေးငှားရ၍ပင်

http://www.dhammadownload.com



စစ်မှန်သော သာသနာဟူသည် ပရိယတ္တိ, ပဋိပတ္တိသာသနာများပင်ဖြစ်သည်။ စစ်မှန်သော သာသနာ့ဝန်ထမ်းဟူသည် ဂန္ထဓုရ, ဝိပဿနာဓုရ ဝန်ဆောင်များပင်ဖြစ်သည်။ စစ်မှန်သော သာသနာပြုပုဂ္ဂိုလ်ဟူသည် ဂန္ထဓုရ, ဝိပဿနာဓုရဝန်ဆောင်များအတွက် လိုအပ်သော အားပေးမှု,ကူညီမှု,လှူဒါန်းမှု,ပစ္စည်းလေးပါး ထောက်ပံ့မှုပြုသော ပုဂ္ဂိုလ်ဖြစ်အောင် လုပ်ဆောင်သူများ ဖြစ်သည်။

ထိုကဲ့သို့သော အကြောင်းအရာများကို နားလည် သဘောပေါက်မှသာလျှင် သဒ္ဓါ, ပညာညီမျှစွာ ဖြင့် အမျိုးဘာသာ သာသနာ့အကျိုး ပွားတိုးအောင် စစ်မှန်သော သာသနာပြုပုဂ္ဂိုလ် ဖြစ်နိုင်ပေမည်။

"ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ" နှင့်အညီ သတ္တဝါတို့အကျိုးငှာ ပွင့်ထွန်းပေါ်ပေါက်လာသော မြတ်စွာဘုရား သာသနာတော်ကြီး တည်တံ့ပြန့်ပွားအောင် စစ်မှန်ထိရောက်သောသာသနာပြုပုဂ္ဂိုလ်များ ပေါ်ပေါက်ပါစေကြောင်း ဆုတောင်းရင်း ဤဆောင်းပါးကို အဆုံးသတ်အပ်ပါသတည်း။

အရှင်တိလောကာဘိဝံသ (အင်းစိန်)

♦ ♦ ♦

လှူဒါန်းတတ်ကြသည်၊ စနစ်တကျ စီစစ်မှုမပြုကြ၊ သဒ္ဓါနှင့်ပညာ ညီမျှမှုမရှိလျှင် ဆိုးကျိုးရတတ်သည်။

၁။ သဒ္ဓါကဲ့၍ ပညာနည်းလျှင် အလွဲကြည်ညိုမိတတ်သည်။

၂။ ပညာကဲ့၍ သဒ္ဓါနည်းလျှင် စဉ်းလဲတတ်သည်။ ဟူသော ဆိုရိုးအတိုင်း သဒ္ဓါလွန်ကဲပြီး စိစစ်ဝေဖန်သော ပညာဗဟုသုတနည်းလျှင် အလွဲလွဲ အချော်ချော် ကြည်ညိုမိတတ်သည်၊ ဘိုးတော်, မယ်တော်, နတ်, စုန်း, ကဝေ စသော မကြည်ညိုသင့်သည်များကို ကြည်ညိုမိခြင်းကြောင့် ပစ္စည်းဆုံး, သမီးဆုံး, ကိုယ်ရည်ဆုံး, လူလုံးမလှ စသည် ဆိုးကျိုးများနှင့် ရင်ဆိုင်ကြရသည်။

အကျိုးရှိအောင် လှူနည်း

လှူဒါန်းပေးကမ်းရာ၌ ကုသိုလ်ရရုံလှူနည်း၊ ကုသိုလ်လည်းရ၊ အကျိုးလည်းရှိအောင်လှူနည်း ဟူ၍ ၂-မျိုး ၂-စားရှိသည်။ မိမိအလှူသည် သာသနာအတွက် အကျိုးများမှု မများမှုကို မစိစစ်ဘဲ လှူသော အလှူသည် ကုသိုလ်ရရုံလှူသော အလှူမည်သည်။

ဂန္ထဓုရ, ဝိပဿနာဓုရ ဝန်ဆောင်များအတွက် အခြေအနေနှင့် အချိန်အခါ အားလျော်စွာ ကာလဒါန ဖြစ်အောင် လှူသောအလှူသည် ကုသိုလ်လည်းရ၊ အကျိုးလည်းရှိအောင် လှူနည်းမည်သည်။ ယင်းအလှူမျိုးသာ သာသနာတည်တံ့ပြန့်ပွားဖို့အတွက် အကျိုးလည်းများသော အလှူမည်သည်။ ယင်းအလှူမျိုးကို လှူသော အလှူရှင်သည်လည်း သာသနာပြုပုဂ္ဂိုလ်အစစ် ဖြစ်သည်။ ဂန္ထဓုရ, ဝိပဿနာဓုရ ဝန်ဆောင်မဟုတ်ဘဲ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ကြည်ညိုပြီးလှူသော အလှူရှင်သည် သာသနာပြုပုဂ္ဂိုလ် ဖြစ်ချင်မှဖြစ်မည်။ မဖြစ်ဖို့က များသည်။ ယင်း ထင်ရှားကျော်ကြားသည့်ပုဂ္ဂိုလ်မရှိသည့်နောက် အမွေလုပွဲကျောင်းလုပွဲစသည်တွင် ဆိုးကျိုးများဖြစ်ပေါ်ကြရသည်။ အလှူရှင်ပုဂ္ဂိုလ်၏ သာသနာပြုအလုပ်သည် သာသနာပြုရာမရောက်၊ သာသနာဖျက်ရာပင် ရောက်တတ်သည်။

စာရေးသူ အထူးညွှန်ပြတိုက်တွန်းလိုသည်မှာ သာသနာပြုလိုသူများအတွက် –

၁။ စစ်မှန်သောသာသနာ၊


၂။ စစ်မှန်သော သာသနာ့ဝန်ထမ်း၊

၃။ စစ်မှန်သော သာသနာပြုပုဂ္ဂိုလ်များ ခွဲခြားနိုင်ရန် ရည်သန်ပါသည်။

http://www.dhammadownload.com

ဝေဘူဆရာတော်ကြီးကို မူးမြင်ခဲ့ရစဉ်က





မောင်ပေါ်ထွန်း

(၁)

လွန်ခဲ့သော(၁၉၆၉)ခုနှစ်၊ ဇူလိုင်လအတွင်းက ဖြစ်သည်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက်၊ ပြန်ကြားရေးဝန်ကြီးဌာနက ပထမဦးဆုံးအကြိမ်ဖွင့်လှစ်သည့် 'သတင်းစာပညာအတတ်သင်ကျောင်း' အမှတ်စဉ်(၁) သင်တန်းသား(၃၀)ကျော်တို့အထက်မြန်မာပြည်တစ်ခွင်သို့ လေ့လာရေးခရီးထွက်ခဲ့ကြသည်။ လေ့လာရေးခရီးခေါင်းဆောင်မှာ သင်တန်းကျောင်းအုပ်ကြီး ဗိုလ်မှူး သောင်းထိုက်(နောင်အခါ ဒု–ဗိုလ်မှူးကြီးသောင်းထိုက်၊ စာရေးဆရာ သောင်းထိုက်၊ ကွယ်လွန်) ဖြစ်သည်။

လေ့လာရေးအဖွဲ့ဝင်များသည် ကျောက်ဆည်မြို့သို့ရောက်လာသောအခါ ''စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဌာန''(ARDC) တည်းခိုရိပ်သာတွင်နေ့လည်စာစားသောက်ကြသည်။ စားသောက်ကြပြီးနောက် ကျောင်းအုပ်ကြီးနှင့်တကွ သင်တန်းသားများလဲလျောင်းရင်း ထမင်းလုံးစီအနားယူနေကြစဉ် ကျောင်းအုပ်ကြီးက အိပ်ရာပေါ်လဲနေရာမှ ရုတ်တရက်ထထိုင်ပြီး၊ ''ကဲ သင်တန်းသားတွေ သုံးနာရီမှာခရီး ဆက်ကြရမယ်ဆိုတော့၊ ရောက်တုန်းရောက်ခိုက် ကျောက်ဆည်မြို့ထဲလျှောက်မလည်ကြဘူးလား''

ဤတွင် ယခင်ကပင် ကြုံတင်စိတ်ကူးထားပြီးဖြစ်သည့်ကျွန်တော်က ''ဗိုလ်မှူး၊ စောစောကလည်း မြို့တစ်ပတ် ကားနဲ့လှည့်ပြီးပြီပဲ၊ ကြုံကြိုက်တုန်း ဝေဘူဆရာတော် ဘုရားကြီးကိုသွားဖူးကြရင် ပိုကောင်းမယ်ထင်တယ်''

''ဟာ– Very good idea သိပ်ကောင်းတဲ့စိတ်ကူးပဲ၊ ကျေးဇူးပဲဗျာ၊ ကိုင်း . . . လာ၊ သွားဖူးကြည်ညိုကြရအောင်၊ ဖူးရခဲပါတယ်၊ ဒါပေမယ့် နားချင်တဲ့လူ နားကျန်ရစ်လို့ ရပါတယ်၊ လိုက်ချင်မှ လိုက်ခဲ့ပါ''

သို့သော်လည်း ဘယ်သူမှနားမကျန်ရစ်ခဲ့ဘဲ သင်တန်းသားအားလုံးပင် လိုက်လာခဲ့ကြ၏။

(၂)

သို့ဖြင့် ကျွန်တော်တို့သည် မြို့ပြင်ရှိ တောင်ကုန်းပြန့်ပြန့်တစ်ခုပေါ်သို့ တက်လာခဲ့ကြသည်။ တောင်ကုန်းမြေသားမှာ နီကျင်ကျင်အရောင်ဖြစ်သည်။ သည်နေရာ ဟိုနေရာ ခါးလယ်လောက်မြင့်သည့် ပန်းခြုံပုတ်ကလေးတွေ တွေ့မြင်ရသည်။ သီးသန့်ကမ္ဘဏ်းတိုက်ကလေးများကို ကြားကွက်လပ် အကွာအဝေးညီဘန်းစီဆောက်လုပ်ထားသည်။ တောင်ကုန်း ပတ်ပတ်လည်တွင် တမာပင်နှင့်ထနောင်းပင်များဖြင့် စိမ်းစိုနေသည်။ နေ့လည်ပိုင်းနေပူချိန်ဖြစ်သော်လည်း လေတဟူးဟူး တိုက်နေသဖြင့် ပူသည်ဟုမထင်ရပါ။ ထူးခြားသည်မှာ ပတ်ဝန်းကျင်တစ်ခုလုံး တည်ငြိမ်တိတ်ဆိတ်နေခြင်းပင်ဖြစ်သည်။ သူတော်စင်များပျော်မွေ့ရာ ပဋိရူပဒေသ ပီသလှပါသည်ဟု ခံစားမိသည်။

တောင်ကုန်းအလယ်တွင် အမွမ်းအပြောက်အညွန့်အတက်မပါသော သစ်သားအဆောက်အအုံကြီးတစ်ဆောင်ကို တွေ့ရသည်။ ရေနံသုတ်ထားသောကြောင့် အရောင်မှာ မည်းမှောင်မှောင်ဖြစ်နေသည်။ အဆောက်အအုံရှေ့ရောက်တော့ တံခါးမကြီးပိတ်နေသည်ကို တွေ့ရသည်။ အနီးအနားတစ်ဝိုက်တွင်လည်း လူသူလေးပါးတစ်ယောက်မှ မတွေ့ကြရ။

သို့ဖြင့် ကျွန်တော်တို့တစ်တွေ တစ်စုတစ်ယောက် တွေ့လိုတွေ့ငြားဟိုဟိုသည်သည် မျက်လုံးကစားပြီး ရှာဖွေကြည့်နေကြစဉ်မှာပင် ခပ်လှမ်းလှမ်းတောင်ကုန်းစောင်းမှ လူတစ်ယောက်တက်လာနေသည်ကို မြင်လိုက်ကြရသည်။ ထိုသူမှာ (၅၀)ဝန်းကျင်

http://www.dhammadownload.com

အရွယ်ဖြစ်ပြီး စွပ်ကျယ်လက်တိုခပ်နွမ်းနွမ်း ဝတ်ထားသည်။ ထိုသူကျွန်တော်တို့အနီးသို့ရောက်လာတော့ သင်တန်းသားတစ်ယောက်က မေးလိုက်သည်။

'ဒီမှာ့ . . . နောင်ကြီး၊ ဘယ်သူမှလည်းမတွေ့ပါလား၊ ကျောင်းပေါ်မှာဆရာတော်ကြီးကော ရှိပါရဲ့လား'

'ဟုတ်ကဲ့ . . . ရှိပါတယ်၊ တံခါးသာခေါက်လိုက်ပါ၊ ဖွင့်ပေးပါလိမ့်မယ်'

ယင်းသို့ပြောပြီးနောက် ထိုသူ သူ့လမ်းသူ ဆက်လျှောက်သွားလေသည်။

(၃)

'ဒေါက်. . . ဒေါက်. . . ဒေါက်. . . ဒေါက်'

ကျောင်အုပ်ကြီးက မပြင်းတပြင်းလေး တံခါးခေါက်လိုက်သည်။ ကျွန်တော်တို့အားလုံး တံခါးရှေ့တွင် ရပ်လျက် စိတ်ဝင်တစားနားစွင့်နေကြသည်။

မင်းတုန်းဖြုတ်သံ ကျောက်ကနဲတစ်ချက်ကြား လိုက်ရပြီးနောက် ခပ်ဖြည်းဖြည်းတံခါးပွင့်လာကာ တံခါးဝတွင်ဆရာတော်ကြီးကို ဘွားကနဲဖူးမြင်ကြရ၏။ ဆရာတော်ကြီးက တံခါးဝတွင်ရပ်လျှက်မှပင် 'ဒကာတို့ ရပ်ဝေးက လာကြတာနဲ့တူတယ်၊ လာကြ၊ လာကြ၊ ကျောင်းပေါ်တက်ကြပါ၊ အမောပြေရသောက်ချင်ရင် သောက်ကြပါ၊ ဟောဒီတံခါးဝမှာ ရေအိုးအဆင်သင့်ရှိပါတယ်'

'မှန်ပါ့ဘုရား' ကျောင်းအုပ်ကြီးက လျှောက်ထားလိုက်သည်။ 'တပည့်တော်တို့က ရန်ကုန်က အထက်မြန်မာပြည် လေ့လာရေးခရီးထွက်လာကြတဲ့ သတင်းစာသင်တန်း ကျောင်းသားတွေပါဘုရား၊ ကျောက်ဆည်ကို ရောက်တုန်းရောက်ခိုက် ဆရာတော်ဘုရားကို ဖူးမြော်ဖို့လာကြတာပါဘုရား'

'သြော်–ဟုတ်ပြီဟုတ်ပြီ လာကြပါ၊ တက်ကြပါ'

ထို့နောက်ဆရာတော်ကြီးသည် နောက်သို့ပြန်လှည့်သွားပြီးနောက် သက်နှံးနေကထိုင်ခင်းထားသော နေရာတွင် တင်ပလ္လင်ခွေ၍ ထိုင်နေတော်မူသည်။ ကျွန်တော်တို့အားလုံးက ဆရာတော်ကြီးနှင့်လေးတောင်ခန့်အကွာ ကြမ်းပြင်တွင် ဒူးတုပ်ထိုင်ကာ ဝတ်ဖြည့်ကြသည်။

ဆရာတော်ကြီးရော၊ ကျွန်တော်တို့အားလုံးပါ ဘာမျှမပြောဘဲ ငြိမ်သက်တိတ်ဆိတ်နေကြသည်။ ကျွန်တော်က ဆရာတော်ကြီး၏ရုပကာယကို အကဲခတ်ကြည့်လိုက်သည်။ အသားအရောင်မှာ သက်နှံးရောင်အတိုင်း နီညိုရောင်လိုထင်ရသည်။ ခန္ဓာကိုယ်မှာ ဝသည်ဟုမဆိုသာ၊ လုံးတန်ရပ်တန်ဖြစ်ပြီး ခြုံ၍ကြည့်လျှင် အညာသားရုပ်ရည်တော့ပေါ်လွင်နေသည်။ အခန်းလုံးဝဖွဲ့မထားသော ဟင်းလင်းပြင်ကျောင်းခန်းမကျယ်ကြီးထဲတွင် အသုံးအဆောင်ပရိဘောဂဆို၍ သပိတ်တစ်လုံး၊ သင်္ကန်းတစ်စုံ၊ ရေခရားတစ်ခု၊ ထွေးခံတစ်လုံး၊ ယပ်တောင်တစ်ခုနှင့် ဆရာတော်ကြီး၏ ရောင်စုံဓာတ်ပုံတစ်ပုံသာ ရှိသည်။ အတွင်းခန်းလေးဘက်လေးတန်နံရံအမြင့်တွင် 'သတိ' ဟူသောစာလုံးကို ခပ်ကြီးကြီးရေးထားသည်။ အတန်ကြာတိတ်ဆိတ်နေပြီးနောက် သင်တန်းသားတစ်ယောက်က လျှောက်ထားလိုက်သည်။

'တပည့်တော်တို့သင်တန်းသားတွေ ဒေသန္တရဗဟုသုတလေ့လာရင်း၊ ဘုရားလည်းဖူးရင်းလာကြတာပါ ဘုရား၊ အရှင်ဘုရားဟောကြားထားတဲ့ တရားစာအုပ်တွေရှိရင် တပည့်တော်တို့ ဓမ္မဒါနပြုလိုပါတယ်ဘုရား'

'အိန်း. . . ဘုရား၊ တရား၊ သံဃာဆိုတာ ဝေးဝေးမှာမှ ရှိတာမဟုတ်ပါဘူးဗျာ၊ သတိရှိရင်ဘုရားရှိသဗျာ၊ သတိရှိရင်တရားရှိသဗျာ၊ သတိရှိရင်သံဃာရှိသဗျာ၊ ဟုတ်သလားဗျာ'

ထို့နောက် အားလုံးတိတ်ဆိတ်ငြိမ်သက်သွားပြန်သည်။ ကျွန်တော့်စိတ်ထင်(၁၅)မိနစ်ခန့်လောက် ကြာလိမ့်မည်ဟု ခန့်မှန်းမိ၏။ ဆရာတော်ကြီးသည် မျက်လွှာချ၍ ငြိမ်သက်စွာထိုင်နေတော်မူသည်။ ဤတွင် ကျောင်းအုပ်ကြီးက နောက်ပြန်လှည့်ကာ 'ပြန်ကြစို့' ဟု မျက်ရိပ်ပြလိုက်သည်။ ကျွန်တော်တို့အားလုံး ဆရာတော်ကြီးအား ထပ်မံဝတ်ဖြည့်ပြီးနောက် ကျောင်းပေါ်မှပြန်ဆင်းလာခဲ့ကြ၏။

အပြင်ရောက်တော့ကျွန်တော်က ကျောင်းအုပ်ကြီးအားမေးလိုက်သည်။

'ဒါနဲ့ . . . ဗိုလ်မှူး၊ ဆရာတော်ကြီးကို ဖူးမြင်ရတာ ဗိုလ်မှူးအနေနဲ့ ဘယ်လိုခံစားရပါသလဲ'

ဤတွင်ဗိုလ်မှူးက ဝမ်းသာရွှင်မြူးစွာဖြင့် ပြန်ပြောလိုက်တာကတော့. . .


'အေးဗျာ၊ တော်တော့်ကို ထူးခြားတာပဲ၊ ဆရာတော်ကြီးရဲ့မျက်နှာကိုကြည့်နေရတာ ကျွန်တော်ဖြင့် ကြည့်မဝသလိုပဲဗျ၊ ကြည့်နေရင်းလည်း စိတ်ထဲမှာအေးငြိမ်းနေသလို ခံစားရတယ်၊ တကယ်ပါပဲ၊ ဆရာတော်ကြီးရဲ့မျက်နှာကတော့ တကယ့်ကို ''Face of peace'' (အေးငြိမ်းတဲ့မျက်နှာ) အစစ်ပဲဗျာ'

■ မောင်ပေါ်ထွန်း

♦ ♦ ♦

http://www.dhammadownload.com

တိုက်ဆိုင်မှုတစ်ခု (သို့) ဆရာမြတ်တစ်ပါး အကြောင်း



☀ ဒေါက်တာသြသမသာရ

တစ်နေ့မှတ်မှတ်ရရ၊ ထိုတစ်နေ့သည် မိမိတို့ သီတဂူကမ္ဘာဗုဒ္ဓတက္ကသိုလ်၏ အဓိပတိဆရာတော်နှင့် ပါမောက္ခချုပ်ဆရာတော်တို့က မိမိတို့ **တက္ကသိုလ်သင်ကြား စီမံအဖွဲ့**အား တိပိဋကမြန်မာ အဘိဓာန်ကျမ်းများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပုံ ပြန်ဆိုနည်း လမ်းညွှန်ချက်ပေးသောနေ့ ဖြစ်သည်။

လွန်ခဲ့သော (၃) နှစ်ခန့်က ဖြစ်သည်။ 'မြန်မာရဟန်းတော်များ စုစည်းအားထုတ်ထားသည့် တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီးများကို ကမ္ဘာ့လူသားများပါအသုံးပြုနိုင်ရန်အတွက် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသင့်ကြောင်း' မန္တလေးမြို့ မစိုးရိမ်တိုက်သစ် သုံးတိုက်တို့၏ မဟာနာယကချုပ် ဖြစ်တော်မူသည့် ဆရာတော် အရှင်ရာဇမဟာဘိဝံသ-က နိုင်ငံတော်အစိုးရသာသနာရေးဝန်ကြီးဌာနကို သြဝါဒပေး အကြံပြုတော်မူခဲ့၏။

ထိုသို့ ဆရာတော်ဘုရားကြီး မိန့်တော်မူချက်ကို ဦးထိပ်ရွက်ပန်ဆင်လျက် ပညာရှင်များစုစည်း၍ ဘာသာပြန်အဖွဲ့(၅)ဖွဲ့ဖြင့် အင်္ဂလိပ်ဘာသာပြန်ဆိုခြင်း လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် အပြီးအဆုံးသို့ မရောက်ရှိခဲ့ပေ။ ယခုအခါ သီတဂူကမ္ဘာဗုဒ္ဓတက္ကသိုလ်နှင့် ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာ ဓေရဝါဒတက္ကသိုလ်ကြီးနှစ်ခုတို့၏ ပါမောက္ခချုပ်ဖြစ်တော်မူသည့် ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဦးဆောင်၍ ထို ဘာသာပြန်လုပ်ငန်းကြီးကို အမြန်ဆုံးပြီးမြောက်အောင်မြင်နိုင်ရန် လမ်းညွှန်ချက်များနှင့် စီမံချက်များကို ချမှတ်ပေးတော်မူခဲ့သည်။

http://www.dhammadownload.com

ပါမောက္ခချုပ်ဆရာတော် ဦးဆောင်မှုဖြင့် အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းအပ်သော တိပိဋကာ ပါဠိ မြန်မာအဘိဓာန် အင်္ဂလိပ်ဘာသာပြန်ဆိုရေးအဖွဲ့များတွင် မိမိတို့ သီတဂူကမ္ဘာဗုဒ္ဓတက္ကသိုလ်ကိုလည်း အမှတ် (၆)ဘာသာပြန်ဆိုရေး အဖွဲ့အဖြစ် အားဖြည့်ဖွဲ့စည်းပေးတော်မူခဲ့သည်။ ထိုသို့ဖွဲ့စည်းပေးပြီးနောက် တက္ကသိုလ်၏ သင်ကြားစီမံအဖွဲ့ကို ခေါ်ယူ၍ လမ်းညွှန်ချက်များ ဘာသာပြန်ဆိုပုံ နည်းစနစ်များကို အထူးသင်ကြားပေးတော်မူခဲ့၏။ တာဝန်ယူပြန်ဆိုရမည့် အခန်းကဏ္ဍများကိုလည်း ခွဲဝေသတ်မှတ်ပေးတော်မူ၏။

မိမိတို့ ဘာသာပြန်ဆိုရမည့် အခန်းကဏ္ဍသည် ပ–ဝဂ်လာ မ–အက္ခရာပုဒ်များဖြစ်၏။ စာကြည့်တိုက်သို့ သွား၍ ပါဠိ–မြန်မာ အဘိဓာန် ကျမ်းစာအုပ်ကြီးများကို ရွေးချယ်ရှာဖွေကြည့်ရှုရာ မိမိတို့အဖွဲ့ တာဝန်ယူပြန်ဆိုရမည့် ထိုအခန်းကဏ္ဍသည် မိမိ၏ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားများ ရေးသားပြုစုခဲ့သော ကျမ်း စာအုပ်ကြီးဖြစ်နေသည်ကို အံ့သြဝမ်းသာစွာ တိုက်တိုက် ဆိုင်ဆိုင် တွေ့လိုက်ရသည်။

ပ–ဝဂ် မ–အက္ခရာသည် တိပိဋကာ ပါဠိမြန်မာ အဘိဓာန်ကျမ်း အတွဲ(၁၆)၌ ပါရှိ၏။ ထိုကျမ်းစာအုပ်၏ နိဒါန်း၌ကျမ်းစာအုပ်ကို တာဝန်ယူရေးသား ပြုစုတော်မူခဲ့သော ကျေးဇူးရှင်ဆရာတော်များ၏ ဓာတ်ပုံများကို ဖူးမျှော်ခွင့်ရရှိခဲ့၏။ ကျေးဇူးတော်ရှင် ဆရာတော် ဦးကောဝိဒါဘိဝံသ အမျှူးပြုသည့် မစိုးရိမ်တိုက်ကြီး နာယကဆရာတော်များ၏ဓာတ်ပုံများ၊ ပံ့လွန်တော်မူပြီး ဖြစ်သော မစိုးရိမ်ဟိုက်သစ်ဆရာတော် ဦးသိရိန္ဒ၊ ဦးနာယကတို့၏ ဓာတ်ပုံများ၊ အနန္တကျေးဇူးတော်ရှင် ဆရာတော် ဦးရာဇမဟာဘိဝံသ၊ ဆရာတော် ဦးကေသရာဘိဝံသစသော ဆရာတော်များနှင့် မိမိ၏ကျေးဇူးတော်ရှင် ဆရာအရှင်မြတ်တို့၏ ဓာတ်ပုံများကို ဖူးတွေ့ခွင့်ရခဲ့သည်။

ယင်းသို့သော ဆရာတော်အရှင်မြတ်များ၏ နှုန်းယဉ်ကျေးမှုစသည့် အရွယ်တော်ရှိစဉ်က ရိုက်ကူးထားသည့် ဓာတ်ပုံများကို ကြည့်ရှု၍ မိမိ၏ စိတ်အစဉ်တွင် လွန်ခဲ့သည့် (၂၅) နှစ်က ဘဝပုံရိပ်များ တစ်စိတ်တစ် ဒေသ ထင်ဟပ်လာသည်။ မိမိသည် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်သို့ ရှင်သာမဏေဘဝကပင် ရောက်ရှိခဲ့၏။ မိမိအသက်မှာ (၁၇) နှစ်သာ ရှိသေး၍ သက္ကသိဟ စာမေးပွဲဝင်ရန် မဖြစ်နိုင်သေး။ ထို့ကြောင့် သက္ကသိဟ စာသင်တန်းဝင်နိုင်ရန်အတွက် စာများစုဆောင်းရ၏။ မိမိသည် နယ်မှ ပထမကြိုးတန်းအောင်ပြီးနောက်မှ ရောက်လာသည့်အတွက် ရှုပသိဒ္ဓိ၊ ဋီကာကျော်၊ ကခ်ီ ဝိတရဏီ စသော ကျမ်းစာများကို ထိထိမိမိ ပြည့်ပြည့်စုံစုံ စနစ်တကျ လေ့လာခွင့်မရရှိခဲ့ပေ။ ထိုသည်မှာ နယ်စာသင်တိုက်လေးများ၏ ဓာချဆရာ မပြည့်စုံမှု၏ အားနည်းချက်တစ်စိတ် တစ်ဒေသဖြစ်သည်။ ထို့ကြောင့် ထိုထိုကျမ်းစာများကို သင်ကြားပို့ချပေးသည့် ဆရာ့ထံ ချဉ်းကပ်၍ လေ့လာရ၏။ မိမိ မစိုးရိမ်တိုက်သစ်သို့ စရောက်သော ထိုနှစ်မှာပင် မစိုးရိမ်တိုက်သစ်ထဲမှ ရဟန်းတော်တစ်ပါး သက္ကသိဟ စာသင်တန်းကို တစ်ဂဏန်းဖြင့် ပထမနေရာရ ယူနိုင်ခဲ့၏။ ပညာတော်သူ ထူးချွန်ထက်မြက်သူများကို အားကျတတ်သည့် ဝါသနာအတိုင်း မိမိသည် ထိုအရှင်အားများစွာ ကြည်ညိုု လေးစားအားကျခဲ့သည်။ အချိန်ကာလ မကြာ လိုက်ပါချေ။ ထိုသက္ကသိဟစာသင်တန်းအောင် အရှင်သူမြတ်သည် မိမိ၏ဆရာ အရင်းအချာဖြစ်လာခဲ့သည်။ ထိုဆရာက မိမိကို **''ကိုရင်ကြီး၊ ကိုရင်ကြီး''** ဟု ခေါ်ကာ အနီးကပ် စာဝါပို့ချ ပေးခဲ့၏။ ရှုပသိဒ္ဓိကျမ်းကို ၄၅–ရက်ကြာ ခေတ်သစ်နည်းစနစ်ဖြင့် ပို့ချသင်ပြပေး၏။ ဋီကာကျော်၊ ကခ်ီ၊ ဘေဒစိန္တာစသော ကျမ်းများကိုလည်း ရှင်းလင်း ပီပြင်စွာ ပို့ချပေးခဲ့သည်။

မိမိ စာချတန်း စာဝါများကို အလွယ်တကူ သင်ယူနိုင်ခြင်း၊ ပါဠိ အဋ္ဌကထာ၊ ဋီကာကျမ်းများကို ကြည့်ရှုတတ်ခြင်းတို့သည် ထိုဆရာ အရှင်သူမြတ်၏ ကျေးဇူးတော်ကြောင့်ပင် ဖြစ်ပါသည်။

ထိုအရှင်မြတ်သည် မိမိအင်္ဂလိပ်စာသင်ယူသောအခါတွင်လည်း သူကိုယ်တိုင် လိုက်ပါသင်ယူ၍ အထူးကြိုးစားရန် တိုက်တွန်းအားပေးခဲ့ရုံမျှမက မိမိ၏ သင်တန်းကြေး ဝတ္ထုငွေများကိုပါ ထောက်ပံ့ပေးခဲ့၏။

ထိုဆရာ အရှင်မြတ် သက္ကသိဟစာမေးပွဲများ အောင်မြင်၊ ကျောင်းတိုက်၏ နာယကအဖြစ် စာဝါများကို ပို့ချသင်ပြသောအခါ စာလိုက်သံဃာ တစ်ထောင်နီးပါး မျှရှိ၏။ များစွာသော တပည့်ပရိသတ်တို့၏ အလယ်၌ ခန့်ငြားထည်ဝါစွာဖြင့် စာပေများကို ပို့ချနေသည်များကို ကြည့်ပြီး ပီတိများ ဖြစ်ခဲ့ရသည်။

ဆရာ အရှင်မြတ် ဘဝလောကဓံများနှင့် ရင်ဆိုင်နေရသော အချိန်များတွင်လည်း မိမိသည် ခပ်ဝေးဝေးကနေ၍ မျက်ရည်ကျခဲ့ရသည်။

မိမိသည် မည်သည့်ဒေသ ရောက်ရောက် ဆရာအရှင်မြတ်၏ သတင်းကို နားစွင့်နေခဲ့၏။ ရန်ကုန်

http://www.dhammadownload.com

မြို့ တက္ကသိုလ်ကြီးတစ်ခု၏ နာယကချုပ်အဖြစ် ဆောင်ရွက်တော်မူပြီး တပည့်ရဟန်း(၃၀၀)ခန့်ကို အထက်တန်း ပဋ္ဌာန်းကျမ်းများကို ပို့ချနေကြောင်း၊ ပါကျူယျာဉ်စသော စာသင်သား အကျိုးပြု စာအုပ်များ ရေးသားထုတ်ဝေနေကြောင်း၊ ပြည်ပသာသနာပြု ခရီးအဖြစ် အမေရိကန် ပြည်ထောင်စုသို့ ရောက်ရှိနေကြောင်း စသည့် ဆရာအရှင်မြတ်၏ သတင်းကောင်းများကို ဆင့်ကဲကြားသိခဲ့ရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရသည်။

ဆရာအရှင်မြတ် အမေရိကန် ရောက်ခိုက် မိမိနေထိုင်ရာ တက္ကဆပ်သို့ ပင့်ဆောင်ခဲ့သေး၏။ သို့သော် ဆရာအရှင်မြတ်သည် မြန်မာပြည်သို့ ပြန်ရန်အချိန်နီးကပ်နေပြီဖြစ်သဖြင့် တက္ကဆပ်သို့ကြွရောက်ရန် အချိန်မရခဲ့ပေ။

မိမိ နိုင်ငံရပ်ခြား တိုင်းပြည်များ၌ ပညာသင်ကြားနေစဉ် ကာလတစ်လျှောက်လုံးလည်း ဆယ်စုနှစ်ကျော်ကျော်ဆရာအရှင်နှင့် တွေ့ခွင့် မကြုံခဲ့ရပေ။ သို့သော် နိုင်ငံခြားသို့ ဆရာအရှင်မြတ် သာသနာပြုခရီး ရောက်နေသည်ကြားတိုင်း ရောက်ရာအရပ်က ဖုန်းဆက်၍ ဏာန်တော့ နှုတ်ဆက်ခွင့်ရပါ၏။ ဖုန်းဆက် ကန်တော့တိုင်း ဆရာအရှင်မြတ်သည် မိမိ၏ ပညာရေးအခြေအနေကိုသာ တွင်တွင်ကြီးမေးပြီးကြိုးစားရန် အမြဲတိုက်တွန်းတော်မူခဲ့၏။ မိမိ၏ ဆရာအရှင်ကား ဤကဲ့သို့သော ဆရာအရှင်ပါတည်း။

ငယ်စဉ်ကတည်းကပင် မိမိသည် ဆရာအရှင်မြတ်၏ လုံ့လဝီယကို အထူးအားကျမိ၏။ မိမိကိုယ် တိုင် ကလည်းဆရာကဲ့သို့ ကြိုးစားရန် အထူးလုံ့လစိုက်ခဲ့ရ၏။

၂၀၀၆-ခုနှစ် မေလ၂၀-ရက်နေ့တွင် မိမိတို့၏ အနန္တကျေးဇူးရှင် ဆရာတော် အရှင်ရာဇမဟာဘိဝံသသည် အင်္ဂလန်၊ ပြင်သစ်၊ အီတလီ စသော ဥရောပနိုင်ငံများသို့ လေ့လာရေးခရီးကြွတော်မူခဲ့၏။ ထိုခရီး၌ မိမိသည် ပစ္စာသမဏအဖြစ် လိုက်ပါခွင့်ရခဲ့သည်။ ထိုခရီးစဉ် အပြန် မြန်မာပြည်သို့ရောက်သည်ဆိုလျှင် မိမိ၏ ရဟန်းဒကာကြီး ဦးသန်းမြင့် ကွယ်လွန်ခြင်း(၁၁)နှစ်အထိမ်းအမှတ်အဖြစ် ရဟန်းအမကြီးဒေါ်သန်းလှမိသားစုတို့တို့က ဆွမ်းဆက်ကပ်ကြ၏။ကျေးဇူးရှင်ဆရာတော်များကို တစ်စုတစ်ဝေးတည်း ဆွမ်းဆက်ကပ်ခွင့်ရသည့် အတွက် ဝမ်းသာရ၏။ ထိုတွင် မိမိ၏ဆရာအရှင်မြတ်လည်း ကြွရောက် ချီးမြှောက်တော်မူသည့်အတွက် ဖူးမြော်ခွင့် စကားစမြည်ပြောဆိုခွင့် ရခဲ့သည်။

မိမိဆရာ အရှင်သူမြတ်သည် မိမိ၏စံနမူနာပြုဖြစ်သည်။ Whoever, Whatever I am this is because of him ဆိုသည့်အတိုင်း မိမိ ဘယ်အခြေအနေဖြစ်ဖြစ် ဘယ်ဒေသ ဘယ်နေရာရောက်ရောက် မိမိဘဝတစ်လျှောက် ကောင်းမွန်သော ထိုအရာများသည် ဆရာ့ကျေးဇူးတော်ကြောင့်ပါတည်း။

မိမိသည် ဆရာအရှင်မြတ်၏ တပည့်အဖြစ် အမြဲတမ်း ဂုဏ်ယူနေမိ၏။ မိမိ၏ ဆရာအရှင်မြတ်ကား မည်သူဖြစ်ပါလိမ့်မည်နည်း။ ရန်ကုန်မြို့ မဟာစရိယတက္ကသိုလ်ကြီး၏ နာယကချုပ် ဝါကျူယျဉ်ကျမ်းပြု ဆရာတော် အရှင်သုစိတ္တာဘိဝံသ-ပါတည်း။

တိပိဋကပါဠိမြန်မာအဘိဓာန် အတွဲ(၁၆)ပါ ဓာတ်ပုံများကို ကြည့်၍ အတွေးရေယာဉ်ကြောတွင် မျောနေခိုက် ရုတ်တရက်ထွက်ပေါ်လာသော လက်ကိုင်ဖုန်းမြည်သံကြောင့် မိမိ၏အတွေးစများ အဝေးသို့ လွင့်ပျောက်သွား၏။ လက်ကိုင်ဖုန်းကို ကြည့်လိုက်သောအခါ မတွေ့ဘူးသေးသော နံပါတ်ဖြစ်နေ၏။

''ဟဲလို ပြောပါ''

နှုတ်ဆက်စကားဆိုလိုက်လျှင် တစ်ဖက်မှ အသံရှင်သည် ဩဇာသံပါလှသောသူ၏အသံဖြင့် ပြောလာ၏။

''ဟေ့ဩသဓ ကိုရင်ကြီး ငါပါကွ ဦးသုစိတ္တပါ၊ ဘာတွေလုပ်နေတာလဲ၊ အလုပ်များနေသလား။ ငါဖုန်းဆက်နေတာ ကြာပြီ။ အခုမှပဲ ရတယ်။ ငါပြောမယ်၊ မကြာမီမှာ ငါ့ရဲ့အသက် နှစ်ငါးဆယ်ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် စာစောင်ထုတ်ဝေမယ်။ ငါ့ရဲ့ တပည့်ရင်းတစ်ပါးအနေနဲ့ စာတစ်ပုဒ်လောက် အမြန်ရေး၊ တစ်ပတ်အတွင်းရောက်အောင်ပို့၊ အေးအေး ဒါပဲ''

''တိုက်ဆိုင်လိုက်တာ--၊ ဆရာ့ အကြောင်းကို တွေးနေတုန်းမှာ ဆရာ့ဖုန်း ရောက်လာတာပါလား။ ဩော် ဆရာ ဆရာ၊ ဆရာတောင် သက်တော် ငါးဆယ်ရောက်လာပြီပဲ၊ အေးလေ ဆရာ့တပည့်ဖြစ်တဲ့ ကိုရင်ကြီးဆိုတဲ့ မိမိတောင်မှ အသက် ၄၂-နှစ် ရှိခဲ့ ပြီပဲလေ။''

သီတဂူစန်းလပမာ ချမ်းမြသာယာ ရှိတော်မူကြပါစေ...

■ ဒေါက်တာသြဿဘသာရ

♦ ♦ ♦

http://www.dhammadownload.com

ပင်မြင့်ပန်း



■ သဇင်မြေ အခင်လတ်

''အိမ်နားသစ်ပင်၊ ဆေးဖက်မဝင်''ဟုအဆိုရှိ၏။ အခုလည်း သဇင်မြေ အခင်လတ်တစ်ယောက်အား သူတို့တစ်တွေ မေ့နေကြသည်ထင့်။

ရွှေရတုမွေးနေ့ ဝိဇာတမင်္ဂလာပြုလုပ်မည်ကို လွန်ခဲ့သော တစ်နှစ်ခန့်က မွေးနေ့ရှင်နှင့်ဆုံတုန်း အကျွန်ုပ်အား ပြောခဲ့ဖူးသည်။

သို့သော်... ဤမျှ ကျယ်ပြန့်စွာ ပြုလုပ်မည်ဟု အကျွန်ုပ်မထင်ခဲ့၊ တစ်နေ့ အကျွန်ုပ်တို့ ညီ-အစ်ကိုများ တာမွေ၌ ဆုံဖြစ်ကြသည်၊ ခင်ရာမင်ရာ သတင်းမေးကြရင်း စာရေးဆရာနိုင်လွန်းအား မတွေ့၍ မေးဖြစ်ခဲ့သည်၊ အရှင်၏ မွေးနေ့အမှတ်တရ မဂ္ဂဇင်းအတွက် အလုပ်များနေကြောင်း တစ်စုံတစ်ယောက်က ပြောပြမှ ဝိဇာတမင်္ဂလာအမှတ်တရ မဂ္ဂဇင်းထုတ်ဝေမည်ကို သိခဲ့ရသော အခါဝယ် အရှင်၏ နှစ် (၅၀)ပြည့်၊ ရွှေရတု၊ လူဘဝသက်တမ်းတစ်ခု၏ သုံးပုံနှစ်ပုံ၊ ဒီဘဝ၊ ဒီတစ်ခါသာ ကြုံရမည်၊ နောင်ဘယ်သောအခါမှ ကြုံရမည်မဟုတ်၊ ရခဲလှ၏။ ဒုလ္လဘတရားပေတည်း။

မွေးနေ့ရှင်အား ဂုဏ်ပြုဆောင်းပါး တစ်ပုဒ် မဖြစ်မနေ ရေးသားရတော့မည်၊ အဘယ်ကြောင့်နည်း၊ အကြောင်းကြောင့်သာ။ စာရေးသူနှင့် မွေးနေ့ရှင်တို့မှာ နာမည်က ခပ်ဆင်ဆင်၊ ပရိယာယ်ပုဒ်သာကွဲ၏။ ခင်မင်မှုကလည်း ညီအစ်ကို အရင်းတမျှပင်၊ သို့သော်... ဂုဏ်ချင်းကတော့ မနှိုင်းအပ်၊ မိုးနဲ့မြေပမာ၊ အရှင်က မိုး၊ အကျွန်ုပ်ကား မြေကြီး။

ဤမြေအပြင်ဝယ် လူမျိုးတစ်မျိုးစီတို့၏ အမှတ်အသား သင်္ကေတ ကိုယ်စားပြုအရာတို့သည် ရှိကြစမြဲပင်၊ တစ်ချို့ကား လိမ္မာ၍ ချစ်စရာကောင်းသော ခို၊ ငှက်စသည်တို့ဖြင့် ကိုယ်စားပြုကြ၏။ တစ်ချို့ကား ပန်းဖြင့်၊ တစ်ချို့ကား အရာဝတ္ထုတစ်ခုခုဖြင့်၊ မိမိလူမျိုး တို့၏ ဂုဏ်ယူစရာ သင်္ကေတအသီးသီးဖြင့် ဂုဏ်ယူတတ်ကြပေ၏။

ဥပမာ – ရှမ်းအိုးစည်သည် ရှမ်းလူမျိုးတို့အား ကိုယ်စားပြု၏။ သို့ကြောင့် အိုးစည်ကိုတွေ့တိုင်း ရှမ်းလူမျိုးတို့အား သတိရတတ်ကြ၏။ ရှမ်းနှင့် အိုးစည်၊ အိုးစည်နှင့် ရှမ်း၊ တစ်ထပ်တည်းကျ၏– ဟုဆိုချင်သည်။ ခင်မင်သော ရှမ်းတိုင်းရင်းသားလူငယ်တို့နှင့် ဆုံမိသော အခါ နောင့်ပိန်နောင်... ဟု စ,ကြ နောက်,ကြ၏။ ရှမ်းလူမျိုးတို့သည်လည်း ဂုဏ်ယူလျက်၊ အပြုံးမပျက်ပေ။

ထို့အတူ ဖားစည်နှင့်ကရင်လူမျိုး၊ အောက်ချင်းငှက်နှင့် ချင်းလူမျိုး၊ မနောတိုင်နဲ့ ကချင်လူမျိုး စသည်

http://www.dhammadownload.com

စသည်ဖြင့် လူမျိုးတစ်မျိုးစီအား ကိုယ်စားပြုသကေ်တသည် အနည်းဆုံးတစ်ခုစီတော့ ရှိကြစမြဲပင်။

သဇင်ပန်းနဲ့ ရခိုင်လူမျိုး၊ ရခိုင်လူမျိုးနှင့် သဇင်ပန်းတို့သည်လည်း ထို့အတူပင် တစ်ထပ်တည်း ကျလှပေ၏။

သဇင်ပန်းသည် အဘယ်အချိန်မှစ၍ ရခိုင်လူမျိုးတို့၏ ကိုယ်စားပြုသကေ်တဖြစ်ခဲ့သည်ကို အကျွန်ုပ် တိတိကျကျမသိပေ။ ''သဇင်ပန်းခိုင် တမြိုင်မြိုင်၊ ရခိုင်ဘုရားပေါင်း''ဟူသော ဆိုရိုးစကားမှ စ,ခဲ့လေသလော မပြောတတ်။ ရခိုင်လူမျိုးတို့နှင့် သဇင်ပန်းတို့သည်ကား ခွဲမရ၊ တစ်ထပ်တည်း တစ်သားတည်း ဖြစ်သည်မှာ အမှန်ပင်။

ထို့ကြောင့်. . . လူမျိုးတစ်စုလုံး၏ ကိုယ်စားပြု သကေ်တအရာအား သူတစ်ဦးတစ်ယောက်အပေါ် တင်စား၍ ပြောကြ ရေးကြသောအခါဝယ် တင်စားခြင်း ခံရသူသည် အမှန်တကယ်ပင် လူမျိုးတစ်ခုလုံး၏ သကေ်တဖြင့် ကိုယ်စားပြုခြင်းငှာ ထိုက်တန်ပါသလော ဟု စစ်ကြောဝေဖန် မေးခွန်းထုတ်သင့် လှပေ၏။

အဘယ်ကြောင့်နည်း. . .။ လူမျိုးတစ်မျိုးစီ တိုင်းတွင် ကိုယ်စီကြီးကျယ်ခမ်းနားလှသော အကြောင်းအရာ သမိုင်းမှတ်တိုင်များရှိကြလေ၏။ မနေ့တစ်နေ့ကမှ ပေါ်ပေါက်ခဲ့ကြသော သာမန်လူမျိုးတို့၏ ကြီးကျယ်ခမ်းနားမှုအား အသိအမှတ်ပြုခဲ့သော်. . . ၊ သမိုင်းမတိုင်မီ ပဝေသဏီ ရှေးသရောက မြို့ပြတည်ထောင်လျက် ထည်ဝါစွာ ရှိခဲ့သောလူမျိုးတို့ ကြီးကျယ်ခမ်းနားပုံကား အဘယ်မှာလျှင် ဆိုဘွယ်ရာရှိအံ့နည်း၊ ထိုလူမျိုးတို့နှင့် အတူ ကြီးပြင်းလာခဲ့ရသော ဤသည့်သဇင်သည်လည်း ဂန္ဓဝင် မဟာသဇင်ပင် မဟုတ်ပါလော။

တစ်စုံတစ်ခုနှင့် တစ်စုံတစ်ရာတို့အား တင်စား၍ ရေးသားပြောဆိုကြသောအခါဝယ် ဂုဏ်နှင့်ဖြစ်ဟပ်စပ်မိဖို့လည်း လိုပြန်သေး၏။ ဂုဏ်ကကြီး၍ ဖြစ်ကသေးငယ်သော် (သို့မဟုတ်) ဂုဏ်ကသေး၍ ဖြစ်ကကြီးပြန်သော် အလင်္ကာမမြောက် အပြစ်ဒေါသရောက် စရာအကြောင်းလည်းရှိပေ၏။

သို့ကြောင့်ပင် ကျမ်းဂန်အဆို လူဝတ်ကြောင်များ ရဟန္တာ ဖြစ်ခဲ့သော် ထို့နေ့မှာပင် ရဟန်းပြုကြရပေမည်။ ရဟန်းမပြုခဲ့သော် ထိုနေ့ကို မကျော်ဘဲ လူဝတ်ကြောင်ဖြင့်ပင် ပရိနိဗ္ဗာန်ပြုကြရသည်ဟု ဗုဒ္ဓ စာပေ အဆိုရှိ၏။ အဘယ့်ကြောင့်နည်း။ မွန်မြတ်လှစွာ သော

လူမျိုးတစ်မျိုးစီ တိုင်းတွင် ကိုယ်စီ ကြီးကျယ်ခမ်းနားလှသော အကြောင်းအရာ သမိုင်းမှတ်တိုင်များ ရှိကြလေ၏။ မနေ့တစ်နေ့ကမှ ပေါ်ပေါက်ခဲ့ကြသော သာမန်လူမျိုးတို့၏ ကြီးကျယ်ခမ်းနားမှုအား အသိအမှတ်ပြုခဲ့သော်. . . ၊ သမိုင်းမတိုင်မီ ပဝေသဏီ ရှေးသရောက မြို့ပြတည်ထောင်လျက် ထည်ဝါစွာ ရှိခဲ့သောလူမျိုးတို့ ကြီးကျယ်ခမ်းနားပုံကား အဘယ်မှာလျှင် ဆိုဘွယ်ရာရှိအံ့နည်း။

အရဟာတ္တမဂ်/ဖိုလ်တို့၏ ဂုဏ်အရှိန်အား လူဝတ်ကြောင်ဖြင့် ထမ်းဆောင်ခြင်းငှာ မတတ်နိုင်သောကြောင့်တည်း။


နောက်တစ်ခု ငယ်ငယ်တုန်းက အမေပြောဖူးသောစကား ''ကလေးကို သေစေလို၊ ရာဟုလာ ဟုခေါ်''တဲ့၊ အဘယ်ကြောင့်နည်း၊ အမေအား မေးခဲ့ဖူးသည်၊ သို့သော် ဗဟုသုတနည်းရှာသော အမေခမျာ အဖြေမပေးနိုင်ခဲ့၊ ဒီစကားအတွက် စာပေပညာသင်ကြားရင်း အကျွန်ုပ်အဖြေရှာခဲ့သည်၊ သိလာရသည်မှာ ဂုဏ်နှင့် ဒြဗ်မဟပ်စပ်သောကြောင့်ပင်တည်း။

အရှင်မန္တလေးဌ နေစဉ်က အကျွန်ုပ်သည်လည်း မန္တလေးဌ နေခဲ့ဖူး၏။ သို့သော် မဆုံဖြစ်ခဲ့၊ အရှင်၏တပည့်များ၊ သူငယ်ချင်းများနှင့် ဆုံတိုင်း အရှင်၏ ကောင်းသတင်းတို့ကိုသာ တစ်ဆင့်စကားကြားခဲ့ဖူး၏။

ထိုတွင် '' . . .မာနတော့ နည်းနည်းကြီး တယ်'' ဆိုတဲ့ မနှစ်မြို့စရာ မှတ်ချက်စကားတစ်ခွန်းမှာ အမြဲလိုလိုပါလာတတ်၏။ မာနဟူသည် အကုသိုလ်စေတသိက်တို့၏ အသင်းအပင်းပင် မဟုတ်ပါလော။

ထိုအချိန်က အရှင်သည် ''ဝါဏျဥယျာဉ်'' ဓမ္မစရိယကျမ်းစာတို့အား မရေးဖြစ်သေး။ သို့သော် အရှင်၏ စာပေပို့ချမှုကောင်းခြင်းကြောင့် တိုက်တွင်း၊ တိုက်ပြင်မှ စာဝါလိုက်သံယာများမှာ နှစ်ထောင်ခန့်ရှိ၏၊ ဟုပင် သိခဲ့ရ၏၊ အရှင့်နှင့်မဆုံဖြစ်ပေမယ့်၊ အရှင့်အတွက် မုဒိတာ

http://www.dhammadownload.com



ပွားရလေပြီ၊ သို့ကြောင့် ယခင်မန္တလေးမြို့၌ ပါရာဇိကဏ် စာဝါပို့ချမှုကောင်းသော ကျမ်းပြုအကျော် မစိုးရိမ်တိုက် ဟောင်းဆရာတော် ဦးကောဝိဒါဘိဝံသ သည်ပင် အရှင့်အား ချီးမွမ်းစကားဆိုကြောင်း ကြားသိခဲ့ဖူး၏။။

အကျွန်ုပ်တို့မှာ အရှင်နှင့် တစ်မြို့တည်း အတူနေပင်ဖြစ်လင့်ကစား၊ သွားလာရေး ဝေးလွန်းသောကြောင့် အရှင်၏ စာပေပို့ချမှုတို့အား မသင်ကြားဖြစ်ခဲ့၊ အကယ်၍သာ ထိုအချိန်က အရှင့်ထံ၌ စာပေသင်ကြားမှု ရှိခဲ့ဖူးသော် အကျွန်ုပ်သည်လည်း အရှင်၏ တပည့်တစ်ပါး အပါအဝင် ဖြစ်ပေလိမ့်မည်၊ ခုတော့...

ခက်ထန်ကြမ်းတမ်းသော ဘဝ အဆစ်အပိုင်းတစ်ခုအား ရည်ရွယ်ချက်ကိုယ်စီဖြင့် ကျော်ဖြတ်ကြရင်း ဆယ်စုနှစ်တစ်ခုသာသာအချိန်ကြာလာသောအခါ အလိုတော်ပြည့်ဆရာတော်ဘုန်းကြီး၏ သာသနာပြုရင်ခွင်ဝယ် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား တာဝန် ကိုယ်စီ ခရီးသွားဖော် ညီ-အစ်ကိုများ ဖြစ်လာကြသော အခါ၌ အရှင်၏ အတွင်း/အပြင် ကာယ+မန နှစ်ဌာန တို့အား လေ့လာသုံးသပ်ခွင့် ရရှိခဲ့လေ၏။။

ထိုအချိန်ဝယ် တစ်ခါက ကြားခဲ့ဖူးသော "မာနတော့ နည်းနည်းကြီးတယ်" ဟူသော မနှစ်မြို့စရာ ဂုဏ်ပုဒ်တစ်ခုကိုလည်း ကာလတစ်ခုအတိုင်းအတာထိ အနီးကပ် လေ့လာခွင့်ရရှိခဲ့ပေသည်။ တကယ် လေ့လာကြည့်မိသောအခါ အရှင်နှင့်စပ်လျဉ်းရှိသော မာနဟူ သည် အကုသိုလ် စေတသိက်တို့၏ အသင်းအပင်း မာန(မာန်)ကား အလျင်းမဟုတ်၊ ဘဝ၏ 'အား'ကို ကိုယ်စားပြုသော (သို့မဟုတ်) ဘဝ၏ 'အား'နှင့် တွဲဖက် လျက်ရှိသော 'အားမာန်'သာလျှင် ဖြစ်သည်ကို ကျေနပ်စွာ သိရှိခဲ့ရပေသည်။

ထိုအခါ အရှင်နှင့် သဇင်တို့အား ခိုင်းနှိုင်းစရာ ဖြစ်ရှိလာပေ၏။။ သဇင်သည် အဆင်းအားဖြင့် ဖြူဖွေးသန့်ရှင်းသလို ရနံ့အားဖြင့်လည်း သင်းပျံ့မွှေးကြိုင်၏၊ ပင်မြင့်မှာပွင့်၍ ခန့်ညားထည်ဝါလှပေ၏။။

ထို့အတူပင် အရှင်၏စိတ်နှလုံးသည်လည်း သန့်ရှင်းမှုအတိ ပကတိဖြူစင်လှပေ၏၊ ဖြူစင်လွန်း၍ တစ်ခါတစ်လေ ပုံမှန်မဟုတ်သော ပတ်ဝန်းကျင်အချို့တို့၏ သဘာဝလွန် သဘောတရားတို့အား နားလည်နိုင်ရန် ခဲယဉ်းဘိ၏၊ နားလည်နိုင်ရန်လည်း ကြိုးစားခဲ့ဟန်မတူပေ၊ အကြောင်းသော် အရှင့်အတွက် ထိုထက်မွန်မြတ်၍ အထက်တန်းကျလှသော သာသနာ့တာဝန်ကိုသာ ဘဝပေးတာဝန်တစ်ခုအဖြစ် သတ်မှတ်ထားသောကြောင့်ပင် ဖြစ်ပေလိမ့်မည်။

တာဝန်သိသူသည် တာဝန်ရှိ၏။။ တာဝန်ရှိသူမှာ တာဝန်ပိ၏-ဟု ဆိုပါငြားလည်း ထို ပရိယတ္တိတာဝန်တို့နှင့်အတူ အရှင်၏ ကောင်းသတင်းရနံ့တို့သည်လည်း၊ မစိုးရိမ် ဓမ္မသီတဂူ + အလိုတော်ပြည့် ဓမ္မာစရိယ တက္ကသိုလ်တည်းဟူသော ပင်မြင့်ထက်ဝယ် ခန့်ညားဝင့်ထည်စွာ ပွင့်လန်းလျက် နေရာအနှံ့ အရှင်၏ ကောင်းသတင်း ပန်းရနံ့တို့သည် သင်းပျံ့လျက်ပင်။


အချုပ်ဆိုရသော်... အရှင်သည် သဇင်နှင့် အလားသဏ္ဌာန်တူပါပေ၏၊ သဇင်သည် မျိုးနွယ်တစ်ခုလုံးအား ကိုယ်စားပြုသလို အရှင်သည်လည်း မျိုးနွယ်တစ်ခုလုံး၏ မွန်မြတ်သော သင်္ကေတပင်ဖြစ်၏ ဟု ဆိုထိုက်ဆိုသင့်လှပေ၏။။

အို... အရှင်... အရှင်၏ ကောင်းသတင်းရနံ့တို့သည်ကား နှစ် (၅၀)ရွေ့ရတုမှသည် စိန် + ပုလဲ ရတုဆီသို့ (သို့မဟုတ်) နောင်နှစ်ပေါင်းများစွာ သဇင်ပန်းတို့နှင့် အတူ ကြိုင်လှိုင်သင်းပျံ့ မိုးလုံးနှံ့ ချေဦးမည်တကား...။

■ သဇင်မြေ အခင်လတ်

♦ ♦ ♦

http://www.dhammadownload.com



ဝိမ်းကျမနေပါ

■ ကေသရစာရီ (ဓမ္မာစရိယ, M.A (srilanka))

စာရေးသူသည် အိန္ဒိယနိုင်ငံ မဂဓတက္ကသိုလ်တွင် Ph.D ဝင်ခွင့်စာမေးပွဲ ဝင်ရောက်ဖြေဆိုရန်အတွက် ပုဒ္ဓဂယာ, မဟာအောင်မြေကျောင်းတွင် တည်းခိုနေထိုင်လျက် စာမေးပွဲအတွက် လိုအပ်သည်များကို ရှာဖွေစုဆောင်း ကျက်မှတ်နေရသည်။ ဒီဇင်ဘာ(၅)ရက်နေ့တွင် ဆရာတော် ဦးသုစိတ္တ ဗာရာဏသီကိုရောက်နေတယ်။ (၈)ရက်နေ့တွင် ပုဒ္ဓဂယာကိုရောက်မယ်လို့ ဦးပဥ္စင်းတစ်ပါးက ပြောသည်။ စာရေးသူက မဖြစ်နိုင်ပါဘူး၊ ဆရာတော်က အလုပ်သိပ်များတာလို့ ပြောလိုက်သေးသည်။ တကယ်ရောက်နေတယ်၊ ဖုန်းတောင်ဆက်ပြီးပြီ ဟု အခိုင်အမာပြောလာ၍ ယုံလိုက်ရသည်။ ဒါနဲ့ (၈)ရက်နေ့ရောက်မှ ဆရာတော်ကို သွားတွေ့မယ်ပေါ့၊ ဒါပေမယ့် ဆရာတော်က (၇)ရက်နေ့ နေ့လည်(၂)နာရီလောက်ကတည်းက ရောက်နေကြောင်း သတင်းရ၍ ဆရာတော် တည်းခိုနေတဲ့ ပုဒ္ဓဂယာမြန်မာကျောင်းကို သွားတွေ့ခဲ့ပါတယ်။

ကံအားလျော်စွာ ဆရာတော်အပြင်သွားမည့် ဆဲဆဲမှာ ကျောင်းကိုရောက်သွားခဲ့ပါတယ်။

မထင်မှတ်ထားသည့်နေရာတွင် စာရေးသူကို မြင်လိုက်ရတော့ ဆရာတော်က သေချာကြည့်ပြီး အံ့အားသင့်နေပုံ ရပါတယ်။ ဘာကြောင့်လည်းဆိုတော့ စာရေးသူကို စင်္ကာပူမှာနေတယ်လို့ သိထားလို့ပါပဲ။ ဒါပေမယ့် ဆရာတော်မမေးခင်မှာဘဲ စာရေးသူက အိန္ဒိယရောက်နေပုံအကြောင်းကို ရှင်းပြ လျှောက်ထားလိုက်ပါတယ်။ ဆရာတော်က ရဟန်းမယ်တော်ကြီးနဲ့ မိတ်ဆက်ပေးရအုံးမယ်ဆိုပြီး ခပ်လှမ်းလှမ်းမှာထိုင်နေတဲ့ မယ်တော်ကြီး ဒေါ်သန်းသန်း (သီရိသုဓမ္မသီဂီ)ကိုလှမ်းခေါ်ပြီး မိတ်ဆက်ပေးပါတယ်။ မယ်တော်ကြီးကလည်း အားရဝမ်းသာနဲ့ ဆိုတော့ ခင်မင်ရင်းနှီး ဖြစ်သွားပါတယ်။ ဆရာတော်က စာရေးသူအား ဖေဖော်ဝါရီလ (၂၃)ရက်နေ့မှာ ရွှေရတုမွေးနေ့လုပ်ဖြစ်မယ်၊ စာချတန်း စာဝါပို့ချမှုကတော့ ငွေရတုပေါ့။ ဆောင်းပါးတစ်ပုဒ်လောက် ရေးပါဦးလား၊ ကျန်တဲ့တပည့် တော်တော်များများကတော့ ရေးပြီးသွားကြပြီဟု ပြောပါတယ်။ ပြီးတော့ ဒီကအပြန်မှာဘဲ၊ စာမူတင်တော့မယ်၊ ဒီည အမြန်ရေးပြီး မနက်ဖြန်မှာ လာပေးပါဆိုတော့ စာရေးသူတော်တော်လေး ခေါင်းရှုပ်သွားခဲ့သည်။ အချိန်ကလည်း အရမ်းတို၊ စာရေးဆရာတစ်ယောက်လည်း မဟုတ်၊ ကြံစည်စိတ်ကူးတာလဲ အဆင်သင့်မရှိထား၊ ဆရာတော်ရဲ့ ရွှေရတုမွေးနေ့စာစောင်မှာလည်း ဆရာတော်ကို ပူဇော်တဲ့အနေနဲ့ ရနေတဲ့အခွင့်အရေးကိုလည်း လက်မလွှတ်ချင်သည့်အတွက် ဆရာတော်ရဲ့ ဂုဏ်ကျေးဇူးကို အမြဲအောက်မေ့ သတိရလျှက် ဤဆောင်းပါးကို ရေးသားလိုက်ပါသည်။

စာရေးသူသည် ဆရာတော် မန္တလေး၊ မစိုးရိမ်တိုက်သစ်တွင် ဓမ္မာစရိယစာဝါကို ပို့ချစဉ်က တက်ရောက်သင်ကြားခဲ့ဖူးသည်။ ဆရာတော်၏ ဂုဏ်သတင်းသည် မန္တလေးသာမက မြန်မာပြည်အနှံ့ ကျော်ကြားထင်ရှား၏။ ကျမ်းပြီး တပည့်ပေါင်း (၆၀၀)ကျော် ဓမ္မာစရိယကျမ်းကို ဆရာတော်ထံသင်ယူပြီး အောင်မြင်သွားခဲ့ကြသည်။ ထို့တပည့်တွေထဲတွင် စာရေးသူလည်း တစ်ယောက် အပါအဝင် ဖြစ်သည်။

http://www.dhammadownload.com

စာရေးသူအနေနဲ့ ဆရာတော်ရဲ့ဂုဏ်ကို သမုဒ္ဒရာထဲမှ ရေတစ်ပေါက်ပမာ အနည်းငယ်မျှသာဖော်ပြနိုင်မည်ဖြစ်သည်။ ဆရာတော်သည် ''ဆရာကောင်းတပည့်ပန်းကောင်းပန်'' ဆိုတဲ့ မြန်မာစကားပုံအတိုင်း တောင်စလင်းဆရာတော် ဦးတိက္ခ၊ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီး ဦးရာဇဓမ္မာဘိဝံသတို့ကဲ့သို့ နိုင်ငံကျော် ဆရာတော်ကြီးများထံ အန္တေဝါသိကတပည့်အဖြစ် ပညာသင်လာခဲ့ရ၍ ပါရမီရှင်ဖြစ်သည့်အလျောက် သာသနာ့သမိုင်းတွင် ဦးသုစိတ္တာဘိဝံသဟု ထင်ရှားကျော်ကြားလာခဲ့သည်။ စာရေးသူအနေနဲ့လည်း ဆရာတော် ဦးသုစိတ္တာဘိဝံသ၏ တပည့်ဖြစ်ရတာကို ဂုဏ်ယူမဆုံးပင် ဖြစ်နေပါသည်။

စာရေးသူသည် ဆရာတော်၏ကျေးဇူးကြောင့် ဓမ္မာစရိယတန်းကို အောင်မြင်ခဲ့ပြီးလျှင် သီဟိုဠ်တွင် မဟာဝိဇ္ဇာတန်းကို ဆက်လက်သင်ကြား အောင်မြင်ပြီး၍ စင်္ကာပူနိုင်ငံတွင် သာသနာပြုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်နေသည်။ ဆရာတော်၏ ဆိုဆုံးမပေးခဲ့သော သြဝါဒ၊ သင်ယူခဲ့ရသော ပညာများဖြင့် သာသနာပြုလုပ်ငန်းကို လုပ်တိုင်း ဆရာတော်ရဲ့ ဂုဏ်ကျေးဇူးကို အမြဲပင် သတိတရ ရှိနေပါတယ်။

မိခင်နို့ရည်ဟာ မိမိတို့ရဲ့ခန္ဓာကိုယ်မှာ စင်သွားသော်ငြားလည်း နို့ရည်ရဲ့ စွမ်းအားသတ္တိဟာ နတ္ထိပစ္စည်းဖြင့် ထောက်ပံ့ကျေးဇူးပြုသဖြင့် ယခုတိုင် အသက်ရှင်တည်နေနိုင်သလို၊ ဆရာတော်ထံတွင် စာဝါလိုက်၍ရလာခဲ့သော အသိပညာများဟာ ယခုစာဝါ မလိုက်နိုင်တော့ပေမယ့် အမြဲတမ်းရှင်သန်နေဆဲ၊ လန်းဆန်းနေဆဲပင် ဖြစ်သည်။

ဆရာတော်က စာရေးသူအား သင်ထားပေးခဲ့တာတွေ မေ့ကုန်ပြီလား၊ ဆောင်ပါးမှာ ဂါထာတစ်ပုဒ်စီပြီး ထည့်နိုင်လျှင်တော့ ပိုကောင်းတာပေါ့ဟု ပြောလာသဖြင့် ဂါထာစီကုံးရန်အတွက် ပါဠိများကို ဦးဇော်ဂါထဲမှာ ထည့်ကြည့်ပါတယ်။ စာရေးသူက ပြည်ပသာသနာပြုလုပ်ငန်းကို လုပ်နေရတော့ ပါဠိထက် အင်္ဂလိပ်ကိုသာ အသုံးများနေတော့ ဂါထာတစ်ပုဒ်စီကုံးရန်မှာ မြန်မာနိုင်ငံတွင်နေစဉ်ကလောက် မလွယ်ကူကြောင်းတွေ့ရသည်။ သို့သော် ဆရာသမား၏သြဝါဒအတိုင်း ဂါထာတစ်ပုဒ် ဖြစ်အောင် စီကုံးပြီး ဆရာတော်၏ ရွှေရတုမွေးနေ့တွင် ဆရာသမားအား ပူဇော်လိုက်ပါသည်။

အဟော ပညော အဟော ဂုဏော၊
အဟော လုခံ အဟော ဗလံ၊
အဟော ဒါနိစ ယံ သဘံ၊
အဟော ပူဇမ္မိ အာစေရံ။ ။

ယော အာစေရော၊ တပည့်အားလုံး၏အရှင်အကြင်ဆရာသခင်ဖြစ်သော ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ ထေရ်မြတ်သည်၊ ပညော၊ သာသနာ့နယ်တွင် ကြယ်စင်ပမာသို့ လွန်စွာဝင့်ကြွား ပညာရှင်တစ်ပါးသည်၊ အဟော၊ ကိုယ်တွေ့မျက်မှောက် ထင်စွာရောက်၍ အံ့သြမဆွေ ဖြစ်ပေါ်၍ လာပေပြီ။ ဂုဏော၊ ဂုဏဝန္တော၊ သီလ၊ သမာဓိ၊ ပညာ သုံးသိက္ခာဖြင့် ရောင်ပါထိန်လင်းဂုဏ်သတင်းနှင့် ပြည့်စုံခြင်းသည်၊ အဟော၊ စင်စစ်မသွေဖြစ်ပေါ်၍ လာပေပြီ။ သုခ၌၊ ဆရာတော်ထံ နည်းလာခံ၍ ပညာသင်ငြား တပည့်သားအပေါင်းတို့အား ပညာရဲရင့်ပွဲလယ်တင့်စေသဖြင့် ချမ်းသာခြင်းသုခသည်လည်း၊ အဟော၊ ဖြစ်ပေါ်၍ လာပေပြီ။ ဗလ၌၊ ဆရာကောင်းကို အမှီရသဖြင့် လိုရာပြည့်မြောက် ချမ်းသာရောက်အောင် စွမ်းဆောင်နိုင်သော ခွန်အားသည်လည်း၊ အဟော၊မျက်မှောက်၌ပင် ထင်ရှားဖြစ်ပေါ်၍ လာပေပြီ။ ဒါနိ–ကွဒါနိ၊ ယ္ခုအခါ၌၊ ယံ သဘံ၊ အကြင်ဆရာထေရ်မြတ်၏ သက်တော် (၅၀)ပြည့် ရွှေရတုမွေးနေ့မင်္ဂလာ၊ စာချုတန်း၊ စာဝါပို့ချမှုသက်တမ်း (၂၅)နှစ်ပြည့်မြောက် ငွေရတု မင်္ဂလာအထိမ်းအမှတ် အကြင်သဘင်မြတ်သည်၊ အဟော၊ နယ်အရပ်ရပ်၊ မြို့အထွေထွေ၊ နိုင်ငံအသီးသီးမှ စုဝေးညီညာလာကြကုန်သော တပည့်သံဃာ၊ ဆရာ လေးအပေါင်း ပစ္စည်းလေးပါး၊ ဒကာ+ဒကာမအပေါင်း တို့ဖြင့် စည်ကားသိုက်မြိုက် ဘဝဂ်တိုင်ခိုက်အောင် အံ့ မခန်းဖြစ်ပေါ်၍ လာပေပြီ။ တတ္ထ၊ထို ရွှေရတုမည်တွင် ပွဲသဘင်၌၊ တံ အာစေရံ ၊ ပညာ့အရာ ဂုဏ်ရှိန်ဝါဖြင့် ချမ်းသာခွန်အား ပေးသနားတော်မူတတ်သော တပည့်များ၏ သခင် ထိုအရှင်မြတ်ကို၊ ပူဇမ္မိ၊ မနော၊ ဝစီ၊ တစ်လီ ကာယ၊ သုံးပါးသောဒွါရဖြင့် ထေရ်ရှင်၏ဂုဏ်ကို အာရုံပြု၍ လှိုက်လှဲကြည်စွာ ပူဇော်ခြင်းသည်လည်း၊ အဟော၊ ဖြစ်ပေါ်၍ လာပေပြီ၊ အဟော၊ ပူဇော်ခွင့်ကြုံလို့မို့ ဩော်. . . ပူဇော်လိုက်ရပါပေသည် ဘုရား။

■ ကောသရစာရီ
(ဓမ္မာစရိယ, M.A (srilanka))

♦ ♦ ♦

http://www.dhammadownload.com



မြွေနေ့

အရှင်ကုန္ဒဿာရ (စကြဝဠာ)

လူတွေဟာ ကိုယ့်ရဲ့ မွေးလ, မွေးရက်, မွေးနေ့ကို ရောက်လာကြပြီဆိုရင် တချို့တချို့တွေက သံဝေဂစိတ်တွေဖြစ်လာအောင် နှိုးဆော်တိုက်တွန်းတတ်ကြတယ်။ တချို့ကတော့ လောကီအာရုံ ကာမဂုဏ်တွေ အပျော်ကြီးပျော်လိုက်တတ်ကြတယ်။

တကယ်တန်းဆိုရင် လူဘဝဆိုတာ ရဟန်းပဲဖြစ်ဖြစ် လူပဲဖြစ်ဖြစ် ပညာရှိပဲဖြစ်ဖြစ် ပညာမဲ့ပဲဖြစ်ဖြစ် ချမ်းသာပဲဖြစ်ဖြစ် ဆင်းရဲပဲဖြစ်ဖြစ် လူတိုင်းလူတိုင်းမှာ ပျမ်းမျှအားဖြင့် (၇၅)နှစ်ပြည့်ရင် သေကြရမယ်ဆိုတဲ့ တန်းတူညီမျှရရှိထားတဲ့ အချက်တစ်ခုစီ ရှိကြပါတယ်။ အဲဒီ (၇၅)နှစ်အတွင်းမှာ ကိုယ်ရရှိခဲ့တဲ့ အချိန်လေးတွေကို အကျိုးရှိရှိ သုံးစွဲခဲ့ရင်ပဲဖြစ်ဖြစ်၊ အကျိုးမဲ့ သုံးဖြုန်းခဲ့ရင်ပဲဖြစ်ဖြစ် (၇၅)နှစ်ကို ဘယ်လိုပုံစံနှင့်ဘဲနေခဲ့ကြနေခဲ့ကြ ပျမ်းမျှအားဖြင့် (၇၅)နှစ်ပြည့်ရင် လူတစ်ဘဝဆိုတာဟာ ပြီးသွားပြီ။

ဥပမာအားဖြင့် အိမ်တစ်အိမ်ကို (၇၅)နှစ်ဂရံစာချုပ်နှင့် ငှားထားရင် (၇၅)နှစ်ပြည့်တဲ့အခါ ငှားထားတဲ့အိမ်ကြီးကို မူလပိုင်ရှင်ရဲ့ လက်ထဲပြန်ပြီး အပ်နှံလိုက်ရသလိုပါပဲ၊ ဒီဘဝနှင့် ဒီခန္ဓာကြီးဟာလည်း သေမင်းဆီကနေ (၇၅) နှစ်ဂရံစာချုပ်နှင့် ငှားလာခဲ့ကြတာပါ။ ဒါကြောင့် (၇၅) နှစ်ပြည့်တဲ့အခါ ကိုယ်က ပြန်အပ်ချင်သည်ဖြစ်စေ မအပ်ချင်သည်ဖြစ်စေ သေမင်းက သူချေးငှားထားတဲ့ သူ့ခန္ဓာကိုယ်ကြီးကို လာယူသွားပါလိမ့်မယ်။ သေမင်းလာမယူခင် ယခုဒီဘဝနှင့် ဒီခန္ဓာကိုယ်ကြီး ရခိုက်အချိန်ကလေးတွေကို လောကီ လောကုတ္တရာ အကျိုးရှိတဲ့ နေရာတွေမှာ သုံးဖြစ်အောင်သုံးဖို့ အကျိုးမရှိတဲ့ နေရာတွေမှာ မသုံးစွဲမိဖို့ အရေးကြီးပါတယ်။

အထူးသဖြင့် ကိုယ့်ရဲ့ မွေးနေ့ကျရောက်တဲ့နေ့မှစလို့ နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်ရရှိထားတဲ့ ဘဝနှင့် ခန္ဓာကိုယ်ကြီးကို အကျိုးရှိတဲ့နေရာမှာဘဲ အစွမ်းကုန် အသုံးချတော့မယ်လို့ အဓိဋ္ဌာန်ပြုသင့်ပါတယ်။

တကယ်တန်းဆိုရင် ကိုယ့်ရဲ့မွေးနေ့မှာ ဖြစ်ပြီးတဲ့ မကောင်းတဲ့အကြောင်းအရာတွေကို ဓမ္မသံဝေဂယူပြီး ''ငါသည် ဒီနှစ် ဒီလ ဒီရက် ဒီနေ့ ဒီအချိန်မှစပြီး မဖြစ်သေးတဲ့ အကုသိုလ်များကို မဖြစ်အောင်၊ မဖြစ်သေးတဲ့ ကုသိုလ်များပွားများလာအောင်၊ ဖြစ်ပြီးတဲ့ အကုသိုလ်များ ရပ်တန့်သွားအောင်၊ ဖြစ်ပြီးတဲ့ ကုသိုလ်များ တိုးပွားလာအောင်၊ ငါ့ကြောင့် သူတစ်ပါး ဒုက္ခမရောက်အောင်၊ သူတပါးဂုဏ်သိက္ခာကျမည့်စကားတွေကို မပြောမိအောင်၊ ငါ့ကြောင့် သူတပါး စိတ်မဆင်းရဲရအောင်၊ အရာရာကို သည်းခံခွင့်လွှတ်နိုင်အောင်၊ နောက်ဆုံး သေခြင်းတရားကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်သွားနိုင်အောင် ကြိုးစားမယ်'' လို့ အဓိဋ္ဌာန်ပြုတဲ့နေ့ပဲ ဖြစ်သင့်ပါတယ်။ ဒီလိုမှ ကိုယ့်ရဲ့ မွေးနေ့ဟာ ''**တန်ဘိုးရှိတဲ့ မွေးနေ့ ဂုဏ်ကျက်သရေရှိတဲ့မွေးနေ့**'' ဖြစ်ပါလိမ့်မယ်။

ဒီလိုမှမဟုတ်ဘဲ မွေးနေ့ကိတ်မုန့်ကြီးပေါ်မှာ ဖယောင်းတိုင်လေးတွေကန်းကိထွန်းပြီး မွေးနေ့ရှင်က ဖယောင်းတိုင်လေးတွေကို လိုက်မှုတ်၊ ကိတ်မုန့်ကြီးကို

http://www.dhammadownload.com

ဓားနှင့်လိုးပြီး ဥည့်ခံကျွေးမွေး၊ ကျန်တဲ့လူတွေက ''သင့်မွေးနေ့မှာ ပျော်ရွှင်ပါစေ၊ အသက်ရာကျော်ရှည်ပါစေ'' ဆိုပြီး ဆုပေးပြီးတော့ သီချင်းတွေဝိုင်းဆိုကြ မူးယစ်သေစာတွေ ဝိုင်းသောက်စားကြ၊ ဒီလိုကာမဂုဏ်တွေနှင့် အပျော်ကြီး ပျော်လိုက်မယ်ဆိုရင် အဲဒီမွေးနေ့ဟာ ''လူဆိုးကြီးဖြစ်တဲ့ အထိန်းအမှတ်နေ့''ပဲ ဖြစ်သွားပေလိမ့်မယ်။ နောက်ပြီး သူတို့က ''အသက်ရာကျော်ရှည်ပါစေ'' လို့ ဆုပေးလို့လည်း အသက်ရှည်သွားမှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လည်းဆိုရင် သူတို့ကိုယ်တိုင်က သီလရှိတဲ့သူတွေမှ မဟုတ်တာကိုး။ အကယ်၍များ ရှေ့အတိတ်ကံပါလာလို့ အသက်ရာကျော်ရှည်ခဲ့ရင်လည်း အဲဒီအသက်ရှည်ခြင်းဟာ သီလ သမာဓိ ပညာ မရှိဘဲ အသက်ရှင်ရတဲ့အတွက် ဘာမှတန်ဖိုးရှိမှာ မဟုတ်ပါဘူး။

ယခု ကျွန်ုပ်တို့ဟာ ရခဲလှတဲ့ ''လူ''ဆိုတဲ့ ဘဝကောင်းလေးကို ကိုယ်စီကိုယ်ငှ ရ,ထားကြပြီး ဖြစ်ပါတယ်။ ယခု ရ,ထားတဲ့ ဘဝဟာ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ကြီးနှင့်ဖြစ်စေ၊ မိကောင်း ဖကောင်း ဆရာသမားကောင်းတွေနှင့်ဖြစ်စေ၊ ရတနာမြတ်သုံးပါး သူတော်ကောင်းတရား ရှိတဲ့နေရာမှာဖြစ်စေ လူဖြစ်လာကြတယ်။ ခန္ဓာကိုယ်ကလည်း ကျန်းမာရေးတွေပြည့်စုံကုသိုလ်ကောင်းမှုတွေလည်း အချိန်မရွေးပြုလုပ်နိုင်တဲ့ ဘဝမျိုးမှာ ဖြစ်နေကြပါပြီ။

တကယ်တန်းဆိုရင် ဒီလိုဘဝကောင်း ဘဝမြတ်ရလာတာဟာ အလကားရလာခဲ့တာမဟုတ်ပါဘူး၊ အတိတ်ဘဝက ဒါန သီလ ဘာဝနာ မျိုးစေ့တွေ အများကြီး စိုက်ပျိုးခဲ့လို့ ယခုဒီဘဝမှာ အကျိုးတွေ အမြတ်တွေ အများကြီး ရလာခဲ့ တိုးပွားလာခဲ့ခြင်းဖြစ်ပါတယ်၊ နောင်လာမည့် အနာဂတ်ဘဝမှာလည်း ယခုလို ဘဝမျိုးဘဲ ကောင်းချင်ကြတယ်ဆိုရင် ဒါန သီလ ဘာဝနာ မျိုးစေ့တွေကို ကိုယ်စွမ်းအားရှိသလောက် စိုက်ပျိုးရမှာ ဖြစ်ပါတယ်။

အချို့အချို့သော လူတွေဟာ လောကီဥစ္စာ ဓန, ပညာဓနတွေ ပြည့်စုံနေလို့ ''ငါ''တကောကောနဲ့ ထောင်လွှားတက်ကြွနေကြတယ်၊ တကယ်ဆိုရင် တစ်ဘဝဆိုတာဟာ ဘာမှမကြာပါဘူး၊ ယခုအသက် (၄၅)နှစ် ရှိပြီဆိုရင် ပျင်းမျှအားဖြင့် နောက်(၂၅)နှစ်(၃၀) သာ နေရတော့မှာဖြစ်ပါတယ်။ ဒါတွေကို စဉ်းစားဆင်ခြင်ပြီး ''ငါ'' တကောကောနဲ့ ထောင်လွှားတက်ကြွမနေဘဲ မိမိမှာရှိတဲ့ ဥစ္စာဓန, ပညာဓနတွေကို

အိမ်တစ်အိမ်ကို (၇၅)နှစ် ဂရုံစာချုပ်နှင့် ငှားထားရင် (၇၅)နှစ်ပြည့်တဲ့အခါ ငှားထားတဲ့ အိမ်ကြီးကို မူလပိုင်ရှင်ရဲ့ လက်ထဲပြန်ပြီး အပ်နှံလိုက်ရသလိုပါပဲ၊ ဒီဘဝနှင့် ဒီခန္ဓာကြီးဟာလည်း သေမင်းဆီကနေ (၇၅) နှစ်ဂရုံစာချုပ်နှင့် ငှားလာခဲ့ကြတာပါ။ ဒါကြောင့် (၇၅) နှစ်ပြည့်တဲ့အခါ ကိုယ်က ပြန်အပ်ချင်သည်ဖြစ်စေ မအပ်ချင်သည်ဖြစ်စေ သေမင်းက သူ့ချေး ငှားထားတဲ့ သူ့ခန္ဓာကိုယ်ကြီးကို လာယူသွားပါလိမ့်မယ်။ သေမင်းလာမယူခင် ယ္ခုဒီဘဝနှင့် ဒီခန္ဓာကိုယ်ကြီးရဲ့ရှိက် အချိန်ကလေးတွေကို လောကီ လောကုတ္တရာ အကျိုးရှိတဲ့ နေရာတွေမှာ သုံးဖြစ်အောင်သုံးဖို့ အကျိုးမရှိတဲ့ နေရာတွေမှာ မသုံးစွဲမိဖို့ အရေးကြီးပါတယ်။

လောကီရောလောကုတ္တရာပါ အကျိုးရှိတဲ့ နေရာတွေမှာသာ အသုံးချသင့်ပါတယ်။

အကယ်၍ အချိန်တန်လို့ အိမ်ပြန်ကြရတော့မယ်ဆိုရင် ကိုယ်စိုက်ပျိုးထားတဲ့ ဒါန သီလ ဘာဝနာ ရိက္ခာထုပ်လေးတွေ ပါမသွားဘူးဆိုရင် ဘဝသံသရာမှာ အပါယ်လေးပါးဟာ ကိုယ့်ရဲ့အိမ် ဖြစ်သွားပါလိမ့်မယ်။

ဒါကြောင့် အပါယ်လေးပါဟာ ကိုယ့်ရဲ့အိမ်မဖြစ်ရလေအောင် မိမိရဲ့အထိန်းအမှတ်ဖြစ်တဲ့ မွေးလမွေးရက် မွေးနေ့စလို့ ''ငါတော့ အသက်တစ်နှစ် ပိုကြီးလာပြန်ပြီ'' ဆိုပြီးတော့ စိတ်ဓာတ်မကျဘဲ ''အချိန်ရှိခိုက်၊ လုံးလစိုက်၊ ထိုက်သင့်ချိန်ကျ အကျိုးရ'' ဆိုတဲ့အတိုင်း အချိန်ရှိခိုက် ဒါန သီလ ဘာဝနာတွေကို အခုရောနောင်ပါ ကောင်းနိုင်ရေးအတွက် စွမ်းနိုင်သလောက်လုပ်ကြပါလို့ တိုက်တွန်းရင်း ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။

■ **အရှင်ကုန္ဒသာရ (စကြာဝဠ)**

♦ ♦ ♦

http://www.dhammadownload.com





လက်တွဲရယ်ညီ ရှေ့ဆို့ချိုလျှက်

■ ထွန်းဝေ (ပုဏ္ဏားကျွန်း)

''ပုဒ္ဓေါလောကေ သမုပ္ပန္နော
ဟိတာယ သဗ္ဗပါဏိနံ''

ဗုဒ္ဓသည် သတ္တဝါအားလုံး၏ ကောင်းကျိုးစီးပွားငှာ လောကၻ့ ပွင့်ထွန်းပေါ်ပေါက်တော်မူလာခြင်းဖြစ်၏။ မြတ်ဗုဒ္ဓသည် လေးဆယ့်ငါးဝါ ကာလအတွင်း၌ အသက်နဲ့ခန္ဓာမင့်ညှာဘဲ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့၏။ ထို တရားတော်တို့တွင် တမိယဇာတ်တော်ကြီးလာ ခင်ပွန်းကြီးဆယ်ပါးကို တွေ့ရှိရပေသည်။ ၎င်း ခင်ပွန်းကြီးဆယ်ပါးမှာ –

၁။ သဗ္ဗညုမြတ်စွာဘုရား၊
၂။ ပစ္စေကဗုဒ္ဓါအရှင်မြတ်၊
၃။ ကိလေသာကုန်ပြီးသော ရဟန္တာ၊
၄။ ဘုရားရှင်တို့၏ လက်ယာရံ လက်ဝဲရံ အဂ္ဂသာဝက၊
၅။ အမိ၊
၆။ အဖ၊
၇။ အလေးအမြတ်ပြုအပ်သောဆရာ၊
၈။ အဆုံးအမပေးသောဆရာ၊
၉။ တရားဟောပြ ပညာသင်ပေးသောဆရာ၊
၁၀။ ထမင်းအဖျော်အိပ်ရာနေရာ အဝတ်ပုဆိုးစသော ပစ္စည်းပေးလှူဖူးသော အလှူရှင်တို့ပင် ဖြစ်၏။

ခင်ပွန်းဟူသည် ချစ်ခြင်းမေတ္တာကို ပွားစေသောကြောင့်လည်း ခင်ပွန်းမည်၏။ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းကို ဆောင်ကြဉ်းပေးတတ်သောကြောင့် လည်း ခင်ပွန်းမည်၏။ သုခဒုက္ခကို မျှဝေခံစားသောသူ၊ မေတ္တာတရားကို အခြေခံပြီး အခြားတစ်ဘက်သားအပေါ် သံယောဇဉ်ထား၍ ချစ်ခင်ပေါင်းသင်းတတ်သူတို့သည်လည်း ခင်ပွန်းမည်၏။ ဤတွင် ဆရာသည် ခင်ပွန်းကြီးဆယ်ပါး၌ ပါဝင်သည်ကို တွေ့ရ၏။ ဆရာဟူသော ခင်ပွန်းကြီးသည် ခင်ပွန်းကြီးအားလုံးတို့၏ ကိုယ်စားပြုနိုင်သော ဆရာခင်ပွန်းကြီးပင် ဖြစ်ပေသည်။ ထိုဆရာခင်ပွန်းကြီးများသည် လူ့ဘောင်လောကၻ့ များစွာအရေးပါအရာရောက်သဖြင့်လည်း လူသားများ လိမ္မာ

http://www.dhammadownload.com



ဆရာသည် တပည့်တို့အပေါ်၌ မည်သည့် အကြောင်းနှင့်မျှ စေတနာမပျက်ကြပေ။ မသိမှုတရားက အနိုင်ယူ၍ အမှောင်နောက်သို့ လိုက်ပါနေသော တပည့်သည် မမျှော်လင့်ဘဲ ဆရာ့အပေါ်၌ ကံသုံးပါးတို့တွင် တပါးပါးဖြင့် ပြစ်မှားကျူးလွန်မိတတ်၏။ ဤသို့ ပြစ်မှားမိသည်မှာ တစ်စုံတစ်ယောက်က တွန်းပို့လိုက်ခြင်း မဟုတ်။ မိမိကိုယ်တိုင် ဖန်တီးခြင်းသာဖြစ်၏။ သို့သော် ဆရာဖြစ်သူက စေတနာမပျက် အနစ်နာမလျော့ ဝါသနာမစွန့်လွှတ်ဘဲ ပြစ်မှားမိသော တပည့်အပေါ် ထပ်လောင်း၍ အကြင်နာများ ပေးနေမည်သာဖြစ်ပေသည်။



ယဉ်ကျေးခြင်း၏ အခြေခံအုတ်မြစ်သဖွယ်လည်းဖြစ်ပေ၏။ တပည့်သားသမီးတို့၏ ဘဝအခြေအနေ အသိပညာ စသည်တို့သည် အဝိဇ္ဇာအမှောင်ဖုံး၍ တစ်ခါတစ်ရံ တိမ်းစောင်းသွားတတ်ပေသည်။ ထိုသို့ တိမ်းစောင်းမသွားရလေအောင် ဆရာတို့သည် တည့်မတ်ပြုပြင်ပေးတတ်သောကြောင့် မီးရှူးတန်ဆောင်ပမာလည်း ဖြစ်ပေ၏။ ဆရာတို့သဘောကား တပည့်သားများ မဆုတ်ယုတ်စေနိုင်သော နည်းလမ်းများကို အမြဲကြံစည်နေကြပေသည်။ အကျိုးစီးပွားမယုတ်အောင် နည်းပေးခြင်း၊ လမ်းညွှန်ခြင်းများ ပြုကြပေသည်။ မည်သည့်နည်းဖြင့် ဆောင်ရွက်ရပါမည်နည်းဟု အစဉ်မြော်မြင်နေတတ်ကြပေသည်။

လောကၽ အထင်ရှားဆုံးသော ဆရာကို ပြလျှင် မြတ်ဗုဒ္ဓကိုသာ ပြရပေလိမ့်မည်။ မြတ်ဗုဒ္ဓသည် လူသားတို့၏ လောကီအကျိုးစီးပွားအတွက်သာမက သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရေးအတွက် လောကုတ္တရာအကျိုးစီးပွားများကိုလည်း ဆောင်ရွက်တော်မူခဲ့ပေသည်။ အင်္ဂုလိမာလသည် မြတ်ဗုဒ္ဓတည်းဟူသော ဆရာကောင်းနှင့်တွေ့၍သာ အမိကိုသတ်ခြင်း မာတုဃာတကကံမှ လွတ်မြောက်ရခြင်းဖြစ်၏။ မြတ်ဗုဒ္ဓတည်းဟူသော ဆရာကောင်းနှင့်မတွေ့ရလျှင် သံသရာ၌ နစ်မြုပ်ရမည်မှာ မြေကြီးလက်ခတ်မလွဲပါချေ။ မြတ်ဗုဒ္ဓသည်လည်း ဆရာကောင်းပီသစွာ အင်္ဂုလိမာလကို စောင့်ရှောက်ရန် တမင်ကြွလာခြင်းဖြစ်၏။ တပည့်သားများအတွက် ဒဏ်ခတ်ခြင်းစသည်သည် ဆရာကောင်းတို့၏ လက္ခဏာပင် မဟုတ်ပါလော။

ဆရာတိုင်းတွင် တပည့်များအပေါ်ထားရှိသည့် တူညီသော ဆန္ဒတစ်ခုရှိသည်။ ယင်းမှာ


မုန်းဟန်ပြစ်တင်၊ ဆုံးမသင်လည်း
ရင်တွင်ခွင့်လွှတ်၊ မေတ္တာညွတ်သည်
ထွတ်ထိပ် ရောက်စေလိုသူပါ–ဟူ၍ ဖြစ်ပေ သည်။

ဇမ္ဗူရာဇ်ရွှေမည်မျှပင် အရည်အသွေးကောင်းမွန်ပါစေ၊ ရွှေပန်းတိမ်ဆရာ ပညာမတော်ပါက ရွှေအရောင် တောက်ပြောင်သင့်သလောက် မတောက်ပြောင်၊ သုံးစွဲသူနှစ်သက်သင့်သလောက် မနှစ်သက်နိုင် ချေ။ ထို့အတူပင် တပည့်အရည်အသွေး မည်မျှပင် ရှိနေစေကာမူ ဆရာသင်ပြမှု နည်းမကျပါက တပည့်ကောင်းတစ်ယောက် ဖြစ်မလာနိုင်ပေ။ ဆရာနှင့် ကင်း၍ကား ဘယ်အရာမှ ပြီးစီးနိုင်လိမ့်မည်မဟုတ်။ လောကီရေးရာ၌ဖြစ်စေ၊ လောကုတ္တရာရေးရာ၌ဖြစ်စေ ဆရာပါမှ စနစ်တကျ ပြီးစီးနိုင်ပေသည်။

ဆရာသည် တပည့်တို့အပေါ်၌ မည်သည့် အကြောင်းနှင့်မျှ စေတနာမပျက်ကြပေ။ မသိမှုတရားက အနိုင်ယူ၍ အမှောင်နောက်သို့ လိုက်ပါနေသော တပည့်သည် မမျှော်လင့်ဘဲ ဆရာ့အပေါ်၌ ကံသုံးပါးတို့တွင် တပါးပါးဖြင့် ပြစ်မှားကျူးလွန်မိတတ်၏။ ဤသို့ ပြစ်မှားမိသည်မှာ တစ်စုံတစ်ယောက်က တွန်းပို့လိုက်ခြင်း မဟုတ်။ မိမိကိုယ်တိုင် ဖန်တီးခြင်းသာ ဖြစ်၏။ သို့သော် ဆရာဖြစ်သူက စေတနာမပျက် အနစ်နာမလျော့ ဝါသနာမစွန့်လွှတ်ဘဲ ပြစ်မှားမိသော တပည့်အပေါ် ထပ်လောင်း၍ အကြင်နာများ ပေးနေမည်သာ ဖြစ်ပေသည်။

http://www.dhammadownload.com

ဤသည်မှာ အတုယူကျင့်သုံးစရာဖြစ်သော ဓမ္မာစရိယတက္ကသိုလ် နာယကချုပ်ဆရာတော် စာချုပ်အကျော် ဝါကျဉ်ယျာဉ်ကျမ်းပြုဆရာတော်၏ တပည့်တို့အပေါ် ထားရှိသော မြင့်မြတ်သောစိတ်ထားပင် ဖြစ်၏။ ဆရာတော်၏ သာသနာအပေါ် ခံယူချက်နှင့် ပတ်သက်၍ မကြာခဏ မိန့်တော်မူသည်မှာ "တပည့်တို့ –သာသနာတော်မှာ ကျယ်ကျယ်ပြန့်ပြန့် သာသနာပြုချင်တယ်၊ အထက်တန်းရောက်ချင်တယ်ဆိုရင် နိမ့်ကျသော လူမျိုးစွဲ၊ ဒေသစွဲ၊ ဂိုဏ်းဂဏစွဲ မထားကြပါနဲ့။ အင်္ဂတ္တိရိပါဠိတော် ပဟာရာဒ–သုတ်မှာလည်း ပဟာရာဒအသူရိန် ကို မြတ်စွာဘုရားက "ချစ်သားပဟာရာဒ– ဂင်္ဂါ ယမုနာ



စသော မြစ်ကြီးငါးသွယ်မှ စီးဆင်းလာသော ရေချို၊ ရေဖန်၊ ရေငန်၊ ရေခါးဟူ၍ ရသာထွေပြားသည့် ရေများမည်မျှပင် စီးဝင်လာစေကာမူ မဟာသမုဒ္ဒရာထဲသို့ ရောက်လျှင်ဆားငန်ရေဟူသောအမည်တစ်မျိုးတည်းကိုသာ ထားရှိ ကြသလို မင်း၊ ပုဏ္ဏား၊သူကြွယ်၊ သူဆင်းရဲဟူသော အမျိုးလေးပါးမှ ရဟန်းပြုလာသော ပုဂ္ဂိုလ်တို့သည်လည်း ငါဘုရားသာသနာတော်ထဲသို့ရောက်လျှင် သာကီဝင် မင်းသား၊ ဘုရားသားတော်ဟူသောအမည်တစ်မျိုးတည်း ကိုသာ ရရှိကြကုန်၏"လို့ မိန့်တော်မူထားတာရှိပါတယ်။ အဲဒီလိုမိန့်တော်မူထားသည်ကို တပည့်တော်တို့ အရှင်ဘုရားတို့လိုက်နာကျင့်သုံးကြမည်ဆိုလျှင် တပည့်တော်တို့ ဒီသာသနာတော်ကြီးဟာ အနှစ်ငါးထောင်မက တည်နိုင်တယ်"ဟူ၍ မကြာခဏ ဩဝါဒပေးလေ့ရှိ၏။

ဩဝါဒကထာများကို မကြာခဏ ပေးရုံတင်မကသေး၊ ဆရာတော်သည် မောပန်းနွမ်းနယ်မှု၊ ငြီးငွေ့မှုအလျဉ်းမရှိဘဲ မိမိထံမှောက်ချဉ်းကပ်ရောက်ရှိလာသော တပည့်ပရိသတ်အပေါင်းအား စေတနာဗလဝ သဒ္ဒါဓိတ် အပြည့်အဝဖြင့် ပရိယတ္တိစာပေများကို ပို့ချသင်ကြားပေးနေသည်မှာလည်း တပည့်များအတွက် အတုယူစရာ၊ ချီးကျူးဖွယ်ရာပင် ဖြစ်ပါ၏။ ကိုယ်ကျိုးအတွက်မရည်ရွယ်ဘဲ အများအကျိုးအတွက် ဆောင်ရွက်နေခြင်းသည် သာမန်ပုဂ္ဂိုလ်များမဆောင်ရွက်နိုင်သော သာသနာပြုလုပ်ငန်းတစ်ခု ဖြစ်ပေသည်။ အသက်နဲ့ခန္ဓာ မငဲ့ညှာဘဲ "သာသနာ့တာဝန် ဒိုတာဝန်၊ သာသနာ့အလုပ် ဒိုအလုပ်" ဟူ၍ ခိုင်မာသော သန္နိဋ္ဌာန် ထက်သန်သောဇွဲလုံ့လတို့ဖြင့် ကြိုးစားသင်ကြားပို့ချခြင်းကြောင့်လည်း တိုတောင်းလှသော နှစ်အတွင်းမှာ ဆရာတော်၏ ဓမ္မာစရိယတက္ကသိုလ်တည်းဟူသော သာသနာ့ဥယျာဉ်ထဲမှ သာမဏေကျော်၊ သက္ကသီဟဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယ၊ ဝိနယဝိဒူ စသောအသီးအပွင့်များ ဝေဝေဆာဆာ ပေါ်ထွက်လာသည်ကို ကြည့်ရှုက သိနိုင်ပေသည်။


လောကဌ ဓမ္မတာသဘော သဘာဝအရ နည်းပေးလမ်းညွှန်မှုကောင်းသော ဆရာကောင်းနှင့်တွေ့ဖို့ ခဲ့ခက်ခဲ၏။ တပည့်ကမူ ပညာသင်ယူလိုသော ဆန္ဒရှိ၏။ သို့သော် သင်ကြားပြသရန်ဆရာမရှိ၊သင်ကြားပြသရန် ဆရာသော်ကားရှိ၏။ တပည့်မရှိ စသည်ဖြင့် တစ်ခုဖြစ်က တစ်ခုဆွဲတ်ယွင်း၍ ကြာကန်အသင့် ရေအသင့် ဖြစ်နိုင်ဖို့ရာ အလွန်တရာ ခဲယဉ်းလှစွာသော ဒုလ္လဘတရားကြီးဖြစ်ပေသည်။

ယခုသော်ကား နည်းပေးလမ်းညွှန်မှုကောင်းသော ဆရာတော်၏ ဖြစ်ချင်သောဆန္ဒနှင့် ပညာသင်ယူလိုသော တပည့်များ၏ ဆန္ဒနှစ်ခုပေါင်းစပ်လိုက်သော အခါ သာသနာတော်အတွက် အားတက်ဖွယ်ရာ ဖြစ်သော ဓမ္မာစရိယတက္ကသိုလ်တည်းဟူသော ပရိယတ္တိ ဥယျာဉ်ကြီးတစ်ခု ဖြစ်ပေါ်လာရပေသည်။ ဤကောင်းကျိုးတရားတို့သည် ပစ္စက္ခမျက်မှောက်၌သာမက၊ နိဗ္ဗာန်တိုင်အောင် မွေးကြိုင်သင်း၍ ထူးကဲသောအကျိုးကျေးဇူးများကို ရရှိခံစားကြရမည်မှာ မုချကောန်ပင် ဖြစ်ပေသည်။

■ ထွန်းဝေ (ပုဏ္ဏားကျွန်း)

♦ ♦ ♦

http://www.dhammadownload.com



စံပြမိခင်
ကိသာဂေါတမီ

သာဂဝေါစိုးကြည်

http://www.dhammadownload.com

ရှေးခေတ် အိန္ဒိယပြည်ရှိ သာဝတ္ထိပြည်သည် ရွှေဗဟိုစည်သံက တဟိန်းဟိန်းဖြင့် နောင်ဒိုင်းသံများ မကြာခဏကြားရပြီး စည်ဝေနေသော ပြည်ဖြစ်သည်။ ဗုဒ္ဓသာသနာတော်ထွန်းကားစပြုနေပြီဖြစ်သည်။ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနေကြသဖြင့် ဗျောသံစည်သံတည်ညံ၊ ကြွေးစည်သံ တဝေဝေကိုလည်း ရံခါမလပ် ကြားနေရသည်။

အဝါရောင်သင်္ကန်းကို ဝတ်ရုံကာသပိတ်ကို ပိုက်၍ ဆွမ်းတော်ခံကြွနေကြသော သံဃာတော်များကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။ ဇေတဝန်ကျောင်းတော်တွင်လည်း တရားနာပရိသတ်များဖြင့် စည်ကားနေသည်။ ကျေးတစ်ရာခေါင်းပေါင်းနှင့် တောင်ရှည်ပုဆိုးဝတ်သူ တရားနာသူများ၊ ယောဂီဝတ်စုံဝတ်၍ ယောဂီတဘက် လွှမ်းခြုံထားသော ဓမ္မမိတ်ဆွေများကိုလည်း တွေ့မြင်ကြရသည်။ မဟာကရုဏာရှင် မြတ်ဗုဒ္ဓသည် နေ့စဉ်လိုလို တရားရေအေး တိုက်ကျွေးလျက်ရှိသည်။

သူဌေးသူကြွယ်သန်းကြွယ်သူဌေးများလည်း ရှိကြသည်။ ဈေးများတွင် အဝတ်အထည်၊ ပျားရည်၊ တင်လဲ၊ စားသုံးဆီ၊ ပျားဆုပ်မုန့်များ ရောင်းချကြသည်။ ဈေးရောင်းသူ ဈေးဝယ်သူများဖြင့် ဈေးများတွင်လည်း စည်ကားနေသည်။ လှည်းကုန်သည်များသည်လည်း လှည်းလမ်းကြောင်းတွင် ဖုန်တထောင်းထောင်းနှင့် ဝင်ထွက်လှုပ်ရှား၍ နေကြသည်။

ဗုဒ္ဓသာသနာတော်နှင့် ဘာသာယဉ်ကျေးမှု လွှမ်းမိုးနေသဖြင့် သာဝတ္ထိမြို့သည် ငြိမ်းချမ်းသာယာလျက်ရှိသည်။

❖



''ဟဲ့ ကိသာဂေါတမီ ငါးဖောင်ရိုးမ၊ ညည်းဘယ်က ပြန်လာတာလဲ၊ ယောကျ်ားယူ မင်္ဂလာဆောင်ရင် ပျားဆုပ်မုန့်တွေ ကျွေးရမယ်နော်၊ တို့က အဝအပြုံစားကြမှာ''ဟု ခရီးသွားရာမှ ပြန်လာသော ခေမာက လှည်းယာဉ်ကြောကို ရပ်နား၍ ငယ်သူငယ်ချင်းကို နောက်ပြောင်ကျီစယ်ခြင်း ပြုသည်။

ရွာတကာလှည့်လည်၍ မိဘနှစ်ပါးကို ဈေးရောင်း၍ ကျွေးမွေးပြုစုနေသော ကိသာဂေါတမီသည် ခရီးပန်းလာသဖြင့် ရွာအဝင်ရှိ အေးရိပ်သာယာသော ညောင်ညိုပင်ကြီး၏ အရိပ်တွင် နားခိုနေခြင်းဖြစ်သည်။

''မကျီစားပါနဲ့ ခေမာရယ်၊ ငါ့ဘဝက နုံချာနေတဲ့ဘဝဆိုတော့ အားငယ်နေတယ်၊ ငါ့လို အလှမဲ့ ဓနမဲ့တဲ့မိန်းမကို လက်ထပ်မယ့် သတို့သား မရှိပါဘူး''

''ဒါပေမယ့် လှံထမ်းလာတာသာ လူမြင်တယ်၊ ကံထမ်းလာတာတော့ လူမမြင်ဘူးတဲ့၊ စိုင်ကော်လို့ ချုပေါ်ရောက်ရင်ရောက်မှာ၊ အဲဒီတော့ ခေမာတို့ကို ဝက်ဖြူသားဟင်းချက်ကျွေးမယ်''ဟု ကိသာဂေါတမီရယ် သွမ်းသွေးကာ ပြောလိုက်သည်။

''ဟုတ်တယ် ကိသာဂေါတမီရဲ့၊ အကျည်းတန်အရုပ်ဆိုးလှတဲ့ ပဥ္စပါဠိတောင် ဘဝတစ်ဆစ်ချိုး အပြောင်းအလဲမှာ ဘုရင်ကတော်ဖြစ်ခဲ့တဲ့ ထုံးရှိတာပဲ''ဟု သုမနက အားပေးစကားပြောလိုက်ရာ ကိသာဂေါတမီက စိတ်အားတက်လာ၍ သူ့အသွင်သည် ကြည်လင်နေသည်။

''ခေမာတို့ သုမနတို့က ဥစ္စာပေါရုပ်ချောတွေဆိုတော့ ချစ်သူတွေ ဝိုင်းဝိုင်းလည်နေမှာပေါ့၊ ညည်းတို့ကို မနာလို ဝန်တိုခြင်းမရှိပါဘူး''ဟု ကိသာဂေါတမီက စိတ်ရင်းအတိုင်း ပြောပြသည်။

''သူငယ်ချင်း ကိသာဂေါတမီရယ်၊ ငါ့ယောက်မက မိဘနှစ်ပါးကို လုပ်ကျွေးနေတဲ့သူပါ။ တစ်နေ့သော အခါမှာ ကောင်းကျိုးပေးမှာပါ''ဟု ခေမာက ပြောကာ လှည်းယာဉ်ကြောကို စီး၍ မြို့တွင်းသို့ ဝင်ရောက်သွားသည်။

ကိသာဂေါတမီသည် ခေမာတို့စီးသွားသော လှည်းယာဉ်ကြောကို မျက်စေ့တစ်ဆုံးလှမ်းမျှော်ကြည့်မိသည်။ ဒွေးလေးဥပ္ပဝဏ်ပြောခဲ့သော ဇီးသီးသည် မိဖုရားဖြစ်သည့်ထုံးနှင့် တောသူအမရာဒေဝီသည် ဘုရားလောင်းမဟောသဓ၏ ဇနီးမယားဖြစ်ခဲ့သော ထုံးတို့ကို သတိရမိသည်။ သို့အတွက် ကိသာဂေါတမီသည် စိတ်အားတက်လာကာ လန်းဆန်း တက်ကြွလာသည်။

http://www.dhammadownload.com

ကိသာဂေါတမီသည် ငှက်ပျောဖီးနှင့် ဩဇာသီး ငါးလုံးပါရှိသော တောင်းကိုရွက်သည်။ မိဘနှစ်ပါး စားသောက်ရန် ဝယ်ယူခဲ့သော သစ်သီးများဖြစ်သည်။ တဲအိမ်ကလေးသို့ရောက်သောအခါ ငှက်ပျောဖီးနှင့် ဩဇာသီးများကို ရွေဖြင့် စင်ကြယ်စွာဆေးကြော်ပြီး မိဘနှစ်ပါးကို ကျွေးမွေးသည်။

❖

ကိသာဂေါတမီတို့မိဘများသည် ချမ်းသာကြွယ်ဝသောသူများဖြစ်ခဲ့သည်။ ကံဇာတာနိမ့်ကျချိန်တွင် ဥစ္စာပျက်၍ ဆင်းရဲနွမ်းပါး လာခြင်းဖြစ်သည်။ အထည်ကြီးပျက် မိသားစုဝင်ဖြစ်သော ကိသာဂေါတမီ၏ ခန္ဓာကိုယ်တည်ဆောက်ပုံသည် ပိန်ကပ်ကပ်နှင့် သစ်သားခြမ်းကို အဝတ်ပတ်ထားသကဲ့သို့ဖြစ်သည်။ ကိသာဂေါတမီ၏ မျက်လုံးသည် သမင်မျက်လုံးလိုလည်းမတောက်ပ၊ မျက်တောင်ကလည်း စင်ရော်တောင်လိုမကော့ညွတ်၊ မျက်နှာပြင်ကလည်း ပွင့်သစ် လကဲ့သို့ မရွှန်းလဲ့၊ ခန္ဓာကိုယ် တည်ဆောက်ပုံကလည်း ပြားချပ်ချပ်ဖြစ်သည်။ ပုရိသယောဂျများကို ညှို့ငင်ဆွဲဆောင်နိုင်ခြင်း အလျဉ်းမရှိသော အပျိုစင်ဖြစ်သည်။

လူ့အဖွဲ့အစည်းတွင် ထဲထဲဝင်ဝင်မရှိ၊ ကိသာဂေါတမီကို ဖက်လဲတင်ဆက်ဆံမည့်သူမရှိ၊ ကိသာဂေါတမီသည် လူ့လောကကို စိတ်နာနေမိသည်။ လူ့ဘဝလူသဘာဝဖြစ်ပျက်ပြုပြင်နေသော လောကသဘာဝကိုလည်း ကောင်းစွာ မသိရှိခဲ့ပေ။

ကိသာဂေါတမီသည် ပျိုရွယ်သူ အပျိုပီပီချစ်သူခင်သူ ကြင်နာမည့်သူကိုတော့ မျှော်လင့်မိသည်။ အဆင်းကမလှ၊ ဓနကမရှိ၊ မိဂုဏ်ဘဂုဏ်ကလည်း မှိန်နေသဖြင့် တစ်ရွာတည်းနေ နွားကျောင်းသား ငကုန်းကွကပင် ငါးဖောင်ရိုးမလေး ကိသာဂေါတမီကို ချစ်ရေးဆိုမည့်အရောင် မပြခဲ့ပေ။

နေညှိစောင်းချိန်ရောက်လာသောအခါ ရွာထဲမှ အပျိုတစ်စုသည် ရေအိုးကိုယ်စီရွက်ကာ ရေခပ်ရန် ထွက်လာကြသည်။ ကိသာဂေါတမီသည်လည်း ရေအိုးကို ရွက်ကာ လိုက်ပါသည်။ ရွာဓလေ့ ရပ်ဓလေ့အရ ရေခပ်လာကြသော အပျိုတစ်စုသည် ရယ်ရယ်မောမော တသောသောနှင့် ရွာထိပ်သို့ ရောက်ရှိ လာသည်။

နေညှိညို လေချိုဖြန်းချိန် တွင် ညနေရည် နေခြည်နုက ပက်ဖြန်းထားသဖြင့် အကျည်းတန်လှချိန် ဖြစ်နေသည်။ ရေခပ်ထွက်လာသော တောရွာသူ



ပျိုဖြူချောတစ်စုသည် လှသထက် လှပနေကြသည်။ သို့ရာတွင် ကိသာဂေါတမီ၏ ပုံအသွင်သည် ပြားချပ်ချပ်ဖြစ်နေပုံကိုသာ ပေါ်လွင်စွာဖော်ပြနေသကဲ့သို့ ဖြစ်နေသည်။

ရွာဦးကုက္ကိုပင်ရိပ်တွင် ခြင်းလုံးခတ်ကစားရင်း ရေခပ်ဆင်းလာသော အပျိုများကို ချစ်ရောင်ပြကာ မြူဆွယ်နေကြသော ကာလသားတစ်စု ရှိသည်။ ပုဆိုးကို ခါးတောင်းမြောက်အောင်ကျိုက်ကြသည်။ ခါးဆစ်မှ ဒူးခေါင်းအထိ ထိုးထားသော ထိုးကွင်း ဆေးမင်ကြောင်ကို တွေ့မြင်ရန် ဖန်တီးထားသည်။ ထိုခေတ်၏ ယုံကြည်ချက်အရ ထိုးကွင်းရှိမှ ယောကျ်ားကောင်း ပီသသည်။

ခန္ဓာကိုယ်ကို ယိမ်းယိုင်၍ ဟန်ပါပါ ခြင်းခတ်လာသောအခါ မျောတိုင်ကြီးများကဲ့သို့သော သန်မာသည့် ခြေသလုံး၊ ခြေတံကြီးများကို မြင်တွေ့ကြရသည်။ ဖုထစ်ထွားကြိုင်းနေသော လက်ရုန်း၊ လက်မောင်းများကိုလည်း တွေ့ရှိကြရသည်။ လုပ်အား ခွန်အားရှိမှသာလျင် လယ်ထွန်၊ ပျိုးနှုတ်၊ ထင်းခုတ်နိုင်သည်။ သစ်နင်း သစ်ကျိုးဝါးနင်း ဝါးကျိုး အပိုးကျိုးအောင် လုပ်လုပ်ရသောခေတ်တွင် ခွန်အားဗလရှိသော ယောကျ်ားကောင်း ဖြစ်ရသည်။ ထိုအရည်အချင်းများနှင့် ပြည့်စုံမှသာ အပျိုများက ဘဝခရီးဖော်အဖြစ် ရွေးချယ်သောခေတ် ဖြစ်သည်။

ဟန်ပါပါဖြင့် ခြင်းခတ်နေကြသော လှလင်ပျိုများသည် သက်ဆိုင်သူများကို စောင်းငဲ့၍ ဟန်ရေးပြ၍

http://www.dhammadownload.com

ခြင်းလုံးခတ်ပြကြသည်။ ကိသာဂေါတမီကိုမူမည်သူမျှ အရေးမလုပ်ကြချေ။ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် လုပ်ကိုင်ကျွေးနိုင်ပါတယ်ဟု စကားကမ်းလှမ်းမည့်သူ အလျဉ်းမရှိပေ။

ပေါက်ပင်ခွကြားတွင်ထိုင်ကာ ကိုလူပျို့ ဒေဝဟိတသည် ရေခပ်လာသော အပျိုတစ်စုကို ပလွေတိုမှတ်ကာ ချစ်တေးသီ၍ကြူးနေသည်။ ချစ်တေးသီနေသော ပုလွေသံစဉ်သည် နားဝင်ချိုလှသည်။

''အမူပိုပို၊ ကညာပျို တစ်သင်းရယ်တို့ ရေခပ်ဆင်းပါ လို့၊ ညနေခင်း၊ လေညှင်းလေပြေ၊ ကာလသား လူပျိုတစ်သိုက်မှာ၊ ပုလွေတိုပိုက်၊ သျှောင်ဝိုက်စိုက်နဲ့ ပိုးလိုက်ပန်းလိုက်၊ ပျော်လိုက်တာတွေ ညနေဝင် မေခင်အပြန် လမ်းမလေ၊ မှန်းကာနေ၊ လွမ်းစရာအခြေ'' ဟူသော တေးသံသည် ပုလွေသံစဉ်တွင် ပီပီပြင်ပြင် စီးမျောနေသည်။

ထို ပုလွေတိုနှင့် နှောနေသော တေးသံစဉ်တွင် ငါးဖောင်ရိုးမလေး ကိသာဂေါတမီမပါဝင်သဖြင့် ကိသာဂေါတမီ၏ နားဝသို့ ခဲလုံးများဖြင့် အဆက်မပြတ် ပစ်သွင်းနေသကဲ့သို့ ထင်မိသည်။

အရှုံးဖြင့်သာ ရင်ဆိုင်ခဲ့ရသော ကိသာဂေါတမီသည် ရေအိုးကိုရွက်ကာ လေးတွဲ့သောခြေလှမ်းများဖြင့် ပြန်ခဲ့သည်။

❖

သာဝတ္ထိမြို့တွင် ဘဝပေးကုသိုလ်ကံနိမ့်ကျနေသော အချိန်တွင် ပစ္စည်းဥစ္စာများ မီးသွေးခဲအဖြစ် ပြောင်းလဲနေသော သူဌေးတစ်ဦးရှိသည်။ ထိုသူဌေးထံသို့ မိတ်ဆွေတစ်ဦးရောက်ရှိလာသည်။

မီးသွေးဖြစ်နေသော ပစ္စည်းများကို အိမ်စျေးတွင် ချ၍ရောင်းပါ။ စျေးလာသူတစ်ဦးက အဝတ်အထည် စားသောက်ကုန်များကြားတွင် ရွှေတုံးငွေခဲများကိုရောင်းနေပါလားဟု မေးမြန်းမည်။ ထိုအခါ ရွှေငွေတွေကို ကျုံးပေးပါဟုပြောပါ။ လက်ခုပ်နှစ်ဘက်ဖြင့် ကျုံးယူပေးသော မီးသွေးခဲများသည် ရွှေငွေတွေချည်းဖြစ်နေမည်ဟု အကြံပေး ပြောကြားသည်။

ထိုရလဒ်ကောင်းကို ရရှိပြီး သောအခါ မိန်းမပျို ဖြစ်ပါက သား နှင့် ထိမ်းမြားပေးပါ၊ လုလင်ပျို ဖြစ်ပါက သမီးပျိုနှင့် လက်ထပ်ပေးပါဟု ပြောကြားသည်။ သူဌေးကြီးသည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် မိမိတိုက်ရှေ့ရှိ စျေးမျက်နှာစာတွင် မီးသွေးခဲများကို တည်ခင်းရောင်းချသည်။

ကိသာဂေါတမီသည် ''ဆီမီးထွန်းနေစဉ် မီးလျှံတို့ ပျောက်ကွယ်ပျက်စီးခြင်း ဖြစ်ပေါ် တိုးပွားခြင်းတို့ကို မြင်တွေ့သည်။ ဤမီးလျှံများကဲ့သို့ပင် သတ္တဝါတို့သည် ဖြစ်လည်းဖြစ်ပွား၊ ချုပ်ပျက်ခြင်းလည်း ဖြစ်သည်''ဟု သဘောပေါက်သည်။

သုံးလူထွတ်တင်ဘုရားရှင်သည် ကိသာဂေါတမီထံ ''သေခြင်းကင်းသော နိဗ္ဗာန်ကို မမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေခြင်းထက် သေခြင်းကင်းသော နိဗ္ဗာန်ကို မြင်သောသူ၏ တစ်ရက်မျှ အသက်ရှည်ကမြတ်၏''ဟု အမြင်မှန်ကို ညွှန်ခဲ့သည်။

ထိုအချိန်တွင် စျေးအတွင်းသို့ ကိသာဂေါတမီရောက်ရှိလာသည်။ ဘဝပေးကုသိုလ်ကံကောင်းချိန် ဇာတာစန်းလာဘ်တက်ချိန်ဖြစ်သဖြင့် ဘဝဇာတ်လမ်းတစ်ခန်းကို အထက်ပါအတိုင်း လုပ်ဆောင်ခဲ့သည်။ သို့အတွက် ကိသာဂေါတမီသည် သူဌေးချွေးမ၊ သူဌေးသား၏ ကြင်ယာသက်ထား ဇနီးမယားဖြစ်ခဲ့သည်။ ဘဝတစ်ဆစ်ချိုးတွင် ချမ်းသာကြွယ်ဝသူ ဖြစ်လာသည်။ သာယာလှပသော အိမ်ထောင်ရေးကိုတည် ဆောက်နိုင်ခဲ့သည်။ ရွှေပင်နားသဖြင့် ရွှေကျေး၊ ငွေပင်နားသဖြင့် ငွေကျေးအဖြစ်ရောက်ရှိခဲ့ သည်။

ကိသာဂေါတမီသည် ရွှေပိန်းချထားသော စံအိမ်ကြီးတွင် ပျော်ပျော်ရွှင်ရွှင် မော်မော်လွင်လွင်နှင့် စံစားနေရာက အကြင်နာတရား၊ မေတ္တာတရားများ ထုံမွှမ်းကာ မောင်နှင့်မယ်တို့ ကြည်သာအေးမြခြင်းရသကို ခံစား ကြရသည်။ ခေါ်ချင် ပြောချင်သူများ ပေါများ၍ အခွေ အရံများနှင့် သိုက်မြိုက်နေရာ တစ်နှစ်ကျော်ကျော် ကြာသောအခါ သားရတနာတစ်ဦး ထွန်းကားလာသည်။ ကိသာဂေါတမီသည် ရင်သွေးဟူက ချစ်မဝဆိုသည်နှင့်အညီ သားကလေးကို ချစ်လှသည်။ သားတို့ရုပ်ရည် သီတာမည်သား ရေကြည်ချမ်းမြ တစ်ပေါက်ကျက မိဘ

http://www.dhammadownload.com



တို့ဝမ်း ငြိမ်းစတမ်းတည်းဆိုသည်မှာ မှန်လှသည်ဟု သတိပြုမိသည်။ သားမျက်နှာကို တစိမ့်စိမ့်ကြည့်ကာ သီတဂူလမင်းသဖွယ် ထင်မှတ်၍ ကြည်သာအေးမြခြင်း ရသကို ခံစားနေမိသည်။

လူဘုံ လူလောကတွင် လူသည် မမျှော်လင့် မမှန်းဆနိုင်သော နေ့တစ်နေ့တွင် လူမှုရေးဒုက္ခ တစ်စုံ တစ်ခုကို ကြုံတွေ့ရစမြဲဖြစ်သည်။ ကိသာဂေါတမီတို့ မိသားစုအတွင်းတွင် ကံဆိုးမိုးမှောင်ကျရောက်လာသည်။ ၃-နှစ်အရွယ်ခန့်ရှိ ကိုယ်လက်လှုပ်ရှားကာ ဆော့ကစားသော သားမျက်ရှူသည် ပန်းပင်များအကြားတွင် ဆော့ကစားသည်။ သားလှရတနာသည် မြွေကိုက်ခြင်း ခံရရှာသည်။

ကိသာဂေါတမီတို့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကာ သောကရောက်ကြသည်။ သမားကျော်များဖြင့် ကုသပါသော်လည်း မြွေဆိပ်ကပြင်းသဖြင့် သားတော် ကလေးသေဆုံးခဲ့သည်။

ကိသာဂေါတမီသည် သောကမီးများ တည်းညီး တောက်လောင်ခြင်းခံရသဖြင့် ကျူကျူပါအောင် ငိုကျွေးခဲ့သည်။ အပူမီးများကြောင့် အမှားနှင့် အမှန်ကို ခွဲခြားမသိသော အခြေအနေဖြစ်ပေါ်နေသည်။

''ကျွန်မသားကလေးကို ဖုတ်ကျည်းသင်္ဂြိုဟ်ခြင်းမပြုကြပါနဲ့ သားကလေးကို အသက်ပြန်ရှင်အောင် ကုသပေးနိုင်တဲ့ဆရာကို ရှာမယ်''ဟု တင်းမာစွာ ပြောကြား၍ တားဆီးသည်။

မိသားစုကလည်း ကိသာဂေါတမီစိတ်ချမ်းသာသလို ပြုလုပ်ပါစေဟု ခွင့်ပြုကြသည်။ ကိသာဂေါတမီသည် ကပိုကယိုထဘီစွန်တောင်ဆွဲဖြင့် သားသေကိုပိုက်ကာ ထွက်ခွာခဲ့သည်။ သူ့ပုံအသွင်သည် မီးမြိုက်ခံရသော သစ်ပင်ကဲ့သို့ ညှိုးနွမ်းမဲခြောက်နေသည်။

သားသေနှင့် အဆွေးကို ရင်ဝယ်ပိုက်လျက် သွားစဉ် ရှေ့တူရွမ့လမ်းလျှောက်လာသော ပုဂ္ဂိုလ်တစ်ဦးကို ကံကောင်းထောက်မစွာ တွေ့ရှိသည်။

''ဒီမယ် ဦးကြီးရယ်၊ ကျွန်မသားကလေးကို ဆေးကုသပေးနိုင်တဲ့ ဆရာများရှိရင် ညွှန်ပြပေးပါ''ဟု မျှော်လင့်ချက်ဖြင့် မေးမြန်းစုံစမ်းပြီး သားသေကို ဖွင့်လှစ်ပြသည်။

''ပညာရှိပုဂ္ဂိုလ်က ကိသာဂေါတမီ၏ ပုံအသွင် စိတ်သဘာဝကိုသိမြင်ပြီး မဟာကရုဏာရှင်မြတ်ဗုဒ္ဓထံသို့ လမ်းညွှန်လိုက်သည်။ မြတ်ဘုရားက ဆေးဝါးကုသနိုင်သည်ဟု အားပေးစကားပြောလိုက်သည်။ ကိသာဂေါတမီတို့ ရပ်တည်သောခေတ်သည် လူဦးရေနည်းပါးသော ခေတ်ဖြစ်သည်။ လူအဖွဲ့အစည်းတွင် ထဲထဲဝင်ဝင် မရှိခဲ့သော ကိသာဂေါတမီသည် သေဆုံးသူကို မတွေ့မြင်ခဲ့ဖူးပေ။ လူဆိုတာ သေမျိုးဖြစ်သည်ကိုလည်း မသိရှိပေ။ ဖြစ်ပျက်ပြုပြင် ပြောင်းလဲနေသော သဘာဝလောကကြီးအကြောင်းကိုလည်း လေ့လာခြင်း မရှိခဲ့ချေ။

သို့အတွက် သားသေကို ကုသပေးနိုင်သော ဆရာကို အပင်ပန်းခံကာ အမောတကောရှာဖွေနေခြင်း ဖြစ်သည်။

❖

ကိသာဂေါတမီသည် မျှော်လင့်ခြင်းကြီးစွာဖြင့် သုံးလူထွတ်ထားမြတ်ဘုရားထံမှောက်သို့ ရောက်ရှိခဲ့သည်။

ကိသာဂေါတမီသည် သူရရှိလိုသော ဆန္ဒကို မြတ်စွာဘုရားအား လျှောက်ထားတင်ပြသည်။

ထိုအခါ သုံးလူ့ထွတ်တင်ဘုရားရှင်က ကုသလို့ ပျောက်ကင်းနိုင်တဲ့ဆေးရှိပါတယ်။ လူမသေဖူးသော အိမ်မှ မုန့်ညင်းစေ့လက်တစ်ဆုပ် ရှာဖွေယူဆောင်ပါ-ဟု မိန့်ကြားခဲ့သည်။ ကိသာဂေါတမီသည် ဝမ်းပန်းတသာ

http://www.dhammadownload.com

သားသေကိုပိုက်လျက် တစ်ရွာဝင်တစ်ရွာထွက် လူမသေဖူးသော အိမ်မှ မုန့်ညင်းစေ့ရရှိရန် လိုက်လံရှာဖွေခဲ့သည်။

''အိမ်ရှင်တို့ရယ် ကျွန်မသားလေးကို ကုသရန်အတွက် မုန့်ညင်းစေ့လက်တစ်ဆုပ်လောက်ပေးပါတောင်းခံသည်''

''ရပါတယ် ညီမရယ် ဆေးဝါးအတွက်ပဲ၊ လက်ဆုပ်စာမက တင်းတောင်းတစ်လုံးလောက်တောင် ရပါတယ်''ဟု ပြောချိန်တွင် ''ဒီအိမ်မှာ လူကော သေဖူးပါသလားရှင်''ဟု ထပ်လောင်း မေးမြန်းသည်။

''အမေဆုံးသွားတာ ရက်ပိုင်းပဲရှိသေးတယ်၊ အမေ့အတွက်ကျရတဲ့ မျက်ရည်က မခြောက်သေးပါ''ဟု ဝမ်းနည်းသံဖြင့် ပြောကြားခဲ့သည်။

ကိသာဂေါတမီသည် ခပ်လှမ်းလှမ်းရှိ အိမ်တစ်အိမ်သို့ မုန့်ညင်းစေ့တောင်းရင်း မေးမြန်းစုံစမ်းပြန်သောအခါ

''သမီးရယ်၊ ငါ့သားလေး သေသွားတာ လပိုင်းပဲရှိသေးတယ်၊ သတိရတိုင်း မျက်ရည်ကျနေရတယ်''ဟု မိခင်တစ်ဦးက ငိုသံပါနဲ့ ပြေကြားခဲ့သည်။

ကိသာဂေါတမီသည် သားအသက်ရှင်လိုသည့် ဆန္ဒဖြင့် တစ်ရွာဝင်တစ်ရွာထွက် ပင်ပန်းကြီးစွာ လူမသေဖူးသောအိမ်မှ မုန့်ညင်းစေ့ရရှိရန် ရှာဖွေခဲ့သည်။

ဘိုးဘွားမိဘ၊ လင်သား၊ ဇနီးမယား၊ မောင်၊ ညီမ၊ သားသမီး သေဖူးသော အိမ်များကိုသာ တွေ့ရှိခဲ့သည်။ လူဆိုတာ သေမျိုးပါလားဟု အနည်းငယ် သဘောပေါက်လာသည်။

နေကပူလောင်ခြင်း၊ ၂၄ နာရီကျော်လာခြင်းကြောင့် သားသေကို ဖွင့်ကြည့်သောအခါ ပုပ်ပွစပြု၍ အနံ့ထွက်လာသည်။ ထိုအခါ လမ်းတစ်နေရာတွင် သားသေကို စွန့်ပစ်ခဲ့၍ မဟာကရုဏာရှင် မြတ်ဗုဒ္ဓထံပါးသို့ ပြန်သွားခဲ့သည်။

သုံးလူ့ထွတ်ထား မြတ်ဘုရားထံပါးသို့ရောက်ရှိသောအခါ တရားရေအေးကိုသောက်သုံးခွင့်ရရှိခဲ့သည်။ အသိအမြင်ရှင်သန်ကာ အမှန်တရားကို သိမြင်သည်။ မြတ်ဗုဒ္ဓထံတွင် ရဟန်းပြုခွင့် တောင်းခံခဲ့သည်။ ခွင့်ပြုသဖြင့် ရဟန်းမများထံတွင် ရဟန်းပြုနေသည်။

ကိသာဂေါတမီသည် 'ဆီမီးထွန်းနေစဉ် မီးလျှံတို့ ပျောက်ကွယ်ပျက်စီးခြင်း ဖြစ်ပေါ် တိုးပွားခြင်းတို့ကို မြင်တွေ့သည်။ ဤမီးလျှံများကဲ့သို့ပင် သတ္တဝါတို့သည် ဖြစ်လည်းဖြစ်ပွား၊ ချုပ်ပျက်ခြင်းလည်းဖြစ်သည်'ဟု သဘောပေါက်သည်။

သုံးလူ့ထွတ်တင်ဘုရားရှင်သည် ကိသာဂေါတမီထံ 'သေခြင်းကင်းသော နိဗ္ဗာန်ကို မမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေခြင်းထက် သေခြင်းကင်းသော နိဗ္ဗာန်ကို မြင်သောသူ၏ တစ်ရက်မျှ အသက်ရှည်ကမြတ်၏''ဟု အမြင်မှန်ကို ညွှန်ခဲ့သည်။

ဤတရားကို နာကြားရသော ကိသာဂေါတမီသည် ရဟန္တာမအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဘဝခရီးကြမ်းကိုလျှောက်လှမ်းခဲ့ရ သော်လည်း နောက်ဆုံး တွင် သုခချမ်းသာခြင်းအစစ်ကို ခံစားရသော ကိသာဂေါတမီထေရီမကို စံပြုကြရမည်။

ကိသာဂေါတမီ၏ဘဝဖြစ်စဉ်များက ဘဝဟူသည် သစ်ငုတ်မြင့်တုံမြက်မြင့်တုံနှင့် အတက်အကျရှိတတ်ပုံကို ဘဝသင်ခန်းစာ ပေးခဲ့သည်။

ထို့ပြင် ကိသာဂေါတမီသည် သားသမီးအပေါ် ထားရှိသော မေတ္တာတရားကြီးမားလှပုံကို အထင်ကရ ပြသသူဖြစ်သည်။ စံပြုရမည့် မိခင်ကောင်းမြတ်မိခင် အဖြစ်လည်း သတ်မှတ်ရသူဖြစ်ပါသည်။

■ သာရဝေါဓိုးကြည်

♦ ♦ ♦



http://www.dhammadownload.com

တန်ဖိုးရှိတဲ့အမြတ်



ဒေါက်တာလမင်း

ခရီးသည်တင်ဘတ်စ်ကားကြီးက မှတ်တိုင်မှာ ခပ်ဆောင့်ဆောင့်ထိုးရပ်သွားသည်။ ရှေ့ဘီးကြီး၏ နောက်နားခပ်ကျကျ ခြေနင်းခုံပေါ်မှ ကတ္တရာလမ်းအစပ် ပလက်ဖောင်းမည်ကာမတ္တပေါ်သို့ ခြေထောက်မျိုးစုံ ခုန်ဆင်းလာကြသည်။ ခြေထောက်က မျိုးစုံသလို ဖိနပ်တွေက ပုံသဏ္ဌာန်စုံ။

အဲသည်အထဲမှာ သပ်ယပ်သန့်ရှင်းသည့် ခြေထောက်တစ်စုံနှင့် ကတ္တီပါသဲကြိုးအနက်တစ်ရံကို ဆင်ယင်ထားသည့် 'သူ' ခြေလှမ်းတွေက မနေးလွန်း မြန်လွန်းစွာ လမ်းထဲသို့ လျှောက်လှမ်းဝင်ရောက်လာသည်။

ယောပုဆိုးအနက်နှင့် ရှုပ်အင်္ကျီလက်ရှည် လက်ဖျံခေါက်လျက် သားရေအိတ်တစ်လုံးဆွဲကာ လျှောက်လာသော သူပုံစံက လိုင်းကားပေါ်က ဆင်းလာစမ်း အတန်ငယ်နွမ်းဖတ်၍ ဖရိုဖရဲဖြစ်ချင်နေသည့်တိုင် သည်ရပ်ကွက်ထဲက လူတွေနှင့်တော့ သိသိသာသာကြီး ကွဲပြားနေဆဲပါ။

''ဆရာ. . . အခုမှ လာ သလား''

လမ်းထဲကို စ,ဝင်လာကတည်းက သည်မေးခွန်းကို သုံးလေးခါထက် မနည်းဖြေရတော့မည်ဆိုတာ သူ သိပြီးသားပင်၊ အရင်တုန်းကတော့ နောက်ကျသည့်

http://www.dhammadownload.com

နေ့မျိုးမှာ အဲသလို နူတ်ဆက်ခံရလျှင်ပဲ သူ့စိတ်ထဲမှာ လိပ်ပြာမလုံ။ ကိုယ့် ကိုယ်ကိုယ် တာဝန်မကျေသလို ခံစားရသည်။

နောက်တော့ ဘယ်ဟုတ်လို့တုန်း၊ ကိစ္စ တစ်ခုနှင့် အစောကြီးရောက်သွားသည့်နေ့မှာလည်း 'အခုမှလာသလား'ဆိုတာကို နှစ်ဦးတိတိက မေးတာ ခံလိုက်ရမှ 'ဩော်... ဒါ သူတို့ငှါကို နူတ်ဆက်တာပါလား၊ ငါလာတာကို အသိအမှတ်ပြုတဲ့သဘော လှမ်းပြောကြတာပါလား''ဟု သဘောပေါက်သွားကာ ဖြေစရာမလို၊ အပြုံးဖြင့် ခေါင်းညိတ်တုံ့ပြန်လျှင် လုံလောက်သောစကား အဖြစ် မှတ်ယူလိုက်မှ စိတ်သက်သာရာ ရသွားပါတော့သည်။

လမ်းထိပ်မှ ဓာတ်တိုင်သုံးတိုင်ကျော်ကျော် လောက် လျှောက်လှမ်းအပြီးမှာ သူ့ဆေးခန်းလေးရှေ့သို့ ဒုတ်ဒုတ်ထိ ရောက်ပါပြီ။ လမ်းထဲက ကောင်လေးတစ်ယောက်ကို ခေါ်ထားသည်မို့ ချာတိတ်က ဆေးခန်းတံခါးကို ဖွင့်ထားပေးပြီး လှဲကျင်း ရှင်းလင်းထားပြီးသားဖြစ်သည်။

ဆေးခန်းရှေ့က လူနာစောင့် ခုံတန်းလျားတွေမှာ ထိုင်နေသူတွေကို သူ ဝေ့ဝဲကြည့် လိုက်သည်။

''အား ပါး ပါး မနည်းပါလား''

စိတ်ထဲကကြိတ်၍ ရေရွတ်လိုက်မိပြီး သက်ပြင်းကို မသိမသာခိုးရှိုက်လိုက်မိသည်။ သူလန့် မည်ဆိုလည်း လန့်စရာ၊ သူတွေ့လိုက်ရသည်က ခုံတန်းလျားပြည့် နေရာယူစောင့်ဆိုင်းနေကြသော အရွယ်စုံဆိုက်စုံ ကိုရင်လေးတွေနှင့် ဦးပဉ္စင်းတွေပါတည်း။

ကလေးငယ်လေးတစ်ယောက်ကို ချီထားသော အမျိုးသမီး တစ်ဦးကတော့ ဆေးခန်းရှေ့ ကွက်လပ်နားမှာ ခပ်ရှိရှိ ရပ်နေသည်၊ မိန်းမသားမို့ သံဃာတော်တွေနှင့် တစ်ပြေးတည်းထိုင်မှာမဟုတ်သလို၊ သူမအတွက် ထိုင်စရာ နေရာလည်း မကျန်တော့ပါ။

ထိုအမျိုးသမီးအပါအဝင် ကိုရင်လေးတွေရော ဦးပဉ္စင်းတွေကိုပါ လွှမ်းခြုံ ပြုံးပြရင်း ဆေးခန်းထဲသို့ သူ ဝင်လာခဲ့သည်။

''ကဲ... ဖိုးကျော်ရေ... အစဉ်အတိုင်းသာ ခေါ်ကွာ''

သားရေအိတ်ကို ဘီဒိုပေါ်လှမ်းတင်၊ နားကြပ်ကို လည်ပင်းမှာ ဆွဲချိတ်၊ ဘောလ်ပင်ကောက်ကိုင်ပြီးသည်နှင့် လူနာကြည့်ဖို့ သူအတွက် အဆင်သင့်ဖြစ်သွားပြီ။

''ဆရာ... ဟိုအစ်မကြီးက နောက်ဆုံးမှ ရောက်တာ ဘုန်းဘုန်းတွေက အရင်ရောက်တာနော်''

''အေးပါကွာ... အစဉ်လိုက်ခေါ်လို့ပြောပြီးပြီ မဟုတ်လား၊ လျှာရှည်လိုက်တာ''

ဘာကြောင့်မှန်းမသိ၊ ချာတိတ်လေးကို သူ ငေါက်လိုက်မိသည်။ သို့ပေမယ့် ကိုရင်လေးတွေ ဦးပဉ္စင်းတွေကိုတော့ လိုအပ်တာတွေ မေးမြန်း စမ်းသပ်ပြီး ဆေးကုသခြင်းကို အမြန်ဆောင်ရွက်ပေးနေမိ၏။ သူ စိတ်ထင် သူမြန်သလောက် မလိုက်နိုင်သော အကင်းမပါးသော အကွက်မမြင်တတ်သော ချာတိတ်ကို သုံးလေးငါးခါထက်မနည်း အော်မိ,ဆူမိသလား မဆိုနိုင်။ သူကိုက စိတ်လောနေတာ ဖြစ်နိုင်ပါသည်။

ချာတိတ်ကလည်း ချာတိတ်ပါ၊ သံဃာတော်တွေ၏ ဘွဲ့တွေကိုခေါ်ပြီး ဆေးထုပ်တွေ ပေးခိုင်းတာလေးကို တောင် ဖြောင့်ဖြောင့်တန်းတန်း မလုပ်နိုင်၊ လွယ်ကူရှင်းလင်းသော ဘုန်းကြီးဘွဲ့တွေကိုပဲ သူဖတ်တတ်သည်။ ပါဠိပါဠ်ဆင့်တွေ ပါလာသည်နှင့် သူမှာ ဒုက္ခရောက်နေရပြီ။

''အရှင် ကုဒိတ်... ကုဒ္ဒိ... ဒုက္ခပဲဆရာ ဒါ ဘယ်လို ဖတ်ရမှာလဲ''

''ဟာ... အရှင်ကုဒ္ဒိဓဇပါကွာ... မင်းကလဲ၊ ဟိုကိုယ်တော်လေ... ဝမ်းကိုက်နေတယ်ဆိုတဲ့ ဦးပဉ္စင်း''

သူကို ဆူပြောနေလို့လဲ အကြောင်းထူးမည် မဟုတ်တော့သဖြင့် ကိုယ်တိုင်ပဲ ဖြိုးဖြတ်နှင့် ဆွဲယူပေးလိုက်ရတော့သည်။ သံဃာတော်တွေ ကုန်သလောက် ရှိသွားတော့မှ ကလေးအမေကို နွမ်းယဲ့ယဲ့ လှမ်းပြုံးပြပြီး အထဲဝင်ဖို့ ခေါ်ရတော့၏။ စာအုပ်မှာတော့ တိုကင်နံပါတ် တစ်ဆယ့်လေး...။

''အမယ်လေး စောင့်လိုက်ရတာ ဆရာရယ်၊ ဆရာ့ဆေးခန်းကလဲ ဘုန်းတော်ကြီး လူနာတွေ တယ်များတာပဲနော်၊ လူကြီးဆို အကြောင်းမဟုတ်ပါဘူး ဆရာရယ်၊ ကျွန်မ သားလေးက တအားဖျားနေတာ၊ အဖျားကြီးရင် သူက တက်သွားတတ်တယ်၊ အဲဒါကြောင့် အရင်ဝင်ပြချင်တာကို ဆရာ စိတ်ဆိုးမှာစိုးလို့''

''ဩော်... ပြောရောပေါ့ဗျာ...''

ကလေးမိခင်ကို စိတ်ကျေနပ်အောင် ဖြောင်းဖျပြောဆိုပြီး ကလေးငယ်ကို သေချာစမ်းသပ်ကုသပေးနေတုန်းမှာပဲ နောက်ထပ်ကိုရင်လေးနှစ်ပါး ကြွလာကြပြန်သည်။ တိုင်းရင်းသားတွေမို့ သူ့စကား ကိုယ်နားမလည်၊ ကိုယ်ပြောတာ သူ သဘောမပေါက်သည့်

http://www.dhammadownload.com

ကြားကပဲ ဖြစ်အောင် ဆေးကုသပေးရတာ နည်းနည်းတော့ လက်ဝင်သည်။

ခဏလေး လူနာပြတ်သွားတုန်းမှာ ကုလားထိုင်ပေါ်သို့ သူ လေးတွဲ့စွာ ထိုင်ချလိုက်ရင်း သက်ပြင်းတစ်ခုကို ရှိုက်ထုတ်နေမိမှန်း သူကိုယ်သူ သတိထားမိသွားသည်၊ မဟုတ်သေးပါဘူးလေ။

သူ ခေါင်းကို ဖြည်းဖြည်းညင်းညင်း ခါယမ်းနေမိသည်။

မျက်လုံးအကြည့်တွေကတော့ လူတွေ ဥဒဟို သွားလာ စည်ကားနေသော လမ်းပေါ်မှာ. . . ။

■

သည်မြို့ဆေးရုံလေးမှာ တာဝန်ကျတော့၊ ဆေးရုံလေးနှင့် မနီးမဝေး လက်တစ်ကမ်းအကွာလောက် သာရှိသော သည်ရပ်ကွက်၏လမ်းမလေးကို သူ မျက်စိကျသွားခဲ့တာ ဖြစ်သည်။

အိမ်ခြေစိပ်၊ လူဦးရေထူထပ်၊ လက်လုပ် လက်စားများ၊ ပြီးတော့ ကလေးတွေလည်းများ၊ ဂျီပီ ဆရာဝန်တွေ အကြိုက်နေရာလေးမို့ သိပ်တောင်စဉ်းစားမနေဘဲ လက်သွက်ခြေသွက်ဆေးခန်းဖွင့်ပစ်လိုက်သည်။

ဘယ်သူတွေ ဘာပဲပြောပြော၊ သူကတော့ သိပ်ဂရုစိုက်တတ်တာ မဟုတ်။ ကိုယ့်ဝမ်းနာ ကိုယ်သာ သိသည် မဟုတ်လား။

သူ့မိသားစုမှာ သူသည် သားကြီးသြရသ။ သူ့အောက်မှာ ညီအစ်ကို မောင်နှမ ခြောက်ယောက်တောင် ကျန်သေးသည်။ အရင်တုန်းက အတန်အသင့် ပြေလည်ခဲ့သော သူတို့မိသားစုလေးမှာ တရိပ်ရိပ်တက် လာသည့်စရိတ်စက ပင်လယ်ဝဲကတော့ကြီးထဲ စုန်းစုန်း မြုပ်မသွားအောင် မိဘတွေ၏ ကျားကန်ပေးမှုဖြင့် လိမ့်လဲလိမ့်လဲ. . .။

လက်ပန်းကျနေသူတို့၏ မျှော်လင့်အားထားရာ ကြိုးတစ်စပမာ သူကိုယ်သူ ခံယူကြိုးပမ်းခဲ့ရသည်။ သူသည်သာ မိသားစုအတွက် မျှော်လင့်ချက်ရောင်ခြည်၊ သူသည်သာ မိသားစုအတွက် အသက်ရှူပေါက်။

သူကံမဆိုးလှပါ၊ တဖြည်းဖြည်းနှင့် နာမည်ရလာပါသည်။ ''ဆရာလေးက စိတ်ရှည်သည်၊ သဘောကောင်းသည်။ (အပြောလည်းကောင်းပါ)၊ ဆေးချက်ထိသည်။ ဘာရောဂါဖြစ်တယ်ဆိုတာ 'ဒက်'ခနဲ ပြောနိုင်သည်။ ဆေးခွဲမကု၊ နှိုင်ပုံမပေါ်လျှင် အထူးကုတွေထံ ချက်ချင်းလွှဲသည်။ သူလွှဲပြီးဆိုလျှင် အရေးကြီးပြီဆိုတာ သိတော့'' စသည်ဖြင့် သူ့သတင်းတွေ ရပ်ကွက်လေးထဲမှာ သင်းပျံ့နေသည်။ ပြီးလျှင်တော့ လူတွေဆက်ပြောကြတာ ကျန်သေးသည်။ ဒါကလည်း ခပ်တိုးတိုးပါ၊ ဒီလောက်တော့ရှိမှာပေါ့ ဆိုသော ဖြေသိမ့်သံလေးလည်း ပါပုံရသည်၊ အဲဒါကတော့. . .

''အဲ. . . စေ့းတော့ နည်းနည်းကြီးတယ်'' တဲ့။

အဲသည် စကားတွေ ပြန်ကြားရသော်လည်း သူလိပ်ပြာလုံပါသည်။ အော်ရီဂျင်နယ်ဆေးဝါး၊ မှတ်ပုံတင်ဆေးဝါးတွေသုံးနေသော ဆရာဝန်၊ လူနာတစ်ယောက်၊ ထိုးဆေးတစ်လုံး အပြည့်ထိုးပေးသော (အကယ်၍ တစ်လုံးထိုးဖို့ များနေလျှင်တောင် ပိတာကို လူနာရှေ့မှာပင် ပြောင်လွှင့်ပစ်သော) ဆရာဝန် တစ်ယောက် အနေနှင့် ဆေးဖိုးကုန်ကျငွေ ထိုက်သင့်သလောက် တန်ရာတန်ကြေးရှိရမည် မဟုတ်လား။

တစ်ခုတော့ရှိပါသည်။ ငွေကြေးချို့တဲ့၍ ဆေးဖိုးမတတ်နိုင်သူများကိုတော့ ခြွင်းချက်အနေဖြင့် လျှော့ပေးတန်ပေး၊ အကြွေးပေးတန်ပေး၊ လုံးဝ အခမဲ့ကုပေးတန်ပေးတတ်သည်။ ဒါကလည်း အမြဲတစေတော့မဟုတ်၊ ရံဖန်ရံခါမှ။

သူ့ဆေးခန်းအနီးတဝိုက်မှာရော ခပ်လှမ်းလှမ်းမှာပါ ဘုန်းကြီးကျောင်းတွေရှိသည်၊ စာသင်သားရဟန်းတွေ၊ ဝိပဿနာ,ကမ္မဋ္ဌာန်းစီးဖြန်းနေသော သံဃာတော်တွေ အများအပြားရှိသည်။

ထို သံဃာတော်တွေ၊ ရဟန်းတော်တွေ၊ ကိုရင်လေးတွေ သူ့ဆေးခန်းမှာလာပြလျှင် ဖီဝိတဒါန ဆေးလှူဖို့ သူဆုံးဖြတ်ထားသည်။ သီလရှင်တွေလည်းပါသည်။ ဒုလ္လဘရဟန်းခံသော ဦးပဉ္စင်းတွေ၊ ကိုရင်လေးတွေပါ မကျန်စေရ။ ယုတ်စွအဆုံး သင်္ကန်းအရောင်ခြုံထားသော၊ ဝိနည်းနှင့် လျော်ညီစွာ ကျင့်ကြံနေထိုင်သူမဟုတ်မှန်း သိသာလှသော ပုဂ္ဂိုလ်မျိုးတွေကိုတောင် 'အလှူခံပုဂ္ဂိုလ်' ဟု သဘောထားကာ အခမဲ့ကြည့်ရှု ကုသပေးလိုက်သည်။ သူတို့ဆေးလောက အခေါ်ဆိုလျှင်တော့ ဖရီးအော့ချ်ဂျ် (တစ်နည်း) အက်ဖ်အိုစီ။

လူနာတွေများနေချိန်မှာ သံဃာတော်တွေကြွလာလျှင် အားလုံးလိုလိုက နေရာဖယ်ပေးကြသည်။ သူကလည်း လူတွေကြားထဲမှာ ရဟန်းတော်တွေ အနေခက်မည်စိုးသဖြင့် ဦးစားပေး အလျင်ဝင်စေသည်။ ဒါကို

http://www.dhammadownload.com

တော်တော်များများက ကျေကျေနပ်နပ်လက်ခံကြပါသည်။

သို့ပေမယ့် ဘယ်နေရာမှာမဆို လူတွေ၏ စိတ်သဘောက တညီတညွတ်တည်းရှိကြတာမှ မဟုတ်တာ၊ သည်တော့ သူတို့အလှည့်နှာရောက်ကာနီးမှ ဦးပဉ္စင်းတွေကိုပေးဝင်လျှင် ငြိုငြင်သည်။ တချို့ဆို 'ဟင်း၊ ကြာလိုက်တာကွာ' ဆိုပြီး ညည်းညူသည်။ သူကြားလောက်အောင် အသံကို မြှင့်လိုက်သည်ကြောင့် သူသေချာကြားပါသည်။ တချို့ကတော့ အချင်းချင်းလက်တို့မျက်စပစ်ပြီး မသိမသာ ထ,လစ်သွားကြပါတော့သည်။ အဆိုးဆုံးကတော့ သူ့ဆေးခန်းကို ခပ်ဝေးဝေးမှ လှမ်းကြည့်လိုက်လို့ ခုံတန်းလျားအပြည့် သက်နံးအရောင်လွှမ်းခြုံနေရဲနေတာကို တွေ့ရသည်နှင့် စီးလာသော ဆိုက်ကားကို ဆက်နင်းခိုင်းကာ တခြားဆေးခန်းတွေဆီ ချီတက်သွားကြခြင်းပင်တည်း။

ဒါကို သူ သိသည်မို့ သံဃာတော်တွေကို ခပ်သွက်သွက်ကြည့်ရှုကုသပေး၊ ရှေ့မှာထိုင်နေသော လူနာတွေကိုလည်း လှမ်းကြည့်ပြီးပြု၊ နာမည်ခေါ်ပြီး နှုတ်ဆက်တန် နှုတ်ဆက်နှင့် 'ချူပ်' ထားသည့် ပညာကိုသုံးရပါတော့သည်။

အခုနောက်ပိုင်းကာလများမှာ သူတို့လို 'ထွေ–ကု' ဆေးခန်းလေးတွေမှာ လူနာ အဝင်နည်းသွားသည်။ နည်းသွားရသည့်အကြောင်းရင်းတွေကလည်း အများသား။ ဆေးကုသခစေ့းနှုန်းတွေကြီးတာ၊ အလွယ်တကူ စေ့းသက်သက်သာသာနှင့် ဆေးစပ်ရောင်းသော ဆေးဆိုင်လေးတွေ ပေါလာတာ၊ ဆေးခန်းတွေ အပြိုင်းအရိုင်း ပွင့်လာကြတာ၊ ပြီးတော့ လူတွေက တော်ရုံတန်ရုံ ရောဂါဝေဒနာကို အောင့်အည်းသည်းခံနိုင်စွမ်းအား ပိုမြင့်မားလာကြတာ၊ နောက်ဆုံး မဖြစ်မနေ ထည့်ပြောရမည့် အကြောင်းတစ်ခုကတော့ ကျန်းမာရေးကောင်းသော သူတွေ ပိုများလာတာ။ အဲဒါကို ဘယ်သူငြင်းချင်သလဲ၊ သူကတော့ အလွယ်တကူဝယ်ယူ၍ရသော အဘိုးထိုက်တန်လှသည့် (စေ့းကြီးတာရော၊ ဆေးပညာအရာမှာ တန်ဘိုးလည်း တကယ်ရှိတာရော ပါပါသည်) ဆေးပညာပေး ကျန်းမာရေးစာစောင်တွေကြောင့် လူတွေ၏ ခံယူချက်တွေ အများကြီးတိုးတက်လာပြီဟု ရဲရဲကြီး ပြောလိုက်ချင်သည်။

ဤနည်းဖြင့် လူနာ အဝင်နည်းသွားပေမယ့် သံဃာတော်တွေကတော့ အကြွမပျက် အားပေးနေကြဆဲ ဖြစ်သည်။ သူကလည်း နဂိုဆုံးဖြတ်ချက်အတိုင်း ခရီးဆက်လာခဲ့သည်။

''မတတ်နိုင်ဘူးမောင်၊ ငါကတော့ စမ်းသပ်ကုသတာ အခမဲ့၊ ဆေးဖိုးတော့ ယူတယ်ကွာ၊ ကြာတော့ မခံနိုင်ဘူး၊ ဆေးတွေဝယ်ရတာ တအား စေ့းကြီးတယ်၊ အရင်းပြန်မရလို့ မဖြစ်ဘူး''

ကျောင်းမှာတုန်းကတည်းက ဘယ်အရာကို ကြည့်ကြည့် စီးပွားရေးစေ့းကွက်၊ မျက်မှန်ကြီးကောက်တပ်ပြီးမှ ကြည့်လေ့ရှိသော ပြည်တွင်းဖြစ်နိုင်ငံခြားသား သူငယ်ချင်း ဆရာဝန်၏ စကားသံက ဒီလို အချိန်မျိုးမှာ သူနားစည်မြေ့းကို အကြိမ်ပေါင်းများစွာ လာရောက်ရိုက်ခတ်သည်။ သူ့ခေါင်းကို ခါယမ်းပစ်လိုက်ရသည်မှာလည်း အကြိမ်ကြိမ်ပါ။

''ဆရာ၊ ယူပါဗျာ၊ ဦးပဉ္စင်း ကျေးဇူးတင်လွန်းလို့ပါ''

စာရေးစားပွဲပေါ်ကို လှမ်းတင်လာသော သတင်းစာစက္ကူနှင့်ပတ်ထားသည့် ပုလင်းတစ်လုံး။ မေတ္တာရောင်ခြည်များ ကွန့်မြူးရွှင်ဖြာနေသည့် မျက်ဝန်းတစ်စုံက ငြင်းဆန်မည်ကြံနေသည့် သူ့နှုတ်ဖျားကို သော့ခတ်ပစ်လိုက်သလို။

''ပျားရည်အစစ်ဗျ၊ တောက ပို့လိုက်တာ၊ ကျုပ်ဝေဒနာလည်း ဆရာကုမှ ယူပစ်သလိုပျောက်တာဗျာ၊ ဧရာတနာမေတ္တာဓာတ်အပြည့်အဝနဲ့ ဆေးကုပေးတဲ့ဆရာ၊ ဒီအကျိုးတွေကို ပြန်ခံစားရမှာပါ၊ ကျုပ်လေ ဆရာ့ကို မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် မေတ္တာပို့နေပါတယ်၊ ကျေးဇူးတင်ပါတယ်ဗျာ''


ဆေးခန်းထဲမှ ဖြည်းညှင်းစွာ ပြန်လည်ကြွသွားသော ဦးပဉ္စင်းကြီး၏ နောက်ကျောကိုကြည့်ပြီး သူလက်အုပ်ချီလျက် ကျန်ရစ်ခဲ့သည်။ ရင်ထဲမှာ ကြည်နူးချမ်းမြေ့နေမှန်း သူကိုယ်သူ ကောင်းစွာ သတိထားမိလိုက်၏။

ခုချိန်မှာ သူ့အတွက် အရင်းပြန်ရရုံမက 'အမြတ်' ပါ ထပ်ဆောင်းရလိုက်ပြီဆိုတာကို သူ့သူငယ်ချင်း ဆရာဝန်အား ပြောပြဖို့ စကားလုံးတွေ ရင်ထဲအပြည့်။

■ **ဒေါက်တာလမင်း**

♦ ♦ ♦

http://www.dhammadownload.com



သွန်းရောင်
နှင့်
မောက်ထားသည့်ဒိုး



ကံထွန်းသစ်

http://www.dhammadownload.com

(၁)

ထေရ်အရှင်နဲ့တော့ ခက်စွ၊ လျှောက်ကြားရန် ကြံရွယ်ခဲ့သည်မှာလည်း ငါးကြိမ်ထက်မနည်းတော့ပြီ ဒါက အနီးနေတစ်ဦးအနေနှင့် ကြုံခဲ့သည့်အကြိမ်၊ အခြားအခြားသော ရဟန်းတွေရဲ့ လျှောက်ထားရန် ကြံရွယ်မှုများနှင့် ပေါင်းလိုက်လျှင် အကြိမ်တို့သည် နည်းလှတော့မည်မဟုတ်။

မည်သူတွေ မည်မျှပြောပြောအရာမထင်၊ ထေရ်ဆရာ၏ မျက်မှောင်ကျုံ့မှုကိုသာ ဆုလာဘ်အဖြစ် ရကြရမြဲ။ ဒီတော့ တိုးမလျှောက်သာ၊ ထေရ်အရှင်ငြိုငြင်အောင်မပြုရဲကြ၊ အထူးသဖြင့် သက်ရွယ်တော် ကြီးမြင့်လှသော ဆရာ၊ နှလုံးမချမ်းမြေ့မှာ စိုးကြသည်လေ။ သို့သော် ကြား၍မလျော်၊ မြင်၍မတင့်သော အမှုတို့ကို မြင်ရကြားနေရလေတော့ စွန့်၍လျှောက်ကြရပေမည်လေ၊ ဒီနေ့လည်း လျှောက်ထားရပေဦးမည်။ မနေ့က အရှင် သနားခြီးမြှောက်လိုက်သော ထိုဇကာသည် လျှောက်ထားရန်စကားကိုစဉ်းစားရင်း ထေရ်အရှင် ရှိရာလာခဲ့သည်။ အခန့်သင့်ပင် စကြံ့နှံလှမ်းနေသော ထေရ်ကို တွေ့ရသည်။ အသော့ လှမ်းလိုက်စဉ်

''ဟဲ့ ဟိုဒကာ. . . ဟိုဒကာ. . .''

ပရဝုဏ်ကိုကျော်ကာ အသံပြုနေပါလား၊ မှန်းစမ်း ဘယ်သူကိုပါလိမ့်။

''ဒကာ. . . ပရဝုဏ်တွင်းဝင်ခဲ့ကွယ့်''

ဟော လူတစ်ယောက် ဝင်လာပြီ။

''လာ. . . လာ. . . ကိုယ်ကျင့်တရား ဆောက်တည်ရအောင်''

အလို. . . မျက်နှာက ရယ်ယောင် ပြုံးယောင် နှင့် ဝင်လာပါလား။ အော်. . . ဒီလူ 'သုရာ' ဒါမှမဟုတ် 'မေရယ' တစ်မျိုးမျိုး ယစ်မူးနေတတ်တဲ့ဟိုဒကာပဲ၊ ဒုက္ခပါပဲ အချိန်မီ. . . ငါ. . .။

''ကိုင်း. . . ဒကာ. . . ထိုင်. . . လိုက်ဆို၊ ငါ ရွေ့က ချပေးမယ်''


''သူ့အသက်ကို ညှင်းဆဲသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ပါ၏''

''သူ့အသက်ကို ညှင်းဆဲသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ပါ၏''

''သူဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏''

''သူဥစ္စာကို. . . ခိုးယူခြင်း. . .''

ခက်တော့တာပဲ ထေရ်အရှင်နဲ့တော့. . .



''သူ့အိမ်ရာကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ပါ၏''

သူ့အိမ်ရာကို. . .

အင်း. . . 'သုရာဓုတ္တ'က နှုတ်ကသာ လိုက်ဆိုနေတာ၊ စိတ်ကတော့ တည်ကြည်ဖို့ရာ ဝေးစွ၊ ဒါကိုများ. . .။

''ကုသိုလ်ကောင်းမှုဌ မေ့လျော့စေတတ်သော အရက်သေစာသောက်သုံးခြင်းမှ ရှောင်ကြဉ်ပါ၏''

''ကုသိုလ်ကောင်းမှုဌ. . .''

(၂)

''ကဲ. . . လိုက်ဆိုဟဲ့. . . သူ့အသက်ကို ညှင်းဆဲသတ်ဖြတ်ခြင်းမှ. . .''

''ဟို ဟို အကျွန်က. . . အကျွန်က ''

''ဟဲ့. . . ဘာပြောနေတာလဲ လိုက်ဆိုကွယ်၊ သူ့အသက်ကို ညှင်းဆဲသတ်ဖြတ်ခြင်းမှ. . .''

''သူ့အသက်ကို သတ်ဖြတ်ညှင်းဆဲခြင်းမှ''

''ရှောင်ကြဉ်ပါ၏''

''ဟို. . .''

''ဆိုကွယ့်. . . ဘယ့်နှာကြောင့် တွန့်ဆုတ်နေရလဲ. . . ရှောင်ကြဉ်ပါ၏''

''ရှောင်ကြဉ်ပါ၏''

ခက်တော့တာပဲ၊ တံငါသည်ကို သူ့အသက်မသတ်ဖို့ ဆောက်တည်ခိုင်းနေပြန်ပြီ၊ ဟိုနေ့ကလည်း သေသောက်ကြူးကို ဆောက်တည်ခိုင်းနေလိုက်တာ၊ ဟောညနေကျ အဲဒီလူပဲ ဒယီးဒယိုင်နဲ့ တံတိုင်း နံဘေးဖြတ်သွားတာ ခါးဝတ်တောင်မနိုင့်မနိုင်၊ ခုလည်း ဟူး မဖြစ်ဘူး၊

http://www.dhammadownload.com



မဖြစ်ဘူး၊ ထေရ်အရှင် ငြိုငြင်ကာမှ ငြိုငြင် ရော၊ အသိပေးရတော့မည်။ ကြာလျှင် 'ဒကာ့ အပြစ်၊ ဆရာ့မှာ ဖြစ်'ဆိုသလို အများက ကဲ့ရဲ့လာကြလျှင်...

လက်အုပ်ကိုချီကာ ရိုသေသောကိုယ်ဖြင့် ချဉ်းကပ်လိုက်မိတော့ –

''ငါ့ရှင်... ကမ္မဋ္ဌာန်း၏အကြား လပ်ဟာချိန်များထင်ရဲ့''

''မှန်ပါ့ ဘန္တေ တပည့်တော်''

''အိမ်း အချိန်ဆိုတာ အချည်းနှီးမကုန်ဆုံးစေရဘူး... သွား သွား... .အားထုတ်ဖွယ်ရှိတာ အားထုတ်ချေ ငါ့၌ ပြုဘွယ်ဝတ်မရှိပြီ''

ကျောခိုင်းသွားသော ထေရ် ဆရာကို ချီဆဲလက်အုပ်ဖြင့်ပင် ငေး ကြည့်နေရပြန်သည်လေ။

ဟူး... နောက်တစ် ခါတော့ လျှောက်ထားဖြစ်အောင် လျှောက်မှပါ၊ တစ်ဦးတည်း မဝံ့ရင်လဲ။

(၃)

''အချင်း... တိတ်တိတ် လာဘိ၊ ကိုယ်တော်ကြီး တွေ့သွားရင် အခက်''

''ဟုတ်တယ်... ဟုတ်တယ်... ဟိုနေ့က လည်း ငါ့ကိုမိနေလို့ ဟီး... ဟီး... ဆောက်တည်လိုက်ရသေး''

''အေးကွယ်... ခုလို ငှက်ထောင်အိမ်တွေနဲ့ တွေ့သွားပြီး 'ပါဏာတိပါတာ ဝေရမဏိ' လုပ်နေရဦးမယ် ဟီး ဟီး''

ငှက်မုဆိုးတွေပဲ သူတို့ပြောသွားတာ ထေရ် အရှင်ရဲ့အကြောင်းပေပဲ၊ အင်း... ငါ ထေရ်အရှင်ရဲ့ ပြုမူပုံတွေက သူတို့အတွက် ရယ်ဖွယ်အမှုဖြစ်နေပါပေါ့လား၊ မဖြစ်ဘူး... မဖြစ်ဘူး... နေ့မဆိုင်းဘဲ လျှောက်ထားမှ၊ တားမြစ်တယ်ထင်ရင်လည်း ထင်ရော့၊ အင်း ငါ လျှောက်ကြားလို့ကော နားဝင်ပါ့မလား။ ဟိုနေ့က ထေရ်ကြီးအချို့ကို လျှောက်ထားခိုင်းတာတောင် ထေရ် ဆရာက မခံယူဘူးတဲ့။ ''ငါ့ရှင်တို့ ပြုသင့်ဖွယ်ကို ငါ ပြုခြင်းဖြစ်တယ်''ဆိုပြီး မျက်မှောင်ကျုံ့ကာ နေသည်တဲ့၊ ငါ့ကို အပြစ်ကြီး အပြစ်ငယ်ကို ရှုမှတ်သွန်သင်ပေးတဲ့ ဥပဇ္ဈာယ်အရှင်မို့ ငါက ''မလျှော်ပါဘုရားလို့'' လျှောက်ထားဖို့ဆိုတာ... ဟူး... ပြောတော့ ပြောရမှာပဲ၊ နို့မဟုတ်ရင် ထေရ်အရှင်ဟာ မြင်မြင်ရာကို သီလ ဆောက်တည်စေသူကြီး''လို့ ကဲ့ရဲ့ကြပေလိမ့်မယ်၊ အထူးသဖြင့် အယူမတူတဲ့ နိဂဏ္ဌတွေ၊ တက္ကဒ္ဓန်းတွေက ကဲ့ရဲ့ပြစ်ဖွဲ့နေ ကြလျှင်... ဟုတ်တယ်... ငါ... ငါ။ ထေရ်အရှင် ငြိုငြင်လိုက ငြိုငြင်၊ မြည်တွန်လိုက မြည်တွန်၊ အနီးနေ တစ်ဦးအနေနဲ့၊ အရှင်ရဲ့ ဂုဏ်အသရေကို စောင့်ရှောက်ရပေမည်၊ သည့်အတွက် ငါက စိုးရိမ်ရွံ့ထိတ်နေလို့ပါ၊ ထေရ်အရှင်လောက် ခန္တီ, သမ္မဇဉ်နဲ့ ပြည့်စုံပြီး ဂုဏ်ဝါနဲ့ မလိုက် နှိမ့်ချတဲ့ပုဂ္ဂိုလ်က ရှားလှတာပဲ ဟုတ်တယ်၊ တစ်ခါကဆို သာမဏေ ငယ်လေးက သင်္ကန်းဝတ် ရုံတာနဲ့ ပတ်သက်ပြီး လျှောက်တာတောင် လက်အုပ်ချီပြီး ခံယူနိုင်သေးတာ၊ တစ်ခါကလည်း ဆွမ်းစားကျောင်းမှာ မုန့်ငယ်တစ်ခု ကြွင်းခဲ့တာကို စားသူမရှိပြီထင်ကာ ဘဉ်းပေးသုံးဆောင်လိုက်မိရာ ပိုင်ရှင် ရဟန်းပြန် ရောက်လာပြီး မေးတော့ ''စားသူမရှိတော့ ထင်၍ ငါ စားလိုက်မိပြီ ငါ့ရှင်'' လို့ ထေရ်ဆရာမိန့်တော့၊ ထိုမုန့်ရှင် ရဟန်းက ''ဟင်း... အကောင်းတော့ လူတိုင်း ကြိုက်တာပေါ့''လို့ မကျေမချမ်းဆိုလိုက်ပေလို့ မထေရ် သံဃဂရသွားကာ ထိုနေ့မှစပြီး ဆွမ်းစားပြီးတိုင်း ခဲဘွယ်ကောင်းကို မစားသုံးတော့၊ ကြည်ညိုခြင်းနှင့် စိတ်နှလုံးမသာယာခြင်းပင် သီတင်းသုံးဖော်တို့ဖြစ်ကြရသေး၊ နောက်ပြီး ဘုရားရှင်နဲ့ သံဃာတော်တွေ အဝွန့်ရှည်ခရီးကိုသွားတိုင်း အရွယ်ကြီးဘိက္ခုတွေ၊ အရွယ်နုငယ်တဲ့ ဘိက္ခုတွေရဲ့ သပိတ်ပရိက္ခရာကို အမြဲကူသယ်ပေးတတ်တာလည်း သံဃာတိုင်းအသိ၊ ဒါတင်မက ဇေတဝန်ဝိဟာရ ပရဝုဏ်တစ်ခုလုံး သံဃာတွေ ဆွမ်းခံထွက်ချိန်တွင် လှဲကျင်းသန့်ရှင်းမြဲ၊ ထိုသို့သော

http://www.dhammadownload.com

(၁)

ထေရ်အရှင်နဲ့တော့ ခက်စွ၊ လျှောက်ကြားရန် ကြံရွယ်ခဲ့သည်မှာလည်း ငါးကြိမ်ထက်မနည်းတော့ပြီ ဒါက အနီးနေတစ်ဦးအနေနှင့် ကြုံခဲ့သည့်အကြိမ်၊ အခြားအခြားသော ရဟန်းတွေရဲ့ လျှောက်ထားရန် ကြံရွယ်မှုများနှင့် ပေါင်းလိုက်လျှင် အကြိမ်တို့သည် နည်းလှတော့မည်မဟုတ်။

မည်သူတွေ မည်မျှပြောပြောအရာမထင်၊ ထေရ်ဆရာ၏ မျက်မှောင်ကျုံ့မှုကိုသာ ဆုလာဘ်အဖြစ် ရကြရမြဲ။ ဒီတော့ တိုးမလျှောက်သာ၊ ထေရ်အရှင်ငြိုငြင်အောင်မပြုရဲကြ၊ အထူးသဖြင့် သက်ရွယ်တော်ကြီးမြင့်လှသော ဆရာ၊ နှလုံးမချမ်းမြေ့မှာ စိုးကြသည်လေ။ သို့သော် ကြား၍မလျော်၊ မြင်၍မတင့်သော အမှုတို့ကို မြင်ရကြားနေရလေတော့ စွန့်၍လျှောက်ကြရပေမည်လေ၊ ဒီနေ့လည်း လျှောက်ထားရပေဦးမည်။ မနေ့က အရှင် သနားခိုးမြှောက်လိုက်သော ထိုဇကာသည် လျှောက်ထားရန်စကားကိုစဉ်းစားရင်း ထေရ်အရှင် ရှိရာလာခဲ့သည်။ အခန့်သင့်ပင် စကြံန်လှမ်းနေသော ထေရ်ကို တွေ့ရသည်။ အသော့ လှမ်းလိုက်စဉ်

''ဟဲ့ ဟိုဒကာ. . . ဟိုဒကာ. . .''

ပရဝုဏ်ကိုကျော်ကာ အသံပြုနေပါလား၊ မှန်းစမ်း ဘယ်သူကိုပါလိမ့်။

''ဒကာ. . . ပရဝုဏ်တွင်းဝင်ခဲ့ကွယ့်''

ဟော လူတစ်ယောက် ဝင်လာပြီ။

''လာ. . . လာ. . . ကိုယ်ကျင့်တရားဆောက်တည်ရအောင်''

အလို. . . မျက်နှာက ရယ်ယောင် ပြုံးယောင် နှင့် ဝင်လာပါလား။ အော်. . . ဒီလူ 'သုရာ' ဒါမှမဟုတ် 'မေရယ' တစ်မျိုးမျိုး ယစ်မူးနေတတ်တဲ့ဟိုဒကာပဲ၊ ဒုက္ခပါပဲ အချိန်မီ. . . ငါ. . .။

''ကိုင်း. . . ဒကာ. . . ထိုင်. . . လိုက်ဆို၊ ငါ ရှေ့က ချပေးမယ်''


''သူ့အသက်ကို ညှင်းဆဲသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ပါ၏''

''သူ့အသက်ကို ညှင်းဆဲသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ပါ၏''

''သူဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏''

''သူဥစ္စာကို. . . ခိုးယူခြင်း. . .''

ခက်တော့တာပဲ ထေရ်အရှင်နဲ့တော့. . .



''သူ့အိမ်ရာကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ပါ၏''

သူ့အိမ်ရာကို. . .

အင်း. . . 'သုရာဓုတ္တ'က နှုတ်ကသာ လိုက်ဆိုနေတာ၊ စိတ်ကတော့ တည်ကြည်ဖို့ရာ ဝေးစွ၊ ဒါကိုများ. . .။

''ကုသိုလ်ကောင်းမှုဌ မေ့လျော့စေတတ်သော အရက်သေစာသောက်သုံးခြင်းမှ ရှောင်ကြဉ်ပါ၏''

''ကုသိုလ်ကောင်းမှုဌ. . .''

(၂)

''ကဲ. . . လိုက်ဆိုဟဲ့. . . သူ့အသက်ကို ညှင်းဆဲသတ်ဖြတ်ခြင်းမှ. . .''

''ဟို ဟို အကျွန်က. . . အကျွန်က ''

''ဟဲ့. . . ဘာပြောနေတာလဲ လိုက်ဆိုကွယ်၊ သူ့အသက်ကို ညှင်းဆဲသတ်ဖြတ်ခြင်းမှ. . .''

''သူ့အသက်ကို သတ်ဖြတ်ညှင်းဆဲခြင်းမှ''

''ရှောင်ကြဉ်ပါ၏''

''ဟို. . .''

''ဆိုကွယ့်. . . ဘယ့်နှာကြောင့် တွန့်ဆုတ်နေရလဲ. . . ရှောင်ကြဉ်ပါ၏''

''ရှောင်ကြဉ်ပါ၏''

ခက်တော့တာပဲ၊ တံငါသည်ကို သူ့အသက်မသတ်ဖို့ ဆောက်တည်ခိုင်းနေပြန်ပြီ၊ ဟိုနေ့ကလည်း သေသောက်ကြူးကို ဆောက်တည်ခိုင်းနေလိုက်တာ၊ ဟော ညနေကျ အဲဒီလူပဲ ဒယီးဒယိုင်နဲ့ တံတိုင်း နံဘေးဖြတ်သွားတာ ခါးဝတ်တောင်မနိုင့်မနိုင်၊ ခုလည်း ဟူး မဖြစ်ဘူး၊

http://www.dhammadownload.com



ဆောက်တည်စေသူကြီး''လို့ ကဲ့ရဲ့ကြပေလိမ့်၊ အထူးသဖြင့် အယူမတူတဲ့ နိဂဏ္ဌတွေ၊ တက္ကဒွန်းတွေက ကဲ့ရဲ့ပြစ်ဖွဲ့နေ ကြလျှင်. . . ဟုတ်တယ်. . . ငါ. . . ငါ။ ထေရ်အရှင် ငြိုငြင်လိုက ငြိုငြင်၊ မြည်တွန်လိုက မြည်တွန်၊ အနီးနေ တစ်ဦးအနေနဲ့ အရှင်ရဲ့ ဂုဏ်အသရေကို စောင့်ရှောက်ရပေမည်၊ သည့်အတွက် ငါက စိုးရိမ်ရွံ့ထိတ်နေလို့ပါ၊ ထေရ်အရှင်လောက် ခန္တီ, သမ္မဖဉ်နဲ့ ပြည့်စုံပြီး ဂုဏ်ဝါနဲ့ မလိုက် နှိမ့်ချတဲ့ပုဂ္ဂိုလ်က ရှားလှတာပဲ ဟုတ်တယ်၊ တစ်ခါကဆို သာမဏေ ငယ်လေးက သင်္ကန်းဝတ် ရုံတာနဲ့ ပတ်သက်ပြီး လျှောက်တာတောင် လက်အုပ်ချီပြီး ခံယူနိုင်သေးတာ၊ တစ်ခါကလည်း ဆွမ်းစားကျောင်းမှာ မုန့်ငယ်တစ်ခု ကြွင်းခဲ့တာကို စားသူမရှိပြီထင်ကာ ဘဉ်းပေးသုံးဆောင်လိုက်မိရာ ပိုင်ရှင် ရဟန်းပြန် ရောက်လာပြီး မေးတော့ ''စားသူမရှိတော့ ထင်၍ ငါ စားလိုက်မိပြီ ငါ့ရှင်'' လို့ ထေရ်ဆရာမိန့်တော့၊ ထိုမုန့်ရှင် ရဟန်းက ''ဟင်း. . . အကောင်းတော့ လူတိုင်း ကြိုက်တာပေါ့''လို့ မကျေမချမ်းဆိုလိုက်ပေလို့ မထေရ် သံဝေဂရသွားကာ ထိုနေ့မှစပြီး ဆွမ်းစားပြီးတိုင်း ခဲဘွယ်ကောင်းကို မစားသုံးတော့၊ ကြည်ညိုခြင်းနှင့် စိတ်နှလုံးမသာယာခြင်းပင် သီတင်းသုံးဖော်တို့ဖြစ်ကြရသေး၊ နောက်ပြီး ဘုရားရှင်နဲ့ သံဃာတော်တွေ အခွန့်ရှည်ခရီးကိုသွားတိုင်း အရွယ်ကြီးဘိက္ခုတွေ၊ အရွယ်နုငယ်တဲ့ ဘိက္ခုတွေရဲ့ သပိတ်ပရိက္ခရာကို အမြဲကူသယ်ပေးတတ်တာလည်း သံဃာတိုင်းအသိ၊ ဒါတင်မက ဇေတဝန်ဝိဟာရ ပရဝုဏ်တစ်ခုလုံး သံဃာတွေ ဆွမ်းခံထွက်ချိန်တွင် လှဲကျင်းသန့်ရှင်းမြဲ၊ ထိုသို့သော

မဖြစ်ဘူး၊ ထေရ်အရှင် ငြိုငြင်ကာမှ ငြိုငြင် ရော၊ အသိပေးရတော့မည်။ ကြာလျှင် 'ဒကာ့ အပြစ်၊ ဆရာ့မှာ ဖြစ်'ဆိုသလို အများက ကဲ့ရဲ့လာကြလျှင်. . .

လက်အုပ်ကိုချီကာ ရိုသေသောကိုယ်ဖြင့် ချဉ်းကပ်လိုက်မိတော့ –

''ငါ့ရှင်. . . ကမ္မဋ္ဌာန်း၏အကြား လပ်ဟာချိန်များထင်ရဲ့''

''မှန်ပါ့ ဘန္တေ တပည့်တော်''

''အိမ်း အချိန်ဆိုတာ အချည်းနှီးမကုန်ဆုံးစေရဘူး. . . သွား သွား. . .အားထုတ်ဖွယ်ရှိတာ အားထုတ်ချေ ငါ့၌ ပြုဘွယ်ဝတ်မရှိပြီ''

ကျောခိုင်းသွားသော ထေရ် ဆရာကို ချီဆဲလက်အုပ်ဖြင့်ပင် ငေး ကြည့်နေရပြန်သည်လေ။

ဟူး. . . နောက်တစ် ခါတော့ လျှောက်ထားဖြစ်အောင် လျှောက်မှပါ၊ တစ်ဦးတည်း မဝံ့ရင်လဲ။

(၃)


''အချင်း. . . တိတ်တိတ် လာဘိ၊ ကိုယ်တော်ကြီး တွေ့သွားရင် အခက်''

''ဟုတ်တယ်. . . ဟုတ်တယ်. . . ဟိုနေ့က လည်း ငါ့ကိုမိနေလို့ ဟီး. . . ဟီး. . . ဆောက်တည်လိုက်ရသေး''

''အေးကွယ်. . . ခုလို ငှက်ထောင်အိမ်တွေနဲ့ တွေ့သွားပြီး 'ပါဏာတိပါတာ ဝေရမဏိ' လုပ်နေရဦးမယ် ဟီး ဟီး''

ငှက်မုဆိုးတွေပဲ သူတို့ပြောသွားတာ ထေရ် အရှင်ရဲ့အကြောင်းပေပဲ၊ အင်း. . . ငါ ထေရ်အရှင်ရဲ့ ပြုမူပုံတွေက သူတို့အတွက် ရယ်ဖွယ်အမူဖြစ်နေပါပေါ့လား၊ မဖြစ်ဘူး. . . မဖြစ်ဘူး. . . နေ့မဆိုင်းဘဲ လျှောက်ထားမှ၊ တားမြစ်တယ်ထင်ရင်လည်း ထင်ရော့၊ အင်း ငါ လျှောက်ကြားလို့ကော နားဝင်ပါ့မလား။ ဟိုနေ့က ထေရ်ကြီးအချို့ကို လျှောက်ထားခိုင်းတာတောင် ထေရ် ဆရာက မခံယူဘူးတဲ့။ ''ငါ့ရှင်တို့ ပြုသင့်ဖွယ်ကို ငါ ပြုခြင်းဖြစ်တယ်''ဆိုပြီး မျက်မှောင်ကျုံ့ကာ နေသည်တဲ့၊ ငါ့ကို အပြစ်ကြီး အပြစ်ငယ်ကို ရှုမှတ်သွန်သင်ပေးတဲ့ ဥပဇ္ဈာယ်အရှင်မို့ ငါက ''မလျှော်ပါဘုရားလို့'' လျှောက်ထားဖို့ဆိုတာ. . . ဟူး. . . ပြောတော့ ပြောရမှာပဲ၊ နို့မဟုတ်ရင် ထေရ်အရှင်ဟာ မြင်မြင်ရာကို သီလ

http://www.dhammadownload.com



မီးခဲကျောက် ဆီခမ်းနင့် ကွေးသောလက် မဆန့်ကြသူများ

◆ သန်းမြင့်ဇေအောင်

http://www.dhammadownload.com

(၂၇-၁၁-၂၀၀၆) နံနက်ခင်း မန္တလေးမှာ ရှိမြင့်ရုပ်ရှင်၊ ထုတ်လုပ်ရေးက ဒါရိုက်တာဟိန်းစိုးရိုက်ကူးတဲ့ မြို့တော်မောင်ယဉ်အောင်ရဲ့ ဇာတ်လမ်း ''ပန်းပျိုးသူရဲ့ အလင်္ကာ'' ရုပ်ရှင်ပရက်ရှိုး ကြည့်နေတုန်းမှာ သတင်းစကားတစ်ခုကြားလိုက်ရသည်။

''မနေ့က ရန်ကုန်မှာ 'အမေ နဲ့သမီးများ'' ရုပ်ရှင်ကန်တော့ပွဲ ပေးအခမ်းအနားမှာ ဆရာမောင်သိန်းဆိုင် အမှတ်တရစကားပြောရင်းက ရုတ်တရက်လဲကျသေဆုံးသွားလို့'' တဲ့။

ကျွန်မ အံ့သြထိတ်လန့် သွားတယ်၊ ဖြစ်မှဖြစ်ရလေဆရာရယ်၊ ရေနံ့သာ ခင်ခင်ကြီး ပုဂံမြို့သူ၊ ပဆစ်အိမ်၊ ပုစ္ဆာဆန်သော မိန်းကလေး၊ စသည်တို့၏ ဖန်တီးရှင်၊ အနုပညာလောကကထွက်ခွာသွားပါ ပကောလား။ ဆရာက အနုပညာ သမားပီသစွာ ခံစားမှုကပြင်းထန်သည်။ ထို့ကြောင့်ပင် သူ့မှာ နှလုံးရောဂါစွဲကပ်နေခြင်း ဖြစ်ပေမည်။ ဆရာနှင့် ကျွန်မအတော်ကလေး ရင်းနှီးခဲ့ရသည်မှာ စာပေလောကမှ ဆရာဆရာမများ ထုတ်ဝေသူများ၏ ကျေးဇူးမကင်းပါ၊ ဆရာချစ်စံဝင်း ဆရာမောင်သွေးသစ်တို့၏ ဦးဆောင်မှုဖြင့် ကျွန်မတို့ နှံ့သာမြို့အနာကြီး စခန်း၏ ရှင်တရာပြုပွဲသို့ တပျော်တပါး သွားရောက်ဆင့်နွှဲခဲ့ကြဖူးသည်။ ထိုစဉ်က ဆရာသည် ဆင်ဖြူတောင် ခြေရင်းမှာ သပိတ်ကိုလွယ်၍ ရှင်ဒါယကာအဖြစ် ရှင်လောင်းလှည့်ပွဲကို ပျော်ပျော်ကြီး နွှဲခဲ့သလို ညဉ့်ည့်ခံ ဆိုင်းဝိုင်းကြီးတွင်လည်း စာရေးဆရာတွေဂီတသမားတွေနှင့်အတူ သီချင်းတွေဆိုခဲ့သေးသည်ကို ကျွန်မ မမေ့နိုင်ပါ။ ထို့အတူ မမပြူး (ပြူးစာပေ)မှ ရေနံ့သာခင်ခင်ကြီး၊ ဂန္ဓဝင် လုံးချင်းဝတ္ထုရှည်ကြီးကို ပြန်လည် ထုတ်ဝေစဉ်ကလည်း ကျွန်မတို့ စာပေညီအစ်မများ၏ စုဝေးရာနေရာဖြစ်သော ကလျာမဂ္ဂဇင်းတိုက်တွင် ရေနံ့သာခင်ခင်ကြီး အမှတ်တရပွဲလုပ်စဉ်က ကြည်နူးမှုအပြည့်ဖြင့် ပီတိစကားတွေပြောခဲ့သော ဆရာပုံရိပ်ကိုလည်း ပြန်လည်မြင်ယောင်ကာ နှမျောနေမိပါသည်။ ဆရာကား အလွန်အသည်းနှလုံးနုနယ်သူဖြစ်ကြောင်း ကျွန်မတစ်ချိန်တုန်းကသိခွင့်ရခဲ့ဖူးပါသည်။ သိပ်တော့မကြာသေးပါ နှစ်ပိုင်းမျှသာ ရှိပါသေးသည်။ ဆရာမောင်သွေးသစ်နှင့် ဆရာသည်းထိပ်ရင်ဖို မဂ္ဂဇင်းကိုင်ခဲ့စဉ်က ဖြစ်ပါသည်။ ကျွန်မထံဝတ္ထုတောင်း၍ ''ကြေကွဲနာ'' အမည်ရှိ ဝတ္ထုတိုတစ်ပုဒ်ကို ကျွန်မရေးပို့ခဲ့ပြီး ရက်ပိုင်းအတွင်းမှာပင် နောက်တစ်ကြိမ်ဆရာနှင့်တွေ့သောအခါ ဆရာက ကျွန်မအား မြင်မြင်ချင်းပင်၊ သနားမြင့်အောင် အတော်ဒုက္ခပေးတာဘဲဟု ဆို၏။ ကျွန်မရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်နေတုံးမှာပင်


'ဝတ္ထုကို အဲဒီနေ့ထဲက အိမ်ယူသွားပြီး အေးအေးဆေးဆေး ညဉ့်သန်းခေါင်လောက်မှာ ဖတ်ဖြစ်တယ်၊ ဖတ်ရင်းဖတ်ရင်း ရင်ထဲမှာ ဆို့ကြပ်လာပြီး မခံစားနိုင်တော့လို့ ဆေးသောက်ပြီးနားလိုက်ရတယ်၊ ကိုယ့်မှာလဲ သိပ်ချစ်တဲ့မြေးကလေးရှိနေတော့ ဘယ်လိုဖြစ်သွားတယ်မသိဘူး၊ ဆေးခန်းတောင် ပြေးရတော့မယ် မှတ်နေတာ တော်သေးတယ် မနက်ကျတော့ သက်သာသွားလို့' ဟု ဆက်ပြောသည်။ ကျွန်မ၏ လူမမယ်ကလေးငယ်မောင်နှမနှစ်ယောက်၏ ရင်နာစရာ တကယ့်အဖြစ်အပျက် ဝတ္ထုကို ဆရာက အသည်းနှလုံးဖြင့် ဖတ်လိုက်ခြင်းကြောင့် မခံမရပ်နိုင်ဖြစ် သွားကြောင်း ကျွန်မသိလိုက်ရပါသည်။ ယခုလည်းသူ၏ ရင်နှစ်သည်းချာ 'အမေနှင့်သမီးများ' အပေါ် သူ ဘယ်လောက်တောင် ခံစားလိုက်ရှာပါလိမ့်။

ဆရာ့သတင်းစကားကြားရချိန် (၂၇-၁၁-၀၆)နေ့က ကျွန်မ ရန်ကုန်ပြန်ရန် ညနေကားလက်မှတ်ဖြတ်ထားပြီးဖြစ်သည်။ ဆရာ့အား (၂၈-၁၁-၀၆)နေ့ သင်္ဂြိဟ်မည်ဟု သာသိရပြီး အချိန်အတိအကျ မသိရသေး၊ မနက်ဖြန်ခါ ကျွန်မရန်ကုန်ပြန်လျှင် ဆရာ့အသုဘကို မိပါ့စေဟုအကြိမ်ကြိမ်ဆုတောင်းနေမိသည်။ နောက်ဆုံးအနေဖြင့် ဆရာ့မျက်နှာကို ကျွန်မမြင်ချင်သည်၊ ဆရာ့အားဂါရဝပြုချင်ပါသည်။

မနှစ်က ဒီအချိန် နိုဝင်ဘာ လ(၃၀)ရက်နေ့မှာ ဆရာကြီးဒေါက်တာသန်းထွန်း ဆုံးသည်။ ဆရာမောင်သိန်းဆိုင်ကဲ့သို့ပင် နေ့မြင်ည ပျောက်ဖြစ်ပါသည်။ ကျွန်မနှင့် မမဝင်း (ဆရာမကြီးဒေါ်ကလျာ)၊ မမဦး (ဆရာမကြီးဒေါ်ခင်ဆွေဦး) တို့နှစ်စဉ်အတိုင်း အမေလူထု ဒေါ်အမာမွေးနေ့သို့ရောက်နေချိန် နိုဝင်ဘာ (၂၉)တောင်လေးလုံးကျောင်းတိုက် ရင်ပြင်တွင် စာရေးဆရာတွေ စာပေပညာရှင်တွေ တစုတဝေးကြီး ဆုံဖြစ်ကြသည်။ ဆရာကြီး ဒေါက်တာသန်းထွန်း၊ ဆရာကြီးတော်ဘုရားလေးအောင်ဇေတို့ကို ရွှင်ရွှင်လန်းလန်းတွေ့ခဲ့ရသေးသည်။

နောက်တနေ့(၃၀၊၁၁၊၀၆) နံနက်(၆)နာရီခန့်တွင် ကျွန်မတို့ တည်းခိုရာ မြမန္တလာဟိုတယ်သို့

http://www.dhammadownload.com



ဖုန်းဝင်လာသည်။ လူထုတိုက်မှ အမေ လူထုဒေါ်အမာ၏ သမီး မမတင်ဝင်း ထံမှ ဖြစ်သည်။

''သန်းမြင့်ဇာအောင်ရေ၊ ညက (၂) နာရီကျော်ကျော်မှာ ဆရာကြီး ဒေါက်တာသန်းထွန်း သမိုင်းဌာနမှာ ရုတ်တရက် နှလုံးဖေါက်ပြီး ဆုံးသွားလို့တဲ့၊ အဲ့ဒါမင်းဆီ အကြောင်းကြားဖို့ မိုးလင်းအောင် စောင့်နေတာ၊ မမဝင်းကို အသိမပေးနဲ့ဦး၊ အိမ်မှာလဲ အမေ့ကိုအသိပေးလို့မဖြစ်သေးဘူး၊ မင်းအခု သမိုင်းဌာနကို သွားပြီးစီစဉ်လိုက်ပါဦး''

ဟုဆိုတုံးကလည်း ကျွန်မ အံ့သြတုံလှုပ်ကာ နှမြောခြင်းကြီးစွာ ဖြစ်ခဲ့ရသေးသည်။ ထိုနေ့နံနက် စောစောမှာ တောင်ကြီးမှာ ရောက်လာသော မောင်လေးကိုမြင့်နိုင်နှင့် မမဦးကို တိုးတိုးတိတ်တိတ်တိုင်ပင်မှာကြားကာ မမဝင်းကိုအပ်၍ ကျွန်မ သမိုင်းဌာနသို့ **V . E . C** ပညာရေး ကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ဝင်းဝင်းမေ၏ ကားဖြင့် ပြေးခဲ့ရသည်။ သွားရင်းလာရင်းပြေးလွှားရင်းမှပင် ထိုကိစ္စကို မမဝင်းသိလျှင် ဘယ်လို နေမှာပါလိမ့်ဟု စိုးရိမ်ပူ ပန်နေမိသေး၏။ မမဝင်းက နှလုံးရောဂါဝေဒနာရှင်ဖြစ်သည်။ ဆရာကြီးနှင့် မမဝင်းက ဆရာတပည့်လိုရော ဆွေမျိုးသား ချင်းလိုပါ ချစ်ခင်တွယ်တာသံယောဇဉ် ကြီးကြသူများဖြစ်သည်။ လွန်ခဲ့သော နှစ်များမှ အမေ့မွေးနေ့လာစဉ် တစ်ကြိမ်က မမဝင်းနှလုံးရောဂါထဖေါက်၍ မန္တလေးမြို့ပေါ်မှ ဆေးရုံဆေးခန်းတွေဆီသွား ကုသခဲ့ရဖူးသည်။ ထိုအကြောင်းကို ဆရာကြီး သိသောအခါ တပည့်တစ်ယောက်ကို အဖေါ်ပြု၍ မမဝင်းနှင့် ကျွန်မတို့ တည်းခိုသော မန်းရော ဟိုတယ်သို့ စိုးရိမ်တကြီးရောက်လာခဲ့ပုံကို ပြန်လယ်မြင်ယောင်နေသည်။ ကျွန်မက ဆရာကြီးကို ရင်းရင်းနှီးနှီး ရောရော နှောနှောဆက်ဆံခွင့်ရသည့် အခြေအနေတွင်မရှိပါ။ ပညာအရှိန်အဝါ သြဇာကြီးသော တပည့်များ၏ အသည်းတွင် စွဲနှစ်နေအောင် ချစ်မြတ်နိုးခြင်း ခံရသော စကားကို အပိုမပြောဘဲ လိုအပ်သလောက် ထိထိမိမိ ဒုတ်ထိုးအိုးပေါက်၊ ပြောတတ်သော ဆရာကြီး၏ အတွေးအခေါ် ဒဿနတွေနှင့်တော့ ရင်းနှီးကျွမ်းဝင်ခဲ့သည်မှာ ကြာပြီဖြစ်သည်။

ကျွန်မသမိုင်းဌာနသို့ ရောက်သောအခါ ဆရာကြီးမှာ သူချစ်သော တပည့်များ၏ အခန်းကုတင်ပေါ်တွင် ကြက်သွေးရောင် အင်္ကျီလက်ရှည်ဖြင့် အိပ်ပျော်နေသည့်နှယ် ပုံမပျက်ရှိ နေသည်။ ညက သူထိုင်ခဲ့သောစားပွဲ ကုလားထိုင်နှင့် သူဖတ်ခဲ့သော စာအုပ်ကလည်း ဖွင့်လျှက်အတိုင်း ခြေရာလက်ရာမပျက်ရှိနေဆဲ။ ဆရာကြီး၏ဖနီး အန်တီရီနှင့် သားသမီးများ မကြာမီလေယာဉ်ဖြင့် ရောက်လာတော့မည်ဖြစ်ပြီး အန်တီရီ ၏ ဆန္ဒအတိုင်း ဆရာကြီး၏ ဈာပန ကိစ္စကို စီစဉ်ကြမည်ဖြစ်ကာ ထိုကိစ္စကို ကျွန်မအကောင်အထည်ဖေါ်ပေးရမည်ဖြစ်သည့်မို့ လိုအပ်သည်များကို ကြိုတင်စီစဉ်ထားရသည်။ အန်တီရီရောက်လာသောအခါ သူချစ်သော သံယောဇဉ်ကြီးသော မန္တလေး တောင်လေးလုံး ကျောင်းတိုက်ဆရာတော်ဦးပညာနှင့် အနီးဆုံးနေရာသို့ ပြဟ္မစိုရ်အသင်း၏ အကူအညီဖြင့် ရွှေပြောင်းသယ်ယူ၍ ဆရာကြီး၏ ဈာပနကို သူ့သံယောဇဉ်ရှိသော အဝန်းအဝိုင်းဖြင့်တင့်တယ်စွာပြင်ဆင်၍ စည်စည်ကားကား ကျင်းပဖြစ်ခဲ့သော်လည်း ကျွန်မတို့အတွက်ကတော့ အစားထိုးမရသော ဆုံးရှုံးမှုကြီး တစ်ခုအဖြစ် ယနေ့တိုင် မေ့ပျောက်၍ မရနိုင်အောင် လတ်ဆတ်နေဆဲပင်။

သည်နှစ်တော့ ကျွန်မ မန္တလေးသို့ နိုဝင်ဘာ (၂၉)အစား (၂၄)ရက်နေ့တွင် ရောက်ပြီး အမေ့အားကန်တော့သောအခါ (၂၇)ရက်နေ့ ပြန်ရန်စီစဉ်ပြီးဖြစ်သည်။ အလာတုံးက ဘကြီးမိုး (မောင်မိုးသူ)၊ ဝိုင်း (ကဗ်ကော်ဝတ်ရည်စာပေ)နှင့် သားကြီး ပြည့်ပြည့် (မောင်ပြည့်စုံ)တို့နှင့်အတူ လာခဲ့သော်လည်း အပြန်တွင် ဘကြီးမိုးက မန္တလေးမှာ နေခဲ့တော့ ကျွန်မတို့ သုံးယောက်သာပြန်ခဲ့ကြသည်။ တိုက်တိုက်ဆိုင်ဆိုင် အပြန်ကားပေါ်တွင် Faces မဂ္ဂဇင်းနှင့် Videt ဂျာနယ်တို့၏ ပဲ့ကိုင်ရှင် ဒေါ်တူးတူးမြင့်သိန်း ပါလာသဖြင့် သူ့ဖုန်းဖြင့် ရန်ကုန်မှ ဆရာမ နန်းအိအိဇာနှင့် ၎င်း၏

http://www.dhammadownload.com

အယ်ဒီတာ အဖွဲ့ထံသို့ ဆရာမောင်သိန်းဆိုင်၏ စာပန အချိန်ကို လှမ်းမေးပေး၍ (၂၈-၁၁-၀၆)နေ့ နံနက် (၁၁)နာရီ သင်္ကြံဟ်မည်ဟု သိလိုက်ရသည်။

ကျွန်မအချိန်ကို တွက်ကြည့်သည်။ (၁၁)နာရီ မီးသင်္ကြံဟ် မည်ဆိုလျှင် ခမ်းမတွင် (၁၀)နာရီမှစ၍ အသုဘရှုရန် ပြင်ဆင်ထားရမည်။ ဒါဆိုလျှင် အအေးခန်းမှ (၉း၃၀) ထုတ်ယူရမည်ဖြစ်သည်။ ဘုရားရေ-ကျွန်မ မိနိုင်ပါ့မလား ဆရာ့မျက်နှာကို မြင်ခွင့်ရရုံတင်မက ဆရာ့အလောင်းကိုပင် ကိုယ်တိုင်ထုတ်ယူ၍ ပြင်ဆင်ပေးချင်နေသည်။ ဒါဟာ ကျွန်မတို့ ချစ်သော ဆရာကို နောက်ဆုံးပူဇော် ခွင့်ရခြင်းပင် ဖြစ်ပါလိမ့်မည်။ စာပေနယ်မှ ကျွန်မချစ်သော ဆရာတွေကို သည်လိုနည်းနှင့် မပူဇော်ချင်သော်လည်း ဆရာတို့ကမှ မလွဲသာမရှောင်သာသည်လမ်းကို သွားကြပြီဆိုတော့ ကျွန်မလည်း ရင်နာနာနှင့်ပင် တတ်နိုင်သ၍ ဝတ္တရားကျေလိုက်ချင်သေးသည်။ ပြီးခဲ့သော (၂၁-၁၀-၂၀၀၆) နေ့တွင်လည်း မဟေသီအယ်ဒီတာ ဦးခင်မောင်ညွန့်ကို ဆုံးရှုံးခဲ့ရသေးသည်။ အဲသည်မတိုင်ခင် (၃-၁၀-၂၀၀၆)နေ့တုံးက ကဗျာစာဆို ဆရာမကြီးဒေါ်နုယဉ်၊ ကျွန်မတို့ မန္တလေးလာတိုင်း အတူတကွ ဆုံနေကျ တော်တော် (ဆရာကြီးတော် ဘုရားလေးအောင်ဇေ)လည်း (၁၈-၆-၂၀၀၆)နေ့က ကွယ်လွန်ခဲ့ပြီ၊ မြန်မာစာပေလောကအတွက် ဆုံးရှုံးမှု တွေကဖြင့် ဆက်တိုက်ပင်။

ရင်တထိတ်ထိတ်နှင့် အချိန်တွက်ရင်း ရန်ကုန်အပြန်ကားပေါ် လိုက်ပါလာသည့် ကျွန်မတို့အားလုံး ကံကောင်းထောက်မစွာပင် အောင်မင်္ဂလာ အဝေးပြေးဂိတ်သို့ နံနက် (၉း၀၀)တိတိတွင် ဆိုက်ရောက်ခဲ့ကြသည်။ ကားပေါ်မှ ပစ္စည်းတွေချပြီးသည်နှင့် ကျွန်မ "ဝိုင်းနဲ့ ပြည့်ပြည့် ပစ္စည်းတွေသယ်ပြီး ပြန်ကြတော့ ညနေကျမှ အစ်မပစ္စည်းတွေ ဝိုင်း အိမ်မှာ လာယူမယ်" ဟုမှာပြီး အဝေးပြေးဂိတ်နှင့် ခြံစည်းရိုးသာ ခြားသော ရေဝေးသုဿာန်ဘက်သို့ ကူးခဲ့တော့၏။ ရေဝေးသုဿန်ရှိ ကျွန်မတို့နှာရေးကူညီမှုအသင်း ရုံးခွဲသို့ ရောက်ရောက်ခြင်းပင် အမှုဆောင် စာပနာ ကော်မတီခေါင်းဆောင် ဦးအေးကြူ က-

"ဆရာမောင်သိန်းဆိုင်ဆုံးတာ ဒီမနက် သင်္ကြံဟ်မယ်၊ ဆရာမအချိန်မီရုံကလေးပဲ၊ ခဏနေ အလောင်းထုတ်ရတော့မှာ သူ့အိမ်ကလည်း ရောက်နေကြပြီ" ဟု ဆီးပြော၏။ ကျွန်မခုမှပင် သက်ပြင်းချနိုင်တော့၏။ ကျွန်မ စီစဉ်စရာရှိတာများ စီစဉ်ပြီး ရေဝေးအခန်းဖက်ကူးခါ ဆရာ၏အလောင်းကို ထုတ်ယူပြင်ဆင်တော့ ဆရာ့အသွင်သဏ္ဌာန်နှင့် ဆရာ့မျက်နှာပြင်က ပကတိအေးချမ်း ကြည်လင်လျက်၊ အနုပညာ ဖန်ဆင်းရှင်တစ်ယောက် လူ့လောကကြီးထဲမှ ပျောက်ကွယ်သွားတော့မည့် ရုပ်လက္ခဏာအနေအထားက တည်ငြိမ်လှသည်။ ဘေးကရှုမြင်နေကြရသည့် သူတွေအားလုံး၏ ရင်ထဲမှာဖြင့် လှုပ်ခတ်မှုတွေ ကိုယ်စီနှင့်၊ ဒါရိုက်တာ အန်ထော်ဏီနှင့် ဆရာ့သားများက စာပနအတွက် လိုလေးသေးမရှိ အောင်မွမ်းမံဖြည့်စွက်ကြသည်။ "အမေနှင့်သမီးများ"၏ သရုပ်ဆောင် စိုးမြတ်သူဇာနှင့် ခိုင်သင်းကြည်တို့လည်း ရောက်လာကြသည်။ ဆရာဦးဝင်းငြိမ်း၊ ဆရာမြတ်ခိုင်၊ ဆရာမောင်မျိုး၊ (ကြောင်နှစ်ကောင်)နှင့် စာနယ်ဇင်းဆရာများလည်း အစုံအလင် ရောက်လာကြသည်။ ထိုသူများအားလုံးက ဆရာ၏ နောက်ဆုံးထွက်သက်တွင် အတူတကွရှိနေကြသူတွေဖြစ်သည်။

ဆရာ့ရုပ်ကလာပ်ကို မီး သင်္ကြံဟ်ပြီးစမှာပင် ကျွန်မတို့နှာရေး ကူညီမှုအသင်းမှ လုပ်ဖက်ကိုင်ဘက်တစ်ယောက်က ကျွန်မထံသို့ သတင်းတစ်ခုကို သယ်ဆောင်လာပြန်သည်။

"ဦးလှထွန်း ကင်ဆာဖေါင် ဒေးရှင်းက ဆရာကြီး ဦးလှထွန်း ဆုံးသွားပြီဆရာမ၊ မနက်ဖြန်ခါ ရေဝေးအအေးခန်းကနေ ဗိုလ်ချုပ်စျေး ဘေးက ဘုရားရှိခိုးကျောင်းကို သယ်ပြီး ဝတ်ပြုဆုတောင်းမယ်၊ အဲဒီကနေ ဝတ်ပြုပြီး နေ့လည်ပိုင်း ခရစ်ယာန်သုသာန်မှာ ဂူသွင်းမယ်၊ ကိုကျော်သူက ကားမောင်းပြီး အစ အဆုံးလိုက်ပို့မယ်၊ ဆရာမတို့ ဒေါ်ရွှေဇီးကွက်တို့ရော လိုက်ပို့ကြမယ် မဟုတ်လား" တဲ့။


နှမြောတသခြင်းတစ်ခု အဆုံးမသတ်ခင် နောက်ထပ်ဆုံးရှုံးမှု တစ်ခုကပေါ်လာပြန်ပါပကော-

ဩော်-လောကကောင်းကျိုး သည်ပိုးနေကြသူတို့ရေ သည့်ထက်များ အသက်ရှည်ရှည်နေကြပါဦးတော့လားဟုသာ ရင်ထဲမှာ ညည်းတွားရေရွတ်နေမိပါတော့သည်။

■ သန်းမြင့်အောင်

♦ ♦ ♦

http://www.dhammadownload.com



မျက်မြင်ဆရာတော်ဘုရား

နန္ဒာမိုးကြယ်

http://www.dhammadownload.com

ဘာလိုလိုနဲ့ ညနေရီ နေညိုချမ်းလောက်ကျကာမှ 'ထုလ္လလောဒ္ဒိက'မည်သော ရွာအနီးသို့ ရောက်ရှိတော့သည်။ သည်ရွာသည် ကုရုတိုင်းအတွင်း၌တည်ရှိပြီး မြေဆီညြဖာနှင့် ရာသီဥတုတို့ ကောင်းမွန်လှသဖြင့် အိမ်တိုင်းလိုလို ပြည့်လျှံသောစပါးကျီများရှိကြသည်။ သူသည် ရွာအတွင်းသို့မဝင်ဘဲ ခေတ္တခဏမျှငေးကြည့်နေသည်။

စင်စစ် သည်ရွာသည် သူနှင့် သူစိမ်းပြင်ပြင်မဟုတ်ခဲ့။ အမိဝမ်းမှကျွတ်ခဲ့ပြီးသကာလ ဘုရားရှင်၏ အရိပ်အာဝါသအောက်သို့ ရှင်ရဋ္ဌပါလအဖြစ်ကူးပြောင်းရောက်ရှိခဲ့သည်အထိ မိသားစုသိုက်မြို အစုံစုံအလင်လင်ဖြင့် ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာ နေထိုင်ခဲ့သော ရွာပဲဖြစ်ချေသည်။

အရာရာသည် လွမ်းတတ်လျှင်ဖြင့် လွမ်းစဖွယ်အတိ။

သည်တစ်ညအဖို့ သူမိဘဆွေမျိုးသားချင်းရှိနေသော ရွာတွင်းသို့ မဝင်ဖြစ်တော့ဘဲ ရွာနှင့် မလှမ်းမကမ်း၌ရှိသော ကုရုတိုင်း၏အရှင် ကောရဗျမင်း၏ ဥယျာဉ်တော်အတွင်းသို့သာ ဝင်ရောက်ခဲ့တော့သည်။ သည်တစ်ညအဖို့ ဥယျာဉ်တော်အတွင်း၌ တရားဓမ္မဖြင့် ငြိမ်းချမ်းမှုရသကို ရှာဖွေရတော့မည်။

သစ်တစ်ပင်ရိပ်ကို ကျောင်းအဖြစ်မှတ်ယူလျက် ဆိတ်ငြိမ်စွာသီတင်းသုံးရခြင်းကား ကြီးမားလှစွာသော ချမ်းသာသုခပင်ဖြစ်တော့သည်။ ကောင်းကင်ထဲက်မှာတော့ ဆန်းစ လကွေးကွေး ဝန်းကျင်ဝယ်ကြယ်ပြာလေးတွေက စိပ်စိပ်ပြင်။ ညင်းညုံစွာ သုတ်ဖြူးလာသော လေပြည်ထဲမှာတော့ ဥယျာဉ်တောအတွင်းရှိ ပန်းရနံ့တို့သည် ထုဝတ်လွှာမွှေးဆွတ်ခွါနွေးကြလေပြီကော။

သည်ဇာတိရွာသို့ သက်နှံးတော် ဆင်မြန်းပြီးသည့်နောက် ပြန်လည်ရောက်ရှိလာခဲ့ခြင်းမှာ ပထမဦးဆုံးဖြစ်တော့သည်။ သည်စပ်ကြားဝယ် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်ပေးအပ်သော ကမ္မဋ္ဌာန်းကို စီးဖြန်းရင်း အာသဝေါတရားတွေ ကုန်ခမ်းအောင် ဖြတ်တောက်နိုင်ခဲ့သည်။ သည့်အတွက်ကြောင့်လည်း ဘုရားရှင်မှသူ့အား ယုံကြည်စိတ်ချစွာဖြင့် ဇာတိရပ်ရွာသို့ ပြန်ခွင့်ပြုခြင်းဖြစ်လိမ့်မည် ထင်ပါ၏။

လွန်လေပြီးသော စာမျက်နှာအချို့ကို ပြန်ပြောင်းဖွင့်လှစ်ကြည့်တော့ သူသည် သည်ရပ်သည်ရွာ၌ ငွေကြေးဥစ္စာချမ်းသာ ကြွယ်ဝသည့်အပြင် သြဇာတိက္ကမ ကြီးမားလှစွာသော သူဌေးကြီး၏ ရင်နှစ်သည်းချာ သားရတနာဖြစ်ကာ ရွှေဘုံပေါ်မှာစံရင်း လိုအပ်ချက်ကင်းမဲ့စွာဖြင့် ကြီးပြင်းခဲ့ရသည်။ အရွယ်ရောက်တော့ မိဘတွေအလိုကျ အိမ်ထောင်ရက်သားကျခဲ့သည်။ သည်ရွှေသည်မျှအထိ သူ့ဘဝ၌ အပူအပင်ဟူ၍မြူတစ်မျှင်မျှပင် မရှိခဲ့။

အဲသည်ကာလမှာ ဘုရားရှင်သည် သူမှီတင်းနေထိုင်ရာ ရွာသို့ကြွလာလျက် တရားဓမ္မများကို ဟောကြားတော်မူခဲ့ရာ သူ့အဖို့ ဘုရားရှင်၏တရားဓမ္မအဆုံးအိပ်မက်မှ လန့်နိုးသလိုဖြစ်ခဲ့ရသည်။ အတောမသတ်နိုင်သည့် သံသရာကိုလည်းထိတ်လန့်သွားရသည်။ သည်သံသရာဝဲသြဃမှ လွတ်မြောက်ရာလမ်းကိုရှာတော့ လမ်းပြမှူး ဖြစ်သော ဘုရားရှင်၏ သာသနာရိပ်၌ ခိုလှုံလျက် ရုန်းထွက်ပါမှသာ ဖြစ်လိမ့်မည့်အကြောင်း သဘောပေါက်နားလည်လာရသည်။

သည်တော့ တရားတော်ဟောကြားမှုကို နာကြားပြီးသည့်နောက် ဘုရားရှင်ထံမှောက် ဝင်ရောက်ကာ ရဟန်းပြုခွင့် တောင်းခံတော့သည်။ ဘုရားရှင်က မိဘများခွင့်ပြုချက်ရမှသာ ရဟန်းပြုခွင့်ပေးမည့် အကြောင်းပြောပြတော့ သူ့အဖို့ အုပ်ထိန်းသူ မိဘများထံ ပြန်ရောက်ခဲ့ရသည်။

''ဘယ်ဖြစ်မလဲ သားရယ်။ သားဟာ အဖေတို့ရဲ့ တစ်ဦးတည်းမှ တစ်ဦးတည်းသော သားပါ။ သားဟာ အဖေတို့ရဲ့ မျိုးဆက်ကွယ်။ သားသာ ရဟန်းပြုသွားမယ်ဆိုရင် အဖေတို့ရဲ့ မျိုးဆက်ဟာပျက်ပြီ''

''ဟုတ်တယ် လူကလေး။ လူကလေးရဲ့အဖေပြောတာ အမှန်ပဲ။ လူကလေးသာမရှိဘူးဆိုရင် အမေတို့ မိဘဘိုးဘွား ဘီဘင်အဆက်ဆက်က ပိုင်ဆိုင်လာခဲ့တဲ့ ဥစ္စာငွေကြေး စည်းစိမ်တွေမှန်သမျှ ဆက်ခံမည့်သူမရှိသည့်အတွက် မင်းဘဏ္ဍာအဖြစ် သိမ်းပိုက်ခံရမှာ အမှန်ပဲ။ ဒီတော့ လူကလေးရယ် ကောင်းမှုပြုတယ်ဆိုတာ ရဟန်းဝတ်မှရယ် မဟုတ်ပါဘူး။ အမေတို့လိုလူအဖြစ်ကနေပြီး ကုသိုလ်ကောင်းမှုတွေပြုလည်းရတာပဲကွယ့်''

''မဟုတ်သေးဘူး အဖေနဲ့ အမေတို့ -- ၊သားဟာ သံသရာကကို ကင်းပြတ်ချင်တာ။ တရားထူး တရားစစ်တရားမှန်ကို ကိုယ်တိုင်သိအောင် ရှာဖွေချင်တာ။ ဒီတော့ ရဟန်းပြုပြီး တရားကျင့်မှကို ဖြစ်မှာမို့ပါ။ ဒါကြောင့် သားကို ရဟန်းပြုခွင့်ပေးကြပါ။''

''မပေးနိုင်ဘူးသား -- ၊ ဘယ်လိုမှ မပေးနိုင်ဘူး။ ငါတို့ မပေးသမျှ ရှင်ကြီးဂေါတမ အနေနဲ့ ဘယ်လိုမှ ငါတို့သားကို သက်နှံးဝတ်မပေးနိုင်ဘူး''

http://www.dhammadownload.com

ခဲလေသမျှတော့ သဲရေကျရလေမည်လား မသိ။

သည်မှာတင် သူသည် သန္ဓိဌာန်တစ်ခုချရတော့သည်။ ရဟန်းပြုခွင့်ရချင်ရ၊ မရပါက သည်နေရာမှ မထတော့ပြီ။ ဘာကျွေးကျွေးမစားတော့ပြီဟုဆိုကာ မြေကြီးပေါ်တွင်လှဲချလျက် အစာမစားဘဲ ဆန္ဒပြနေခဲ့တော့သည်။

တစ်ရက် -- ၊ နှစ်ရက်။

မိဘများအဖို့ မတုန်လှုပ်ခဲ့။ မစားရ မသောက်ရ၍ လွန်မင်းစွာဆာလောင်ပြီး အစာ ရေစာတောင်းလျက် ဆန္ဒလိုအင်တို့ ရုပ်သိမ်းသွားလိမ့်မည်ဟု ထင်ခဲ့သည်။

သို့သော်၊ သူတို့၏ ထင်မြင်ယူဆချက်သည် မှားယွင်းသွားခဲ့ပါပြီကော။ တစ်ပတ်ကြာတိတိ အစာရေစာ မစားမသောက်၊ မြေကမ္ဘာပေါ်မှလည်း မထလေတော့ အသက်အန္တရာယ် စိုးရိမ်ရလေပြီမို့ မိဘနှစ်ပါး စလုံးပင် သူလိုအင်ဆန္ဒကို လိုက်လျောခဲ့ရပါချေပြီ။ ထို့ကြောင့်ပင် သာမန်သူဌေးသားဘဝမှ ယခုလို ရဋ္ဌပါလ အဖြစ်သို့ ကူးပြောင်းခဲ့ရလေပြီ မဟုတ်လော။

ကောင်းကင် ကမ္ဘာမှာတော့ လကွေးကွေးသည် ငုပ်လျှိုးပျောက်ကွယ်သွားခဲ့ပါချေပြီ။

အရုဏ်မိုးသောက်လေပြီးတော့ ကိုယ်လက်သန့်စင် ပြုဖွယ်ကိစ္စတွေကိုပြုအပြီး သပိတ်ကို ပိုက်၍ ဇာတိရွာကလေးအတွင်းသို့ သူဆွမ်းခံဝင်သွားခဲ့ပြီ။

ရွာအတွင်းရှိ အိမ်တွေ တစ်အိမ်ပြီးတစ်အိမ်ရှေ့ ဆွမ်းရပ်ခဲ့သော်ငြား ဘယ်အိမ်ကမှ ဆွမ်းမရခဲ့။ နောက်ဆုံးမှာတော့ ခမ်းနားလှစွာသော အိမ်ကြီးတစ်ဆောင်ရှေ့၌ သူ ဆွမ်းရပ်လိုက်သည်။ ထိုအိမ်ကြီးက မည်သို့မျှ ပြောင်းလဲမသွားခဲ့။ သူရှိခဲ့စဉ်ကအတိုင်း ပြုပြုပြင်ပြင်မို့ ဘာဆို ဘာမျှအရာမယွင်းခဲ့။ အိမ်ဂေဟာ၏အလယ်ထပ်တွင် သူ့ဖခမည်းတော်သည် ဆတ္တာသည်ကို ခေါ်လျက် ဆံပင်များကိုရှင်းလင်း သုတ်သင်လျက်ရှိ၏။ သူကသာမှတ်မိသော်ငြား ဖခမည်းတော်ကမူ ဆွမ်းရပ်နေသော သူသားအား မြင်တွေ့ပါလျက် သူရင်နှစ်သည်းချာမှန်း ရိပ်မိပုံမပေါ်။ ထိုစဉ်မှာပင် ဖခမည်းတော်ထံမှ ရုန့်ရင်းလှစွာသော စကားလုံးတွေက ခုန်ပေါက်ထွက်ကျလာလေ၏။

''တောက်၊ ခေါင်းတုံးပြောင်ပြောင်နဲ့ ကျက်သရေမရှိလိုက်တဲ့ရဟန်းယုတ်။ ရောက်လာပြန်ပြီ။ ဒီလို ရဟန်းယုတ်တွေဟာ ငါ့ရဲ့တစ်ဦးတည်းသောသားကို ငါတို့ရင်ခွင်ထဲက၊ ငါတို့အသိုက်အမြုံထဲက ဆွဲထုတ်သွားကြတယ်။ တစ်စက်ကလေးမှ သဒ္ဓါလို့မရဘူး။ တစ်ခါမှ ဆွမ်းမလောင်းတာတောင် အမှတ်မရှိဘဲ--ဆွမ်းလာလာရပ်ကြသေးဗျား''

သူအဖို့ မိရင်း ဖရင်း၏ အိမ်ဂေဟာဝင်၌ ဆွမ်းလာရပ်ပါသော်ငြား မည်သည့်ဆွမ်းအစအနမျှပင်မရဘဲ ကြိမ်းမောင်းဆဲဆိုသော စကားလုံးများကိုသာ ရရှိလိုက်သည်။ ကိစ္စမရှိ။ ကောင်းဆိုးနှစ်တန်လောကဓံကို ခံနိုင်ရည်အပြည့်အဝရှိပြီးဖြစ်သည့် သူအဖို့အရာမတော့ မည်သို့မျှတုန်လှုပ်ခြင်းမရှိဘဲ အိမ်ဂေဟာတံခါးဝမှ ပြန်လှည့်ထွက်ဖို့ ပြင်လိုက်သည်။ ထိုစဉ်မှာပင် အဆိုပါ အိမ်ဂေဟာတံခါးဝမှ အစေခံမတစ်ယောက်သည် ပုပ်သိုးနေသည့် မုယောမုန့်ကို စွန့်ပစ်ရန်ထွက်လာသည်ကို တွေ့လိုက်ရလေသည်။ သည်ခဏ သူအဖို့ ဆွမ်းတစ်ဖွန်းမှ မရရှိသေးသည့်အဖြစ်ကြောင့် အစေခံမ, ရှိရာလှမ်းကြွလာခဲ့သည်။

''ငှဲနမ။ အဲသည် မုယောမုန့်တွေက ဘာလုပ်မှာပါလိမ့်''

''အရှင်ဘုရား-- သည်မုန့်တွေဟာ ညဥ့်လွန်သွားတဲ့အတွက်ပုပ်သိုး နံစော်နေပြီမို့ စွန့်ပစ်မှာပါ ဘုရား''

''သည်လိုစွန့်ပစ်ရမယ့် အတူတူ ငါရဲ့သပိတ်ထဲသို့ လောင်းထည့်လိုက်ပါလား နမရယ်''

''ဟင်''

မမျှော်လင့်သော စကားကိုကြားလိုက်ရသည်မို့ အစေခံမလေးခမျာ မျက်လုံးကလေးအဝိုင်းသား ဖြစ်သွားရလေသည်။ ပြီးတော့--၊ လက်ကလည်း အလိုလိုပင် သပိတ်ထဲလောင်းထည့်မိသား ဖြစ်သွားသည်။

''သာဓု---၊ သာဓု---၊ သာဓု---ငှဲ နမ''

''အို---''

သည်တစ်ခါမှာလည်း အံ့အားသင့်ရပြန်ပါပြီ။

အံ့အားသင့်ခြင်းနှင့် အတူ အံ့သြမှုတွေက ထပ်ဆင့်ဝင်ရောက် လာခဲ့၏။ သူမအဖို့ သူအား စေ့စေ့စပ်စပ် ကြည့်မိသည့်သမယ၊ တစ်ချိန်တုန်းက--၊ သည်အိမ်ကြီးဂေဟာမှ သခင်လေးမှန်း မှတ်မိသွားခဲ့သည်။ ထို့ကြောင့် ခပ်မြန်မြန် ခပ်သုတ်သုတ် အိမ်ဂေဟာတွင်းဆီသို့ ဝင်သွားလေတော့သည်။

ရဟန်းတို့မည်သည် သလုံးမြင်းခေါင်းကို အခြေပြုကာ ဆွမ်းခံ၍ စားရစမြဲ။

ဆွမ်းခံခြင်းဟူသည် စကားအရာ၌ ယဉ်ကျေးလှပါသော်လည်း အကယ်စင်စင်မှာမူ သပိတ်တစ်လုံးဖြင့် တောင်းခံစားသောက်ခြင်းပင် မဟုတ်ပါလော။ ဝိနည်း

http://www.dhammadownload.com

တော်နှင့်လျော်ညီစွာ ကူးခြေ သိက္ခာရှိရှိ အသက်မွေးဝမ်းကျောင်းသဖြင့် ဆွမ်းခံသူရော ဆွမ်းလောင်းသူပါ လွယ်ကူသက်သာသော အစီအမံ တစ်ရပ်ဟုဆိုရပါချိမ့်။ ဘုရားရှင်က ဆွမ်းခံရာ၌ ကိုယ်ဖြင့် ရပ်၍ ဆွမ်းခံခြင်းကိုခွင့်ပြုထားပါသည်။ နှုတ်ဖြင့် ဖွင့်ဟ၍တောင်းခံခြင်းကို မူကား ခွင့်ပြုတော်မမူခဲ့ပေ။ သို့ဆိုလျှင် သူသည် အဘယ်ကြောင့်နှုတ်ဖြင့် ဖွင့်ဟ၍ တောင်းခံခဲ့ပါသနည်း။

''ငါတောင်းခံတာဟာ သိမ်းဆည်းမယ့် ပစ္စည်းမဟုတ်ဘူး။ စွန့်ပစ်တော့မယ့်ပစ္စည်း''

သည်အတွက်တော့ သူ လိပ်ပြာသန့်ပါသည်။

လိပ်ပြာသန့်၍လည်း သိက္ခာသမာဓိတည်ကြည်စွာဖြင့်ပင် သူသည် ဆွမ်းစားဇရပ် တစ်ဆောင်ပေါ်သို့တက်ကာ ဆွမ်းဘုဉ်းပေးဖို့ပြင်ဆင်နေခဲ့ပါပြီ။

ထိုအချိန်မှာတော့ သူဌေးကြီးနှင့် အစေခံမတို့ခမျာ သူနှင့်ပတ်သက်၍စိတ်လှုပ်ရှားစရာတွေဖြစ်နေခဲ့ပါပကော။

''သေချာပါတယ် သခင်ကြီး၊ ရွှေစာ သခင်လေးကို ကောင်းကောင်းကြီး မှတ်မိနေပါတယ်။ သခင်လေးမှ သခင်လေး အစစ်ပါ''

''ဟေ ဟန်ကျလိုက်လေကွယ် ငါ့သားကို ငါလွမ်းနေတာနဲ့ အတော်ပဲ။ အဲ ငါ့သားဆိုတာ သေချာလို့ကတော့ ကောင်းသတင်းကို ဆောင်ကြဉ်းပေးတဲ့ညည်းကို အိမ်ကြီးကျွန်အဖြစ်ကနေ ကင်းလွတ်ခွင့်ပေးရုံမဟုတ်ဘူး၊ ဆုတွေ လာဘ်တွေတောင် ချဦးမကွဲ့ ရွှေစာ ---''

''ဝမ်းသာလိုက်တာ သခင်ကြီးရယ်''

''ကိုင်း အချိန်ရှိတုန်း ငါ့ သားနောက် လိုက်–လိုက်ဦးမယ် ရွှေစာ''

''ဟုတ်ကဲ့ သခင်ကြီး''

သူရှိနေသည့်ဆွမ်းစားဇရပ်ဆောင်သို့ ဖခင် သူဌေးကြီး ရောက်သွားသည့် သမယဝယ် သူသည် သပိတ်အတွင်းရှိ မုယောအသိုးများကို ဘုဉ်းပေးနေရလေပြီ။ လူဘဝရှိစဉ်တုန်းက အစားအသောက်နှင့် ပတ်သက်၍ ကောင်းပေ့, မွန်ပေ့,အဖိုးတန်ပေ့ဆိုသော အရသာရှိရှိ လတ်လတ်ဆတ်ဆတ် အာဟာရများသာ စားခဲ့ရသည်။ ယခု ဘုရားသားတော်ဘဝသို့ ရောက်ခါမှ မုယောမုန့်အသိုးကို စားသောက်နေရချေပြီ။ သို့ရာတွင် သူအဖို့ ထိုကွာခြားမှုအတွက် မည်သို့မျှ ခံစားရခြင်းအလျဉ်းမရှိခဲ့။ အစာအိမ်အတွင်းရှိ ပါစကတွေငြိမ်းစေဖို့ အစာကျွေးလိုက်ခြင်းသာ ဖြစ်တော့၏။ မည်သည့်အစာပင် ကျွေးရကျွေးရ၊ ပါစကမီးတွေ ငြိမ်းဖို့သည်သာ အဓိကပင်။

သည်သို့သူဘက်က ချမ်းမြေ့စွာခံစားနေခဲ့ငြား၊ မြင်ကွင်း အစအဆုံးကို တွေ့မြင်လိုက်ရသော ဖခင် သူဌေးကြီးအဖို့ရာတွင်မူ ရင်ဘတ်စည်တီးမျှ ကြေကွဲစွာခံစားနေရတော့သည်။ တရားရှိသူနှင့် တရားလက်လွတ်ငှက်တောင်ကျတ် သူတို့၏ ဆန့်ကျင်ဘက်ခံစားမှုလေလား။

''သား --- သား --- အဖေတို့ရဲ့သား''

အို၊ ဖြစ်မှဖြစ်ရလေတယ်သားရယ်––။ အဖေတို့ဟာ မိဘဘိုးဘွားဘီဘင်အဆက်ဆက်ကတည်းက ကျိုကျိုတက်ချမ်းသာလာခဲ့ကြတဲ့ သူဌေးမျိုးနွယ်တွေပါ။ သည်လိုမျိုး ချမ်းသာပါရဲ့ကနဲ့ ငါ့သားကျခါမှ ဘာဖြစ်လို့ မုယောမုန့်သိုးတွေကို စားနေရတာလဲဟင်။ သားမှာ ကိုယ့်အိမ်၊ ကိုယ့်ယာ၊ ကိုယ့်မိဘရှိနေတာပဲ မဟုတ်လား။ ဆာနေတဲ့အချိန် တက်စားလို့ရနေတာပဲကွယ်။ ဘာဖြစ်လို့ ကိုယ့်မိဘအိမ် မလာခဲ့တာလဲ''

''ဒကာကြီး၊ အိမ်ရာထူထောင် လူတို့ဘောင်က ရှောင်ခွာပြီး ရဟန်းပြုလာသူအတွက် အိမ်ဆိုတာ ဘယ်မှာရှိပါ့မလဲ။ ရဟန်းဆိုတာမျိုးဟာ အိုးအိမ်မရှိတဲ့သူတွေပါ ဒကာကြီး။

ကျုပ်ဆွမ်းခံကြွရင်း ဒကာကြီးအိမ်ရှေ့မှာ ဆွမ်းရပ်ခဲ့ပါသေးတယ်။ ဒါပေမယ့် ကန်တော့ဆွမ်းလေးတောင်မရဘဲ ဆဲရေးကြိမ်းမောင်းခြင်းကိုသာ ရခဲ့ပါတယ် ဒကာကြီး''

တင်လျှောက်သူက အမောတကော ဖြစ်နေသလောက် ပြန်ဖြေရှင်းသူကမူ အေးဆေးတည်ငြိမ်လှပါဘိ။

''ပြီးခဲ့တဲ့ကိစ္စတွေ ပြီးခဲ့ပြီလို့ဘဲ သဘောထားလိုက်ပါသားရယ်။ လာ ငါ့သား၊ အဖေတို့ အိမ်ကို သွားကြရအောင် သားအတွက် ကောင်းမွန်တဲ့ဆွမ်းတွေ အဖေတို့ ထပ်စီစဉ်ပေးမှာပေါ့''

''သည်းခံပါ ဒကာကြီး သည်းခံပါ။ ကျုပ်မှာ တရားအလုပ်တွေ လုပ်စရာရှိပါတယ်။ သည်ကနေ့အဖို့လည်း ဆွမ်းကိစ္စဟာ ပြည့်စုံပြီးမြောက်သွားပါပြီ''

''ဒါဖြင့် မနက်ဖြန်ကျရင် အဖေတို့အိမ်ကို ဆွမ်းစားကြွဖို့ ဖိတ်ပါတယ် ငါ့သား''

သူ ဘာမှ ပြန်မပြောတော့။ အသာပင် ဆိတ်ဆိတ်ငြိမ်သက်နေလိုက်၏။ ဆိတ်ဆိတ်နေခြင်းကား

http://www.dhammadownload.com

လက်ခံလိုက်သည့် သဘောမဟုတ်ပါလား။

ခမည်းတော်ကြီး၏အိမ်ဂေဟာသို့အရောက် ခင်းထားသောနေရာတွင် သူ ထိုင်လိုက်သည်။ ခမည်းတော်ကြီးကား ဘာတွေ ဘယ်လိုစဉ်ထားလေသည် မသိ၊ သူထိုင်နေရာပတ်ပတ်လည်မှာတော့ ရွှေပုံတွေ၊ ငွေပုံတွေ၊ ကျောက်သံပတ္တမြားပုံတွေက အစီအရီ။

"ကြည့်စမ်း ငါ့သား၊ အဲသည်ပစ္စည်းတွေ ဆိုတာ ငါ့သားရဲ့ အမေဘက်က ပစ္စည်းတွေပဲ ရှိပါသေးတယ်။ အဖေ့ဘက်က ပစ္စည်းတွေဆိုတာ မနည်းမနော်ဘူး။ နောက် သားရဲ့အဘိုးထားခဲ့တဲ့ အမွေပစ္စည်းတွေ ဆိုတာကလည်း အများကြီးမှ တကယ့်ကိုအများကြီး။ သည်ပစ္စည်းတွေ ရှိနေလို့ကတော့ ဟောသည် လူဘောင်လောကကြီးထဲမှာ မပူမပင် မကြောင့်မကြ၊ မတောင့်မတဘဲနဲ့ နေနိုင်ပါတယ်သား။ ကုသိုလ်ကောင်းမှုတွေကိုလည်း စိတ်တိုင်းကျပြုလုပ်နိုင်ပါတယ် သား"

ဖခမည်းတော်ကြီးက ဥစ္စာဖြင့် ဖြားယောင်းလာလေပြီ။ သူကမူ တည်တည်ငြိမ်ငြိမ်။

"ဒါဆို ဒကာကြီးကို ကျုပ်ပြောပါမယ်။ ကျုပ်ပြောမယ့်စကားတစ်ခွန်းကို လက်ခံနိုင်ပါ့မလား"

သူ၏ ဖြားယောင်းမှု၌ သားဖြစ်သူ စိတ်ဝင်စားသွားပြီဟု မှတ်ယူကာ သူဌေးကြီး၏ မျက်နှာသည် ရုတ်ခြည်းပင် ဝင်းပသွားလေတော့၏။

"လက်ခံနိုင်တာပေါ့ သား‌ရဲ့။ ကိုင်း ဘယ်လို စကားပါလိမ့်"

"ဟုတ်ပြီ ဒကာကြီးပြောတဲ့ ပစ္စည်းဥစ္စာတွေ မှန်သမျှကို လှည်းတွေပေါ်တင်လိုက်ပါ"

"ကိုင်း သားအလိုကျတင်လိုက်ပြီးပြီဆိုပါတော့၊ အဖေ ဘာဆက်လုပ်ရမလဲ"

"လုပ်ရမှာကတော့ အဲသည်ပစ္စည်းတွေကို ဂဂိုမြစ်ထဲသွားပြီးစွန့်ပစ်လိုက်ဖို့ပါပဲ ဒကာကြီး"

"အို---"

သူဌေးကြီးအဖို့ မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်သွားလေ၍ ချက်ချင်းဆိုသလိုပင် မျက်နှာတစ်ခုလုံး အိုကျသွားခဲ့သည်။ ကိစ္စမရှိ၊ တစ်ကွေ့လှော်မရ၊ ကျန်တစ်ကွေ့လှော်ရမည်ဟု အစီအစဉ် ရေးဆွဲထားရလေကား ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသည့် ချွေးမဟောင်း နှစ်ယောက်ကိုတိမ်းငဲ့လျက် မျက်စပစ်ပြလိုက်သည်။ နဂို၌ ကြွေ့ရှင်းလှသောအရွယ်ပို့ မိန်းမရွယ်နှစ်ဦးကား လူဘဝ တုန်းဆီက သူနှင့်ဒွေးနှစ်ဖော် သံဝါညီခဲ့ကြသူ မယား ဟောင်းများပင်ဖြစ်ကြလေ၏။ သူတို့သည် သူတစ်ချိန်က နှစ်သက်စွဲလန်းခဲ့သော အဝတ်အစားတန်ဆာများ ကို ဝတ်ဆင်လျက် အမွှေး နံ့သာတကြိုင်ကြိုင် တလိုင်လိုင်ဖြင့် သူ၏ ခြေတစ်ဘက်စီကို တိုင်ပင်ထားသည့် အလား ပွေ့ပိုက်လိုက်ကြသည်။

"အို မောင်မောင်၊ မောင်မောင်ဟာ နန္ဒ ကိုယ်တော်ကြီးလို နတ်သမီးတွေကိုအလိုရှိလို့ ရဟန်း ပြုတယ်ဆိုတာ ဟုတ်သလားဟင်။ ခု နတ်သမီးတွေကို ရနေပြီလား။ နတ်သမီးတွေရဲ့ အဆင်းအသွင် ရုပ်လက္ခဏာဟာ ဘယ်လိုရှိသလဲဟင်"

"နှမတို့ ငါဟာ နတ်သမီးတွေကို အလိုရှိလို့ ရဟန်းပြုခဲ့တာ မဟုတ်ပါဘူး"

တစ်ချိန်တုန်းဆီက 'မောင်မောင်'တို့ 'ချစ်ရှင်မ' တို့ဆိုသော အသုံးအနှုန်း ဝေါဟာရတို့သည် ယခုအခါ မှာတော့ ရေမှာရေးသည့် အရုပ်တွေဖြစ်ခဲ့ကြပါပကော။ သည်ပြောင်းလဲခြင်းကပင် သူမ,သူမတို့၏ မြူဆွယ်ခြင်းကို အနားသတ် တစ်ခန်းရပ်ပေးလိုက်သည့် သဘောပင်။

"ကိုင်း ဒကာကြီး ဆွမ်းကပ်စရာရှိရင် ကပ်ပါလော့ ကျုပ်မှာတရားအလုပ်တွေ လုပ်စရာရှိပါ သေးတယ်။ ရွှေငွေဥစ္စာ၊ မာတုဂါမတွေဟာ ကျုပ်အဖို့ ဘာမှ ထူးမလာတော့ပါဘူး"

"ကောင်းပါပြီ ချစ်သား ကောင်းပါပြီ"

ဘယ်လိုမှပြုပြင်ပြောင်းလဲခြင်းငှာမဖြစ်တော့ ပြီမို့ သူဌေးကြီးအပါအဝင် အိမ်သူအိမ်သား အပေါင်း လည်း သက်ပြင်းကိုယ်စီချ လျက်ဆွမ်းလုပ်ကျွေးကြတော့ သည်။ ဆွမ်းကိစ္စများ ပြီးစီးလေသောအခါ သူသည် ဂါထာ တစ်ပုဒ်ကို ကျူးရင့် လိုက်၏။

"မုဆိုးဟာ ကျော့ကွင်းကို ထောင်ခဲ့ပါတယ်။ သားသမင်ကတော့ ကျော့ကွင်းကို ရှောင်ရှားလို့ အစာရေစာ တွေစားသောက်ပြီး၊ သမင်ဖမ်းမုဆိုးတို့ ပူဆွေးနေကြတုန်း တောထဲဝင်သွားသလို ငါလည်း ဘေးကင်းရာ ဘေးလွတ်ရာကို သွားပါပြီ"

အားလုံးသည် တန်ခိုးတော်အဟုန်ဖြင့် သူစွာန် ကြွသွားသည်ကို အံ့မခန်းငေးကြည့်ကာ ကျန်ရစ်ခဲ့ကြ လေတော့၏။

http://www.dhammadownload.com

သည်သတင်းစကား တစ်ဆင့်နားမှ တစ်ဆင့်နားသို့ ကူးပြောင်းရင်း ကောရဇျမင်းကြီးထံရောက်ရှိသွားလေသည်။ မင်းကြီးသည် သူ ရဋ္ဌပါလ သတိုးသား ဘဝကတည်းက တူသဖွယ်၊ သားသဖွယ် ချစ်ခင်လာခဲ့သူဖြစ်သည်။ အိုမင်းမစွမ်းအရွယ်ရောက်တော့ ငယ်ရွယ်နုနယ်ပါသေးလျက် တရားရနေသော၊ ရဟန်းကိစ္စတွေပြီးနေသော ရှင်ရဋ္ဌပါလကို တွေ့ချင် ဖူးချင်နေခဲ့သည်။

ယခု သူဥယျာဉ်ထဲမှာ သီတင်းသုံးနေကြောင်း ကြားသိရသောအခါ ရေကန်အသင့် ကြာအသင့် ဖြစ်ရပါလေပြီ။ ထို့ကြောင့် နောက်ပါအနည်းငယ်နှင့် ဥယျာဉ်တော်သို့ထွက်ခဲ့သည်။ ရှင်ရဋ္ဌပါလကိုတွေ့လျင် သူတွင်ပါလာသော ဆင်တင်ကော်ဇောကြီးကို ဖြန့်ခင်းလိုက်ပြီး နောက်---၊

''အရှင်ဘုရား ကော်ဇောပေါ် ထိုင်တော်မူပါဘုရား''

''သည်းခံလေ့ မင်းကြီး၊ ကျွန်ုပ်အတွက် ပြည့်စုံနေပါပြီ။ သင်မင်းကြီးသာ ထိုင်တော်မူပါ''

သူ၏ထိုင်စရာအခင်းကား သစ်ရွက်ခြောက်၊ မြက်ခြောက်များသာတည်း။ ကိုယ့်နေရာကိုယ်ရှိပြီးရကား ပယ်ရှားလိုက်သည့်သဘောပင်။ မင်းကြီးသည် ကော်ဇောပေါ်ထိုင်လျက် ရှင်ရဋ္ဌပါလအား ကြည်နူးစွာ ဖူးမြော်လိုက်သည်။

''အရှင်ဘုရား တပည့်တော်ဆန္ဒရှိသည်တို့ကို မေးလျှောက်ပါရစေဘုရား''

''ခွင့်ပြုပါတယ် မင်းကြီး''

''အရှင်ဘုရား အိုခြင်း၊ နာခြင်း၊ ပစ္စည်းဥစ္စာများဆုံးပါးခြင်း၊ ဆွေမျိုးဉာတကာတို့ ပျက်စီးရခြင်း ဆိုတဲ့ လေးမျိုးသော ဆုတ်ယုတ်ခြင်းတို့ကြောင့် လူများစွာဟာ ရဟန်းပြုခဲ့ကြပါတယ်။ အရှင်ဘုရားကျ တော့ အရွယ်အားဖြင့်လည်း နုပျိုပါသေးတယ်။ အနာဂင်းစွာကျန်းမာလျက်ရှိပါသေးတယ်။ ပစ္စည်းဥစ္စာ ဆုံးပါးခြင်းလည်း မရှိသေးပါ။ ဆွေမျိုးဉာတကာတို့ ပျက်စီးခြင်းလည်း မရှိသေးပါ။ သည်လိုမျိုး အဘက်ဘက်က ပြည့်စုံနေပါလျက်ကယ်နဲ့ အရှင်ဘုရားကျတော့ ဘယ်လိုမျိုး တရားသဘောကိုသုံးသပ်မိလို့ ရဟန်းပြုတော်မူခဲ့ရတာပါလဲ ဘုရား''

မေးလျှောက်မည်ဆိုလည်း မေးလျှောက်စရာပင်။

အများတကာ နားလည်းထားကြသည်က အိုမှု၊ နာမှု၊ လောကဓံ၏ အရိုက်အပုတ် အထုအထောင်းကိုခံရမှု၊ သေကြေပျက်စီးသည်ကို ကိုယ်တွေ့ကြုံဆုံရပါမှ တရားဘက် လှည့်ကြသည်မှာ ဓမ္မတာပင်။ ယခု ရှင်ရဋ္ဌပါလအဖြစ်ကတော့ ထူးနေသည်မဟုတ်ပါလော။

''အရှင်မင်းကြီး ပူဇော်အထူးကို ခံယူထိုက်တော်မူတဲ့ မြတ်စွာဘုရားရှင်က တရားတော်လေးပုဒ်ကို ဟောကြားတော်မူခဲ့ပါတယ်။ အဲဒါတွေကတော့

''လူဘောင်လောကဟာ အိုတဲ့ဘက်၊ သေတဲ့ဘက်ဆီသို့သာ၊ တစ်ရက်ပြီးတစ်ရက် နီးကပ်လာနေပါတယ်။ မြဲမြံခိုင်မာတဲ့ သဘောမရှိပါဘူး။''

''လူဘောင်လောကဟာ ဘေးရန်လုံအောင် စောင့်ရှောက်နိုင်စွမ်းမရှိပါဘူး။ စိတ်တိုင်းကျစေစားနိုင်တဲ့သဘောမျိုးလည်းမရှိပါဘူး။''

''လူ့ဘောင်လောကဟာ ကိုယ်ပိုင်ဥစ္စာဆိုလို့ မရှိပါဘူး။ သေပြီဆိုတာနဲ့အားလုံးကို ထားရစ်ခဲ့ရမှာပါပဲ''

''လူဘောင်လောကဟာ အမြဲတမ်း 'လို' အပ်နေတာချည်းပါပဲ။ မြင့်မိုရ်တောင်ကြီးလောက် ပုံပေးတဲ့ တိုင်အောင် ရောင့်ရဲနိုင်ခြင်းဆိုတာ မရှိပါဘူး။ တဏှာရဲ့ ကျေးကျွန်တွေသာဖြစ်ကြပါတယ်။''

''အဲသည်တရားလေးပုဒ်ကိုကြားနာခဲ့ပြီးတဲ့နောက်ပိုင်း အထပ်ထပ်ဆင်ခြင်ပြီး တရားသံဝေဂယူလို့ ငယ်ငယ်ရွယ်ရွယ်နဲ့ပဲ ရဟန်းဘောင်ထဲ ဝင်လာခဲ့ပါတယ် မင်းကြီး''


''သာဓု---သာဓု--သာဓု--ပါဘုရား အရှင်ဘုရား မိန့်ကြားလို့ လောကလူ့ဘောင်ရဲ့ မမြဲတဲ့တရားတွေကို သိရကြားရပါပြီဘုရား။ သည်တရားတော်လေးပုဒ်ဟာဖြင့် သံသရာက လွတ်မြောက်စေဖို့ တပ်လှန့်သံတွေအဖြစ် နားလည်လိုက် ပါပြီဘုရား''

ဥယျာဉ်တော်အတွင်းမှာတော့ လေညှင်းကယခုမှပို၍ သုန်လာသည်ထင်ရ၏။ လေညှင်းပို၍သုန်လာတော့လည်း ပန်းဝတ်မှုန်တွေအစီအရီဆင့်လျက် လေသင့်တိုင်းမွှေးနေ ထုံနေတော့မည်သာတည်း။

■ နန္ဒာမိုးကြယ်

♦ ♦ ♦

http://www.dhammadownload.com



သူတော်ကောင်းတရား ပြန့်ပွားစေသူ

အရှင်ရေဝတ

(သာသနာ့ပျိုးခင်း)

မြတ်စွာဘုရားရှင်၏ သာဝကများတွင် သုဘဒ္ဒ ရဟန်းကြီးသည် နောက်ဆုံးသာဝက ရဟန္တာမထေရ် မြတ်ကြီးအဖြစ် သိပြီးဖြစ်ကြသည်။ သုတ်မဟာဝါ ပါဠိတော်သုဘဒ္ဒသုတ်၌ မြတ်စွာဘုရားရှင်၏ ဟောကြား ချက်အပြည့်အစုံကို တွေ့ရမည်ဖြစ်သည်။ ထိုဟောတော် မူချက်များတွင် ''အဂ်ါရှစ်ပါးရှိသော အရိယမဂ်မရှိသည့် သာသနာတော်သည် ကိလေသာငြိမ်းပြီးသော သောတာပန် ရဟန်းသည်မရှိနိုင်ခဲ့'' ဟုတွေ့ရသည်။ ထို့ကြောင့် သောတာပန်ပင် မရှိလျှင် သကဒါဂါမ်, အနာဂါမ်, ရဟန္တာ များကို တွေ့နိုင်ဖို့ကား ပိုပြီး မရှိနိုင်တော့ပေ။

သို့ဆိုလျှင် မြတ်ဗုဒ္ဓသာသနာတော်သည် မဂ္ဂင် ရှစ်ပါးရှိနေသေး၍ သောတာပန်စသော အရိယာများ ရှိနိုင်သည်မှာ မုချဖြစ်သည်။ ထို့ကြောင့်လည်း ယခု အချိန်တွင် အရိယာကို မတွေ့မမြင်ရသော်လည်း ရှိနေ သေးသည်ဟု မုချ ယုံကြည်ရပေသည်။

သို့ဖြစ်၍ မဟာဝါပါဠိတော်မှာ ဟောထားသည့် ''ကွမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ'' ဟူသော စကားရပ်ကို ''ရဟန်းတော်များသည် မြတ်စွာဘုရားရှင်၏ ညွှန်ပြတော် မူသော မဂ္ဂင်ရှစ်ပါးကို ကျင့်ကြံအားထုတ်နေသေးသမျှ ရဟန္တာအရိယာတို့ မဆိတ်သုဉ်းပေ'' ဟု ရိုးရိုးရှင်းရှင်း နားလည်ထားပါသည်။

အမှန်မှာ ထိုထက်ကျယ်ပြန့်သော အဓိပ္ပါယ်ကို ဆောင်ပါသေးသည်။ ထိုအဓိပ္ပါယ်ကို မဟာစည် ဆရာတော်ဘုရားကြီး၏ ''ရှစ်ဖြာမဂ္ဂင်နိဗ္ဗာန်ဝင်'' တရားတော်ကို ဖတ်ရှုလိုက်ရသောအခါ ပို၍ နားလည် သွားပါသည်။ ဖော်ပြပါပါဠိစကားတို့တွင် သမ္မာဝိဟ-ရေယျုံကို နားလည်မှ ပိုမို ရှင်းလင်းပေလိမ့်မည်။ သမ္မာ ဝိဟရေယျုံ-ဆိုသည် မှာ ''ကောင်းမွန်စွာ နေထိုင် ကျင့်ကြံသွားကြမည်ဆိုလျှင်'' ဟု အဓိပ္ပါယ်ရသည်။

ထို့ကြောင့်ကောင်းကောင်းမွန်မွန်နေထိုင်ခြင်း ဆိုသည်မှာ သူတော်ကောင်းများက ကိုယ့်တရားကိုယ် နှလုံးသွင်းပြီးနေထိုင်ခြင်းကို ဆိုလိုသည်မဟုတ်ပါ။ ထိုသို့ အေးဆေးတည်ငြိမ်စွာနေထိုင်ခြင်းဖြင့် အရိယာများ တိုး

http://www.dhammadownload.com

ပွားလာမည် မဟုတ်ပါ။ မဂ္ဂင်ရှစ်ပါးတရားများကို အဆင့်ဆင့် ဟောကြားပြီး ကျင့်ကြံနိုင်စေကြရပေမည်။ သို့မှသာ အရိယာများအဆက်မပြတ်ဖြစ်ပြီး သောတာပတ္တိမဂ်စသည် ရရှိပြီးသောရဟန္တာများ မဆိတ်သုဉ်းဘဲ ရှိနေနိုင်ပါသည်။ မည်သို့အဆက်မပြတ်ဖြစ်စေရမည်နည်းဟုဆိုလျှင် သောတာပန်ရရှိပြီးသော ပုဂ္ဂိုလ်သည် မိမိရရှိထားသော တရားထူးကို သူတစ်ပါးအား ပြောသင့်သမျှ စိတ်ပါဝင်စားမှု ရှိလာအောင် ပြောဆိုညွှန်ပြရပါမည်။ ပြောပြရမည် ဆိုသည်မှာ ''ငါမှာတော့ ဒီတရားတွေရနေပြီ''ဟု ပြောဆိုရမည်မဟုတ်ပါပေ။ မဂ္ဂင်ရှစ်ပါးကိုမည်သို့မည်ပုံ ကျင့်ကြံရမည်၊ ပွားများရမည်၊ အားထုတ်ရမည်ဟု နည်းပေးလမ်းပြပွားများကျင့်ကြံစေရပါမည်။ ထိုသို့ပြောပြ အားထုတ်စေလိုက်သည့်အတွက်အခြားသူမှာ သောတာပန် ဖြစ်သွားလျှင် ပြောဆိုတိုက်တွန်းပေးသော ပထမ သောတာပန်ပုဂ္ဂိုလ်သည် ရဟန္တာမဆိတ်သုဉ်းစေရန် ကောင်းမွန်စွာ နေထိုင်ခြင်းမည်ပါသည်။ ဆိုလိုရင်းမှာ သောတာပန်တစ်ယောက်က သောတာပန် တစ်ယောက် ထပ်မံဖြစ်ပွားစေခြင်းပါတည်း။ ထိုသို့ ပွားများလာလျှင် သောတာပန်များ အဆက်မပြတ် ဖြစ်ပေါ်လာပါလိမ့်မည်။ ထိုသောတာပန်များက သကဒါဂါမ်၊ အနာဂါမ်ဖြစ်ပြီး ရဟန္တာအဖြစ်သို့ ရောက်ရှိသွားနိုင်ပါသည်။ ထို့အတူ သကဒါဂါမ်ပုဂ္ဂိုလ်စသည်များကလည်း တစ်ပါးစီ၊ တစ်ပါးစီးပွားများစေခဲ့ရပါမည်။ သို့ဖြစ်၍ သကဒါဂါမ်အသစ်၊ အနာဂါမ်အသစ်၊ ရဟန္တာအသစ်တို့ တိုးပွားလာလျှင် လောကသည် ရဟန္တာတို့မှ မဆိတ်သုဉ်းနိုင်တော့ပေ။ ထို့ကြောင့် မဂ္ဂင်ရှစ်ပါးရှိသော သာသနာတော်သည် အရိယာရဟန္တာတို့ မဆိတ်သုဉ်းနိုင်ကြောင်း မှတ်ရပါမည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်မစံဝင်မီကလည်း အရှင်အာနန္ဒာမထေရ်အား ''**ချစ်သား အာနန္ဒာ၊ ငါဘုရားသည် သုတ်အဘိဓမ္မာကိုလည်း ဟောကြားခဲ့ပြီးပြီ၊ ဝိနည်းဥပဒေကိုလည်း ပညတ်တော်မူခဲ့ပြီးပြီ၊ ငါဘုရား လေးဆယ့်ငါးဝါလုံး ဟောကြားပညတ်ခဲ့သော သုတ် အဘိဓမ္မာဝိနည်းတို့သည် ငါဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသောအခါ သင်ချစ်သားတို့၏ သက်တော်ထင်ရှား ငါဘုရား၏ကိုယ်စား ဆုံးမပေးမည့် ဆရာဗုဒ္ဓဖြစ်ပေလိမ့်မည်**''ဟု ပဋ္ဌကတ်တော်များကို ဘုရားရှင်၏ ကိုယ်စားအဖြစ် ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။

ထိုဗျာဒိတ်စကားတော်ကို ထောက်၍ ပဋ္ဌကတ်တော်များမကွယ်ပျောက်ရအောင် စောင့်ရှောက်ရမည်ဖြစ်ကြောင်း သိရှိနိုင်ပေသည်။ ထိုစကားရပ်များကို ဆက်စပ်ကြည့်လျှင် သူတော်ကောင်းတရား ပြန့်ပွားရန်မှာ မိမိသိထား၊ တတ်ထားသမျှကို အခြားသူအား ဟောပြခြင်း၊ ဆိုဆုံးမခြင်း၊ ပြန်လည်ပို့ချပေးခြင်း၊ ကျင့်ကြံအားထုတ်ပွားများစေခြင်းပင် ဖြစ်သည်။ သို့ဖြစ်၍ ယခုမွေးနေ့ရှင် ဆရာတော်သည်လည်း သာသနာတော်၏ အဓိကဖြစ်သော ပရိယတ္တိသာသနာတော်ကို စာပေပို့ချခြင်းဖြင့် စောင့်ရှောက်တော်မူလျက်ရှိပေသည်။

ပရိယတ္တိသာသနာတော်သည် ပဋိပတ္တိဓမ္မ၊ ပဋိဝေဓဓမ္မတို့၏ ရေသောက်မြစ်သဖွယ် ဖြစ်ပါသည်။ နေမင်းပေါ်ထွက်လာသည့်အခါ အလင်းရောင်ကို မြင်နေကြရသကဲ့သို့ ပရိယတ္တိဓမ္မဟူသော ပိဋကသုံးပုံမကွယ်မပျောက် ထွန်းလင်းကာ တည်ရှိနေသမျှ ပဋိပတ္တိဓမ္မ၊ ပဋိဝေဓဓမ္မတို့လည်း အစဉ်ထွန်းပနေမည်ဖြစ်၍သာသနာ့အလင်းသည် ထွန်းပြောင်ပဝင်း ထိန်လင်း တောက်ပနေမည်သာတည်း။ သာသနာတော်တည်ကြောင်း ငါးရပ်တွင် စာပေပရိယတ္တိကို ပို့ချပေးခြင်းလည်း ပါဝင်ပါသည်။

သို့ဖြစ်၍ ရွှေရတုမွေးနေ့ရှင်ဆရာတော်သည် များစွာသောစာသင်သားတို့အား ပိဋကတ်ပင်လယ်ကို ကူးခတ်နိုင်စေရန်အတွက် ပထမပြန်စာမေးပွဲ ဆိုင်ရာ ငယ်လတ်ကြီးစာဝါများကိုသာ ပို့ချသည်သာမက စာချုတန်းဆိုင်ရာ စာဝါများကို ပို့ချပေးလျက်ရှိသည်။ ထိုသို့ စာပေပရိယတ္တိကို ပို့ချပေးခြင်းတို့သည် မြတ်ဗုဒ္ဓ၏ ဒေသနာတော်အရ မဂ္ဂင်ရှစ်ပါးအကျင့်မြတ်ကို ပွားများစေရန် တိုက်တွန်းခြင်းလည်းမည်၏။ ဟောပြောခြင်း လည်းမည်၏။ မဂ္ဂင်ရှစ်ပါးကို ကျင့်ကြံပွားများသူမရှိပါက သာသနာတော်သည် အဆက်ပြတ်၍ ကွယ်ပသွားပေလိမ့်မည်။ ထိုသာသနာတော်ကို စောင့်ရှောက်ရန်မှာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ၏ တာဝန်ဖြစ်သည်။ ယခုခေတ်၌ ရဟန်းသံဃာများစွာရှိသော်လည်း အားလုံး ပရိယတ္တိကို ပို့ချသော ပုဂ္ဂိုလ်များချည်း မဟုတ်ပေ။ ထိုမှအခြားသော ပုဂ္ဂိုလ်များက ပဋိပတ်ကို ကျင့်ကြံပွားများစေခြင်း၊ တရားဓမ္မဟောပြောခြင်းများဖြင့် သာသနာပြုကြသည်။

အချို့ ပုဂ္ဂိုလ်များမှာ သာသနာတော်နှင့် မအပ်စပ်၊ မသက်ဆိုင်သော အလုပ်များကို လုပ်ဆောင်လျက်ရှိသည်။ ဝိနည်းသိက္ခာပုဒ်များကို လိုက်နာခြင်းမရှိ။ ခုရနှစ်ဖြာကိုပယ်စွန့်ကာ ဘုရားရှင်၏ အလိုတော်နှင့် မကိုက်ညီသော ဓာတ်ရိက်၊ ဓာတ်ဆင်၊ ပေဒင်၊ ယတြာ၊ ဂါထာ

http://www.dhammadownload.com

ပရိယတ္တိသာသနာတော်သည် ပဋိပတ္တိဓမ္မ၊ ပဋိဝေဓဓမ္မတို့၏ ရေသောက်မြစ်သဖွယ်ဖြစ်ပါသည်။ နေမင်းပေါ်ထွက်လာသည့်အခါ အလင်းရောင်ကို မြင်နေကြရသကဲ့သို့ ပရိယတ္တိဓမ္မဟူသော ပိဋကသုံးပုံ မကွယ်မပျောက် ထွန်းလင်းကာ တည်ရှိနေသမျှ ပဋိပတ္တိဓမ္မ၊ ပဋိဝေဓဓမ္မတို့လည်း အစဉ်ထွန်းပနေမည်ဖြစ်၍သာသနာ့အလင်းသည် ထွန်းပြောင်ပဝင်း ထိန်လင်း တောက်ပနေမည်သာတည်း။ သာသနာတော်တည်ကြောင်း ငါးရပ်တွင် စာပေပရိယတ္တိကို ပို့ချပေးခြင်းလည်း ပါဝင်ပါသည်။

မန္တရား စသည်များဖြင့် ကုလဒူသနအနေသနအမှုများ ပြုလုပ်ဆောင်ရွက်ကြကာ သာသနာပြုအမည်ခံနေကြသေးသည်။ ဤသို့ သာသနာတော်ကို ခုတုံးလုပ်၍ စားဝတ်နေရေးရှာနေသူများ ကင်းပျောက်သွားစေရေးသည် သာသနာတော်၌ ပရိယတ္တိဝန်ဆောင်၊ ပဋိပတ္တိဝန်ဆောင်များ များပြားစွာရှိနေမှ ဖြစ်ပါလိမ့်မည်။ ပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ်များကသာ ဗုဒ္ဓအလိုတော်အတိုင်း ဆောင်ရွက်ဟောပြောပို့ချနိုင်သော သာသနာပြုစစ်စစ် ပုဂ္ဂိုလ်များပေါ်ထွက်လာအောင် ဆောင်ရွက်နိုင်ပေလိမ့် မည်။ သို့မှသာ သာသနာတော်သည် မကွယ်ပျောက် မပျက်စီးဘဲ သန့်ရှင်းစွာဖြင့် အရှည်တည်တံ့နိုင်ပေ လိမ့်မည်။

ဆရာတော်၏ ဂန္ဆဓုရကို ဖြည့်ကျင့်မှုသည်များစွာသော ရှင်ရဟန်းတို့အား ပရိယတ်စာပေလောကကို ကူးခတ်ဝင်ထွက်သွားလာနိုင်ပေသည်။ မှန်ကန်သော ပရိယတ်အယူအဆကို တွေ့ရှိခွင့်ရခဲ့ပေသည်။ ပရိယတ်ကို ဖြောင့်မှန်စွာ ယူတတ်မှသာလျှင် မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ကို မှန်ကန်စွာ ကျင့်ကြံနိုင်ပေမည်။ သို့မှသာ သာသနာပြုသူရဲကောင်းတို့သည် စာပေပို့ချရာ၌ဖြစ်စေ၊ တရားဓမ္မဟောပြရာ၌ဖြစ်စေ ရဲရင့်ပွဲတင့်ကြပေလိမ့်မည်။ ဆရာတော်၏ တပည့်များသည် ယခုအခါ မြန်မာပြည်တနံ့တလျားမှာသာမက ကမ္ဘာသို့ပါ သာသနာပြုလျက်ရှိကြပေသည်။ သူတော်ကောင်းစကားပြန်ပွားစေခြင်း၏ ပြယုဂ်ပင် ဖြစ်ပါသည်။

ဆရာတော်သည် စာပေပရိယတ္တိကိုနှစ်ပေါင်းသုံးဆယ်ခန့် ပို့ချလာခဲ့သည်။ ထိုဆရာတော်ပို့ချသော ဝါကျဥယျာဉ်ကျမ်းများသည် စာချုတန်းအောင်ရန်အတွက် သာမဟုတ်ပေ။ စာဖတ်သူတို့အား ဟင်းစားပေးထားသည်သာမက ပရိယတ်အားလုံးကို လေ့လာနိုင်ရန် ကွန်ချက်ပြနည်းများလည်းဖြစ်သည်။ ထို့ပြင် ဆရာတော် ထံမှောက်သို့ စာဝါလာ၍ မလိုက်နိုင်ကြသော စာသင်သားများစွာတို့အတွက်လည်း ဓမ္မာစရိယစာချုတန်း ဆိုင်ရာကျမ်းစာအုပ်များ ရေးသားဖြန့်ဝေပေးလျက် ရှိပေသည်။ ထိုကျမ်းစာအုပ်များသည် စာသင်သားတိုင်း အတွက် မရှိမဖြစ်လိုအပ်သော ကျမ်းစာများဖြစ်သည်။ စာချုတန်းစာသင်သားမှန်လျှင် ဝါကျဥယျာဉ်ကျမ်းများနှင့် ကင်းဖူးကြလိမ့်မည် မဟုတ်ပေ။ ဤသို့ပြုလုပ်ဆောင်ရွက်ခြင်းသည် သူတော်ကောင်းစကားများကို ဖြန့်ဝေပေးခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ ကျမ်းပြုစာချရင်းဖြင့် သာသနာပြုတာဝန်များစွာကို ထမ်းဆောင်နေတော်မူသော ဓမ္မာစရိယတက္ကသိုလ်၏ နာယကချုပ်ဆရာတော်သည် ရွှေရတုမွေးနေ့မှသည် နောင်ရတုများစွာတိုင် သာသနာ့ တာဝန်များကို ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် ဆောင်ရွက်တော်မူနိုင်ပါစေကြောင်း ဆုတောင်းစကားလည်း လျှောက်ကြားလိုက်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ဆရာတော်သည် သူတော်ကောင်းစကား၊ သူတော်ကောင်းတရားများကို ပြန့်ပွားစေသူအဖြစ် မှတ်တမ်းတင်ဂုဏ်ပြု ကြည်ညိုဂါရဝပြုလိုက်ရပေတော့သည်။

■ **အရှင်ရေဝတ** (သာသနာ့ပျိုးခင်း)


♦ ♦ ♦

http://www.dhammadownload.com

BIOGRAPHY OF

Venerable Bhaddanta Sucittã Bhivamsa

Rector- Sayadaw of the
Alodawpyeit Dhammãcariya University



A BRIEF BIOGRAPHY OF VENERABLE BHADDANDA SUCITTÃ BHIVAMSA

The Venerable Sucittã Bhivamsa was born at the Tha-yet-taung village, Myepon Township, Rakhine State. Parents; U Shwe Mya Aung and Daw Nyo Hnin. The date of birth ; March waxing mon of the 8th day of 1318 B.E. or 1957 A.D. friday morning 9:36 a.m. born.

http://www.dhammadownload.com

ATTAIMMENT OF THE STATE OF A NOVICE (Sãmanera)

On 28th March 1966 he was initiated as a novice with the full requisite support by his own parents.

On the 8th June 1987 at 7;29 a.m. the bhaddanta Sucittã Bhivamsa to-be attained Bhikkhuhood at the Ordination Simã Hall, Khandha Simã, Thetpan Monastery, Shwesi Sãsanã Yeiththa on 1339 M.E. 1978 A.D.His preceptor was the Venerable Sayataw Bhaddanata `Sirindã Bhivamsa, Vice-Chairman, Abhidhaja mahãrathaguru, State Sarngha Mahã Nãyaka Council, who is presiding bhikkhu at New Mahoeyein Monastery, Mandalay. At that bhikkhu ordination ceremony the supporter of four requisites were family of Saya Khin, owner of Shwe-nan-singi Pharmacy, and wife Daw Mya Yin,of Mawraggivã quarter, Mandalay S.E. Township``

PLACES WHERE HE HAD LEARNED BASIC AND ADVANCED BUDDHIST SCRIPTURES

Serial No.	Name of City	Monastery	Teacher of Masters
1	Myepon Township	Tha-yet-Taung Village	Ven. Sundara
2	Sittwe	Saddhammaguru	Ven. Guruvamsa+ Ven. Pandita+Ven. Visuddha
3	Amarapura	Mahagandarum	Ven. Janakã Bhivamsa+ Ven. Kumdhalã Bhivamsa
4	Mandalay	New Masoeyein	Ven. Sirindã Bhivamsa+ Ven. Rajahammã Bhivamsa
5	Mandalay	Old Masoeyein	Ven. Kovidã Bhivamsa+ Ven. Jayadisã Bhivamsa
6	Mandalay	Phayagyi Taik	Ven. Obasã Bhivamsa+ Ven. Pandita Ñanã Bhivamsa+ Ven. Aggavamsã Bhivamsa

HIGHEST EXAMINATIONS PASSED

(A) Sãsanã Dhaja Dhammãcariya title 1342 Myanmar Era= 1980
(B) Pariyatti Dhammã Nugghaha Dhammãcariya title 1343 M. E.= 1981
(C) Pariyatti Saddhammãpãla Dhammacariya title 1344 M. E.= 1982
(D) Pariyatti Sãsanãhita Dhammacariya (Sakyasiha) title 1348 M.E = 1986

NOBLE ACTIVITIES FOR SASANA=TEACHING PALI SCRIPTURES

Bhaddanta Sucittã also performed himsell both as a presiding monk as well as a Residing monk, Scripture Teacher at Mandalay, Upper Myanmar; (over twenty-year service in this teaching for various grades.)

At Masoeyein Monastery from 1348 M.E. to 1362 M.E.= from 1986 A.D.-2000 A.D., as a member of Pãli- Myanmar Tipitaka Dictionary (assigned to Masoeyein bhikkhu, group of compilers.) The following works were producded;

http://www.dhammadownload.com

1 Tipitaka Pãli-Myanmar Comprehensive Dictionary (volume by volume)
2 A Shorter Tiptaka Pãli-Myanmar Dictionary
3 Reference Book on Tiptaka Pãli pada

Also for the students preparing for Dhammacariya Lectureship Examination; -

1 Sentence Types in Pãrãjikandha Pãli Text, First Volume
2 The same work, Second Volume
3 Sentence Types in Silakkhanda Pãli Text, First Volume
4 The same work, Second Volume
5 Sentence Types in Atthsãlini Atthakathã, First Volume
6 The same work, Second Volume
7 Guite to make Definitions and Expositions of Nyasã Type
8 New Method for Explanatory and Glosses

THE PROPAGATION OF BUDDHA SASANA AT NATIONAL AND INTERNATIONAL LEVELS

The Venerable Bhaddanta Sucittã held Seminars training courc,teaching Pãli Scriptural Texts in each and every year beginning from 1348 Myanmar Era=1986 A.D. as follows;

- First time in the year 1999 A.D., teaching Pãli Scripture Texts at Dhammãcariya level to (482) students.
- Second time in the year 2000 A.D., teaching Pãli Scripture Texts to (1131) students.
- Third time in the year 2001 A.D., teaching Pãli Scripture Texts to (1554) students.
- Fourth time in the year 2002 A.D., teaching Pãli Scripture Texts to (1357) students.
- Fifth time in the year 2003 A.D., teaching Pãli Scripture Texts to (1158) students.
- Sixth time in the year 2004 A.D., teaching Pãli Scripture Texts to (1137) students.

Not only these deeds of Sasana service done, but also acted as a participant in the following works relating to the propagation of the true, noble, original Sasana.

(a) Bhaddanta Sucittã delivered sermons, held Dhammã teaching courses, and works relating to the propagation of True Noble Sãsanã, together with Bagan Alodawpyeiat Sayadaw in border areas in Rakhine State.

(b) He managed Dhammã Festival in 27 outstanding places conceming with Buddha's Life in India, helping 100 Visitors who had held the press ceremonies for the planning of the sacred finian (Golden Parasol= Umbrella) on the top of Tilokavijaya Sayambhu Pagoda in Calcutta (India) during the month of January 1999.

(c) During April 1999 the Venerable Bhaddanta Sucittã delivered sermons in India at the seminar ceremonies releting to Buddhism and also on the opening ceremony of the library in memory of the late Dr. Ambedakkar. Them he took part in the dedicated ceremony of Tilokiavijay Khanda Simã ordinatiy hall, Pãli Academy monastery, Nagpur, India.

(d) The Veneraable Bhaddanta Sucittã took a trip on a Baddhist Missionary work, for 45 days, commencing from May 26th 1980 to Canada, and after that he stated and proceeded delivering Buddha's Noble Dhammã Sermons in United States, some cities in Canada, as follows; USA= San Frencisco, Califomia, El Sobrante, Los Angeles, Washington D.C., New Youk, Canada= Ottawa.

http://www.dhammadownload.com

(e)In the year 2000, commencing from August 16th he stayed at the Alodawpyeit Dhammãsariya Monastery for 6 month, and he want round different places in the United States performing the task of prepagation of Buddhist Sãsanã programma work--the teaching of meditation techniques and right method also, at times, deliverning noble sermons. He also gave proper and correct answers to the questions raised by enquirers, relating to religious problems.

VARIOUS DUTIES RELATING TO GHANA SAMMUHA ORGANIZATION

Venreble Bhaddanta Sucittã Bhivamsa participated in the following Sãsana Activities;

(a) In 1356, Myanmar Era, the Sayadaw partcipates as (samutt-selected officially) a Representative for Mahã-Aung-May Township Manday in the United Organization of Samgha Association.

(b) Venerable Bhaddanta Suittã Bhivamsa acted as a Member of Township Samgha Organization for Mahã-Aung-Mye Township Mandalay, between 1356 M.E. and 1362 M.E.that is beween 1994 and 2000.

(c) From 1356 to 1357 Myanmar Era, that is from 1994 to 1995 the Venerable Bhaddanta Sucittã Bhivamsa participated as Secretary in the Supervisionery Committee. A State High School No. (24) where examinations were held to test students' knowledge in the intermediate level of Bhddhist Scripture.

THE TITLES OFFERED BY THE S.P.D.C.

The title of Agga mahã gamtha vãcaka pandita offered by the Goverment of Myanmar on the occasion of Independence Anniversary on 4th Janaury 2003, because he was teching Dhammã continuously for five year since he was 20 and he possessed the virtues of honesty, uprightness, learning, etc; and this title was awarded by the State peace and Development Council.

At present the venerable Bhaddanta Sucittã Bhivamsa works as;

(a) The Administrative-in-charge of Aung-Mye-Bodhi Monastery (Alodawpyeit Monas tery) Yangon.


(b) One of the patron of the Dhamma Sitagu Kyaung- Mandalay Masoeyein New Monastery.

(c) Performing the duties of propagation programme of Bagan Alodawpyeit Sayadaw at national level as well as international level.

(d) He is the Rector Sayadaw in the Alodawpyeit Dhammãsariya University, at Dagon Myothit (South) Seikkhan Township, where a higher level course in Buddhist scrip tures are now taught to advanced qualified teachers to teach Buddhist scriptures in width and depth, in different areas of Myanmer. If possible the venerable Bhaddana Sucittã Bhivamsa has a plan to teach the Noble Dhammã in different nations of the world. He spares no pain and time for this rare Dhammaduta work, the spreading of true, original teaching of the Enlightened Buddha.

http://www.dhammadownload.com

The Sound of unburden feeling of Cowboys



By Ashin Dhammapiya

A Venerable monk, who can be assumed as a gardener of a university of Buddhistic literature, had reached to Yangon, The Capital City of Myanma, where we can see International nations, Visitors, businessmen, learners and so on. That Venerable monk had come to Yangon from Mandalay or Yadanapon Nay Pyidaw round about second week of April in 1999, while everybody could hear the sweet songs of Cuckkos and could see the lovely views of Pitauk trees, which were covered by yellow blossoms or yellow flowers giving out their uncomparable beauty and sweet smell. The purpose of coming to Yangon from Mandalay is for taking the responsibility of propagating and developing our Buddha's Sãsanã by teaching Buddha's Doctrines, Descourses and commentaries to the monk students of Buddhistic University in Yangon.

There are three different names concerning with Buddha's Sãsanã. Those are as described in the following.

(1) Pariyatti Sãsanã,
(2) Patipatti Sãsanã and
(3) Pativeda Sãsanã.

(1) Pariyatti Sãsanã means teaching and learning there Baskets of Dhamma or Doctrines, Discourses and commentaries those were preached by our Supereme Buddha, generation by generation starting from Buddha's time to till now. Firstly (primary) (pahtamangae) Firstly(middle) (pahtamalatt) Firstly(High) (pahtamagyi) and Dhammacariya degrees can be gained only after sitting the respective Examinations step by step. Millions of Buddhist monks are trying their best to

http://www.dhammadownload.com

become the dutiful Buddha's disciples. Now adays, Buddha's Sãsanã or Buddha's teaching is shining a bright as the sun, moon in the whole world because of their efforts.

(2) Patipatti Sãsanã means trying meditation and guiding the (40)kinds of trying meditation to all Buddhists and another intersting to nation at thousands and thousands of meditation centres to attain the most precious stages of Sotapanna or str eam winner, Sakadãgumñ or Once Returner, Anãgamñ or None Returner and Arahatta or Holy ones. No one can attain Such precious stages wisthout trying insight meditation.

(3) Pativeda Sãsanã means gaining the most precious state of mind that is full of perfectand actual cool and peace in mind in which there is no a mount of defilements.

Please let me write an illustrative example.

There was a person who is willing to dig up and gain a goldpot buried under the ground somewhere . But, he did not know the buried place exactly or definitely.

It is vitally important for such a person to know the exact place, where the goldpot was buried. That person can never gain the goldpod without knowing the exact place however and howlong he might be trying to find it. If he was trying to dig the ground at everywhere, he will be looked like as a blind elephant at rushing into the forest and jungle without seeing anything Moreover, he will be looked like a blindman, who is walking along the road in the darkness without keeping any amount of fear to anyghosts. The goldpot searcher must try to get the instructingmap as a guid to reach to the place where the goldpot was buried. If not, all amount of attempt and offont will bocome invaing.

Similarly, pariyatti Sãsanã (or) our supereme Buddha's teaching, which consists of three Baskets of Dhamma or Discoures, Commentaris and ultimate Doctrines are looked like the instructingmap.

And, Patipatti is looked like the goldpot. (Aṁ, Hta-1-72, Saṁ-Hta 2-188)

The Students, who have just passed the examinations of pahtama Ngae, Pahtama latt and Pahtama Gyi, can not become the perfect ones who can pointout the correct methods of trying meditation that can lead to gain the most precious higher stages of stream minner, Once Returner, None Returner and Arahats or Holy ones which are looked like the goldpot.

The Students can not undersdand the Supere me Buddha's Pãvacana or Pã li, Ahtakahtã and Tikã without learning or passing the examination of Dhammã cariya, at which standard they have to learn the scheme of Pãlitaw and Ahtakahtã which have the most precious skill or wisdom of understanding the ways of trying meditation that can lead to the most precious stages of streamminner, Once Returner, None Returner and Arahats.

All of us should pay great deal deaf of attention to the instructions or guidance or sermons of Buddha Matañ ũ Ahtakhtã Venerable Sayardawgyis, who had got the perfect and clear understanding on our Supereme Buddha's desire.

Nobody can easily find out the goldpot without

http://www.dhammadownload.com

having the instructingmap or address of buried place.


If you can think out so deeply or if you can take Systematic considerations and make carrect decisions concerning with the above task resonably, you will come to understand the great deal of advantages and precious value of learning the Pariyatti or Buddhastic Literature.

This Gardenner monk has been taking the responsibility of teaching Pariyatti or Buddhastic Literature at the universities of Buddhistic Literature in Mandalay Yatanãpon Nay Pyi Taw for so many years. I have been trying my best to produce out plenty of clever monk students, who will pass the Dhammã cariya examination. Plenty of such Students are being taught by me yearly. I have been applying my leisure time to be spent usefully to gain great deal of good advantages by teaching Buddha's Sãsanã to young monks or students of Universities of Buddhistic Literature during the terribly warm weather of Summer.

I had been thinking and remembering the following verse which was a valuable and admirable activity of Venerable ladi Sayardaw, who had described his admirable and imitative deed as in the following verse.

"There are three alphabats of "Ta", During which all of us are going around the Villages together with our own followers or Students, for picking up the rubbish.

It is our usual habit of doing the valuable and meritorious deed."



[Note; Three alphabats of 'Ta' means the three names of Myanmar months, namely; TaPo Twae, TaPaung and Ta Khũ.]

As a matter of fact, I or the Gardenermonk has been taking Buddhistic literature in accor dance of keeping the responsibility of teaching the strong belief as my greatest hobby to produce out PreDham mãcariya monks to whom I have assumed as the most admirable ones.

In our Myanmar country, most of the people, especially, the farmers and the peasants are used to wasting up their valuable time and money during three months of TaPo Twae, Ta Paung and Ta Khũ by going around the plenty of enjoyable Anyeint Pwe, Zatt Pwe, Water festival and so on.

But, however others may be wasting up the valuable time and money, the studying monks are spending their time usefully by attending at the special classes of Buddhistic Literature tought by me and another venerable monks.

Over four hundred studying monks have been trying their best to attend to my classes of Buddhistic Literature for Dhammã cariya Course after taking so much crowded buses from various quarters of Yangon in which over 1.5 millions of population are dwelling.

However they may be feeling so much tired and even so much exhausted because of taking crowded buses, I can see their interesting and enthusiartic faces which are covered by the reflected smile of great rapture while I have been explaining Buddhistic Lit-

http://www.dhammadownload.com

erature to them.

The volition and meritorious deed of all laymen and all laywomen who had donated the gread deal of money to construct this grand A lo daw pyei Dha mmã cariya University and full facilities in cluding vehicles for going around the quarters of Yangon to collect the noble alms, are enarmous and amazing donations. The Venerable Gardener have been teaching Buddhistic Literature twice per day. After I have been teaching for about one month, on one day, in the afternoon, one of the laymen from higher class or may be a rich person and having some amount of knowledge on trying meditation (Patipatti) paid a visit to me. After paying homage to me and after removing the sweat on his face using a handherchief, he took a seat near me. At that time, I was taking a rest for about half on hour before teaching the afternoon-class. When I looked at his face with the rising up eyebrows those show the sign of enguiring him whether there is anything to ask me or not, he introduced himself to me after telling his name, occupation, address and so on. Then, after sitting in the crosslegged position infront of me, he made a descussion by unberdening his feeling. He told me that he has been especially going to the meditation centres for several times during many years. I can make the possible imagiration or guess on which fact he wanted to discuss with me as soon as I had heard some words those he started to talk me as on introduction of his discussion.

He said to me, "Oh! Venerable Sayar daw!, Aren't you feeling tred and exhousted by teaching Buddhistic Literature during such a terribly warm summer?

I looked at the clock that is hung on the post in the sitting room or recreation room of the University aiming to know the time whether it is nearly to start the class or not. It was approaching to start the period that I had to teach the afternoon class, But, however it may have only a short period of time to make discussion, I replied him as in the following.

"Oh! Listen to me carefully! I never feel tired or exhausted by taking the responsibility or duty of teaching Buddhistic Literature as I am being a monk, who has been gaining the opportunity of promoting and propagating Buddha's Sãsanã that is the most precious task out of all deeds and activities in this whole world among our environment. Moreover, I am feeling great deal of rapture for getting the chance of taking such a noblest duty that nobody can do if there is on situation of existence of Buddha's Sãsana".

When that laymen heard my above word, he seemed to feel unsatisfied on my words. After making a disappointing sigh, he said to me, "Oh! Venerable monk! In trying to attain four Noble stages of Magga and four Noble stages of phala, it is unnecessary to learn Buddhistic Literature on three Beskets of Dhamma, those are preached by our Supereme Buddha. I am not telling like this by applying my own point of view or belief. I am telling like this after taking reference to the words of some Venerable Sayardaws. I have ever heard that everybody can attain the noblest stages of Magga and Phala more easily if they have not learnt any Buddhistic


http://www.dhammadownload.com

iterature which can make them to become delay in attaining the noblest wisdom because of their pride on their possessing of great deal of knowledge concerning with Buddhistic Literature. That layman seemed to go on talking without finishing his discussion on Pariyatti and Patipatti. The Venerable Gardener Couldn't pay full amount of attemtion to him becouse of feeling worried about going to the class room, where many monk students would be waiting him. So, he was paying atention to the time or to look at the clock. At that time, the layman went on talking to him as in the fo llowing.

"Oh! Venerable Sayardaw!, I dare say that you will understand more than others that the teachers or lectures of Buddhistic Literature are looked like cowboys, who don't get the chance of drinking the cow's milk eventhough they are watching them for the whole day while the cows are eating the grass in the field. But, the medita tars are looked like the owners of the cows as they are getting the chance of drinking cow's milk and understanding the taste of the milk.

After listening to the above words of the layman, the Venerable Gardener was feeling annoyed, upsed and displeased.

He began to remenber the fundamental or main couse of celebrating the Firstly Sangha's council,which washeld at., one. after the death of our Supereme Buddha. It was held by the guidance of Shin Maha Kassapa, who



had exclaimed or announced that it was essentially recessary to be held such a Firstly Sangha's council, "Before we can see the development of badly wrong ways of evil ones like as stupid subadda and before we can see the ceassation of Noble one's correct, precious and noblest Dhamma". The above words of Noble Arahat Shin Maha Kasspa encourage the Venerable Gar dener's mind to write down this article to let known all of the narrow viewiers, who are willing to neglect Pariyatti because of their imperfect knowledge.

The layman was talking the above words to me after neglecting the precious value of Pariyatti Sasana or after neglecting the infinite good advantages of teaching and learning of Buddhistic Literature. The Venerable Gardener was thinking himself and willing to ask the following question to that layman. "Are you forgetting the most important fact that most of the meditaters who are looked like the cowsowners can get the chance of drinking the cow's milk because of the dutiful teachers or lecturers who are looked like the cowboys?". The Venerable Gardener had not sufficient time to explain plenty of facts concerning with the importamce of Pariyatti Sasana to that layman even though he has got wide knowledge and full understanding on that matter. So, he was feeling upset, displeased, unpleasant, annoyed and unsatisfied. The Venerable Gardener hadn't made any explanation to that layman not only for the fact of


http://www.dhammadownload.com

lackage of explaining period but also for the fact he had realized that his reasonable explanations will be beyond the acceptable situation of the layman, who hadn't already gained the wide knowledge or skill of understanding. The Venerable Gardener had made up his mind not to explain that layman anything on the spot.

Because, he came to understand that the capablity of listening ears of that layman and the state of his explanation will be looked like the awkward situation of filling eight tins of rice into a small rice-cooker that can hold only two tins of rice in it. So, the useless situation of overflowing can be occurred.

After taking consideration and making the reasonable determinations, the venerable Gardener had decided to write down an article concerning with that fact on the purpose of letting known to all Buddhists and others the most valuable and knowledgible facts concerning with Pariyatti Sasana and Patipatti Sasana on one day in one of the books or journals or magazines.

As a matter of fact, most of the people, who are keeping the wrong views on the Pariyatti Sasana or on teaching and tearning Buddhistic Literature, may be the persons those are suffering from the disease of indigestion concerning with our Supreme Buddha's Literature. The words or explanations of such persons are not completely perfect and ture. Because,



their words are not included in Buddha. Such words are only partially ture. Such kinds of people are used to saying such kinds of partially ture words so often and again and again depending on their strong belief that they may be thinking also lutely and perfectly correct.

Those people are making arguments to the perfectly true facts of Dha mma by applying their ways of speaking in Bigmouth after taking reference to only little numbers of commentaries those are described in the following peragraphs.

"Rising up and occurance of Arahots or Holy ones can never be ceased in this Human being's Existence disciples or followers or monks of Buddha are living without breaking up any discip lines of our Supereme Duddha. (D.2.125). That is known as the speech of Maha Parinibbanna.

Only Patipatti (Trying inight meditation) is the main or chief fact in Buddha's Sasana. Pati patti is the essence of Bud dha's Sasana. As long as Patipatti is existing in this universe, Buddha's Sasana will also be existing. (Milai- da-136).

The story based on the actual events of Pothila in Buddha's Time. (Dhammapada. Hta-2-262).

The story based on the actual events of Culapan thaka in Buddha's Time.(Dhammapada. Hta-1-153).

Some of the Buddhists, who are trying to blame on the teachers and lectures of Buddhistic Literature and also trying to neglect the teaching and tearning of three B askets of Dhamma, are trying to take reference to the

http://www.dhammadownload.com

above texts those may be only facts of (84;000)of aggregates of Dhamma.

The above words were preached by Buddha and Arahat Shin Nãgasein. Buddha and that Arahat did not aim to feel low impression on the teachers and lectutes who are teaching Pariyatti or three Baskets of Dhamma or to neglect teaching of Pariyatti as if it were an unnecessary task or to take out the argument and oppositions between Pariyatti and Patipatti by saying the above words. Therefore, noone should preach or speak any words without reading or without trying to understand Budd ha's preaching in Pãlitaw, Ahtakatã and Tĩkã those can give the the readers to possess the skill and gualification of making reasonable con sidreation and making carrect determination.

Everybody, who had ever taught Pariyatti or three Baskets of Dhamma, understand so well and clearly that the above words or Buddha'a Pãvãcano were preached by Buddha and Shin Nãgasein to point out the good results or good advantages those can be goined as the phala or reflected effects by all meditators. In the religious field of Buddhism, all of the teachers and lecturers of Pariyatti or three Baskets of Dhamma are ever ready to admit surely that the task of taking out or performing Patipatti Vipssana Dũra is more important and more essential than performing Pariyatti Ganhta Dũra. All of the Buddha Matanũ Sayar daws, who exactly understood the desires of Buddha, had also preached the same idea that I have written on the above sentence.

The most important and essential fact that must be understood so well and clearly by all of the Buddhists is to try to learn or read the Pariyatti (Three Baskets of Dhamma) that is looked like the instructing map to the hidden or buried goldpot before trying meditation (Patipatti) Practically. Most of the people can't attain the highest and precious stages of Magga and Phala if they haven't tried to understand the fundamental principles, phenomena, ideas and explanations those are included in Pariyatti-Buddhistic Literature thoroughly, clearly and perfectly.

The stupid, silly, awkward and blunt persons, who haven't got the above mentioned idea and who have been grasping or beliveing firmly or the wrong ideas, are trying to share or spread their wrong idea and belief to the lazy, careless and blunt fellows because of the following bad reasons.

They, themselves are being awkward or silly because of not having thoroughly understanding concerning with Ultinate Doctrine; Keeping the evil idea of destructing the successful situation of Buddha's Sãsanã; Keeping the great deal of greediness to become so much rich after receiving planty of money from their followers; Keeping the wrong idea of applying the modern policy of arganizing the blunt people by saying that all meditaters are unnecessary to learn or to study or to try to know anything concerning with Buddhistic Lirerature and soon.

I remember the following sermon of a famous Venerable Sayardaw.

"All of the Venerable Sayardaws and monks, who are taking the precious duty of teaching three Baskets ot Dhamma to the learner, are producing out great numbers of Dha-

http://www.dhammadownload.com

mmãcariya degree holders more and more yearly. Please let me know how many numbers of stream winners, Onne Returners, None Returner and Arahats are being produced out yearly by the Venerable Sayardaws and monks who have been guiding the ways of trying meditotion at their respective me- ditationcen tres.

But, I have mentioned the above sermon of that famous Venerable Sayardaw as a remarkable fact indeed no Noble one or no stream winner, no once Returner, no None Ruturner and no Arahat will tell to anybody that they have attained such stage of Magga or Phala. It is the most strict discipline adopted by Buddha not to boast to anyone adopted by all Noble ones therefore, all of the guiding Sayardaws and Venerable monks will never say such a boasting word that can break Buddha's important discipline. They won't even make a dream or imagination to fade away the blossom brightness of Buddha's Sãsanã by telling out such a boasting word.

The two precious duties of taking the responsibilities of Pariyatti Sãsanã and Patipatti Sãsanã are depending on each other as if those were is lands and wild plants those are depending on each other. There is no bjection or against facts between those two Sãsanã. Those two kinds of Sãsanã are the most precious essence of Buddhism that was born out amony the human beings by the infinite loving kindness and sympathy of our Supereme Buddha. All of the Buddhists should pay great attention to that fact. Some of the people don't understand the connection between those two kinds of Pariyatti and Patipatti Sãsa nã. Some of them may be su- pposing that teaching, learning Buddhistic literature is guite different from trying meditation which is knoon as Patipatti Sãsanã.

As a matter of fact, all of the meditaters have to do the following important tasks those are named Pubbabãga Parikamma Kicca before they have to listen to the imstructions of the Venerable monks or a layman who is taking the responsibility of a guide or demonstrater at that meditation centre. Only after knowing the correct and effective ways of trying insight meditation, they can start trying it. They have to recite some words which are vitally essential before starting the task of trying meditation. They have to follow after the guide in reciting like that. They have to pay great attention everything that is being explained by the demonstrating person. In deed, doing sucg kinds of tasks can be denoted as Pariyatti before starting Patipatti. If you can come to see the above fact, you can make reasonable considertion between Pariyatti and Patipatti. You have to keep clear and correct underatanding without keeping any suspect that there is no objection against to each other, After getting such a reasoneble and correct point of view or clear understanding, you should try your best to give support, donation to Pariyatti Sãsanã promoting task which is the main and fandaental supporter to Patipatti Sãsanã.

Pariyatti is the Main subject out of there different kinds of Sãsa nã, namely Pariyatti, Patpatti and Pativeda. (Di, Hta, 3,82).

Pariyatti can be assumed as the roots of Buddha's Sãsanã while Pati-

http://www.dhammadownload.com

patti can be assumed as the trunk and branches of it and then Pativeda can be assumed as the flowers and fruits of it. No tree can be groun up and alive just only pouring the water on the branches, flowers and fruits of the tree. All of the plants and trees can be groun up and alive only when the roots of those are being poured whth water.

Similarly, our Supereme Buddha's Sãsanã can't be premoted, propagated and raised up to the highest state to become as bright as Sun and Moon in this whole world just supporting Patipatti and Pativeda. Everybody shouldn't neglect Pali Pariyatti which is as important as the roots of a tree. On the other way, Pariyatti Sãsanã is looked like the banks or side walls of a lake, while Patipatti Sãsanã is looked like to the water in it and then the lovely plants, leaves, buds and flowers of lotus in the water are looked like to Pativeda Sãsanã. If the people don't pay attention to take great care of constructing the sidewalls or banks of lake so strongly, we can't see any water and any lovely lotus in that lake. So, you can come to understand and you will have to admit that Pariyatti Sãsanã is the essentially important subject out of three in Buddha's Sãsanã.

In many Buddhistic Lirerature, such as in (Aṁ, Hta, 1, 72), (Saṁ, Hta, 288) and (Ñiti Sutta 430, 431) many wise Buddha Mataññu Ahtakatã persons and many wise Sãsana Mãmaka Venerable Sayardawgyis had already written so widely, completely and perfectly concerning with the essential and mainly importance of Priyatti Sãsanã after giving the illustrative examples of "Cows and Pariyatti", "Symbolic alphabatical brand and Pariyatti", "Cow and Ox" and another illustrative example of "Banks of the lake, water and lotus flowers in it" and so on.

Moreover concerning with the main importance of Pariyatti, there are plenty of Buddha's precious sermons and preaching those can widen your knowledge and wisdom which can give you great deal of precious benefit not only in this very present life but also in the next new lives as long as you have to go on going around the circle of rebirth. Please let me encourage you to read the following important sermons of Buddha after paying great deal of attention and interest carefully and enthusiaztically.

"It is totally depend on the great deal of effort, attempt and endeavour of taking respousibilities of the Venerable monks who are teaching three Baskets of Dhamma (Pariyatti) to enleng then or to try Buddha's Sãsa nã to be lasted so long to (5000) year in this World. (Ma, Hta, 4, 221).

"Oh! My disciple Ãnandã, the three Baskets of Dhamma, namely sutta (commentaries), Viniˇ (Disciplimary Discourses) and Abidhammã (The Ultimate Doctrine) will become the teachers of all of the Buddhist disciphes after my death". (Dĩ, 2, 126).

"All of the people, who are getting the chance of dealing with and paying homage to the wise Venerable Sayardaw those are taking the responbility of teaching Pariyatti (The three Baskets of Dhamma), can be denoted as the lucky ones". (Dĩ, 3, 106/7).

"Oh! Dear son Cunda! You can't assume the Venerable monk, who has occupied the knowledge of Pariyatti Dhamma, as

http://www.dhammadownload.com

if he were your pupil. You must assume such monk as if he were your Buddhistic Teacher I have given great deal of honour and fovour to every monk, who has occupied the knowledge of Pareyatti Dhamma as if he were my represent ative to handover my precious Buddhistic literature to the new generations.

(Di, Hta, 3, 96).


"The main fundamental causual fact of occupying the Noble morality or character for everybody can be occurred only in the mental, verbal and physical activities of the certain persons who have already possessed wide knowledge on the three Baskets of Dhamma or Pariyatti".

(Htera, Hta, 2, 424).

"All of the Brahamã beings and celestial beings are used to praisung the Venerable disciples of Buddha who have already tricd to become the expert and qualified wise persons especially on the subject of Pariyatti knowledge Dhamma Dara Literature".
(Aṁ, 1,314) (Visuddi, Hta, 1, 416).

Not doing the duties of teaching, Learning and studying Buddhistic Literature or three Baskets of Dhamma or Pariyatti is one of the disadvantages of ceassation Buddha's Sãsanã in the human being's world. (Aṁ, 2, 155).

In (Dĩ, Hta, 3, 91/ the carrect way of offering to Dhamma Ratanã.) our Supereme Buddha preached about a Brahame Poñnã, who had donated a voluable yellow robe that cost 1000 silver coins to Ashin Ãnandã, The Honourable Pariyatti Bahusuta (Buddhistic Literature knowledge) Tipitaka Dhamma Bantãgãrika (The trustee of Three Baskets



of Dhamma). Ashin Ãnandã was worthy to accept that valuable donation because of his admirable qualification of being Perfect and expert in three Baskets of Dhamma. Buddha preached that everybody, who wanted to ofter and donated Dhamma, must offer and donate to such kind of fully and widely educated person in Pariyatti.

Buddha also preached about one of his disciples who had attaind the Arahatship while that disciple was learning, studying and reciting the Buddhistic Literature or three Baskets of Dhamma infront of our Supereme Buddha. (Saṁ, 1, 2004. Saṁ, Hta, 207. Ijjãsaya Sutta.)

Buddha also preached that there is no person who is looked like to be the worst thief if he or she is blaming or auusing on Pariyatti. (Abi, Hta, 2, 457).

The mind conciousness, which are rising up while doing or explaining or teaching Buddhistic Literature (Pariyatti), are are denoted as meridorious or whole some mind concious ness. Such kind of mind conciousness can't be assumed as the mind conciousness of donating state or in the state of trying morality. But, Buddha preached that such kind of mind conciousness is worthy to be denoted as the miditating state of mind conciousness.

The above definitions are defined and described in many Ahtakahtã Tikã on the purpose of giving the honour to the vitally

http://www.dhammadownload.com

important qualities and good advantages of Pariyatti.

All of the Venerable monks or Sayardaws, who have been trying their best to teach, to learn and to study Pariyatti or three Baskets of Dhamma those are the most precious Gems of Buddhism, can take the responsibilities of going on carrying out three kinds of Buddha's Sãsana over (2500) years starting from the period of Buddha's death to till now. They can give the necessary protection to Buddha's Sãsanã after risking their lives. The Venerable monks or Sayardaws, who are trying their best to promote propagate and develop Buddha's Sãsanã, never try to assosiate with the laymen and laywomen. Because, the believe that it is unnecessary to accompany with those in taking out their duties of teaching, learning and studying Buddhistic literature, (Pariyatti). If is a kind of most precious task that has to pay great deal of attention to promte propagate and develop Buddha's Sãsanã after neglecting plenty of their personal affairs concerning with health affairs, social affairs and so on without getting enough amount of food, clothes (yellow robes) and dwelling (monasteries). They have to feel great deal of tiredness or exhausted feeling. But, they can neglect various kinds of troubles in struggling for the promotion, propagation and development of Buddha's Sãsanã. Nowadays all of the Buddhists can be taking great deal of pride on the Brightness, Prosperties, development, promotion and propagating state of Buddha's Sãsanã because of the great deal of effort, attempt, strong faith, ever lasting endeavour and definite concept in taking their duties of teaching, learning and studying Buddhistic literature or Priyatti or three Baskets of Dhamma without paying any amount of attention to the suffering and terrible troubles those they have been dealing forever through out their journey of taking the responsibilities of Buddha's Sãsanã.

Indeed, nowadays, most of the Venerable monks, who are taking the duties of teaching, learning and studying Buddhistic literature standing at the essentially and vitally important and main role in Buddha's Sãsanã are so much patiful because of the lack of Four Raquisites, mamely monasteries, yellow-robes, noble alms and medicines. It is the weak point to the development and situation of lasting so long in the Future Buddha's Sãsanã. Please let me give the most essential advice to some unthoughful or unsympathetic persons, who have got only narrow poing of view and little amount of knowledge, not to do any activities, action, behaviour and treatment in mentally, orally and physically to blame and accuse on the Venerable teachers, lectures and learness those have possessed the soft hearts, which can be easily brokew because of those blaming and accusing words. Please don't try to give us any amount of disturbances. Eventhough you can't support any amount of Four Requisites to us. The Venerable Garadenermonk had already finished the Summer Vocation Dhammãcariya courses for (6) times successfully in accordance of the great deal of mertorious Volition and self ambitious purpose of teaching those courses. Mo- reover, I have decided

http://www.dhammadownload.com

to do my best concerning with taking the most precious duty of teaching Buddhistic literature or three Baskets of Dhamma to give good advantages not only to Buddha's Sāsanā but also to the student-monks and all human beings after applying all of my strength and volition even if I can't try my best to try meditation to be liberated from all defilements and to attaing the Arahatship in this very present life.

Only after trying to fulfill my beneficial ambition like that, our greatest desire of developing, promoting and propating Buddha's Sāsanā, which must be standing so long in this Universe, can surely attain the perfect success. Therefore, now, I am trying my best taking the responsibilities of producing out the Precious Gems of sanghas, who will become the martyrs of Buddha's Sāsanā in the Future Time, in Alodawpyei Dhammācariya University that is situated on the way to Yuzana Ganden City from Thar Kay Ta Township of Yangon Division.

It is surrounded by the wide fields where there is no houses or flats of laymen and laywomen. It is looked like a grand garden while I am being looked like a gardener, who is growing the precious plants and trees of Dhammācariya graduates.

The Venerable monk or the Gardener of Alodawpyei Dhammācariya University had not got the chance of explaining the above facts to the misundesstang layman because of the lack of time as it was so near to go into the wide lecturehall. When I heard the striking sound of the clock that was reminding me to enter into the lecture hall, I had to leave the recreation room without saying any goodbye to that by man.

I had left that room in a hurry for giving lectures to (482) PreDhammācariya monks whowere waiting me with great deal of composure or coof and calm state of mind keeping the great desire of learning or listening to my lecture.

The Venerable Arahat Ashin Upāli had recited Buddha's Disciplinary orders in the Firstly Sangha's Council. Now, the Gardener, who is taking the duty of teaching Buddhistic literature for producing out Dhammācariya monks in Alodawpyei University, have written down this article or explanation concerning with Pariyatti Sāsanā. On the other way, this orticle can be denoted as the unburdenfeeling of cowboys.

As a canclusion, my ambition of writing down this article is to widen the knowledge or to lead to the beneficial and correct understanding on the essence of Pariyatti to the visitor-layman who had blamed and accused on my precious task of teaching Buddhistic literature.

May this article can give the correct and wide understanding to all of the Buddhists especially to such laymen concerning with the essence and good advantages of teaching, learning and studying three Baskets of Dhamma or Buddhistic literature or Paryatti.

Gardener or lecturer of Alodawpyei University.

(Translated into English by Ashin Dhammapiya (Assistant lecturer).

http://www.dhammadownload.com

MEMORY

How to make the most of it

Professor U Min Lwin, MA, Ph.D.
(Tekkatho Min Lwin)

This essay which helps you understand the problems of everyday living in Psyehological insight:

Some pupil Bhikkhus from Alodawpyeit-Dhamma-cariya university of Yangon, have asked and wished me to write the essay for their Magazine and I am delighted to do so I have been Uncerned in the affairs of the International university Research Education and the Arakanco-uncil of world affairs.

The Memory of life's high moments and rich experience kindly Gratitude and the greatful heart is the happy heart. The treasures of memory produce happiness Throughout our lives. As necessary as is memory to our happiness, We most avoid Living too exclusively in our reminiscences. Some things We do not want to hold in memory. The memory brings to the banquet table, that may be a bane or a blessing, a curse or a joy. The happiness in life depends on the Kind of memories that we have.

We must not hold in memory that which is destructive of happiness, Who must learn and Practice the art of forgetting. The failuves of the Past mast be forgotten, with our mistakes and errors and sins and disa-ppoin tments. This is not to say that we must not cultivate the art of remembering. But we are Specially concerned just now with forgetting. We must not morbidly give way to vain regrets.

The unalterable past is not only beyond human power but beyond divine power to Change. Very much of our unhappiness arises from charsting over certain acts and choices which are forever fixed in the past.

There vain regrets are most poignant in those in cidents of life when we are forced to make a cheice, when the reasons appeared to be almost evenly balanced for either of the two ways between which we had to choose. In some instances we are consoled when, in the light of after events, we feel that the choice we made was the wishest and best.

In other instances we are tantalized with the thoug-ht that the decision which we do not make would have been better. In a situation that, Since the past is irrevocable, we only hinder our progress with regretful recollection.

If I had done this, instead of that....If I had gone to another School.....If I had Settled in another location.... If I had got ten years ago that job I wanted so badly..... If I had Chosen another Vocation .....If I had made onether in vestment.....some even go so far as to say, It I had married 'Soe' instead of Moe or Toe instead of Mya.....Their lives are full of its and might-have beens. If, having no place in our lives, What is past is done, and we can not changeit. Why Waste energy be moaning it, making our lives miserables and bringing Pain to other, When it is muach better to use that energy meeting the problems of the present and the future? Drop if out of your vocabulary Once and for all. Instead of

http://www.dhammadownload.com

thinking in terms of if's-Conditional events-or dreaming about might-have beens think in terms of actual, New, and concrete experiences. If can and will up set your spritual equilibrium.

After all, it is by no means certain that the other choice would have been better. The basiness Venture which you think would have been successful might have resulted in disaster. As to the matrimonical Venture it is very probably true that you did not get your first choice, but you had better not confessit. Then if you would see that first choice forty years after wards, you might be led no self congratulation.

Happiness Prings ont of inner attitudes. It resucts from loving and from the consciousness is expressed in the desolate words, No man car-ed for my soul. some lives have been compaved to a wh- irl pool-Plenty of motion, but no progress-merely going round and round. Some lives are like a ride on a merry-go-round-they get off where they started from.

A Person went in to a retail The clerk replied we have compassess store to pu- rchase a compass for drawing cirles but not for going places; One type-of instru- ment can draw cireles, but the other can hold a vessel true to its course. We need the type of compass that helps us to go places. This incident was related of Professor M, who was about to be late inca- tching a train. Thinking, The porter who had stated his destenation, said to the driver, Drive fast. The dricer laid the lash on the horse. Prof M began to realize that he was not on the direct route to the station. He asked, Do you know where you are driving to?.

The reply was, No, you honour but I'm driving fast; The speedometer should not be allowed to displace the compass.

I have already noted the folowing are nine Points to remember.

1- Never imagine that you can not change your emotional nature. Always realize that you character is largely what your daily actions make it.

2- Never rush your work unless you are absolutely oblijed to do so.

Always take plenty of time whenever possible and that means on most occasi- ons.

3- Never be a slave to the tasles and ideas of other people. Always have a mind of your high own and stick to it.

4- Never dissipate your energy in distracting leisure. Always make your leisure a time of constructiue 're' creation.

5- Never force you- self beyond your Natural limits of nervous endurance. Always heed the signs that point to the need of a break or rest.

6- Never let your bo- dily mouements become Jer- ky or uncontrolled. Always remain physically calm and poised, even if your mind is slightly agitated.

7- Never allow your physical powers to get very low. Always get some hard exercise every day in order to avoid this.

8- Never fret or become anious about small things that have no important bcaring upon life. Always maintain a proper sense of values, and put first things first.

9- Never wear an expression as though you were about to be hanged. Always try to look pleasant and cheerful, wheather you feel like it or not. Smile!

I have much more to tell the readers but it will be for another opportunity.

by

Prof U Min Lwin, Tekkatho (Min Lwin). 23-9-2006.

http://www.dhammadownload.com

ဘဒ္ဒန္တသုစိတ္တာဘိဝံသ၏ ရွှေရတု ဝိဇာတဓဇ်လာ အထိမ်းအမှတ်အဖြစ်

သီရိသုဝဏ္ဏ မဏိဂေဟရတု သမားတော်ဦးဘိုကြီး + သီရိသုဝဏ္ဏသီဂီ ဒေါ်သန်းသန်း

ရွှေပဒေသာ ပြည်လုံးချမ်းသာဆေးတိုက် မီးသားစုမှလှူဒါန်းသည့် ဝမ်းမြောက်ဖွယ်ရာများ

၁။ ဉာဏ်တော် (၁၀၈) လက်မရှိ ပြည်လုံးချမ်းသာ ဗုဒ္ဓဝင်ဆုတောင်းပြည့်ဘုရားကြီး (၁၂၀)သိန်း

၂။ ဂန္ဓကုဋိကျောင်းတော် (၆၃) သိန်း

၃။ ရွှေရတုအထိမ်းအမှတ် မင်္ဂလာကန်တော် (၃၆) သိန်း

၄။ ရွှေရတုမော်ကွန်းစာအုပ် အုပ်ရေ (၁၀၀၀) (၃၆) သိန်း

၅။ လက်ဆွဲအိတ် အလုံး (၂၀၀) (၂၀)သိန်း (၅) သောင်း

၆။ ရွှေရတုမွေးနေ့ရှင်ဆရာတော်အား သာသနာပြုလုပ်ငန်းအတွက် သီးသန့်အလှူတော်ငွေ (၂၀) သိန်း

၇။ ရွှေရတုမွေးနေ့ပွဲ တစ်နေ့တာ အရက်ဆွမ်း၊ နေ့ဆွမ်း၊ အအေး (၁၅)သိန်း

၈။ ဆေးနှစ်မျိုး (၁၃)သိန်း (၂)သောင်း

၉။ ဆွမ်းဆန်တော်အိတ် (၇၀) (၁၂)သိန်း (၆)သောင်း

၁၀။ ဆရာတော် (၁၁)ပါးအတွက် နဝကမ္မအလှူတော်ငွေ (၁၁)သိန်း

၁၁။ ရွှေရတုရှင်အား ဒုတိယအကြိမ် သိက္ခာထပ်အလှူတော်မင်္ဂလာ (၁၁)သိန်း

၁၂။ ဆရာတော် (၁၁)ပါးအတွက် လှူဖွယ်ပစ္စည်းမျိုးစုံ (၇)သိန်း (၇)သောင်း

၁၃။ ပြက္ခဒိန်စောင်ရေ (၃၀၀) (၆)သိန်း

၁၄။ စာသင်သားသံယာတော်များ ရေချိုးဆောင်အမိုး (၅)သိန်း

၁၅။ ပဲဆီ (၁)ပီပါ (၃) သိန်း (၈)သောင်း (၉)ထောင် (၆)ရာ

၁၆။ ရွှေကမ္မဝါစာ (၃) သိန်း (၇)သောင်း (၂)ထောင်

၁၇။ ရွှေရတု ဒိုင်ယာရီ အုပ်ရေ (၃၀၀) (၃) သိန်း

၁၈။ လူဘဝထဲကစာမေးပွဲ တရားတော် အုပ်ရေ (၁၀၀၀) (၂)သိန်း (၇)သောင်း

၁၉။ ပြည်လုံးချမ်းသာဘုရားကြီး ပုံတော် (၉၀၀) (၁)သိန်း (၅)သောင်း

၂၀။ ယပ်တောင် အချောင်းရေ(၉၀၀) (၁)သိန်း (၅)သောင်း

၂၁။ ရွှေရတုမွေးနေ့ဖိတ်စာ(၄၀၀) (၆)သောင်း

၂၂။ ဆား(၁၀)အိတ်

စုစုပေါင်းအလှူတော်ငွေ ကျပ် ၃၄၄,၀၃၂,၆၀၀

http://www.dhammadownload.com

ဘဒ္ဒန္တ သုစိတ္တာဘိဝံသ၏ ရွှေရတု ဝိဇာတဓဇ်လာ အထိမ်းအမှတ်အဖြစ်

ဆရာတော်၏ တပည့်ကြီး

တစ်ဘဝသာသနာ ဆရာတော် ဦးသောဘန (ကမ္မဋ္ဌာနာစရိယ) မော်လမြိုင်မြို့မှ



၁။ စူပါဆလွန်းမော်တော်ယာဉ်တစ်စီး

ကျပ် သိန်း (၃၀၀)

၂။ ရွှေရတုရှင်ဆရာတော်၏ တစ်ဘဝသာသနာ ပုံရိပ်မှတ်တမ်း

VCD အချပ် (၅၀၀)

ကျပ် သိန်း (၃၀)

၃။ ၂၂-၂-၂၀၀၇ ကြာသပတေးနေ့ တစ်နေ့တာ အရာဏ်ဆွမ်း,

နေ့ဆွမ်း,အအေးနှင့် လှူဖွယ်ဝတ္ထုများ လှူဒါန်းခြင်း

ကျပ် သိန်း (၃၀)

စုစုပေါင်းအလှူတော်ငွေ ကျပ် ခြောက်သိန်းဝဝဝဝ

http://www.dhammadownload.com

ဘဒ္ဒန္တသုစိတ္တာဘိဝံသ၏ ရွှေရတု ဝိဏာတမင်္ဂလာ အထိမ်းအမှတ်အပြစ်

ဝမ်းမြောက်ဖွယ်ရာ အလှူရှင်များ

ဒေါက်တာဝင်းမြင့် (ဓမ္မာစရိယတက္ကသိုလ် ဥပဒ္ဒာကအဖွဲ့ ဒုတိယဥက္ကဋ္ဌ) + သီဟသုဓမ္မသီဂီ ဒေါ်ခိုင်ခိုင်ဦး၊ သား မောင်ဝေယံပြည့်ဖြိုးဝင်း၊ မောင်ထွင့်ခိုင်ဝင်း၊ မောင်ထက်ခိုင်ဝင်း၊ မောင်သန်းထိုက်ဝင်း မြတ်မေတ္တာမွန်ကုမ္ပဏီ မိသားစုမှ

၁။ သောက်ရေစင် ကျပ် (၂)သိန်း (၅)သောင်း
၂။ ရေစင်မွန်းမံပြုပြင်ခြင်း ကျပ် သိန်း (၂၀)
၃။ သင်္ကန်းအစုံ (၁၅၀) ကျပ် (၁၀)သိန်း (၅)သောင်း
စုစုပေါင်း (၃၃)သိန်း

ဦးမောင်ဝင်း+ဒေါ်စိန်မွေး၊ သား မောင်ကျော်ကျော်ဝင်း၊ မောင်မင်းမင်းမောင် မိသားစုမှ
သံယာတော်များ ရေချိုးကန်နှင့်အမိုး ကျပ် (၁၅)သိန်း

ရဟန်းဒါယကာ (ဦးဇော်မင်းဦး)+ ရဟန်းဒါယိကာမ ဒေါ်ဝင်းဝင်းဌေး (ခ)မငယ် (သီရိသုဓမ္မသီဂီ) အောင်ရတနာဝင်း ဓာတ်မြေသြဇာ မိသားစုမှ

၁။ သောက်ရေလောင်းကန်နှင့် အမိုးအတွက် ကျပ် (၁၃)သိန်း (၅)သောင်း
၂။ သင်္ကန်း (၁၁) စုံ ကျပ် (၇)သောင်း (၇)ထောင်
စုစုပေါင်း (၁၄)သိန်း (၂)သောင်း (၇)ထောင်

ဦးသိန်းဝင်းဇော်+ဒေါ်တင်လတ်မင်း(ခ) မမွေး မိသားစုမှ
ဆွမ်းဝိုင်း (၃၀)အတွက် ပစ္စည်းအစုံ ကျပ် ၇,၀၆၂၀၀
သင်္ကန်းအစုံ (၅၀) ကျပ် ၃,၅၀၀၀၀
စုစုပေါင်း ကျပ် ၁၀,၃၆၂၀၀

နှစ်ဘက်သော မိဘများအား အမျှူးထား၍ ဦးသိန်းရွှေ+ဒေါ်ခင်ခင်သန်း(ရွှေရတုအရှင်၏ ညီမ) သမီး နှင်းယုယုဝေ (ငွေစံအိမ်ရတနာရွှေဆိုင်)မိသားစု၊ အမ်းမြို့နယ်၊ ရခိုင်ပြည်နယ် မှ

၁။ ရွှေရတု ကွန်ကရစ်ကားလမ်း ကျပ် (၁၀)သိန်း
၂။ ခေါင်းအုံး (၅၄)လုံး
၃။ သင်္ကန်း (၉)စုံ ကျပ် ၆၃၀၀၀

http://www.dhammadownload.com

ဘဒ္ဒန္တသုဓိတ္တာဘိဝံသ၏ ရွှေရတု ဝိဇာတမင်္ဂလာ အထိမ်းအမှတ်အဖြစ်

ဆွမ်းခံကား ဝယ်ယူရန် အလှူရှင်များ

၁။	မမ္မာစရိယတက္ကသိုလ် နာယကချုပ် ရွှေရတုမွေးနေ့ရှင်ဆရာတော်	ကျပ် (၂၀)သိန်း
၂။	အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဆရာကြီးဦးကျော်မင်း (မမ္မာစရိယတက္ကသိုလ် ဥပဒ္ဒာကအဖွဲ့ ဥက္ကဋ္ဌ) မိသားစု	ကျပ် (၁၀)သိန်း
၃။	မမ္မာစရိယတက္ကသိုလ် အရှေ့ဘက်မုခ်ဦးအလှူရှင် ဦးလှမောင်+ဒေါ်ယက်သဲဖြူ မိသားစု	ကျပ် (၂၀)သိန်း
၄။	ဦးမောင်မောင်ကြွယ်+(သီရိသုဓမ္မသိဂီ ဒေါ်မော်လိတင်) မိသားစု	ကျပ် (၆)သိန်း
၅။	ဦးနေဝင်း + ဒေါ်ခင်သင်းရည် မိသားစု	ကျပ် (၅)သိန်း
၆။	မောင်ကောင်းမြတ်စံ (ဇမီစတိုး) "၇" နှစ်ပြည့်မွေးနေ့အလှူ	ကျပ် (၅)သိန်း
၇။	မော်လမြိုင်မြို့ ဦးဟန်နွယ်+ဒေါ်မြတ်ပိုး မိသားစု	ကျပ် (၅)သိန်း
၈။	မော်လမြိုင်မြို့ ဗိုလ်မှူးသောင်းဝင်း၊ ဗိုလ်ကြီးစိုးစိုးတင့်၊ သား မျိုးသီဟ မိသားစု	ကျပ် (၅)သိန်း
၉။	မော်လမြိုင်မြို့ ဒေါ်ရွှလွမ်၊ ဒေါ်ရွှဝါ၊ ဒေါ်မြင့်မြင့်ဝေ ညီမတစ်စု	ကျပ် (၁)သိန်း
၁၀။	မော်လမြိုင်မြို့ ဦးအောင်ထွန်း + ဒေါ်ရွှလွမ် မိသားစု	ကျပ် (၁)သိန်း
၁၁။	ဒေါက်တာ ဝင်းဝင်းရှိန်အား ရည်စူး၍ ဒေါက်တာစိန်လှကျော်နှင့် သားများ	ကျပ် (၁)သိန်း
၁၂။	ဦးလင်ဘွန်ဖန် (ခ) ဦးဝင်း+(ဒေါ်ကောင်အဆွန်) အမှူးထား၍ ဒေါ်စန်းစန်းဝင်း	ကျပ် (၁)သိန်း
၁၃။	ဗိုလ်မှူးချုပ် မြသိန်းဟန် (ငြိမ်း) + ဒေါ်ခင်ခင်မြ (မမ္မာစရိယတက္ကသိုလ် အမျိုးသမီးဥပဒ္ဒာကအဖွဲ့ ဥက္ကဋ္ဌ) မိသားစု	ကျပ် (၁)သိန်း
၁၄။	ဒေါက်တာ သန်းကျော်ဌေး + ဒေါက်တာဆွေဇင်ဦး မိသားစု	ကျပ် (၁)သိန်း
၁၅။	ဒေါ်ဥမ္မာသျှား	ကျပ် (၅)သောင်း
၁၆။	နှစ်ဖက်မိဘများအားအမှူးထား၍ ကိုကျော်သူရအောင်+မဆွေယုနွယ်	ကျပ် (၅)သောင်း
၁၇။	ဒေါက်တာသန်းထွန်းအောင်+ဒေါ်ခင်ခင်အိ မိသားစု	ကျပ် (၅)သောင်း
၁၈။	ဒေါက်တာ ခင်မောင်ဝင်း + ဒေါ်ခင်သန်းနွဲ့ သားသမီးမြေးတစ်စု	ကျပ် (၅)သောင်း
၁၉။	ကျိုက္ခမီ၊ ဦးသန်းဦး+ဒေါ်သန်းစော မိသားစု	ကျပ် (၂)သောင်း
၂၀။	ကျိုက္ခမီ၊ ဒေါ်မလေး မိသားစု	ကျပ် (၁)သောင်း

http://www.dhammadownload.com

ဘဒ္ဒန္တသုစိတ္တာဘိဝံသ၏ ရွှေရတု ဝိဇာတမင်္ဂလာ အထိမ်းအမှတ်အဖြစ်

ဝမ်းမြောက်မွှေယာရာ အလှူဖြောင်များ



ကရင်ပြည်နယ်၊ ဘားအံမြို့ သီရိဟေမာစာသင်တိုက်၊ ဆရာကြီး ဒေါ်ဟေမာရီမှ
ရွှေရတုအရှင်မြတ်အား (၂၄-၂-၂၀၀၇) စနေနေ့ သိက္ခာထပ် အလှူတော်မင်္ဂလာ ကျပ် (၇)သိန်း

ကျေးဇူးရှင်မိဘများနှင့် ရဟန်းဒါယိကာမကြီး ဒေါ်နန္ဒမာလာအား အမှူးထား၍
မဂုဏာစာရီ (အဂ္ဂမဟာအကျော်) အုဒ္ဒချပ်ချောင်၊ စစ်ကိုင်းမှ
၁။ လွယ်အိပ် အလုံး (၁၀၀)
၂။ ခေါင်းဆုံး (၁၀၀)
၃။ အိပ်ရာခင်း (၁၀၀) စုစုပေါင်း ကျပ် (၅)သိန်း (၇)သောင်း

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတမရ ဆရာကြီးဦးကျော်မင်း(ဓမ္မာစရိယတက္ကသိုလ် ဥပဇ္ဈာကအဖွဲ့ ဥက္ကဋ္ဌ)
မိသားစုမှ သီလရှင် ဝတ်စုံအစုံ (၅၄)စုံ ကျပ် (၅)သိန်း (၄)သောင်း

ရန်ကုန်တိုင်း၊ သာကေတမြို့ ရတနာအိမ်ယာနေ ဗိုလ်မှူးကြီး ဦးဦးဇွန်း+ဒေါ်နွဲ့နွဲ့ဝင်း မိသားစုမှ
၁။ သက်နံး (၅၇)စုံ ကျပ် (၃)သိန်း (၉)သောင်း (၉)ထောင်
၂။ ၂၁-၂-၂၀၀၇ နေ့ နေ့ဆွမ်း ကျပ် (၄)သိန်း
စုစုပေါင်း ကျပ် (၇)သိန် (၉)သောင်း (၉)ထောင်

ရောဝတီတိုင်း၊ ကျိုက်လတ်၊ ရဟန်းဒါယကာကြီး ဦးသန်းမြင့်+ ရဟန်းဒါယိကာမ ဒေါ်ဝင်းစိန်
(ဝင်းမေတ္တာသစ်စက်) မိသားစုမှ
၁။ ရေစုက်စက်(မော်တာ) ကျပ် (၃)သိန်း (၅)သောင်း
၂။ သက်နံး (၁၁)စုံ ကျပ် (၇)သောင်း (၇)ထောင်
စုစုပေါင်း ကျပ် (၄)သိန်း (၂)သောင်း (၇)ထောင်

ပုသိမ်မြို့ နမ်ဗူးပုဒ္ဓဘာသာဘုရားကျောင်း ရွှေနဂါးလူငယ်အဖွဲ့မှ
သလွန်ညောင်စောင်း ကျပ် (၁)သိန်း (၅)သောင်း
၂၂/၂၃-၂-၂၀၀၇ ရက်နေ့တွင် တရုတ်နဂါးများဖြင့် ကပြပူဇော်ပါမည်။